ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ

# ကလေးများ လေ့လာရန်

# ဘုရားသခင်၏

# ဂုဏ်အင်္ဂါလက္ခဏာများ




ဂျီလ်းနယ်လ်စန်
Jill Nelson

ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ – Burmese

The ABC’s of God
Translated and Printed with Permission by

Partners in Discipleship International
1200 28th Street SE
Grand Rapids, MI 49508
pdi@partnersindiscipleship.org
www.partnersindiscipleship.org

ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ

“The ABC’s of God”

Copyright © 1998, 1999 by Jill Nelson.
Illustrations Truth78. All rights reserved.

Translated by permission of
Jill Nelson
and
Truth78
Phone: 1.877.400.1414
E-Mail: info@Truth78.org
Website: ww.Truth78.org

# မှတ်ကျောက်တင်ခြင်း

*ဤစာအုပ်ကို ကျွန်မအား ဘုရားသခင်ပေးအပ်ထားသည့် သားသမီးရတနာ ဖြစ်သည့်*
*စာရာ နှင့် ယာကုပ် တို့သည်*

ဘုရားသခင်အား စိတ်နှလုံး အကြွင်းမဲ့ *ရှာဖွေ၍၊*
ဘုရားသခင်အား *အလွန်ချစ်ကာ၊*
အစဉ်အတိုင်း ကိုယ်တော်ကို *ယုံကြည်ကိုးစားရင်း၊*
ကိုယ်တော်၌ *ဝမ်းမြောက်ကြစေရန်*
ရည်ရွယ်ပါသည်။

*အထံတော်၌ စုံလင်သော ဝမ်းမြောက်ခြင်း အခွင့်နှင့် လက်ျာတော်နားမှာ*
*အစဉ်အမြဲ ပျော်မွေ့ခြင်း အခွင့်ရှိပါ၏။*
*ဆာလံ၊ ၁၆း၁၁*

# ကျေးဇူးတင်လွှာ

ဤသင်ရိုးစာအုပ်သည် လူသားတိုင်း ဝမ်းမြောက်ပျော်ရွှင်ခြင်း၏ အရင်းခံဖြစ်တော်မူသော ခပ်သိမ်းသော အရာတို့၌ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို တန်ဖိုးထားစွဲလမ်းတတ်သည့် စိတ်သဘောအား ကျယ်ပြန့်စေရမည် ဆိုသည့် ရူပါရုံကို ထားရှိသော မိတ်ဆွေများစွာ၏ အားစိုက်ထုတ်မှု ရလဒ် ဖြစ်သည်။

Jon Bloom, Sally Michael and Molly Johnson *project mangers*
Rick Busch *cover design*
Suzanne Foust *creative design*
Rick Gamache *theological editing*
Helen Gutsche *lesson formation*
Gloria Kaupang *artwork*
Robert longnecker *“Blessing Box” concept*
Janis McConnaughay *proof reading*
Kristi Michael *workbook*
Amy Michael *workbook*
Sally Michael *editing*
Char Ransom *proof reading*
Debbie Reece *editing*
Carol Steinbach *editing*
Kathi Westlund *proof reading*
Carrie Zeman *Take Home Pages, Verse Card,*
Resources, *editing and formatting*

*And special thanks to* Edith Carlson *for assistance in lesson development and editing*

# စကားချီး

ဘုရားသခင်ဆိုသည်မှာ မည်သူနည်း။ သူသည် မည်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်နေမည်နည်း။ ကျွန်ုပ်တို့အနေနှင့် ဘုရားသခင်ကို မည်သို့တုန့်ပြန် ရမည်နည်း။ ဤမေးခွန်းများ၏ အဖြေများမှာ ကလေးများသာမက လူကြီးများ ပါမကျန် ယုံကြည်ခြင်းအတွက် ဘဝတွင် အရေးအကြီးဆုံးသော အချက်များ ဖြစ်ပါသည်။ ယနေ့ခေတ် အသင်းတော်များသည် သမ္မာကျမ်းစာထဲ၌ ဘုရားသခင်က သူ၏ကြီးမြတ်ခြင်း အကြောင်းကို ဖော်ပြထားသည့် အတိုင်း ကလေးများကို သင်ကြားပေးရန် ချန်လှပ်ထားတတ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပတ်သက်၍ ကလေးများကို နှစ်လိုဖွယ်ကောင်းသော ကစားစရာ အရုပ်သဖွယ် အဖြစ် ပြီးစလွယ် ပြောပြ တတ်ကြသည်။ အကယ်စင်စစ် ကျွန်ုပ်တို့၏ သားသမီးများသည် အခြားသော ကစားစရာအရုပ်များကို လိုအပ်ကြသည် မဟုတ်။ ကလေးငယ်များသည်လည်း ၎င်းတို့၏ အသက် တာတွင် ခံစားနေရသည့် ဝိညာဉ် ပိုင်းဆိုင်ရာ ဆာလောင်မွတ်သိပ်မှုကို စကားလုံးများဖြင့် မပြောပြတတ် ကြပါသော်လည်း အပြစ် ဆိုသည့် နွံနက်ထဲ၌ တစ်နေ့ထက်တစ်နေ့ နစ်မွမ်းနေကြကာ စစ်မှန်သော ပျော်ရွှင်ခြင်းကို ဆာလောင်နေကြ ပါသည်။ ဘုရားသခင်အား နှစ်လိုဖွယ်ကောင်းသော ကစားစရာအရုပ် တစ်ရုပ်ကဲ့သို့ နှိုင်းယှဉ်၍ ပြောပြ နေခြင်းက ကလေးငယ်များ၏ စာလောင်နေသော ဝိညာဉ်များကို ကျေနပ်စေ နိုင်မည် မဟုတ်ပေ။

ဤ ***"ဘုရားသခင်၏ ဂုဏ်ဂါလက္ခဏာများ"*** သင်ရိုးစာအုပ်တွင် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း၊ ထိုက်တန်ခြင်း နှင့် သူ၏နှုတ်တော်ထွက်စကားများကို ကလေးငယ်များအား ပြောပြရန် ရေးသားပြုစုထား ပါသည်။ ကလေးငယ်များအတွက် ဘုရားသခင်၏ ကြီးမြတ်ခြင်းနှင့် ထိုက်တန်ခြင်းတို့သည် အစွန်းရောက်သည် ဟူ၍ မရှိ။ အကယ်စင်စစ် ဘုရားသခင်သည် ကျွန်ုပ်တို့ ပြောနိုင်၊ စဉ်းစားဆင်ခြင်နိုင်သည်ထက် ကျော်လွန်၍ အဆုံးအစမဲ့ ကြီးမားထိုက်တန်နေအုံးမည် ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်းတွင် အစီစဉ်ကျစွာ မဟုတ်သော်လည်း၊ ရွေးနှုတ်ကယ်တင်ခြင်းသမိုင်း တလျှောက်၊ အထူးသဖြင့် သားတော် ယေရှုခရစ်တော်အားဖြင့် ဖော်ပြခဲ့သော ဘုရားသခင်၏ ဖြစ်တည်ခြင်း (ဂုဏ်အင်္ဂါ လက္ခဏာများ) ကို ဆွေးနွေး တင်ပြထားပါသည်။

ဘုရားသခင်၏ အဆုံးအစမဲ့ ဘုန်းထင်ရှားခြင်းအကြောင်းကို ကလေးငယ်များအနေနှင့် ရှင်းလင်းစွာ နားလည် သဘောပေါက်၍၊ အသက်တာတွင် အသက်ရှင် နိုင်ရန်မှာ လက်လှမ်း မမှီနိုင်သော မျှော်လင့်ချက် ဖြစ်သည်ဟု ထင်မြင်ကောင်း ထင်မြင်နိုင်ပါသည်။ မှန်ပါပေသည်။ သို့သော်လည်း သစ္စာရှိစွာဖြင့် ကလေးများကို ဘုရားသခင်၏ ကြီးမားကျယ်ပြန့်လှသော ဘုန်းတန်ခိုးတော်နှင့် ထိုက်တန်ခြင်း တို့ကို ကျွန်ုပ်တို့အနေနှင့် သွန်သင်ပေးရမည် ဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင် ဝိညာဉ်တော်အားဖြင့် ၎င်းတို့၏ နှလုံးသား၌ တို့ထိအလုပ်လုပ် တော်မူ၍ *"ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို မြည်းစမ်းနိုင်"* မည် ဖြစ်သည်။

# မာတိကာ


စကားချီး ၃

မာတိကာ ၄

နိဒါန်း ၁၀

သင်ခန်းစာ ၁ **Q** QUESTIONS HAVE ANSWERS မေးခွန်းများအတွက် အဖြေရှိသည် – ဘုရားသခင်သည် မည်သူ ဖြစ်သနည်း။ ဘုရားသခင်သည် မည်သည့် ပုဂ္ဂိုလ်နှင့် တူပါ သနည်း။ ဘုရားသခင်ကို ကျွန်ုပ် မည်သို့ တုန့်ပြန်ရ မည်နည်း။ *"ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။"* *ဟေရှာ၊ ၄၆း၉ခ* ၂၇

သင်ခန်းစာ ၂ **I** INCOMPREHENSIBLE လူ့ဉာဏ်ဖြင့် မမှီနိုင်သော – ဘုရားသခင် သည် ကျွန်ုပ်တို့ နားလည် နိုင်သည့် အတိုင်းအတာထက် ပိုသည်။ *"ထာဝရ ဘုရား၏ စိတ်တော်ကို အဘယ်သူသိ သနည်း။ ထာဝရဘုရားနှင့် အဘယ်သူ သည် တိုင်ပင် ဘက်ပြုသနည်း။"* ရောမ၊ ၁၁း၃၄ ၃၁

သင်ခန်းစာ ၃ **Y** YHWH (LORD) ယာဝေ (ထာဝရဘုရား) – *ဘုရားသခင်သည် သူ၏ နာမတော်ကို ထင်ရှားစေလိုသည်။ "ငါသည် ထာဝရဘုရား ဖြစ်၏။ ထိုနာမ သည် ငါ့နာမဖြစ်၏။" ဟေရှာ၊ ၄၂း၈က* ၃၈

*"နာမတော်ကို သိသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြပါလိမ့်မည်။" ဆာလံ၊ ၉း၁၀က*

သင်ခန်းစာ ၄ **E** ETERNAL ထာဝရဖြစ်သော – ဘုရားသခင်၌ အစနှင့် အဆုံးဟူ၍ မရှိ။ *"တောင်များကိုမဘော်၊ မြေကြီးနှင့် လောကဓာတ်ကို ဖန်ဆင်းတော် မမူမှီ၊ ကိုယ်တော်သည် ရှေးကမ္ဘာ အဆက်ဆက်မှစ၍၊ နောက်ကမ္ဘာ အဆက်ဆက် တိုင်အောင် ဘုရားသခင်ဖြစ်တော်မူ၏။" ဆာလံ၊ ၉၀း၂* ၄၃

သင်ခန်းစာ ၅ **C** CREATOR ဖန်ဆင်းရှင် – ခပ်သိမ်းသောအရာတို့ကို ဘုရားသခင် ဖန်ဆင်း တော်မူ၏။ *"မိုဃ်းကောင်းကင်ကို ငါတပါးတည်းကြက်လျက်၊ မြေကြီး ကို အဘော် မရှိဘဲခင်းလျက်၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းသော ထာဝရ ဘုရားဖြစ်၏။" ဟေရှာ၊ ၄၄း၂၄ခ* ၄၈

သင်ခန်းစာ ၆ **G** GLORIOUS ဘုန်းကြီးသော အရှင် – ဘုရားသခင်သည် သူ၏ကြီးမြတ် ခြင်းနှင့် ထိုက်တန်ခြင်းတို့ကို ထင်ရှားစေသည်။ *"မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍ မိုဃ်းမျက်နှာကျက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏။" ဆာလံ၊ ၁၉း၁* ၅၃

*"အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော် မူသောအရာများကို ထောက်ရှု သဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင် မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှား လျက်ရှိ ကြ၏။" ရောမ၊ ၁း၂၀က*

သင်ခန်းစာ ၇ | **W** | WISE ဉာဏ်ပညာကြွယ်ဝသော – ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို လျှောက်ပတ်စုံလျှင်စွာ ဖန်ဆင်းခဲ့သည်။ *“အိုထာဝရ ဘုရား၊ ကိုယ်တော်စီရင် ပြုပြင်တော်မူသောအရာတို့သည် အလွန်များပြားပါ၏။ ရှိရှိသမျှတို့ကို ပညာတော် အားဖြင့် ဖန်ဆင်းတော်မူ၏။” ဆာလံ၊ ၁၀၄း၂၄က* ၅၉

သင်ခန်းစာ ၈ | **A** | ALMIGHTY အနန္တ တန်ခိုးရှင် – ဘုရားသခင်သည် အလုံးစုံ တို့၏ တန်ခိုးရှင် ဖြစ်သည်။ *“အလွန်ကြီးမြတ်သောဘုရား၊ မဟာတန်ခိုးတော်နှင့် ပြည့်စုံ သောဘုရားဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားဟူသော ဘွဲ့နာမ ရှိတော်မူ၏။ ထူးဆန်းသော အကြံကိုကြံ၍၊ ထူးဆန်သောအမှုကို စီရင်တော် မူလျက်၊” ယေရမိ၊ ၃၂း၁၈–၁၉က* ၆၅

သင်ခန်းစာ ၉ | **S** | SOVEREIGN ခပ်သိမ်းသော အစိုးရရှင် – ဘုရားသခင်သည် မိမိနှစ်သက်တော်မူသော အရာကို လုပ်ဆောင်ရန်အတွက် အခွင့်အာဏာ၊ ဉာဏ်ပညာနှင့် တန်ခိုးတော်တို့ကို ပိုင်သတော်မူ၏။ “ရှေးကာလမှစ၍ မဖြစ်သေးသော အမှုအရာ တို့ကိုရင်း ဘော်ပြလျက် ငါ့အကြံတည်လိမ့်မည်။” *ဟေရှာ၊ ၄၆း၁၀ခ “ငါသည် နှုတ်တွက် အတိုင်းပြုမည်။ ကြံသည်အတိုင်း စီရင်မည်။” ဟေရှာ၊ ၄၆း၁၁ခ* ၇၁

သင်ခန်းစာ ၁၀ | **P** | PROVIDER ဖြည့်ဆည်းပေးသောအရှင် – ဖန်ဆင်းထားသမျှသော အရာတို့၏ လိုအပ်ချက်ကို ဘုရားသခင်သည် ဖြည့်ဆည်းပေးသည်။ *“ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်း သောအရာတို့ကို ပေးတော်မူသော အရှင်ဖြစ်သည်” တမန်၊ ၁၇း၂၅က* ၇၇

သင်ခန်းစာ ၁၁ | **S** | SELF-SUFFICIENT ပြည့်ဝစုံလင်သောအရှင် – ဘုရားသခင်၌ လိုအပ်သောအရာ တစ်စုံတစ်ခုမျှမရှိ။ *“ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက် နှင့်တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသော အရှင်ဖြစ်၍၊ တစုံတခုကို အလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့် ကျွေးမွေးခြင်းကို ခံတော်မူသည်မဟုတ်။” တမန်၊ ၁၇း၂၅* ၈၂

သင်ခန်းစာ ၁၂ | **U** | UNDERSTANDING နားလည်သနားတော်မူသောအရှင် – ဘုရားသခင်သည် ကျွန်ုပ်တို့၏ အားနည်းခြင်းအမှုတို့ကို သိမှတ်တော်မူ၏။ *“အဘသည် သားတို့ကို သနားစုံမက် သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော် မူ၏။ အကြောင်းမူကား၊ ငါတို့ကိုယ်ခန္ဓာကို သိတော် မူ၏။ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကို အောက်မေ့တော်မူ၏။” ဆာလံ၊ ၁၀၃း၁၃–၁၄* ၈၇

သင်ခန်းစာ ၁၃ | **A** | ATTENTIVE ဂရုစိုက်တော်မူသော အရှင် – ဘုရားသခင်သည် ဤကမ္ဘာမြေအား အစဉ်အမြဲ စောင့်ကြည့်တော်မူ၍ အမှုပြုတော်မူ၏။ *“ထာဝရဘုရားသည် ဖြောင့်မတ် သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ အော်ဟစ်သံကိုလည်း နားထောင် တော်မူ၏။” ဆာလံ၊ ၃၄း၁၅* ၉၂

သင်ခန်းစာ ၁၄ | **F** | FAITHFUL သစ္စာရှိတော်မူသောအရှင် – လုပ်မည်ဟု ကတိတော် ရှိထားသည့် အရာမှန်သမျှကို ဘုရားသခင် အမှန် လုပ်တော်မူသည်။ *“သင်တို့၏* ၉၇

ဘုရား သခင် ထာဝရဘုရားသည် သင်တို့အဘို့ မိန့်တော်မူသော ကောင်းကျိုး
တစုံ တပါးမျှ မယုတ်မလျော့၊ အကုန်အစင် ပြည့်စုံကြောင်းကို သင်တို့သည်
စိတ်နှလုံး ထဲမှာ သိကြ၏။” ယောရှု ၂၃း၁၄

သင်ခန်းစာ ၁၅ **T** TRINITY သုံးပါးတစ်ဆူ ဘုရား – ဖမည်းတော်ဘုရား၊ သားတော်ဘုရား၊ ၁၀၂
ဝိညာဉ်တော်ဘုရား ဟူ၍ ဘုရားသခင်သည် တစ်ဆူတည်းသော ဘုရား
ဖြစ်သည်။ “အိုဣသရေလ အမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင်
ထာဝရဘုရားသည် တဆူတည်း သော ထာဝရဘုရား ဖြစ်တော်မူ၏။”
တရားဟော၊ ၆း၄

သင်ခန်းစာ ၁၆ **L** LOVE ချစ်ခြင်းမေတ္တာရှင် – ချစ်ခြင်းမေတ္တာဆိုသည်မှာ ဘုရားသခင်ထံမှ ၁၀၂
စီးဆင်း လာသော ဝမ်းမြောက်ခြင်း ဖြစ်သည်။ “ခမည်းတော်သည်
ငါ့ကိုချစ်တော်မူ သကဲ့သို့ ငါသည် သင်တို့ကိုချစ်၏။ ငါ၏ချစ်ခြင်းမေတ္တာ၌
တည်နေကြလော့။ သင်တို့၌ ငါ၀မ်းမြောက်စရာအကြောင်း တည်စေခြင်းငှါ၎င်း၊
သင်တို့ဝမ်းမြောက် စရာအကြောင်း စုံလင်စေခြင်းငှါ၎င်း၊ ဤစကားကို
သင်တို့အားဟောပြော၏။” ယောဟန်၊ ၁၅း၉က၊ ၁၁

*သင်ခန်းစာ ၁၇ **O** OMNIPRESENT ဘုရားသခင်သည် နေရာတိုင်း၌ ရှိတော်မူ၏ – အချိန်း၌ ၁၀၂
ဘုရားသခင်သည် နေရာတိုင်းတွင် ရှိတော်မူသည်။ “ငါမမြင်စေခြင်းငှါ တိုင်
အဘယ်သူသည် မထင်ရှားသောအရပ်၌ ပုန်းရှောင်း၍နေနိုင်သနည်းဟု
ထာဝရ ဘုရားမေးတော်မူ၏။ ငါသည် ကောင်းကင်မြေကြီးကို နှံ့ပြားသည်
မဟုတ်လောဟု ထာဝရဘုရားမေးတော်မူ၏။” ယေရမိ၊ ၂၃း၂၄

သင်ခန်းစာ ၁၈ **R** REFUGE ခိုလုံရာ – ဘုရားသခင်သည် သူ၏လူများအတွက် အကွယ်အကာ ၁၁၉
ပေးလုံခြုံစေသော နေရာဖြစ်သည်။ “ထာဝရဘုရား၏ နာမတော်သည်
ခိုင်ခံ့သော ရဲတိုက်ဖြစ်၍ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့် လုံခြုံစွာ
နေရကြ၏။” သုတ္တံ၊ ၁၈း၁၀

သင်ခန်းစာ ၁၉ **U** UNCHANGING ပြောင်းလဲခြင်း မရှိသော အရှင် – ဘုရားသခင်သည် ၁၂၄
မည်သည့်အခါမျှ မပြောင်းလဲပေ။ “ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲ
ခြင်းမရှိ။” မလာခိ၊ ၃း၅

သင်ခန်းစာ ၂၀ **O** OMNISCIENT အနန္တ ဉာဏ်တော်ရှင် – ဘုရားသခင်သည် ခပ်သိမ်းသော ၁၂၉
အရာတို့ကို သိတော်မူ၏။ “ငါတို့ကို စစ်ကြောစီရင်တော်မူသော သူရှေ့၌
မထင်ရှား သောအရာ တစုံတခုမျှမရှိ။ ခပ်သိမ်းသောအရာတို့သည် အကွယ်
အကာ မရှိဘဲ၊ မျက်မှောက်တော်၌ လှန်ထားလျက်ရှိကြ၏။” ဟေဗြဲ၊ ၄း၁၃

*သင်ခန်းစာ ၂၁ **G** GOOD ကောင်းမြတ်တော်မူသော အရှင် – သူ၏ဖြစ်တည်ခြင်း နှင့် ၁၃၄
လုပ်ဆောင် မှုတိုင်းတွင် ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏။ “ထာဝရ
ဘုရားသည် ခပ်သိမ်း သောသူတို့အား ကျေးဇူးပြုချင်သော သဘောရှိ၍
ဖန်ဆင်းတော်မူသမျှ တို့ကို သနားစုံမက်တော်မူ၏။” ဆာလံ၊ ၁၄၅း၉၊ “ဘုရား
သခင်တပါး တည်းသာ ကောင်းမြတ်တော် မူ၏။” မာကု၊ ၁၀း၁၈ခ

သင်ခန်းစာ ၂၂ **N** NEVER-TIRING မောပန်းနွမ်းနယ်ခြင်းမရှိ – ဘုရားသခင်၌ ဘယ်သော ၁၄၀
အခါမျှ ပင်ပန်းနွမ်းနယ်သည်ဟူ၍ မရှိ။ *“ထာဝရဘုရားသည် မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍မကုန်နိုင်သော ဥာဏ်နှင့်ပြည့်စုံတော်မူကြောင်း ကိုငင်း၊ သင်သည် မသိမကြားဘူးသလော။” ဟေရှာ၊ ၄၀း၂၈*

သင်ခန်းစာ ၂၃ **J** JEALOUS မနာလိုတတ်သောအရှင် – ဘုရားသခင်သည် သူ၏ကြီးမြတ်ခြင်း ၁၄၆
နှင့် ထိုက်တန်ခြင်းကို မည်သူတစ်ဦး တစ်ယောက်ထံမျှ မျှဝေပေးမည် မဟုတ်။ *“ငါသည် ထာဝရဘုရားဖြစ်၏။ ထိုနာမသည် ငါ့နာမဖြစ်၏။ ငါ့ဘုန်းကို အခြားသော သူအားငင်း၊ ငါ့အသရေကို ရုပ်တု ဆင်းတုတို့အားငင်း ငါမပေး။” ဟေရှာ၊ ၄၂း၈*

သင်ခန်းစာ ၂၄ **R** RIGHTEOUS ဖြောင့်မတ်တော်မူသောအရှင် – ဘုရားသခင်သည် သူ၏ ၁၅၁
ဖြစ်တည်ခြင်းအမှန်ကို အစဉ်အလေးထားသဖြင့် သူ တွေးခေါ်သမျှ၊ ပြောသမျှ၊ လုပ်ဆောင်သမျှတို့သည် ဖြောင့်မတ်တော်မူသည်။ *“ဘုရားသခင်သည် မူလ အမြစ်ဖြစ်၍၊ အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူသမျှတို့သည် တရားနှင့်ညီလျက်၊ သစ္စာစောင့်သောဘုရား၊ အပြစ်ကင်းလွတ်၍ ဟုတ်မှန် ဖြောင့်မတ်သော ဘုရားဖြစ်တော်မူ၏။” တရားဟော၊ ၃၂း၄*

သင်ခန်းစာ ၂၅ **W** WRATH အမြတ်ဒေါသ – ဘုရားသခင်သည် အပြစ်အပေါ်တွင် အလွန် ၁၅၆
အမြတ် ထွက်တော်မူ၏။ *“သမ္မာတရားကို အဓမ္မဖြင့် ဆီးတား နှိပ်စက်သော သူတို့ ပြုတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်း အမှု အမျိုးမျိုးတို့ တဘက်၌ ဘုရားသခင်၏ အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက် ရှိ၏။” ရောမ၊ ၁း၁၈*

*“အမျက်တော်ရှေ့မှာ အဘယ်သူ ရပ်နိုင်သနည်း။ အမျက်တော်အရှိန်ကို အဘယ် သူဆီးတားနိုင်သနည်း။ မီးလောင်သကဲ့သို့ အမျက်ထွက်၍၊ ကျောက်တို့ကို ဖြိုချ တော်မူ၏။” နာဟုန်၊ ၁း၆*

သင်ခန်းစာ ၂၆ **P** PATIENT စိတ်ရှည်သည်းခံတော်မူသောအရှင် – ဘုရားသခင်သည် အမျက် ၁၆၁
တော်ထွက်ရန် နှင့် ပြစ်ဒဏ်ခတ်ရန် နှေးတော်မူ၏။ *“လူအချို့တို့သည်၊ နှေးခြင်းကို မှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ် သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရ စေခြင်းငှါ အလို တော်ရှိ၍၊ ငါတို့ကိုသည်းခံတော်မူ၏။” ၂ပေ၊ ၃း၉*

သင်ခန်းစာ ၂၇ **M** MERCIFUL ဂရုဏာထားတော်မူသောအရှင် – မထိုက်တန်သော အပြစ် ၁၆၆
သားများအပေါ် ဘုရားသခင် ဂရုဏာထားတော်မူ၏။ *“ငါတို့ပြစ်မှားခြင်းနှင့် အလျောက် ငါတို့၌ ပြုတော်မမူတတ်။ ငါတို့၌ ဒုစရိုက်ရှိသည်အတိုင်း အပြစ်ကို ပေးတော် မမူတတ်။” ဆာလံ၊ ၁၀၃း၁၀က*

*“ထာဝရဘုရားသည် ကျေးဇူးပြုတတ်သောသဘော သနားစုံမတ်တတ်သော သဘော နှင့်ပြည့်စုံ၍ ခွန္တီတော်နှင့် ကရုဏာတော်သည် အလွန် ကြွယ်ဝ ပါ၏။” ဆာလံ၊ ၁၄၅း၈*

သင်ခန်းစာ ၂၈ **Z** ZEALOUS စိတ်အားထက်သန်တော်မူသောအရှင် – ပြုလေသမျှသော ၁၇၁
အမှုတို့တွင် ဘုရားသခင်သည် သူ၏နာမတော်အဘို့အလို့ငှါ ဆုံးဖြတ်ချက်
ခိုင်မာ စွာဖြင့် အားကျိုးမာန်တက်လုပ်ဆောင် တော်မူသည်။ *“ထာဝရ
ဘုရားသည် သူရဲကဲ့သို့ ထွက်ကြွ၍၊ စစ်သူရဲကဲ့သို့ ကိုယ်စိတ်ကို ကိုယ်နှိုးဆော်
တော်မူလိမ့်မည်။ အော်ဟစ်ကြွေးကြော်၍ ရန်သူတို့တဘက်၌ အားထုတ်
တော်မူလိမ့်မည်။” ဟေရှာ၊ ၄၂း၁၃*

သင်ခန်းစာ ၂၉ **D** DILIVERER ကယ်တင်တော်မူသောအရှင် – ဘုရားသခင်သည် သူ၏ ၁၇၇
အမျက်တော်မှ သူ၏ လူများကို ကယ်တင်တော်မူသည်။ *“ယေရှုခရစ်သည်
အပြစ်ရှိသော သူတို့ကို ကယ်တင်ခြင်းငှါ၊ ဤလောကသို့ကြွလာတော်မူသည်
ဟူသော စကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ခံယူအပ်သော စကား
လည်း ဖြစ်၏။” ၁တိ၊ ၁း၁၅က*

သင်ခန်းစာ ၃၀ **V** VICTORIOUS အောင်နိုင်တော်မူသောအရှင် – ဘုရားသခင်သည် အစဉ် ၁၈၄
အတိုင်း အောင်နိုင်တော်မူ၏။ စာတန်၊ အပြစ်တရား နှင့် သေခြင်းတရားတို့
အပေါ် တွင်လည်း အောင်နိုင်တော်မူ၏။ *“သင်၏ ဘုရားသခင် ထာဝရဘုရား
သည် သင့် အလယ်၌ရှိ၍၊ တန်ခိုးကြီးသော ဘုရားသည် သင့်ကို ကယ်တင်
တော်မူ လိမ့်မည်။” ဇာဖနိ၊ ၃း၁၇က*

သင်ခန်းစာ ၃၁ **K** KING ဘုရင်မင်းကြီး – ဘုရားသခင်သည် ခပ်သိမ်းသောလူတို့ကို အစိုးရ ၁၈၉
တော် မူ၏။ *“ဘုရားသခင်သည် မြေကြီးတစ်ပြင်လုံးကို အစိုးရသော မင်းဖြစ်
တော်မူ၏။ ချီးမွမ်းခြင်း ထောမနာသီချင်းကို ဆိုကြလော့။ ဘုရားသခင်သည်
လူမျိုးတို့တွင်စိုးစံ တော်မူ၏။ ဘုရားသခင်သည် သန့်ရှင်းသော ပလ္လင်တော်
ပေါ်မှာ ထိုင်တော်မူ၏။” ဆာလံ၊ ၄၇း၇က–၈*

သင်ခန်းစာ ၃၂ **H** HOLY သန့်ရှင်းတော်မူသော အရှင် – ဘုရားသခင်သည် မည်သည့်အရာ ၁၉၄
နှင့်မျှ မတူ။ ကိုယ်တော်သည် အပြစ်ဆိုသည့်အရာနှင့် လုံးဝသီးသန့် နေတော်
မူ၍ ပြည့်စုံ တော်မူသော အရှင် ဖြစ်တော်မူ၏။ *“သို့ဖြစ်ပါ၍၊ ငါ့ကိုအဘယ်သို့
ပုံပြု အံ့နည်း။ ငါသည် အဘယ်သူနှင့်တူရအံ့နည်းဟု သန့်ရှင်းသောဘုရား
မေးတော် မူ၏။” ဟေရှာ၊ ၄၀း၂၅*

*သင်ခန်းစာ ၃၃ **W** WORTHY ထိုက်တန်တော်မူသောအရှင် – ချစ်ခြင်း၊ နာခံခြင်း၊ ချီးမွမ်းခြင်း၊ ၂၀၁
ဘုန်းတန်ခိုးအလုံးစုံတို့သည် ဘုရားသခင်တစ်ပါးတည်းသာ ထိုက်တန်တော်
မူ၏။ *“အိုထာဝရဘုရား၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း
တော်မူ ပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်းလျက် ရှိကြ
ပါ၏။ ထိုကြောင့်၊ ကိုယ်တော်သည် ဘုန်းအသရေတန်ခိုးတော်ကို ခံစား
ထိုက်တော်မူ ၏ဟု လျှောက်ဆို၍၊ ပလ္လင်တော်ရှေ့၌ မိမိတို့သရဖူများကို ချထား
ကြ၏။” ဗျာဒိတ်၊ ၄း၁၁*

သင်ခန်းစာ ၃၄ **X** E**X**ALTED ချီးမြောက်ထိုက်သော – ဘုရားသခင်သည် ခပ်သိမ်းသော ၂၀၇
အရာတို့၏ အထက်တွင် ရှိတော်မူ၏။ ကိုယ်တော်သည်သာ “အကြီးမြတ်ဆုံး”
ဖြစ်သည်။ *“အိုထာဝရဘုရား ကိုယ်တော်သည် မြေကြီးသားအပေါင်းတို့ထက်*

*ကြီးမြင့် တော်မူ၏။ ဘုရားတကာတို့ထက် အလွန်ချီးမြှောက်ခြင်းရှိတော်မူ၏။"* ဆာလံ၊ ၉၇း၉

သင်ခန်းစာ ၃၅ **H** HAPPY ဝမ်းမြောက်တော်မူသော – ဘုရားသခင်သည် သူ၏ဖြစ်တည်ခြင်း၌ ဝမ်းမြောက်တော်မူ၏။ *"ငါတို့၏ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိတော်မူ၏။ အလိုတော်ရှိသမျှအတိုင်း ပြုတော်မူ၏။"* ဆာလံ၊ ၁၁၅း၃ ၂၀၂

သင်ခန်းစာ ၃၆ **B** BOUTIFUL ကြွယ်ဝတော်မူသောအရှင် – ဘုရားသခင်သည် ကျွန်ုပ်တို့၏ စိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိသည်။ *"ငါတို့၌ ပြုပြင်သော တန်ခိုးတော် အတိုင်း၊ ငါတို့ တောင်းပန်ကြံစည်သမျှထက် အလွန် ထူးခြားစွာ ပြုခြင်းငှါ တတ်နိုင် တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာ အဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။"* ဖေက်၊ ၃း၂၀–၂၁ ၂၁၈

သင်ခန်းစာ ၃၇ **S** SEEKING GOD ဘုရားသခင်ကို ရှာဖွေခြင်း – ဘုရားသခင်အား လိုအပ်ခြင်း အကြောင်းကို အသက်တာတွင် မြည်းစမ်းခြင်း။ *"သမင်ဒရယ်သည် ရေစီးသောချောင်းကို တောင့်တသကဲ့သို့ အကျွန်ုပ်ဝိညာဉ်သည် ကိုယ်တော် ကို တောင့်တပါသည်ဘုရား။"* ဆာလံ၊ ၄၂း၁ ၂၂၃
*"ငါ့ကိုရှာသော အခါ၊ စိတ်နှလုံး အကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။"* ယေရမိ၊ ၂၉း၁၃

သင်ခန်းစာ ၃၈ **L** LOVING GOD ဘုရားသခင်အား ချစ်မြတ်နိုးခြင်း – အသက်တာရှိ အခြားအခြားသော အရာများထက် ဘုရားသခင်သည် ထူးမြတ်ကြောင်းကို မြည်းစမ်းခြင်း။ *"ကိုယ်တော်မှတပါး၊ ကောင်းကင်ဘုံမှာ အကျွန်ုပ်၌ အဘယ်သူ ရှိပါသနည်း။ ကိုယ် တော်ကို အလိုရှိသည်နှင့်အမျှ မြေကြီးပေါ်မှာ အကျွန်ုပ် သည် အဘယ် အလို ရှိပါ သနည်း။"* ဆာလံ၊ ၇၃း၂၅ ၂၂၈

သင်ခန်းစာ ၃၉ **T** TRUSTING GOD ဘုရားသခင်အား ယုံကြည်ကိုးစားခြင်း – ဘုရားသခင် ၏ကတိတော်များနှင့် မိန့်မှာချက်များအားလုံးသည် ယုံကြည်ထိုက်သည် ဆိုသည့် အချက်အား မြည်းစမ်းခြင်း။ *"ယုံကြည်ခြင်း မရှိလျှင်၊ ဘုရားသခင်၏ စိတ်တော် နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ် သောသူသည်၊ ဘုရားသခင် ရှိတော်မူသည်ကိုငင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုး ပေးတော်မူသည်ကိုငင်း၊ ယုံကြည်ရမည်။"* ဟေဗြဲ၊ ၁၁း၆ ၂၃၃

သင်ခန်းစာ ၄၀ **E** ENJOYING GOD ဘုရားသခင်၌ ဝမ်းမြောက်ခြင်း – ဘုရားသခင်အား ချစ်မြတ်နိုးခြင်း နှင့် အားကိုးယုံကြည်ခြင်းတို့မှ သီးပွင့်လာသော ကြီးမား၍ ထာဝရ တည်သော ဝမ်းမြောက်ခြင်းအား မြည်းစမ်းခြင်း။ *"ထိုသခင်ကို သင်တို့သည် မမြင်ဘူးသော်လည်း ချစ်ကြ၏။ ယခုမှာလဲ မမြင်ဘဲလျက် ယုံကြည်သောအားဖြင့် ဘုန်းအသရေနှင့် စပ်ဆိုင်သော၊ ပြော၍မမှီနိုင်သော ရွှင်လန်းခြင်း စိတ်နှင့် ဝမ်းမြောက် ကြသည်ဖြစ်၍၊ စိတ်ဝိညာဉ်ကို ကယ်တင်ခြင်း တည်းဟူသော ယုံကြည်ခြင်း၏ အကျိုးကို ခံရကြ၏။"* ၁ပေ၊ ၁း၈–၉ ၂၃၈

# ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ

## နိဒါန်း

လွန်ခဲ့သည့် နှစ်များစွာက ကျွန်မတို့၏ အသင်းတော်၌ မူကြိုအရွယ် ကလေးများ ဆန်းဒေးစကူးလ်တွင် အကူတစ်ယောက်အနေဖြင့် ကျွန်မ ဆက်ကပ်ခဲ့သည်။ ထိုစဉ်က အသင်းတော်တွင် လက်လှမ်းမှီသမျှ ဆန်းဒေး စကူးလ်နှင့် ဆက်ဆိုင်သည့် သင်ထောက်ကူပြု စာအုပ်များကို အသုံးပြုခဲ့ရာ ထိုစာအုပ်များ၏ လူသား သို့မဟုတ် သမိုင်းပုံပြင်များ အပေါ်တွင်သာ အလေးအနက်ထားရေးသားထားခြင်းက တဖြည်း ဖြည်းဖြင့် ကျွန်မတို့၏ စိတ်ကို ပင်ပန်းစေခဲ့သည်။ ကျွန်မတို့၏ ဆရာတစ်ဦးဖြစ်သည့် ရိုဘတ်လောင် နတ်ကာ (Robert Longnecker) ဆိုသူက ဘုရားသခင်၏ ဂုဏ်အင်္ဂါ လက္ခဏာများကို သင်ကြား ပေးရန် ဆုံးဖြတ်ချက် ချခဲ့သည်။ အင်္ဂလိပ် အက္ခရာ စဉ်များကို ကောင်းမွန်စွာ အသုံးချ၍ သင်ကြား ပေးခဲ့ရာ သင်ခန်းစာကို "ဘုရားသခင်၏ အခြေခံ ဂုဏ်အင်္ဂါ လက္ခဏာများ" ဟူ၍ ခေါင်းစဉ်း တပ်ပေးခဲ့သည်။ တနင်္ဂနွေနေ့ အပတ်စဉ်တိုင်း ဆရာရိုဘတ်သည် သေချာ ထုတ်ပိုးထားသော လက်ဆောင်ဗူး တစ်ဗူးကို ယူဆောင်လာပြီး ထိုဗူးကို "ကောင်းကြီးဗူး" ဟူ၍ အမည်ပေးထား ပြန်သည်။ ထိုကောင်းကြီး ဗူးထဲတွင် "ဘုရားသခင်သည် မည်သူဖြစ်သနည်း" "ဘုရားသခင်သည် မည်သည့် ပုဂ္ဂိုလ်နှင့် တူသနည်း၊" "ဘုရားသခင်နှင့် ပတ်သက်၍ မည်သို့ တုန့်ပြန်ရမည်နည်း" စသည့် မေးခွန်းများကို ဖြေဆိုနိုင်ရန် အတွက် ကိုက်ညီသင့်လျော်သည့် အရာဝတ္ထုများကို ထည့်ပေးထားသည်။ ထိုသင်ခန်းစာအပေါ် ကလေးများ၏ (ဆရာ၊မ များ၏) တုန့်ပြန်မှုကို မြင်တွေ့ လိုက်ရသည့်အခါ ကျွန်မ အလွန် အံ့သြသွားခဲ့ရသည်။ ရရှိသည့် အချိန်မှာ တိုတောင်း၍ ရိုးရှင်းသည်ဟု ဆိုပါသော်လည်း ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများကို ကလေးများ သင်ယူရာတွင် အလွန် စိတ်အားထက်သန် ကြကြောင်းကို တွေ့မြင်နိုင်သည်။

အက္ခရာစဉ်လေးများကို အသုံးပြု၍ ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများအား သင်ကြားပေးရာမှ တဆင့် ဘုရားသခင်ကို အထူးပြု၍ သင်ကြားခြင်းသို့ ကူးပြောင်းရန်အတွက် အလွန် စိတ်အားထက်သန် လာခဲ့သည်။ အထူးသဖြင့် ငယ်ရွယ်စဉ် အချိန်အခါမှ စ၍ ဘုရားသခင်၏ အကြောင်းကို သင်ယူနေကြ သော ကလေးများ အတွက် ပို၍ အရေးကြီးသည်ဟု ထင်ရပါသည်။ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ရန် အတွက် ဘုရားသခင်နှင့် စပ်လျဉ်း၍ မှန်ကန်သော အတွေးအခေါ်များ ရှိရန် လိုအပ်ပါသည်။ ဝမ်းနည်း စရာကောင်းသည်မှာ အရွယ် ရောက်ပြီးသူများသည် ငယ်စဉ်က သင်ယူခဲ့သည့် မှားယွင်းသော ထင်မြင် ယူစချက်များကို ပြန်လည် ပြုပြင်ရန် အလွန်ခက်သည့် အချက် ဖြစ်ပါသည်။ သည့်အတွက်ကြောင့် ကျွန်မ သည်လည်း ကလေးငယ်များအနေနှင့် ဘုရားသခင်၏ ဖြစ်တည်ခြင်း အမှန်ကို သိစေရန်အတွက် ဤစာအုပ်ကို ပြုစုရေးသားရန် တို့ထိခြင်းကို ခံခဲ့ရသည်။

### ဘုရားသခင်အား ပစ်မှတ်ထားခြင်း (God-Centered Focus)

လူသားတို့၏ အရေးပါပုံနှင့် လိုအပ်ချက်များကိုသာ အထူးပြု ရေးသားထားသည့် အခြားအခြားသော ကလေးစာအုပ်များ ကဲ့သို့မဟုတ်ဘဲ ***"ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ"*** သင်ရိုးညွှန်းတမ်း စာအုပ်သည် ခပ်သိမ်းသော အရာတို့၏ အလုံးစုံဖြစ်ခြင်း၌ ကျေနပ်နှစ်သက်လျက်ရှိသော ဘုရားသခင်၏ အကြောင်းကို ဖော်ပြထားပါသည်။ ဤစာအုပ်သည် ပုံပြင်များကို စုစည်းထားခြင်း၊ ပြည်သူ့ နီတိများကို ပေါင်းစုထားခြင်းမျိုး မဟုတ်၊ ကလေးများ လေ့လာရန်အတွက် ဘုရားသခင်၏ အကြောင်းကို စုစည်းထားသော စာအုပ်ဖြစ်သည်။

သင်ခန်းစာ တစ်ခုစီတိုင်း၌ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း တို့ကို သင်ကြားပို့ချနိုင်စေရန် လိုအပ်သော သင်ထောက် ကူပြုပစ္စည်းများနှင့် ကျမ်းစာပုံပြင်များကို ပြင်ဆင်ထားပါသည်။ စစ်မှန်သော ယုံကြည်ခြင်းက အခြားအခြားသော အရာများထက် ဘုရားသခင်၏ နှိုင်းတု မမှီနိုင်သော ကြီးမား ထိုက်တန်တော်မူခြင်း (ဘုန်းတော်) ကို အမှန် သိ၍၊ မြတ်နိုးတန်ဖိုးထား ယုံကြည်ကာ၊ ထိုဘုန်းကြီးခြင်း အကြောင်း၌ ဝမ်းမြောက်တတ်ပေသည်။ ကျွန်ုပ်တို့၏ အနက်ရှိုင်းဆုံးသော ဝမ်းမြောက်စရာ အကြောင်းကို ဘုန်းကြီးတော်မူသော ဘုရား သခင်အား တန်ဖိုးထား ချီးမွမ်းတတ်သော အသက်တာ၌ တွေ့မြင်နိုင်သည်။ ကလေးရော လူကြီးပါ မကျန် ကျွန်ုပ်တို့ အားလုံး ဘုရားသခင်၏ စစ်မှန်သော ဖြစ်တည်ခြင်း အမှန်ကို နှုတ်ကပတ်တော်၌ ဖော်ပြ ထားသည့် အတိုင်း တွေ့မြင်ခြင်း၌သာ မှန်ကန်သော ဝမ်းမြောက်ခြင်းနှင့် ကျေနပ်ခြင်းတို့ကို တွေ့ရှိနိုင်မည်ဖြစ်သည်။

*"ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲက ဇာတ်၊ ကိုယ်တော်အားဖြင့်ဇာတ်၊ ကိုယ်တော်အဘို့အလို့ငှါဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော် မူစေသတည်း။ အာမင်။"* ရောမ ၁၁း၃၆

## သင်ရိုးစာအုပ်အား ခြုံငုံကြည့်ခြင်း

***"ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ"*** ဆိုသည့် ဤစာအုပ်သည် ဘုရားသခင်၏ ဂုဏ်အင်္ဂါ လက္ခဏာများကို ကလေးများအား နားလည်သဘောပေါက်လွယ်စေရန် သင်ကြားပေးနိုင်ရန်အတွက် ပြင်ဆင် ထားခြင်း ဖြစ်သည်။ အင်္ဂလိပ် အက္ခရာစာလုံးများကို အသုံးပြု၍ အစပြုခြင်းသည် အထောက် အကူပြုပါ သော်လည်း၊ အကန့်အသတ်တော့ ရှိစေသည်။ ထို့ကြောင့် သင်ခန်းစာများကို အက္ခရာစဉ် အတိုင်း ပြင်ဆင်ထားနိုင်ခြင်း မရှိပေ။ သို့သော်လည်း ရှေ့သင်ခန်းစာအပေါ်၌ တည်ဆောက်ထားသော အသစ်သော အတွေးအခေါ်များက ကလေးများကို သမိုင်းတလျှောက်တွေ့ရသည့် ဘုရားသခင်၏ ရွေးနှုတ်ကယ်တင် ခြင်းအကြောင်းကို နားလည်သဘောပေါက်စေပါသည်။

ဤအချက်က သင်ခန်းစာများကို အစီစဉ်ချ သင်ကြားပို့ချပေးရန် အလွန်အရေးကြီးကြောင်းကို ထောက်ပြနေပါသည်။ ဥပမာ – သင်ခန်းစာ ၅၊ ၇ နှင့် ၈ တို့သည် ဘုရားသခင်၏ မှန်ကန်တော်မူခြင်း၊ ဉာဏ်ပညာကြွယ်ဝခြင်း နှင့် တန်ခိုးတော်တို့ကို သီးသန့်စီ အစီစဉ်ကျ ဖော်ပြပေးထားသည်။ သင်ခန်းစာ ၉ ၌ "S" Sovereign ခပ်သိမ်းသော အစိုးရရှင် ဆိုသည့် ခေါင်းစဉ်းအောက်တွင် ဘုရာသခင်၏ မှန်ကန် တော်မူခြင်း၊ ဉာဏ်ပညာကြွယ်ဝတော်မူခြင်း နှင့် ခပ်သိမ်းသော အမှုတို့ကို တတ်စွမ်းနိုင်သော တန်ခိုး တော်ကို ပိုင်သတော်မူကြောင်းကို တပါတည်း ပေါင်း၍ ဖော်ပြထားသည်။ ဤသည်အချက်က သင်ခန်းစာ ၉ သည် ရှေ့သင်ခန်းစာများကို အခြေပြုထားကြောင်း ထင်ရှားပါသည် – သင်ခန်းစာများကို အစီစဉ် တကျမဟုတ်ဘဲ သင်ကြားပေးခြင်းက ဘုရားသခင်၏ ခပ်သိမ်းသောအရှင်ဖြစ်ခြင်း၏ အခြေခံ သုံးသပ်ချက်များကို ထွေပြားသွားစေနိုင်သည်။ ထိုနည်းငှင်းပင် ယေရှုရှင်၏ အကြောင်းကို သင်ခန်းစာ ၁၄ မရောက်ခင်အချိန်ထိ မိတ်ဆက်ထားခြင်း မရှိပေ။ ဤသည်မှာ တမင်ရည်ရွယ်၍ သင်ခန်းစာ အစီစဉ် တကျ ဖြစ်စေရန် အရေးပါလှပါသည်။ ကျွန်ုပ်တို့အနေနှင့် ကလေးငယ်များကို သမ္မာကျမ်းစာ၌ အစီစဉ် ကျသော ဖော်ပြတော်မူခြင်း ရှိသည်ကို သိစေလိုပါသည်။

တစ်နှစ်တာအတွင်း သင်ခန်းစာ လေးဆယ်လုံးကို သင်ကြားပေးရန်မှာ မဖြစ်နိုင်ပေ။ သို့သော်လည်း သင်ရိုးညွှန်းတမ်းတစ်ခုလုံး၏ အစီစဉ်ချပြင်ဆင်ထားမှုကို အနှောက်အယှက်မရှိစေပဲ သင်ခန်းစာ လေးခု လောက်ကို ချန်လှပ်ထားနိုင်ပါသည်။ ထိုသင်ခန်းစာများကို (*) အမှတ်အသားဖြင့် မာတိကာတွင် တွဲလျက် ဖော်ပြထားသည်။ ထိုကဲ့သို့ ဆိုပါသော်လည်း ကလေးငယ်များအနေနှင့် ၎င်းတို့၏ လေ့ကျင့်ခန်း စာအုပ်တွင် ထိုသင်ခန်းစာများ ပါဝင်နေသည့် အတွက်ကြောင့် သင်ခန်းစာပါ အဓိကစကားလုံးများနှင့် ၎င်း၏ အဓိပ္ပါယ်တို့ကို

လိုတိုရှင်း ရှင်းပြပေးရန် အလေးအနက်ထား စေလိုပါသည်။ မည်သည့် သင်ခန်း စာကို ချန်လှပ်ထားခြင်း မပြုမှီ သို့မဟုတ် အပြောင်းအလဲအချို့ မလုပ်မှီတွင် သင်ခန်းစာတစ်ခုလုံး၏ အစီစဉ်ကျ မှုကို နားလည်စေရန် သင်ခန်းစာ အားလုံးကို ဖတ်ရှုက်ထားပါ။

## သင်ရိုးညွှန်းတမ်းကို အသုံးပြုရန် အညွှန်း (*Intended Use*)

ဤသင်ရိုးညွှန်းတမ်းကို အသင်းတော်၊ ကျောင်း သို့မဟုတ် အိမ်တွင် မူလတန်း တက်ရောက်နေကြသော ကလေးများအတွက် ရေးသားထားခြင်း ဖြစ်သည်။ နိဒါန်း နှင့် သင်ခန်းစာ တစ်ခန်းစီတိုင်းတွင် ပါရှိသည် မှတ်ချက်များကို ကြည့်၍ သော်လည်းကောင်း၊ ပုံဥပမာများအချို့တို့ကို ပြောင်းလဲအသုံး ပြုခြင်းအားဖြင့် အထက်ပါ အသက်အရွယ်ထက် ပိုကြီးသော ကလေးများ (လူငယ်များ) အတွက်လည်း အသုံးပြုနိုင် ပါသည်။

ဤသင်ခန်းစာကို သင်ယူမည့် ကလေးငယ်များသည် စာဖတ်တတ်သည့် အရွယ်၊ သမ္မာကျမ်းစာပါ အထင်ကရ ပုံပြင်များကို ရင်းနှီးထားသော သူများဖြစ်သင့် ပါသည်။ ဤအချက် များက သင်ကြားခြင်းကို အကောင်းဆုံး ပုံစံဖြစ်စေပါလိမ့်မည်။ လိုအပ်လျှင် လိုအပ်သလို သိပ်မရင်းနှီးသည့် ပုံပြင်များအတွက် အချိန်ကိုပို အသုံးပြု နိုင်ပါသည်။ စာမဖတ်တတ်သေးသော ကလေးငယ်များလည်း ဤသင်ခန်းစာကို သင်ယူခြင်းအားဖြင့် အဆုံးတွင် အင်္ဂလိပ် အက္ခရာများကို ရင်းနှီးသွားကြမည် ဖြစ် သည်။

## သင်ခန်းစာအချိန်အား ခွဲခြမ်းစိတ်ဖြာခြင်း

သင်ကြားပေးသည့် ကလေးငယ်များ၏ အသက်အရွယ်ပေါ်မူတည်၍ ဤသင်ရိုးတွင် ပါရှိသည့် သင်ခန်း စာတစ်ခန်းကို အစမှ လိုက်လျှောက်ကျင့်သုံးခြင်း အပိုင်းထိ သင်ကြားပေးရန် အချိန်မှာ မိနစ် ၃၀ မှ ၉၀ ကြား ကြာနိုင်ပါသည်။ အသင်းတော်၌ ဆိုလျှင် မိနစ် ၆၀ မှ ၉၀ ကြားလည်း ဖြစ်နိုင်သည်။ အောက်ပါ အချိန်အပိုင်းအခြားကို အခြေပြု၍ သင်ခန်းစာတိုင်းကို ပြင်ဆင်ထားပါသည်။

**အစပြုချိန် – ၁၀ မှ ၁၅ မိနစ်**

**ဝတ်ပြုကိုးကွယ်ချိန် – ၁၀ မှ ၁၅ မိနစ်**

**သင်ခန်းစာ ပို့ချခြင်း (အဖွဲ့လိုက်) – ၂၀ မှ ၃၀ မိနစ်**

**လိုက်လျှောက်ကျင့်သုံးခြင်း (အဖွဲ့ငယ်များခွဲ၍) – ၁၅ မှ ၃၀ မိနစ်**

## အစပြုချိန်

အစပြုချိန် ဆိုသည်မှာ အတန်း အစပြုရန်အတွက် ကလေးငယ်များ ရောက်ရှိလာသည့် အချိန်ဖြစ်သည်။ ထိုခဏတာအတောအတွင်း သင်ခန်းစာ၏ အဓိကအချက် ဖြစ်သော ဘုရားသခင်အား ပစ်မှတ်ထားခြင်း ဆိုသည့် အတိုင်း သင်ခန်းစာကို ကလေးငယ်များအတွက် အဓိပ္ပါယ်ရှိရှိလမ်းကြောင်း ခင်းပေးနိုင်ရမည် ဖြစ်သည်။ ထိုကဲ့သို့ အတန်းကို အစပြုသည့် အချိန်မျိုးသည် ကျန်အချိန်များအားလုံးကို အဆုံးအဖြတ် ပေးသော အချိန်အခါ ဖြစ်သည်။ ကလေးများ ရောက်လာသည့် အချိန်တွင် ပြေးလွှားခြင်း၊ အော်ဟစ်ခြင်း နှင့် အခြား နားပူစေသည့် အပြုအမူများက အလျှင် ကြီးစိုးနေခဲ့ပါလျှင် ဝတ်ပြုကိုးကွယ် ချိန်နှင့် သင်ခန်းစာ ပို့ချခြင်း အချိန်တို့တွင် ကလေးများ၏ အာရုံကို တည်ငြိမ်စေရန် အလွန်ခက်ခဲ သွားမည် ဖြစ်သည်။

အစပြုချိန်အတောအတွင်း ပြုလုပ်ရမည့် လုပ်ဆောင်ချက်များကို ကလေးအားလုံး တစ်ပေါင်းတည်းအားဖြင့် သော်လည်းကောင်း၊ အဖွဲ့ငယ်များ ခွဲ၍ သော်လည်းကောင်း စသည်ဖြင့် လုပ်ဆောင်နိုင်ပါသည်။ အပတ်စဉ်တိုင်း ပုံစံ ကွဲပြားသော လုပ်ဆောင်မှုများကို ကြိုတင် ပြင်ဆင်ထားနိုင်ပါသည်။ ကလေးများ၏ စိတ်ဝင်စားမှုကို ထိန်းထား နိုင်ရန်အတွက် အချိန်အခါ အားလျော်စွာ လုပ်ဆောင်ချက်များကို ဂရုတစိုက် အပြောင်းအလဲ ပြုလုပ်၍ ရွေးချယ်ရမည်။ အကယ်၍ ကလေးများကို အဖွဲ့ခွဲလေးများ ခွဲပေးထားပါက၊ ၄င်းတို့အနေနှင့် လိုက်လျှောက် ကျင့်သုံးခြင်း အားပြုလုပ်တော့မည့် အချိန်တွင်လည်း ၄င်းတို့ သက်ဆိုင်သော အဖွဲ့ခွဲလေး များတွင် ပြန်လည် ပေါင်းစုရန်မှာ အလွန်လွယ်ကူမည် ဖြစ်သည်။ သင်ခန်းစာ သင်ကြားပေးခြင်း မစမီ ကလေးများကို အဖွဲ့ခွဲလေးများ ပြုလုပ်ထားပေးခြင်းက သင်ခန်းစာများကို ပြန်လည် နွေးယူခြင်း၊ လုပ်ဆောင် ရမည့် အရာများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခြင်း၊ ကျမ်းချက် အလွတ်ကျက်မှတ်ခြင်း တို့ကိုလည်း ပြုလုပ်စေနိုင်ပါသည်။ သင်ခန်းစာ တစ်ခုချင်းစီသည် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာ များကို တစ်ခုပြီးတစ်ခု သီးသန့်စီလေ့လာခြင်း ဖြစ်သောကြောင့် *သင်ကြားပေးခြင်း မရှိသေးသော အခြားသင်ခန်းစာ တစ်ခု၏ အဓိက အချက်များကို အစပြုချိန် အတောအတွင်း ပြောပြမိခြင်း မရှိစေဘဲ* သင်ကြား ခဲ့ပြီးသော သင်ခန်းစာများ နှင့် ဆက်နွယ်မှုရှိသော လုပ်ဆောင်ချက်များကိုသာ ပြန်လည် ၍ နွေးပေးပါ။

## ဝတ်ပြုကိုးကွယ်ချိန်

ဝတ်ပြုကိုးကွယ်ချိန်ကို ဝတ်ပြုကိုးကွယ်ခြင်း၌ ဆုကျေးဇူးရရှိသော ဦးဆောင်သူတစ်ယောက်က ဦးဆောင် ရမည်၊ သို့မဟုတ် သင်ကြားပေးသည့် ဆရာ/မ ကိုယ်တိုင် သို့မဟုတ် အရွယ်ရောက်ပြီးသော ဦးဆောင် သူတစ်ဦးဦးက ဦးဆောင်ရပါမည်။ ဝတ်ပြုကိုးကွယ်ခြင်းအမှု၌ "ဆုကျေးဇူး" ရရှိသော သူသည် ဘုရား သခင်၏ ကြီးမြတ်ခြင်းနှင့် ထိုက်တန်ခြင်းတို့ကို ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအားဖြင့် ကလေးငယ် များအား မြင်လာစေရန် ဦးဆောင် နိုင်သောသူ ဖြစ်သည်။ ဘုရားသခင်၏ ကြီးမြတ်ခြင်းနှင့် ဂုဏ်အင်္ဂါ လက္ခဏာများကို ပေါ်လွင်စေသော သီချင်းများကို စနစ်တကျ ရွေးချယ်ရမည်။ အဓိက စကားလုံးများ အတွက် သီချင်းအသစ်အသစ်များကို စုဆောင်းနေခြင်းထက် သင်ခန်းစာ၏ အဓိကအချက်များကို ဖော်ပြ ပေးသည့် သီချင်းနှင့် လုပ်ဆောင်ချက်များကို စုဆောင်းထားပါ။ သင်ခန်းစာ တစ်ခုချင်းစီသည် ဘုရား သခင်၏ ဂုဏ်အင်္ဂါလက္ခဏာများကို တစ်ခုပြီးတစ်ခု သီးသန့်စီလေ့လာခြင်း ဖြစ်သောကြောင့် *သင်ကြား ပေးခြင်း မရှိသေးသော အခြားသင်ခန်းစာ တစ်ခု၏ အဓိက အချက်များကို ဝတ်ပြု ကိုးကွယ် ချိန်တွင် မပြောမိစေရန် သတိ ထားပါ။*

## သင်ခန်းစာ ပို့ချခြင်း (အဖွဲ့လိုက်)

သင်ခန်းစာကို ကျွမ်းကျင်သည့် ဆရာ/မ တစ်ဦးက သင်ကြားပေးရပါမည်။ သင်ကြားပေးသူသည် ပြောပြ လိုသည့် သဘောတရားများကို ရှင်းလင်းစွာ ပို့ချပေးနိုင်သောသူ၊ ကလေးများနှင့် ကောင်းမွန်စွာ ဆက်ဆံနိုင်၍ ၄င်းတို့၏ အာရုံစူးစိုက်မှုကို သင်ခန်းစာထဲသို့ ရောက်လာအောင် တွဲခေါ်နိုင်သောသူ၊ ခေါင်းဖြင့် နားလည်သဘော ပေါက်သော အသိတရားများကို နှလုံးသားထဲထိ ရောက်အောင်ပို့ချနိုင် သောသူ၊ အထူးသဖြင့် ဘုရားသခင် အတွက် စိတ်အားထက်သန်သောသူ ဖြစ်ရမည်။ သင်ခန်းစာ ပို့ချရန် ပြင်ဆင်ခြင်းသည် အလွန်အရေးကြီးသည့် အတွက်ကြောင့် သော်လည်းကောင်း ကလေးများ၏ အရေအတွက် အနည်းအများပေါ် မူတည်၍ သော်လည်း ကောင်း သင်ကြားပို့ချရာတွင် အဆင်ပြေစေနိုင်ရန် သင်ခန်းစာကို တစ်ပတ်တစ်လှည့်စီ သင်ကြား ပေးမည့် ဆရာ/မ နှစ်ယောက် ရှိသင့်သည်ကို စဉ်းစားထား သင့်ပါသည်။

အလှည့်ကျ သင်ကြားပေးခြင်းက သင်ကြားပေးသည့် သူများကို သင်ခန်းစာအား ပြင်ဆင်ရန်အတွက် သာ၍ အချိန်ပေးနိုင်ပါသည်။ သင်ကြားပေးမည့် ဆရာ/မ များအနေနှင့် သင်ခန်းစာပါ အချက်လက်များ အားလုံးကို

အစမှအဆုံးတိုင်အောင် လေ့လာဖတ်ရှုကာ၊ ဖော်ပြပေးထားသော ကျမ်းချက်များကိုလည်း အကုန်အစင် ဖတ်ရ၍၊ ကြာချိန်ကို သိရှိနိုင်ရန်အတွက် အစမ်းသဘောအနေဖြင့် လုပ်ဆောင်ကြည့်ရ မည်ဖြစ်သည်။ သင်ကြားပေးမည့် ဆရာ၊မ များအနေနှင့် သင်ခန်းစာတွင် အသုံးပြုမည့် သင်ထောက်ကူ ပြုပစ္စည်းများကိုလည်း စုဆောင်းရန် အချိန်လိုအပ်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ဝိညာဉ်ပိုင်းဆိုင်ရာ ပြင်ဆင်ခြင်းသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ ကောင်းမွန်သော သင်ကြားခြင်းသည် သင်ယူထားသည့် နှုတ်ကပတ်တော်တရား အပေါ် နှစ်ထောင်း အားရ၍ အသက်ရှင်တတ်သော နှလုံးသားမှ စီးဆင်း လာပါသည်။ ကလေးများသည် ဤအခြေအနေကို သာ၍ နားလည်သဘောပေါက်ကြပါသည်။ ၎င်းတို့ အနေနှင့် သင်ကြားပေးသောသူသည် အမှန်တကယ် စိတ်ပါလက်ပါ သင်ကြားပေးခြင်း ရှိမရှိကို ကောင်းစွာ ပိုင်းခြားနိုင်ကြသည်။ ဝိညာဉ်တော်၏ လမ်းပြမှုအောက်၌ သင်ကြား ပေးသည့် ဆရာ၊မသည် ဘုရားသခင်ကို ပစ်မှတ်ထားသော စိတ်ထားဖြင့် နှုတ်ကပတ်တော်တရားများကို သင်ကြားပေးပါလျှင်မူ ကလေးများသည်လည်း ဘုရားသခင်၏ စိတ်နှလုံးသဘောကို ကြားနာရ၍ အသက် တာတွင် အမှန်တကယ် မြင်လာကြမည် ဖြစ်သည်။

သင်ခန်းစာ ပို့ချခြင်းနှင့် ပတ်သက်၍ (စာမျက်နှာ ၁၅) တွင် အသေးစိတ် ဖော်ပြပေးထားပါသည်။

## လိုက်လျှောက်ကျင့်သုံးခြင်း (အဖွဲ့ငယ်များခွဲ၍)

သင်ခန်းစာပို့ချ ချိန်တွင် "ဘုရားသခင်သည် မည်သူနည်း" "ဘုရားသခင်သည် မည်သို့သောပုဂ္ဂိုလ် ကဲ့သို့ ဖြစ်သနည်း" ဆိုသည့် မေးခွန်းများကို နှုတ်ကပတ်တော်အရ ဖြေကြားပေးပါသည်။ သို့သော် **လိုက်လျှောက်ကျင့်သုံးခြင်း** အချိန်တွင်မူ "ဘုရားသခင်သည် (ဂုဏ်အင်္ဂါလက္ခဏာတစ်ခုခု) ဖြစ်သည့် အတွက်၊ ကိုယ်တော်ကို ကျွန်ုပ် မည်သို့ တုန့်ပြန်မည်နည်း" ဆိုသည့် မေးခွန်းအတွက် ဖြစ်သည်။ ဆိုလိုသည်မှာ လိုက်လျှောက်ကျင့်သုံးခြင်း မရှိပါက သင်ခန်းစာ ပို့ချခြင်းသည် မပြည့်စုံဟု ဆိုလိုခြင်းဖြစ်သည်။ ဤအချိန်သည် ကလေးများကို စိတ်လက်ကိုယ်ပါ ပါဝင် ဆွေးနွေးကြစေရန် ရည်ရွယ်ထားသည့်အတွက် (၈ မှ ၉ ယောက် လောက်ကို ခေါင်းဆောင်တစ်ယောက် နှုန်းဖြင့်) အဖွဲ့ငယ်များ ခွဲ၍ ပြုလုပ်ပါက အကောင်းဆုံး ဖြစ်ပါသည်။ အကယ်၍ အသက်အရွယ် မတူသော ကလေးများ အဖွဲ့တစ်ဖွဲ့ထဲတွင် ပါဝင် နေပါလျှင် လေ့ကျင့်ခန်းနှင့် အိမ်စာများ ပြုလုပ်စေရန်တွင် အသက်အရွယ်အလိုက် လုပ်ဆောင် စေတတ်ရန် သတိပြုပါ။

သင်ခန်းစာ တစ်ခုစီတိုင်းတွင် ပါဝင်သော လိုက်လျှောက်ကျင့်သုံးခြင်း ဆိုသည့် စာမျက်နှာတိုင်း၌ မေးခွန်းများနှင့် ၎င်းတို့နှင့်ဆက်ဆိုင်သော ကျမ်းချက်များကို ချပေးထားပါသည်။ သင့်အနေနှင့် ဤအချက်များကို သင်ယူပေးနေသော ကလေးငယ်များ၏ အသက်အရွယ် သို့မဟုတ် အခြားအ အကြောင်း အရာများရှိခဲ့ ပါလျှင် ပြောင်းလဲအသုံးပြု နိုင်ပါသည်။ ဖော်ပြပေးထားသော မေးခွန်းများနှင့် ပုံဆောင် ချက်များသည် သင်ခန်းစာတွင် ပါဝင်သော ဝိညာဉ်ပိုင်းဆိုင်ရာ တရားသဘောများကို ကလေးငယ်များ၏ အသက်တာတွင် အခိုင်အမာ လိုက်လျှောက်နိုင်ရန်အတွက် ကူညီပေးပါသည်။ ကလေးများ နှင့် ဆွေးနွေးခြင်း၏ ဦးတည်ရာသည် ကလေးများ၏ တုန့်ပြန်မှုနှင့် ဝိညာဉ်တော်၏ လမ်းပြဦးဆောင်မှု အလိုက် ပြောင်းလဲသွားမည် ဖြစ်သည်။

ကလေးများကို ဦးဆောင်ပေးသည့် လူငယ်များ (အဖွဲ့ငယ် ခေါင်းဆောင်များ) အနေနှင့် ကလေးများကို ဆက်ဆံရာတွင် ကောင်းမွန်စွာ ဆက်ဆံနိုင်သူ ဖြစ်ရမည် (နှုတ်ကပတ်တော်တရားကို အသက်တာ အရောက် လိုက်လျှောက်ကျင့်သုံး နိုင်အောင် ကူညီပေးနိုင်ရမည်)။ ကလေးများအနေသည် ဝေါဟာရ မကြွယ်ကြသည့် အတွက် ၎င်းတို့၏ အတွေးအထင်များကို ဖော်ပြရာတွင် အကန့်အသတ်များစွာ ရှိတတ်ကြရာ ခေါင်းဆောင်များ အနေနှင့် စိတ်ရှည်ရှည် နားထောင်ပေးသူ ဖြစ်ရန်မှာ အလွန် အရေးကြီးပါသည်။ ထို့ပြင် ခေါင်းဆောင်များ အနေနှင့် သင်ခန်းစာ၏ ဦးတည်ရာအတိုင်း ဆွေးနွေးမှုကို ဦးဆောင်နိုင်ရန်မှာ အရေးပါ ပါသည်။

**လိုက်လျှောက်ကျင့်သုံးခြင်း** နှင့်ပတ်သက်၍ စာမျက်နှာ (၂၅) တွင် အသေးစိတ် ဖော်ပြပေးထားပါသည်။

## ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ သင်ရိုးညွှန်းတမ်းပုံစံအား အသုံးပြုခြင်း

သင်ခန်းစာ အခန်းတိုင်းတွင် အပြောင်းအလဲများ ရှိပါသော်လည်း၊ သင်ခန်းစာ တစ်ခုချင်းစီတိုင်း၌ အောက်တွင် ရှင်းပြ ထားသော အချက်များ အများစု ပါရှိကြပါသည်။ သင်ခန်းစာ ၇ ကို ဥပမာ ထား၍ အောက်ပါအတိုင်း ကြည့်ကြ ပါစို့။

သင်ခန်းစာ ၇

***"W" IS FOR WISE ဉာဏ်ပညာကြွယ်ဝသော***

"WISE" ဉာဏ်ပညာကြွယ်ဝသော ဆိုသည့် စကားလုံးသည် သင်ခန်းစာ ၇ ၏ အဓိက သော့ချက် စကားလုံး ဖြစ်သည်။ အဓိက စကားလုံးသည် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာ သို့မဟုတ် ဘုရားသခင်သည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည်ကို ဖော်ပြပေးသည့် စကားလုံး ဖြစ်သည်။ အချို့စကားလုံး များသည် အခြား စကားလုံးများထက် ကလေးများအတွက် သင်ယူရန် ပို၍ လွယ်ကူပါသည်။ သို့ပါ သော်လည်း "အနန္တ ဉာဏ်တော်ရှင်" စသည့်စကားလုံးများကို အသုံးပြုရန် မစိုးရိမ်ပါနှင့်။ ကလေးများ အနေနှင့် ၄င်းတို့တွင် ဘုရားသခင်ကိုသာ ညွှန်းဆိုနိုင်သည့် အထူး စကားလုံးသစ်များ သင်ယူရန် ရှိသည်ဟူ၍ စိတ်ခေါ်မှု များကို ရရှိကြမည် ဖြစ်သည်။ *မှတ်ချက် – အဓိက စကားလုံးကို သင်ခန်းစာ၏ ကိုက်ညီသော အချိန်မတိုင်မီထိ ဖော်ပြခြင်း မရှိရန် သတိထားပါ။*

**အဓိကအချက်** – ဘုရားသခင်သည် ခပ်သိမ်းသော အမှုတို့ကို စုံလင်စွာ ပြုတော်မူ၏။

အဓိကအချက်သည် အဓိက စကားလုံး၏ အနက်အဓိပ္ပါယ်ကို ထုတ်ဖော်ပြောပြသည်။ ရှေ့လာမည့် သင်ခန်းစာ များတွင် ရှုပ်ထွေးမှု မရှိစေရန် ရေးသားထားသည့်အတိုင်း အနက်အဓိပ္ပါယ်ကို အသုံးပြုရပါမည်။ ဤအနက် အဓိပ္ပါယ်သည် အသေအချာ ရွေးချယ်၍ ကလေးငယ်များ နားလည်လွယ်စေရန် နှင့် နောက်လာမည့် သင်ခန်းစာပါ အကြောင်းအရာများကို အထောက်အကူ ပြုစေရန် ရည်ရွယ်ထားပါသည်။ ပို၍ နက်နဲသော အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်းမျိုးက ဆိုလိုရင်းကို နားလည်နိုင်ရန် ကလေးများအတွက် အခက်အခဲများ ရှိလာစေ နိုင်ပါသည်။ အဓိက စကားလုံးကဲ့သို့ပင် အဓိက အချက်များကို သင်ခန်းစာ၏ ကိုက်ညီသော အချိန်တွင် ဖော်ပြပေးရပါမည်။

**အဓိကကျမ်းချက်** – *"အိုထာဝရ ဘုရား၊ ကိုယ်တော် စီရင် ပြုပြင်တော်မူသောအရာတို့သည် အလွန် များပြားပါ၏။ ရှိရှိသမျှတို့ကို ပညာတော် အားဖြင့် ဖန်ဆင်းတော်မူ၏။" ဆာလံ၊ ၁၀၄း၂၄က*

ကျမ်းချက် သို့မဟုတ် ကျမ်းချက်များသည် အဓိကအချက် နှင့် အဓိက စကားလုံးများကို ထောက်မပေးသည်။ ထိုကျမ်းချက်များကို သင်ခန်းစာ ပို့ချချိန်တွင် အသုံးပြုရသည့် အချိန်လည်း ရှိသကဲ့သို့ အသုံးမပြုရသည့် အချိန်

လည်းရှိပါသည်။ ဤကျမ်းချက်များသည် ကလေးများအနေနှင့် သင်ယူသွားမည့် နှုတ်ကပတ်တော်တရားကို သင်ယူနားလည် နိုင်စေရန်အတွက် ရည်ရွယ် ရွေးချယ်ထားခြင်း ဖြစ်သည်။ အလွတ်ကျက်မှတ်ရာ၌ လွယ်ကူစေရန် နှင့် အဓိကစာလုံးတို့ကို ထောက်ပြနိုင်ရန်အတွက် ရှည်ရှယ်၍ အချို့သော ကျမ်းချက်များမှာ ဝါကျပိုင်းများဖြင့်သာ ဖော်ပြထားပါသည်။ အကယ်၍ သင်သည် အသက်အနည်းငယ်ကြီးသော ကလေးများကို သင်ကြားပေးပါက ချန်လှပ်ထားသည့် ကျမ်းပိုဒ်များကိုလည်း သင်ကြားပေးနိုင်ပါသည်။ အချို့သော ကျမ်းပိုဒ်ရှည်များတွင်မူ ကလေးငယ်များအနေနှင့် အဓိကကျသော စကား စုများကိုသာ အလွတ်ကျက်နိုင်မည် ဖြစ်သည်။

❖

**သင်ခန်းစာ နိဒါန်း** – *ဆာလံ၊ ၁၀၄:၂၄* နှင့် ပတ်သက်၍ ချာလ်းစပါဂျွန် ဆိုသူက အောက်ပါအတိုင်း ပြောခဲ့ဖူးသည်။

*“ဖန်ဆင်းခြင်းမှန်သမျှသည် ဘုရားသခင်၏ လက်ရာတော်ဖြစ်သည်။ ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်၏ ဉာဏ်ပညာတော်ကို ဖော်ပြနေကြ၍၊ ကိုယ်တော်၏ ဉာဏ်တော်အားဖြင့် ဖြစ်တည်ကြရာ သူ့နေရာနှင့်သူ သပ်ရပ်သေချာစွာ ရှိနေကြသည်။ အလုံးစုံကို ခြုံ၍ကြည့်ပါလျှင် ခပ်သိမ်းသောအရာတို့သည် ဉာဏ်ပညာတော်အားဖြင့် ဖြစ်ပေပါတကား။”*

***သင်ခန်းစာ နိဒါန်း*** က သင်ကြားပေးမည့် ဆရာ၊မ များအတွက် သင်ခန်းစာနှင့်ပတ်သက်၍ နောက်ခံ အကြောင်းအရာများ၊ ရှင်းပြချက်များ၊ ဖတ်ရှုက်ရန်လိုအပ်သည့် အချက်များနှင့် သင်ခန်းစာကို ပုံဖော်ပေးနိုင်သည့် သက်သေခံချက်များအား ထောက်ပံ့ပေးပါသည်။ ရည်ရွယ်ချက်မှာ သင်ကြားပေးမည့် ဆရာ၊မ များ၏ ဝိညာဉ်ပိုင်းဆိုင်ရာ ပြင်ဆင်မှု ရရှိစေရန်နှင့် အဓိကကျသည့် အချက်များကို ရှုထောင့်အမျိုးမျိုးဖြင့် ရှင်းပြပေးရန် ဖြစ်သည်။ ထို့ကြောင့် ဤအပိုင်းသည် ကလေးများကို သင်ကြားပေးရမည့် အပိုင်း မဟုတ်ဘဲ ပြင်ဆင်မှု အတွက်သာ ရှည်ရှယ် ထားခြင်း ဖြစ်ပါသည်။

## ကောင်းကြီးမင်္ဂလာပုံး

၁။ သာမန် သဘာဝ ရှုခင်းပုံ တစ်ပုံ အပိုင်းဆယ်ပိုင်းခန့် ဖြတ်၍ ပုံဆက်ပဟေဠိပုံစံဖြင့် လုပ်ထားပါ။ မဂ္ဂဇင်း စာအုပ် တစ်အုပ်အုပ်မှ သို့မဟုတ် ပြက္ခဒိန် တစ်ခုခုမှ ရှုခင်းပုံ တစ်ပုံပုံကိုယူ၍ ပုံဆက်ပဟေဠိကို လုပ်နိုင်ပါသည်။

**ကောင်းကြီးမင်္ဂလာပုံး** ဆိုသည်မှာ အတန်းရှေ့တွင် ထားကာ သင်ခန်းစာတိုင်းတွင် အသုံးပြုသွားရမည့် ကောင်းမွန်စွာ အလှဆင် ထုပ်ပိုးထားသော စက္ကူပုံးတစ်ခု ဖြစ်သည်။ ၎င်းအား အသုံးပြုရခြင်း၌ ရည်ရွယ်ချက်သုံးမျိုးရှိပါသည် ၁) ထိုပုံးထဲ၌ ထည့်ထားသော အရာများဖြင့် ကလေးများ၏ အာရုံကို ဖမ်းစား နိုင်စေရန်၊ ၂) သင်ခန်းစာနှင့် ကိုက်ညီသော သင်ထောက်ကူပြု ပစ္စည်းများကို ထောက်ပံ့ပေးနိုင်ရန်၊ ၃) ဘုရားသခင်နှင့်ပတ်သက်သော အရာမှန်သမျှသည် အံ့ဩဖွယ်ရာ ဆုလက်ဆောင်ဖြစ်သည်ကို ဖော်ပြရန် စသည်တို့ဖြစ်ပါသည်။ – ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့ကို လျှောက်ပတ်ပြည့်စုံစွာဖြင့် ဖန်ဆင်းခဲ့သည်။ ထိုပုံးသည် အရွယ်အစားကြီးမား၍ ခိုင်ခံ့ရမည် ဖြစ်ပြီး တောက်ပသည့် အရောင်အဆင်းရှိရပါမည်။ (၂၃ လက်မ

ရှည်၍၊ ၁၂ လက်မခွဲ ကျယ်ကာ၊ အမြင့် ၁၀ လက်မခွဲခန့်ရှိသော ပုံးကို အသုံးပြုနိုင်ပါက အသင့်တော်ဆုံး ဖြစ်ပါလိမ့်မည်။) ဤ ကောင်းကြီး မင်္ဂလာပုံးသည် သင်ခန်းစာတစ်ခုချင်းစီတိုင်း၌ အဓိက ပစ်မှတ်သည့် အတွက် လှပသေသပ်စွာဖြင့် သော်လည်းကောင်း၊ တာရှည်ခံနိုင်ရန်အတွက် သော်လည်းကောင်း ပြဆင်ထားသင့်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် ရုပ်ပုံပဟေဠိ ကဲ့သို့ပင် သင်ခန်းစာ တစ်ခုစီတိုင်းအား သင်ကြားပေးရန် အတွက် ကလေးများ အတန်းထဲသို့ မရောက်မီ အချိန်ကတည်းက ထိုကောင်းကြီးမင်္ဂလာပုံးထဲထည့် ရမည့် အရာများကို စာရင်း ပြုစုထားပေးပါ သည်။ သင်ခန်းစာ၏ အဓိကအချက် နှင့် သင်ထောက်ကူပြု ပစ္စည်းများ ဆက်စပ်ကိုက် ညီမှု ရှိစေရန် ပုံးထဲထည့်ထားရမည့် စာရင်းပါ အရာများကို အတက်နိုင်ဆုံး ကိုက်ညီစွာ ပြုလုပ်ရပါမည်။ ကောင်းကြီးမင်္ဂလာပုံးထဲ ထည့်သွင်းရမည့် အရာအများစုကို အလွယ်တကူ ရရှိနိုင်ပါသည်။ ကောင်းကြီးမင်္ဂလာ ပုံးထဲထည့်ထားသည့် အရာများကို သင်ခန်းစာ မစမီ ကလေးများ မမြင်တွေ့စေရန် အဖုံးတစ်ခုပြုလုပ် ပေးထားပါ။ သင်ခန်းစာ အစပြုခြင်းသည် ထိုပုံးထဲထည့်ထားသည့် အရာတစ်စုံတစ်ခုကို ဆရာ/မ က သို့မဟုတ် ကလေး တစ်စုံတစ်ဦးက ထုတ်ယူလိုက်သည်နှင့် အစပြု ရမည် ဖြစ်သည်။ သင်ခန်းစာ၏ **လိုက်လျှောက်ကျင့်သုံးခြင်း** ပါသည့် စာမျက်နှာ အဆုံးပိုင်း၌ မည်သည့် အရာများကို နောက်လာမည့် သင်ခန်းစာအတွက် သိမ်းထားရမည် ဆိုသည့် မှတ်ချက်ကို တွေ့ရပါ လိမ့်မည်။

အခြား သင်ထောက်ကူပြု ပစ္စည်းများ

၁။ ပဟေဠိအပိုင်းအစများ (မှီငြမ်းရန်) ပဟေဠိအပိုင်းအစများကို မာကြောသည့် စက္ကူ ပေါ်တွင် ကပ်ကာ ပြန်ဖြတ်ထုတ်ပါ။

၂။ ဖော့ဘုတ်ပြား (ပဟေဠိအပိုင်းများကို ကပ်ရန်) ပင်အပ်

၃။ ဆာလံ၊ ၁၀၄း၂၄က ရေးထားသည့် စက္ကူလိပ်

ရေးချယ်ရန် – ရေမြင်းတစ်ကောင်၏ နားရွက်တစ်စုံပုံ သို့မဟုတ် ယုံတစ်ကောင်၏ နားရွက် အစုံပုံကို ဖြတ်ထုတ်ပါ။

သင်ခန်းစာအများစုသည်လည်း အခြားအခြားသော သင်ထောက်ကူပြု ပစ္စည်းများကို အသုံးပြုရန် လိုအပ် ပါသည်။ ဤသင်ထောက်ကူပြု ပစ္စည်းများကို ကောင်းကြီးမင်္ဂလာဖူးထဲသို့ ထည့်သွင်းရန် မဟုတ် ပါသော်လည်း ၎င်းတို့သည် သင်ခန်းစာအတွက် တန်းတူတန်းမျှ အရေးကြီးပါသည်။ ကောင်းမွန်စွာ ပြင်ဆင်ထားသော စိတ်ဝင်စားဖွယ် ကောင်းသည့် သင်ထောက်ကူပြု ပစ္စည်းများက ကလေးများကို သင်ခန်းစာအပေါ် ပို၍ စိတ်ဝင် စားအောင် ဆွဲခေါ်ပေးနိုင်သည်။ ဖော်ပြပေးထားသော သင်ထောက်ကူပြု ပစ္စည်းများကို အသုံးပြုရန် အဆင် မပြေပါက ကိုက်ညီသည့် အခြားအစားထိုးခြင်းမျိုးကိုလည်း ပြုလုပ် နိုင်ပါသည်။ သင်ထောက်ကူပြု ပစ္စည်းများကို ဆရာ/မ များအသုံးပြုရမည့် မှီငြမ်းရန်စာအုပ်တွင် ဖော်ပြ ပေးထားပါသည်။ သင်ခန်းစာ တလျှောက် ချောချော ချူချူဖြင့် သင်ထောက်ကူပြု ပစ္စည်းများကို အသုံး ပြုနိုင်ရန်အတွက် အစီစဉ်တကျ ထားရှိခြင်း၊ ပျက်ဆီးမှု အလွယ် တကူ မရှိစေရန် ပလားစတိတ် လောင်းခြင်း စသည်တို့ကို ကြိုတင်ပြင်ဆင်ထား သင့်ပါသည်။ ကောင်းကြီးမင်္ဂလာပုံးကဲ့သို့ပင် ပြန်လည် အသုံးပြုရမည့် သင်ထောက်ကူပြု ပစ္စည်းများကို သင်ခန်းစာတစ်ခု၏ အဆုံးပိုင်းတွင် မှတ်ချက်ရေး ဖော်ပြ ပေးထားပါသည်။ ဤသင်ရိုးညွှန်းတမ်း စာအုပ်သည် နှစ်ကြာရှည် သုံးရန်

အတွက် ရည်ရွယ်ထားသဖြင့် ပထမဆုံး အသုံးပြုသည့်နှစ်သည် ပြင်ဆင်ခြင်းများကို များစွာ ပြုလုပ်ရမည် ဖြစ်ပါသော်လည်း နောင်လာ မည့်နှစ် များအတွက် အချိန်များစွာ သက်သာစေမည် ဖြစ်သည်။

***စတ္တူလိပ်*** ဟုဆိုရာတွင် သမ္မာကျမ်းစာရေးထားသော စာရွက်လိပ်ကို ဆိုလိုပါသည်။ သင်ခန်းစာ သင်ကြားပေးစဉ်တွင် သမ္မာကျမ်းစာကို လှန်၍ ဖတ်ရွက်ခြင်းမှာ ကလေးများအတွက် ခက်ခဲ၍ အချိန်ကြာမြင့် စေတတ်ပါသည်။ ထို့ကြောင့် ကျမ်းစာရေးသားထားသော စာလိပ်က ဖတ်ရွက်ရမည့် ကျမ်းပိုဒ်ကို ကလေးများအားပြသနိုင်သကဲ့သို့ ဖတ်ရွက်ရမည့် စာလုံးလေးများကိုလည်း ကလေးများအတွက် လက်ဖြင့်ထောက်၍ ရှေ့မှ ရွက်ဆိုပေးနိုင်ရန် ကူညီပေးသည်။ စာဖတ်တတ်ရန် သင်ယူနေသည့် ကလေးများအတွက် ဤသို့ပြုလုပ်ပေးခြင်းအား အထူးအထောက်ကူ ဖြစ်စေပါသည်။ စာလိပ်ထဲတွင် ရေးသားထားသည့် အရာများသည့် သမ္မာကျမ်းစာမှ ကူးရေးထားကြောင်းကို ကလေးများအား သိစေပါ။ ဆရာ၊မ ဖြစ်သူက ရှေ့မှ ဖတ်ရွက်ပေး၍ ကလေးများကလည်း ၄င်းတို့၏ ကျမ်းစာထဲ၌ ကြည့်၍ လိုက်ဖတ်ခြင်း မျိုးကိုလည်း လုပ်ဆောင်နိုင်ပါသည်။

**ရွေးချယ်ရန်** ဆိုသည်မှာ သင်ခန်းစာကို ပိုမိုစိတ်ဝင်စားမှု ရှိစေရန်အတွက် ရည်ရွယ်ထားခြင်း ဖြစ်သည့်အတွက် မရှိမဖြစ်တော့ မဟုတ်ပါပေ။ ဆရာ၊မ များအနေနှင့် ကျမ်းစာပုံပြင် များပြောပြရာတွင် အခြားသော သင်ထောက်ကူပြု ပစ္စည်းများကို လိုအပ်လျှင်လိုအပ်သလို ထည့်သွင်း အသုံးပြုနိုင်ပါသည်။

***သင်ခန်းစာ ပို့ချခြင်း***

သင်ကြားခဲ့ပြီးသော သင်ခန်းစာ ခြောက်ခုပါ အဓိကအချက်များ၊ အဓိပ္ပါယ်များကို ပြန်လည်နွေးပေးခြင်း အားဖြင့် ယနေ့သင်ခန်းစာကို အစပြုပါ။ ကလေးများကို ဘုရားသခင်နှင့် ပတ်သက်၍ ဖော်ပြရာတွင် စကားလုံးများဖြင့် လုံလောက်နိုင် ပါသလားဟု မေးကြည့်ပါ။ ဘုရားသခင်အကြောင်းကို ဆုံးခန်းတိုင် မလေ့လာ နိုင်ကြောင်းမှာ အဘယ့် ကြောင့်နည်း ဟူ၍လည်း မေးပါ။

***သင်ခန်းစာ ပို့ချခြင်း*** ဆိုသည့် ခေါင်းစဉ်းအောက်တွင် ကလေးများအား သင်ကြားပေးမည့် အချက်များကို ဖော်ပြပေးထားသည်။ ရည်ရွယ်ချက်မှာ သင်ကြားပေးမည့် ဆရာ၊မ အနေနှင့် ပြင်ဆင်ထား၍ သင်ခန်းစာ တစ်ခုချင်းစီကို သင်ကြားပေးနိုင်ရန် ဖြစ်သည်။ ဥပမာအားဖြင့် အထက်တွင်ဖော်ပြပါ ဇယား ကွက်အတွင်းရှိ စာပိုဒ်တွင် ပုံမှန် စလုံးပုံစံများကို သင်၏ကိုယ်ပိုင်အသုံးအနှုန်းအားဖြင့် အကြောင်းအရာ စုံလင်စွာ ပြောဆိုနိုင်ပါသည်။ ဆရာ၊မ များအတွက် အထောက်အကူပြုမည့် အခြားသော အသုံးအနှုန်း ပုံစံများကို နောက်တွင် ဆက်လက်ရှင်းပြပေးသွားပါမည်။

သင်ခန်းစာ အများစုသည် အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ အစပြုသည့်အတိုင်း (၂ – ၃) မိနစ်ကြာ ***ပြန်လည်နွေးပေးခြင်း*** အားဖြင့် အစပြုထားပါသည်။ ဆရာ၊မ များအနေနှင့် မေးခွန်းများ မေးခြင်း သို့မဟုတ် ပြီးခဲ့သည့် သင်ခန်းစာမှ အဓိက စကားလုံးများကို ပြန်လည် ပြောပြ၍ အဓိပ္ပါယ် များကို ပြန်ရှင်းပြခြင်းအားဖြင့် ပြန်လည်နွေးပေးနိုင်ပါသည်။ ဆရာ၊မများ အနေနှင့် ကိုယ်ပိုင် ဖန်တီး ထားသော အတွေးအခေါ်များကိုလည်း အသုံးပြု၍ ပြန်လည်နွေးပေးခြင်းကို ပြုလုပ်နိုင်ပါသည်။

ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေ၍ ကောင်းကြီးမင်္ဂလာပုံးကို ပွင့်ကာ အထဲ ရှိ ပဟေဠိ ရုပ်ပုံ အပိုင်းအစများကို ထုတ်ယူစေပါ။ ထိုသို့သော အရာများကို အရင် က မြင်ဖူးသလားဟု မေးပါ။ ထိုပဟေဠိ ရုပ်ပုံအပိုင်းအစများက မည်သည့်ပုံဖြစ် သည်ကို ၎င်းတို့အနေနှင့် သိမသိ မေးကြည့်ပါ။

ရုပ်ပုံအပိုင်းအစများကို ပြန်လည်ဆက်၍ ပုံဖော်ပြပေးပါ။ ရုပ်ပုံအပိုင်းအစများကို ပြန်လည်ဆက်ရာတွင် ရှေ့ထွက်လာသောကလေးကိုလည်း အကူအညီတောင်းပါ။ ထို့နောက် ရုပ်ပုံအပိုင်းအစများကို သေချာဆက်ထားပြီးနောက် ဖော့ဘုတ်ပြား ပေါ်တွင် ကပ်ထားပါ။

သင်ခန်းစာ အများစုသည် ပြန်လည်နွေးပေးပြီးတိုင်း အထက်တွင် ဖော်ပြထားသည့်အတိုင်း လက်တွေ့လုပ်ဆောင်ခြင်းမျိုးကို အစဉ်လိုက် ထားရှိထားသည်။ ဤလက်တွေ့လုပ်ဆောင်ခြင်းသည် ကောင်းကြီး မင်္ဂလာပုံးကို အသုံးပြုခြင်းအားဖြင့် ဖြစ်၍ ရည်ရွယ်ချက်မှာ ကလေးများကို သင်ခန်းစာ၏ အဓိက အချက်အား ၎င်းတို့အနေနှင့် အလွယ်တကူ နားလည်သဘောပေါက်စေရန် ဖြစ်သည်။ **ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ** သင်ရိုးညွှန်းတမ်းသည် တဆင့်ခြင်း ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများကို လေ့လာရင်းဖြင့် နောက်ဆုံးတွင် ယုံကြည်လက်ခံလာစေရန် ဆိုသည့် စနစ်ကို အသုံးပြုထားသဖြင့် သင်ခန်းစာ အရှိန်တိုး လာသည်နှင့်အမျှ ကလေးများအား သုံးသပ်မှုများကို ပြုလုပ်နိုင်ရန် ကူညီခြင်းမှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ကောင်းကြီးမင်္ဂလာပုံးကို အသုံးပြုခြင်းသည် ကလေးများ၏အတွေးအခေါ်ဖြင့် နားမလည်နိုင်သည့် အချက်များကို မြင်နိုင် ထိနိုင်သောအားဖြင့် နားလည်သဘောပေါက်စေခြင်း ဆိုသည့် အလွန်အရေး ကြီးသော ပေါင်းကူးတံတားတစ်ခုကို တည်ဆောက်ပေးခြင်း ဖြစ်သည်။ ဤသို့ လမ်းခင်းပေးခြင်းအားဖြင့် ကလေးများသည် ၎င်းတို့၏ အတွေးအခေါ်ဖြင့် မမှီနိုင်သော အရာများကို သင်ယူတတ်ကြသည်။

ဤဥပမာတွင် ကလေးများအားလုံး ပဟေဠိရုပ်ပုံအပိုင်းအစများ အကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ခုကို နားလည်ထားကြသည်။ ၎င်းတို့အနေနှင့် ရုပ်ပုံအပိုင်းအစများကို မှန်ကန်စွာ ဆက်ရမည်ကို သိနှင့် ထားကြသည်။ ရုပ်ပုံအပိုင်းအစတစ်ခုချင်းစီတိုင်းသည် ၎င်းတို့ အံဝင်ခွင်ကျသည့် အပိုင်းကိုယ်စီရှိကြ ပါသည်။ ရုပ်ပုံအပိုင်းအစတိုင်းအား ဆက်ချင်တိုင်းဆက်၍မရ၊ တစ်ခုနှင့်တစ်ခု ဆက်နွယ်သည့်အပိုင်း ကိုယ်စီရှိကြသည်။ ရုပ်ပုံအားလုံးကို မှန်ကန်စွာ ဆက်နိုင်ရန်အတွက် ကျွမ်းကျင်မှုလိုအပ်သည်။ ရုပ်ပုံ အပိုင်းအစအားလုံးကို ဆက်နိုင်မှသာလျှင် လိုချင်သည့်ပုံကို ရရှိနိုင်သည်။ ထိုသို့ ရုပ်ပုံအပိုင်းအစများကို ဆက်စပ်ပေးခြင်းအားဖြင့် သာလျှင် ထိုပုံသည် အမှန်ဖြစ်သည်ကို ကလေးများ သိနိုင်ကြပေသည်။

ဤသင်ခန်းစာ၏ အဓိက စကားလုံးမှာ "ဉာဏ်ပညာကြွယ်ဝသော" ဖြစ်၍ အဓိပ္ပါယ်မှာ ဘုရားသခင် သည် ခပ်သိမ်းသောအရာတို့ကို လိုက်လျောညီထွေစွာ လည်ပတ်နေစေရန် ဖြစ်စေသည်ဟူ၍ ဆိုလိုသည်။ သင့်အနေနှင့် ကလေးများကို ဘုရားသခင်သည် ဉာဏ်ပညာကြွယ်ဝသည်ဟု ရိုးရှင်းစွာ ပြောကာ၊ ပညာကြွယ်ဝသော ဆိုသည့် အဓိပ္ပါယ်ကို သာမန်အားဖြင့်သာ ပြောပြမည်ဆိုလျှင် ဆိုလိုရင်းကို ကလေးများအနေနှင့် နားလည်ရန်မှာ အလွန်ခက်ခဲပါလိမ့်မည်။ သို့သော်လည်း မြင်နိုင် နားလည်နိုင်သော အရာများကို သင်က အလျှင် ပြင်ဆင်ပြသပေးပါက ကလေးများအနေနှင့် ၎င်းတို့ အတွေးအခေါ်အားဖြင့် မမှီနိုင်သော ဘုရားသခင်နှင့်ပတ်သက်၍ အရေးကြီးသော အတွေးအခေါ်များကို နားလည်လာနိုင်လာကြမည် ဖြစ်သည်။ ဤသည်အကြောင်းကြောင့် အဓိကကျသည့် စာလုံးများ၊ အချက်အလက် များကို သင်ခန်းစာတိုင်း၏ အစပိုင်းတွင် အလျှင်ဦးစွာ မပြောပြရန် တားမြစ်ရခြင်းနှင့် ဖော်ပြမထားရခြင်း ဖြစ်သည်။

ပုံဖော်လုပ်ဆောင်ချက်များသည် အဓိကအချက်များကို လမ်းခင်းပေးရန် အတွက်သာဖြစ်သည့် အတွက်ကြောင့် မသက်ဆိုင်သည့် ဆွေးနွေးမေးမြန်းခြင်းများနှင့် ပုံဖော်လုပ်ဆောင်ချက်များအပေါ်၌သာ အာရုံရောက်သွားခြင်းမျိုး မရှိစေရန် အလျင်အမြန် ပြီးဆုံးအောင် လုပ်ဆောင်ရမည်။ *"အရင်တုန်းက ဆိုရင် ဆရာ/မ ကတော့ ရုပ်ပုံဆက် အစုပေါင်း ၁၀၀ ကျော်ကို ဆက်ခဲ့ဖူးတယ်"* သို့မဟုတ် *"ဆရာ/မ ရဲ့ မွေးနေ့မှာ ရထားပုံ ရုပ်ပုံဆက်ပဟေဠိ တစ်ခုရခဲ့ဖူးတယ်"* စသည်ဖြင့် ပြောဆိုနေခြင်းက အချိန်ဖြုန်းတီး ရာဖြစ်သလို၊ ကလေးများ၏အာရုံကိုလည်း အဝေးရောက်စေသည်။ ပြောချင်သည့်အရာကို အတိုချုံး၍၊ လုပ်ဆောင်ရမည့် အရာများကို အာရုံစိုက်ပါ။

သင်ခန်းစာ သင်ကြားပေးသည့် ကာလတလျှောက်တွင် ဆရာ/မ များအနေနှင့် မလိုအပ်သော အကြောင်း အရာများကို ဆွေးနွေးခြင်းမျိုးအား ရှောင်ကြဉ်၍ အထောက်အကူဖြစ်စေသည့် အရာများကို ဦးစားပေးရပါမည်။ ကလေးများကို စကားလုံးတစ်လုံး သို့မဟုတ် စာကြောင်းတစ်ကြောင်းဖြင့် ပြန်၍ အဖြေပေးနိုင်သော စဉ်းစားတွေး ခေါ်စေသည့် မေးခွန်းများကို မေးပါ။ သင်၏ ပန်းတိုင်မှာ ဦးတည်ရာ မရှိသည့် ကလေးများ၏ တုန့်ပြန်မှုကို ရရှိရန် မဟုတ်ဘဲ တိကျသေချာသည့် တုန့်ပြန်မှုကို ရရှိရန် ဖြစ်သည်။ ဥပမာ သင်ခန်းစာ ၇ တွင် အောက်ပါ ဖော်ပြသည့်အတိုင်း မေးရပါမည် –

> ရုပ်ပုံအပိုင်းအစလေးတွေကို သူ့နေရာနဲ့သူ တိတိကျကျ တစ်ခုနဲ့တစ်ခုဆက် ပြီးတော့ ရုပ်ပုံကြီး တစ်ပုံရ ဖို့ဆိုတာ လွယ်ကူပါသလား။

ဤမေးခွန်းကို ရှင်းလင်းပြတ်သားသည့် အဖြေအား ကလေးများအနေနှင့် ထောက်ခံဖြေနိုင်ရန်အတွက် ပြန်ဆင်ထားပါသည်။ ကလေးများအနေနှင့် "မလွယ်ပါဘူး" ဟူ၍ ပြန်လည် တုန့်ပြန်လာအောင် လုပ်ဆောင် နိုင်သကဲ့သို့ ကိုယ်တိုင်ကိုယ်ကျလည်း အဖြေပေးနိုင်ပါသည်။ ကလေးများစွာက တူညီသည့် အဖြေတစ်ခုကို တစ်ချိန်တည်းတွင် ဝိုင်းအဖြေပေးရန် မလိုအပ်ပေ။ သင်ခန်းစာ တလျှောက် ဤသို့ သရုပ်ဖော်ခြင်းကို အစဉ် အတိုင်း လုပ်ဆောင်ရမည် ဖြစ်သော်လည်း လိုချင်သည့် ရည်ရွယ်ချက်ကို လျင်လျင်မြန်မြန် ပြောပြ နိုင်ပါက ကလေးများအတွက် ငြီးငွေ့ဖွယ် သို့မဟုတ် ရှုံးအီသွားမည် မဟုတ်ပေ။

> အကြံပြုချက် – *ကမ္ဘာမြေကြီးနဲ့ သဘာဝတရားကြီးဟာဆိုရင်လည်း အလွန်ကြီးမားတဲ့ ပဟေဠိရုပ်ပုံကြီး တစ်ခုလိုပါပဲ။ သစ်ပင်ပန်းမာန်မျိုးစုံ၊ တရိစ္ဆာန်မျိုးစုံ၊ ကျောက်ဆောင် ကျောက်ခဲမျိုးစုံဖြင့် ဖွဲ့စည်းထားသော ပြီးပြည့်စုံသည့် ကမ္ဘာမြေကြီးတစ်ခုကို ဖွဲ့စည်း တည်ဆောက်ထားတယ်။ နေမင်းကြီးက နေရောက်ခြည်ကို ပေးသလို၊ တိမ်တိုက်တွေ ကလည်း မိုးရွာစေပြီးတော့ အပင်တွေကို အသက်ရှင် ကြီးထွား စေတယ်။ ဒါတွေ အားလုံး ဟာ ကိုက်ညီစွာ ထိမ်းညှိလုပ်ဆောင်ထားတာပါ။ ဘယ်လောက်ထိ ပြီးပြည့် စုံတဲ့ အစီစဉ်လဲ။ ဒီလောက် အံ့သြဖွယ်ကောင်းတဲ့ သဘာဝ ပဟေဠိကြီးကို ဘယ်လူ လုပ် ထားတာပါလိမ့်။*

ဤနေရာသည် သင်ခန်းစာ၏ အလှည့်အပြောင်း သော့ချက်ဖြစ်သည်။ ကြိုတင်၍ တူညီသည့် တွေးခေါ်မှု ကိုသင်ထားခဲ့သည့် အတွက်ကြောင့် ကလေးများအနေနှင့် ယခုအချိန်တွင် ဘုရားသခင်နှင့်ပါတ်သက်၍ တစ်စုံ တစ်ခုကို ၄င်းတို့ သင်ယူရန် အဆင်သင့် ရှိနေတော့မည် ဖြစ်သည်။ *အထက်ပါ ဇယားကွက်ပါ စာပိုဒ်ကို စာလုံးစောင်းဖြင့် ရေးထားသည်ကို သတိပြုပါ။* ထိုကဲ့သို့ စာလုံးစောင်းဖြင့် ရေးထားသော စာပိုဒ်များကို ၄င်းနှင့်အနီးစပ်ဆုံး အသုံးပြု ပြောနိုင်အောင် ကြိုးစားပါ။ ထိုစာပိုဒ်သည် သင်ကြားပေး သောသူ အတွက် အထောက်အကူ ပြုရန် ရည်ရွယ်ထားရာ သင်ခန်းစာ၏ အဓိကအချက်နှင့် သင်ခန်းစာ၏ အရှိန်ကို ထိမ်းညှိ

ပေးရန် ပြင်ဆင်ထားပေးခြင်း ဖြစ်သည်။ ဥပမာ *"ကိုက်ညီစွာ ထိမ်းညှိ လုပ်ဆောင်တား တာပါ"* နှင့် *"ပြီးပြည့် စုံတဲ့ အစီစဉ်"* စသည့် စကားလုံးများသည် သင်ခန်းစာ၏ အဓိက ရည်ရွယ်ချက် စကားလုံးများ ဖြစ်သည်။

> ခပ်သိမ်းသောအရာတို့အား ဘုရားသခင် ဖန်ဆင်းခဲ့သည့် အကြောင်းကို ပြန်၍ နွေးပေးပါ။ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ပြုလုပ် (ဖန်ဆင်း) တော်မူသောသူ ဖြစ်သည်။ ဘုရားသခင်သည်သာ ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်းတော်မူ၍ ခပ်သိမ်းသော အရာတို့ကို နေရာတကျ လည်ပတ် တည်ရှိနေစေရန် စီစဉ် ထိမ်းကျောင်း သူဖြစ်သည်။

အထပ်ပေါ်ပြပါ စာပိုဒ်အရ ပြီးခဲ့သည့် သင်ခန်းစာမှ အဓိက အချက်များကို ပြန်လည်ပြောပြရန် အကောင်းဆုံး အချိန်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန် သင်ခန်းစာ ၅ မှ **"ဖန်ဆင်းရှင်"** ဆိုသည့် ကောင်းစည်းသည် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။ ထိုသို့ပြုလုပ်ခြင်းသည် သင်ယူခဲ့ပြီးသော သင်ခန်းစာနှင့် လက်ရှိသင်ခန်းစာကို ချိတ်ဆက်ပေး ပါသည်။ သို့သော် ပြန်လည်နွေးပေးခြင်းအတွက် အချိန်များစွာ မသုံးသင့်ပေ။ သင့်လျှော်ကိုက်ညီသည့် အချိန် ကျတိုင်း သင်ယူခဲ့ပြီးသော သင်ခန်းစာပါ အဓိက အချက်များကို ရိုးရှင်းစွာ ပြန်ပြောပြလိုက်ပါ။

> *ဆာလံ၊ ၁၀၄:၁၃–၁၄၊ ၂၄က* ကို ဖတ်ပါ။ ***အထက်ခန်းတော်ထဲက တောင်များကို ရေပေး တော်မူ၏။ စီရင်ပြုပြင်တော်မူခြင်း အကျိုးကြောင့်၊ မြေကြီးသည် ရောင့်ရဲလျက်ရှိ၏။ တိရစ္ဆာန်တို့ မြက်ပင်ကိုင်း၊ လူသုံးဘို့စပါးပင်ကိုင်း၊ ပေါက်စေတော်မူ သဖြင့်၊ မြေကြီးထဲ ကမုန့်ကို ထုတ်ဘော်တော်မူ၏။ အိုထာဝရ ဘုရား၊ ကိုယ်တော်စီရင် ပြုပြင် တော်မူသော အရာတို့သည် အလွန်များပြားပါ၏။ ရှိရှိသမျှတို့ကို ပညာတော် အားဖြင့် ဖန်ဆင်းတော်မူ၏။***

သင်ခန်းစာ၌ ကလေးများအတွက် ဖတ်ပေးရန် ရည်ရွယ်ထားသော ကျမ်းပိုဒ်များကို ***ပို၍နက်သော စာလုံးစောင်း*** များဖြင့် ဖော်ပြပေးထားပါသည်။ ဖြစ်နိုင်မည်ဆိုလျှင် ဤကျမ်းပိုဒ်များကို ကဒ်ထူစာရွက် တစ်ရွက်ပေါ်တွင် ရေးသားထား၍ ထိုကျမ်းပိုဒ်ကိုလည်း ကျမ်းစာအုပ်၌ အသင့်လှန် ထားစေလိုသည်။ ဤသို့ပြုလုပ်ပေးခြင်းက စာ မဖတ်တတ်သေးသော သို့မဟုတ် စာဖတ်သင်ခါစ ကလေးများကို ဆရာ/မ ၏ စကား နှင့် နှုတ်ကပတ်တော် ကျမ်းစာတို့ကို ခွဲခြားတတ်စေရန် ကူညီပေးသည့်အတွက်ကြောင့် အလွန်အရေးကြီးပါသည်။ ဖတ်ရွက်လိုက်သည့် ကျမ်းပိုဒ်သည် ဘုရားသခင်ကိုယ်တိုင် ပြောသော စကားလား သို့မဟုတ် တစ်စုံတစ်ယောက်က ဘုရားသခင် အကြောင်း ပြောနေသလားဆိုသည်ကိုလည်း ပြောပြ၍ ၄င်းတို့ နားမလည် လောက်သော စကားလုံးများ ကိုလည်း ရှင်းပြ ပေးပါ။ သင်ခန်းစာ ၇ တွင် "ကျေနပ်ခြင်း" ဆိုသည့် စကားလုံးကို ရှင်းပြပေးရန် မလိုအပ်နိုင် သော်လည်း၊ "ပျိုးထောင်စိုက်ပျိုးသည်" ဆိုသည့် စကားလုံးကို ဆရာ/မ များအနေနှင့် ရှင်းပြပေးရန် လိုအပ် နိုင်ပါသည်။ ဥပမာ *"ပျိုးထောင်စိုက်ပျိုး တယ်ဆိုတာက အပင်တစ်ပင်ပင်ကို ကြီးထွားအောင် စိုက်တာ ဒါမှမဟုတ် လယ်လုပ်တာ ကိုဆိုလိုတယ်"* ဟူ၍ ရှင်းပြ ရပေမည်။

သင်ခန်းစာအများစုတွင် အခြားလိုအပ်မည့် ကျမ်းပိုဒ်များကိုလည်း စာလုံးစောင်းပုံစံဖြင့် တွဲ၍ ထည့်ပေးထား ပါသည်။ ဤကျမ်းပိုဒ်များကိုမူ သင်ခန်းစာ ပြင်ဆင်သည့်အချိန်တွင် ဆရာ/မ များအနေနှင့် လေ့လာထားစေရန် ဖြစ်သည်။ အသက်အနည်းငယ် ပို၍ကြီးသော ကလေးများကို သင်ကြားပေးနေ သည်ဆိုလျှင် အချို့ကျမ်းချက် များကိုလည်း ထပ်ပေါင်း၍ သင်ပေးနိုင်ပါသည်။

သင်ခန်းစာ၏ အဓိက စကားလုံးကိုလည်း ဤနေရာတွင် မိတ်ဆက်ပေးထားပါသည်။ အဓိက စကားလုံး ကို စာလုံးနက်ဖြင့် (စာလုံးစောင်းခြင်းမရှိ၊ ဥပမာ – **ဉာဏ်ပညာကြွယ်ဝသော**) ရေးသားပေးထား ပါသည်။ ဆရာ/မ

များအနေနှင့် အဓိက စကားလုံးကို ကျောက်သင်ပုန်းပေါ်တွင် သို့မဟုတ် ပိုစတာ တစ်ခုခုလုပ်၍ ရေးသားထား နိုင်သည်။ သို့မဟုတ် သင်ခန်းစာနှင့် ဆက်စပ်သည့် လေ့ကျင့်ခန်း စာအုပ်ကို ဖွင့်၍ ထိုအထဲ၌ အဓိက စကားလုံးနှင့် ၄င်း၏ အဓိပ္ပါယ်ကို ယှဉ်တွဲ၍ တွေ့မြင်နိုင်မည် ဖြစ်သည်။

ကလေးများကို ယောသပ်၏အသက်တာနှင့် ပတ်သက်သော ရုပ်ပုံပဟေဠိကို ပြပါ။ ဘုရားသခင်သည် သူဖန်ဆင်းထားသော အရာများ၌ သူ၏ကြီးမားသည့် ဉာဏ်ပညာကို ဖော်ပြနေသည့်အပြင် ယနေ့ ကမ္ဘာမြေကြီး နှင့် ကျွန်ုပ်တို့၏ အသက်တာ၌ သူ၏ဦးဆောင် လမ်းပြမှုတွင်လည်း သူ၏ ဉာဏ်ပညာကို ဖော်ပြပေးပါသည်။

**ကျမ်းစာပုံပြင် – ယောသပ်၏ အသက်တာ။** *ကမ္ဘာ၊ ၃၇၊ ၃၉–၄၅* ယခု ပြသသည့် ရုပ်ပုံပဟေဠိသည် ယောသပ်၏အသက်တာမှ ဖြစ်ကြောင်းကို ပြောပြပါ။ ယောသပ်၏ အသက်တာကို သမ္မာကျမ်းစာ၏ ပထမဆုံး ကျမ်းအုပ်ဖြစ်သော ကမ္ဘာဦးကျမ်းတွင် တွေ့ရ ပါသည်။ (အောက်ပါအချက်များကို ပုံပြင်ကို ပြောပြကာ ရုပ်ပုံပဟေဠိကို ဆက်ရင်းဖြင့် ကိုက်ညီသည့် အချိန်တွင် ပြောပြပေးပါ။)

ပို့ချချက် ၁ – ဘုရားသခင်သည် ယာကုပ် ကို -------------- ရန် ကတိ ပေးခဲ့သည်။

ဆက်လက်၍၊ သင်ခန်းစာ၏ အဓိက အချက်ကို အကျယ်ချဲ့၍ မြင်သာစေရန် သမ္မာကျမ်းစာပါ ပုံပြင်တစ်ပုဒ်ကို ပြောပြရန် စီစဉ်ထားသည်။ ပုံပြင်၏ တစ်စိတ်တစ်ပိုင်းကို ဆရာ/မ၏ ကျမ်းစာမှာ တိုက်ရိုက်ဖတ်ပေးရသည့် အချိန်မျိုးလည်း ရှိရမည်။ အကယ်၍ ပြောပြရမည့် ပုံပြင်သည် သမ္မာကျမ်းစာ၌ အခန်းကြီးပေါင်းများစွာ ပါဝင်နေပါက သို့မဟုတ် သင်ခန်းစာနှင့် မဆက်အပ်သော အကြောင်းအရာများစွာ ပါဝင်နေပါက ဆရာ/မ များအနေနှင့် ပုံပြင်ကို တခြားနည်းလမ်းဖြင့် ပြောပြရမည်။ သင်ခန်းစာ ၇ ၌ ဥပမာ ပြောရပါလျှင်၊ ယောသပ်၏အသက်တာ ပုံပဟေဠိကို ပြသရင်း၊ ဘုရားသခင်သည် ပြုသောအမှုတိုင်း၌ စေ့စပ်စုံလင်စွာ လုပ်ဆောင်တတ်ကြောင်းကို အလေးထားပြောပြပေးရမည်။ မည်သို့ပင် ဖြစ်စေကာမူ သင်ကြားပေးရန် ပြင်ဆင်ကြသည့် အခါတွင် စာအုပ်တွင် ဖော်ပြပေးထားသည့် စကားလုံး အသုံးအနှုန်းများကိုသာ အသုံးပြုသွားမည်ဟု အလွယ်တကူ လုပ်ဆောင်၍ သမ္မာကျမ်းစာကို ကိုယ်တိုင် မဖတ်ရှုတော့ခြင်းမျိုးအား ရှောင်ကြဉ်ရပါမည်။

သင်ခန်းစာ၏ အဆုံးသို့ ရောက်လေတိုင်း သင်ခန်းစာ၏ အဓိက စကားလုံးနှင့် အဓိက အချက်များကို အတိုချုပ် ပြန်လေ နွေးပေးခြင်းကို အမြဲပြုအပ် ပါသည်။

ဣသရေလလူမျိုးကို လူမျိုးကြီး ဖြစ်လာစေရန် ဘုရားသခင်၌ အစီစဉ် ရှိကြောင်းကို ရှင်းပြပါ။ ဘုရားသခင်သည် အစီစဉ်ရှိလေတိုင်း ထိုအစီစဉ် ဖြစ်မြောက်လာရန်အတွက် အရာရာကို စေ့စေ့စပ်စပ် လုပ်ဆောင်တော်မူတတ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းမှာ သူ၏ ပြည့်ဝစုံလင်သော ဉာဏ်ပညာကြောင့် ဖြစ်သည်။

မေးခွန်းမေးပါ – *ယောသပ်ရဲ့အသက်တာမှာ ဖြစ်ပျက်တဲ့ အရာတွေအားလုံးဟာ ပြီးပြည့်စုံတဲ့ အစီစဉ်တစ်ခု ဖြစ်လာစေမယ်လို့ "ထင်ရ" သလား။*

*ဘုရားသခင်ဟာ ဉာဏ်ပညာ ကြွယ်ဝပါတယ် – သူ့မှာ အစီစဉ်ရှိပြီဆိုရင် အဲဒီအစီစဉ် ဖြစ်လာစေဖို့ အရာရာကို စေ့စပ်သေချာစွာ လုပ်ဆောင်တတ်ပါတယ်။ ခပ်သိမ်းသော ဖန်ဆင်းခြင်း လက်ရာမှာရော၊ သူ့ရဲ့ လုပ်ဆောင်မှု တစ်ခုစီတိုင်းမှာပါ ဘုရားသခင်ဟာ ပြည့်ဝစုံလင်တော်မူသော ဉာဏ်တော်ရှင် ဖြစ်ပါတယ်။*

## လိုက်လျှောက်ကျင့်သုံးခြင်း

**လိုက်လျှောက်ကျင့်သုံးခြင်း** အပိုင်းတွင် ဆရာ၊မ များအနေနှင့် သင်ခန်းစာ၏ အဓိက အချက်များကို ပြန်လည် ပြောပြရင်း ကလေးများကို ဦးဆောင်နိုင်ရန် စီစဉ်ထားပါသည်။ ဤအချိန်သည် သင်ခန်းစာ၏ အဓိက အချက်များကို ကလေးများအနေနှင့် ပြန်လည် အမှတ်ရစေရန်အတွက်သာ မဟုတ်ပေ။ ဤအပိုင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ ဥာဏ်ပညာကြွယ်ဝခြင်း၊ သန့်ရှင်းခြင်း၊ တန်ခိုးကြီးမားခြင်း စသည့်အချက်တို့ကို ၎င်းတို့၏ အသက်တာတွင် မည်သို့ဆက်နွယ်မှု ရှိသည်ကို အမှန်တကယ် စဉ်းစားသုံးသပ်စေရန် ဖြစ်သည်။ သင်ကြား ပေးသော ဆရာ၊မ မဟုတ်ဘဲ ဤအပိုင်းကို ဦးဆောင်ပေးမည့် သူတစ်စုံတစ်ယောက် ရှိခဲ့ပါလျှင် သင်ခန်းစာ အပါအဝင် ဆက်စပ်သော ကျမ်းချက်များကိုလည်း ကြိုတင်ပြင်ဆင် လေ့လာထားသင့်ပါသည်။

## လေ့ကျင့်ခန်းစာအုပ်

လိုက်လျှောက်ကျင့်သုံးခြင်း ခေါင်းစည်းအောက်တွင် ပထမဆုံးမြင်ရမည့် အချက်မှာ အောက်ပါတိုင်းဖြစ်သည် –

> ➢ "W" ဆိုသည့် စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်တွင် ရှာဖွေစေပါ။

လေ့ကျင့်ခန်းစာအုပ်ကို ထည့်သွင်းရရန် ဆုံးဖြတ်ရခြင်း၌ ရည်ရွယ်ချက်ရှိပါသည်။ အခြားအခြားသော သင်ရိုး စာအုပ်များတွင် အပတ်စဉ်တိုင်း အတန်းချိန်၌ လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များ ပါဝင်ပါသော်လည်း အများ အားဖြင့် အိမ်ပြန်ရောက်သွားသော အခါတွင် ထိုလုပ်ဆောင်ချက်များအားလုံး အမှိုက်ပုံးထဲသို့ ရောက်သွား တတ်ကြသည်။ မိဘများကလည်း သတိမထားတတ်ကြပေ။ **ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ** သင်ရိုး ညွှန်းတမ်းတွင်မူ လေ့ကျင့်ခန်းများကို စာအုပ်ပုံစံဖြင့် ပြုလုပ်ထား ပါသည်။ အပတ်စဉ်တိုင်း ကလေးငယ်တစ်ဦး အားကြိုးမာန်တတ် လုပ်ဆောင်ထားသော စာအုပ်တစ်အုပ်ကို လွှတ်ပစ်မည်ဟု မထင်၊ ထို့ပြင် သင်ခန်းစာ အဆုံးတွင်လည်း ထိုစာအုပ်ကို အိမ်သို့ ယူပြန်သွားခြင်းအားဖြင့် ကလေးငယ်အနေနှင့် သင်ခန်းစာကို တာရှည် အမှတ်ရစေရန် ကူညီရာ ရောက်ပေမည်။ အိမ်၌လည်း မိဘများဘက်မှ ထို လေ့ကျင့်ခန်းစာအုပ်ကို အသုံးပြု၍ သင်ခန်းစာကို ကလေးများအား ပြန်လည် ဆွေးပေးနိုင်ပါသည်။

လေ့ကျင့်ခန်းစာအုပ်များကို ကလေးများအနေနှင့် အဓိပ္ပါယ်ရှိသော အကြောင်းအရာများကို ဆရာ၊မ များနှင့် ဆွေးနွေးနေစဉ် လုပ်ဆောင်ကြရန်အတွက် ရည်ရွယ်ထားသည်။ ဤနေရာတွင် အရေးကြီးသည့် အချက်မှာ လေ့ကျင့်ခန်းစာအုပ် တစ်ခုတည်း၌ အာရုံရောက်သွားခြင်းမျိုး မဖြစ်စေပဲ သင်ခန်းစာ၏ အာဘော်ကိုသာ အရုံ စိုက်ခြင်းမျိုး ဖြစ်ရမည်။ လိုက်လျှောက်ကျင့်သုံးခြင်း အပိုင်းစသည်နှင့် ကလေးများကို လေ့ကျင့်ခန်းစာအုပ် အား ချက်ခြင်း သုံးစေခြင်း သို့မဟုတ် ရှေးဦးစွာ သင်ယူခဲ့သည့် သင်ခန်းစာများကို ဆွေးနွေးပေးခြင်းဖြင့် အချိန် သုံးနိုင်ပါသည်။ အပတ်စဉ်တိုင်း ကလေးများအနေနှင့် လေ့ကျင့်ခန်းစာအုပ်၌ လုပ်ဆောင်ကြရမည့် အရာများရှိရာ (ခဲတံ၊ ရောင်စုံခဲတံ၊ ကပ်ခွါပုံလေးများ စသည်ဖြင့်) ကို ထောက်ပံ့ ပေးထားပါ။ အလည်အပတ် အနေနှင့်သာ လာတတ်သောကလေးများအတွက် ကိုက်ညီသည့် လေ့ကျင့်ခန်းပါ စာမျက်နှာကို မိတ္တူဆွဲပေးနိုင်ပါသည်။ *သင်ရိုး ညွှန်းတမ်း ဆုံးခမ်းတိုင်အောင် ဤလေ့ကျင့်ခန်းစာအုပ်များကို အခန်းတွင်း တွင်သာ ထားခဲ့ရမည်ကို သတိပြုပါ။*

## လိုက်လျောက်ကျင့်သုံးခြင်း မေးခွန်းများ

- ပဟေဠိ ရုပ်ပုံ အပိုင်းအစများကို မှန်ကန်စွာ ဆက်နိုင်ရန်အတွက် မည်သည့်အရာက လုပ်ဆောင်စေသနည်း။ ဥပမာ – ရုပ်ပုံအပိုင်းအစ တစ်ချို့ပျောက် နေမည်ဆိုလျှင် ပုံတစ်ပုံ ဖြစ်လာနိုင် မည်လား။ ရုပ်ပုံအပိုင်းတွေကို ဆက်၍ရသည် ဆိုအုံးတော့ ထိုရုပ်ပုံပိုင်း များသည် မတူညီသည့် ပုံများမှ ဆိုလျှင် မည်သို့ဖြစ်မည်နည်း။ ထို့ပြင် မည်သို့မည်ပုံ ဆက်ရမည်ကို သင်မသိပါလျှင် မည်သို့ဖြစ်မည်နည်း။ ဘုရားသခင်၌ အထက်ဖော်ပြပါ ပြဿနာများ ရှိနိုင်ပါမည်လား။ အဘယ့်ကြောင့် မရှိနိုင်ရပါ သနည်း။

**လိုက်လျောက်ကျင့်သုံးခြင်း** အပိုင်း၏ အဓိကအချက်မှာ "ဘုရားသခင်သည် မည်သူဖြစ်သည်" နှင့် "ဘုရားသခင်သည် မည်သို့သောပုဂ္ဂိုလ် ဖြစ်သည်" ဆိုသည့် အချက်မှ "ဘုရားသခင်အား ကျွန်ုပ် မည်သို့တုန့်ပြန် ဆက်သွယ်မည်နည်း" ဆိုသည့် အချက်သို့ ပြောင်းလဲလိုက်လျောက်ရန် ဖြစ်ပါသည်။ လိုက်လျောက်ကျင့်သုံးခြင်းတွင် ပြင်ဆင်ပေးထားသော မေးခွန်းများသည် ကလေးများအနေနှင့် သင်ကြားဆင်ခြင်ခဲ့သည့် သင်ခန်းစာ၏ အဓိက အချက်ကို လိုက်လျောက်နိုင်ရန် ရည်ရွယ်ထားသည်။ သင်ခန်းစာ ၇ တွင် ပါရှိသည့် အထက်ပါ မေးခွန်းနှင့် ပတ်သက်၍ အပြန်အလှန် စကားပြောဆိုခြင်းသည် အောက်ပါအတိုင်း ဖြစ်နိုင်ပါသည် –

ဆရာ၊မ (မေးခွန်းကို အဆုံးသတ်လိုက်ရင်း) – *ဘုရားသခင်မှာရော အထက်ဖော်ပြပါ ပြဿနာ မျိုးတွေ ရှိမယ်ထင်လား။ ––– မရှိဘူးဟုတ်လား။ ဘာလို့လဲ။ –––– မှန်ပါတယ်။ ဘုရားသခင်ဟာ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့တယ်။ နေမင်းကြီးရယ်၊ ပန်းပွင့်လေးတွေရယ်၊ ရေတွေရယ် စတဲ့ ကမ္ဘာကြီးရဲ့ အစိတ်အပိုင်းလေးတွေကို ဖန်ဆင်းခဲ့တယ်။ ကျန်ခဲ့တယ် ဆိုတာ မရှိဘူးပေါ့။ ယနေ့ သင်ခဲ့တဲ့ သင်ခန်းစာမှာ ဘုရားသခင်နဲ့ ပတ်သက်ပြီးတော့ အလေးထားသင်ကြားခဲ့တဲ့ စကားလုံး တစ်လုံးရှိတယ်။ အဲဒီစကားလုံးက ဘာပါလိမ့်။ ––– မှန်ပါတယ်၊ ဘုရားသခင်သည် <u>ဉာဏ်ပညာကြွယ်ဝ</u> တော်မူ၏။ အဲဒါက ဘာကို ဆိုလိုတာလဲ။ ––– မှန်တယ်။ ခပ်သိမ်းသောအရာတို့ကို ပြီးပြည့်စုံလင်စွာ ဘုရားသခင်က ဖြစ်စေတယ်လို့ အဓိပ္ပါယ် ရတယ်။ ဘုရားသခင် ပြုလုပ်တဲ့ အရာတိုင်းက စေ့စပ်စုံလင်ပါတယ်။*

- ဘုရားသခင်သည် ဉာဏ်ပညာကြွယ်ဝတော်မူသည့်အတွက် ကျွန်ုပ်တို့သည် သူ၏ အစီစဉ် အောက်၌ မည်သို့ အသက်ရှင်ရမည်နည်း။ ယောသပ်၏ အသက်တာတွင် ဖြစ်ပျက်ခဲ့သော အခြေအနေများကဲ့သို့ သင်၏ အသက်တာတွင် ဖြစ်ပျက်နေသော အရာများကို ပဟေဠိ တစ်ခုကဲ့သို့ ထင်မှတ်ပါ။ ဝမ်းနည်း စရာများ၊ နာကျင်စရာများ နှင့် မတရားသလိုခံစားရသည့် အဖြစ်များနှင့် ဘဝတွင် ရင်ဆိုင်ကြုံတွေ့သည့် အခါ မည်သို့ခံစားပါနည်း။ ဘုရားသခင်သည် သူလုပ်နေသည့် အလုပ်ကို သူမသိပဲ နေသည်လား သို့မဟုတ် အမှားတစ်စုံတစ်ခု လုပ်မိ၍လား။ *ကမ္ဘာ၊ ၅၀း၂၀* ကို ဖတ်ပါ။
- ဘုရားသခင်သည် ဉာဏ်ပညာကြွယ်ဝတော်မူသည့်အတွက် ကျွန်ုပ်တို့၏ အသက်တာ၌ အမှုပြုလေ သမျှသောအရာတို့၌ သူ့ကို ယုံကြည်ကိုးစား၍ ရပါသည်။

အထက်ဖော်ပြပါ မေးခွန်းမျိုးသည် ဘုရားသခင်အား ကလေးများအနေနှင့် တိကျသေချာသော တုန့်ပြန်မှု ရှိလာစေရန် ရည်ရွယ်ထားပါသည် – ဘုရားသခင်သည် (သင်ခန်းစာ၏ အဓိက စကားလုံး) ဖြစ်သောကြောင့် ကျွန်ုပ်မည်သို့ တုန့်ပြန်ရပါ မည်နည်း ဟူ၍ဖြစ်သည်။ ဆရာ/မ များ အနေနှင့် အတန်းထဲရှိ ကလေးများအားလုံး ဘုရားသခင်ကို ယုံကြည်ကိုးစားရန် ဆုံးဖြတ်ချက်ချကြမည် မဟုတ်သည်ကို သိထားရမည်။ ဘုရားသခင်ကို ချစ်သည့်စိတ်မှလာသော တုန့်ပြန်ခြင်း နှင့် ကျောင်းသား/သူ တစ်ဦးက သာမန်ပြုအပ်သော အပြုအမူအရ တုန့်ပြန်ခြင်းတို့၏ ခြားနားချက်ကို ရှင်းလင်းစွာ သိရမည်။

**လိုက်လျောက်ကျင့်သုံးခြင်း** အပိုင်းတွင် ပြင်ဆင်ထားသော မေးခွန်းများသည် ခက်ခဲသော အကြောင်းအရာများကိုလည်း ညွှန်းဆိုတတ်သည်။ ဥပမာ – အထပ်ပါမေးခွန်းကို အဖြေပေးလိုက်ခြင်းက ခက်ခဲသော အရာများကို ဘဝတွင် ပဟေဠိတစ်ခုကဲ့သို့ ရင်ဆိုင်ရပါသော်လည်း ဘုရားသခင်သည် အစဉ်အတိုင်း ဉာဏ်ပညာကြွယ်ဝတော်မူကြောင်းကို ကလေးများအား နားလည်သဘောပေါက်စေသည်။ သင်ခန်းစာကို ၎င်းတို့၏အတွေ့အကြုံ နှင့် ဆက်နွယ်မြင်လာစေရန် ၎င်းတို့၏အသက်တာ၌ ဖြစ်ပျက်သောအရာများကို သက်သေခံရန် ဖိတ်ခေါ်ခြင်းအားဖြင့် ကူညီပါ။ အပြန်အလှန် ပြောဆိုရာတွင် ဤသို့ ဖြစ်နိုင်ပါသည် –

ဆရာ/မ (ကလေးတစ်ယောက်၏ နာမည်ကို ခေါ်လိုက်ပါ) – *"သား (သမီး) အနေနဲ့ မလုပ်ချင်တဲ့ အလုပ်မျိုးကို လုပ်ဖူးပါသလား။ ဒါမှမဟုတ် သား (သမီး) လုပ်တာ မဟုတ်ပေမယ့် တစ်စုံတစ်ဦးရဲ့ အမှားကြောင့် အပြစ်တင်ခံဖူးပါသလား။ အဲဒီလို အခြေအနေမျိုးနဲ့ ကြုံတွေ့ရတဲ့အခါမှာ စိတ်ပျက်စရာကောင်းတယ် မဟုတ်လား။ အဲဒီလိုကြုံတဲ့အခါ ဘုရားသခင်က သားရဲ့ (သမီးရဲ့) အသက်တာမှာ အားလုံး ထိန်းချုပ်နေတယ်ဆိုတာ ခံစားရပါသလား။ ယောသပ်လည်း တစ်ခါတစ်ရံ စိတ်ပျက်မိမယ်လို့ ထင်ပါသလား။ ဘုရားသခင်က သူ့အတွက် ဘာများကြံစီနေမလဲ ဆိုတာကို သူစဉ်းစားနေမိမှာဘဲလို့ သား (သမီး) ထင်ပါသလား။ ယောသပ်ကများ ဘုရား သခင်ရဲ့ ပြည့်ဝစုံလင်သော အကြံအစဉ်ကိုများ သံသယဝင်ပြီးတော့ ဘုရားသခင်က ဉာဏ်ပညာနဲ့ ပြည့်စုံခြင်း မရှိဘူးလို့ ထင်နေမလား။ အဖြေကို ဘယ်မှာ တွေ့နိုင်သလဲ။ သမ္မာကျမ်းစာထဲမှာ တွေ့နိုင်ပါသည်။ ကမ္ဘာ၊ ၅၀း၂၀ ကို ဖတ်ကြရအောင်* (ဆရာ/မ သို့မဟုတ် ခေါင်းဆောင်က ကျမ်းစာကို လှန်၍ အသံကျယ်ကျယ်ဖြင့် ဖတ်ပေးပါ)။ ––– *ဲ ကျမ်းစာက တို့တွေမေးတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုအဖြေပေးထားလဲ။ – မှန်ပါတယ်။ ဘဝမှာ ကြုံတွေ့နေရတဲ့ အခြေအနေ အဖြစ်တွေဟာ ပဟေဠိ စံစံဖြစ်နေရင်တောင် ဘုရားသခင်ဟာ ခပ်သိမ်းသော အရာတို့ကို သူ့ရဲ့လူမျိုးတွေ ကောင်းကျိုးအတွက် ထိန်းချုပ်တော်မူတယ်။ ဘုရားသခင်ဟာ* <u>*အမြဲ*</u> *ဉာဏ်ပညာ ကြွယ်ဝတော်မူပါတယ် – ဒါကြောင့်မို့ ဘဝမှာ အကောင်းဆုံးအတွက် အရာရာတိုင်းမှာ ဘုရား သခင် အမှုပြုဖို့ကို တို့တွေ ယုံကြည်ကိုးစားနိုင်ပါတယ်။*

- လူသားတို့နှင့် မျှဝေခြင်းမရှိသည့် ဂုဏ်အင်္ဂါလက္ခဏာတစ်ချို့ ဘုရားသခင်၌ ရှိတော်မူကြောင်းကို ရှင်းပြပါ။ မည်သူတစ်ဦးတစ်ယောက်မျှ ထာဝရ ဟူ၍ မရှိ၊ မည်သူတစ်ဦးတစ်ယောက်မှ နားလည်၍ မရဟူ၍ မရှိပါ။ သို့သော်လည်း ဘုရားသခင်သည် လူသားများကို သူရွေးချယ်၍ ပေးသော ဂုဏ်အင်္ဂါ လက္ခဏာတစ်ချို့ ရှိပါသည်။ *ယာကုပ်၊ ၁း၅* ကို ဖတ်ပါ။

ဤကဲ့သို့သော မေးခွန်းများက ကလေးများ၏ နေ့စဉ်အသက်တာ၌ ဘုရားသသခင်နှင့် လျှောက်လှမ်းခြင်း အတွက် စိတ်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ ကလေးများ ကျမ်းစာလှန်ဖတ်ရန်အတွက် ကျမ်းချက်အချို့တို့ကိုလည်း ရံဖန်ရံခါ ထည့်သွင်းပေးထားပါသည်။ သမ္မာကျမ်းစာပါ ကတိတော်များစွာသည် ဘုရားသခင်ကို ယုံကြည်ကိုးစား သောသူများအတွက် ဖြစ်သည်ကို သတိပြုပါ။ ထို့အတွက်ကြောင့် အချို့သော မေးခွန်းများတွင် "ဘုရားသခင်၏ လူများအတွက်" သို့မဟုတ် "ဘုရားသခင်၏ သားသမီးများအတွက်" စသည်ဖြင့် အလေးထား

အသုံးပြုထား ပါသည်။ ဘုရားသခင်ကို မယုံကြည်သောသူများကို သတိပေးသည့် ကျမ်းချက်များလည်း ပါရှိတတ်ပါသည်။ ဘုရားသခင်အား တုန့်ပြန်ခြင်းတကာတို့၌ အရေးကြီးဆုံးသော တုန့်ပြန်ခြင်းသည် မိမိအသက်တာ၌ ဘုရားသခင်ကို ကိုယ်တိုင်ကိုကျ ယုံကြည်ကိုးစားခြင်း ဖြစ်သည်ကို အစဉ်အတိုင်း သတိပေးရန်မှာ အလွန်အရေးကြီးပါသည်။ အပြန်အလှန် စကားပြောရာတွင် –

*ဆရာ၊မ – ရှင်ယာကုပ် ၁း၅ ကျမ်းစာကို လှန်ပြီးတော့ ဖတ်ကြရအောင်။ သမ္မာ ကျမ်းစာက "သင်တို့တွင် တစုံတယောက်သော သူသည် ပညာကို လိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော် မမူဘဲ၊ ခပ်သိမ်းသော သူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ။ တောင်းလျှင် ရလိမ့်မည်။" လို့ ပြောထားတယ်။*

*"လိုလျှင်" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်က ဘာလဲဆိုတာ သိကြသလား။ --- မှန်ပါတယ် – တစ်စုံတစ်ခုကို မပိုင်ဆိုင်ခြင်း ဒါမှမဟုတ် မရှိခြင်း ကို ပြောတာပါ။ သမ္မာကျမ်းစာက ဘာမရှိလျှင်လို့ ပြောထားတာလဲ။ – မှန်တယ်၊ ပညာ လိုအပ်တယ်ဆိုရင် လို့ပြောထားပါတယ်။ တကယ်လို့ ဆရာ၊မ က ပညာ လိုအပ်တယ်ဆိုရင် ဘယ်နေရာမှာ ရနိုင်တယ်လို့ ပြောထားသလဲ။ --- ဘုရားသခင် စီကနေပေ့ါ။ သူ့ကို ပညာ တောင်းခံတဲ့သူတွေကို အနည်းငယ်ဘဲ ပေးမယ်လို့ ထင်သလား။ – မထင်ပါဘူး။ သမ္မာကျမ်းစာက <u>စေတနာစိတ်နှင့်</u> ပေးသနား တော်မူသော ဘုရားသခင် လို့ပြောထားပါတယ်။ ဆိုလိုတာက ဘုရားသခင် ဘက်ကနေ အများကြီး ပေးချင်တာ ကိုပြောတာပါ။ တကယ်ဘဲ ဆရာ၊မ က ဒီအချက်ကို မှန်ကန်တယ်လို့ ယုံကြည်တယ်ဆိုရင် နောက်ပြီးတော့ ဘုရားသခင်က ဒီအမှုကို အမှန် တကယ် တတ်နိုင်တယ်ဆိုတာ နှလုံးသားထဲကနေ ယုံကြည်ကိုးစားတယ်ဆိုရင် ဘုရားသခင်က ဆရာ၊မ ကို အမှန်တကယ် ဥာဏ်ပညာပေးမှာလား။ --- ပေးမှာပေ့ါ။ ကျမ်းစာက ဘုရားသခင် ပေးမယ်လို့ ပြောထား တာဘဲ။*

ဆရာ၊မ များအနေနှင့် အထက်ဖော်ပြပါ မေးခွန်းများအတိုင်း ပုံသေသတ်မှတ်ပေးထားသည်ဟူ၍ မခံစားသင့်ပါ။ သင်ခန်းစာ၏ အာဘော်အရ သော်လည်းကောင်း၊ သင်ကြားပေးခြင်း၏ အသွားအလာ အခြေအနေပေါ် မူတည်၍လည်းကောင်း ပါးနပ်စွာ အပြောင်းအလဲများ ပြုလုပ်ရမည်။ ကလေးများအနေနှင့် မေးခွန်းများကို ပြန်လည်ဖြေကြားပေးရန်အတွက် အခက်အခဲရှိသည့် အချိန်များ ရှိမည်ဖြစ်ရာ၊ ပြန်လည်၍ သင်ခန်းစာ၏ အဓိကအချက်များကို ပြန်လည် နွေးပေးခြင်း သို့မဟုတ် မေးခွန်း၏ တိကျသော အဖြေကို ပြောပြလိုက်ခြင်း စသည်တို့ကိုလည်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။ သို့မဟုတ် အခက်အခဲပြဿနာကြား ဘုရားသခင်၏ ဥာဏ်ပညာစုံလင်တော်မူခြင်းကို ဆရာ၊မ အနေနှင့် အသက်တာ၌ ကြုံတွေ့ခဲ့ရသည့် အဖြစ် အပျက်များကိုလည်း သက်သေခံဝေမျှပေးနိုင်သည်။ ကလေးများသည် ၄င်းတို့သိသော လူပုဂ္ဂိုလ်များ၏ အသက်တာ ပုံပြင်များ၊ အတွေ့အကြုံများကို ပို၍ မှတ်မိနိုင်ကြသည်။

နောက်ဆုံးအနေဖြင့်၊ လိုက်လျှောက်ကျင့်သုံးခြင်း အပိုင်းကို အဆုံးမသတ်ခင် အချိန်လေးတွင် ကလေးများနှင့်အတူ ဆရာ၊မ များသည် ဆုတောင်းခြင်းဖြင့် အချိန်သုံးသင့်ပါသည်။ သင်ကြားပေးခဲ့သော သမ္မာတရားကို အမှန်တကယ် ကလေးများ၏ အသက်တာ နှလုံးသားထဲတွင် နားလည်လာစေရန် ဆုတောင်းပါ။ ၄င်းတို့အနေနှင့် ဘုရားသခင်ကို အမှန်တကယ် သိလာ၍၊ ချစ်တတ်၊ အားကိုးယုံကြည်တတ်ပြီး ဘုရားသခင်၌ အစဉ်ဝမ်းမြောက်တတ်စေရန် ဆုတောင်းပေးပါ။

## အစပြုချိန် အတွက် အကြံပေးချက်များ

အောက်ဖော်ပြပါ အချက်များသည် လုံးလုံးလျားလျား နားလည်သဘောပေါက်ရမည် ဆိုသည်ထက် အကြံပေး ချက်များ ဖြစ်ပါသည်။ အခြားအခြားသော လုပ်ဆောင်ချက်များကို သင်၏ကိုယ်ပိုင် စိတ်ကူးစိတ်သန်းကောင်းများ ပေါ်မူတည်၍ ကြံစနိုင်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ဤအကြံပေးချက်များသည် ကလေးများ အတန်းသို့ ရောက်လာသည့်အချိန်တွင် ၄င်းတို့ကို ကောင်းမွန်စွာ ကြိုဆိုစုရုံးနိုင်ရန်အတွက်သာ မဟုတ်ဘဲ အကျိုးရှိသော လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စေရန် ဖြစ်သည်ကို နှလုံးသွင်းထားပါ။ ကျွန်ုပ်တို့အနေနှင့် လုပ်ဆောင်မှုများ အားလုံးကို စိတ်ဝင်စားမှု ရှိစေလိုပါသော်လည်း အဓိပ္ပါယ်မရှိသော၊ ဘုရားသခင် သို့မဟုတ် သမ္မာကျမ်းစာကို ရှိသေမှုမရှိသော လုပ်ဆောင်ချက်များကို အားပေးအားမြှောက် မပြုလိုပါပေ။ ဖော်ပြပါ လုပ်ဆောင်ချက်များ ပင်လျှင် ကျွန်ုပ်တို့၏ အသုံးနှုန်းကို ထိန်းသိမ်းခြင်း မရှိပါက သမ္မာကျမ်းစာကို မလေးစားသည့် အပြုအမူများ အဖြစ်ပြောင်းလဲသွားနိုင်ပေသည်။ ကျွန်ုပ်တို့သည် ကလေးများအားလုံးကို ပျော်ရွှင်စေလိုပါသော်လည်း၊ လွတ်လွတ်လပ်လပ် ဖြစ်ချင်သလိုဖြစ်ဆိုသည်ထက် နှုတ်ကပတ်တော် သင်ကြားနေခြင်း ဆိုသည့်အခြေအနေ အောက်၌သာ ရှိစေလိုသည်။

**နှုတ်ကပတ်တော်ဓား ဆော့ကစားနည်း** (SWORD DRILL) – အလွတ်ကျက်မှတ်ရမည့် ကျမ်းပိုဒ်များကို နှုတ်ကပတ်တော်ဓား ဆော့ကစားနည်းဖြင့် လက်တွေ့ကျကျ အသုံးပြု နိုင်ပါသည်။ နှုတ်ကပတ်တော်ဓား ဆော့ကစားနည်းအတွက် လိုအပ်သလို စည်းကမ်းများကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်နိုင်သကဲ့သို့ အောက်ဖော်ပြပါ စည်းကမ်းချက်များ ကိုလည်း အသုံးပြုနိုင်ပါသည်။

၁။ "*ဓားကို ဆွဲထုတ်ဟေ့*" ဆိုသည့် အမိန့်ပေးခြင်းဖြင့် အစပြုပါ။ ("ဓား" ဆိုသည့် စကားလုံးသည် ဖေက်၊ ၆း၁၈ တွင်တွေ့ရသည့် ဘုရားသခင်၏နှုတ်ကပတ်တော်ဓားဆိုသည့် စကားလုံးမှ ကိုးကားယူထားကြောင်း ကလေး များကို ရှင်းပြပေးနိုင်ပါသည်။) ဓားကို ဆွဲထုတ်ရန် အမိန့်ပေးသံကြားသည်နှင့် ကလေးများက ၄င်းတို့၏ ကျမ်းစာ အုပ်များကို လေထဲတွင် ***ကိုင်မြှောက်*** ကြရမည် ဖြစ်သည်။

၂။ အလွတ်ကျက်ရမည့် ကျမ်းညွှန်းကို သေချာစွာ ဖော်ပြပေးပါ။

၃။ ကလေးများသည်လည်း ဖော်ပြပါကျမ်းညွှန်းကို နောက်မှ ပြန်၍ ရွတ်ဆိုရမည်။

၄။ "*စတော့ဟေ့*" ဟု အမိန့်ပေးလိုက်ပါ။ ထိုသို့ အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကလေးများသည် ဖော်ပြပါ ကျမ်းညွှန်းကို မိမိကျမ်းစာအုပ်ထဲ၌ လိုက်လံရှာဖွေရမည် ဖြစ်သည်။

၅။ ကလေးတစ်ဦးက ထိုကျမ်းချက်ကို တွေ့ရှိသွားသည်နှင့် မတ်တတ်ရပ်ရမည်။ ကလေးများအနေနှင့် အခန်းကြီး တစ်ခုတည်းကိုသာ တွေ့ရုံဖြင့် မတ်တတ်မရပ်သင့်ပေ။ အခန်းငယ်ကို လက်ဖြင့် ထောက်ထားနိုင်မှ သာလျှင် မတ်တတ်ရပ်ရမည်။

၆။ ရှာမတွေ့သေးသော ကလေးများကို ရှာတွေ့သည်အထိ အချိန်ပေးပြီးနောက်မှသာလျှင် ပထမဦးဆုံး ရှာဖွေ တွေ့ရှိသော ကလေးကို ထိုကျမ်းပိုဒ်အား ဖတ်ရွှက်စေပါ။ (သို့မဟုတ် ထိုကျမ်းချက်ကို မည်သူမည်ဝါ

ဖတ်ရမည် ဟူ၍ ဆရာ/မ ကရွေးချယ်ကာ ဖတ်စေနိုင်ပါသည်။ သို့မှသာ ကျမ်းစာလှန်ရာ၌ မြန်ဆန်သော ကလေးငယ် တစ်ဦးတည်းက ကျမ်းစာဖတ်နေရခြင်းမျိုးကို ရှောင်ကြဉ်နိုင်မည် ဖြစ်သည်။)

နှုတ်ကပတ်တော် ဖေးဆော့ကစားနည်းကို ပိုမိုစိတ်ဝင်စားမှု ရှိစေရန်အတွက် ကလေးများကို နှစ်ဖွဲ့ခွဲ၍ တလှည့်စီ ဖတ်စေနိုင်သည်။ အကယ်၍ နိုင်နေကျအသင်းကသာ အစဉ်တိုင်း အနိုင်ရနေတတ်သည် ဆိုလျှင် အယောက်စီတိုင်း သို့မဟုတ် အလှည့်ကျ ဖတ်ရှုက်နိုင်စေရန် နည်းလမ်းအမျိုးမျိုး စဉ်းစားရမည်။ ဥပမာ – ဒုတိယ နေရာမှ ကျမ်းချက်ကို ရှာနိုင်သောသူက ဖတ်ရမည်၊ သို့မဟုတ် မိန်းကလေးများက ဖတ်ရမည်၊ အစိမ်းရောင် အင်္ကျီ ဝတ်ထားသည့် ကလေးများက ဖတ်ရမည် စသည်ဖြင့် ပြုလုပ်နိုင်ပါသည်။

**သမ္မာကျမ်းစာ ကျမ်းအုပ်များ –** သမ္မာကျမ်းစာပါ ကျမ်းအုပ်များကို အလွတ်ရစေရန် အထောက်အကူပြုသော ကစားနည်း မြောက်များစွာရှိပါသည်။ သင့်နည်းသင့်ဟန်ဖြင့် ကြံစနိုင်သကဲ့သို့ အောက်ဖော်ပြပါ နည်းများကို လည်းအသုံးပြုနိုင်ပါသည်။

၁။ သမ္မာကျမ်းစာပါ ကျမ်းအုပ်နာမည် တစ်ခုစီကို ခေါက်ထားသော စာရွက်တစ်ခုစီပေါ်တွင် ချရေးလိုက်ပါ။ ထို့နောက် အခန်းတွင်း၌ ကြိုးတန်းတစ်ခုကို ဆွဲချည်ပါ။ ကလေးများ အခန်းထဲသို့ ရောက်လာသည်နှင့် ထိုစာရွက်များကို လက်ကမ်းပေးပါ သို့မဟုတ် ထိုစာရွက်များကို အခန်းတွင်း၌ ဝှက်ထားပါ။ ထို့နောက် ကလေးများအနေနှင့် ထိုစာရွက်လေးများကို ကြိုးတန်းအပေါ်၌ အစီစဉ်လိုက် ချိတ်ဆွဲကြရမည် ဖြစ်သည်။ ကျမ်းအုပ်များ၏ အမည်ကို အစီစဉ်လိုက် ချိတ်ဆွဲနိုင်ရန် လိုအပ်လျှင်လိုအပ်သလို ကျမ်းစာ၏ မာတိကာကို ကြည့်နိုင်ရန် အရွယ်ရောက်ပြီးသူတစ်ဦးသည် အကူအဖြစ် ရှိသင့်ပါသည်။

၂။ ကလေးများကို နှစ်ဖွဲ့ခွဲလိုက်ပါ။ အချက်ပြလိုက်သည်နှင့် အဖွဲ့ခွဲထားသည့် အဖွဲ့ဝင် တစ်ဦးတစ် ယောက်သည် ကျောက်သင်ပုန်းရှိရာသို့ အလျင်အမြန်ပြေးလာ၍ “ကမ္ဘာဦးကျမ်း” ဟူ၍ ရေးသားနိုင်သည်။ ရှေ့ထွက်ရေးလာသောကလေးသည် ရေးပြီးသည်နှင့် သူ၊သူမ၏ အဖွဲ့ရှိရာသို့ ပြန်၍ ပြေးသွားပြီး လက်ထောင်သော ကလေးအား မြေဖြူကို ကမ်းပေးကာ ထိုကလေးက ကျောက်သင်ပုန်းရှိရာသို့ ပြန်၍ ပြေးသွားပြီးနောက် “ကမ္ဘာဦးကျမ်း” ဟု ရေးထားသော အောက်၌ “ထွက်မြောက်ရာကျမ်း” ဟူ၍ ပြန်ရေး ရမည်။ ထိုသို့ဖြင့် ကျမ်းအုပ်အားလုံးကို ရေးချပြီးသည့်အထိ ကစားစေနိုင်ပါသည်။ အဖွဲ့တစ်ဖွဲ့က ရေးချရန် အခက်အခဲရှိခဲ့ပါလျှင် ကျမ်းစာအုပ်ပါ မာတိကာကို ပြန်လည် ကြည့်ခွင့်ရှိမည် ဖြစ်သော်လည်း ပြစ်ဒဏ်အနေ နှင့် တစ်ဦးကို အလှည့်ကျော်စောင့်ရမည် ဖြစ်သည်။ (၎င်းတို့အနေနှင့် တဘက်အသင်းမှ တစ်ဦးတစ်ယောက် အရင်ရေးပြီးနောက် နောက်တစ်ယောက်ကို မြေဖြူကမ်းသည့် အချိန်ထိ စောင့်ရမည် ဖြစ်သည်)။ အရင်ပြီး သောအသင်းက အနိုင်ရသော အသင်းဖြစ်သည်။

၃။ ကလေးတစ်ဦးချင်းစီအတွက် ကျမ်းအုပ်နာမည်များကို တစ်ခုစီ စာရွက်ပိုင်းပေါ်တွင် ရေးသား ကူးထား ပေးပါ။ ထိုစာရွက်ပိုင်းများကို ကလေးများအနေနှင့် ကျမ်းအုပ်နာမည်များအလိုက် အစီစဉ်ကျ ပြန်၍စီရမည် ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ယောက်က အရင်ပြီးလျှင် သူ၏သူငယ်ချင်းကို ကူညီပေးနိုင်ပါသည်။ အစပိုင်း၌ ကလေးများအနေနှင့် ကျမ်းစာမာတိကာကို ကြည့်ရန် လိုအပ်နိုင်ပါသည်။ အကြိမ်ကြိမ် ပြန်လည် အသုံးပြု ဆော့ကစားနိုင်ရန် ထိုစာရွက်ပိုင်းများကို စာအိတ်တစ်ထဲတွင် သိမ်းထားနိုင်ပါသည်။

အထက်ပါ ပုံစံများကို အသုံးပြု၍ အခြားသော သမ္မာကျမ်းစာအကြောင်းများကို သိမှတ်နိုင်ရန် ကူညီပေးနိုင် ပါသည်။ (ဥပမာ – ပညတ်တော် ဆယ်ပါး)

**ကျမ်းလွတ်** – အလွတ်ကျက်ရမည့် ကျမ်းချက်များအတွက် သင်ပေးခြင်း နှင့် ပြန်လည်နွှေးပေးခြင်းအားဖြင့် အချိန်သုံးပါ။ ကစားနည်း အမျိုးမျိုးကို အသုံးပြုနိုင်ပါသည်။

၁။ စကားလုံးကို ဖြတ်ပေးခြင်း – အလွတ်ကျက်ရမည့် ကျမ်းပိုဒ်ကို ကျောက်သင်ပုန်းပေါ်တွင် ရေးချက်လိုက်ပါ။ တစ်ကြိမ်ဖတ်ပြီးတိုင်း စာလုံးတစ်လုံးကို ဖြတ်ကာ၊ ကလေးများကို ပြန်လည်၍ ကျမ်းချက်ကို ဖတ်စေပါ။

၂။ အလွတ်ကျက်ရမည့် ကျမ်းပိုဒ်ကို အပိုင်းပိုင်းခွဲ၍ စာရွက်များပေါ်တွင် ရေးချက်ပါ၊ ထို့နောက် ကျမ်းပိုဒ်ကို အစီစဉ်ကျ ကလေးများအား စီတန်းစေပါ။

၃။ ကလေးများကို တန်းစီ၍ သို့မဟုတ် ဝိုင်းပတ်၍ ထိုင်စေပါ။ ထို့နောက် ကလေးတစ်ယောက်စီတိုင်းက အလွတ်ကျက်ရမည့် ကျမ်းချက်ကို အပိုင်းပိုင်းဖြတ်၍ ရွက်ဖတ်ကြရမည်။

၄။ အလွတ်ကျက်ရမည့် ကျမ်းပိုဒ်အစကို ကျောက်သင်ပုန်းပေါ်တွင် ရေးချပေးထားကာ ကျန်အပိုင်းကို ကလေးများက ဆက်လက်၍ ရေးကြရမည် ဖြစ်သည်။

၅။ ပင်းပေါင် ကစားနည်း – ကလေးတစ်ယောက်က အလွတ်ကျက်ရမည့် ကျမ်းပိုဒ်အစပိုင်းကို ဖတ်လိုက်သည့် အခါ၊ ကျန်တစ်ယောက်က ပြန်၍ နောက်ဆက်တွဲ အပိုင်းကို ဖတ်ပေးရမည် ဖြစ်သည်။ အပြန်အလှန်သဘော ဖြစ်သည်။ ဤကစာနည်းကို နှစ်ယောက်တွဲ သို့မဟုတ် နှစ်ဖွဲ့ခွဲ၍ မျက်နှာခြင်းဆိုင်ကာ ကစားနိုင်ပါသည်။

၆။ ကလေးများကို စားပွဲတွင် ဝိုင်းပတ်ထိုင်စေပါ။ တစ်စုံတစ်ဦးက ကျမ်းချက်တစ်ချက်၏ အစပိုင်းကို စာရွက်တစ်ရွက် ပေါ်တွင် ရေးချမည်၊ ထို့နောက် ထိုစာရွက်ကို နောက်တစ်ယောက်ထံ လက်ကမ်းကာ၊ ထိုကလေးက ကျန်အပိုင်းကို တစ်ပိုင်းပြီးတစ်ပိုင်း အဆုံးတိုင် ရေးကျ သွားကြရမည် ဖြစ်သည်။ ထိုသို့ ရေးချရာတွင် အချိန်ကိုသတ်မှတ်ပေးခြင်းအားဖြင့် အလျှင်ကပြုခဲ့သည် စံချိန်ကို ချိုးနိုင်မချိုးနိုင်ကိုလည်း ကြည့်ထားနိုင်မည် ဖြစ်သည်။ ထိုကဲ့သို့ အချိန်ကို သတ်မှတ်ပေးခြင်းအားဖြင့် မည်သည့်ကျမ်းပိုဒ်များ နှင့် မည်မျှသော ကျမ်းပိုဒ်တို့အား အသုံးပြုသင့်သည်ကို ဆုံးဖြတ်ရာ၌ အကူအညီပေးမည် ဖြစ်သည်။ (ဥပမာ – ၁၀ မိနစ် အတွင်း ကျမ်းချက်မည်မျှ ရေးနိုင်ကြောင်းကို တွေ့မြင်နိုင်မည်။)

၇။ "စာလုံးပေါင်းစစ်ဆေးသော ပျားကလေးများ" ဆိုသည့် ကစားနည်းဖြင့် ကျမ်းချက်ပါ စာလုံးပေါင်းများကို မှန်မမှန် ပြန်စစ်နိုင်ပါသည်။

**ပြန်လည်နွှေးပေးခြင်း** – အခန်းတွင် သင်ကြားပေးမည့် သင်ထောက်ကူပစ္စည်းများကို ပြန်နွှေးရန်အတွက် သင့်ကိုယ်သင် လုပ်ဆောင်ရမည့် အချက်များကို သတ်မှတ်ပါ။

**အချိန်ဇယား** – သမ္မာကျမ်းစာပါ အဖြစ်အပျက်များနှင့် လူနာမည်များကို ကဒ်ပြားပေါ်တွင် ရေးပါ။ ကလေးများက ထိုကဒ်ပြားများကို အစီစဥ်လိုက် ထားနိုင်ပါသည်။ ကလေးတစ်ဦးစီတိုင်းအတွက် ကဒ်ပြားတစ်စုံစီရှိနိုင်သကဲ့သို့ အဖွဲ့လိုက်လည်း လုပ်ဆောင်စေနိုင်ပါသည်။ ကလေးများအတွက် သမ္မာကျမ်းစာသမိုင်းကြောင်းကို ပထမဆုံး အကြိမ်သင်ယူလေ့လာခြင်း ဖြစ်သည်ဆိုလျှင် ကဒ်ငါးကဒ်လောက်ကို အသုံးပြုခြင်းက လုံလောက်သင့်တော်ပါ ပေမည်။ မည်သို့ပင် ဖြစ်စေကာမူ ကလေးများအနေနှင့် ကဒ်ပြားများကို အစီစဥ်လိုက် ထားနိုင်ရမည် ဖြစ်သည်။

**မြေပုံများ –** ကလေးတစ်ဦးစီတိုင်းကို ဣသရေနိုင်ငံ မြေပုံတစ်ခုစီပေးပါ။ အဓိကကျသော မြစ်ချောင်းရေအိုင်များ၊ တောင်ကုန်းတောင်တန်းများ နှင့် မြို့ရွာများကို အမှတ်အသားပြု သင်ကြားပေး၍ ကလေးများကိုလည်း ၄င်းတို့၏မြေပုံပေါ်တွင် အမှတ်အသားပြုစေပါ။ ကလေးများအနေနှင့် ကိုးကားကြည့်စရာမလိုတော့ဘဲ မိမိကိုယ်ကို မြေပုံ အနေအထားများကို သတ်မှတ်နိုင်သည်အထိ နွေးပေးခြင်းကို ဆက်၍ ပြုလုပ်ပေးပါ။ အစပိုင်းတွင် မြစ်ချောင်း ရေအိုင်များ၏ နာမည်ဖြင့် အစပြု သင်ကြားပေးနိုင်သကဲ့သို့ နောက်ပိုင်းတွင် တောင်ကုန်းတောင်တန်းများ အကြောင်း နှင့် မြို့ရွာများအကြောင်းကို သင်ကြားပေးနိုင်ပါသည်။ သင့်အနေနှင့် ကစားနည်းအမျိုးမျိုးကို တီထွင် ကြံစနိုင်ပါသည်။ (ဥပမာ – ကလေးများကို အဖွဲ့ခွဲလိုက်ပါ၊ နေရာဒေသများကို စာရွက်ပိုင်းပေါ်တွင် ရေးသားကာ ကလေးများကို နံရံကပ်မြေပုံကြီး တစ်ခုကို ပြုလုပ်စေနိုင်ပါသည်။)

**လေ့ကျင့်ခန်းစာအုပ်များ** – အကယ်၍ ကလေးများက ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်ကို အပြီးမသတ် မလုပ် သေးပါက၊ အဆုံးသတ်နိုင်ရန် အချိန်ပေးနိုင်ပါသည်။ ထိုသို့ဆိုရာတွင် ယနေ့သင်ခန်းစာကို မသင်ကြားပေးမီ ယနေ့ သင်ခန်းစာနှင့် ဆက်ဆိုင်သည့် လေ့ကျင့်ခန်းကို လုပ်ဆောင်ရန်အတွက် အကြံပေးခြင်းမဟုတ်ပါ၊ အကြောင်းမှာ သင်ခန်းစာ သင်ကြားပေးပြီးမှသာလျှင် လေ့ကျင့်ခန်းပါ လုပ်ဆောင်ရမည့် အကြောင်းအရာများသည် ပို၍အကျိုး ထူးမည် ဖြစ်သည်။

**ထပ်လောင်းဖြည့်ဆည်းထားသော အဖွဲ့ငယ်လေးများ အစီစဥ်** – ကလေးများအနေနှင့် ၄င်းတို့နှင့် စပ်ဆိုင်သည့် အဖွဲ့ခွဲလေးများစီဆို့ ချက်ခြင်းသွားကာ ဆုတောင်းချက်များကို တင်ပြနိုင်ပါသည်။ တစ်ဦးအတွက် တစ်ဦး ဆုတောင်းပေးကြခြင်းအားဖြင့် အချိန်ကို အသုံးပြုပါ။

**သင်ခန်းစာ ၁**

## *မေးခွန်းများအတွက် အဖြေရှိသည်*

**အဓိကအချက်** – ဘုရားသခင်သည် မည်သူဖြစ် သနည်း။ ဘုရားသခင်သည် မည်သည့်အရာနှင့် တူပါသနည်း။ ဘုရားသခင်ကို ကျွန်ုပ် မည်သို့ တုန့်ပြန်ရမည်နည်း။

**အဓိကကျမ်းချက်** – ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ *ဟေရှာ၊ ၄၆း၉*

**နိဒါန်း** – ကလေးများသည် မေးခွန်းများစွာ မေးတတ်သူများ ဖြစ်ကြသည်။ ၎င်းတို့၏ဘေးပတ်ဝန်းကျင်၌ ရှိသော အရာများနှင့် ပတ်သက်၍ “ဘယ်လိုလဲ” “ဘာကြောင့်လဲ” ဟူ၍ သိချင်လိုသော စိတ်သဘောကို ပိုင်ဆိုင်ထားကြသည်။ ကလေးများသည် မေးခွန်းမေးခြင်းကို နှစ်သက်ကြသည်နည်းတူ ၎င်းတို့ကြုံတွေ့နေရသည့် အတွေ့အကြုံများအတွက် အဖြေရှာခြင်းကိုလည်း အလွန်နှစ်သက်ကြပါသည်။ အသက်အရွယ် ရပြီးသော ကျွန်ုပ်တို့အနေနှင့် ဘုရားသခင်သည် မည်သူဖြစ်သနည်း၊ မည်ကဲ့သို့နည်း၊ မည်သို့ တုန့်ပြန်ရမည်နည်း စသည့် အရေးအကြီးဆုံးသော မေးခွန်းများကို ၎င်းတို့အား ရှင်းပြရန်မှာ ကျွန်ုပ်တို့၏ တာဝန်ပင် ဖြစ်ပါသည်။

ထိုမေးခွန်းများ၏ အဖြေတွေ့ရန် ကလေးများကို မည်သည့်နေရာသို့ ဦးဆောင်ရမည်ဆိုသည့် အရာမှာလည်း အထက်ပါမေးခွန်းများနှင့် တန်းတူ အရေးကြီးလှပါသည်။ ဘုရားသခင်သည် သူ၏ဂုဏ်အင်္ဂါလက္ခဏာများကို မသိစေရန် ကျွန်ုပ်တို့ကို အမှောင်ထဲ၌ ထားထားခဲ့သည် မဟုတ်။ သမ္မာကျမ်းစာက ဖန်ဆင်းခြင်းအားဖြင့် (ရောမ၊ ၁း၂၀)၊ သူ၏နှုတ်ကပတ်တော်ဖြစ်သည့် ခရစ်တော်အားဖြင့် (ယော၊ ၁း၁–၄)၊ သူ၏နှုတ်တော်ထွက် သမ္မာကျမ်းစာအားဖြင့် (၂တိ၊ ၃း၁၆) ဘုရားသခင်သည် သူ့ကိုယ်သူ ဖော်ပြခဲ့ကြောင်း ပြောပြထားပါသည်။ ကယ်တင်နိုင်သော ယုံကြည်ခြင်းသည်လည်း ကြားနာခြင်းအားဖြင့်လာ၍ နှုတ်ကပတ်တော်ကို ဆွဲကိုင်ခြင်းအား ဖြင့်ဖြစ်သည် (ရောမ၊ ၁၀း၁၇)။ ဘုရားသခင်ကိုယ်၌သည် ကျွန်ုပ်တို့ မေးခွန်းများ၏ အဖြေဖြစ်ပါသည်။ သူသည် အလဖ နှင့် ဩမေဃ (က မှ အ) ဖြစ်သည်၊ ဆိုလိုရင်းမှာ အစ နှင့် အဆုံးလည်း ဖြစ်သည် (ဗျာ၊ ၂၂း၆)၊ ခပ်သိမ်းသော အမှုတို့၏ ပြည့်စုံခြင်းအကြောင်း ဖြစ်ပါသည်။

***ခပ်သိမ်းသော အရာတို့သည် ကိုယ်တော်အထဲကငင်း၊ ကိုယ်တော်အားဖြင့်၄င်း၊ ကိုယ်တော် အဘို့အလို၄ါ၄င်း ဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။ ရောမ၊ ၁၁း၃၆***

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁။ A မှ Z ထိပါသော ပိုစတာ ပုံတစ်ပုံ သို့ တစ်ခုထက်ပိုသောပုံများ (မှိုင်းရန် စာအုပ်မှလည်း အသုံးပြု နိုင်သည်။)

၂။ သမ္မာကျမ်းစာ (ပြင်ဆင်ထားသော ပုံအောက်တွင်ထားပါ)

**အခြားသော သင်ထောက်ကူပြု ပစ္စည်းများ**

၁။ အရွယ်အစား ကြီးမားသော စာရွက်တစ်ရွက် သို့မဟုတ် ဖော့ပြားတိတ်ဘုတ် တစ်ချက်။ တစ်ဘက်တွင် "ကျွန်ုပ်သည် -------- ဖြစ်သည်" ဟူ၍ ကွက်လပ်တစ်ခုကို ရေးပါ (သင်ခန်းစာ ပို့ချခြင်းအပိုင်းကို ကြည့်ပါ။) ကျန်တစ်ဘက်တွင် *ယေရှု၊ ၄၆း၉* ကို ရေးပါ။

၂။ *ဘုရားသခင်သည် မည်သူဖြစ် သနည်း။ ဘုရားသခင်သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်း။ ဘုရားသခင်ကို ကျွန်ုပ် မည်သို့ တုန့်ပြန်ရမည်နည်း။* စသည့် မေးခွန်းသုံးခု ရေးထားသည့် ပိုစတာ စာရွက်။ ထိုမေးခွန်းများကို မမြင် စေရန် အပေါ်မှာ အခြားစက္ကူဖြင့် ဖော့ဖော့လေး ဖုံးအုပ်ထားပါ။

ရွေးချယ်ရန် – ဘုရားအကြောင်း ပါဝင်သော စာအုပ်အမျိုးမျိုး

***သင်ခန်းစာ ပို့ချက်ခြင်း***

ကလေးများကို ကြိုဆိုလိုက်ပါ။ ၄င်းတို့အနေနှင့် အတန်းနှင့်ပတ်သက်၍ သော်လည်းကောင်း၊ တစ်နှစ်တာလုံး လုပ်ဆောင်သွားရမည့် အရာများနှင့်ပတ်သက်၍ သော်လည်းကောင်း မေးခွန်းများစွာ ရှိနိုင်ကြောင်းကို ပြောပြပါ။

အကြံပြုချက် – *"သားသမီးတို့ရဲ့ သူငယ်ချင်းတွေ ဒီအခန်းထဲမှာ ရှိပါ့မလား။ ဒီနေ့တော့ ဘာသီချင်း ဆိုကြမှာလဲ။ ဘယ်သူက သားတို့သမီးတို့ရဲ့ ဆရာမ လဲ၊ ဘယ်လိုပုံစံမျိုးလဲမသိ။ အလှဆင်ထားတဲ့ ပုံးက ဘာ အတွက်လဲ။ အဲဒီထဲမှာ ဘာတွေရှိမယ်ထင်လဲ" ဆိုပြီးတော့ သားတို့သမီးတို့မှာ မေးခွန်းမေးစရာ အများကြီး ရှိပါလိမ့်မယ်။*

သင်မှလွဲ၍ အခြားသော အတန်းထဲရှိ ဆရာ၊မများ (အခြားဦးဆောင် ပေးမည့်သူများ) ကို ချက်ခြင်း မိတ်ဆက် ပေး၍၊ ချက်ခြင်း အဖြေပေး၍ ရသော အရာများကိုလည်း ရှင်းပြပါ။ (အကယ်၍ အတန်းထဲ၌ ဦးဆောင် သင်ကြားပေးမည့် သူသည် သင် တစ်ဦးတည်းသာ ဖြစ်နေသည် ဆိုလျှင် ကလေးငယ်များကို တစ်ဦးနှင့်တစ်ဦး မိတ်ဆက်စေပါ သို့မဟုတ် သီဆိုသင်ယူသွားမည့် သီချင်းကိုလည်း မိတ်ဆက်ပေးနိုင်သည်။)

သင့်ကိုယ်သင် မိတ်ဆက်ရာတွင်မူ အောက်ပါ အပြုအမူအတိုင်း မိတ်ဆက်ပေးပါ –

*ဆရာ၊မ ကတော့ ဦး၊ဒေါ် (သို့) ဆရာ၊မ ------------- ပါ။ သားတို့သမီးတို့အနေနဲ့ ဦး၊ဒေါ် (သို့) ဆရာ၊မ ------------- ဆိုတာ ဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ ဆိုပြီးတော့ မေးခွန်းတွေ မေးကောင်းမေးနိုင် ပါတယ်။ အဲဒီအတွက် အဖြေကတော့ "ဆရာ၊မ ဟာ သားတို့သမီးတို့ကို သင်ကြားပို့ချ ပေးမယ့် ဆရာ၊မ ပါ။" "ဦး၊ဒေါ် -------------- က ဘယ်လိုမျိုး လူစားမျိုးလဲ" ဆိုတာနဲ့ ပတ်သက်ပြီးတော့ သားတို့ သမီးတို့အနေနဲ့ မေးခွန်းမေးစရာ ရှိနိုင် ပါတယ်။ ဒါ့ကြောင့် ဆရာ၊မ ပတ်သက်ပြီးတော့ ဆရာ၊မ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ ဆိုတာကို အနည်းငယ် ပြောပြမယ်နော်။*

စာရွက်တစ်ရွက်ကို ယူ၍ သင်၏အကြောင်းအရာများနှင့်ပတ်သက်၍ ရေးချပေးကာ ပြောပြလိုက်ပါ။ "ဆရာ၊မ သည် ------ " ဆိုသည့် စကားလုံးနှင့်အတူ စာကြောင်းတိုင်းကို အစပြုပြီးနောက် ပြောပြလိုသည့် အချက်များကို ရေးချလိုက်ပါ။

ဥပမာ –

ဆရာ၊မ သည် ဆရာ၊မ (ဦး၊ဒေါ်) –––––––––––– ဖြစ်ပါသည် (သင်၏ နာမည်ကို ပြောပြပါ။)

ဆရာ၊မ သည် ခင်ပွန်းသည် သို့ ဇနီးသည် ဖခင် သို့မဟုတ် မိခင်တစ်ဦးဖြစ်သည်။

ဆရာ၊မ သည် သိပ္ပံဘာသာရပ် သင်ပေးသည့် ဆရာ၊မ တစ်ဦးဖြစ်သည်။

ဆရာ၊မ သည် စာလုံးပေါင်းသပ်ပုံ ရေးရာတွင် (ပုံဆွဲရာတွင်) ညံ့ဖျင်းသောသူ ဖြစ်သည်။

ကလေးများအနေနှင့် သင်၏အကြောင်းကို အဘယ်ကြောင့် သိသင့်ကြောင်းကို ၎င်းတို့အားမေးကြည့်ပါ။ ဥပမာ ၎င်းတို့အနေနှင့် သင်သည် အိမ်ထောင်ကျပြီးသောသူ တစ်ယောက်ဖြစ်သည်ဆိုလျှင် သင့်ကို မည်သို့ ခေါ်ကြမည်နည်း။ အခြားသော ကလေးများအား ဆက်ဆံသကဲ့သို့ သင့်ကို ၎င်းတို့ ဆက်ဆံနိုင်ပါမည်လား။ "ပိုးမွှားများ အိပ်စက်ကြပါသလား" ဆိုသည့် သိပ္ပံဆိုင်ရာမေးခွန်းများကို မေးစရာရှိလာလျှင် သင်သည် ထိုမေးခွန်းကို အမေးခံသင့်သည့်သူ ဖြစ်ပါသလား။ စာလုံးပေါင်းရန် (ပုံဆွဲရန်) အခက်အခဲရှိ၍ အကူအညီလိုသည့် အချိန်မျိုးတွင် သင်သည် အကောင်းဆုံး ကူညီပေးနိုင်မည့်သူ သူ ဖြစ်ပါသလား။ အထက်ပေါ်ပြပါ အချက်များက သင့်ကို ကလေးများ ခင်တွယ်နှစ်သက်လာစေရန်အတွက် အထောက်အကူ ပြုပါသလား။

အကြံပြုချက် – *ဦး၊ဒေါ်၊ ဆရာ၊မ –––––––––– သည် မည်သူဖြစ် သနည်း။ ဦး၊ဒေါ်၊ ဆရာ၊မ ––––––– သည် မည်သို့သောသူ မျိုးဖြစ် သနည်း။ ဦး၊ဒေါ်၊ ဆရာ၊မ ––––––––––– အား ကျွန်ုပ် မည်သို့ တုန့်ပြန်ရမည်နည်း ဆိုတဲ့ မေးခွန်းတွေကို သိထားဖို့ အရေးကြီးပါတယ်။*

*"ဦး၊ဒေါ်သည် မည်သူမည်ဝါ ဖြစ်သည်"* ဆိုသည့် မေးခွန်းသည် အရေးကြီးသည် ဆိုအုံးတော့ ၎င်းထက် ပို၍ အရေးကြီးသည့် မေးခွန်းများစွာ ရှိသေးကြောင်းကို ကလေးများအား ပြောပြပါ။ လူသားတိုင်းအတွက် အရေးကြီးဆုံးသော မေးခွန်းအချို့ သင့်တွင်ရှိကြောင်းနှင့် ထိုမေးခွန်းများကို စာရွက်ဖြင့် ဖုံးအုပ်ထားကြောင်းကို ကလေးများအား ပြောပြပါ။ ကလေးတစ်ချို့ကို ရွေးချယ် ရှေ့ထွက်လာစေပြီး *ဘုရားသခင်သည် မည်သူဖြစ်သနည်း။ ဘုရားသခင်သည် မည်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်း။ ဘုရားသခင်ကို ကျွန်ုပ် မည်သို့ တုန့်ပြန်ရမည်နည်း။* စသည့် မေးခွန်းများကို ဖုံးအုပ်ထားသော စာရွက်များအား ဖယ်ရှားစေပါ။

အကြံပြုချက် – *ဒီမေးခွန်းတွေဟာ အလေးအနက်ထားရမယ့် မေးခွန်းတွေပါ။ အသက်ရှင်နေတဲ့ လူသားတိုင်း အတွက် အရေးအကြီးဆုံး မေးခွန်းတွေပါ။ ဘယ်သူက ဒီမေးခွန်းရဲ့ အဖြေကို ပြောပြနိုင်မလဲ။ ဘယ်နေရာမှာ အဖြေကို တို့တတွေ ရှာတွေ့နိုင်မလဲ။*

## ကောင်းကြီးမင်္ဂလာပုံးအား မိတ်ဆက်ပေးခြင်း

ထိုမေးခွန်းများကို အဖြေပေးနိုင်စေရန် အထူးပြုလုပ်ထားသော ပုံးအား ယူဆောင်လာကြောင်း ကလေးများ အားပြောပြပါ။ ထိုပုံးမှာ အထူးပြုလုပ်ထားသော ပုံးဖြစ်သည့်နည်းတူ ၎င်း၌ အထူးကောင်းမွန်သော နာမည် တစ်ခု ရှိကြောင်း ရှင်းပြပါ။ ထိုပုံးကို "ကောင်းကြီးမင်္ဂလာပုံး" ဟု ခေါ်သည်။

မေးပါ – *ဒီပုံးကို ကြည့်လိုက်တာနဲ့ အထဲမှာ ဘာရှိမယ်လို့ ထင်သလဲ။ ခန့်မှန်းနိုင်မလား။ ဥပမာ ပုတ်ပျက်နေတဲ့ အစားအစာမျိုး မကောင်းတာတွေကို ထည့်ထားမယ်လို့ ထင်သလား။ ထည့်ထားမယ်လို့ ဘာလို့မထင်ရ တာလဲ။ အခြားကောင်းမွန်တဲ့ အရာတွေကို ထည့်ထားမယ်လို့ ထင်သလား။ ဘာလို့လဲ။*

*ဘာလို့လဲဆိုရင် အထူးထုတ်ပိုးထားတဲ့အတွက် လက်ဆောင်ဖူးနဲ့တောင် တူနေတယ်လေ။ ဒါကြောင့် အဲဒီ ပုံးထဲမှာ အထူး ပြင်ဆင်ထားတဲ့ အရာရှိရမယ်၊ လက်ဆောင် တစ်ခုခုတော့ ရှိရမယ် ဆိုပြီး တွေးထင်စေ တယ်လေ။ ကောင်းကြီးမင်္ဂလာ တွေဆိုတာလဲ အဲဒီလို အလွန်ကောင်းမွန်တဲ့ လက်ဆောင်လေးတွေ လိုပါပဲ။ ကမ္ဘာပေါ်မှာ အရေးအကြီးဆုံး မေးခွန်းတွေရဲ့ အဖြေကို အပတ်စဉ်တိုင်း ဒီကောင်းကြီးမင်္ဂလာပုံးထဲမှာ ရှာဖွေကြရမယ်။* (ထို အရေးကြီးဆုံး မေးခွန်းများအား ပြန်၍ ကလေးများအား မေးကြည့်ပါ။)

ကလေးငယ်တစ်ဦးကို ရှေ့ထွက်လာစေပြီးနောက် ပုံးကိုဖွင့်စေကာ အထဲရှိ စာလုံး အက္ခရာများကို ထုတ်ယူစေပါ။

မေးခွန်းမေးပါ – *အဲဒါက ဘာလဲ။ ဘာလို့ အက္ခရာစာလုံးက ကောင်းကြီးမင်္ဂလာပုံးထဲ ရှိနေရတာလဲ။ မေးခွန်းတွေရဲ့ အဖြေက ဘယ်မှာလဲ။ ABC ဆိုတဲ့ အက္ခရာစာလုံးတွေက ဘယ်လိုလုပ်ပြီး ဆရာ၊မ တို့ရဲ့ အဖြေကို ပြောပြနိုင်မလဲ။*

*ABC* ဆိုသည့် အက္ခရာများကို ကျွန်ုပ်တို့ သင်ယူရခြင်းမှာ စာဖတ်နိုင်၊ ရေးနိုင်ရန် အတွက်ဖြစ်ကြောင်းကို ရှင်းပြပါ။ အကြောင်းအရာ တစ်စုံတစ်ခုကို ရှာဖွေတွေ့ရှိနိုင်ရန် စာဖတ်ခြင်းမှာ အရေးပါလှသည်။ ဥပမာ – သင်သည် ဝေလငါးကြီးများ၏ အကြောင်းကို သိလိုပါက စာကြည့်တိုက်သို့ သွား၍ ဝေလငါးအကြောင်း ရေးထားသော စာအုပ်ကို ဖတ်ရှုကာ အဖြေရှာနိုင်ပါသည်။ (စာအုပ်အမျိုးမျိုး ပြင်ဆင်ထားပါက ပြသပေးနိုင်ပါ။) မည်သို့ပင်ဖြစ် စေကာမူ အက္ခရာစာလုံးများ နှင့် စာဖတ်ခြင်းကို သင်ယူကြရသည့် အရေးအကြီးဆုံးသော အချက်မှာ အရေး အကြီးဆုံးသော မေးခွန်းများ၏ အဖြေကို ရှာတွေ့နိုင်စေရန် ဖြစ်သည်။ (ကလေးများအား မေးခွန်းများကို လျင်မြန်စွာ ပြန်လည်သတိရစေပါ။) ထိုမေးခွန်းများကို အဖြေပေးနိုင်ရန် ဘုရားသခင်ကိုယ်တိုင်က ကျွန်ုပ်တို့ အတွက် သူ၏စာအုပ်တစ်အုပ်ကို ရေးသားခဲ့ပါသည်။ ကျွန်ုပ်တို့၏ မေးခွန်းများကို အဖြေ ပေးနိုင်သည့် ထိုစာအုပ်၏ အမည်ကို ကလေးများအား ခန့်မှန်းနိုင် သလားဟု မေးကြည့်ပါ။ ထို့နောက် ကောင်းကြီး မင်္ဂလာ ပုံးထဲမှ သမ္မာကျမ်းစာအုပ်ကို ထုတ်လိုက်ပါ။ အဘယ်ကြောင့် သမ္မာကျမ်းစာအုပ်သည် အလွန်အရေးကြီးရပါ သနည်း။

အောက်ပါအချက်များကို ပြောပြပါ။

- သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်တော်ထွက်စကား ဖြစ်ပြီး၊ ကျွန်ုပ်တို့ထံပါး သူကိုယ်တိုင် ရေးသားခဲ့သည့် စာအုပ်ဖြစ်သည်။ *(၂ပေ၊ ၁း၂၀–၂၁)*
- ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အစဉ်အမြဲ မှန်ကန်တော်မူ၏။ *(ဆာလံ၊ ၁၁၉း၁၆၀)*
- ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အရေးအကြီးဆုံးသော မေးခွန်းများ၏ အဖြေကို ပေးပါသည်။

"ဘုရားသခင်သည် မည်သူဖြစ်သနည်း" နှင့် "ဘုရားသခင်သည် မည်ကဲ့သို့သောပုဂ္ဂိုလ် ဖြစ်သနည်း" ဟူသည့် ကျွန်ုပ်တို့၏ မေးခွန်းများအတွက် သမ္မာကျမ်းစာထဲ၌ အဖြေပေးထားကြောင်း ရှင်းပြပေးပါ။ *ဟေရှာ၊ ၄၆း၉* ကို ရေးထားသော ပိုစတာစာရွက်ကို ပြသကာ၊ သင်၏ကျမ်းစာအုပ်ကိုလည်း *ဟေရှာ၊ ၄၆း၉* ၌ အမှတ်အသား ပြုထားပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤသို့ပြောထားပါသည် –

***ငါသည် ဘုရားသခင် ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။***

ကျမ်းပိုဒ်တွင် သူ နှင့်ပတ်သက်၍ ဘုရားသခင်၏ အဖြေပေးသည့် အချက်ကို ဆွေးနွေးပေးပါ။ ဘုရားသခင် သည် မည်သူဖြစ်၍ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ကြောင်း စသည်ဖြင့် အကြောင်းအရာ အလုံးစုံတို့ကို ရှင်းပြထားပါ

သလား။ ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် မည်သူဖြစ်၍ မည်ကဲ့သို့သောသူဖြစ်သည် ဆိုသည့် အကြောင်းကို အနည်းငယ်သာ ပြောပြထားကြောင်း ကလေးများအား ရှင်းပြပါ။

> အကြံပြုချက် – *ဘုရားသခင်နဲ့ ပတ်သက်ပြီးတော့ အဖြေတွေကို သမ္မာကျမ်းစာမှာ အပြည့်အဝ တွေ့ရပါတယ်။ "ငါသည် -----", "ငါသည် -----", "ငါသည် -----", ဆိုပြီးတော့ မြောက်များစွာ ဖော်ပြထားပါတယ်။ အဖြေတစ်ခုလောက်က သူဟာ ဘယ်လောက်ထိ ကြီးမားပြီး အံ့ဖွယ်ကောင်း သလဲ ဆိုတာကို ဖော်ညွှန်းလို့ မမှီနိုင် ပါဘူး။ ပြောရမယ် ဆိုရင်တော့ အက္ခရာ တစ်လုံးချင်းစီတိုင်းက ဘုရားသခင်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်တယ် ဆိုတာကို ဖော်ညွှန်းဖို့ ရှိပါတယ်။ ဒီနေ့တော့ ဘုရားသခင်ဟာ ဘယ်သူဘယ်ဝါ ဖြစ်ပြီးတော့ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ ဆိုတာ သမ္မာကျမ်းစာကို လေ့လာသွားရင်းနဲ့ အက္ခရာစာလုံးလေးတွေ အလိုက် ကြည့်ကြမယ်နော်။*

လိုက်လျှောက်ကျင့်သုံးခြင်း အပိုင်းကို ရှင်းပြချက် – လိုက်လျှောက်ကျင့်သုံးခြင်း အခန်းဆိုသည်မှာ မည်သည်ကို ဆိုလိုသည်၊ ကလေးအရေအတွက် များ၍ အဖွဲ့ငယ်လေးများ ခွဲနိုင်မည် ဆိုပါက မည်သူမည်ပါက ဦးဆောင်၍ ကလေးတစ်ယောက်စီတိုင်းက ၄င်းတို့နှင့်သက်ဆိုင်သည့် အဖွဲ့ကို မည်သို့ သိနိုင်မည် စသည်တို့ကို ပြောပြပါ။ ထိုနောက် လိုက်လျှောက်ကျင့်သုံးခြင်း အပိုင်းကို အစပြုလိုက်ပါ။

## *လိုက်လျှောက်ကျင့်သုံးခြင်း*

- အရေးအကြီးဆုံး မေးခွန်းသုံးခုကို ကလေးများအား ပြန်မေးပါ။
- ဤမေးခွန်းများ၏ အဖြေကို မည်သည့် နေရာရှာတွေ့နိုင်ကြောင်း မေးပါ။ အကယ်၍ သင်သည် ဘုရားသခင်အကြောင်း ရေးသားထားသည့် အခြားခြားသော စာအုပ်များကို အတန်းထဲသို့ ယူဆောင်လာပါက ထိုစာအုပ်များသည် သမ္မာကျမ်းစာနှင့် မည်သို့ ကွဲပြားခြားကြောင်းကို မေးကြည့်ပါ။ ထိုကဲ့သို့သော စာအုပ်များသည် လူတို့၏ အတွေးအခေါ် သုံးသပ်မှုများ ပါဝင်ကြောင်းကို ရှင်းပြပါ။ အခြားသော စာအုပ်စာပေများသည် ကောင်းမွန်ကြသည့်အပြင်၊ ဘုရားသခင်နှင့် ပတ်သက်၍ အချို့သော မေးခွန်းများအတွက် အဖြေကို ပေးနိုင်သည် ဆိုပါသော်လည်း၊ ၄င်းတို့သည် ဘုရားသခင်၏ နှုတ်တော်ထွက် သမ္မာကျမ်းစာနှင့် မတူကြပေ။ ဘုရားသခင်၏ နှုတ်တော်ထွက်ဖြစ်သော သမ္မာကျမ်း ၌မူ ဘုရားသခင်၏ အတွေးအမြင်များသာ ပါရှိသည်။ သမ္မာကျမ်းစာ၌ "ဘုရားသခင်သည် မည်သူဖြစ်သနည်း။ ဘုရားသခင်သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်သနည်း။ ဘုရားသခင်ကို ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ရမည်နည်း။" စသည့် မေးခွန်းများကို ဘုရားသခင်ကိုယ်တိုင် ပြောပြ ထားပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၏ ပြည့်စုံမှန်ကန်ရခြင်းသည် ဘုရားသခင်တစ်ပါး တည်းသာလျှင် ပြည့်စုံမှန်ကန်တော်မူသောကြောင့် ဖြစ်သည်။ သမ္မာကျမ်းစာသည်သာ မှန်ကန်သည့် အဖြေများကို အစဉ်အမြဲ ပေးနေသည်။
- အတန်းထဲသို့ သမ္မာကျမ်းစာယူလာရန် အရေးကြီးသည့်အကြောင်းကို အလေးအနက် ပြောပြပါ – အပတ်စဉ်တိုင်း ဘုရားသခင်နှင့် ပတ်သက်သော မေးခွန်းများကို သမ္မာကျမ်းစာအား အသုံးပြု၍ ကလေးများသည် အဖြေရှာကြရမည်။
- *ဟေရှာ၊ ၄၆း၉*ကို ကလေးများအား ၄င်းတို့ကျမ်းစာ၌ လှန်ထားစေပါ။ (ဤသို့ပြုလုပ်ရန် အလွန်ငယ်သေးသော ကလေးများအတွက် အခက်အခဲ ရှိမည် ဖြစ်သည်။ ထိုသို့ မပြုလုပ်နိုင်သေးသော

ကလေးများအတွက် သက်ဆိုင်ရာ ကျမ်းပိုဒ်ရေးရန် စာရွက်ကြီးတစ်ရွက်၌ (ပိုစတာစာရွက်) ပြင်ဆင်ရေးသားထားသင့်ပါသည်။) ဤကျမ်းပိုဒ်၌ ပါသော မေးခွန်းများ၏ အဖြေကို ဆွေးနွေးပေးပါ။

- ဘုရားသခင်က သူမှတပါး အခြားသော ဘုရားမရှိဟု ဆိုထားသည့် အတွက်ကြောင့် ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ရမည်နည်း။ ၎င်းတို့၏ တုန့်ပြန်ချက်များအတိုင်း ကလေးများနှင့်အတူ ဆုတောင်းပါ။
- လေ့ကျင့်ခန်းစာအုပ်ကို မိတ်ဆက်ပေးပါ။ (လေ့ကျင့်ခန်းများကို စကားပြော ရှင်းပြနေသည့် အချိန်တွင်လည်း လုပ်ဆောင်စေနိုင်သည်)။ *"Q"* ဆိုသည့် အက္ခရာ စကားလုံးကို ကလေးများအား ရှာဖွေစေကာ အရောင်ခြယ်သစေပါ။

သင်ခန်းစာ ၂

## "I" IS FOR INCOMPREHENSIBLE *လူ့ဉာဏ်ဖြင့် မမှီနိုင်သော*

**အဓိကအချက်** – ဘုရားသခင်သည် ကျွန်ုပ်တို့ နားလည် နိုင်သည့် အတိုင်းအတာထက် ပိုသည်။

**အဓိကကျမ်းချက်** – ထာဝရ ဘုရား၏စိတ်တော်ကို အဘယ်သူသိ သနည်း။ ထာဝရဘုရားနှင့် အဘယ်သူသည် တိုင်ပင်ဘက်ပြုသနည်း။ ရောမ၊ ၁၁း၃၄

**နိဒါန်း** – ပြီးခဲ့သည့်အပတ် သင်ခန်းစာတွင် "ဘုရားသခင်သည် မည်သူဖြစ်သည်" နှင့် "သူသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည်" ဟူသည့် မေးခွန်းများကို ကျွန်ုပ်တို့ မိန့်ဆက်ပေးခဲ့ပြီးသည်။ ဘုရားသခင် ကိုယ်တိုင်က ထိုမေးခွန်းများကို နှုတ်ကပတ်တော်အားဖြင့် အဖြေပေးခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့ လူသားများ၏ အကန့်အသတ်ဖြင့် ရှိနေသော အရည်အချင်းဖြင့် ဘုရားသခင်ကို *လုံးလုံးလျားလျား* နားလည်၍ မရကြောင်းကို လက်ခံထားရပါမည်။ သို့သော်လည်း ယုံကြည်ခြင်းအားဖြင့် သူ့ကို ပြန်လည် တုန့်ပြန်နိုင်ရန် ဘုရားသည် ကျွန်ုပ်တို့အား လုံးလောက်သော အသိဉာဏ်ကို ပေးထားပါသည်။

ကလေးများသည် လျင်မြန်စွာ သင်ယူလိုသောသူများဖြစ်သည့် အပြင်၊ ၄င်းတို့၌ ရှိသော မေးခွန်းများအားလုံးအတွက် အဖြေကို လိုချင်ကြသူများ ဖြစ်သည်။ ၄င်းတို့နားမလည်နိုင်သည့် အရာက ၄င်းတို့ကို ညီးငွေ့စေနိုင်သကဲ့သို့ အသစ်သော အရာကို သင်ယူဖို့ရန်အတွက်လည်း စိတ်မပါစေပဲ ဖြစ်သွားစေနိုင်သည်။ ရင့်ကျက်ပြီးသောယုံကြည်သူပင်လျှင် ဘုရားသခင်၏ နက်နဲရာ အလုံးစုံကို နားလည်နိုင်စွမ်းမရှိပေ။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသက်တာ တလျှောက်လုံး ဘုရားသခင်၏ နက်နဲအံ့ဖွယ်ကောင်းသည့် ဘုန်းကြီးခြင်းအရာများကို နေ့စဉ်နှင့် အမျှ မြည်းစမ်းရှာဖွေ ကြရမည် ဖြစ်သည်။ ဘယ်သောအခါမျှ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နက်နဲရာကို နားလည်နိုင်မဟုတ်။ ဘုရားသခင်၏ လမ်းစဉ်အလုံးစုံတို့ကို နားမလည်နိုင်သော ကျွန်ုပ်တို့၏ ကန့်သတ်ချက်ရှိ အရည်အချင်းများကို ဝန်ခံရင်း ယောဘကဲ့သို့ ဘုရားသခင်၏ ကြီးမြတ်လှသော နက်နဲခြင်းရှေ့တော်၌ ပျက်ဝပ်ကိုးကွယ်ကြကုန်အံ့။

> ## ကောင်းကြီးမင်္ဂလာပုံးထဲ၌
>
> ၁။ "Incomprehensible" "လူ့ဉာဏ်ဖြင့် မမှီနိုင်သော" ဟူသည့် စကားလုံးများကို စာအိတ်ကြီး တစ်ခုတွင်ထည့်ထားပါ (မှီငြမ်းရန် စာအုပ်တွင် ကြည့်ပါ။) ထိုစာအုပ်ပေါ်တွင် "ယနေ့အတွက် အဖြေ" ဟူ၍ ရေးထားပါ။

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁။ ရုပ်ပုံများ (ယောဘ၏ ဇနီးသည်၊ မိသားစု နှင့် တရိစ္ဆာန်များ) (မှီငြမ်းရန် စာအုပ်တွင် ကြည့်ပါ)

၂။ *ယောဘ၊ ၃၈ – ၄၁* မှ မေးခွန်းများ။ အနည်းဆုံး မေးခွန်း ရှစ်ခု လိုအပ်လျှင် လိုအပ်သလို စကားပြေ လုပ်ဆောင်ပေးပါ။

ရွေးချယ်ရန် – ကလေးတစ်ဦး ဝတ်ဆင်ရန်အတွက် ဝတ်လုံတစ်ထည်။ အနီရောင် စတီကာ (ကပ်ခွါ) အဝိုင်းများ

*သင်ခန်းစာ ပို့ချခြင်း*

ပြီးခဲ့သည့် အပတ်မှ အရေးအကြီးဆုံးသော မေးခွန်း သုံးခုကို ပြန်လည်၍ လျင်မြန်စွာ နွေးပေးပါ။ ထိုမေးခွန်းများ ၏အဖြေအား သမ္မာကျမ်းစာ၌ တွေ့ရကြောင်းကို အလေးအနက် ပြောပြပါ။ *ယေရှာ၊ ၄၆း၉* တွင်တွေ့ရသည့် အဖြေကို ပြန်၍နွေးပေးပါ။ ဘုရားသခင်က *"ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။"* ဟု ဆိုထားသည်။ ဘုရားသခင်သည် အလွန်ကြီးမား အံ့ဖွယ်ကောင်းသောသူ ဖြစ်သည့်အတွက်ကြောင့် သူ၏ အကြောင်းနှင့် ပတ်သက်၍ များစွာ လေ့လာရှာဖွေရအုံးမည့် အကြောင်းကို ကလေးများအား ပြောပြပါ။ ဘုရား သခင်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ထားရှိသော မေးခွန်းများအတွက် အဖြေရှာတွေ့နိုင်ရန် ဤကောင်းကြီး မင်္ဂလာ ပုံးထဲ၌ တစ်စုံတစ်ခု ရှိရအုံးမည်ဟူ၍ အရိပ်အမွတ်ပြောပြပါ။ ကလေးတစ်ယောက်ကို ရွေးချယ်ပြီး စာအိတ်ကို ထုတ်ယူစေပါ။

အကြံပြုချက် – *စာအိတ်ရဲ့ အပေါ်မှာ တစ်စုံတစ်ရာ ရေးထားတယ်။ ဘာရေးထား သလဲဆိုတာ ဘယ်သူများ ဖတ်ပေးနိုင်မလဲ။ "ယနေ့အတွက် အဖြေ"။ အင်း ဒါကတော့ လွယ်လွယ်လေးပဲ။ ဘုရား သခင်ဟာ ဘယ်သူလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ ဒီစာအိတ်ထဲမှာ ဆရာ၊မတို့ အဖြေရှာ နိုင်မယ်ပေါ့။* စာအိတ်ထဲမှ စကားလုံးများကို ထုတ်ကာ – *ဟာ ၊ ဘယ်လိုဖြစ်တာလဲ စာလုံးတွေက သူ့အပိုင်းနဲ့သူ ဖြစ်နေတယ်၊ ဒုက္ခပဲ။*

စကားလုံးများကို သူ့အပိုင်းနှင့်သူ သေချာအစဉ်လိုက် ပြန်ဆက်လိုက်ပါ။ စာလုံးတစ်လုံးချင်းစီကို ကလေးငယ် တစ်ယောက်အား ကိုင်ထားခိုင်းခြင်းအားဖြင့် သို့မဟုတ် နံရံပေါ်တွင် ကပ်ထားခြင်းအားဖြင့် စကားလုံးကို အစီရီ ထားနိုင်ပါသည်။

အကြံပြုချက် – *အို၊ အရမ်းရှည်တဲ့ အဖြေပဲ။ ဆရာ၊မ တစ်ကနေ သုံးထိရေတာနဲ့ အတူတူ အသံထွက် ဖတ်ကြ ရအောင်။ တစ်၊ နှစ်၊ သုံး။* (ကလေးများကို အသံထွက် ဖတ်ခိုင်းကြည့်ပါ။ အများစုက ဖတ်နိုင်ကြမည်မဟုတ်။ နောက်ထပ်တစ်ကြိမ် ပြန်၍ ကြိုးစားစေပါ)။ *ဘယ်လိုဖြစ်တာလဲ။ သားတို့သမီးတို့ ဘာလို့အသံမထွက်နိုင်ရ တာလဲ။ ဒါအရေးကြီးတယ်လေ။ ဒီစကားလုံးက ဆရာ၊မတို့ကို အဖြေပြောပြနေတယ်လေ။* (ဖြစ်နိုင်ခြေရှိသော တုန့်ပြန်သံများ – "အဲဒီစကားလုံးက အရမ်းရှည်တယ်။ သားတို့၊သမီးတို့ နားမလည် နိုင်ဘူး။)

"လူ့ဉာဏ်ဖြင့် မမှီနိုင်သော" "Incomprehensible" ဟူသည့် စကားလုံး၏ အသံထွက်ကို ကလေးများအား ပြောပြပါ။ မည်သည့်အရာ ကိုဆိုလိုကြောင်းကို သိပါသလားဟု ကလေးများအား မေးပါ။ ထိုစကားလုံးမှာ အလွန်နက်နဲသော စကားလုံး ဖြစ်ကြောင်း ကလေးများကို ပြောပြပါ။ အရွယ်ရောက်ပြီးသော သူများစွာပင် ထိုစကားလုံး၏ အသံထွက် နှင့် အဓိပ္ပါယ်ကို မသိကြပါ။ ထို့ကြောင့် ကလေးများသည် ထိုစကားလုံးကို သိကြ မည်ဟု မမျှော်လင့်ပါနှင့် – ထိုစကားလုံးမှာ ၄င်းတို့၏အသက်အရွယ်နှင့် နားလည်နိုင်စွမ်းထက် ပို၍ နက်နဲသော စကားလုံး ဖြစ်သည်။

အကြံပြုချက် – *ဆရာ၊မ က ဒီစကားလုံးရဲ့ အသံထွက်နဲ့ အဓိပ္ပါယ်ဆိုလိုရင်းကို ပြောပြချင်တယ်။ ဒီစကားလုံး ကတော့ "လူ့ဉာဏ်ဖြင့် မမှီနိုင်သော" "Incomprehensible" ဆိုပြီးတော့ အသံ ထွက်တယ်။ ဆိုလိုတာက ဆရာ၊မတို့ရဲ့ နားလည်နိုင် စွမ်းအားထပ် ပိုတယ်ဆိုတဲ့ အဓိပ္ပါယ်ပါ။ သား၊သမီးတို့ ဒီစကားလုံးကို နားမလည်ဘူးဆိုတဲ့ အချက်က ဒီစကား လုံးရဲ့ အဓိပ္ပါယ် ဆိုလိုရင်းပါ။*

ကျွန်ုပ်တို့ ငယ်ရွယ်စဉ် အချိန်တွင် အချို့သော အရာများ (ဤကဲ့သို့သော စာကားလုံးများ) သည် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်နိုင်စွမ်းထက်ပိုနေ တတ်ပါသော်လည်း အသက်ရွယ်ရလာသည်နှင့်အမျှ သဘောပေါက်လာတတ်ကြသည်ကို ရှင်းပြပေးပါ။ ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ လုံးလုံးလျားလျား နားမလည်နိုင်မည့် အကြောင်းအရာ အချို့ရှိနိုင်မည်လားဟု ကလေးများကို မေးကြည့်ပါ။ ကျွန်ုပ်တို့ကိုယ်တိုင် လုံးလုံး နားမလည်နိုင်ပဲ အဖြေမပေးနိုင်သော မေးခွန်းမျိုး ရှိပါသလား။ ထိုကဲ့သို့သော မေးခွန်းများအတွက် အဖြေကို မည်သည့်နေရာတွင် ရှာတွေ့နိုင်မည်နည်း။

## ပုံပြင် – ယောဘ၏ အသက်တာ

ယောဘ၏ ဇနီးသည်၊ မိသားစု နှင့် တိရစ္ဆာန် ပုံများ၊ အသင့်ရေးထားသော မေးခွန်းများ၊ နှင့် အနီရောင် စက္ကူ (စတီကာ) အပိုင်းများ စသည်တို့ကို အသုံးပြု၍ ပုံပြင်ကို ပြောပြပါ။ ကလေးတစ်ယောက်ကို ရွေးချယ်ကာ ယောဘ ကဲ့သို့ သရုပ်ဆောင်စေပြီး ဝတ်လုံကို ဝတ်ဆင်စေပါ။ ယောဘ၏ ပုံဝတ္ထုကို အတိုချုပ် ပြောပြ လိုက်ပါ။

ပြောရမည့် စကားအတွက် အကြံပေးချက် – *ဟိုးရှေးရှေးတုန်းက ယောဘဆိုတဲ့ လူတစ်ယောက် ရှိတယ်ပေါ့ကွယ်။ သူ့ရဲ့ အကြောင်းကို "ယောဘဝတ္ထု" ဆိုတဲ့ သမ္မာကျမ်းစာအုပ်ပါ ကျမ်းအုပ်တစ်အုပ်ထဲမှာ ရေးသားထားပါတယ်။* (ကျမ်းစာကို ဖွင့်ပြ၍ ကလေးများအား ထိုအကြောင်းကို တွေ့နိုင်သော နေရာကိုပြပါ။) *ယောဘမှာ ဇနီးသည်တစ်ယောက်* (ရုပ်ပုံ ၁ ကိုပြပါ) နဲ့ *ကလေးတွေ* (ရုပ်ပုံ ၂ ကိုပြပါ) *ရှိတယ်ပေါ့ကွယ်။ ပုံပြင်မှာ အရေးကြီးဆုံး အချက်ကတော့ ယောဘဆိုတဲ့ သူဟာ ဘုရားသခင်ကို ချစ်ကြောက်ရိုသေပြီးတော့ နေ့ရက် စဉ်တိုင်း ဘုရားသခင်ရဲ့ အလိုတော်အတိုင်း အသက်ရှင်ဖို့ ကြိုးစားတဲ့ သူတစ်ယောက်ပေါ့။ သူဟာ အရမ်းချမ်းသာတဲ့ သူဖြစ်ပြီး၊ တိရစ္ဆာန်များစွာကို ပိုင်ဆောင်တာပေါ့လေ* (ရုပ်ပုံ ၃ ကိုပြပါ)။ *သူ့ဘဝဟာ အေးချမ်းပြီးတော့ ပျော်ရွှင်စရာ အလွန်ကောင်းတာပေါ့။*

*တစ်နေ့မှာတော့ သူ့အသက်တာမှာ ပြဿနာတစ်ခု ရောက်လာတယ်။ ပထမဆုံး သူကြုံရတာကတော့ သူ့ရဲ့ စည်းစိမ်တွေ အကုန်လုံး ဆုံးရှုံးသွားခဲ့ရတယ်* (ရုပ်ပုံ ၃ ကို ဖယ်လိုက်ပါ)။ *နောက်ပြီးတော့ သူ့ရဲ့ သားသမီးတွေ အကုန်လုံး ဆုံးရှုံးသွားရပြန်တယ်* (ရုပ်ပုံ ၂ ကို ဖယ်လိုက်ပါ)။ *ဒါတွေထက် ပိုဆိုးတာကတော့ ယောဘကိုယ်တိုင် အနာဆိုးတွေကို ကိုယ်ခန္ဓာတစ်ခုလုံးမှာ နာကျင်စွာ ခံစားခဲ့ရတယ်။* (အနီရောင် စတီကာ (ကပ်ခွါ) အပိုင်းကို ယောဘကဲ့သို့ သရုပ်ဆောင်သော ကလေး၏ ခန္ဓာကိုယ်ပေါ်တွင် ကပ်လိုက်ပါ။) *ယောဘ တစ်ယောက် အရမ်းကို စိုးရိမ်နေခဲ့ရတယ်။ အဲဒီအချိန်မှာ ယောဘရဲ့ သူငယ်ချင်း သုံးယောက်ကလည်း ယောဘစီ အလယ်အပတ် လာကြတယ်။ ယောဘနဲ့အတူ သူတို့တွေ ဝိုင်းထိုင်ပြီးတော့ စကားပြောကြတဲ့ အခါမှာ ယောဘနဲ့ပတ်သက်တဲ့ အဖြေတွေကို ပြောပြကြတယ်။ ဆရာ၊မ တို့ရဲ့ မေးခွန်း "ဘုရားသခင်ဟာ ဘယ်သူဖြစ်ပြီး၊ ဘယ်လို ပုဂ္ဂိုလ်ဖြစ် သလဲဆိုတာကို" သူတို့တွေ သိထားတယ်လို့ ထင်နေကြတယ်။ "ဘာလို့ ဘုရားသခင် က ဒီလို အခြေအနေတွေကို ယောဘအသက်တာမှာ ဖြစ်စေတာလဲ" ဆိုတဲ့ မေးခွန်းမေးစရာ တစ်ခု သူတို့မှာ ရှိတာပေါ့။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ယောဘနဲ့ သူ့ သူငယ်ချင်းတွေဟာ အပြန်အလှန် ငြင်းခုံကြပါလေရော။ သူတို့တွေ တွေးတိုင်း ဘုရားသခင်ရဲ့ အကြောင်းနဲ့ပတ်သက်တဲ့ အဖြေမှန်တစ်ခုကို ရကြတယ်။ နောက်ဆုံး မှာ၊ သူ့သူငယ်ချင်း တစ်ယောက်က "မင်းက ဘုရားသခင်ဘယ်သူလဲ၊ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတာကို လုံးလုံး လျားလျားသိနိုင်လို့လား။ ဘုရားသခင်ဟာ အလွန်ကြီးမား ဆန်းကျယ်တဲ့ သူဖြစ်တဲ့ အတွက် ငါတို့တွေ လုံးလုံးလျားလျား နားလည်လို့ မရနိုင်ပါဘူး" ဟု ပြောခဲ့သည် (ယောဘ၊ ၁၁း၇–၈)။ တစ်မျိုးနဲ့ ပြောရမယ်ဆိုရင် ဘုရားသခင်ဟာ လူ့ဉာဏ်နဲ့ နားမလည်နိုင်ဘူးလို့ ပြောချင်တာပါ။*

*ဆက်ပြီးတော့ ဘာကြောင့်မို့ ဘုရားသခင်က ယောဘကို ဒီလို ခံစားခိုင်းရသလဲဆိုတာကို ဘယ်သူ သိသလဲလို့ အချင်းချင်း ငြင်းနေကြတာပေါ့။ နောက်ဆုံးမှာတော့ ဘုရားသခင်ကို လုံးလုံးလျားလျား နားလည်တဲ့သူကပဲ ယောဘကို အဖြေပေးခဲ့တယ်။ အဲဒီပုဂ္ဂိုလ်က ဘယ်သူဖြစ်မယ်လို့ ထင်သလဲ။ ဘုရား သခင် ကိုယ်တိုင် ကပဲ ယောဘကို အဖြေပေးခဲ့တာပါ။ ဒါပေမယ့် ဘုရားသခင်က နည်းလမ်းတစ်မျိုးနဲ့ အဖြေပေးခဲ့ပါတယ်* (ပြင်ဆင်ထားသော မေးခွန်းများကို ပြပါ)။ *ဘုရားသခင်က ယောဘရဲ့ အမေးကို အဖြေပေးဖို့အတွက် မေးခွန်းတွေ မေးခဲ့သည်။*

ရေးသားပြင်ဆင်ထားသော မေးခွန်းများကို ယောဘအဖြစ် သရုပ်ဆောင်သည့် ကလေးထံပါး အဖြေကို သိနင့် သည့် လေသံနှင့်အတူ "ယောဘ" သည်လည်း ထိုမေးခွန်းများကို မသိသည့် လေသံမျိုးဖြင့် ဖတ်ရှုက်ပါ။ အောက်ဖော်ပြပါ မေးခွန်းများသည် အဖြေသိနင့်သော မေးခွန်းပုံစံများဖြစ်ရာ *ယောဘ၊ ၃၈–၄၁* မှ ကောက်နုတ် ထားသော ဥပမာများ ဖြစ်ပါသည် –

အကြံပြုချက် – *ယောဘ၊ မင်းအရမ်းသိနေတယ်ဆိုရင်၊ မင်းကို ငါဖန်ဆင်းစက မင်းဘယ်မှာ ရှိနေခဲ့သလဲ။ ကမ္ဘာကြီးက ဘယ်လောက်ထိ ကြီးမားဆန်းကျယ်သလဲဆိုတာ မင်း တကယ်သိလို့လား။ မိုးမှာရော ဖခင်ဆိုတာ မျိုးရှိသလား။ တိမ်တွေကို ရေတွက်နိုင်လောက်တဲ့ ပညာ မင်းမှာ ရှိလို့လား။ နှင်းစက်တွေကို စုစည်းထား တဲ့နေရာထဲကို မင်း ဝင်ဖူးလို့လား။ မိုးကြိုး လျှက်စီးတွေကို လမ်းကြောင်းမှန်အတိုင်း မင်း စေလွှတ်တာမို့ လို့လား။ မြင်းတွေရဲ့ ခွန်အားကို မင်း ပေးထားတာမို့လို့လား။ သိမ်းငှက်တွေကို ဘယ်စီ ပျံရမလဲဆိုပြီးတော့ မင်း အမိန့်ပေးထားလို့လား။ အလင်းနဲ့ အမှောင် တွေကိုရော ဘယ်မှာ သိမ်းဆည်း ထားလဲဆိုတာ မင်း သိလို့လား။ ကောင်းကင်ယံထက်မှာ အလှခြယ်သဖို့ ကြယ်တွေကို မင်း စေစားလို့ ရလား။*

ဘုရားသခင်သည် မည်သူဖြစ်၍ မည်သို့သော ပုဂ္ဂိုလ်ဖြစ် ကြောင်းကို ယောဘနှင့် သူ၏ သူငယ်ချင်း သုံးယောက် တို့ နားလည်သဘောပေါက်ထား ကြသည်ဟု ထင်မှတ်ခဲ့ကြောင်းကို ကလေးများအား ရှင်းပြပါ။ အထက်ပါ မေးခွန်းများကို အသုံးပြု၍ သူသည် မည်မျှလောက် ကြီးမြတ်ဆန်းကျယ်ကြောင်းနှင့် သူ့အား လုံးလုံး နားလည်၍ မရနိုင်သည့် အကြောင်းကို ဘုရားသခင် ဖော်ပြနေသည်။ ကျွန်ုပ်တို့၏ ဆင်ခြင်သုံးသပ်နိုင်စွမ်း များကို ကျော်လွန်၍ ဘုရားသခင်သည် အံ့ဖွယ်အရာများကို လုပ်ဆောင်တတ်သည် ဖြစ်ရာ ကျွန်ုပ်တို့အနေနှင့် လုံးလုံး နားလည်နိုင်စွမ်း မရှိပေ။ ဘုရားသခင်သည် လူ့ဉာဏ်ပညာဖြင့် အကုန်အစင် နားလည်၍ မရနိုင်သူ ဖြစ်သည်။

အကြံပြုချက် – *ဘုရားသခင် မေးတဲ့ မေးခွန်းတွေ အားလုံးကို ယောဘကြားပြီးတဲ့နောက် ဘုရားသခင်ကို သူ ဘယ်လို တုန့်ပြန်ခဲ့သလဲ။ ယောဘက* ***"အကျွန်ုပ်သည် နားမလည်သောအရာတို့ကိုငင်း၊ ကိုယ်တိုင် မသိ၊ အံ့သြ၍ မကုန်နိုင်သောအရာတို့ကိုငင်း ပြောမိပါပြီ"*** ဆိုပြီး ပြောခဲ့တယ် *(ယောဘ၊ ၄၂း၃)။ ဒါ့ပြင် ယောဘက ဘုရားသခင်ကို သိနားလည်ခြင်းမှာ အလွန်နည်းပါးသည့် သူ့ရဲ့ အခြေအနေကို သိသွားတဲ့ အခါမှာ ဘုရား သခင်ကို ပြန်လည်တောင်းပန်ခဲ့တယ်။ လူ့ဉာဏ်ပညာနဲ့ မမှီနိုင်တဲ့ ဘုရားသခင်ရဲ့ ကြီးမား နက်နဲ ဆန်းကြယ်ခြင်း တွေကြောင့် ယောဘဟာ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခဲ့တယ်။*

ဘုရားသခင်သည် လူ့ဉာဏ်ပညာဖြင့် လုံးဝနားလည်၍ မရပေ။ သူသည် ကျွန်ုပ်တို့ နားလည်နိုင်စွမ်းထပ် ပိုမို ကြီးမား နက်နဲသောသူ ဖြစ်သည်။ ယောဘ ကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်သည် မည်သူဖြစ်၍၊ မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည် ဆိုသည့် မေးခွန်းအတွက် အဖြေအလုံးစုံကို ရရှိနိုင်မည် မဟုတ်ချေ။ ဘုရားသခင် ၏ကြီးမြတ်ခြင်းနှင့် ထိုက်တန်တော်မူခြင်းတို့ကို အစဉ်အတိုင်း ဖြည်းဖြည်းခြင်း သင်ယူတွေ့ကြုံခံစားကြရမည် ဖြစ်သည်။

## လိုက်လျှောက်ကျင့်သုံးခြင်း

- ကလေးများအား "*I*" ဆိုသည့် အက္ခရာ စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်၌ ရှာဖွေစေပါ။
- ဘုရားသခင်က ကျွန်ုပ်တို့နားလည် သဘောပေါက်ခြင်းထက် ပိုသည်ဆိုသည့် အဓိပ္ပါယ်မှာ မည်သည်ကိုဆိုလိုသနည်း။ "ဘုရားသခင်သည် မည်သူဖြစ်၍ မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်" ဟူသည့် မေးခွန်းများ၏ အဖြေကို ကျွန်ုပ်တို့ ဆုံးခန်းတိုင်အောင် နားလည်သဘောပေါက်နိုင်ပါမည်လော။ (တုန့်ပြန်ခြင်း – ဘုရားသခင်သည် ကျွန်ုပ်တို့ စိတ်ကူးယဉ်နိုင်သည်ထက်ပင် သာ၍ ကြီးမြတ်၍ အံ့ဖွယ်ကောင်းတော်မူ၏။ ဘုရားသခင်နှင့် ပတ်သက်သော အကြောင်းအရာများကို နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့သည် သင်ယူနိုင်၍ ဘုရားရှင်၌ အစဉ်ဝမ်းမြောက်နိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပတ်သက်၍ လုံးလုံးလျားလျား နားမလည်နိုင်သည့် အတွက်ကြောင့် စိတ်ပျက်သွားပြီး အရှုံးပေးရန် မဟုတ်ပေ။)
- ကျွန်ုပ်တို့ နားမလည်နိုင်သည့် အကြောင်းအရာများ၊ ကျွန်ုပ်တို့ကို နာကျင်စေသော အရာများကိုပင် ဘုရားသခင်က ကျွန်ုပ်တို့၏အသက်တာတွင် ကျရောက်စေကာမူ၊ မည်သည့်အကြောင်းကြောင့် ထိုအရာများကို ဘုရားသခင်က ခွင့်ပြုရသနည်းဟူသည့် အဖြေကို သိရန် ကျွန်ုပ်တို့ စဉ်းစားခွင့်ရှိပါသလား။ ယောဘက မည်သည့်အရာကို ဘုရားသခင်ထံမှ သင်ယူတွေ့ရှိခဲ့သနည်း။ (*ယောဘ၊ ၄၂း၃*၊ ကို ပြန်ကြည့်ပါ။)
- ဘုရားသခင်သည် လုံးလုံးလျားလျား နားလည်၍ရသော သူမဟုတ်ပါသော်လည်း၊ သူ့အပေါ်ယုံကြည်ရန်နှင့် မေတ္တာထားရန် အတွက် လုံလောက်သော အသိဉာဏ်၊ နားလည်နိုင်သည့် အရည်အချင်းများနှင့်အတူ ကျွန်ုပ်တို့ကို ဖန်ဆင်းထားပါသည် (*၁ကော၊ ၂း၁၂*)။
- သူသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်လာစေရန် မည်သို့ လုပ်ဆောင်ပါသနည်း။ (သမ္မာကျမ်းစာအားဖြင့်၊ ဖန်ဆင်းထားသော အရာများဖြင့်၊ ဆုတောင်းခြင်းကို အဖြေပေးခြင်းအားဖြင့်၊ အခြားယုံကြည်သူများ၏ သက်သေခံခြင်းအားဖြင့် စသည်ဖြင့်)
- အလွတ်ကျက်ရမည့် ကျမ်းပိုဒ် *ရောမ၊ ၁၁း၃၄* ကို မိတ်ဆက်ပေးပါ။ တိုင်ပင်ဘက် ဆိုသည့် စကားလုံး၏ အဓိပ္ပါယ်ကို ရှင်းပြပါ။ ဘုရားသခင်သည် အဘယ်ကြောင့် တိုင်ပင်ဘက် မလိုအပ်သနည်း။
- သင့်အနေနှင့် စဉ်းစား၍ မမှီနိုင်ပါသော်လည်း သင့်ကို အံ့သြစေသည့် အရာများနှင့် ကြုံတွေ့ဖူးပါသလား။ ဘုရားသခင်၏ ကျွန်ုပ်တို့ဉာဏ်ပညာဖြင့် မမှီနိုင်သော ကြီးမားဆန်းကျယ်မှုအတွက် ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ရမည်နည်း။ *ဆာလံ၊ ၁၄၅း၃–၇* ကို ဖတ်ပါ။

သင်ခန်းစာ ၃

## *"Y" IS FOR YHWH (LORD) ယာဝိ (ထာဝရဘုရား)*

**အဓိကအချက်** – *ဘုရားသခင်သည် သူ၏နာမတော်ကို ထင်ရှားစေလိုသည်။*

**အဓိက ကျမ်းချက်** – ငါသည် ထာဝရဘုရား ဖြစ်၏။ ထိုနာမသည် ငါ့နာမဖြစ်၏။ ဟေရှာ၊ ၄၂း၈က နာမတော်ကို သိသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြပါလိမ့်မည်။ ဆာလံ၊ ၉း၁၀က

**နိဒါန်း** – သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသည့် ဘုရားသခင်၏ အမည်နာမများအနက် အများဆုံး အသုံးပြုသော နာမည်မှာ ယာဝိ (ကိုယ်တော်) ဆိုသည့် နာမတော်ဖြစ်သည်။ ထိုစကားလုံးကို "Yahweh" ဟူ၍ ဟေဗြဲဘာသာ တွင် အသံထွက်ပြီး၊ အင်္ဂလိပ်ဘာသာဖြင့် "LORD" ဟူ၍ ဘာသာပြန်ဆိုထားသည်။ အဘယ်ကြောင့် ဘုရားသခင်က အမည်နာမကို အသုံးပြုရပါသနည်း။ ဘုရားသခင်သည် အခြားသောမန် ဘုရား များကဲ့သို့ မဟုတ်ဘဲ တမူထူးခြားနေသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းကို သူ၏လူများကို သိစေ ချင်သည်။ အကယ်စင်စစ် ဘုရားသခင်သည် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်နိုင်ခြင်းထက် ပို၍နက်နဲပါ သော်လည်း၊ သူသည် ၄င်းတို့၏ ဘုရားသခင်ဖြစ်သည့် အကြောင်း၊ ၄င်းတို့၏ မိတ်ဆွေဖြစ်သည့်အကြောင်း၊ ၄င်းတို့၏ မျှော်လင့်ရာ ဖြစ်သည့် အကြောင်း စသည်ကို သူ၏လူများအား သိစေလိုသည်။ သူ၏နာမတော်ကို ဖော်ပြခြင်း အားဖြင့် ဘုရားသခင်သည် သူ၏ဂုဏ်အင်္ဂါလက္ခဏာများ၏ ကြီးမားထိုက်တန်ခြင်းကို ဖော်ပြကာ သူနှင့် မိတ်သဟာရ ဖွဲ့နိုင်ကိုးကွယ်ရန် သူ၏လူများကို ဖိတ်ခေါ်နေပါသည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁။ တောက်လောင်နေသော ချုံပုတ်ပုံ (မှီငြမ်းရန်စာအုပ်)

**အခြားသော သင်ထောက်ကူပြု ပစ္စည်းများ**

၁။ ခွေးတစ်ကောင်၏ ရုပ်ပုံ

၂။ *ထွက်၊ ၃း၁၃* ကို ရေးထားသည့် စာရွက်။ (ရေးသားရမည့် ပုံစံကို သင်ခန်းစာ ပို့ချခြင်း အပိုင်းတွင် ကြည့်ပါ။)

၃။ "ထာဝရဘုရား" ဟု ရေးထားသော ကဒ်ပြားသေးလေးတစ်ခု။ "YHWH" ဆိုသည့် စကားလုံးကို ဖုံးအုပ် နိုင်သည့် အရွယ်ဖြစ်ရမည်။

***သင်ခန်းစာ ပို့ချခြင်း***

ခွေးရုပ်ပုံကို ကလေးများအား ပြပါ။ ထိုခွေးနှင့်ပတ်သက်၍ ခက်ခဲသော မေးခွန်းများကို ကလေးများအား မေးပါ။

> မေးခွန်းမေးပါ – *ဒီခွေးရဲ့ အမွေးနုလေးတွေဟာ ဘယ်လိုလုပ်ပြီးတော့ အရောင်ကွဲ၊ အမျိုးအစားကွဲပြီး ကြီးထွား လာကြသလဲဆိုတာ သားတို့သမီးတို့ သိကြပါသလား။ သူ့ရဲ့ကိုယ်ပေါ်မှာ အမွေးအမှင်ပေါင်း ဘယ်လောက် ရှိမယ်ထင်သလဲ။ သူ့ရဲ့ နှလုံးက ဘယ်လို အလုပ်လုပ်တယ် ဆိုတာကိုရော သားတို့သမီးတို့ သိကြသလား။ ခွေးတွေက အဝေးကနေလာတဲ့ အသံနဲ့ အနံ့တွေကို ဘယ်လိုကြား၊ ဘယ်လိုအနံ့ခံနိုင် ကြသလဲဆိုတာကို သားတို့သမီးတို့ သိပါသလား။ သူ့ရဲ့ အမြီးကို ဘယ်လို လှုပ်စေ သလဲဆိုတာကို သားတို့သမီးတို့ သိကြသလား။ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ အရိုးပေါင်း ဘယ်နှစ်ချောင်း ရှိမလဲ။ ခွေးတွေ အိပ်မက် မက်တတ်သလား။*

ထိုခွေးနှင့်ပတ်သက်၍ ၄င်းတို့မဖြေနိုင်သော မေးခွန်းများစွာ ရှိကြောင်းကို ကလေးများအား ထောက်ပြပါ။

> မေးခွန်းမေးပါ – *သားတို့သမီးတို့ဟာ ခွေးတစ်ကောင်ရဲ့ အကြောင်းအရာ အကုန်လုံးကို နားမလည် ပေမယ့်လည်း ခွေးလေးတစ်ကောင်ကို ပိုင်ဆိုင်ဖို့ရယ်၊ ချစ်ခင်ယုယဖို့အတွက်တော့ သူတို့ရဲ့ အကြောင်းကို လုံလုံလောက်လောက် သိထားတယ်မဟုတ်လား။ ခွေးငယ်လေးတစ်ကောင်ကို သိကျွမ်းပြီး၊ ချစ်ခင်ယုယဖို့ အတွက် သူ့ရဲ့ အကြောင်းအလုံးစုံတို့ကို သိထားဖို့ လိုအပ်သလား။ လူတစ်ယောက်က လာပြီးတော့ သားတို့သမီးတို့ကို "ငါမင်းရဲ့ အကြောင်းအကုန်လုံးမှမသိတဲ့အတွက် မင်းနဲ့ ငါစကားမပြောချင်ဘူး၊ ဒါမှ မဟုတ် မင်းနဲ့ ငါ မပေါင်းချင်ဘူး" လို့ လာပြောမယ်လို့ ထင်သလား။*

ပြီးခဲ့သည့် အပတ်က သင်ယူခဲ့သည့် ဘုရားသခင်ကို လုံးလုံးလျားလျား နားမလည်နိုင်သည့် အကြောင်းကို ပြန်၍ ပြောပြပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ လုံးလုံးလျားလျား နားမလည်နိုင်မည့် သူဖြစ်သည်။ ဘုရားအား မေတ္တာထားနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်ကို လုံလုံလောက်လောက် သိနိုင်ပါသလား။ ယောဘ သည်လည်း ဘုရားသခင်အား အလုံးစုံ သိခဲ့ပါသလော။ ယောဘသည် ဘုရားသခင်ကို အလုံးစုံမသိခဲ့သည်ကို ဘုရားသခင်က သိခဲ့ပါသလား။ ဘုရားသခင်က ယောဘအား "မင်း ငါ့ရဲ့အကြောင်းကို အလုံးစုံမသိတဲ့ အတွက် ငါမင်းနဲ့ စကားမပြောချင်ဘူး၊ မင်းနဲ့ ငါ မိတ်မဖွဲ့ ချင်ဘူး" ဟု ပြောခဲ့ပါသလား။ လူ့ဉာဏ်ဖြင့် အလုံးစုံ နားမ လည်နိုင်သော ဘုရားသခင်က သူ့ကို လူသားများက သိရှိနားလည်၍ မေတ္တာထားလာစေရန် ဆန္ဒရှိပါသလား။ ကျွန်ုပ်တို့ အဖြေကို မည်သည့် နေရာတွင် ရှာဖွေတွေ့ရှိနိုင်မည်နည်း။

ကောင်းကြီးမင်္ဂလာပုံးထဲမှ တောက်လောင်နေသည့် ချုံပုတ်ပုံကို ကလေးတစ်ယောက်အား ထုတ်ယူစေပါ။ သမ္မာကျမ်းစာထဲ၌ တွေ့ရသည့် တောက်လောင်နေသည့် ခြုံပုတ်အကြောင်းကို မည်သူမှတ်မိသနည်းဟု မေးကြည့်ပါ။ မည်သူက မည်သူ့ကို တောက်တောင်နေသော ချုံပုတ်မှ စကားပြောခဲ့ကြောင်းကို မေးကြည့်ပါ။ ထိုပုံပြင်ကို *ထွက်မြောက်ရာကျမ်း* ထဲတွင် တွေ့မြင်နိုင်သည့် အကြောင်းကို ကလေးများအား ပြောပြပါ။ (သင်၏ ကျမ်းစာအား ထုတ်ယူပြီး *ထွက်*၊ ၃ လှန်လိုက်ပါ။) နောက်ကြောင်း သမိုင်းအချို့ကို အောက်ပါအတိုင်း ကလေးများကို ပြောပြနိုင်ပါသည် –

> အကြံပြုချက် – ဘုရားသခင်ရဲ့ လူမျိုးဖြစ်တဲ့ ဣသရေလလူမျိုးတွေဟာ ဣဂုတ္တုပြည်မှာ ကျွန်ခံခဲ့ကြတယ်။ ဘုရားသခင်က ဣဂုတ္တုပြည်ရဲ့ ဘုရင်မင်းကြီးဖြစ်တဲ့ ဖာရောမင်းနဲ့ တွေ့စုံဖို့အတွက် မောရှေကို ရွေးချယ်ခဲ့

တယ်။ သူ့ရဲ့ လူတွေကို ပြန်လွှတ်ရမယ် ဆိုပြီး ဖာရောမင်းကို ပြောပြဖို့ မောရှေကို ဘုရားသခင် အလိုရှိခဲ့တယ်။ ဘုရားသခင်က သူ့လူတွေကို သူထားချင်တဲ့ နေရာမှာ ရွှေ့ပြောင်းနေစေချင်ခဲ့တယ်။ မောရှေဟာ တောထဲမှာ သိုးကျောင်းနေတဲ့မှာ ဘုရားသခင်က မောရှေထံပါး ကိုယ်ကို ဖော်ပြခဲ့တယ် (သူ့အား မောရှေ သိစေရန်)။ ဘုရားသခင်က ချုံပုတ်တစ်ခုကို မီးစွဲလောင်စေခဲ့ပြီးတော့ မီးမကျွမ်း သွားအောင် ပြုခဲ့တယ်။ မောရှေကလဲ အဲဒီ ချုံပုတ်ကို ကြည့်ဖို့ ချဉ်းကပ်ခဲ့တယ်။ ချုံပုတ်က မီးလောင် နေပါလျက်နဲ့ မီးမကျွမ်းသွားတဲ့ အဖြစ်ကို မောရှေ နားလည်မယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ မောရှေတစ်ယောက် ဘုရားသခင် ပြုတော်မူတဲ့ အမှုကို လုံးလုံးလျားလျား နားမလည်နိုင်တဲ့ အတွက်ကြောင့် “မင်းနဲ့ ငါ စကားမပြောဘူး၊ မိတ်ဆွေလည်း မဖွဲ့ဘူး” လို့ ဘုရားသခင်က မိန့်တော်မူ ခဲ့သလား။

*ထွက်၊ ၃း၄၊၆* ကို ဖတ်ပါ

***မောရှေ၊ မောရှေဟု -- ငါသည် သင့်အဘ၏ ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရား ဖြစ်သည်ဟူ၍ငင်း မိန့် တော်မူ၏။***

အကြံပြုချက် – *ဘုရားသခင်ဟာ မောရှေနဲ့ စကားပြောချင်သလို၊ သူ့ကို စကားပြောနေတဲ့သူဟာ ဘယ်သူ ဖြစ်သလဲဆိုတာကို မောရှေကို သိစေချင်တယ်။ ဘုရားသခင်က စစ်မှန်သော တစ်ပါးတည်းသော ဘုရားသခင် ဖြစ်တော်မူသော အာဗြဟံ၏ ဘုရားသခင်က သူ့ကို စကားပြောနေတယ် ဆိုတာ မောရှေကို သိစေချင်တယ်။ ဘုရားသခင်က သူဟာ ဘယ်သူဖြစ်ပြီးတော့၊ ဘယ်လို ပုဂ္ဂိုလ်မျိုး ဖြစ်သလဲဆိုတာ မောရှေကို သိစေချင်ခဲ့တယ်။*

အောက်ပါအတိုင်း စိတ်ကူးယဉ်ကြည့်စေရန် ကလေးများအား ပြောပြပါ။ အကယ်၍ အတန်းထဲမှ သင်မသိသော ကလေးငယ် တစ်ဦးသည် သင့်ထံသို့လာ၍ သင့်ကို ၄င်း၏အိမ်သို့ အလည်လာရန်၊ အတူကစားရန် နှင့် သူနှင့် သူငယ်ချင်း အဖြစ်ပေါင်းသင်းရန် လာခေါ်ပါက မည်သို့ ဖြစ်မည်နည်း။ သင့်အနေနှင့် ပထမဆုံး မေးမည့် အရာက “မင်းနာမည် ဘယ်လိုခေါ်သလဲ” ဟူသည့် မေးခွန်း ဖြစ်မည် မဟုတ်ပါလား။ သင့်ကို သူ ပြောပြမည်ဟု ထင်ပါသလား။ သင်နှင့် သူငယ်ချင်းဖွဲ့လိုသော သူက သူ၏နာမည်ကို သင့်အား သိစေလိုပါမည်လား။ မောရှေ သည်လည်း ထိုမေးခွန်းပင်လျှင် ဘုရားသခင်အား မေးခဲ့ပေသည်။ ဘုရားသခင်က သူ၏ နာမည်ကို မောရှေအား ပြောပြမည်ဟု ထင်ပါသလား။

*ထွက်၊ ၃း၁၃၊၁၅ ရေးထားသော စာရှက်ကို ပြကာ ဖတ်ပေးပါ –*

***မောရှေကလည်း၊ အကျွန်ုပ်သည် ဣသရေလအမျိုးသားတို့ရှိရာသို့ ရောက်၍၊ သင်တို့ဘိုးဘေး များ၏ ဘုရားသခင် သည် ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု အကျွန်ုပ်ဆိုလျှင်၊ သူတို့က၊ ထိုဘုရားသခင်၏ နာမတော်ကား အဘယ်သို့နည်းဟု အကျွန်ုပ်ကိုပြန်၍မေးသောအခါ၊ အဘယ်သို့ပြန်ပြောရပါမည်နည်း ဟုဘုရား သခင်အားမေး လျှောက်လေ၏။***

***တဖန်ဘုရားသခင်က၊ “YHWH” (စာလုံးတစ်လုံးစီ ဖတ်လိုက်ပါ) သည်၊ ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလ အမျိုးသားတို့အား ပြောရမည်။ ထိုအမည်သည် အစဉ် ငါ့အမည်ဖြစ်၏။ လူမျိုးအစဉ်အဆက်မပြတ် ငါ့ဘွဲ့နာမ ဖြစ်၏။***

ဘုရားသခင်သည် သူ၏နာမည်မှာ “YHWH” ဖြစ်သည်ဟု ပြောခဲ့သည်။ ထိုကဲ့သို့သော စာလုံးပေါင်း သည့်နာမည်မျိုး ရှိသောသူ တစ်စုံတစ်ယောက် ရှိပါသလားဟု မေးပါ။ ဘုရားသခင်၏ အမည်နာမသည်

သည့်ပြင်နာမည်များနှင့် မတူချေ။ သူတစ်ဦးတည်းသာလျှင် ထိုနာမကို ပိုင်တော်မူ၏။ ကလေးများကို ထိုစာလုံး အားမည်သို့ အသံထွက်ရမည်ကို မေးပါ။ သမ္မာကျမ်းစာကို လေ့လာသောသူများကို ထိုစကားလုံးကို ယာဝ ဆို၍ အသံထွက်ရမည်ဟူ၍ မှတ်ယူကြပါသည်။ သမ္မာကျမ်းစာ ခေတ်က၊ ဘုရားသခင်၏ အမည်နာမသည် အလွန်ထူးမြတ်တော်မူသည့် အတွက်ကြောင့် ဘုရားသခင်၏ လူများသည် ထိုနာမကိုပင် ကျယ်လောင်စွာ မတိုင် တည်ဝံ့ကြပေ။ ၎င်းတို့အနေနှင့် အခြားသော စကားလုံးကို အသုံးပြုခဲ့ကြသည်။ ('ထာဝရဘုရား' ဟု ရေးထား သည့် ကဒ်ကို ယူ၍ စာရွက်ပေါ်တွင် ရေးထားသော "YHWH" ဆိုသည့် စကားလုံးပေါ်တွင် ဖုံးကပ်လိုက်ပါ။) သမ္မာကျမ်းစာထဲ၌ ကိုယ်တော် ဆိုသည့် စကားလုံးကို တွေ့ရှိသည့် အခါတိုင်း ဘုရားသခင်သည် သူ၏ နာမ တော်ကို ကျွန်ုပ်တို့အား ဖော်ပြနေသည်ဟု ဆိုနိုင်ပါသည်။

ဘုရားသခင်ကို ကျွန်ုပ်တို့၏ ဦးနှောက်ဉာဏ်ဖြင့် အလုံးစုံ မသိနိုင်ပါသော်လည်း သူ့အား မေတ္တာထား၍ ယုံကြည်ကိုးစားနိုင်လောက်အောင်မူ ကျွန်ုပ်တို့အား နားလည်သဘောပေါက်နိုင်စွမ်းကို ပေးထားတော်မူကြောင်း ကို ကလေးများအား ရှင်းပြပါ။ ဘုရားသခင်သည် မည်သူဖြစ်၍ မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို ကျွန်ုပ်တို့သည် အလုံးစုံ မရှင်းပြနိုင်ခြင်းကို ဘုရားသခင်သည် နားလည်ပေးပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ဘုရားသခင်သည် "ငါ၏ နာမတော်မှာ "ယာဝ" (ထာဝရဘုရား) ဖြစ်သည်။ သင့်အား ငါ့ကို သိစေလိုသည်။ ငါသည် သင်၏ မိတ်ဆွေဖြစ်လိုသည်။ ငါသည် အဘယ်မျှလောက်ကြီးမြတ်သည်ကို သင့်အား ငါ သိစေလိုသည်" ဟု သူ၏လူများအား စကားပြောနေပါသည်။

***လိုက်လျှောက် ကျင့်သုံးခြင်း***

- ကလေးများအား "Y" ဆိုသည့် စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ၎င်းတို့၏ မိဘများနှင့် ပတ်သက်၍ အကြောင်းအရာ အလုံးစုံတို့ကို သိမသိ ကလေးများအား မေးကြည့်ပါ။ မည်သို့ပင် ဖြစ်စေကာမူ ၎င်းတို့အနေနှင့် ၎င်းတို့၏ မိဘများကို သိပါသည်ဟု ပြောကြ ပါမည်လား။ မိဘများအပေါ် မေတ္တာ ထားနိုင်ရန်အတွက် ၎င်းတို့သည် မိဘများကို လုံလောင်စွာ သိကြနိုင်ပါသလား။ ဘုရားသခင်ကို သိနိုင်ရန် ကျွန်ုပ်တို့သည် ခပ်သိမ်းသော အရာတို့ကို သိနိုင်ရန် လိုပါသလား။ ဘုရားသခင်ကို မေတ္တာထား ယုံကြည်ကိုးစားနိုင်ရန် ဘုရားသခင်က ကျွန်ုပ်တို့ကို သူ့အား လုံလောက်စွာသိနိုင်ရန် အမှုပြုနိုင်ပါသလား။
- အကယ်၍ အခန်းထဲသို့ လူတစ်ယောက်ရောက်လာ၍ သူ၏နာမည်ကို ကျွန်ုပ်တို့ မေးပါသော်လည်း၊ ထိုသူက သူ၏နာမည်ကို မပြောပြလျှင် မည်သို့ဖြစ်မည်ဟု သင် ထင်ပါသနည်း။ ကျွန်ုပ်အား သူ့ကို သိ စေချင်သည်ဟု သင် ထင်မည်လား။ သူသည် ကျွန်ုပ်တို့နှင့် မိတ်ဆွေဖွဲ့လိုသည်ဟု ထင်ပါသလား။ ဘုရားသခင်သည်လည်း သူ၏နာမတော်ကို လူတွေအား သိစေခဲ့သည်မှာ သူသားများအား သူ့ကို သိစေချင်သောကြောင့် ဖြစ်သည်။ သူ၏လူများအတွက် ဘုရားသခင်သည် မိတ်ဆွေတစ်ဦး ဖြစ်ချင်ပေ သည်။
- ကျွန်ုပ်တို့၏ သူငယ်ချင်းများကို ၎င်းတို့၏ နာမည်အားဖြင့် ကျွန်ုပ်တို့ သိကြပါသည်။ တစ်စုံတစ်ဦး၏ နာမည်ကို ကျွန်ုပ်တို့ ပြောလိုက်သည်နှင့် ၎င်းနှင့်ပတ်သော အကြောင်းအရာများ အလိုလိုနေရင်း နှလုံးသားထဲသို့ ရောက်လာတတ်ပါသည်။ သူကတော့ အပြေးသန်သည်၊ သူမကတော့ ပေါင်မုန့် ကြိုက်သည်၊ သူကတော့ ရိုးသားသည်၊ သူကတော့ ကူညီပေးတတ်သည် စသည်ဖြင့် ကျွန်ုပ်တို့ မှတ်မိ

တတ်ကြပါသည်။ ဘုရားသခင်၏ အမည်နာမ ဖြစ်သည့် "ကိုယ်တော်" ဆိုသည့် စကားလုံးကို သင်ကြားလိုက်သည့် အချိန်တွင် မည်သည့်အရာများကို သင် အမှတ်ရပါသနည်း။ မည်သည့် အရာမျိုးက ဘုရားသခင်ကို ကြီးမြတ်တော်မူစေသနည်း။ သူ့အား ကြီးမြတ်တော်မူကြောင်းကို ဖော်ပြပေးသည့် အရာများကို ကျွန်ုပ်တို့အား ဘုရားသခင် သိစေချင်ပါသလား။ အဘယ့်ကြောင့် သိစေလိုသနည်း၊

- *ဆာလံ၊ ၉း၁၀ $_{က}$* ကို ဖတ်ပါ။ သူ၏အမည်နာမကို သိခြင်းအားဖြင့် ကျွန်ုပ်တို့သည် အဘယ့်ကြောင့် ဘုရားသခင် အပေါ်၌ ယုံကြည်ကိုးစား ရပါသနည်း။ ဘုရားသခင်၏ နာမတော်သည် "ကိုယ်တော်" ဖြစ်သည်ကို ကျွန်ုပ် သိသဖြင့် သူ့အား ကျွန်ုပ်သည် မေတ္တာထား ယုံကြည်ကိုးစားရပါမည်လား။ သို့မဟုတ် "ကိုယ်တော်" ၏ ကြီးမြတ်တော်မူခြင်းတို့ကို သိတော်မူသောကြောင့် ကျွန်ုပ်သည် သူ့အား မေတ္တာထား ယုံကြည်ကိုးစားရပါမည်လား။ (သူငယ်ချင်းတစ်ဦး၏ နာမည်သည် --------- (နာမည်ရေးပါ) ဖြစ်သောကြောင့် ကောင်းသည်လား။ သို့မဟုတ် --------- သည် ကျွန်ုပ် အပေါ် အလွန်ကောင်းသည်ဟု ဆိုရခြင်းမှာ သူမသည် မေတ္တာထားတတ်သောသူ၊ အကူအညီပေးတတ်သောသူ၊ သနားကြင် နာတတ်သောသူ ဖြစ်သောကြောင့် စသည်ဖြင့် ဖြစ်သည်။)

သင်ခန်းစာ ၄

**"E" IS FOR ETERNAL** *ထာဝရဖြစ်သော*

**အဓိကအချက်** – ဘုရားသခင်၌ အစနှင့် အဆုံးဟူ၍ မရှိ။

**အဓိကကျမ်းချက်** – တောင်များကိုမဘော်၊ မြေကြီးနှင့် လောကဓာတ်ကို ဖန်ဆင်းတော်မမူမှီ၊ ကိုယ်တော်သည် ရှေးကမ္ဘာ အဆက်ဆက်မှစ၍၊ နောက်ကမ္ဘာ အဆက်ဆက် တိုင်အောင် ဘုရားသခင် ဖြစ်တော်မူ၏။ ဆာလံ၊ ၉၀း၂

**နိဒါန်း** – ဘုရားသခင်သည် လူ့ဉာဏ်ဖြင့် မမှီနိုင်သော သူဖြစ်သည်။ ဘုရားသခင်နှင့်ပတ်သက်၍ အလုံးစုံကို ကျွန်ုပ်တို့သည် ဘယ်သောအခါမျှ နားလည်နိုင်ကြမည် မဟုတ်။ ဘုရားသခင်က ကျွန်ုပ်တို့အား မျှဝေပေးသော သူ၏ ဉာဏ်ပညာတော် (His Wisdom) ဖြစ်သည့် သူ၏ ဂုဏ်အင်္ဂါလက္ခဏာမျိုးကိုမူ ကျွန်ုပ်တို့သည် အလွယ်တကူ နားလည်သဘောပေါက် နိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်မှတပါး အခြားမည်သူမျှ မပိုင်ဆိုင်နိုင်သည့် ဂုဏ်အင်္ဂါ လက္ခဏာ တစ်ချို့ ရှိပါသည်။ ဘုရားသခင် တစ်ပါးတည်းသာလျှင် ထာဝရအရှင်ဖြစ်၍၊ လုံးလုံးလျားလျား မည်သည့်အကူအညီမျှ မလိုပဲ အလိုအလျက် ဖြစ်တည်သောသူ ဖြစ်သည်။

"ထာဝရဖြစ်သော" ဆိုသည့် စကားလုံးသည် ကလေးများအတွက် စဉ်းစားတွေးခေါ်ရမည့် စကားလုံးဖြစ်သည့် အတွက်ကြောင့် ဤသင်ခန်းစာတွင် ကျွန်ုပ်တို့သည် အခြားအရာဝတ္ထု ပစ္စည်းများကဲ့သို့ ဖြစ်တည်ရာ အစမရှိသည့် ဘုရားသခင်၏ နက်နဲဆန်းကြယ်ရာကို အထူးပြုသွားမည် ဖြစ်သည်။ လူ့ဝိညာဉ်၏ ထာဝရ အသက်ရှင်ခြင်းနှင့် ပတ်သက်၍ သင်ခန်းစာ လိုက်လျောက်ကျင့်သုံးခြင်း အပိုင်းတွင် အနည်းငယ် မိတ်ဆက်ပေးကာ၊ ဤသင်ရိုးညွှန်းတမ်း၏ နောက်ဆုံး အခန်းလေးခန်းတွင် ထပ်လောင်း၍ ဖြည့်စွက်ရှင်းပြသွားမည် ဖြစ်သည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁။ ကျောက်ခဲ၊ အရုပ်၊ အပင်၊ မုန့်၊ အဝတ်စ တစ်စ၊ သစ်သား၊ တိရစ္ဆာန်ပုံ (စသည်ဖြင့်)

၂။ မွေးစာရင်း သို့မဟုတ် မွေးကင်းစ ကလေးငယ်ပုံ

၃။ ၈ ½'' * ၁၁'' အရွယ်ရှိ စာရွက်၊ ထိုစာရွက်ပေါ်တွင် "ဘုရားသခင်" ဟု ရေးထားပါ၊ ထို့နောက် အလယ်တည့်တည့်မှ ခေါက်ပါ။

### အခြားသော သင်ထောက်ကူပြု ပစ္စည်းများ

၁။ ၁၈ လက်မ ပတ်လည် ရှိသည့် လေးထောင့်ကျ စာရွက်ပိုစတာကြီး နှစ်ခု။ တစ်ခုပေါ်တွင် "အစလည်း ရှိသည်၊ အဆုံးလည်း ရှိသည်" ဟူသည့် စာသားကို ရေးသား၍ စမှတ်နှင့် ဆုံးမှတ် ရှိသည့် မျဉ်းကြောင်း တစ်ကြောင်းကို ဆွဲပါ။ နောက်တစ်ခုပေါ်တွင်မူ " အစလည်း မရှိ၊ အဆုံးလည်း မရှိ" ဟူသည့် စာသားကို ရေးသား၍၊ အလယ်အလတ်စား အရွယ်လောက်ရှိသည့် စက်ဝိုင်းပုံကို ဆွဲကာ စမှတ်နှင့် ဆုံးမှတ်တို့ကို

မမြင်နိုင် အောင် ပြုလုပ်ထားပါ။ ထိုစာရွက်ပိုစတာ နှစ်ခုလုံးကို မြင်နိုင်သည့် အခန်းတစ်နေရာတွင် ချိတ်ဆွဲထားပါ။

ရွေးချယ်ရန် – အောက်ပါကျမ်းပိုဒ်များကို စာရွက်ကြီး တစ်ခုပေါ်တွင် သို့မဟုတ် ဝိုဒ်ဘုတ် (ကျောက်သင်ပုန်း) ပေါ်တွင် ရေးသားထားပါ – *ဆာလံ၊ ၉၀း၂၊ ဆာလံ၊ ၉၃း၃၊ ယောရှာ၊ ၄၀း၂၈_၃၁ ၊ ကမ္ဘာ၊ ၂၁း၃၃၊ တရား၊ ၃၃း၂၇၊ ယေရမိ၊ ၁၀း၁၀*

## *သင်ခန်းစာ ပို့ချခြင်း*

ယနေ့သင်ခန်းစာတွင် ကောင်းကြီးမင်္ဂလာပုံးအပြင် အခြားအထူးစီမံထားသည့် အရာရှိကြောင်းကို ကြေညာပါ (မျဉ်းကြောင်း နှင့် စက်ဝိုင်းပုံ စက္ကူပိုစတာ)။ ကလေးများကို မည်သည့်အရာများအား ရေးသားထားကြောင်းနှင့် ထိုအရာများကို မည်သည့်အတွက် အသုံးပြုသွားမည်ကို ခန့်မှန်းစေပါ။ ထို့နောက် ကလေးများကို တစ်ယောက်ချင်း ကောင်းကြီးမင်္ဂလာပုံးထဲမှ ပစ္စည်းများကို ထုတ်ယူရန် ရှေ့ထွက်လာစေပါ။

အကြံပြုချက် – *ဒီပစ္စည်းတွေအားလုံးက* (ကောင်းကြီးမင်္ဂလာပုံးထဲမှ ပစ္စည်းများ)၊ *တစ်ခုနဲ့တစ်ခု ဘယ်လိုဆက်နွယ်မှု ရှိကြသလဲ။ အဲဒါတွေကို အမျိုးအစား ခွဲနိုင်မယ့် နည်းလမ်းရှိပါ့မလား။ ဒီ* (မျဉ်းကြောင်းနဲ့ စက်ဝိုင်းပုံပါတဲ့) *ပိုစတာက ဆရာ၊မ တို့ကို အထောက်အကူ ပေးနိုင်မယ်နဲ့ တူတယ်။*

ထုတ်လိုက်သည့် အရာဝတ္ထုတစ်ခုစီတိုင်းနှင့် ပတ်သက်၍ တစ်ခုချင်းစီတိုင်းကို ကလေးများနှင့် အကျဉ်းချုပ်ဆွေးနွေးမှု ပြုပေးပါ။ ကလေးမွေးစာရင်း သို့မဟုတ် မွေးကင်းစ ကလေးပုံကို နောက်ဆုံးမတိုင်မီတွင်ထား၍၊ "ဘုရားသခင်" ဆိုသည့် စာရွက်ကိုမူ နောက်ဆုံးတွင် ထားပါ။

အကြံပြုချက် – *ဒီဟာကတော့ ----- ရုပ်ပါ။ အရုပ်တွေကို စက်ရုံမှာ လုပ်ကြတယ်။ အရုပ်လေးတွေဟာ စက်ရုံမှာ အစပြုကြပြီးတော့၊ တစ်နေ့ကျရင် ဟောင်းလာမယ်၊ ကျိုးမယ်၊ ပျက်မယ် နောက်ဆုံးမှာ အဆုံးသတ်ကြမယ်။ ဒါကြောင့်မို့ ဒီအရုပ်လေးကို "အစလည်းရှိသည်၊ အဆုံးလည်းရှိသည်" လို့ရေး ထားတဲ့ ပိုစတာပေါ်မှာ ချိတ်ထားမယ်၊ ဘာလို့လဲဆိုတော့ အရုပ်လေးက ဒီမျဉ်းကြောင်းလေးလိုပဲ အစရှိတယ် အဆုံးရှိတယ်လေ။* (အခြားတစ်ခုကို ထက်ကောက်လိုက်ပါ)။ *သစ်သားက ဘယ်ကနေလာ တာလဲ။ သစ်သားဆိုတာ သစ်ပင်ကနေ လာတယ်။ သစ်ပင်တစ်ပင်ဆိုတာကလည်း အစကတည်းကနေ ကြီးနေပြီးသားလား။ မဟုတ်ရပါဘူး။ သစ်ပင် ဆိုတာ မျိုးစေ့ကနေတာတယ်။ အဲဒီမျိုးစေ့လေးတွေကနေ တဆင့် အပင်လေးတွေ ပေါက်လာပြီးတော့ ကြီးရင့်လာ ကြတယ်။ နောက်မှာတော့ အခုတ်ခံရပြီး သေသွားကြရတယ်။* (၄င်းနှင့်ကိုက်ညီသည့် ရုပ်ပုံပိုစတာဘေးတွင် ထားလိုက်ပါ။ အခြားသော ပစ္စည်း လေးများဖြစ်သည့် ကျောက်ခဲ၊ မုန့်၊ အဝတ်စ စသည်တို့ ကိုလည်း အထပ်ပုံစံ အတိုင်း ဆက်လုပ်လိုက်ပါ။) *ဒါကတော့ ကလေးတစ်ယောက်ရဲ့ မွေးစာရင်းပါ သို့မဟုတ် ကလေးလေး တစ်ယောက်ရဲ့ ပုံပါ။ ဒါက ဘာကို ပြနေသလဲ။ ဆိုလိုတာကတော့ တစ်စုံတစ်ယောက်ဟာ ဘယ်နေ့၊ ဘယ်အချိန် ဘယ်နှစ်မှာ မွေးဖွား သလဲဆိုတာကို ပြောပြနေပါတယ်။ ဆရာ၊မ တို့အားလုံး မွေးနေ့ ကိုယ်စီ ရှိကြပါတယ်။ လူတွေရဲ့ ခန္ဓာကိုယ်လည်း အိုမင်းရင့်ရော်လာပြီးတော့ ဒါမှဟုတ် ဖျားနာပြီး သေဆုံးသွားနိုင်ပါသလား။ ကဲဒါဆိုရင် ဘယ်ဘက်ပိုစတာ ဘေးနားမှာ ထားရမလဲ။* (ဘုရားသခင်ဟု ရေးထားသည့် စာရွက်ကို ယူလိုက်ပါ။) *ဒါကကော ဘယ်လိုဖြစ်မလဲ။ "ဘုရားသခင်" လို့ဒီမှာ ပြောထားတယ်။ "ဘုရားသခင်" ကို ဘယ်ဘက်မှာ ထားရမလဲ။*

*ဘုရားသခင်က အခြား အရာဝတ္ထုတွေနဲ့ ဒါမှမဟုတ် အခြားလူတွေနဲ့ တူသလား။ အဖြေမှန်ကို ဘယ်မှာ ရှာတွေ့နိုင်မလဲ။ သမ္မာကျမ်းစာထဲမှာ ဆရာ/မ တို့ အဖြေရှာတွေ့နိုင်မှာ ဖြစ်တယ်။*

အောက်ပါကျမ်းပိုဒ်များကို ဖတ်ရှုက်ပေးပါ။ (အကယ်၍ သင်သည် ထိုကျမ်းပိုဒ်များကို ရေးချထားခြင်း မရှိပါက၊ ထာဝရနှင့် ပတ်သက်သည့် စကားလုံးများကို အလေးအနက်ပြုသည့် အနေဖြင့် ဖြည်းဖြည်းခြင်း ဖတ်ပေးပါ။) ဤကျမ်းပိုဒ်များသည် ဘုရားသခင်နှင့် ပတ်သက်၍သာ ရေးသားထားသော ကျမ်းပိုဒ်များ ဖြစ်သည်ကို ထောက်ပြပါ။

***တောင်များကိုမဘော်၊ မြေကြီးနှင့်လောကဓာတ်ကို ဖန်ဆင်းတော်မမူမှီ၊ ကိုယ်တော်သည် ရှေးကမ္ဘာ အဆက်ဆက်မှစ၍၊ နောက်ကမ္ဘာ အဆက်ဆက်တိုင်အောင် ဘုရားသခင်ဖြစ်တော်မူ၏။***
***ဆာလံ၊ ၉၀း၂***

***ကိုယ်တော်၏ပလ္လင်သည် ရှေ့ဦးစွာမှစ၍တည်ပါ။ ကိုယ်တော်သည် ရှေးကာလမှစ၍ အစဉ်အမြဲဖြစ်တော်မူ၏။***
***ဆာလံ၊ ၉၃း၂***

***ထာဝရဘုရားသည် အစဉ်အမြဲတည်တော်မူသော ဘုရားသခင် ဖြစ်ကြောင်းကိုဇင်း၊ မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသော အရှင်ဖြစ်ကြောင်းကိုလည်းကောင်း၊ ––– သင်သည် မသိမကြားဘူးသလော။***
***ယေရှာ၊ ၄၀း၂၈***

***အာဗြဟံသည် ဗေရရှေဘအရပ်၌ –––––– အစဉ်အမြဲတည်တော်မူသော ဘုရားသခင်တည်းဟူသော၊ ထာဝရဘုရား၏ နာမတော်ကို ပဌနာပြုလေ၏။***
***ကမ္ဘာ၊ ၂၁း၃၃***

***ရှေ့ဦးစွာသော ဘုရားသခင်သည် သင့်ခိုလှုံရာဖြစ်၍၊ နိစ္စထာဝရ လက်ရုံးတော်ဖြင့် သင့်ကိုထောက်မတော်မူ၏။***
***တရား၊ ၃၃း၂၇***

***ထာဝရဘုရားမူကား၊ မှန်သောဘုရား၊ အသက်ရှင်သောဘုရား၊ နိစ္စထာဝရဘုရင်ဖြစ်တော်မူ၏။***
***ယေရမိ၊ ၁၀း၁၀***

အထက်ပါ ကျမ်းပိုဒ်များက ဘုရားသခင်နှင့်ပတ်သက်၍ မည်သည့်အကြောင်းကို ကျွန်ုပ်တို့အား ညွှန်ပြနေကြောင်းကို ဆွေးနွေးပါ။ *ဆာလံ၊ ၉၀း၂* ကို ဆင်ခြင်နိုင်ရန် အသုံးပြုပါ။

အကြံပြုချက် – ***"တောင်များကိုမဘော်၊––––"*** *ဆိုတာက ဟိုးလွန်လေပြီးသော အချိန်ကို ဆိုလိုတာလား။ ဟုတ်ပါတယ်။ တောင်တန်းတွေဟာ သက်တမ်းအားဖြင့်ဆိုရင် အရမ်းကို ကြီးရင့်နေကြပါပြီ။ တောင်တန်းတွေဟာ ပထမဦးဆုံး လူယောကျ်ား နဲ့ လူမိန်းမ ကမ္ဘာပေါ်မှာ ရှိစဉ် ကတည်းက ရှိခဲ့ကြတာပါ။ ဒါပေမယ့် အဲဒီ တောင်တန်းတွေ မရှိသေးခင်က ဒီမှာ ဘယ်သူ ရှိခဲ့သလဲ။ ဘုရားသခင် ကိုယ်တော်သည် ရှေးကမ္ဘာ အဆက်ဆက်မှစ၍၊ နောက်ကမ္ဘာ အဆက်ဆက်တိုင်အောင် ဘုရားသခင် ဖြစ်တော်မူ၏။ ကဲတာဆို ဘုရားသခင် ဟာ ထာဝရအရှင် ဖြစ်တယ်ဆိုတာ ဘာကိုဆိုလို တာလဲ။*

"ထာဝရဖြစ်သော" ဆိုသည်မှာ ဘုရားသခင်သည် အစမရှိ၊ အဆုံးမရှိ ဟု ဆိုလိုခြင်းဖြစ်ကြောင်းကို ရှင်းပြပါ။ ဘုရားသခင် အသက် မရှင်ခဲ့သည့် အချိန်ဟူ၍ မရှိခဲ့၊ ဘုရားသခင် အဆုံးသတ် သေဆုံးသွားလိမ့်မည်ဟူ၍လည်း ဘယ်သောအခါမျှ ရှိမည် မဟုတ်။ "ဘုရားသခင်" ဟု ရေးထားသည့် စာရွက်အား စက်ဝိုင်းပုံရေးဆွဲထားသည့်

ပိုစတာ စက္ကူထိပ်ပိုင်းတွင် ချိတ်လိုက်ပါ။ အဘယ့်ကြောင့် စက်ဝိုင်း* ပုံကို အသုံးပြုရခြင်းမှာ – စက်ဝိုင်းတစ်ခု၌ စမှတ် နှင့် ဆုံးမှတ် မရှိသည့် အတွက်ကြောင့် ဖြစ်သည်ကို ရှင်းပြပါ။ ကျွန်ုပ်တို့၏ အစပြုရာ မွေးနေ့ပွဲများကို ကျင်းပတတ်ကြပါသော်လည်း၊ ဘုရားသခင်မှာမူ အံ့ဖွယ်ဆန်းကျယ်သော သူဖြစ်လေရာ မွေးနေ့ပွဲမရှိပါချေ။ ဆိုလိုသည်မှာ ဘုရားသခင်သည် ရှေးကပ်ကာလ ကတည်းက တည်ရှိခဲ့နည်းတူ၊ ထာဝရတိုင်အောင်လည်း အစဉ် တည်ရှိနေမည့်သူ ဖြစ်သည်။

မေးခွန်းမေးပါ – *အဲဒီအကြောင်းကို သားတို့သမီးတို့ သိဖို့ ဘာကြောင့် အရေးကြီးတယ်လို့ ထင်သလဲ။ (ကလေးများကို တုန့်ပြန်အဖြေပေး စေပါ။) ဘုရားသခင်ဟာ သေသွားတဲ့နောက် ဘုရားမဖြစ်တော့ပဲ နေမှာလား။ ဆရာ၊မ တို့ရဲ့ မိတ်ဆွေအဖြစ်ကနေ ဆုံးရှုံးရမှာလား။ မဟုတ်ရပါဘူး၊ သူဟာ အစဉ်အမြဲ ဘုရားရှင် ဖြစ်နေမှာပါ။ ဘုရားသခင်ဟာ နောဧ၊ အာဗြဟံ၊ စာရာ၊ မောရှေတို့ရဲ့ မိတ်ဆွေ တစ်ဦး ဖြစ်ခဲ့သလို၊ အခုချိန် မှာလည်း ဆရာ၊မ ရဲ့ မိတ်ဆွေ ပါပဲ။*

အကြံပြုချက် – *ဘုရားသခင်သည် မည်သူဖြစ်၍ မည်သို့သော ပုဂ္ဂိုလ်မျိုးပါလိမ့်။ သူ့ရဲ့ နာမည်ကတော့ "ထာဝရဘုရား" ဖြစ်တယ်။ ကိုယ်တော်ရှင်ဘုရား ဆိုတာကလည်း လူ့ဉာဏ်ဦးနှောက်နဲ့ အလုံးစုံ နားလည်လို့ မရတဲ့ သူဖြစ်တယ်။ သူဟာ အစလည်း မရှိ၊ အဆုံးလည်း မရှိသောသူ ဖြစ်တယ်။*

*မှတ်ချက် – ထာဝရဖြစ်ခြင်းကို ကိုယ်စားပြု ရည်ညွှန်းဖို့ရန် အတွက် စက်ဝိုင်းပုံသည် ပြီးပြည့်စုံသော ပုံဥပမာ မဟုတ်ကြောင်းကို ကျွန်ုပ်တို့ သိထားပါသည်။ သို့ပါသော်လည်း ယခု သင်ခန်းစာအတွက် အတိုင်းအတာ တစ်ခု ထိတော့ ထိရောက်သည်ဖြစ်ရာ – ကလေးများကို စမှတ် နှင့် ဆုံးမှတ် မရှိသည့် တစ်စုံတစ်ခု၏ ဖြစ်တည်ခြင်းကို တွေးခေါ်မြင်သာစေနိုင်သည်။

### *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "E" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- *ဆာလံ၊ ၉၀း၁–၂* ကို ဖတ်ပါ။ ခိုလှုံရာ ဆိုသည်မှာ အဘယ်နည်းဆိုသည်ကို ကလေးများအား မေးပါ။ ခိုလှုံရာဆိုသည်မှာ အိမ်တစ်အိမ်ကဲ့သို့ ဖြစ်သည်။ မေးခွန်းမေးပါ – *သားတို့သမီးတို့ရဲ့ အိမ်က ဟောင်းအိုနေပြီလား။ အိမ်တွေက ဟောင်းအိုပျက်ဆီးသွား နိုင်ပါသလား။ ဟောင်းအိုပျက်ဆီးခါနီး ဖြစ်နေတဲ့ အိမ်မျိုးက သားတို့သမီးတို့ကို လုံခြုံမှု ပေးနိုင်မလား။*
- "ဘုရားသခင်သည် ထာဝရ ခိုလှုံရာဖြစ်၏" ဆိုသည့် အဓိပ္ပါယ်ကို ရှင်းပြပါ။
- ဘုရားသခင်ဟာ ထာဝရအရှင် ဖြစ်တဲ့အတွက်ကြောင့် ကျွန်ုပ်တို့ကဲ့သို့ ဘုရားသခင်၌ အချိန်အကန့် အသတ်ဟူ၍ မရှိ (မိနစ်၊ နာရီ၊ နေ့ရက် နှင့် နှစ်)။ *ဆာလံ၊ ၉၀း၃* ကို ဖတ်ပေးပါ။ တခါတရံတွင် ဘုရား သခင်က ၄င်းတို့ ဆုတောင်းသည့်အခါ အဖြေပေးရန်အတွက် အဘယ့်ကြောင့် အချိန်ကြာမြင့်စွာယူ တတ်သည်ကို စဉ်းစားပါ။ ဘုရားသခင်အမြင်၌ ထိုအချိန်မျိုးကို ကြာမြင့်သည်ဟု ဆိုနိုင်မည်လား။
- တာရှည်မခံသည့် အရာတစ်စုံတစ်ခုကြောင့် ၄င်းတို့အနေနှင့် စိတ်ပျက်ဖူးလားဟု ကလေးများကို မေးကြည့်ပါ။ အရုပ်တစ်ရုပ်က ပျက်ဆီးနိုင်သလား။ စားစရာတစ်ခုခုဟာလည်း အကောင်ပလောင် တွေရဲ့ အစားခံရ ပါသလား။ စိုက်ပျိုးထားတဲ့ ပန်းတစ်ပွင့်က အိုမင်းရင့်ရော်လာပြီး ကြွေကျနိုင်ပါ သလား။ အိမ်မွေးတိရစ္ဆာန်တွေရော သေဆုံးနိုင်ပါသလား။ သူငယ်ချင်းကောင်း တစ်ယောက်သည်

အဝေးသို့ ထွက်သွားနိုင်သည်။ အဘိုးအဖွားတွေလည်း ဆုံးပါးနိုင်ပါသလား။ *ဟေရှာ၊ ၂၆း၄* ကို ဖတ်ပါ။ အဘယ့်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ထာဝရကာလအတွက် ယုံကြည်ကိုးစား နိုင်ပါသနည်း။ ဘုရားသခင်က ကျွန်ုပ်တို့ကို ဝမ်းနည်းကြေကွဲစေမည်လား။

- ဘုရားသခင် တစ်ပါးတည်းသာလျှင် ထာဝရအရှင် ဖြစ်ရာ၊ သူသည် လူသားကို ဖန်ဆင်းသည့် အခါ ထာဝရ အသက်ရှင်ရန် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့သည် – ဘုရားသခင်နှင့်အတူ ထာဝရအသက်ရှင်ခြင်း သို့မဟုတ် ဘုရားသခင်နှင့် အတူမပါရှိပဲ ထာဝရ ငရဲထဲ အသက်ရှင်ခြင်း *(မဿဲ၊ ၂၅း၄၆)*။ (ဘုရားသခင်၏ ထာဝရဖြစ်ခြင်းနှင့် လူသားတို့၏ ထာဝရအသက် ရှင်ခြင်း တို့၏ ခြားနားချက်ကို ကလေးများအနေနှင့် နားလည်သဘောပေါက်နိုင်ပါစေ။) မည်သည့်အရာက ကျွန်ုပ်တို့ကို ဝမ်းမြောက်ခြင်း ပေးနိုင်မည်နည်း။ ထာဝရအသက်ရရှိစေရန် သင့်အနေနှင့် မည်သည့်အရာကို လုပ်ဆောင်ရမည်နည်း။

မှတ်ချက် – စက်ဝိုင်းပုံ၊ မျဥ်းကြောင်းပုံနှင့် ကောင်းကြီးမင်္ဂလာပုံးထဲရှိ ပစ္စည်းများကို နောက် သင်ခန်းစာများအတွက် သိမ်းထားပေးပါ။

**သင်ခန်းစာ ၅**

## "C" *IS FOR CREATOR* ***ဖန်ဆင်းရှင်***

**အဓိကအချက်** – ခပ်သိမ်းသော အရာတို့ကို ဘုရားသခင် ဖန်ဆင်းတော်မူ၏။

**အဓိကကျမ်းချက်** – *"မိုဃ်းကောင်းကင်ကို ငါတပါးတည်းကြက်လျက်၊ မြေကြီးကို အဘော် မရှိဘဲခင်းလျက်၊ ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းသော ထာဝရဘုရား ဖြစ်၏။"*
*ဟေရှာ၊ ၄၄း၂၄။*

**နိဒါန်း** – ဘုရားသခင်သည် ထာဝရအရှင် ဖြစ်တော်မူ၏။ ထို့အတွက်ကြောင့် ကောင်းကင်တမန်၊ အရာဝတ္ထုများ အားလုံး၊ ငှက်မျိုးစုံ၊ လူ စသည့်ခပ်သိမ်းသောအရာ တို့သည် ထာဝရအသက်ရှင်တော်သော ဘုရားသခင်၌ အရင်းတည်၍ အစပြုခဲ့ကြသည်သာ ဖြစ်သည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်း အမှုအရာများသည် သူ၏ ကြီးမားထိုက်တန် အံ့ဘွယ်ကောင်းတော်မူသော အရာများဖြစ်ရာ၊ သူ၏ဂုဏ်အင်္ဂါ လက္ခဏာတို့ကို "ညွှန်ပြ ပြောဆို" နေကြသည်။ ယနေ့ခေတ် လူသားတို့သည် ရိုးရှင်းမှန်ကန်တော်မူသော သမ္မာတရားကို ငြင်းပယ်၍ လူ့အတွေးအခေါ် သုံးသပ်ချက်တို့ဖြင့် ဖန်ဆင်းခြင်း၏ အစကို ရှာဖွေစူးစမ်းနေကြသည်။ ***"အစအဦး၌ ဘုရားသခင်သည် ---- ဖန်ဆင်းတော်မူ၏။"*** ဟု *ကမ္ဘာ၊ ၁း၁* ၌ သော်လည်းကောင်း၊ ***"အကြောင်းမူကား ထိုသူတို့သည် အချည်းနှီး တွေးဆခြင်း၊ သတိမရှိသော စိတ်နှလုံးမိုက်မဲခြင်းသို့ ရောက်ကြ၏။"*** ဟု *ရောမ၊ ၁း၂၁* တွင် ဖော်ပြထားပြန်သည်။

နောက်သင်ယူမည့် သင်ခန်းစာ ၆ ခုသည် ဘုရားသခင်၏ ဖန်ဆင်းခြင်းအမှုကို အခြေခံ၍ ဘုရားသခင်၏ ဘုန်းတော်၊ ဉာဏ်ပညာ၊ တန်ခိုးတော်၊ အစိုးရတော်မူခြင်း နှင့် ထောက်ပံ့ပေးခြင်းတို့ကို သင်ကြားပေးသွားမည် ဖြစ်သည်။ ဤသင်ခန်းစာအား ဘုရားသခင်ကို ရှေးရှုခြင်းအားဖြင့် သင်ကြားပေးပါ။ သင်ခန်းစာများစွာသည် ဖန်ဆင်းခြင်းနှင့် ပတ်သက်၍ ဖန်ဆင်းထားသောအရာများသည် အံ့သြဆန်းကျယ်လှသည် ဆိုသည့် အချက်ကို အလေးအနက် ထားတတ်ကြသည်။ သို့သော် ထိုအချက်မှာ ဖန်ဆင်းခြင်း၏ အဓိက အချက်မဟုတ်ပေ။ ဖန်ဆင်းခြင်း၏ အဓိကအချက်မှာ **ဘုရားသခင်သည်** အံ့ဖွယ်ဆန်းကျယ်သော ဘုရားသခင်ဖြစ်သည်ဆိုသည့် အချက်ဖြစ်ပါသည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁။ လက်ဖြင့် လုပ်ရသော မုန့်တစ်ခုခု။ ပေါင်မုန့် နှင့် ထောပတ်

**အခြားသော သင်ထောက်ကူပြု ပစ္စည်းများ**

၁။ အဖြူ နှင့် အနက်ရောင် စက္ကူ (နေ့နှင့် ညကို ပုံဆောင်ရန်အတွက်)

၂။ အပြာရောင်စာရွက် သို့မဟုတ် ကောင်းကင်ပြာပုံ တစ်ပုံ

၃။ ကုန်းမြေ (မြေမှုန့်အသုံးပြုနိုင်သည်) နှင့် ပင်လယ် ပုံ၊ သစ်ပင်ပန်းပုံများ (အစစ် အသုံးပြုနိုင်သည်။)

၄။ နေ၊ လ နှင့် ကြယ်များ ပုံ

၅။ ငှက် နှင့် ငါး ပုံ

၆။ ကုန်းနေသတ္တဝါ နှင့် လူပုံ

၇။ *ယောရှု၊ ၄၄း၂၄*ခ ရေးထားသည့် စာရွက်

၈။ ကြည့်မှန်

၉။ သင်ခန်းစာ ၄ ၌ အသုံးပြုခဲ့သည့် စက်ဝိုင်း နှင့် မျဉ်းကြောင်းပါ စက္ကူ ပိုစတာ၊ ကောင်းကြီး မင်္ဂလာပုံးထဲ၌ ထည့်ထားသည့် ပစ္စည်းများ။

ရွေးချယ်ရန် – စက္ကူပိုစတာ အသစ် (စက်ဝိုင်း နှင့် မျဉ်းကြောင်းပါ စက္ကူပိုစတာနှင့် အရွယ်တူညီရမည်။) ထို စက္ကူပိုစတာပေါ်တွင် "အစရှိသော်လည်း အဆုံးမရှိ" ဟူသည့် စာသားကို ရေးသား ထားပါ။ မျဉ်းကြောင်း တစ်ကြောင်းကို ထိုစက္ကူပိုစတာပေါ်တွင် စမှတ်တစ်နေရာမှ စ၍ စက္ကူအစွန်းသားအဆုံးထိ ရေးဆွဲထားပါ။

### *သင်ခန်းစာ ပို့ချခြင်း*

ပြီးခဲ့သည့် အပတ်က အသုံးပြုခဲ့သည့် အရာများကို ယခုပတ်တွင်လည်း ပြန်လည်အသုံးပြုထားကြောင်းကို ပြောပြပါ။ ပြီးခဲ့သည့် အပတ်သင်ခန်းစာကို ပြန်၍သင်ကြားရမည်ဟု ထင်နေပါသလားဟု ကလေးများကို မေးပါ။ သို့မဟုတ် ကောင်းကြီးမင်္ဂလာပုံးထဲတွင် ပစ္စည်းအသစ်ထည့်ရန် မရှိတော့သည့် အတွက်ကြောင့်လား။ အဲဒီ အတွက် ဘယ်သူအဖြေရှာချင်သလဲ။ ကလေးနှစ်ယောက်ကို ရှေ့ထွက်လာစေပြီး ကောင်းကြီးမင်္ဂလာပုံးထဲမှ ပစ္စည်းများကို တစ်ခုချင်း ထုတ်စေပါ။

အကြံပြုချက် – *အို – ပေါင်မုန့်ထောပတ်သုတ် လုပ်ဖို့ လိုအပ်တာတွေ အကုန်လုံး ရှိပြီဟေ့။* (အခြား အဆင်ပြေသည့် မုန့်တစ်ခုခု)။ *ဆရာမ အကြိုက်ဆုံး မုန့်အမျိုးအစားထဲမှာ ပေါင်မုန့်ထောပတ်သုတ် ပါတယ်။ သွားရည်တွေတောင် ကျလာပြီ။ ရောစပ်ရမယ့် အရာတွေအားလုံးနဲ့ အတူ ဓား၊ ဇွန်း၊ ပန်းကန် တွေကို ဒီစားပွဲ ခုံပေါ်မှာ တင်ထားလိုက်မယ်။ အဲဒါဆိုရင်တော့ ပေါင်မုန့်ထောပတ်သုတ်ကို အဆင်သင့် စားနိုင်မှာပေါ့။*

စားပွဲပေါ်တွင် ထားစရာ ပစ္စည်းများကို အကုန်ထားပြီးသည့်နောက် နောက်ဆုတ်ထိုင်လိုက်ပြီး ထိုပစ္စည်းများကို တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်နေလိုက်ပါ။ စက္ကန့်သုံးဆယ်မျှလောက် ထိုင်ကြည့်ပြီးသည့်နောက် မုန့်မှာ စားဖို့ရန် အဆင်သင့် ရှိမရှိ ကြည့်လိုက်ပါ။

အကြံပြုချက် – *မုန့်တွေက စားဖို့ အဆင်သင့် ဖြစ်ပြီလား မသိ။ အင်း အချိန်အနည်းငယ်တော့ လိုသေး တယ်နဲ့တူတယ်။* (ပြန်ထိုင်လိုက်ပြီး စက္ကန့်အနည်းငယ်ကြာ ပြန်ကြည့်လိုက်ပါ)။ *ဟာ ပေါင်မုန့်က အဆင် သင့်မဖြစ်နိုင်သေးဘူးပဲ။ ဘာမလဲ မပြောင်းလဲဘူး။ တစ်စုံတစ်ခု ကျန်ခဲ့တာမျိုး မေ့နေတာမျိုး များရှိလား။* (ကလေးများကို ပြန်လည် တုန့်ပြန်ရန် အချိန်ပေးပါ။)

ပေါင်မုန့်ထောပတ်သုတ်များသည် အလိုလိုနေရင်း မီးဖိုချောင် စားပွဲပေါ်တွင် ပေါ်လာကြခြင်း မဟုတ်သည်ကို ကလေးများအား ရှင်းပြပါ။ အိမ်ပြန်ချိန်တွင် ထမင်းစား စားပွဲပေါ်၌ အမေ အသင့်ပြင်ဆင် ပေးထားသော ပေါင်မုန့်ထောပတ်သုတ် တစ်ပန်းကန်ကို ကလေးများအား မျက်စိထဲတွင် မြင်ယောင်ကြည့်စေပါ။

အကြံပြုချက် – *"အားလား – ဒီထောပတ်ပေါင်မုန့်ကတော့ ကောင်းလိုက်တာ၊ ကျေးဇူးတင်ပါတယ် ပေါင်မုန့် နဲ့ ထောပတ်ရယ်၊ မင်းတို့ဟာ တကယ်ပဲ ကောင်းလှပါတယ်" ဆိုပြီးတော့ သားတို့သမီးတို့ ဒီလို ပြောမှာလား။ အဲဒီလို ပြောမယ့်အစား "အမေရယ် ဒါကတော့ သားသမီး စားဖူးတဲ့ မုန့်တွေထဲမှာ အရသာ အရှိဆုံးပဲ။ အမေ ကတော့ ကမ္ဘာပေါ်မှာ ရှိတဲ့ စားဖိုမှူးတွေထဲမှာ အတော်ဆုံးပဲ အမေ။ ကျေးဇူး အရမ်း တင်တယ်အမေ။ အမေက တော်လေ အရမ်းတော်တာပဲ" ဆိုပြီးတော့ သားတို့သမီးတို့ ပြောကြမှာ မဟုတ်လား။ အရမ်းကောင်းမွန်တဲ့ ပေါင်မုန့်ထောပတ်သုတ်ရဲ့နောက်မှာ အရမ်းတော်တဲ့ မုန့်လုပ်သူ ရှိနေ တယ်လေ။*

မေးခွန်းမေးပါ – *သားတို့ရဲ့အမေက သားတို့သမီးတို့အတွက် သူကိုယ်တိုင် ပေါင်မုန့်ထောပတ်သုတ်ကို လုပ်ပေး တယ်ဆိုပေမယ့် ပေါင်မုန့်နဲ့ ထောပတ်ကို သူကိုယ်တိုင် ဖန်ဆင်းထားတာလား။ အဲဒါတွေကို သူ ဘယ်က ရတာလဲ။ သူ ဈေးကနေ ဝယ်ရတာ မဟုတ်လား။ ဈေးဆိုင်ကရော အဲဒါတွေကို ဘယ်ကရကြ သလဲ။ ဈေးဆိုင် တွေကရော စက်ရုံ နဲ့ လယ်ယာစိုက်ခင်းကနေ ရတာလား။ လယ်သမားတွေကရော အဲဒါတွေကို ဘယ်ကရတာလဲ။ တိရစ္ဆာန်တွေ၊ မြေဆီလွှာတွေကနေရတာလား။ တိရစ္ဆာန်တွေ၊ မြေဆီလွှာ တွေကော ဘယ်ကနေလာကြတာလဲ။ အဲဒီအတွက် အဖြေကို ဆရာ၊မ တို့တွေ ဘယ်မှာ ရှာတွေ့နိုင်မလဲ။*

ရေးချထားသည့် *ဟေရှာ၊ ၄၄း၂၄* ကို ပြသ၍ ဖတ်ပေးပါ။

***မိဃ်းကောင်းကင်ကို ဝါတပါးတည်းကြက်လျက်၊ မြေကြီးကို အဘော် မရှိ ဘဲခင်းလျက်၊ ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းသော ထာဝရဘုရားဖြစ်၏။***

ဘုရားသခင်တစ်ပါးတည်းသာလျှင် ထာဝရကာလမှစ၍ တည်ရှိခဲ့သောသူ ဖြစ်သည့်အတွက် အခြားခပ်သိမ်း သောအရာတို့သည် ဘုရားသခင်မှ အစပြုကြရမည်ဖြစ်ကြောင်းကို ရှင်းပြပါ။ ဘုရားသခင်တစ်ပါးတည်းသာလျှင် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူနိုင်သည်။ ဤကျမ်းပိုဒ်က ဘုရားသခင်ကိုယ်တိုင် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ခြင်းအား ပြောပြထားသည်။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင် ဖြစ်တော်မူသည်။ ခပ်သိမ်းသောအရာတို့အား ဘုရားသခင် ဖန်ဆင်းခဲ့ခြင်းနှင့် ပတ်သက်၍ ကလေးများကို ဥပမာ အချို့ ပေးရန် မေးကြည့်ပါ။

သမ္မာကျမ်းစာပုံပြင် – ဖန်ဆင်းခြင်း *ကမ္ဘာ၊ ၁း၁–၃၁*

ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင်မှာ ဘုရားသခင် ဖြစ်ကြောင်းကို သမ္မာကျမ်းစာ၌ ဖော်ပြထားကြောင်း ကလေးများအား ရှင်းပြပါ။ ၎င်းတို့ကျမ်းစာအုပ်ထဲမှ ကမ္ဘာဦးကျမ်းကို ကလေးများအား ရှာဖွေစေပါ။ ထို့နောက် အခန်းကြီး ၁ ကို ရှာစေ၍ အငယ် ၁ ကို ဆက်ရှာစေပါ။ ထို့နောက် *ကမ္ဘာ၊ ၁း၁* ကို ဆန္ဒရှိသော ကလေးတစ်ဦး တစ်ယောက်အား ဖတ်စေပါ သို့မဟုတ် သင်ကိုယ်တိုင် ဖတ်ပေးလိုက်ပါ။ ထိုသို့ ရှေ့မှဖတ်ပေးသည့်အခါ ကျန်ကလေးများကို လိုက်ရွက်စေပါ။ ခြောက်ရက်တာ ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ ကိုက်ညီသော ပုံများ၊ သင်ထောက်ကူပြု ပစ္စည်းများကို အသုံးပြု၍ အကျဉ်းချုံးပြောပြလိုက်ပါ။

*ကမ္ဘာ၊ ၁း၃၁* ဖြင့်အဆုံးသတ်ပါ။

### *ဘုရားသခင် သည် မိမိဖန်ဆင်းသမျှသော အရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၍၊ ညဦးနှင့်နံနက် သည် ဆဋ္ဌမနေ့ရက်ဖြစ်လေ၏။*

ခပ်သိမ်းသောအရာတို့ကို ဘုရားသခင်တစ်ပါးတည်းကသာလျှင် ဖန်ဆင်းခဲ့ကြောင်း ရှင်းပြပေးပါ။ ထို့ပြင် သူ ဖန်ဆင်းခဲ့သော အရာတိုင်းသည်လည်း တင့်တယ်ကောင်းမွန်ကြသည်။ တစ်ခါတစ်ရံ ဘုရားသခင်၏ ဖန်ဆင်းခြင်းလက်ရာတော်များကို ကြည့်မြင်၍ ကျွန်ုပ်တို့သည် အံ့ဩတွေဝေသွား ရလောက်အောင် ဖြစ်တတ်သည်။ သို့သော်လည်း ဘုရားသခင်က ဖန်ဆင်းခြင်းနှင့် ပတ်သက်၍ အထူးသဖြင့် လူသားနှင့် ပတ်သက်၍ ထိုထက် မက ကျွန်ုပ်တို့ကို ပို၍နားလည်စေချင်သည့် အကြောင်း အရာများ ရှိပါသည်။

အကြံပြုချက် – *လူတွေက ဘယ်လောက်ထူးခြားဆန်းကျယ်ကြသလဲဆိုတာ သားတို့သမီးတို့ သိပါသလား။ ဆရာ/မ တို့ လူသားတွေဟာ ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း ခံခဲ့ကြတယ်။ ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်တော်နှင့်အညီဆိုတာ ဘယ်ဟာကို ဆိုလိုတာပါလိမ့်။* (ကြည့်မှန်ကို ထုတ်ပြီး သင့်ကိုယ်သင် ပြန်ကြည့်လိုက်ပါ။) *ဆရာ/မ ရဲ့ ရုပ်က ဘုရားသခင်နဲ့ တူနေလို့လား။ မဖြစ်နိုင်ဘူး၊ သမ္မာကျမ်းစာကပြောတယ် ဘုရားသခင်က ဝိညာဉ်ဖြစ်တယ်တဲ့။ ဆိုလိုတာက ဘုရားသခင်မှာ ကျွန်တော်တို့လို မြင်နိုင်တဲ့ ခန္ဓာကိုယ်နဲ့ ဆက်ဆိုင်တဲ့ အရိုးအသား မရှိဘူးလို့ ပြောချင်တာ။ ဒါဆိုရင်တော့ ဘုရားသခင်က ဆရာ/မ တို့ကို သူ့ရဲ့အရည်အချင်း တစ်စုံတစ်ခုနဲ့ တူညီအောင် ဖန်ဆင်းခဲ့တာပဲ ဖြစ်ရမယ်။ ဆရာ/မ တို့မှာ ဆင်ခြင်နိုင်နဲ့ နှလုံး သားရှိတယ်၊ ခံစားချက်ရှိကြတယ်၊ ရွေးချယ်ပိုင်ခွင့်လည်း ရှိကြတယ်* နောက်ပြီးတော့ ဘယ်တော့မှ မသေနိုင် တော့တဲ့ ဝိညာဉ်လည်း ရှိတယ်။* (အသစ်ပြင်ဆင်ထားသော စက္ကူပိုစတာကို မိတ်ဆက်ပေးပြီး ရှိနှင့်သော ပိုစတာ နှစ်ခု၏ ကြားတွင် ချတ်ဆွဲလိုက်ပါ၊)

*ဘာလို့ဘုရားသခင်က စဉ်းစားနိုင်ဖို့ စိတ်နှလုံးသားနဲ့အတူ ဆရာ/မ တို့ကို ဖန်ဆင်းခဲ့တာလဲ။ ဘုရားသခင်ကို သိ နိုင်ဖို့။*

*ဘာလို့ ဘုရားသခင်က ခံစားနိုင်ဖို့ ခံစားတတ်တဲ့ စိတ်နဲ့အတူ ဆရာ/မ တို့ကို ဖန်ဆင်းခဲ့တာလဲ။ ဘုရားသခင်ကို မေတ္တာထားချစ် နိုင်ဖို့။*

*ဘာလို့ ဘုရားသခင်က ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ဆန္ဒနဲ့အတူ ဆရာ/မ တို့ကို ဖန်ဆင်းခဲ့တာလဲ။ ဘုရားသခင်ကို ယုံကြည်ကိုးစား နိုင်ဖို့။*

*ဘာလို့ ဘုရားသခင်က ထာဝရအသက်ရှင်မယ့် ဝိညာဉ်နဲ့အတူ ဆရာ/မ တို့ကို ဖန်ဆင်းခဲ့တာလဲ။ ဘုရားသခင် နဲ့အတူ ထာဝရကာလတိုင်အောင် မိတ်သဟာရဖွဲ့ရင်း ဝမ်းမြောက်နိုင်စေဖို့။*

*မှတ်ချက် – လူသားတို့၏ ရွေးချယ်ပိုင်ခွင့်သည် ဘုရားသခင်၏ အစိုးရခြင်း အောက်၌သာရှိသည်။

ကျွန်ုပ်တို့အား အံ့ဩစေသည့် ဘုရားသခင်ဖန်ဆင်းထားသော ခပ်သိမ်းသောအရာတို့၏ ရည်ရွယ်ချက်မှာ ဘုရားသခင်သည် မည်မျှလောက် အံ့ဖွယ်ကြီးမြတ်တော်မူကြောင်းကို ညွှန်ပြရန် အတွက်ဖြစ်သည်။

အကြံပြုချက် – *ဘုရားသခင်က ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းခဲ့တယ်။ သူဟာ အရာခပ်သိမ်းရဲ့ ဖန်ဆင်း ရှင်သခင်ဖြစ်တယ်။ အရာခပ်သိမ်းဟာ ဘုရားသခင်နဲ့ ဆိုင်တယ်။ ဘုရားသခင်က သူ့ကို သိဖို့၊ ချစ်ဖို့၊ ယုံကြည် ကိုးစားဖို့ နဲ့ မိတ်သဟာရဖွဲ့ပြီး အစဉ်ဝမ်းမြောက်နေစေဖို့ ဆရာ/မ တို့ကို ဖန်ဆင်း ခဲ့တာဖြစ်တယ်။ ဘုရားသခင်က သူဖန်ဆင်းထားတဲ့အရာတွေကို ဆရာ/မတို့က ကြည့်ပြီးတော့ "ဒီကမ္ဘာ*

*မြေကြီးဟာ ကိုယ်တော်ဖန်ဆင်းထားတဲ့ အံ့ဖွယ် ကမ္ဘာမြေကြီးပါ၊ ကိုယ်တော်ရှင်သာလျှင် ကြီးမြတ်မှုတယ်၊ အံ့သြဖွယ် ဘုရားသခင်ဖြစ်ပါတယ်" ဆိုပြီး ဆရာမ တို့ကို ချီးမွမ်းစေချင်တယ်။*

### *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "C" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- *ဆာလံ၊ ၂၄း၁* ကို ဖတ်ပါ။ မည်သည့်အရာကို ဆိုလိုသနည်း။
- ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူသဖြင့် ခပ်သိမ်းသောအရာတို့ကို ပိုင်သတော်မူ၏။ ဖန်ဆင်းထားသော ခပ်သိမ်းအရာတို့အပေါ် သဘောဆန္ဒရှိသည့်တိုင်း ဘုရားသခင်၌ လုပ်ပိုင်ခွင့်ရှိသည်။ (ပေါင်မုန့်ထောပတ်သုတ်ကို သင်ပြုလုပ်ရာတွင် ပေါင်မုန့်၌ ဆုံးဖြတ်ပိုင်ခွင့် ရှိပါသလား။ မည်သူက ဆုံးဖြတ်ရပါသနည်း။)
- *ရောမ၊ ၉း၂၀-၂၁* ကို ဖတ်ပါ။ (အကယ်၍ ကလေးများအနေနှင့် ရွှံ့စေးများကို အသုံးပြုရမည် ဆိုလျှင်၊ ၄င်းတို့ကို အိုးလုပ်သူကဲ့သို့ သရုပ်ဆောင် လုပ်ဆောင်စေနိုင်ပါသည်။) ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းသောသူ ဖြစ်သောကြောင့် ကျွန်ုပ်တို့ကို မည်သည့်ဆံပင်အရောင်၊ မည်သည့်အရွယ်အစား နှင့် မည်သည့် မိသားစုဝင် ဖြစ်သင့်သည်ကို ဆုံးဖြတ်ပိုင်ခွင့် ရှိသည်မဟုတ်လား။
- ဘုရားသခင်သည် သူ့ကို သိဖို့၊ ချစ်ဖို့၊ ယုံကြည်ကိုးစားဖို့ နှင့် မိတ်သဟာရဖွဲ့ပြီး အစဉ်ဝမ်းမြောက်နေစေဖို့ရန် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့သည်။ ထိုကဲ့သို့ ကျွန်ုပ်တို့ အစဉ်အမြဲ အသက်ရှင်ပါသလား။ အာဒံနှင့် ဧဝတို့ ထိုကဲ့သို့ ပြုလုပ်ခဲ့ပါသလား။ ကျွန်ုပ်တို့ မည်သို့ သိထားသနည်း။
- စာသင်ကျောင်းများစွာတွင် ခပ်သိမ်းသောအရာတို့သည် လွန်လေပြီးသော နှစ်ပေါင်းသိန်းသန်း များစွာကတည်းက ဖန်ဆင်းရှင် မရှိဘဲ အလိုအလျောက်ဖြစ်လာကြသည်ဟု သင်ကြားပေးကြသည်။ ပေါင်မုန့်နှင့် ထောပတ်တို့ကို ဤအတိုင်းသာ တစ်နာရီခန့်ကြာ ထားထားပါက အလိုအလျောက် ပေါင်မုန့်ထောပတ်သုတ် ဖြစ်လာနိုင်မည်လား။ သို့မဟုတ် တစ်နှစ်။ သို့မဟုတ် နှစ်ပေါင်း ၁၀၀၀ မျှလောက် ထားမည် ဆိုလျှင် မည်သို့ ဖြစ်လာကြမည်နည်း။
- ဖန်ဆင်းထားသော အရာများက ဖန်ဆင်းရှင်ဘုရားသခင်သာ သာ၍စိတ်ဝင်စားဖွယ် ဖြစ်မလာစေရန် ကျွန်ုပ်တို့ မည်သို့ သတိပြုသင့်ပါသနည်း။ ခပ်သိမ်းသော ဖန်ဆင်းခြင်းတို့သည် ဖန်ဆင်းရှင် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြနေခြင်းဖြစ်သည်ကို ကျွန်ုပ်တို့သည် မည်သို့ စဉ်းစား၊ ပြောဆို၊ အသက်ရှင်နိုင်မည်နည်း။ *ဆာလံ၊ ၈း၁-၂၈၊ ၃-၄။*

**သင်ခန်းစာ ဇ**

***"G" IS FOR GLORIOUS*** ***ဘုန်းကြီးသော***

**အဓိကအချက်** – ဘုရားသခင်သည် သူ၏ကြီးမြတ်ခြင်းနှင့် ထိုက်တန်ခြင်းတို့ကို ထင်ရှားစေသည်။

**အဓိကကျမ်းချက်** – မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍ မိုဃ်းမျက်နှာကျက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏။ ဆာလံ၊ ၁၉း၁

အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော် မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည် ကာလမှစ၍ ထင်ရှားလျက်ရှိ ကြ၏။ ရောမ၊ ၁း၂၀က

**နိဒါန်း** – ဖန်ဆင်းတော်မူခြင်းအမှုက ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းကို ထင်ရှားစေသည်။ ဤသည်မှာ ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်ကို "ပြသပြောဆိုသော" အရာ ဖြစ်သည်။ ဤအရာနှင့် ပတ်သက်၍ ဂျွန်ပိုက်ပါ က –

ဘုရားသခင်၏ ဘုန်းတော်ဆိုသည်မှာ သူ၏ ဖော်ပြပါ ပြီးပြည့်စုံခြင်းတို့၏ လှပခြင်း ဖြစ်သည်။ ၄င်းကို မြင်တွေ့နိုင်သော အံ့ဖွယ် တောက်ပနေသည့် အံ့ဖွယ်ရောင်ခြည်တန်းများ ကဲ့သို့ ဖြစ်သည် ဟုဆိုနိုင်သည်။ သို့မဟုတ် ဘုရားသခင်၏ လှပကျော့ရှင်းသော ဘုရားသခင်၏ အဆုံးအစမဲ့ ဂုဏ်အင်္ဂါ လက္ခဏာများ၏ တောက်ပခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေ အထက်ပါ ဆိုလိုခြင်း နှစ်ခုလုံးသည် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့၏ စစ်မှန်ခြင်းကို ညွှန်ပြ နေသည်။ ---- ထို့ကြောင့် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူ၏အဆုံးအစမဲ့ အံ့ဖွယ်ကြီးမြတ် တော်မူခြင်းနှင့် ထိုက်တန်တော်မူခြင်း တည်းဟူသော သူ၏ ဘုန်းတော်ကို ထင်ရှားစောင့်ထိန်းတော်မူရန် ဖြစ်သည်။

ဘုရားသခင်၏ ဘုန်းတော်သည် အနည်းငယ်မျှသာ အရေးပါသော အရာမျိုးမဟုတ်ပေ။ သူ၏ဘုန်းတော်သည် ဘုရားသခင် ပြုတော်မူသော အမှုအရာအားလုံး၏ အဆုံးသတ် ရည်ရွယ်ချက်ဖြစ်သည်။ ထို့အတွက်ကြောင့် သမ္မာကျမ်းစာ၌ အထပ်ထပ် အခါခါ ဖော်ပြထားသည် *"ကိုယ်တော်၌သာ ဘုန်းကြီးခြင်း ရှိစေသော်"* ဆိုသည့် ဆိုလိုရင်းကို နားလည်လာကြစေရန် ကလေးများအတွက် အုတ်မြစ်ကျပေးရန်မှာ အလွန်အရေးကြီးပါသည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁။ လက်ဝတ်ရတနာ ဗူး သို့မဟုတ် လက်ဝတ်ရတနာများ ထည့်ထားသော စွဲဆောင်မှုရှိသည့် ဗူး၊ သို့မဟုတ် စိတ်ဝင်စားစရာကောင်းသည့် ဗူး၊ ကော်ဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာများ*

***မှတ်ချက်** – ရတနာဗူးသည် နောက်လာမည့် သင်ခန်းစာများအတွက် အဓိက သင်ထောက်ကူ ပစ္စည်း အဖြစ် အသုံးပြုသွားမည်။ ထို့ကြောင့် ထိုဗူးကို ဆွဲဆောင်မှုရှိရန် ပြင်ဆင်ရာတွင် အချိန်ယူ ပြင်ဆင်ပါ။

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁။ မြင်နိုင်၊ ခံစားနိုင်၊ မြည်းစမ်းနိုင်၊ ကြားနိုင်၊ အနံ့ခံနိုင်သည့် သဘာဝ ပစ္စည်းတစ်ခုစီ (ဥပမာ – ရောင်စုံငါးပုံ၊ ကျောက်ခဲတစ်လုံး၊ ပန်းသီးတစ်လုံး၊ ရေလှိုင်းပုံ နှင့် ပန်းတစ်ပွင့်)။

၂။ *ဆာလံ၊ ၁၉း၁* နှင့် *ရောမ၊ ၁း၂၀*_က ကိုရေးထားသည့် စက္ကူလိပ်

အခြားရွေးချယ်ရန် – နေလကြယ်များ နှင့် ဂြိုလ်ပုံများ

### *သင်ခန်းစာ ပို့ချခြင်း*

"ပြသပြောဆိုသော" အရာနှင့် ပတ်သက်၍ တစ်စုံတစ်ခုကို ကလေးများ ကြားဖူးပါသလားဟု မေးကြည့်ပါ။ ကလေးများက ရှင်းပြခြင်း သို့မဟုတ် သင်ကိုယ်တိုင် ရှင်းပြပေးပါ။

အကြံပြုချက် – *သားတို့သမီးတို့ကို "ပြသပြောဆိုသော" အရာတစ်စုံတစ်ခုကို ကျောင်းမှာ ယူလာဖို့ ပြောတယ် ဆိုပါစို့။ စုတ်ပျက်နေပြီဖြစ်လို့ အမေက လွှတ်ပစ်မဲ့ဆဲဆဲ ဖိနပ်တစ်ရံကို သားတို့သမီးတို့ ယူလာပါ့မလား။ ယူလာမယ်လို့တော့ ဆရာမ မထင်ဘူး။ သားတို့သမီးတို့အနေနဲ့ အကောင်းဆုံး၊ အလှပဆုံး၊ တန်ဖိုးအရှိဆုံး ဆိုတာမျိုးကို ယူလာချင် ကြမှာပဲ။ ဒီနေ့ ဆရာမ က "ပြသပြောဆိုသော" အရာ တစ်ခုကို ယူလာတယ်၊ အဲဒါကို သားတို့သမီးတို့ထဲက တစ်ယောက်ယောက် ကောင်းကြီးမင်္ဂလာပုံး ထဲကနေ ထုတ်ပေးစေချင်တယ်။*

ကလေးတစ်ယောက်ကို ရတနာဘူးလေးအား ထုတ်ယူစေပါ။ သို့သော် ထိုဘူးကို မဖွင့်စေပါနှင့်။ ထိုဘူးလေးထဲတွင် သင်ထည့်ထားသည့် အရာများကို ပြောပြပါ။ ထိုကဲ့သို့ ပြောပြရာတွင် အလွန်စိတ်ဝင်စားဖွယ်ကောင်းအောင်၊ မျက်စိထဲအထိ ပုံဖော်လာနိုင်အောင် အတတ်နိုင်ဆုံး ပြောပြပေးပါ။ ထိုသို့အားဖြင့် ကလေးများသည် အတွင်း၌ ထည့်ထားသည့် ပစ္စည်းကို အလွန်တွေ့မြင်လိုစိတ် ရှိလာစေရန် ဖြစ်သည်။ ထို့နောက် –

မေးခွန်းမေးပါ – *ကယ် အခုချိန်မှာ ဆရာမ အနေနဲ့ "ပြသပြောဆိုသော" အရာနဲ့ ပတ်သက်ပြီးတော့ ဘာလုပ် ဖို့ကျန်နေသေးသလဲ။* (ကလေးများကို စဉ်းစားခန့်မှန်းစေပါ)။ *အထဲက ဥစ္စာက ဘာလဲဆိုတာ ပြဖို့ မေ့နေတယ်။ အထဲမှာ ထည့်ထားတဲ့ ရတနာတွေအကြောင်းကို ဆရာမ အများကြီး ပြောပြခဲ့ပေမယ့် သားတို့သမီးတို့ကို ထုတ်မပြရသေးဘူး။ ဆရာမ ပြောတဲ့ အရာတွေကို သားတို့သမီးတို့ အနေနဲ့ ကိုယ်တိုင်မျက်စိနဲ့ မြင်ပြီးတော့၊ ထိတွေ့ ခံစားနိုင်ဖို့အတွက် အရေးကြီးတယ်လို့ ထင်ပါသလား။ အဲဒီလို ပြပေးမယ်ဆိုရင်တော့ သားသို့သမီးတို့ အနေနဲ့ အဲဒီရတာနာတွေဟာ ဘယ်လောက်ထိ တောက်ပကြသလဲ ဆိုတာကို တွေ့မြင်နိုင်မှာ ပေါ့နော်။*

တစ်စုံတစ်ခုအကြောင်းကို ပုံဖော်ရှင်းပြခြင်း နှင့် မြင်တွေ့နိုင်ရန် ပြသပေးခြင်းတို့သည် မတူညီကြပေ။ (ရတနာဘူးလေးကို ဖွင့်ပြီး အထဲမှ ရတနာများကို ထုတ်ပြလိုက်ပါ)။ သင်ပြောပြနေသည့် အချိန်နှင့် ယခု ၄င်းတို့မျက်စိဖြင့် ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရသည့်အခါ ခံစားမှု မည်သို့ ခြားနားကြောင်းကို ကလေးများအား မေးကြည့်ပါ။ ဥပမာ – ကလေးများကို ရတနာများသည် အလင်းထဲ၌မူ အလွန်တောက်ပကြကြောင်းကို သင်သည် ပြောပြထားသည် ဆိုပါစို့။ ထိုရတနာများကို ထုတ်ပြလိုက်သည့်အခါ အမှန်တကယ် တောက်ပကြပါသလား။ ၄င်းတို့ကို မျက်စိဖြင့် မြင်ရသော အခါ ပို၍ အံ့သြစရာ မကောင်းဘူးလား။ ကလေးများသည်လည်း ပို၍ နှစ်သက်ကြသည်

မဟုတ်လား။ ရတနာများကို မြင်သည့်အခါ ကလေးများပို၍ စိတ်လှုပ်ရှားကြသည် မဟုတ်လား။ ပို၍ပို၍ လိုချင်တောင့်တကြမည် မဟုတ်လား။ ကလေးများအနေနှင့် ၄င်းတို့ မျက်စိဖြင့် ကိုယ်တိုင် မြင်ကြသောအခါ ပို၍ အံ့သြစရာကောင်းသည်ဟု ထင်ကြမည် မဟုတ်ပါလား။

အကြံပြုချက် – *"ပြသပြောဆိုသော" ဆိုတဲ့ လုပ်ရပ်လေးကို ဆရာ/မ ဒီကနေ့မှာ လုပ်ဆောင်ပြသတာကို ကလေးတို့ အံ့သြကောင်း အံ့သြနိုင်ပါတယ်။ ဒီ "ပြသပြောဆိုသော" ဆိုတဲ့ သရုပ်ဖော်မှုနဲ့ ဘုရားသခင်က ဘာဆိုင်လို့လဲ။ ဆရာ/မ တို့ ဒီနေရာမှာ ရှိနေကြရတဲ့ အကြောင်းအရင်းကတော့ ဘုရားသခင်ဟာ ဘယ်သူ ဖြစ်သလဲ၊ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ ဆိုတာကို အဖြေရှာဖို့ မဟုတ်လား။ ဥပမာ –* (ရတနာဘူးလေးကို ပိတ်လိုက်ပါ) *ဘုရားသခင်က အရမ်းထူးမြတ်တဲ့သူ ဖြစ်တယ်လို့ ဆရာ/မ က သားတို့သမီးတို့ကို ပြောခဲ့တယ်။ သမ္မာကျမ်းစာ ကလည်း ဘုရားသခင်ဟာ နားလည်လို့မရဘူး၊ ထာဝရအရှင်ဖြစ်တယ် နောက်ပြီး ဖန်ဆင်းရှင် ဖြစ်တယ်လို့ ပြောပြထားတယ်။ ဒါပေမယ့်* (ရတနာဘူးလေးကို ပြန်ဖွင့်လိုက်ပါ) *ဘုရားသခင်ဟာ ဘယ်သူဖြစ် သလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးလည်းဆိုတာကို ဘယ်အရာက ဖော်ပြတွေ့မြင် စေနိုင်မလဲ။*

*ဘုန်းတော် ဆိုတဲ့ အရမ်းကို လေးနက်ပါသော စကားလုံးကို ဆရာ/မ သင်ပေးချင်တယ်။ အဲဒီစကားလုံးက ဘုရားသခင်ဟာ ဘယ်သူဖြစ်သလဲ၊ ဘယ်လိုမျိုး ပုဂ္ဂိုလ်ဖြစ်သလဲဆိုတာကို ဖော်ပြတဲ့ အခါမှာ အသုံးပြုတဲ့ စကားလုံးဖြစ်တယ်။ ဘုရားသခင်ရဲ့ အကြောင်းကို ပြောပြလို့ရသလို၊ သူ့ရဲ့ တန်ခိုးတော်၊ ချစ်ခြင်းမေတ္တာ၊ ဥာဏ်ပညာ နက်နဲခြင်းတွေကို ဖော်ညွှန်းလို့ရတယ်* (ရတနာဘူးလေးကို အနီးသို့ သာ၍တိုးကိုင်လိုက်ပြီး၊ အထဲကို လက်ညိုး ညွှန်လိုက်ပါ)၊ *ဒါ့အပြင် ဘုရားသခင်ကို ညွှန်ပြပြောဆိုနေတဲ့ အရာတွေကိုလည်း ပြောလို့ ရတယ်။ ဒါပေမယ့်* (ရတနာဘူးလေးကို ဖွင့်၍ အထဲ၌ထည့်ထားသည့် အရာများကို ကြည့်လိုက်ပါ)။ *ဘုရားသခင်ကိုယ်တိုင်က သူ့ရဲ့ ကြီးမားထိုက်တန်တော်မူခြင်းကို ဖော်ပြပေးတာက ပိုပြီးတော့ ကောင်းပါတယ်။*

မောရှေကိုယ်တိုင်သည်လည်း ဘုရားသခင်၏ ဘုန်းတော်ကို ကိုယ်တိုင်မြင်ရပါက သာ၍ထူးမြတ်မည်ဟု ထင်ခဲ့ကြောင်းကို ကလေးများအားပြောပြပါ။ ထို့ကြောင့် မောရှေသည်လည်း ဘုရားသခင်၏ ဘုန်းတော်အား ဖော်ပြပေးရန် တောင်းခံခဲ့သည်။

**ကျမ်းစာပုံပြင် – မောရှေ နှင့် ဘုရားသခင်၏ ဘုန်းတော်** ***ထွက်၊ ၃၃း၁၈–၂၃***

အောက်ပါအချက်များကို အလေးအနက်ထား ပြောပြပါ –

- ဘုရားသခင်၏ ကြီးမြတ်ထိုက်တန်တော်မူခြင်းကို မောရှေ တွေ့မြင် ချင်ခဲ့သည်။
- ဘုရားသခင်သည်လည်း မောရှေအား သူ၏ ကောင်းမြတ်ခြင်း၊ သနားကြင်နာခြင်း တို့ကို ဖော်ပြရန် သဘောတူခဲ့သည်။
- ဘုရားသခင်သည် သူ၏ ဘုန်းတော်အလုံးစုံကို ဖော်ပြသည်မဟုတ် (မျက်နှာချင်း ဆိုင်၍)၊ အကြောင်းအရင်းမှာ ဘုရားသခင်၏ ဘုန်းတော်သည် အလွန်ကြီးမြတ်တော်မူရာ မခံမရက်နိုင်ဖြစ်ကာ မောရှေ သေသွားနိုင်သည့် အတွက်ကြောင့် ဖြစ်သည်။

အဘယ့်ကြောင့် ဘုရားသခင်၏ ဘုန်းတော်ကို ပြီးပြည့်စုံစွာ ကျွန်ုပ်တို့သည် မမြင်နိုင်ရကြောင်း ကလေးများကို မေးပါ။ (အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် သေကြမည် ဖြစ်သောကြောင့်။) ဘုရားသခင်၏ ကြီးမြတ်တော်

မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို အလုံးစုံ ရှုမြင်ခြင်းမှာ ကျွန်ုပ်တို့ မခံနိုင်သေးသော အရာဖြစ်သည်။ ထိုအရာသည် အလွန်ကြီးမြတ်တော်မူ၏။

ဤအချက်ကို ပို၍သိသာထင်ရှားစေရန် နေရောင်ခြည် အကြောင်းကို အောက်ပါအတိုင်း ပြောပြနိုင်ပါသည်။ *သားတို့သမီးတို့အနေနဲ့ နေမင်းကြီးကို စိုက်ကြည့်နိုင်ပါသလား။ မဖြစ်နိုင်ပါဘူး – နေမင်းကြီး အရမ်းကို တောက်ပနေတာကိုး။ ကျွန်တော်တို့ ကြိုးစားကြည့်ရင်ကော ဘာဖြစ်မလဲ။ မျက်စိ နာပြီးတော့၊ ကမ်းတောင် ကမ်းသွားနိုင်ပါတယ်။ ဒါက နေမင်းကြီးဟာ မကောင်းဘူးလို့ ပြောလို့ရလား။ ပြောလို့မရပါဘူး၊ နေမင်းကြီးဟာ ဆရာ/မတို့ကို အလင်း၊ အနွေးဓာတ် နဲ့ အစားအသောက်ကို ပေးတာပါ။ အလွန်ကောင်းတဲ့ အရာပဲပေါ့။ ဘုရားသခင်၏ ဘုန်းတော်သည်လည်း အလွန်ကောင်းမြတ်တော်မူပါတယ် (ထွက်၊ ၃၃း၁၉)။ ထိုဘုန်းတော် မရှိပါက ကျွန်ုပ်တို့သည်လည်း အသက်ရှင်နိုင်မည် မဟုတ်ပေ။*

> မေးပါ – *ဘုရားသခင်ရဲ့ ဘုန်းတော်တစ်ချို့ကို မြင်နိုင်ဖို့ နည်းလမ်းရှိတယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ ဘုန်းတော်၏ ကြီးမြတ်တော်မူခြင်း အရှိန်ကြောင့် သေဆုံးနိုင်ပါသော်လည်း ဆရာ/မတို့ မသေနိုင်လေအောင် ဘုရားသခင်က သူ့ရဲ့ ကြီးမြတ်တော်မူခြင်းနဲ့ ထိုက်တန်တော်မူခြင်းကို ဖော်ပြပေးတဲ့ နည်းလမ်း ရှိပါသလား။ နေ မင်းကြီးကို ကြည့်တဲ့အခါမှာ မျက်စိ မပျက်မယ့် နည်းလမ်းမျိုး ရှိပါသလား။ မရှိပါဘူး။ ဒါပေမယ့် နေမင်းကြီးရဲ့ လုပခြင်းနဲ့ သူ့ရဲ့စွမ်းအင်တွေကိုတော့ တွေ့မြင်နိုင်ပါတယ်။ နေဝင်တဲ့ အချိန်မျိုးမှာ ကောင်းကောင်တစ်ခုလုံး နေရောင်ခြည်သန်းနေတဲ့ ရောင်စုံဝေဖြာနေတဲ့ ကောင်းကင်ကြီးကို တွေ့မြင်နိုင်ပါတယ်။ စဉ်းစားကြည့်နော် နေမင်းကြီးကို အပြည့်အဝတွေ့ မြင်ရမယ်ဆိုရင် ဘယ်လောက်ထိ စွမ်းအားကြီးလိမ့်မလဲနော်။*

*ဆာလံ၊ ၁၉း၁* နှင့် *ရောမ၊ ၁း၂၀က* ကိုရေးထားသည့် စက္ကူလိပ်ကို ပြပါ။

***မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍ မိုဃ်းမျက်နှာကျက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏။***

*ဆာလံ၊ ၁၉း၁*

***အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော် မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝ ရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိ ကြ၏။***

*ရောမ၊ ၁း၂၀က*

"မိုဃ်းကောင်းကင်" ဆိုသည်မှာ ကြယ်များ၊ ဂြိုလ်အင်္ဂါများ၊ နေ နှင့် လ စသည်တို့ ပါဝင်ကြောင်းကို ရှင်းပြ ပေးပါ။ စသည်တို့၏ အရွယ်အစား၊ တောက်ပမှု၊ အရောင် နှင့် အကွာအဝေး စသည်ဖြင့် ၄င်းတို့၏ အံ့ဖွယ် ကောင်းသော အချက်များကို ပြောပြပါ (ဖြစ်နိုင်လျှင် အထောက်အကူဖြစ်စေမည့် လိုအပ်သည့် အရာများကို အသုံးပြုပါ)။ ညအနေချိန်၌ သော်လည်းကောင်း၊ နေ့အချိန်၌ သော်လည်းကောင်း ကောင်းကင်ကို ကျွန်ုပ်တို့ မျှော်ကြည့်သည့် အခါ ဘုရားသခင်က "ထိုအရာများကို ဖန်ဆင်းတော်မူ၏။ ငါသည် ကြီးမြတ်၏၊ ကြီးမြတ်၏" ဟု ပြောဆိုနေခြင်းပင် ဖြစ်သည်။

ဘုရားသခင်၏ ဘုန်းတော် အလုံးစုံကို ရှုမြင်ရန်မှာ အလွန်ကြီးမားသည့် အတွက်ကြောင့် "မိုဃ်းကောင်းကင်" သည် ဘုရားသခင့် ဘုန်းတော်၏ သေးငယ်သော အစိတ်အပိုင်းမျှသာ ရှိသေးကြောင်းကို ရှင်းပြပါ။ *ရောမ၊ ၁း၂၀က*

ကို ညွှန်ပြရင်း မိုးဃ်းကောင်းကင်ကြီး တစ်ခုလုံးတင်မကဘဲ ကျန်ဖန်ဆင်းခြင်းအလုံးစုံတို့သည်လည်း ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းနှင့် ထိုက်တန်တော်မူခြင်းတို့ကို ဖော်ကျူးနေကြောင်း ရှင်းပြပါ။

သဘာဝ အရာများကို အသုံးပြုရင်း အောက်ပါအတိုင်း ပြောဆိုပါ။

အကြံပြုချက် – *ငါးလေးတစ်ကောင်ကို သားတို့သမီးတို့ မြင်လိုက်တာနဲ့ ဘုရားသခင်က သူ့ရဲ့ ဘုန်းတော်ကို အနည်းငယ် ဖော်ပြနေတယ်။ ကျောက်ခဲတစ်လုံးကို သားတို့သမီးတို့ ကောက်ယူ ထိတွေ့ လိုက်တာနဲ့ ဘုရားသခင်က သူ့ရဲ့ ဘုန်းတော်ကို အနည်းငယ်ဖော်ပြ ပေးတယ်။ သားတို့သမီးတို့က ပန်းသီးတစ်လုံးကို တစ်ကိုက် ကိုက်ပြီး အရသာခံလိုက်တာနဲ့ ဘုရားသခင်ဟာ သူ့ရဲ့ဘုန်းတော်ကို အနည်းငယ် ဖော်ပြပေးတယ်။ ပန်းပွင့်တွေ၊ ရေလှိုင်းတွေ၊ တောင်တန်းတွေ၊ မီးတောင်တွေ၊ ရေတံခွန်တွေ၊ ငှက်တွေ၊ သစ်ကုလားအုပ်တွေ၊ ဆင်ကြီးတွေ၊ သစ်ပင်တွေ၊ ငှက်ပျောသီးတွေ၊ ဖရုံသီးတွေ၊ တိမ်တိုက်တွေ၊ မိုးကြိုးတွေ၊ နှင်းတွေ ဒါတွေအားလုံးက ဘုရားသခင်ရဲ့ ကြီးမြတ်ခြင်းနဲ့ ထိုက်တန်တော်မူခြင်းကို နည်းနည်းစီ ဖော်ပြပေးကြတယ်။ ဒီလောက်အံ့ဖွယ်ကောင်းတဲ့ အရာတွေကတောင် ဘုရားသခင်ရဲ့ ဘုန်းတော်ကို အနည်းငယ်လောက်ဘဲ ဖော်ပြပေးနိုင်တယ်ဆိုရင် ဘုရားသခင်ဟာ ဘယ်လောက်ထိ ကြီးမြတ်လိုက်လေမလဲနော်။*

ဘုရားသခင်ဟာ ဘုန်းတန်ခိုးတော်နဲ့ ကြွယ်ဝပြည့်စုံတဲ့သူပါ။ သူ့ရဲ့ဘုန်းတော်ကို ထင်ရှားစေရန် ခပ်သိမ်းသော အရာတို့ကို ဘုရားသခင် ဖန်ဆင်းခဲ့သည်။ ဘုရားသခင် အမှုပြုသည့် အရာတိုင်း သူ၏ဘုန်းတော်ထင်ရှား စေရန် ဖြစ်သည်။ သမ္မာကျမ်းစာ၌ ရေးသားထား သမျှသော အရာတို့သည် သူ၏ဘုန်းတော်ကို ထင်ရှားစေရန် ရေးသားထားခြင်း ဖြစ်သည်။ ***မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်သလော၏။*** *(ဟေရှာ၊ ၆း၃)*

> အကြံပြုချက် – *"ယာဝိ" ဆိုသည်မှာ ထာဝရဘုရားသခင် ဖြစ်၏။ ထာဝရဘုရားသခင်ဟာ နားလည်၍ မရနိုင်သော၊ ထာဝရအရှင်၊ ဖန်ဆင်းရှင်၊ ဘုန်းကြီးတော်မူသော အရှင်ဖြစ်တော်မူ၏။*

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "G" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဤသင်ခန်းစာအတွက် လေ့ကျင့်ခန်းအုပ်ထဲတွင် ဖွင့်ထားသည့် ရတနာဘူးပုံလေး ရှိရခြင်းမှာ အဘယ့်ကြောင့်နည်းဟု ကလေးများအား မေးပါ။ ဘုရားသခင်၏ဘုန်းတော်မှာ ရတနာဘူး မဟုတ်ကြောင်း ကလေးများအနေနှင့် ကောင်းမွန်စွာ ခွဲခြားတတ်ပါစေ။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းနှင့် ထိုက်တန်တော်မူခြင်းကို ဖော်ခြင်းကို နားလည်ရန် ပုံဥပမာအနေနှင့် ကျွန်ုပ်တို့ အသုံးပြုရခြင်း ဖြစ်သည်။
- အဘယ့်ကြောင့် "ပြသပြောဆိုခြင်း" အတွက် ဆရာ၊မ သည် ပျက်စီးယိုယွင်းနေသည့် ဘောလုံးတစ်လုံးကို မ ယူလာရခြင်းကို မေးကြည့်ပါ။ ထိုကဲ့သို့သော အရာများက ကျွန်ုပ်တို့ကို အံ့သြမင်သက်စေနိုင်မည်လား။ တန်ဖိုးကြီးတဲ့ အရာတွေကရော ကျွန်ုပ်တို့ကို အံ့သြစေမည်လား။
- သစ်ပင်ပေါ်ရှိ သစ်ရွက်များသည် နေမင်းကြီးဘက်သို့ မျက်နှာမူကြသည်ကို ကလေးများ သတိထားမိသလားဟု မေးပါ။ အဘယ့်ကြောင့် ထိုသို့ ပြုကြပါသနည်း။ အပင်များ နှင့် သစ်ရွက်များသည် အသက်ရှင်သန်ရန်အတွက် နေရောင်ခြည်ကို လိုအပ်ကြသည်။ နေမင်းကြီး ဘက်သို့မျက်နှာ မူထားခြင်းမရှိပါက အပင်များသည် ညှိုးနွမ်းသေသွားကြရမည် ဖြစ်ကာ နေမင်းကြီးဘက်သို့ အပင်များ မျက်နှာမူ ထားခြင်းက အလွန်ကောင်းပါသည်။ ကလေးများကိုလည်း ၄င်းတို့သည် သစ်ရွက်များ

ဖြစ်ကြောင်း စိတ်ကူးပုံဖော်စေပါ။ ၄င်းတို့အနေနှင့် အသက်ရှင်သန်နိုင်ရန်အတွက် မည်သည့်ဘက်သို့ ဦးမျှော်ကြရ မည်နည်းဟု မေးပါ။

- ဘုရားသခင်၏ ဘုန်းတော်ကို တစ်ချို့နေရာ၌သာလျှင် တွေ့ရပါသည်လား။ သူ၏ဘုန်းတော်ကို ဖော်ပြရာတွင် ဘုရားသခင် ကန့်သတ်ခြင်းမျိုးရှိပါသလား။ *ဆာလံ၊ ၁၉း၁–၄က* ကို ဖတ်ပါ။
- ယနေ့သင်ခန်းစာတွင် ဘုရားသခင်သည် လူသားအပါအဝင်၊ ခပ်သိမ်းသော အရာတို့ကို သူ၏ ဘုန်းတော်အတွက် ဖန်ဆင်းတော်မူခဲ့ကြောင်း သင်ယူခဲ့သည်။ ဘုရားသခင်၏ ဘုန်းတော်သည် "သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း တို့ကို ဖော်ပြခြင်း" ဖြစ်သည်ဟု အဓိပ္ပါယ် ရလျှင် အောက်ပါ ကွက်လပ်ကို ပြည့်ပါ –

  ဘုရားသခင်သည် လူသားအပါအဝင်၊ ခပ်သိမ်းသော အရာတို့ကို သူ၏ -------------- နှင့် --------------- ကို ဖော်ပြရန် ဖန်ဆင်းခဲ့သည်။
- သမ္မာကျမ်းစာက *"လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင် ရှေ့တော်၌ အသရေပျက်ကြပြီ"* ဟု ဆိုထားသည် *(ရောမ၊ ၃း၂၃)*။ မည်သည့်အရာကို ဆိုလိုသည်ဟု သင် ထင်ပါသနည်း။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို အစဉ်အတိုင်း ကျွန်ုပ်တို့ စဉ်းစား ပြောဆိုနေပါသလား။
- *ဆာလံ၊ ၁၄၅း၁–၆* ကို ဖတ်ပါ။ ဘုရားသခင်သည် သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း တို့ကို ကျွန်ုပ်တို့အား ဖော်ပြရာတွင် ကျွန်ုပ်တို့သည် မည်သို့ တုန့်ပြန်သင့်ပါသနည်း။ ဤကျမ်းပိုဒ်က မည်သည့်အရာကို အကြံပြုထားသနည်း။ (ဘုရားသခင်ကို ကျွန်ုပ်တို့သည် ချီးမွမ်း၊ မေတ္တာထားကာ၊ ချီးမြောက်ကြရမည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း တွေကို အခြား သူများထံ၌လည်း ကြားပြောရမည်။)

မှတ်ချက် – ရတနာဘူးလေးနှင့် ရတနာပစ္စည်းများကို နောက်သင်ခန်းစာအတွက် သိမ်းဆည်းထားပါ။

သင်ခန်းစာ ၇

## "W" IS FOR WISE *ဥာဏ်ပညာကြွယ်ဝသော*

**အဓိကအချက်** – ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့ကို လျှောက်ပတ်စုံလင်စွာ ဖန်ဆင်း၍ ဆောင်မတော်မူ၏။

**အဓိကကျမ်းချက်** – အိုထာဝရ ဘုရား၊ ကိုယ်တော် စီရင်ပြုပြင် တော်မူသောအရာတို့သည် အလွန်များပြား ပါ၏။ ရှိရှိသမျှတို့ကို ပညာတော် အားဖြင့် ဖန်ဆင်းတော်မူ၏။ ဆာလံ၊ ၁၀၄း၂၄က

**နိဒါန်း** – *ဆာလံ၊ ၁၀၄* ကို ချားလ်စပါဂျွန်က အောက်ပါအတိုင်း မှတ်ချက် ပြုခဲ့သည် –

> *ဖန်ဆင်းခြင်းအလုံးစုံသည် ကိုယ်တော်၏ လက်ရာများသာ။ ခပ်သိမ်းသောအမှုတို့သည် သူ၏ ဉာဏ်ပညာကြွယ်ဝမှုကို ဖော်ပြပေးကြသည်။ ၄င်းတို့အားလုံးကို ဉာဏ်တော်အားဖြင့် ဖန်ဆင်းထား၍၊ တစ်ခုချင်းစီတိုင်းသည်လည်း ၄င်း တို့၏ နေရာတွင် တစ်သားတည်းဖြစ်၍၊ သင့်တင့်လျှောက်ပတ်စွာ လည်ပတ်တည်ရှိအသက်ရှင်နေကြသည်။ ခြုံ၍ ပြောရပါမည်ဆိုလျှင် နားလည်ဖို့ရန် နက်နဲလှသည်ဖြစ်ပါစေ၊ နာကြည်းစရာများဖြင့် ပြည့်နှက်နေသည် ဖြစ်စေ၊ ဖန်ဆင်းခြင်းအလုံးစုံတို့သည် ဉာဏ်ပညာကြွယ်ဝခြင်းနှင့်ယှဉ်သောအမှုအရာဖြစ်သည့်အတွက် ခပ်သိမ်းသော အရာတို့သည် ကောင်းမွန်ကြ၍၊ ကြီးမြတ်တော်မူသော ဖန်ဆင်းရှင်၏ လက်ရာတော်ကို စည်းချက်ညီစွာ ဖော်ကျူးနေကြသည်။* (The Treasurey of David, V, p. 10)

စပါဂျွန်၏ မှတ်ချက်ပြုခြင်းမှာ ဘုရားသခင်အား ပဟေဠိတို့၏ အရှင်သခင်အဖြစ် သူ၏ပြီးပြည့်စုံသော အကြံအစီတို့ကိုဖော်ပြရန် ခပ်သိမ်းသောအရာတို့အား သူ့နေရာနှင့်သူ ဆက်စပ်ပြီး နေရာချပေးသူအဖြစ် ရှုမြင်စေပါသည်။ ဖန်ဆင်းခြင်း အမှုတွင် ဘုရားသခင်သည် သူ၏ဉာဏ်ပညာအားဖြင့် အမှုပြုခဲ့သည့်နည်းတူ၊ သမိုင်းအဆက်ဆက်နှင့် လူပုဂ္ဂိုလ်တစ်ဦး ချင်း၏ အသက်တာတွင်လည်း သူ၏ဉာဏ်ပညာအားဖြင့် အမှုများကို စီရင်လျက်ရှိသည်။ သူ၏ဘုန်းတော်ကို ထင်ရှား စေရန် နှင့် ရည်ရွယ်ချက်များကို ပြီးပြည့်စုံစေရန် အတွက် ခပ်သိမ်းသောအမှုတို့ကို စုံလင်စွာ ဘုရားသခင်သည် ဉာဏ်တော်နှင့် စီရင်တော်မူ၏။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁။ သာမန် သဘာဝ ရှုခင်းပုံ တစ်ပုံကို အပိုင်းဆယ်ပိုင်းခန့် ဖြတ်၍ ပုံဆက်ပဟေဠိ ပုံစံဖြင့် လုပ်ထားပါ။ မဂ္ဂဇင်း စာအုပ် တစ်အုပ်အုပ်မှ သို့မဟုတ် ပြက္ခဒိန် တစ်ခုခုမှ ရှုခင်းပုံ တစ်ပုံပုံကိုယူ၍ ပုံဆက် ပဟေဠိကို လုပ်နိုင်ပါသည်။

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁။ ပဟေဠိ ရုပ်ပုံများ (မှိုင်းမြမ်းရန်) ပဟေဠိရုပ်ပုံများကို မာကြောသည့် စက္ကူကဒ်ထူ ပေါ်တွင် ကပ်ကာ ပြန်၍ ဖြတ်ထုတ်ပါ။

၂။ ကျောက်သင်ပုန်းကဲ့သို့သော ဖော့ဘုတ်ပြား (ပဟေဠိအပိုင်းများကို ကပ်ရန်)

၃။ ဆာလံ၊ ၁၀၄း၂၄က ရေးထားသည့် စက္ကူလိပ်

ရေးချယ်ရန် – ရေမြင်းနားရွက် တစ်စုံပုံ သို့မဟုတ် ယုံတစ်ကောင်၏ နားရွက်တစ်စုံပုံကို ဖြတ်ထုတ်ပါ။

***သင်ကြားပို့ချပေးခြင်း***

သင်ကြားခဲ့ပြီးသော သင်ခန်းစာ ခြောက်ခုပါ အဓိကအချက်များ၊ အဓိပ္ပါယ်များကို ပြန်လည် နွေးပေးခြင်း အားဖြင့် ယနေ့သင်ခန်းစာကို အစပြုပါ။ ကလေးများကို ဘုရားသခင်နှင့် ပတ်သက်၍ ဖော်ပြရာတွင် စကားလုံးများဖြင့် လုံလောက်နိုင် ပါသလားဟု မေးကြည့်ပါ။ ဘုရားသခင်အကြောင်းကို ဆုံးခန်းတိုင် မလေ့လာ နိုင်ကြောင်းမှာ အဘယ့်ကြောင့်နည်းဟူ၍လည်း မေးပါ။

ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေ၍ ကောင်းကြီးမင်္ဂလာပုံးကို ပွင့်ကာအထဲရှိ ပဟေဠိ ရုပ်ပုံ အပိုင်း အစများကို ထုတ်ယူစေပါ။ ထိုသို့သော အရာများကို အရင်က မြင်ဖူးသလားဟု မေးပါ။ ထိုပဟေဠိ ရုပ်ပုံအပိုင်း အစများက မည်သည့်ပုံဖြစ်သည်ကို ၄င်းတို့ သိမသိ မေးကြည့်ပါ။ ရုပ်ပုံပဟေဠိဆိုသည်မှာ ရုပ်ပုံတစ်ပုံကို ရုပ်ပုံ အပိုင်းအစများလုပ်၍ တစ်စစီခွဲထားခြင်း ဖြစ်သည်ကို ရှင်းပြပါ။ ရုပ်ပုံအပိုင်းအစများကို ကြည့်သည့်အခါတွင် ပြီးပြည့်စုံသော ရုပ်ပုံကို ပြန်ရရန်အတွက် ယုံကြည်ရန် ခက်ခဲတတ်ပါသည်။

ရုပ်ပုံအပိုင်းအစများကို ပြန်လည်ဆက်၍ ပုံဖော်ပြပေးပါ။ ရုပ်ပုံအပိုင်းအစများကို ပြန်လည်ဆက်ရာတွင် ရှေ့ထွက် လာသော ကလေးကိုလည်း အကူအညီတောင်းပါ။ ထို့နောက် ရုပ်ပုံအပိုင်းအစများကို သေချာ ဆက်ထား ပြီးနောက် ဖော့ဘုတ်ပြား ပေါ်တွင် ကပ်ထားပါ။

> အကြံပြုချက် – ကြည့်ပါအုံး ရုပ်ပုံလေးတွေကို သူ့နေရာနဲ့သူ ပြည့်ပြည့်စုံစုံ ဆက်လိုက်တော့ နဂိုပုံကို ပြန်ရ သွားတယ်။

ခက်ခဲသည့် ရုပ်ပုံပဟေဠိ ဖြစ်ပါသလားဟု ကလေးများကို မေးပါ။ အကယ်၍ ရုပ်ပုံအပိုင်းစလေးများသည် အခု ၁၀၀၊ ၁၀၀၀ မှ ၁၀၀၀၀ စသည်ဖြင့် လူတစ်ယောက် မရေတွက်နိုင်လောက်အောင် များစွာရှိနေမည်ဆိုလျှင် လွယ်ကူပါမည်လား။ ရုပ်ပုံအပိုင်းအစများစွာနှင့် ရုပ်ပုံကြီးတစ်ပုံကို ပြီးပြည့်စုံစွာ ဆက်မည်ဆိုလျှင် မည်သို့နည်း။ လွယ်ကူမည်ဟု ထင်ပါသလား။

သင်၏ ပဟေဠိရုပ်ပုံဆက်ကို သဘာဝအလှပုံတစ်ပုံမှ မည်သို့မည်ပုံ ပြင်ဆင်လုပ်ဆောင်ထားသည်ကို ကလေး များအား ရှင်းပြပါ။ သင်၏ရုပ်ပုံထဲမှ တွေ့မြင်ရသည့် အရာမှန်သမျှ အမည်ကို ကလေးများအား ပြောစေပါ။

> အကြံပြုချက် – *ကမ္ဘာမြေကြီးနဲ့ သဘာဝတရားကြီးဟာဆိုရင်လည်း အလွန်ကြီးမားတဲ့ ပဟေဠိရုပ်ပုံကြီး တစ်ခုလိုပါပဲ။ သစ်ပင်ပန်းမာန်မျိုးစုံ၊ တရိစ္ဆာန်မျိုးစုံ၊ ကျောက်ဆောင် ကျောင်ခဲမျိုးစုံဖြင့် ဖွဲ့စည်းထားသော*

*ပြီးပြည့်စုံသည့် ကမ္ဘာမြေကြီးတစ်ခုကို တည်ဆောက်ထားတယ်။ နေမင်းကြီးက နေရောင်ခြည်ကို ပေးသလို၊ တိမ်တိုက်တွေ ကလည်း မိုးရွာစေပြီးတော့ အပင်တွေကို အသက်ရှင် ကြီးထွား စေတယ်။ ဒါတွေ အားလုံးဟာ ကိုက်ညီစွာ ထိမ်းညှိလုပ်ဆောင်ထားတာပါ။ ဘယ်လောက်ထိ ပြီးပြည့်စုံတဲ့ အစီစဉ်လဲ။ ဒီလောက် အံ့သြဖွယ်ကောင်းတဲ့ သဘာဝ ပဟေဠိကြီးကို ဘယ်လူလုပ် ထားတာပါလိမ့်။*

ခပ်သိမ်းသောအရာတို့ကို ဘုရားသခင် ဖန်ဆင်းခဲ့သည့် အကြောင်းကို ပြန်၍ နွေးပေးပါ။ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ပြုလုပ် (ဖန်ဆင်း) တော်မူသောသူ ဖြစ်သည်။ သူသည်သာ ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၍ ခပ်သိမ်းသော အရာတို့ကို နေရာတကျ လည်ပတ်နေစေရန် စီစဉ် ထိန်းကျောင်း သူဖြစ်သည်။ *ဆာလံ၊ ၁၀၄း၁၃–၁၄၊ ၂၄က* ကို ဖတ်ပါ။

***အထက်ခန်းတော်ထဲက တောင်များကို ရေပေးတော်မူ၏။ စီရင်ပြုပြင်တော်မူခြင်း အကျိုးကြောင့်၊ မြေကြီးသည် ရောင့်ရဲလျက်ရှိ၏။ တိရစ္ဆာန်တို့ မြက်ပင်ကိုငင်း၊ လူသုံးဘို့စပါးပင်ကိုငင်း၊ ပေါက်စေတော်မူသဖြင့်၊ မြေကြီးထဲကမုန့်ကို ထုတ်ဘော်တော်မူ၏။ အိုထာဝရ ဘုရား၊ ကိုယ်တော် စီရင်ပြုပြင်တော်မူသော အရာတို့သည် အလွန်များပြားပါ၏။ ရှိရှိသမျှတို့ကို ပညာတော် အားဖြင့် ဖန်ဆင်းတော်မူ၏။***

***"ရှိရှိသမျှတို့ကို ပညာတော် အားဖြင့် ဖန်ဆင်းတော်မူ၏။"*** ဟူသည့် စာကြောင်းကို အလေးအနက်ထား၍ ထပ်ပြီး ရွက်ဆိုပေးပါ။ *ဘုရားသခင်ဟာ ဉာဏ်ပညာတော်နဲ့ ပြည့်စုံကြွယ်ဝတဲ့ သူပါ။ သူဟာ ဉာဏ်တော်ရှင်ပေါ့။ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတဲ့အခါမှာ ဘုရားသခင်ဟာ ပြီးပြည့်စုံလင်စွာ ဖန်ဆင်းခဲ့တယ်။ ဖန်ဆင်းထားသမျှအရာတွေကလဲ ပြီးပြည့်စုံခြင်းကို သက်သေခံနေကြပါတယ်။*

(ရွေးချယ်ပြနိုင်သော ဉပမာ – ရေမြင်း နားရွက် နှင့် ယုန်နားရွက် တို့ကို အသုံးပြုပါ။)

အကြံပြုချက် – *တကယ်လို့ ဆရာ၊မ ဟာ ကြီးမားတဲ့ တိရစ္ဆာန်တစ်ကောင် ဖြစ်ခဲ့မယ်ဆိုရင်တော့ ဘုရားသခင်က ဆရာ၊မ ကို နားရွက်အကြီးကြီး တစ်စုံကို ပေးမလား ဒါမှမဟုတ် သေးသေးလေးတစ်စုံကို ပေးမှာလား။ ဘယ်လိုထင်သလဲ။ တကယ်လို့ ဆရာ၊မက တိရစ္ဆာန်ငယ်လေးတစ်ကောင် ဖြစ်ခဲ့မယ် ဆိုရင်တော့ နားရွက်သေးသေးလေး တစ်စုံ ရသင့်တာပေါ့။ ဒါမှ သင့်လျော်မှာပေါ့ မဟုတ်လား။*

အကယ်စင်စစ် သားတို့သမီးတို့ဟာ ရေမြင်းတစ်ကောင်လို တိရစ္ဆာန်ကြီး တစ်ကောင် ဖြစ်ခဲ့မယ်ဆိုရင်၊ ဘုရားသခင်က သေးငယ်တဲ့ နားရွက်တစ်စုံကို ပေးလိမ့်မည်။ ဘုရားသခင်က ရေမြင်းဆိုသည့် သတ္တဝါကို ရေထဲတွင် အစဉ် ပုံးအောင်း နေစေရန် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် ရေပေါ်တွင် ဘောလောပေါ်နေမည့် နားရွက် အကြီးကြီး တစ်စုံကိုတော့ သင်လိုချင်မည် မဟုတ်။ အကယ်၍ သင်သည် သဲကန္တာရနေ ယုံငယ်လေး တစ်ကောင် ဖြစ်ခဲ့မည်ဆိုလျှင် ဘုရားသခင်က သင့်ကို ကြီးမားသည့် နားရွက်တစ်စုံကို ပေးထားမည်ဖြစ်သည်။ ဘုရားသခင်သည် အချို့သော ယုန်ငယ်လေးများကို သဲကန္တာရတွင် နေထိုင်ရန် နေရာချထားသည်။ ထိုယုန်ငယ်လေးများသည် အအေးဓာတ်ကို လိုအပ်ကြသည်ဖြစ်ရာ ထိုနားရွက်ရှည်ကြီးများက လေညှင်းလေးကို ဖမ်းယူပေးကာ လိုအပ်သည့် အအေးဓာတ်ကို ခန္ဓာကိုယ်တစ်ခုလုံးသို့ ပြန်လည် ဖြန့်ဝေပေးသည်။ ခပ်သိမ်းသော အမှုတို့ကို စေ့စပ်ကိုက်ညီစွာ ဘုရားသခင်နေရာချထားသည်ကို ကျွန်ုပ်တို့သည် အလုံးစုံ မြင်နိုင်၊ နားလည်နိုင်ကြသည် မဟုတ်။ ကျွန်ုပ်တို့အနေနှင့် ဘုရားသခင်သည် အမှားတစ်စုံတစ်ခု ပြုနေသည်ဟု ထင်ကောင်းထင်နိုင်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်ထက် ဉာဏ်ပညာကြွယ်ဝကြသည် မဟုတ်။ ဘုရား

သခင်သည် ဉာဏ်ပညာ၌ ပြည့်ဝစုံလင်သောသူဖြစ်သည်။ ဘုရားသခင်သည် မည်သည့်အခါမျှ အမှား မလုပ်သူ ဖြစ်သည်။

ကလေးများကို ယောသပ်၏အသက်တာနှင့် ပတ်သက်သော ရုပ်ပုံပဟေဠိကို ပြပါ။ ဘုရားသခင်သည် သူ ဖန်ဆင်းထားသော အရာများ၌သာ သူ၏ကြီးမားသည့် ဉာဏ်ပညာကို ဖော်ပြနေသည့်အပြင် ယနေ့ ကမ္ဘာ မြေကြီး နှင့် ကျွန်ုပ်တို့၏ အသက်တာ၌ သူ၏ဦးဆောင်လမ်းပြမှုတွင်လည်း သူ၏ ဉာဏ်ပညာကို ဖော်ပြ ပေးပါ သည်။

**ကျမ်းစာပုံပြင် – ယောသပ်၏ အသက်တာ။** *ကမ္ဘာ၊ ၃၇၊ ၃၉-၄၅* ယခု ပြသသည့် ရုပ်ပုံပဟေဠိသည် ယောသပ်၏အသက်တာမှ ဖြစ်ကြောင်းကို ပြောပြပါ။ ယောသပ်၏ အသက်တာကို သမ္မာကျမ်းစာ၏ ပထမဆုံး ကျမ်းအုပ်ဖြစ်သော ကမ္ဘာဦးကျမ်းတွင် တွေ့ရ ပါသည်။ (အောက်ပါအချက်များနှင့် ပုံပြင်ကို ပြောပြရင်း၊ ရုပ်ပုံ ပဟေဠိကို ဆက်ရင်းဖြင့် ကိုက်ညီသည့်အချိန်တွင် ပြောပြပေးပါ။)

အကြံပြုချက် –

*၁ – ဘုရားသခင်က ယာကုပ် နဲ့ သူ့ရဲ့ သားဆယ့်နှစ်ယောက်ကို (ဘုရားသခင်၏လူမျိုး) လူမျိုးကြီး ဖြစ်စေရန် ကတိပေးခဲ့တယ်။ ဣသရေလလူမျိုးအားဖြင့် တစ်ကမ္ဘာလုံးကို ဘုရားသခင်က ကောင်းချီးပေးဖို့ ရည်ရွယ် ခဲ့တယ်။ အဲဒါ ဘုရားသခင်ရဲ့ ရည်ရွယ်ချက်ပါ။*

*၂ – ယောသပ်ဟာ ယာကုပ် အချစ်ရဆုံး သားပါ။ ယောသပ်အတွက် ရောင်စုံဝတ်လုံတစ်ထည်ကို ယာကုပ်က ချုပ်ပေးခဲ့တယ်။ အဲဒီလိုနဲ့ ယောသပ်ဟာ အိပ်မက်တစ်ခုကို မြင်မက်ခဲ့တယ်။ အဲဒီ အိပ်မက် ကတော့ တစ်နေ့ကျရင် သူ့ရဲ့ ညီအကိုတွေနဲ့ ဖခင်ရဲ့အပေါ်မှာ အစိုးရမယ် ဆိုတဲ့ အိပ်မက်ပေါ့။ ဒီအိပ်မက် ကြောင့် သူ့ရဲ့ အကိုတွေက သူ့ကို မနာလို ဖြစ်ခဲ့ကြတယ်။*

*၃ – ယောသပ်၏ ညီအစ်ကိုများက ယောသပ်ကို အသေသတ်ချင်လာကြတယ်၊ နောက်ဆုံးတော့ ယောသပ်ကို ရောင်းစားဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ယောသပ်ဟာ ကျွန်တစ်ယောက်အနေနဲ့ အရောင်းစား ခံခဲ့ရပြီး အဲဂုတ္တုပြည်ကို ရောက်ရှိသွားခဲ့တယ်။ (ခဏလေး – ဒီအခြေအနေမျိုးက ကောင်းမွန်တဲ့ အစီစဉ်လို့ ပြောလို့ရမလား။ သူ့ညီအစ်ကိုတွေက သူ့ကို မုန်းကြတယ်၊ ကိုယ်ရဲ့အိမ်ကို ချန်ထားခဲ့ပြီးတော့ ကျွန်အဖြစ် ရောင်းစား ခံရတယ်။ ဒါကို ဘုရားသခင်ရဲ့ ပြီးပြည့်စုံတဲ့ အကြံအစီ လို့ပြောလို့ ရမလား။*

*၄ – အဲဂုတ္တုပြည်ရောက်တော့ ဘုရားသခင်က ယောသပ်ကို အလွန်အောင်မြင်တဲ့ သူတစ်ယောက် ဖြစ်စေ ခဲ့တယ်။ တာဝန်များစွာကို ထမ်းဆောင်ခဲ့ရတယ်။ ဒါပေမယ့် တစ်နေ့မှာ ယောသပ်ဟာ သူမကျူးလွန် ခဲ့ရ အပြစ်ဒဏ် အတွက်နဲ့ ထောင်အချ ခံခဲ့ရတယ်။ အဲဒီထောင်ထဲမှာ ယောသပ်ဟာ ကြာမြင့်စွာ နေခဲ့ရတယ်။*

*၅ – ထောင်ထဲမှာလည်း ယောသပ်နဲ့အတူ ဘုရားသခင် ရှိနေခဲ့တယ်။ အဲဂုတ္တုပြည်ရဲ့ ဘုရင်မင်းကြီးဟာ အလွန် ဆန်းပြားတဲ့ အိပ်မက်တစ်ခုကို မြင်မက်တော့ ယောသပ်ကို ဆင့်ခေါ်ခဲ့တယ်။ ဘုရားသခင်က ဘုရင် မင်းကြီးရဲ့ အိပ်မက်အဓိပ္ပါယ်ကို ယောသပ်ကို ပြောပြတော့ ယောသပ်က ဘုရင်မင်းကြီးကို ပြန်ပြော ပြခဲ့တယ် – အစာခေါင်းပါးခြင်း ရောက်လာလိမ့်မယ် ဆိုပြီးတော့ပေါ့။ နိုင်ငံသူ နိုင်ငံသားတွေ အားလုံး အသက်ရှင်သန် နိုင်ဖို့ အစားအစာတွေကို စုဆောင်းထားရမယ် ဆိုပြီး ပြောခဲ့တယ်။ ဒီလိုနဲ့ ယောသပ်ဟာ အဲဂုတ္တုပြည်မှာ အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦး ပြန်ဖြစ်လာခဲ့တယ်။*

*၆ – အစာခေါင်းပါးခြင်း ရောက်လာတဲ့အခါမှာ ယောသပ်ရဲ့ ဖခင်နဲ့ သူ့ရဲ့ ညီအစ်ကိုတွေလည်း စားဖို့ သောက်ဖို့ မရှိတော့တဲ့အတွက် ဝတ်ပျက်လာကြတယ်။ (ခဏလေး စဉ်းစားကြည့်ပါအုံး – ဘုရားသခင် ရွေးချယ်တဲ့ သူတွေက ဗိုက်စာရတယ်လို့။ သူတို့တွေ သေသွားခဲ့မယ်ဆိုရင် ဘယ်လိုလုပ် ဘုရားသခင်က သူတို့ကို လူမျိုးကြီး ဖြစ်စေနိုင်မလဲ။ ဒါဟာ ဘုရားသခင်ရဲ့ ပြည့်စုံသော အကြံအစီလို့ ပြောလို့ ရမလား။) ဒါကြောင့်မို့ ယောသပ်ရဲ့ ညီအစ်ကိုတွေဟာ အဲဂုတ္တုပြည်မှာ အစားအသောက် ရရှိဖို့ ရောက်လာခဲ့ကြတာ ပေါ့ကွယ်*

*၇ – အဲဂုတ္တုပြည်မှာ ယောသပ်ဟာ သူ့ရဲ့ မိသားစုနဲ့ ပြန်ပြီး ပေါင်းစပ်ခွင့် ရခဲ့တယ်။ ဘာကြောင့်လဲ ဆိုတော့ ဘုရားသခင်က သူ့ကို အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်စေခဲ့ပြီးတော့ သူ့မိသားစုလိုအပ်တဲ့ အစား အစာတွေကို ပြင်ဆင်ပေးခဲ့တယ်လေ။*

*၈ – ဘုရားသခင် အထူးရွေးချယ်ထားတဲ့ လူမျိုးစုဟာ ကယ်တင်တော်မူခြင်းအမှုကို ခံစားခဲ့ကြတယ်။*

ဣသရေလလူမျိုးကို လူမျိုးကြီး ဖြစ်လာစေရန် ဘုရားသခင်၌ အစီစဉ် ရှိကြောင်းကို ရှင်းပြပါ။ ဘုရားသခင်သည် အစီစဉ်ရှိလေတိုင်း ထိုအစီစဉ် ဖြစ်မြောက်လာရန်အတွက် အရာရာကို စေ့စေ့စပ်စပ် လုပ်ဆောင်တော်မူတတ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းမှာ သူ၏ ပြည့်ဝစုံလင်သော ဉာဏ်ပညာကြောင့် ဖြစ်သည်။

မေးခွန်းမေးပါ – *ယောသပ်ရဲ့အသက်တာမှာ ဖြစ်ပျက်တဲ့ အရာတွေအားလုံးဟာ ပြီးပြည့်စုံတဲ့ အစီစဉ် တစ်ခု ဖြစ်လာစေမယ်လို့ "ထင်ရ" သလား။ သူ့ညီအကိုတွေရဲ့ မုန်းတီးခြင်းကိုလည်း သူခံခဲ့ရတယ်။ ကျွန်အဖြစ် အရောင်းစားခံခဲ့တဲ့အပြင်၊ နေအိမ်ကနေ ဝေးလှတဲ့ နေရာမှာ ထောင်အချ ခံခဲ့ရသေးတယ်။ ဒီအဖြစ် အပျက်အားလုံးကို ပြန်ပြီးတော့ ဆက်ကြည့်လိုက်မယ်ဆိုရင်၊ ယောသပ်ရဲ့အသက်တာမှာ ဘုရား သခင်ရဲ့ အစီစဉ်ကို ပြည့်စုံစေဖို့ ကိုက်ညီသလား။ ဘုရားသခင် ဘယ်လိုတက်နိုင်မလဲ။ ဘုရားသခင်ဟာ ဉာဏ်ပညာ ကြွယ်ဝတော်မူပါတယ်။ ဆရာ/မ တို့အတွက်ကတော့ ပဟေဠိဆန်ဆန် ဖြစ်နေတယ် ဆိုပေမယ့် ဘုရားသခင် အတွက်ကတော့ ပြီးပြည့်စုံတဲ့ အစီစဉ်တစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ ထိုအမှုကို ပြည့်စုံစေဖို့ ဘုရားသခင်က လုပ်ဆောင်နေတယ်လေ။*

*ဘုရားသခင်ဟာ ဉာဏ်ပညာ ကြွယ်ဝပါတယ် – သူ့မှာ အစီစဉ်ရှိပြီဆိုရင် အဲဒီအစီစဉ် ဖြစ်လာစေဖို့ အရာရာ ကိုစေ့စပ်သေချာစွာ လုပ်ဆောင်တတ်ပါတယ်။ ခပ်သိမ်းသော ဖန်ဆင်းခြင်း လက်ရာမှာရော၊ သူ့ရဲ့ လုပ်ဆောင်မှု တစ်ခုစီတိုင်းမှာပါ ဘုရားသခင်ဟာ ပြည့်ဝစုံလင်တော်မူသော ဉာဏ်တော်ရှင် ဖြစ်ပါတယ်။*

### *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "W" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ပဟေဠိ ရုပ်ပုံအပိုင်းအစများကို မှန်ကန်စွာ ဆက်နိုင်ရန်အတွက် မည်သည့်အရာက လုပ်ဆောင် စေသနည်း။ ဥပမာ – ရုပ်ပုံအပိုင်းအစ တစ်ချို့ပျောက် နေမည်ဆိုလျှင် ပုံတစ်ပုံ ဖြစ်လာနိုင် မည်လား။ ရုပ်ပုံအပိုင်းတွေကို ဆက်၍ရသည် ဆိုအုံးတော့ ထိုရုပ်ပုံပိုင်းများသည် မတူညီသည့် ပုံများမှ ဆိုလျှင် မည်သို့ဖြစ်မည်နည်း။ ထို့ပြင် မည်သို့မည်ပုံ ဆက်ရမည်ကို သင်မသိပါလျှင် မည်သို့ရမည်နည်း။ ဘုရားသခင်၌ အထက်ဖော်ပြပါ ပြဿနာများ ရှိနိုင်ပါမည်လား။ အဘယ့်ကြောင့် မရှိနိုင်ရပါ သနည်း။

- ဘုရားသခင်သည် ဉာဏ်ပညာကြွယ်ဝတော်မူသည့်အတွက် ကျွန်ုပ်တို့သည် သူ၏ အစီစဉ်အောက်၌ မည်သို့ အသက်ရှင်ရမည်နည်း။ ယောသပ်၏ အသက်တာတွင် ဖြစ်ပျက်ခဲ့သော အခြေအနေများကဲ့သို့ သင်၏ အသက်တာတွင် ဖြစ်ပျက်နေသော အရာများကို ပဟေဠိတစ်ခုကဲ့သို့ ထင်မှတ်ကြည့်ပါ။ ဝမ်းနည်းစရာများ၊ နာကျင်စရာများ နှင့် မတရားသလိုခံစားရသည့် အဖြစ်များနှင့် ဘဝတွင် ရင်ဆိုင် ကြုံတွေ့သည့် အခါတွင် မည်သို့ပါနည်း။ ဘုရားသခင်သည် သူလုပ်နေသည့် အလုပ်ကို သူမသိပဲ နေသည်လား သို့မဟုတ် အမှားတစ်စုံတစ်ခု လုပ်မိ၍လား။ *ကမ္ဘာ၊ ၅၀း၂၀* ကို ဖတ်ပါ။
- ဘုရားသခင်သည် ဉာဏ်ပညာကြွယ်ဝတော်မူသည့်အတွက် ကျွန်ုပ်တို့၏ အသက်တာ၌ အမှုပြုလေသမျှသောအရာတို့အတွက် သူ့ကို ယုံကြည်ကိုးစား၍ ရပါသည်။
- လူသားတို့နှင့် မျှဝေခြင်း မရှိသည့် ဂုဏ်အင်္ဂါလက္ခဏာတစ်ချို့ ဘုရားသခင်၌ ရှိတော်မူကြောင်းကို ရှင်းပြပါ။ မည်သူတစ်ဦးတစ်ယောက်မျှ ထာဝရ ဟူ၍ မရှိ၊ မည်သူတစ်ဦးတစ်ယောက်မှ နားလည်၍ မရဟူ၍ မရှိပါ။ သို့သော်လည်း ဘုရားသခင်သည် လူသားများကို သူရွေးချယ်၍ ပေးမျှသော ဂုဏ်အင်္ဂါလက္ခဏာတစ်ချို့ ရှိပါသည်။ *ယာကုပ်၊ ၁း၅* ကို ဖတ်ပါ။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဉာဏ်ပညာတော်ကို လက်ခံရရှိထားသည် ဆိုပါက မည်သူ၏ အကြံစီ ကို ကျွန်ုပ်တို့ လိုက်လျှောက်ကြမည်နည်း။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တစ်စုံတစ်ခုကို လုပ်ဆောင်ပါက မည်သို့ ဖြစ်မည်နည်း။ ကျွန်ုပ်တို့အလိုကျ ဖြစ်ပျက်လာကြမည်လား။ ကျွန်တော်တို့ အတွက် အကောင်းဆုံး ဖြစ်နိုင်မလား။ လူဆိုသည့် ပုဂ္ဂိုလ်တွေက တစ်စုံတစ်ခုကို ပြီးပြည့်စုံလင်စွာ လုပ်ဆောင်နိုင်ပါသလား။

**မှတ်ချက် – စက္ကူဘုတ် (tag board) နဲ့ ပဟေဠိ ရုပ်ပုံများကို သင်ခန်းစာ ၈ နှင့် ၉ အတွက် ဆက်လက်၍ သိမ်းဆည်းထားပါ။*

**သင်ခန်းစာ ၈**

## *"A" IS FOR ALMIGHTY တန်ခိုးတော် အလုံးစုံတို့၏အရှင်*

**အဓိကအချက်** – ဘုရားသခင်သည် အလုံးစုံတို့၏ တန်ခိုးရှင် ဖြစ်သည်။

**အဓိကကျမ်းချက်** – အလွန်ကြီးမြတ်သောဘုရား၊ မဟာတန်ခိုးတော်နှင့် ပြည့်စုံသော ဘုရားဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားဟူသော ဘွဲ့နာမ ရှိတော်မူ၏။ ထူးဆန်းသော အကြံကိုကြံ၍၊ ထူးဆန်းသောအမှုကို စီရင်တော် မူလျက်၊ ယေရမိ ၃၂း၁၈–၁၉က

**နိဒါန်း** – *ယေရမိ ၁၀း၁၂* ၌ "ထာဝရဘုရားသည် တန်ခိုးတော်အားဖြင့် မြေကြီးကို ဖန်ဆင်းတော်မူပြီ။ ပညာတော်အားဖြင့် လောကဓါတ်ကို တည်တော်မူပြီ။ ဉာဏ်တော်အားဖြင့် မိုဃ်းကောင်းကင်ကို ကြက်တော်မူပြီ။" ဟူ၍ ဖော်ပြထားသည်။ သူ၏ အကြံအစီတို့သည် အစဉ်တည်စေမည်အကြောင်း ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း၊ အမှုပြုရာတွင် သူ၏ပြည့်ဝစုံလင်သော ဉာဏ်တော်အားဖြင့် စီစဉ်လျက် သူ၏အဆုံးအစမဲ့ တန်ခိုးတော်အားဖြင့် အမှုပြုတော်မူသည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင် အစိုးရသော အရှင်ဖြစ်သည်။ ဘုရားရှင်အတွက် မည်သည့်အရာမျှ ခက်ခဲသောအရာမရှိ သည့်နည်းတူ မည်သူကမျှ ကိုယ်တော်နှင့် ယှဉ်နိုင်သောသူ မရှိ။ အလိုတော်ရှိသည့် အရာမှန်သမျှကို အမှုပြုတော်မူ၍ *(ဆာလံ၊ ၁၁၅း၃)*၊ ချီးမွမ်းခြင်းအားဖြင့် ပြန်လည်တုန့်ပြန်ရန် ကျွန်ုပ်တို့ကို မိန့်တော်မူသည်။

သင်ခန်းစာ ၇ ကို ပြန်လည် ကိုးကား၍ ယခုတစ်ခေါက် သင်ခန်းစာကို အစပြုကာ ဖန်ဆင်းခြင်း၌ သူ၏ ပြီးပြည့်စုံသော အကြံအစီတော်အား သူ၏ကြီးမားသည့် တန်ခိုးတော်အားဖြင့် အမှုပြုခဲ့သည်ကို သင်ကြားပို့ချသွားမည် ဖြစ်သည်။ ဣသရေလလူမျိုးတို့၏ သမိုင်းကြောင်းကို ပြန်လည်ကြည့်ရှုရင်း ကမ္ဘာတစ်ဝှမ်းလုံး၌ ဘုရားသခင်သည် သူ၏ ဘုန်းနာမတော်ကို မည်သို့ ပေါ်လွင်စေခဲ့ကြောင်းကို ဆက်လက်ကြည့်သွားမည် ဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁။ ကလေးတစ်ဦး မနိုင်မည့် ပုံးတစ်လုံး

၂။ ပုံးထဲတွင် ထည့်ရမည့် လေးလံသည့် အရာဝတ္ထု ပစ္စည်းများ။ (ပုံးထဲတွင် ထိုလေးလံသည့် အရာဝတ္ထုများထည့်ထားပါက ကလေးငယ်တစ်ဦးအနေနှင့် မ မနိုင်သော အလေးအချိန်ရှိရမည်။)

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁။ ကပ်ကြီး ဆယ်ပါးပုံများ ကပ်ထားသည့် လေးထောင့် သစ်တုံး ဆယ်တုံး* (ပုံများကို မှီငြမ်းရန် စာအုပ်တွင်ဖော် ပြထားသည်။

၁) သွေးဖြစ်သွားသော မြစ်

၂) ဖားများ
၃) အင်းစက်ပိုးများ
၄) ယင်ကောင်များ
၅) တီရစ္ဆာန်များ ကပ်ရောဂါ
၆) အနာစိမ်း
၇) မိုးသီးများ
၈) နံကောင်များ
၉) အမှောင်ထု (အနက်ရောင် စာရွက်တစ်ရွက်ကို အသုံးပြုပါ)
၁၀) သားဦးတို့ သေဆုံးခြင်း

၂။ စက္ကူ ဖာရောရုပ် (မှိုပြမ်းရန်စာအုပ်)။ စာက္ကူကို လိပ်လိုက်ပါက ဖာရောရုပ်လေးကို မတ်တပ်အနေဖြင့် တွေ့မြင် ရမည်။

၃။ သင်ခန်းစာ ၇ မှ ရုပ်ပုံပဟေဠိ

၄။ *ဟေရှာ၊ ၄၀း၂၅–၂၆* ရေးထားသည့် စက္ကူလိပ်

၅။ *ထွက်၊ ၉း၁၅–၁၆* ရေးထားသည့် စက္ကူလိပ်

ရေးချယ်ရန် – ရေမြင်းနားရွက် တစ်စုံပုံ သို့မဟုတ် ယုန်တစ်ကောင်၏ နားရွက်ပုံတစ်ပုံကို ဖြတ်ထုတ်ပါ။

*အခြားလေးလံသော အရာဝတ္ထုများ

***သင်ခန်းစာပို့ချခြင်း***

ရှေ့ထွက်လာပြီး ခက်ခဲသည့် အလုပ်တစ်ခုကို လုပ်ဆောင်ချင်သောသူ ရှိပါသလားဟု မေးကြည့်ပါ။ အလွန် သန်မာသည့် သူကို သင်သည် အလိုရှိကြောင်း အလေးထား ပြောပါ။ ကလေးတစ်ဦးအား ရွေးချယ်၍ ကောင်းကြီး မင်္ဂလာဗူးထဲမှ ရေပုံးကို ဆွဲထုတ်စေပါ။ ထို့နောက် ထိုကလေးကို ပုံးအား ကိုင်မြှောက်ထားစေပြီး ထိုပုံးထဲသို့ လေးလံသည့် အရာဝတ္ထုများ တစ်ခုပြီးတစ်ခု ထည့်ပါ။

> ပုံးကို ချိန်စလိုက်ပြီးနောက် ဤသို့အကြံပြုပါ – *အရမ်းလေးနေပြီလား။ ပုံးကို ကိုင်မြှောက်ထားရတာ ညောင်းနေပြီလား။* ပုံးကို ရွေးချယ်ထားသော ကလေးက မကိုင်မြှောက်နိုင်တော့သည့် အချိန်တွင် ဤသို့ ပြောပါ – *သား၊ သမီးလေးဟာ အရမ်း အားသန်တာပဲ။ ဒီပစ္စည်းအများစုကိုတော့ ကိုင်မြှောက်ထားနိုင် ပေမယ့် အားလုံးကိုတော့ တစ်ခါတည်း မသယ်နိုင်ဘူးနော်။ သား၊သမီး မှာ ကိုယ်သယ်နိုင်တဲ့ အကန့် အသတ် ဆိုတာ ရှိတာပေါ့နော်။*

ထို့နောက် ကလေး နှစ်ယောက် သုံးယောက်လောက်ကို ရွေးချယ်ပြီး ထိုပုံးကို မနိုင် မ မနိုင်သည်ကို စမ်းကြည့် ပါ။ နောက်ဆုံးတွင် အရွယ်ရောက်ပြီးသူ တစ်ယောက်အား ရွေးချယ်၍ ထိုပုံးကို မစေပါ။ အရွယ်ရောက်ပြီးသူ တစ်ဦးအနေနှင့် လုံလောက်သော ခွန်အားတော့ ရှိပြီဖြစ်ကြောင်းကို ထောက်ပြပါ။ သို့သော်လည်း လေးလံသည့် အရာဝတ္ထုများကို ထပ်ဖြည့်ထည့်မည်ဆိုလျှင် ထိုအရွယ်ရောက်ပြီးသူ၏ ခွန်အားသည်လည်း လုံလောက်နိုင်

ပါမည်လား။ အရွယ်ရောက်ပြီးသော သူများပင်လျှင် – အိုလန်ပစ် အလေးသမများ ပင်လျှင် အားအင် အကန့်အသတ် ရှိကြကြောင်းကို အလေးအနက် ပြောပြပါ။ တစ်ခါတစ်ရံတွင် တစ်စုံတစ်ခုသည် လူ့အားဖြင့် မတင်ရန် အလွန် လေးလံပါက စက်အားဖြင့် မရပါသည် (မြင်းလှေကားကဲ့သို့ --- ကုန်တင်ယဉ်များကဲ့သို့)။ သို့သော်လည်း စက်ပစ္စည်းများသည်ပင် အကန့် အသတ် ရှိကြသည်သာ။

မေးခွန်းမေးပါ – *စက်ပစ္စည်းတွေက တောင်တစ်ခုလုံး ဒါမှမဟုတ် သမုဒ္ဒရာထဲက ရေအားလုံးကို မတင်နိုင်မယ် လို့ထင်ပါသလား။ အဲဒီလေးလံတဲ့ အရာတွေကို နေမင်းကြီး၊ လမင်းကြီး၊ ကြယ်တွေနဲ့ နှိုင်းမယ် ဆိုရင် မပြောပ လောက်ပါဘူး။ ဒါတွေအားလုံးကို ဘယ်သူက ချိတ်ဆွဲထားတာပါလိမ့်။*

သင်ခန်းစာ ၇ တွင် အသုံးပြုခဲ့သည့် သဘာဝပုံ ရုပ်ပုံပဟေဠိကို ပြန်လည် ကိုးကားပါ။ ဤကမ္ဘာမြေကြီးကို ဉာဏ်တော်အားဖြင့် ဘုရားသခင် ဖန်ဆင်းခဲ့သည်ကို ပြန်အသိပေးပါ။ ထို့နောက် သူ၏အစီစဉ်အားလုံးကို ဖြစ်လာစေရန် မည်သို့ ဘုရားသခင် အမှုပြုသည်ကို မေးပါ။ အလွန်ကြီးမားလှသည့် ကြယ်တစ်လုံးဖြစ်သော နေမင်းကြီးကို ဘုရားသခင်က မည်သို့အားဖြင့် သူ၏နေရာတွင် ချိန်ဆွဲထားနိုင်ပါသနည်း။ အဘယ့်ကြောင့် ၎င်းတို့ ပြုတ်ကျခြင်း မရှိကြပါသနည်း။ (ပုံးကို ကိုင်ထားသောလက်အား လွှတ်ချလိုက်လျှင် မည်သို့ဖြစ်သည်ကို ပြသပါ။)

ရေးသားထားသည့် *ဟေရှာ၊ ၄၀း၂၅–၂၆* ကို ပြ၍ ဖတ်ပေးပါ။

***အထက်သို့ မျှော်ကြည့်ကြလော့။ ထိုအရာတို့ကို အဘယ်သူဖန်ဆင်းသနည်း။ ထိုသူသည် သူတို့အလုံးအရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကို နာမည်ဖြင့် ခေါ်တော်မူ၏။ ခွန်အားကြီး၍ တန်ခိုးနှင့် ပြည့်စုံတော်မူသောကြောင့်၊ တစုံတခုမျှမပေါ်ဘဲမနေရ။***

ကြယ်တို့၏ အလေးချိန်သည် ပေါင်ချိန်အားဖြင့် သန်းထောင်ချီပါသော်လည်း ထိုကြယ်များကို ၎င်းတို့နေရာ၌ ဘုရားသခင်သည် သူ၏ ကြီးမားလှသည့် တန်ခိုးတော်အားဖြင့် နေရာချ ချိတ်ဆွဲထားခြင်း ဖြစ်သည်။ မည်သည့် အရာမျှ ဘုရားသခင်အတွက် ခက်ခဲသည်ဟူ၍ မရှိ *(ယေရမိ၊ ၃၂း၁၇)*။ ဘုရားသခင်၏ တန်ခိုးတော်သည် အကန့်အသတ်မရှိ။ ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်သည်။ သူသည် ဖန်ဆင်းခြင်းအမှု မှန်သမျှကို ဉာဏ်ပညာတော် အားဖြင့် ကြံစီ၍၊ အမှန်တကယ်အကောင်အထည် ပေါ်လာစေရာတွင်မူ သူ၏ အဆုံးအစမဲ့ တန်ခိုးတော်အားဖြင့် အမှုပြုခြင်း ဖြစ်သည်။

သင်ခန်းစာ ၇ မှ ယောသပ်၏ အသက်တာ ပဟေဠိကို ပြန်ကြည့်ကာ ဘုရားသခင်သည် သူ၏အကြံအစီကို စုံလင် စေရန်အတွက် သူ၏တန်ခိုးတော်ကို အသုံးပြုပြုခဲ့သလားဟု ကလေးများကို မေးပါ။ ယောသပ်တစ် ယောက် အဲဂုတ္တုပြည်တွင် အရေးပါလှသော အုပ်ချုပ်သူတစ်ဦး ဖြစ်လာစေရန် ဘုရားသခင်သည် သူ၏ တန်ခိုးတော်ကို အသုံးပြုခဲ့ပါသလား။ ဘုရားသခင်၏ အံ့ဖွယ်တန်ခိုးတော် အကြောင်းကို တွေ့ရသည့် အခြား ပုံပြင် တစ်ပုဒ်ကို ထပ်၍ ကြားသိရမည်ဟု ကလေးများအား ပြောပြပါ။

**သမ္မာကျမ်းစာပုံပြင် – ကပ်ဆိုးကြီးများ** *ထွက်၊ ၇း၁၄–ထွက် ၁၁*

ပုံပြင်ကို အကျဉ်းချုပ်၍ ပြောပြလိုက်ပါ။

အောက်ပါအချက်များကို အလေးနက်ထား ပြောပြပေးပါ။

- ဘုရားသခင်သည် ဣသရေလလူမျိုးကို လူမျိုးကြီးဖြစ်စေမည်ဟု ကတိပြုထားသည်ကို ပြန်၍ အမှတ်ရ စေပါ။

➢ ထိုအချိန်က ဣသရေလ လူမျိုးတို့သည် အဲဂုတ္တုပြည်တွင် နေထိုင်ကြကြောင်းကို ပြောပြပါ။ ယောသပ်ကို မသိသည့် ဖာရောဘုရင် တစ်ပါး နန်းတက်လာရာ ဣသရေလလူမျိုးတို့သည် တိုးပွား သည်ကို မြင်သဖြင့် ကြောက်လန့် စိုးရိမ်နေခဲ့သည် (စက္ကူဖာရောဘုရင် ရုပ်ကို စားပွဲခုံပေါ်တွင် တင်လိုက်ပါ)။ ထို့ကြောင့် သူသည် ဣသရေလလူမျိုးတို့ကို ကျွန်အဖြစ် စေစားခဲ့ပြီး၊ ၎င်းတို့၏ မွေးဖွား စသား ယောကျ်ားများကိုလည်း အသေသတ်စေခဲ့သည်။ ဘုရားသခင်က ဣသရေလလူမျိုးကို လူမျိုးကြီး ဖြစ်စေပြီလား။

➢ ဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ အော်ဟစ်ငိုကြွေးသံတို့ကို ကြားတော်မူ၍ "ငါ၏လူများကို လွှတ်စေပါ" ဟု မောရှေအား ဖာရောထံ ပြောကြားရန် ရွေးချယ်ခဲ့သည်။

➢ ပထမဆုံး ကပ်ဆိုးကြီးအကြောင်းကို မိတ်ဆက်ပေးပါ *(ထွက်၊ ၇း၁၇–၁၈)* ။ ထို့နောက် ပထမ တစ်တုံး ကိုယူ၍ ဖာရောဘုရင်ရုပ် အနားတွင် ထားလိုက်ပါ။ (တန်ခိုးကြီးခြင်းကို ပေါ်လွင်စေရန် တစ်တုံးကို ခပ်ပြင်းပြင်းလေး ချလိုက်ပါ။)

ကပ်ဆိုးကြီးများကို တစ်ခုချင်းစီ ပြောပြပြီးသည့်နောက် မေးခွန်းမေးပါ – *ဘုရားသခင်က ထိုအရာတွေကို ဖြစ်စေနိုင် ပါသလား။ သူ့ရဲ့ စုံလင်တော်မူသော တန်ခိုးတော်အားဖြင့် တက်စွမ်းနိုင်ပါတယ်။*

ကပ်ဆိုးကြီးများ နောက်ဆက်တွဲ အဖြစ်ဆိုးများကို တစ်ခုချင်းစီ အတိုချုပ် ရှင်းပြပေးပါ –

ဒုတိယမြောက် ကပ်ဆိုး – *ထွက်၊ ၈း၁–၅ (ပထမ သစ်တုံးပေါ်တွင် ဒုတိယ တစ်တုံးကို တင်လိုက်ပါ)*

တတိယမြောက် ကပ်ဆိုး – *ထွက်၊ ၈း၁၆–၁၇ (တတိယ တစ်တုံးကို ထပ်တင်လိုက်ပါ)*

စတုတ္ထ မြောက် ကပ်ဆိုး – *ထွက်၊ ၈း၂၀ (စတုတ္ထသစ်တုံးကို ဆက်တင်လိုက်ပါ)*

ပဥ္စမ မြောက်ကပ်စိုး – ထွက်၊ ၉း၁–၃ (ပဥ္စမသစ်တုံးကို ဆက်တင်ပါ)

ဆဋ္ဌမ မြောက်ကပ်စိုး – ထွက်၊ ၉း၈–၉ (ဆဋ္ဌမသစ်တုံးကို ဆက်တင်ပါ)

သတ္တမ မြောက်ကပ်စိုး – ထွက်၊ ၉း၂၂–၂၆ (သတ္တမ သစ်တုံးကို ဆက်တင်ပါ)

အဋ္ဌမမြောက်ကပ်စိုး – ထွက်၊ ၁၀း၄–၅ (အဋ္ဌမသစ်တုံးကို ဆက်တင်ပါ)

နဝမ မြောက်ကပ်စိုး – ထွက်၊ ၁၀း၂၁–၂၃ (နဝမသစ်တုံးကို ဆက်တင်ပါ)

ဒသမ မြောက်ကပ်စိုး – ထွက်၊ ၁၁း၄–၅ (ဒသမ သစ်တုံးကို ဆက်တင်ပါ)

➢ ကပ်ကြီး ဆယ်ပါးပြီးမှသာလျှင် ဘုရားသခင်သည် သူ၏လူများကို လွှတ်စေခဲ့ကြောင်းကို ပြောပြပါ။ ဖာရောဘုရင်မင်းကြီးသည် ဘုရားသခင်ကို ဆန့်ကျင်နိုင်ခြင်း မရှိခဲ့ပေ။

မေးခွန်းမေးပါ – *ဘာလို့ ဘုရားသခင်က ကပ်ကြီးဆယ်ပါးကို ကျရောက်စေခဲ့ရတာလဲ။ ဘုရားသခင်ဟာ ခပ်သိမ်းသော တန်ခိုးတော် ရှင်ဖြစ်တယ်။ ဘယ်အရာမှ သူ့အတွက် ခက်ခဲတယ်ဆိုတာ မရှိပါဘူး။ အဲဂုတ္တုပြည် တစ်ပြည်လုံးကို ကပ်ကြီး တစ်ပါး ကျစေပြီးတော့ အဆုံးစီရင်နိုင်မယ်လို့ ထင်သလား။*

ထိုမေးခွန်းကို ဘုရားသခင်ကိုယ်တိုင် အဖြေပေးခဲ့ကြောင်းကို ပြောပြပါ။

*ထွက်၊ ၉း၁၅-၁၆* ရေးသားထားသည့် စက္ကူလိပ်ကို ပြ၍ ဖတ်ပေးပါ။

***ငါ့လက်ကို ငါဆန့်၍သင်နှင့် သင်၏လူတို့ကို ကာလနာဖြင့် ဒဏ်ခတ်မည်။ သင့်ကိုလည်း မြေကြီးပေါ်ကသုတ်သင်ပယ်ရှင်းမည်။ အကယ်စင်စစ် ငါ့တန်ခိုးကိုသင်၌ ငါပြခြင်းငှါဝင်း၊ ငါ့နာမကိုမြေကြီးတပြင်လုံးတွင် ကျော်စောစေခြင်းငှါဝင်း၊ သင့်ကိုငါ ချီးမြှောက်ခဲ့ပြီ။***

ဘုရားသခင်သည် ကပ်ကြီးတစ်ပါးကို ကျရောက်စေခြင်းအားဖြင့် ဖာရောဘုရင် နှင့် အဲဂုတ္တုပြည် တစ်ခုလုံးကို အဆုံးစီရင်နိုင်ကြောင်း အလေးအနက် ပြောပြပါ (သစ်တုံးတစ်တုံးကိုယူ၍ စက္ကူဖာရောဘုရင် ရုပ်ကို ဖိချေလိုက်ပါ)။ သို့သော်လည်း ဘုရားသခင်သည် ကပ်ကြီးဆယ်ပါးကို ကျရောက်စေခဲ့သည်။ အကြောင်းရင်းမှာ သူ၏ တန်ခိုးတော်ကို ပြသခြင်းအားဖြင့် မြေကြီး တပြင်လုံး၌ သူ၏အမည်နာမတော် ဖြစ်သော "ယာဝေ" ထာဝရ ဘုရားသခင်ကို လူတိုင်း သိစေရန် ဖြစ်သည်။

လေးလံသော အရာဝတ္ထုများထည့်ထားသည့် ပုံးကို ပြန်ပြပါ။ ပစ္စည်းအလေးများကို သင် မနိုင်လေလေ၊ သင်သည် အားကောင်းသည်ဟု ထင်ရှားလေလေ ဖြစ်ကြောင်းကို ပြောပြပါ။ (အကယ်၍ အလေးမသူ တစ်ဦးက ကားတစ်စီးကို မပြသည်ကို မြင်တွေ့ရလျှင် သင်သည် အံ့ဩသွားမည်ဖြစ်သည်၊ ဒါ့အပြင် ကားဆယ်စီးကို မပြသည်ဆိုလျှင် သင် မည်သို့ဖြစ်မည်နည်း – အလွန်အံ့ဩသွားမည် ဖြစ်သည်။ ထိုအလေးမသူမှာ နာမည် အလွန်ကြီးသွားပါလိမ့်မည်။) ကပ်ကြီးဆယ်ပါးထဲမှ ကပ်ရောဂါတစ်ခုပင်လျှင် ဘုရားသခင်၏ အံ့ဖွယ်တန်ခိုးတော် သည် အံ့ဩဖွယ်ရာ ဖြစ်နေပေပြီ။ သို့သော်လည်း ဘုရားသခင်သည် ဖာရောဘုရင်၊ ဣသရေလလူမျိုးတို့ နှင့်အတူ တစ်ကမ္ဘာလုံးကို သူ၏ အနှိုင်းမဲ့တန်ခိုးတော်အား တွေ့မြင်စေလိုသည်။ ကမ္ဘာမြေတဝှမ်းလုံးက သူ့ကို သိစေရန် ဘုရားသခင် အလိုရှိသည်။ လူသားများက ဘုရားသခင်၏ ကြီးမားလှသော တန်ခိုးတော်ကို မြင်တွေ့ခြင်း အားဖြင့် သူ၏ဘုန်းနာမတော်ကို တစ်ကမ္ဘာလုံး သိနားလည်ကြမည် ဖြစ်သည်။ မည်မျှလောက် အံ့ဩဖွယ် ကောင်း၍ တန်ခိုးတော်ကြီးမားတော်မူသော ယာဝေ ဘုရားသခင် ဖြစ်ပါသနည်း။

ဘုရားသခင်သည် အလုံးစုံသော တန်ခိုးတော်ရှင် ဖြစ်သည်။ ဆိုလိုသည်မှာ သူတစ်ဦးတည်းသာလျှင် ခပ်သိမ်းသောတန်ခိုးတော်ရှိဖြစ်သည်။ ဘုရားသခင်သည် အလုံးစုံသော တန်ခိုးတော်ရှင်ဖြစ်သည့်အတွက် သူ့အတွက် မည်သည့်အရာမျှ ခက်ခဲသည်ဟူ၍ မရှိ *(ယေရမိ၊ ၃၂း၁၇)*။ ဘုရားသခင်သည် တန်ခိုးတော်ရှင်ဖြစ်သည့်အတွက် သူ၏ လူများကောင်းကျိုးအတွက် ဖြည့်စည်းပေးနိုင်သူ ဖြစ်သည်။ ခပ်သိမ်းသောတန်ခိုးတော်ရှင် ဘုရားသခင် သည် လောကတခွင်လုံး သူ၏ အမည်နာမကို ထင်ရှားစေလိုသည်။

***လိုက်လျောက်ကျင့်သုံးခြင်း***

- ကလေးများအား "A" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်သည်မှာ မည်သည်ကို ဆိုလိုကြောင်း မေးကြည့်ပါ (သူ့အတွက် ခက်ခဲသည့်အရာ တစ်စုံတစ်ခုမျှ မရှိ၊ လုပ်ရန် မရွယ်ရွယ်သော အရာများကို လုပ်ဆောင်စေရန် သူ့အား မည်သူမျှ ခိုင်းစေ၍ မရ စသည်ဖြင့်)၊ ဘုရားသခင်နဲ့ တန်းတူတစ်စုံတစ်ယောက် ရှိပါသလား။
- ခပ်သိမ်းသော တန်ခိုးတော်ရှင် ဆိုသည့် ယနေ့သင်ခန်းစာမှ ကျွန်ုပ်တို့ မည်သည့်အရာကို သင်ယူရပါသနည်း။ သူ၏ ဉာဏ်ပညာနှင့် တန်ခိုးတော်အားဖြင့် ဘုရားသခင် အမှုပြုလေတိုင်း မည်သည့်အရာကို

ကျွန်ုပ်တို့အား ညွှန်ပြနေပါသနည်း။ (သူ၏ဘုန်းတော်) နိဂုံး – ဘုရားသခင်သည် ခပ်သိမ်းသော တန်ခိုးတော်ရှင် ဖြစ်သည်။ ဘုရားသခင်သည် သူ၏ တန်ခိုးတော်အားဖြင့် အမှုပြုလေတိုင်း သူ၏ ဘုန်းတော်ကို ဖော်ကျူးနေခြင်းဖြစ်သည်။ ဘုရားသခင်၏ တန်ခိုးတော်သည် သူ၏ကြီးမားထိုက်တန်ခြင်းကို ညွှန်ပြနေသည်။

- ဘုရားသခင်သည် ခပ်သိမ်းသော တန်ခိုးတော်ရှင် ဖြစ်သည့်အတွက် ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ကြရမည်နည်း။ *၄ ရာ၊ ၁၇း၃၆*
  ဘုရားသခင်ကို ကျွန်ုပ်တို့ ကြောက်ရွံ့သည်ဟု ဆိုရာတွင် မည်သည့် စိတ်နေသဘောထားမျိုး ကျွန်ုပ်တို့တွင် ရှိပါသနည်း။ (ဘုရားသခင်၏ ကြီးမားထိုက်တန်ခြင်းကို ခံစားလျက် စစ်မှန်သော လေးစားသမှု ရှိသည့် စိတ်နေသဘောထား)။ ဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့ ပျက်ဝပ်ကိုးကွယ်ရာတွင် မည်သည့် စိတ်နေသဘောမျိုး ရှိပါသနည်း။
- ဘုရားသခင်သည် ခပ်သိမ်းသော တန်ခိုးတော်ရှင်ဖြစ်သည့်အတွက် သူ၏လူများအတွက် မည်သည့်အရာကို လုပ်ဆောင်ပေးနိုင်သနည်း။ *(ဆာလံ၊ ၂၈း၇* – ကူညီနိုင်သည်၊ *ဟေဗြဲ၊ ၇း၂၅* – ကယ်တင်နိုင်သည်၊ *၁ကော၊ ၆း၁၄* – ရှင်ပြန်ထမြောက်စေနိုင်သည်၊ *ရောမ၊ ၈း၃၈–၃၉* – စောင့်ထိန်းနိုင်သည်။*)*
- ကြိမ်ဖန်များစွာ အားနည်းသူများဖြစ်သည်ဟု ကျွန်ုပ်တို့ ခံစားတတ်ကြသည်။ ဥပမာ – သင်သည် သိနေပါလျက်နှင့် အမှားတစ်ခုခုကို လုပ်မိသည် ဆိုပါက – ခွင့်မတောင်းမိဘဲ မုန့်စားမိသည် ဆိုပါက၊ သင်၏မိခင်ကို “အမေ ကျွန်တော် မထိန်းနိုင်ပဲ စားလိုက်မိတယ်” ဟု သင် ပြောနိုင်ပါသည်။ အမှားများကို မလုပ်ဆောင်မိစေရန်အတွက် ခွန်အားကို ကျွန်ုပ်တို့ မည်သည့်နေရာတွင် ရှာဖွေတွေ့ရှိနိုင်မည်နည်း။ *ဆာလံ၊ ၁၂၁း၁–၂* နှင့် *၁ကော၊ ၁၀း၁၃* ကို ဖတ်ပါ။
- *ဆာလံ၊ ၈း၁* ကို ဖတ်၍ ဆွေးနွေးပါ။ မည်သူ၏ နာမည်နာမသည် အခြားသောအရာများ၊ ပုဂ္ဂိုလ်များထက် သာ၍ ကြီးမြတ်ပါသနည်း။

မှတ်ချက် – သစ်တုံးလေးများကို နောက်သင်ခန်းစာအတွက် သိမ်းထားပါ။

သင်ခန်းစာ ၉

## "S" IS FOR SOVEREIGN *ခပ်သိမ်းသော အစိုးရရှင်*

**အဓိကအချက်** – ဘုရားသခင်သည် မိမိနှစ်သက်တော်မူသော အရာကို လုပ်ဆောင်ရန်အတွက် အခွင့်အာဏာ၊ ဉာဏ်ပညာနှင့် တန်ခိုးတော်တို့ကို ပိုင်သတော်မူ၏။

**အဓိကကျမ်းချက်** – ရှေးကာလမှစ၍ မဖြစ်သေးသော အမှုအရာ တို့ကိုငင်း ဘော်ပြလျက် ငါ့အကြံ တည်လိမ့်မည်။ *ဟေရှာ၊ ၄၆း၁၀*

ငါသည် နှုတ်ထွက် အတိုင်းပြုမည်။ ကြံသည်အတိုင်း စီရင်မည်။ ဟေရှာ၊ ၄၆း၁၁

**နိဒါန်း** – ဘုရားသခင်သည် ခပ်သိမ်းသော အစိုးရရှင်ဟု ဆိုရာတွင် ဘုရားသခင်သည် မိမိနှစ်သက်တော်မူသော ရာမှန်သမျှကို လုပ်ဆောင်ရန် အခွင့်အာဏာ၊ ဉာဏ်ပညာ နှင့် တန်ခိုးတော်ကို့ကို ပိုင်သတော်မူကြောင်းကို ဆိုလိုသည်။ (Piper, *Desiring God, p. 34*) ဘုရားသခင်သည် မိမိ လုပ်ဆောင်လိုသမျှသော အရာတို့ကို လုပ်ဆောင်ရန် လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိသည်။ အကယ်၍ ဘုရားသခင်က မသေချာ မရေရာသည့် အရာ တစ်စုံတစ်ခုကို လုပ်ဆောင်နေသည် သို့မဟုတ် မိမိကိုယ်ကို မထိန်းနိုင်တော့သည့်အတွက် တစ်စုံတစ်ခုကို လုပ်မိသွားသည် စသည်ဖြင့် ရှိခဲ့မည်ဆိုလျှင် ထိုအရာသည် သတင်းဆိုးတစ်ခု ဖြစ်ပေမည်။ သို့သော်လည်း ဘုရားသခင်သည် ထိုသို့သော ပုဂ္ဂိုလ် မျိုးမဟုတ်။ ဘုရားသခင်သည် မိမိနှစ်သက်အားရသော အရာကို သူ၏ အစိုးရရှင် ဖြစ်ခြင်းအားဖြင့် လုပ်ဆောင်အမှုပြု၍ သူ၏ ဘုန်းအာနုဘော်ကို ထင်ရှားစေတော်မူသည်။

အစိုးရကို ဆန့်ကျင်၍ ကိုယ်ပိုင်စိတ်တွေ့ရာ လုပ်ဆောင်ခြင်းမျိုးကို လက်မခံသည့် နိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံမျိုးတွင် ဘုရားသခင်၏ အစိုးရခြင်းနှင့် ပတ်သက်သော သြဝါဒမျိုးကို လက်ခံချင်ကြသည် မဟုတ်။ သို့သော်လည်း ထိုသင်ကြားပေးခြင်းကို ယုံကြည်သောသူ အတွက်မှာမူ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်း အုတ်မြစ် ဖြစ်ပေသည်။ ထိုယုံကြည်ခြင်းက ကျွန်ုပ်တို့၏ အသက်တာတွင် တွေ့ကြုံ သမျှသော အရာတို့ကို ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ သမိုင်းကြောင်းတစ်ခုလုံးကို ဘုရားသခင်၏ အံ့ဖွယ် ရည်ရွယ်ချက် အစီစဉ်ဖြစ်၍ သူ၏ ဘုန်းတော်ကို ထင်ရှားစေရန် ဖြစ်သည်ဟု ဝန်ခံစေသည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

ပြီးခဲ့သည့် သင်ခန်းစာများမှ အရာဝတ္ထုများ –

၁) ပေါင်မုန့်ထောပတ်သုတ် (သင်ခန်းစာ ၅ – ဖန်ဆင်းရှင်)
၂) ရတနာဘူး (သင်ခန်းစာ ၆ – ဘုန်းကြီးသောအရှင်)
၃) ရုပ်ပုံပဟေဠိ (သင်ခန်းစာ ၇ – ဉာဏ်ပညာကြွယ်ဝသော)
၄) သစ်တုံးများ (သင်ခန်းစာ ၈ – ခပ်သိမ်းသော တန်ခိုးတော်ရှင်)

**အခြား သင်ထောက်ကူပြု ပစ္စည်းများ –**

၁) ခိုင်မာသည့် ကဒ်ပြားလေးချက် (စာရွက်အမာစားဖြင့် သို့မဟုတ် ကဒ်ထူဖြင့် ပြုလုပ်နိုင်သည်။ ထို့နောက် အောက်ပါစာလုံးများကို ရေးသား သို့မဟုတ် ကပ်ထားရမည်။)
၂) ရှေ့ဘက်ခြမ်းတွင် "အခွင့်အဏာရှိသော" ၊ နောက်ဘက်တွင် "SOV" ဟူ၍ရေးပါ (မှီငြမ်းရန် စာအုပ်)။
၃) ရှေ့ဘက်ခြမ်းတွင် "ဥာဏ်ပညာ" ၊ နောက်ဘက်တွင် "ERE" ဟူ၍ ရေးပါ (မှီငြမ်းရန် စာအုပ်)။
၄) ရှေ့ဘက်ခြမ်းတွင် "တန်ခိုးတော်" ၊ နောက်ဘက်တွင် "IGN" ဟူ၍ ရေးပါ (မှီငြမ်းရန် စာအုပ်)။
၅) "ဘုန်းတော်" ပို၍ ကြီးမားသော ကဒ်တွင် ရေးသား၍ အခြားသော ကဒ်များထက် လှပအောင် ပြင်ဆင်ထားပါ။

ရွေးချယ်ရန် – ပင်လယ်နီကို ဖြတ်ကျော်ခြင်း ပုံပြင်အား ပြောပြရာတွင် လိုအပ်မည့် သင်ထောက်ကူပြု ပစ္စည်းများ၊ (ဥပမာ – ရုပ်ပုံကားချပ်များ)။ *ယော၊ ၄၆း၁၀–၁၁* ကို ရေးသားထားသော စက္ကူလိပ်။

***သင်ခန်းစာ ပို့ချခြင်း***

ကလေး လေးယောက်ကို ရွေးချယ် ရှေ့ထွက်လာစေပြီးနောက် ကောင်းကြီးမင်္ဂလာပုံးထဲမှ ပစ္စည်းများကို ထုတ်ယူစေကာ ထိုအရာများကို အတန်းရှေ့တွင် ကိုင်မြောက်ထားစေပါ။ ထိုပစ္စည်းလေးများသည် ဘုရားသခင် နှင့် ပတ်သက်၍ မည်သည့်အရာကို ဖော်ပြပေးရန် အသုံးပြုခဲ့ကြောင်းကို ကလေးများအား မေးပါ။ ပေါင်မုန့် ထောပတ်သုတ်၊ ပဟေဠိရုပ်ပုံ၊ သစ်တုံး နှင့် ရတနာဘူး စသည်ဖြင့် အစဥ်လိုက် ကလေးများကို မတ်တပ်ရပ် စေပါ။

အကြံပြုချက် – *ပေါင်မုန့်နှင့် ထောပတ်တို့မှ ဘုရားသခင်နှင့်ပတ်သက်၍ မည်သည့် အရာကို ဆရာ၊မ တို့ သင်ယူရပါ သလဲ။ ဘုရားသခင်ဟာ ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းခဲ့တယ်။ သူဟာ ဖန်ဆင်းရှင် ဘုရားသခင် ဖြစ်တယ်။ ခပ်သိမ်းသော အရာတို့ကို ပိုင်သတော်မူ၍ လုပ်ချင်တဲ့ အမှုကို လုပ်ဆောင်ဖို့လည်း သူ့မှာ အခွင့်အဏာရှိတယ်။* ကလေးတစ်ယောက်ကို "အခွင့်အဏာ" ဆိုသည့် ကဒ်ပြားအား ကိုင်ဆောင် စေပါ။

ကျန်ရှိနေသေးသည် နောက်သုံးယောက်ကိုလည်း ဆက်လုပ်စေပါ။ အောက်ပါအချက်များကို ပြန်လည် နွေးပေးရင်း တစ်ယောက်စီတိုင်းကို ကိုက်ညီသည့် အမှတ်အသားကဒ်များကို ကိုင်ဆောင်စေပါ။

ပဟေဠိ ရုပ်ပုံများအတွက် အကြံပြုချက် – *ဘုရားသခင်ဟာ ဥာဏ်ပညာကြွယ်ဝလှပါတယ်။ သူ့မှာ အကြံအစီ တစ်ခုရှိပြီဆိုရင်တော့ အဲဒီအကြံအစီကို သင့်တင့်လျောက်ပတ်ပြည့်စုံစွာ ဘုရားသခင်ဟာ အမှုပြုတော်မူတတ်တယ်။*

သစ်တုံးအတွက် အကြံပြုချက် – *ဘုရားသခင်ဟာ ခပ်သိမ်းသော တန်ခိုးတော်ရှင် ဖြစ်တယ်။ ဘုရားသခင်ဟာ အလုံးစုံတို့ရဲ့ တန်ခိုးတော်ရှင် ဖြစ်တဲ့အတွက် သူ့အတွက် ခက်ခဲတဲ့ အရာတစ်ခုမှ မရှိပါဘူး။ ဘယ်သူကမှ ဘုရားသခင်ကို ယှဥ်ပြိုင်လို့လည်း မရပါဘူး။*

ရတနာဘူးလေးအတွက် အကြံပြုချက် – *ဘုရားသခင်ဟာ ဘုန်းကြီးသော အရှင်ဖြစ်တယ်။ ဘုရား သခင်ဟာ သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းကို ပြသခဲ့တယ်။ ဘုရားသခင်ဟာ သူ့ရဲ့ ဘုန်းတော် ထင်ရှားစေဖို့ ခပ်သိမ်း သောအမှုရာတွေကို ဖန်ဆင်းခဲ့တယ်။*

ကလေးများအနေနှင့် ဘယ်ဘက်မှ ညာဘက်သို့ အစဉ်လိုက် ကဒ်ပြားများကို ကိုင်ထားကြပါစေ – **အခွင့် အာဏာ၊ ဉာဏ်ပညာ၊ တန်ခိုးတော်၊ ဘုန်းတော်။**

> အောက်ပါ အချက်ကို ဖော်ပြပေးပါ – *ဘုရားသခင်ဟာ ဖန်ဆင်းထားတဲ့ အရာတွေအပေါ်မှာ သူ့သဘော ကျလုပ်ဆောင် ပိုင်ခွင့်ရှိတယ်။ ဘုရားသခင်၌ သူဖြစ်ချင်သည့် အရာကို စီစဉ်ရန် ဉာဏ်ပညာကြွယ်ဝ တော်မူတယ်။ ဘုရားသခင်သည် သူဖြစ်စေချင်သော အရာများကို ဖြစ်လာစေရန် တန်ခိုးတော်ကိုလည်း ပိုင်သတော်မူတယ်။*

မှတ်သားထားရမည့် စာလုံးပေါင်းများစွာ ရှိသည့်အကြောင်းကို ရှင်းပြပါ။ ထိုစကားလုံးများ အားလုံးကို ပေါင်းစည်းပြီး စကားလုံးတစ်လုံးတည်းနဲ့ ဖော်ပြနိုင်မည့် စကားလုံး တစ်လုံးရှိမည်ဟု သင် ထင်ပါသလား။ (ကဒ်ပြားလေးများကို ရှေ့ နောက်လှည့်လိုက်ပါ – "ခပ်သိမ်း" – "သောအ" – "စိုးရရှင်") ဘုရားသခင်သည် **ခပ်သိမ်းသော အစိုးရရှင်** ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့အပေါ် အမှုပြုရာတွင် အခွင့်အာဏာ၊ ဉာဏ်ပညာ နှင့် တန်ခိုးတော် ရှိတော်မူသည်ဟု ဆိုလိုသည်။ ကလေးများကို ၄င်းတို့ကိုင်မြောက်ထားသည့် ကဒ်ပြားများနှင့်အတူ ပြန်၍ ထိုင်ခိုင်းလိုက်ပါ။ ဘုရားသခင်၏ လူမျိုးဖြစ်သည့် ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏ အစိုးရတော်မူခြင်းကို ဖော်လွှင်ထင်ရှားစေခဲ့သည့် အလွန်စိတ်ဝင်စားဖွယ် ကောင်းသော သမ္မာကျမ်းစာပုံပြင် တစ်ပုဒ်ပြောစရာရှိသည်ဟု ကလေးများကို ပြောပြပါ။

**သမ္မာကျမ်းစာပုံပြင် – ပင်လယ်နီအားဖြတ်ကျော်ခြင်း** *ထွက်၊ ၁၃း၁၇ – ထွက်၊ ၁၄*

ယနေ့ပြောပြရမည့် ပုံပြင်ကို မိတ်ဆက်ပေးကာ၊ သူပြုလိုသော အမှုအရာတို့ကို ပြုလုပ်အကောင် အထည် ဖော်ရာတွင် ဘုရားသခင်သည် သူ၏ အခွင့်အာဏာ၊ ဉာဏ်ပညာနှင့် တန်ခိုးတို့ကို မည်သို့အသုံးပြုခဲ့သည်ကို တွေ့မြင်နိုင်မည့်အကြောင်း ကလေးများကို သေသေချာချာ ပုံပြင်အား နားထောင်ရန် တိုက်တွန်းပါ။ *ထွက်၊ ၁၃း၁၇ – ထွက်၊ ၁၄* မှ အကြောင်းအရာတို့ကို အတိုချုံး၍ ပြောပြလိုက်ပါ။ ရိုးရှင်းပြီး ထိရောက်မှုရှိပါစေ။

အောက်ပါအချက်များကို အလေးအနက်ထားပါ။

- ဘုရားသခင်သည် သူ၏လူများကို အဲဂုတ္တုပြည်မှ ထွက်ခွါသွားရန် အလိုရှိသည်။ ကပ်ကြီးဆယ်ပါးကို ကျရောက်စေပြီးသည့်နောက် ဘုရားသခင်က သူ၏လူများကို လွှတ်စေရန် ဖာရောဘုရင်အား မိန့်ဆို ခဲ့သည်။
- ပင်လယ်နီကို ဖြတ်ကျော်၍ သူ၏လူတို့ကို ကယ်တင်ရန် ဘုရားသခင် အလိုရှိသည် *(ထွက်၊ ၁၃း၁၇)*။
- မိုဃ်းတိမ်တိုင် နှင့် မီးတိုင်အားဖြင့် သူ၏လူတို့ကို ဘုရားသခင် ဦးဆောင်ခဲ့သည် *(ထွက်၊ ၁၃း၂၀–၂၂)*။
- ဖာရောဘုရင်၏ နှလုံးသားကို ဘုရားသခင် ခိုင်မာစေခဲ့သည် *(ထွက်၊ ၁၄း၈)*။
- ဣသရေလလူမျိုးတို့ကို နောက်မှ လိုက်စေရန် ဖာရောဘုရင်အား ဘုရားသခင် ဖြစ်စေခဲ့သည် *(ထွက်၊ ၁၄း၄–၉)*။
- အချို့သော ဘုရားသခင်၏လူများသည် ကြောက်ရွံ့ကြ၍ ဖောရောဘုရင်ထံပါး ပြန်၍ အစေခံလိုကြသည် *(ထွက်၊ ၁၄း၁၀–၁၂)*။
- ဘုရားသခင်သည် သူ၏လူများအတွက် တိုက်ပွဲဝင်ခဲ့သည် *(ထွက်၊ ၁၄း၁၃)*။
- ဣသရေလလူမျိုးများ ပင်လယ်ကို ဖြတ်လျှောက်သွားနိုင်စေဖို့ ပင်လယ်ကို နှစ်ခြမ်းခွဲခဲ့သည် *(ထွက်၊ ၁၄း၂၀–၂၂)*

- ဘုရားသခင်သည် အဲဂုတ္တုစစ်သားများကို အဆုံးစီရင်ရန် ပင်လယ်ကြီးကို ပြန်လည် စီးဆင်းစေခဲ့သည် *(ထွက်၊ ၁၄း၂၇-၂၈)*။

အထပ်ပါ ကျမ်းစာ ပုံပြင်နှင့်ပတ်သက်၍ မေးရမည့် မေးခွန်းများကို အောက်ပါအတိုင်း ဖော်ပြပေးထားပါသည်။ အဖြေများအတွက် ကိုက်ညီသော အမှတ်အသားပြု ကဒ်များကို ကိုင်ဆောင်စေပါ။ (အခွင့်အာဏာရှိသော၊ ဉာဏ်ပညာ၊ တန်ခိုးတော်)

မေးခွန်းမေးပါ – *ဘုရားသခင်က အဲဂုတ္တုလူမျိုးကို မရွေးချယ်ဘဲ ဣသရေလလူမျိုးတို့ကို ရွေးချယ်ခဲ့တယ်။ ဘာကြောင့် ဘုရားသခင်က အဲဒီလို လုပ်လို့ရတာလဲ။ လူသားအယောက်စီတိုင်းကို သူဖန်ဆင်းခဲ့သလို၊ ဆရာ၊မ တို့အားလုံးကိုလည်း သူ ပိုင်သတော်မူတယ်။ သူ့ရဲ့လူမျိုးအဖြစ် သူကြိုက်တဲ့သူကို ရွေးချယ်ဖို့ သူ့မှာ* ***အခွင့် အာဏာ*** *ရှိတယ်မဟုတ်လား။*

*သူရွေးကောက်ထားတဲ့ ဣသရေလလူမျိုးအတွက် ပြင်ဆင်ထားတဲ့ တိုင်းနိုင်ငံကို ရောက်ဖို့ ပင်လယ် ဖြတ်ရမယ့် အခြေအနေကို ဘုရားသခင် စီစဉ်ခဲ့တယ်။ ဘာလို့ ဘုရားသခင်က သူ့လူတွေကို ကုန်းကြောင်း သက်သက်နဲ့ဘဲ ခရီး မနှင်စေရတာလဲ။ ဘုရားသခင်ဟာ* ***ဉာဏ်ပညာ*** *ကြွယ်ဝပါတယ်။ သူဟာ အစီစဉ် ရှိပြီဆိုရင်တော့ အဲဒီအစီစဉ်တွေ အားလုံး ပြည့်စုံဖို့ရန်အတွက် အရာခပ်သိမ်းကို ပြင်ဆင်ထားတတ် ပါတယ်။*

*ဘုရားသခင်ဟာ မိုးတိမ်တိုင် နဲ့ မီးတိုင်တွေကို ပြုလုပ်ပေးခဲ့တယ်။ ဘယ်လိုလုပ်ပြီး ဘုရားသခင်က အဲဒါမျိုးကို တက်နိုင်တာပါလိမ့်။ ဘုရားသခင်ဟာ ခပ်သိမ်းသော အမှုကိုပြုဖို့* ***တန်ခိုးတော်*** *ရှိပါတယ်။ ဘယ်အရာမှ သူ့အတွက် ခက်တယ် ဆိုတာ မရှိပါဘူး။*

*ဖာရောမင်းကြီးရဲ့ နှလုံးသားကို ဘုရားသခင် ခိုင်မာစေခဲ့တယ် (အနည်းငယ်ရှင်းပြပါ)။ အဘယ့်ကြောင့် ဘုရားသခင် ထိုသို့ ပြုနိုင်ရပါသနည်း။ ဖာရောဘုရင်ကိုလည်း ဘုရားသခင် ဖန်ဆင်းတော်မူခဲ့တယ်။ ဘုရားသခင်ဟာ ဖာရောဘုရင်အပေါ်မှာ သူ ကြိုက်တာကို လုပ်ဖို့* ***အခွင့်အာဏာ*** *ရှိပါတယ်။*

*ဘုရားသခင်ဟာ ပင်လယ်ကြီးကို နှစ်ခြမ်းကွဲစေခဲ့တယ်။ ဘယ်လို လုပ်နိုင်တာပါလဲ။ ဒါဟာ သူ့ရဲ့* ***တန်ခိုးတော်*** *အားဖြင့် ဖြစ်တယ်။*

*ပင်လယ်ကြီးကို ကူးဖြတ်ပြီးတော့ ဘုရားသခင်ရဲ့ လူတွေဟာ ကယ်တင်ခြင်း ခံခဲ့ကြရတယ်။ ဒါဖြစ်နိုင် ပါ့မလား။ ဘုရားသခင်ဟာ ဉာဏ်ပညာ ကြွယ်ဝတော်မူသည်။ သူ့ရဲ့ အကြံအစီအားလုံးဟာ ပြည့်စုံကြမှာ အစဉ်ပါပဲ။*

ဘုရားသခင်သည် ခပ်သိမ်းသော အစိုးရရှင်ဖြစ်ကြောင်းကို အလေးနက်ထား ပြန်ပြောပြပါ။ သူပြုတော်မူလို သည့် အမှုအလုံးစုံတို့ကို လုပ်ရန်အတွက် အခွင့်အာဏာ၊ ဉာဏ်ပညာ နှင့် တန်ခိုးတော်တို့ကို ဘုရားသခင် ပိုင်သတော် မူသည်။ ဤပုံပြင်တွင် ဘုရားသခင် ပြုလုပ်လိုသည့် အရာမှာ မည်သည့်အရာဖြစ်ကြောင်း ကလေး များကို မေးပါ။ (ဣသရေလလူမျိုးတို့ကို ကယ်တင်ရန်)။ အဘယ့်ကြောင့် ထိုသို့ ဘုရားသခင် ပြုလုပ်လိုခဲ့ သည်ကို ကလေးများအား မေးပါ *(ထွက်၊ ၁၄း၁၇-၁၈)* ။ အဘယ့်ကြောင့် ဘုရားသခင်သည် သူပြုနေသော အမှုတို့ကို လုပ်ဆောင်နေရပါသနည်း။ (ပုံပြင်တလျှောက်တွင် အသုံးမပြုရသေးသည့် "ဘုန်းတော်" ဆိုသည့် ဆိုင်းပုဒ်ကို ပြလိုက်ပါ။ အကယ်၍ သင်သည် ပုံပြင်ကို ဝိုက်ဘုတ် သို့မဟုတ် ကျောက်သင်ပုန်းပေါ်တွင် ရေးချပြောပြနေသည်ဆိုလျှင် "ဘုန်းတော်" ဆိုသည့် စကားလုံးကို ထိပ်ဆုံးတွင် ကပ်လိုက်ပါ)။ ဘုရားသခင် သည် ခပ်သိမ်းသော အစိုးရရှင်ဖြစ်သည့်အတွက် မိမိပြုလိုသော အမှုကို ပြုလုပ်နိုင်သည်။ ဘုရားသခင်၏

အလိုတော်မှာ သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း (ဘုန်းတော်) ကို ဖော်ပြရန် ဖြစ်သည်။ (ရတနာဗူးလေးကို ကိုင်မြောက်လိုက်ပြီး အဖုံးကို ဖွင့်ပြလိုက်ပါ။)

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "S" ဆိုသည့် စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ခပ်သိမ်းသော အစိုးရရှင်ကို အခြားသော နည်းဖြင့် ဖော်ပြရမည် ဆိုလျှင် ခပ်သိမ်းသော အရာတို့ အပေါ် အစိုးရပိုင်သတော်မူသောသူဟု ဆိုနိုင်ပါသည်။ ဘုရားသခင် တစ်ပါးတည်းသာလျှင် ထိန်းချုပ်ပိုင်သသူဖြစ်သည်။ အဘယ်ကြောင့် ဘုရားသခင်တစ်ပါးတည်းသာလျှင် ထိန်းချုပ်ပိုင်သသူ ဖြစ်ရပါသနည်း။ မည်သူသည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းခဲ့ပါသနည်း။ *(ဟေရှာ၊ ၄၄း၂၄)* ဘုရားသခင်၌ **အခွင့်အာဏာ** ရှိတော်မူ၏။ မည်သူသည် ခပ်သိမ်းသောအရာတို့ကို ဉာဏ်ပညာဖြင့် ဖန်ဆင်းခဲ့ပါသနည်း။ *(ဆာလံ၊ ၁၀၄း၂၄)* ဘုရားသခင်သည် **ဉာဏ်ပညာ** ကြွယ်ဝတော်မူ၏။ မည်သူတစ်ဦးတည်းသာလျှင် ခပ်သိမ်းသောတန်ခိုးတော်ကို ပိုင်ဆိုင်ထားသနည်း။ *(ယေရမိ၊ ၃၂း၁၈-၁၉)* ဘုရားသခင်သည်သာ ထို**တန်ခိုးတော်ကို** ပိုင်ဆိုင်တော်မူ၏။
- ယနေ့အတွက် ကျက်ရမည့် ကျမ်းချက်ဖြစ်သော *ဟေရှာ၊ ၄၆း၁၀ခ နှင့် ၁၁ခ* ကို ရေးချ၍ အတူတကွ ဖတ်ပါ။

  မေးခွန်းမေးပါ – *ဘုရားသခင်က သမ္မတကြီးရဲ့ သဘောအတိုင်း အလုပ်လုပ်တာလား။ နာမည်ကျော် ကစားသမားတွေရဲ့ အလိုကျ ဘုရားသခင်က အလုပ်လုပ်တာလား။ သားတို့ သမီးတို့ နဲ့ ဆရာ၊မ တို့ရဲ့ အလိုဆန္ဒအတိုင်း ဘုရားသခင်က အလုပ်လုပ်တာလား။ ဘုရားသခင် ဟာ သူလုပ်လိုတဲ့ အရာကိုဘဲ လုပ်သွားမှာပါ။ အဲဒါကောင်းပါသလား။ ဘာလို့လဲ။*
- ဘုရားသခင်ဟာ ခပ်သိမ်းသောအစိုးရရှင် ဖြစ်ပြီးတော့ သူလုပ်ချင်တဲ့ အရာတွေကို လုပ်ဆောင်ခြင်းဟာ ဘာကြောင့် ကောင်းပါသနည်း။ (တကယ်လို့ သားတို့သမီးတို့ရဲ့ မိဘတွေက အိမ်မှာ တစ်ရက်တာ တာဝန်ယူဖို့ တာဝန်ပေးတယ်ဆိုရင် ဘယ်လိုဖြစ်မလဲ။ အကောင်းဆုံး ဟင်းလျာတွေကို သားတို့သမီး တို့ ပြင်ဆင်ကြမလား။ ညနေစာ ဘယ်လိုလုပ်ရမလဲ ဆိုတာကော သိမှာလား။ ညီအကို မောင်နမတွေကိုလည်း ကောင်းမွန်မှန်ကန်စွာ ဆက်ဆံနိုင်ပါ့မလား။ အဝတ်အစားတွေ လျော်၊ ပျက်နေတဲ့ ကား (ဆိုင်ကယ်) ကို ပြင်၊ အရေးပေါ်ကိစ္စတွေကို ဖြေရှင်း နိုင်ပါ့မလား။ အကြောင်းအရာ အလုံးစုံကို သားတို့ သမီးတို့ သိနိုင်ပါ့မလား။ အကြောင်းအရာ အလုံးစုံတို့ကို တာဝန်ယူ ဖို့အတွက် အစွမ်းအစ သားတို့သမီးတို့မှာ ရှိနိုင်ပါ့မလား။)
- ဘုရားသခင် တစ်ပါးတည်းသာလျှင် ခပ်သိမ်းသောအရှင် ဖြစ်သည်မှာ ကောင်းမြတ်လှပါသည်။ ဘုရားသခင် တစ်ပါးတည်းသာလျှင် ဖန်ဆင်းရှင်ဘုရား၊ ဘုန်းတော်ခိုးတော် ကြွယ်ဝတော်မူ၍ ထာဝရ ဉာဏ်ပညာကြွယ်ဝတော်မူသော သူဖြစ်သည်။ ဘုရားသခင်၏ အကြံအစီများသာလျှင် အကောင်းဆုံး ဖြစ်ရာ၊ မည်သူတစ်ဦး တစ်ယောက်မျှကလည်း သူ၏ အကြံအစီမရှိသည့် အရာကို လုပ်ဆောင်ရန် ခိုင်းစေ၍ မရနိုင်ပေ။ သူ၏ဘုန်းတော်ကို ထင်ရှားစေရန်အတွက် ခပ်သိမ်းသောအမှုကို ဘုရားသခင် အစဉ် အမှုပြုတော်မူသည်။ သူ၏ဘုန်းတော်ထက် သာ၍ ကြီးမြတ်တန်ဖိုးရှိသည့် အရာ မရှိတော့ပေ။
- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင် ဖြစ်သည့်အတွက် ကျွန်ုပ် မည်သို့ တုန့်ပြန်ရမည်နည်း။ ဘုရားသခင်ကို ပုန်ကန်ဆန့်ကျင် အသက်ရှင်ရမည်လား။ ဘုရားသခင် လုပ်ဆောင်နေသည့်အရာကို

အမှန် တကယ် သူ သိပါမည်လားဟု မေးခွန်းထုတ်သင့်ပါလား။ ဘုရားသခင်အပေါ် ကျွန်ုပ်သည် အကြွင်းမဲ့ ယုံကြည်ကိုးစားသင့်ပါသလား။ သူ၏အကြံအစီများကို ကျွန်ုပ်အနေနှင့် သင်ယူလေ့လာထား သင့်ပါသလား။ သူ၏မိန့်မှာချက်များကို ဝမ်းမြောက်ဝမ်းသာ ကျွန်ုပ် လိုက်လျှောက်သင့်ပါသလား။ ကျွန်ုပ်ကိုယ်တိုင် ဘုရားသခင်၏ ဘုန်းနာမတော်ကို တွေ့မြင်၍၊ ကျွန်ုပ်၏ မိသားစု၊ အိမ်နီးနားချင်း နှင့် တစ်ကမ္ဘာလုံးသည်လည်း ဘုရားသခင်၏ ဘုန်းတော်ကို မြင်စေရန်အတွက် ဝေငှသက်သေခံသင့်ပါ သလား။

မှတ်ချက် – ရတနာဘူးလေးနှင့် ရတနာများကို နောက်သင်ခန်းစာများအတွက် သိမ်းထားပါ။

**သင်ခန်းစာ ၁၀**

## "P" FOR PROVIDER *ဖြည့်ဆည်းပေးသောအရှင်*

**အဓိကအချက်** – ဖန်ဆင်းထားသမျှသော အရာတို့၏ လိုအပ်ချက်ကို ဘုရားသခင်သည် ဖြည့်ဆည်းပေးသည်။

**အဓိကကျမ်းချက်** – ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက် ဝင်သက် မှစ၍ ခပ်သိမ်း သောအရာတို့ကို ပေးတော်မူသော အရှင်ဖြစ်သည်။ တမန်၊ ၁၇း၂၅က

**နိဒါန်း** – ခပ်သိမ်းသောအရာတို့ကို ဘုရားသခင် ဖန်ဆင်းတော်မူ၍ ထိုခပ်သိမ်းသောအရာတို့ကိုလည်း ဘုရားသခင်ကပင်လျှင် ကြည့်ရှုစောင့်ရှောက် ရသည်သာဖြစ်သည်။ နေ့စဉ် တစ်စက္ကန့်မျှ ဖြစ်တည်ရှင်သန်ရန် အတွက်ပင် ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်အပေါ် လုံးလုံးလျားလျား မှီခိုနေကြရသည်။ ခပ်သိမ်းသော ဖန်ဆင်းခြင်းကို ဘုရားသခင် တစ်ပါး တည်းသာလျှင် ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ခြင်းက သူ၏ကြီးမြတ်ခြင်းနှင့် ထိုက်တန်တော်မူခြင်းကို ဖော်ပြနေပါသည်။

ကလေးငယ်များကို "သားတို့သမီးတို့ကို ဘယ်သူက စားသောက်ဖို့ ပေးသလဲ" ဟူ၍ မေးခွန်းမေးသည့်အခါ "အဖေနဲ့ အမေက" ပေးသည်ဟူသည့် အဖြေသည် ပုံမှန်အားဖြင့် ကြားရမည့် အဖြေဖြစ်သည်။ ယခု သင်ခန်းစာတွင် ခန္ဓာပိုင်း ဆိုင်ရာ၊ အသိဉာဏ်ပိုင်းဆိုင်ရာ နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ စသည့် လိုအပ်ချက်များ အားလုံးကို ဘုရားသခင်တစ်ပါးတည်းက သာလျှင် ဖြည့်ဆည်းပေးနိုင်သည်ကို ကလေးများနားလည်လာစေရန် ကျွန်ုပ်တို့ ကူညီသွားကြရမည်။ ဖန်ဆင်းထားသော အရာများနှင့် လူသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ခြင်းအားဖြင့် ဘုရားသခင်သည် သူ၏ချစ်ခြင်းမေတ္တာ နှင့် ဂရုစိုက်မှုတို့ကို ပြသနေပါသည်။ ဤသို့ပြုခြင်း၌ပင်လျှင် ဘုရား သခင်သည် သူ၏ဘုန်းတော်ကို ထင်ရှားစေပါသည်။

ယခုသင်ကြားပေးသွားမည့် သင်ခန်းစာတွင် ကလေးများအတွက် ခန္ဓာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးခြင်းသည် ပို၍ မြင်သာထင်သာ ရှိသည့်အတွက် ခန္ဓာပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးခြင်းကို ဦးတည်၍ သင်ကြားသွားမည် ဖြစ်သည်။ ဘဝဆိုသည်မှာ လောကီအရာများကိုသာ လိုအပ်နေခြင်းသာမဟုတ်။ သာ၍ အရေးကြီးသည်မှာ ဘဝသည် ဘုရားသခင်အား လိုအပ်နေခြင်းဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

အောက်ပါ ပစ္စည်းများ –

၁) ရေ (ရေဗူးငယ်လေးတစ်ဗူး)
၂) လေ (ပူစီပေါင်း တစ်လုံး)
၃) အစားအစာ
၄) အဝတ်အစား
၅) အိမ် (အိမ်ပုံ တစ်ပုံ)
၆) ပိုက်ဆံ (အကြွေအချို့)

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) ပုံပြင်ပြောရန် လိုအပ်မည့်အရာများ။ ဥပမာ – အရုပ်နှစ်ရုပ် (စက္ကူရုပ်) နှင့် အဝတ်စ၊ အစားအစာ၊ ရေ၊ ဖန်ခွက်၊ ပိုက်ဆံ စသည်ဖြင့်။ (ကောင်းကြီးမင်္ဂလာဖူးထဲ ထည့်ထားသည့် အရာများကဲ့သို့လည်း ပြင်ဆင်ထား နိုင်ပါသည်။)

၂) *တမန်၊ ၁၇း၂၆ ကို* ရေးသားထားသည့် စက္ကူလိပ်။

၃) သစ်ရွက်စိမ်းတစ်ရွက် (စက္ကူအစိမ်းရောင်ကိုလည်း သစ်ရွက်ကဲ့သို့ ဖြတ်နိုင်ပါသည်)။

***သင်ခန်းစာ ပို့ချခြင်း***

ယနေ့မနက် အစောပိုင်းက ဆန်းဒေးစကူးလ်သို့ မလာခင် လိုခဲ့သည့်အရာများ ရှိမရှိကို ကလေးများအား မေးခွန်း မေး၍ အစပြုလိုက်ပါ။ မြန်မြန်ဆန်ဆန်ဖြင့် တချို့သောသူများအား ဖြေကြားစေပါ။ တစ်စုံတစ်ယောက် ဖြေလိုက်သည့် အဖြေတွင် ကောင်းကြီးမင်္ဂလာဖူးထဲ၌ ထည့်ထားသော အရာတစ်စုံတစ်ခု ပါခဲ့လျှင်၊ ထိုအရာကို ထိုကလေးငယ်အား ရှေ့ထွက် လာယူစေပါ။ တစ်ချို့ကလေးများအတွက် အရိပ်အရောင်တစ်ချို့ကို လုပ်ပြ၊ ပြောပြပေးရန် လိုအပ်သည် – ဥပမာ အသက်ကို မြင်သာအောင် ရှုပြလိုက်ခြင်းက ကလေးများအနေနှင့် ၄င်းတို့သည် အသက်ရှူရန်လိုအပ်ကြောင်းကို မြင်စေ ရန်ဖြစ်သည်။ ကလေးများကို ရှေ့တွင် ကောင်ကြီးမင်္ဂလာ ပုံးထဲမှ ပစ္စည်းလေးများကိုကိုင်ထားရင်း ဆက်၍ ရပ်နေစေပါ။

အကြံပြုချက် – သတ္တဝါများအားလုံး နှင့် လူတိုင်းမှာ လိုအပ်ချက်များ ကိုယ်စီရှိကြတယ်။ ရှူရှိုက်ရန် လေ ဆိုတာ မျိုးကလည်း စက္ကန့်တိုင်းမှာ လိုအပ်နေတာပါ။ (အသက်အောင့်ထားပြီး မည်မျှ ကြာကြာ နေနိုင်ကြောင်းကို စမ်းကြည့်ပါ။) *လေကို ဘယ်က ရတာပါလိမ့်။ လေကို ဆရာမတို့ ကုန်သွားတယ်ဆိုတာ မရှိပဲနဲ့ ဘယ်လို ရရှိနိုင်ရတာလဲ။*

အစိမ်းရောင် အရွက်များ (ပြင်ဆင်ထားသော သစ်ရွက်စိမ်းကို ကိုင်မြှောက်လိုက်ပါ) က ကျွန်ုပ်တို့ ရှုသွင်းနေသော လေကို ထုတ်ပေးကြောင်း ရှင်းပြပါ။ မည်သူက အပင်များကို ဖန်ဆင်းခဲ့ပါသနည်း။ ဘုရားသခင် ဖန်ဆင်းခဲ့သည်။ ထို့ကြောင့် သက်ရှိသတ္တဝါအပေါင်းတို့ လေကို ရှူသွင်းနိုင်ရန် ဘုရားသခင်သည် ပြင်ဆင်ပေးသောသူ ဖြစ်ပေသည်။ အစားအသောက် နှင့် အဝတ်အစားများကိုလည်း ထောက်ပံ့ပေးသူမှာ ဘုရားသခင် ဖြစ်ပါသလားဟု ကလေး များကို မေးကြည့်ပါ။ အဖြေကို မည်သည့်နေရာတွင် ရှာဖွေတွေ့နိုင်မည်နည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်တော်မူသော သမ္မာကျမ်းစာတွင် ရှာတွေ့နိုင်ပါသည်။ (မတ်တပ်ရပ်နေသော ကလေးများကို ၄င်းတို့ကိုင်ဆောင် ထားသည့် ပစ္စည်းများအား ကောင်းကြီးမင်္ဂလာပုံးထဲ၌ ပြန်လည် ထားစေကာ မိမိနေရာ၌ ပြန်၍ ထိုင်စေပါ။)

အောက်ပါ ပုံပြင်လေးများဖြင့် ပြောပြပုံဖော်ပေးပါ။ "ဘယ်သူ ထောက်ပံ့ဖြည့်ဆည်းပေးတာလဲ" ဆိုသည့် မေးခွန်းကို မေးရမည့် ပုံစံဖြင့် ပုံပြင်ကို ပြောပြပေးပါ။ ပုံပြင်တစ်ခု စီတိုင်း၌ "ဘယ်သူက -------- ကို ထောက်ပံ့ဖြည့် ဆည်းပေးတာလဲ" ဟု မေးကာ ကောင်းကြီးမင်္ဂလာပုံးထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူပြီး "ဘုရား သခင်က ထောက်ပံ့ ပေးတာ။ (ထုတ်ယူသော ပစ္စည်းနာမည်) ကို ဘုရားသခင် ပိုင်သတော်မူတယ်။ ဘုရားသခင် တစ်ပါးတည်းကသာ (ထုတ်ယူသော ပစ္စည်းနာမည်) ကို ထောက်ပံ့ဖြည့်ဆည်းပေးတယ်" ဟု ပြောပေးရမည်။

**ကျမ်းစာပုံပြင် – အာဒံ နှင့် ဧဝ** *ကမ္ဘာ၊ ၃း၂၁*

ဘယ်သူက သူတို့ရဲ့ အဝတ်အစားတွေကို ဖြည့်ဆည်းပေးမှာလဲ။ (စက္ကူရုပ် နှစ်ရုပ် သည် အာဒံ နှင့် ဧဝ ကို ကိုယ်စား ပြုရန် ဖြစ်ပြီး နှင့် အဝတ်စသည် အဝတ်အစားကို ကိုယ်စားပြုရန် ဖြစ်သည်။)

အကြံပြုချက် – *အာဒံ နှင့် ဧဝ တို့ဟာ ဒေင်ဥယျာဉ်ထဲမှာ နေထိုင်ခဲ့ကြတယ်။ အရင်က ဘုရားသခင်ကို သူတို့ ဆန့်ကျင် ခဲ့ကြခြင်း မရှိပါဘူး။ ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြတဲ့ နောက်မှာတော့ သူတို့တွေဟာ အဝတ် အချည်းစည်းဖြစ် နေတာ ကိုမြင်တဲ့အခါမှာ ရှက်ကြောက်ကြပြီးတော့ သစ်ရွက်တွေကို အဝတ်စားအဖြင့် ချုပ်ဝတ်ခဲ့ကြတယ်။ သစ်ရွက်တွေက အဝတ်အစားကောင်း ဖြစ်နိုင်ပါ့မလား။ သစ်ရွက်တွေက ကြာကြာ ခံပါ့မလား။ အာဒံ နဲ့ ဧဝအတွက် သစ်ရွက်တွေဟာ အဝတ်အစား ကောင်းတွေဖြစ်နိုင်ပါ့မလား။ အဝတ်အစား ဝယ်ဝတ်ဖို့ စတိုးဆိုင်ကောင်းကောင်း အဲဒီအချိန်က ရှိပါရဲ့လား။ ဥယျာဉ်ထဲမှာ သူတို့အတွက် အဝတ်အစား ကောင်းကောင်း ချုပ်ပေးနိုင်တဲ့သူ ရှိပါသလား။ ဘယ်သူက အာဒံ နဲ့ ဧဝတို့ကို အဝတ်စားကောင်းကောင်း ဖြည့်ဆည်းပေးမှာလဲ။ ဘုရားသခင်ကပဲ ဖြည့်ဆည်းပေးမှာပါ။* (အရုပ်ကို အဝတ်ဖြင့် ပတ်စည်းပေးလိုက်ပါ)။ *ဘုရားသခင်က တိရစ္ဆာန်တစ်ကောင်ရဲ့ သားရေနဲ့ အာဒံနဲ့ ဧဝအတွက် သူတို့ လိုအပ်နေတဲ့ အဝတ်အစားကို ချုပ်ပေးခဲ့တယ်။*

**ကျမ်းစာပုံပြင် – မောရှေ နှင့် ဣသရေလ** *ထွက်၊ ၁၆း၂–၄၊ ၁၁–၁၂ နှင့် ထွက်၊ ၁၇း၁–၆*

မည်သူက ရေ နှင့် အစားအစာကို ထောက်ပံ့ပေးမည်နည်း။

**ကျမ်းစာပုံပြင် – လေဝိယ နှင့် မုဆိုးမ** *၄ရာ၊ ၄း၁–၇*

မည်သူက ငွေကို ထောက်ပံ့ပေးမည်နည်း။

*တမန်၊ ၁၇း၂၅ ခ ကို ပြပြီးဖတ်ပေးပါ –*

***ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက် ဝင်သက် မှစ၍ ခပ်သိမ်း သောအရာတို့ကို ပေးတော်မူသော အရှင်ဖြစ်သည်။***

ခပ်သိမ်းသောလူတို့၏ ခပ်သိမ်းသောလိုအပ်သည့်အရာများကို ထောက်ပံ့ဖြည့်ဆည်းပေးသူမှာ ဘုရားသခင် ဖြစ်ကြောင်း ကလေးများအား ရှင်းပြပေးပါ။ ဘုရားသခင်သည်သာ ကျွန်ုပ်တို့၏ ထောက်ပံ့ဖြည့်ဆည်းပေးသူ ဖြစ်သည်။ ဆိုလိုသည်မှာ ခပ်သိမ်းသောဖန်ဆင်းခြင်း အလုံးဆုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသူဟု ဆိုလိုခြင်း ဖြစ်သည်။ ကျွန်ုပ် တို့၏ လိုအပ်ချက်မှန်သမျှသည် ဘုရားသခင်ထံမှသာ လာ၏။ (သားတို့သမီးတို့ရဲ့ ဖခင်မိခင်တွေက သားတို့သမီးတို့ကို စားဖို့သောက်ဖို့၊ ဝတ်ဖို့ ဖြည့်ဆည်းပေးတယ်ဆိုရင်တောင်မှ၊ အဲဒါတွေ အားလုံးဟာ ဘုရားသခင်ဆီကနေလာတာပါပဲ။)

ကျွန်ုပ်တို့တွင် လိုအပ်သည့် အခြားမည်သည့် အရာများ ရှိနေပါသနည်းဟု ကလေးများကို မေးပါ။ လိုအပ်သည့် အစားအသောက်၊ အဝတ်အစားများ နှင့် လှပသော ကစားစရာများစွာကို ပိုင်ဆိုင်ထားသော ကလေးငယ် လေးတစ်ဦးကို စိတ်ကူးပုံဖော်စေပါ။ ထိုကလေးငယ်လေးကို မိဘများက ကြမ်းခင်းပေါ်တွင် တစ်ယောက်တည်း ထိုင်ခိုင်းလိုက်ပြီးနောက် ထွက်သွားကြသည် ဆိုပါစို့။ ထိုကလေးငယ်လေး ပျော်မည်ဟု ထင်ပါသလား။ ထိုကလေးငယ်လေးတွင် မည်သည့်အရာ များလိုအပ်နေသေးသနည်း။

အသက်ရှုဖို့လေ၊ စားသောက်ဖို့ အစားအသောက်ရယ်၊ နေထိုင်ဖို့ အိမ် နဲ့ ပိုက်ဆံတွေအပြင် ကျွန်တော်တို့မှာ လိုအပ် တာတွေ ရှိပါသေးတယ်။ တစ်စုံတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်း၊ ကူညီဖေးမခြင်း၊ ခွင့်လွှတ်သည်းခံခြင်း နဲ့ နားလည်စာနာပေးခြင်းတွေကို လိုအပ်တယ်။ ဘုရားသခင်က အဘယ်ကြောင့် ကျွန်ုပ်တို့ကို လိုအပ်ချက်ပေါင်း များစွာနှင့် ဖန်ဆင်းခဲ့သည်ကို မည်သို့ထင်ပါကြောင်း ကလေးများကို မေးကြည့်ပါ။

> အကြံပြုချက် – *သားတို့သမီးတို့ ရေလိုတဲ့အခါ ဘယ်သူက ဖြည့်ဆည်းပေးမှာလဲ။ ဘုရားသခင်က ဖြည့်ဆည်း ပေးမှာပါ။ ဒါကြောင့် သားတို့သမီးတို့က ဘုရားသခင်ကို လိုအပ်တယ်။ သားတို့သမီးတို့က အေးချမ်း နေတော့ အနွေးထည် လိုအပ်ရင် ဘယ်သူ ဖြည့်ဆည်းပေးမှာလဲ။ ဘုရားသခင်က ဖြည့်ဆည်း ပေးမှာပါ။ ဘုရားသခင်ကို သားတို့သမီးတို့ လိုအပ်တယ်။ သားတို့သမီးတို့ ဗိုက်ဆာတော့ အစာအိမ်တွေ အသံမြည် နာကြင်လာတဲ့အခါ ဘယ်သူက အစားအသောက်တွေကို ဖြည့်ဆည်းပေးမှာလဲ။ ဘုရားသခင်က ဖြည့်ဆည်းပေးမှာပါ။ ဘုရားသခင်ကို သားတို့သမီးတို့ လိုအပ်တယ်။*

အစားအသောက်၊ နွေးထွေးမှု၊ နေအိမ်တွေ စသည့် လိုအပ်ချက်များစွာနှင့် ကျွန်ုပ်တို့ကို ဘုရားသခင် ဖန်ဆင်း ခဲ့ခြင်းမှာ ထိုအရာများထက်သာ၍ အရေးကြီးသည့် လိုအပ်သည့်အရာ တစ်စုံတစ်ခု ရှိနေသည်ကို သိစေချင်၍ ဖြစ်သည်ကို အလေးအနက်ထား ရှင်းပြပေးပါ။ ကျွန်တော်တို့အားလုံး မေတ္တာ၊ သနားကြင်နာခြင်း၊ နားလည်ပေးမှု နှင့် ခွင့်လွှတ်ပေး ခြင်းတို့ကို လိုအပ်ကြပါသည်။ ကျွန်ုပ်တို့အားလုံး ဘုရားသခင်ကို လိုအပ်ကြသည်။ ကျွန်ုပ်တို့၏ ခန္ဓာပိုင်းဆိုင်ရာ လိုအပ် ချက်များကို ဘုရားသခင်သည် ဖြည့်ဆည်းပေးသည့် နည်းတူ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေး ပါသည်။

အကြံပြုချက် – *ဆရာ၊မ တို့ရဲ့ လိုအပ်ချက်မှန်သမျှကို ဘယ်သူက ဖြည့်ဆည်းပေးနိုင်သလဲ။ ဘုရားသခင် တစ်ပါးတည်း ကသာလျှင် ဖြည့်ဆည်းပေးနိုင်တယ်။ ဘုရားသခင်ဟာ ဆရာ၊မတို့ရဲ့* ***ဖြည့်ဆည်းပေးပိုင်ရှင်*** *ပါ။*

### *လိုက်လျှောက်ကျင့်သုံးခြင်း*

- ကလေးများအား “P” ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- *တမန်၊ ၁၇း၁၅*၈ ကို အတူတကွ ဖတ်ပါ။ ကလေးများအား သူတို့၏ လိုအပ်ချက်များကို ဘုရားသခင် ဖြည့်ဆည်းပေးခဲ့သည့် အဖြစ်အပျက်များကို ပြောပြစေပါ။ ထိုအရာများသည် အမှန်တကယ် ကျွန်ုပ်တို့ အတွက် လိုအပ်ပါသလား။ ထိုအရာများနှင့် ကျွန်ုပ်တို့သည် အမှန်တကယ် ထိုက်တန်သည့်အတွက် ကြောင့် ကျွန်ုပ်တို့အား ထိုအရာများကို ဖြည့်ဆည်းပေးရခြင်းလား။ (အာဒံ နှင့် ဧဝတို့၏ အဖြစ် အပျက်ကို ထောက်ပြပါ။)
- ခရစ်ယာန်များအတွက်သာလျှင် ရှူသွင်းရသည့် လေ နှင့် အခြားသောအရာများကို ဘုရားသခင်က ထောက်ပံ့ထားပါသလား။ *မဿဲ၊ ၅း၄၅* ကို ဖတ်ပါ။ (မှတ်ချက် – ခပ်သိမ်းသောအရာတို့ကို ခရစ်ယာန် ဖြစ်ဖြစ်၊ မယုံကြည်သောသူဖြစ်ဖြစ် ဘုရားသခင်က တူညီစွာ ထောက်ပံ့ထားသည်ဟု မဆိုလို – ဥပမာ အပြစ်ခွင့်လွှတ်ခြင်းသည် ယုံကြည်သူများအတွက်ဖြစ်သည်။ စားဝတ်နေရေး စသည်ဖြင့် အခြားသော အရာများကိုမူ လူဆိုးများအတွက်ပင်လျှင် ဖြည့်ဆည်းပေးပါသည်။)
- သားတို့သမီးတို့ရဲ့ မိဘတွေက တစ်ခါတစ်ရံမှာ အထူးလက်ဆောင်တွေကို ပေးတတ်ကြတာက ပေးချင်ရုံ သက်သက်ကြောင့်လား။ ဘုရားသခင်သည်လည်း သူ၏သားသမီးများကို အထူးလက်ဆောင် များပေး သည့်အခါ သူသည် မည်မျှလောက် ကောင်းမြတ်တော်မူသော ဖခင်တစ်ဦးဖြစ်သည်ကို သိစေချင်၍

ပေးပါသလား။ *မဿဲ၊ ၇း၉–၁၁* ကို ဖတ်ပါ။ ကျွန်ုပ်တို့လိုချင်သော အရာကို သူ့ထံပါး တောင်းရန် အဘယ့်ကြောင့် ဘုရားသခင် အလိုရှိပါသနည်း။ ထိုသို့ပြုရခြင်းမှာ ကျွန်ုပ်တို့၏ လိုအပ်ချက်ကို သိရှိဖို့ရန် လိုအပ်သည့်အတွက်ကြောင့်လား။ *(မဿဲ၊ ၆း၈)*

- *ဖိလိ၊ ၄း၆* ကို ဖတ်ပါ။ ဘုရားသခင်ထံပါး ဆုတောင်းချက်များ တောင်းခံသည့်အခါတွင် ကျွန်ုပ်တို့၏ စိတ်နေသဘောထား မည်သို့ ဖြစ်နေရမည်နည်း။
- ကျွန်ုပ်တို့၏ လိုချင်တောင့်တသောအရာများကို လိုချင်သည့်အချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြည့်ဆည်းပေးပါသလား။ တစ်ခါတစ်ရံ စောင့်ဆိုင်းရန် လိုအပ်ပါသလား။ ဘုရားသခင်သည် ခပ်သိမ်းသော အစိုးရရှင် ဖြစ်ကြောင်းကို ပြန်ပြောပြပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို အကောင်းဆုံးသော အရာ နှင့် အကောင်းဆုံးသော အချိန်တွင် ဖြည့်ဆည်းပေးပါမည်။ (ဘုရားသခင်က သင့်ကို အသစ်သော စက်ဘီးအား ထောက်ပံ့ဖြည့်ဆည်းပေးချင်မှ ပေးမည်၊ အကြောင်းမှာ ထိုအချိန်သည် သင့်အတွက် အသစ်သော စက်ဘီးရှိရန် အကောင်းဆုံးအချိန် မဖြစ်သည့်အတွက် ဖြစ်ပေမည်။)
- ကျွန်ုပ်တို့၌ စားဖို့မရှိသည့် အခါ၊ ဝတ်ဖို့မရှိသည့် အခါ၊ နေထိုင်ဖို့မရှိသည့်အခါ မည်သို့နည်း။ ထိုအခြေအနေမျိုးက ဘုရားသခင် ကျွန်ုပ်တို့အား ဖြည့်ဆည်းပေးရန် ကျရှုံးသည်ဟု ဆိုနိုင်ပါသလား။ *(လုကာ၊ ၁၆း၁၉–၂၄ ကိုကြည့်ပါ။)* ထိုဆင်းရဲသားက ပို၍အရေးကြီးသော မည်သည့်အရာကို ဘုရားသခင်ထံမှ ရရှိသွားခဲ့သနည်း။
- မည်သည့်အရာများက ကျွန်ုပ်တို့၏ အာရုံစိုက်မှုကို အများဆုံး ရရှိသင့်ပါသနည်း – အဝတ်အစား၊ အရုပ်၊ ညနေစာ များလား။ *မဿဲ၊ ၆း၃၁–၃၃* ကို ဖတ်ပါ။
- တစ်ခါတစ်ရံ ကျွန်ုပ်တို့အား ကူညီရာတွင် ဝမ်းမြောက်၍ မဟုတ်ဘဲ မလုပ်မနေရသည့် သဘောကြောင့် ကူညီတတ်ကြသည်။ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့အား အသက်ရှုရန်လေ နှင့် အခြားခပ်သိမ်းသောအရာတို့ကို ဖြည့်ဆည်းပေးရာတွင် လုပ်ကိုလုပ်ရမည့် တာဝန်သဘောကြောင့်လား သို့မဟုတ် ထိုသို့ ဖြည့်ဆည်းပေးခြင်း၌ ဝမ်းမြောက်ဝမ်းသာရှိ၍လား၊ မည်သို့ပါနည်း။ *ဆာလံ၊ ၁၁၅း၃* ကို ဖတ်ပါ။ ကျွန်ုပ်တို့၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးခြင်းအမှု၌ ဘုရားသခင် ဝမ်းမြောက်တော်မူ၏။

မှတ်ချက် – ကောင်းကြီးမင်္ဂလာပုံးထဲမှ ပစ္စည်းများကို သင်ခန်းစာ ၁၁ အတွက် သိမ်းထားပါ။

သင်ခန်းစာ ၁၁

## "S" FOR SELF-SUFFICIENT *ပြည့်ဝစုံလင်သောအရှင်*

**အဓိကအချက်** – ဘုရားသခင်၌ လိုအပ်သော အရာတစ်စုံတစ်ခုမျှ မရှိ။

**အဓိကကျမ်းချက်** – *ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက် နှင့်တကွ ထွက်သက် ဝင်သက်မှစ၍ ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသော အရှင်ဖြစ်၍၊ တစုံတခုကို အလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့်ကျွေးမွေးခြင်းကို ခံတော်မူသည် မဟုတ်။ တမန်၊ ၁၇း၂၅*

**နိဒါန်း** – ပြီးခဲ့သည့် အပတ် သင်ခန်းစာတွင် ခပ်သိမ်းသောသတ္တဝါတို့သည် ရပ်တည်အသက်ရှင်နိုင်ဖို့အတွက် ပြင်ပ အရာတစ်စုံတစ်ခုကို လိုအပ်ကြောင်းကို ကျွန်ုပ်တို့ သင်ယူခဲ့ပြီးဖြစ်သည်။ ဘုရားသခင် တစ်ပါးတည်းကသာလျှင် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူသည်ဖြစ်ရာ ထိုလိုအပ်ချက် အလုံးစုံတို့ကိုလည်း ဖြည့်ဆည်းပေးနိုင်သော သူမှာလည်း ထိုဘုရားသခင် တစ်ပါးတည်းသာလျှင် ဖြစ်ပါသည်။ ထိုသို့ဆိုသော် ဘုရားသခင်သည် မည်သည့်အရာကို လိုအပ်ပါသနည်း။ မည်သည့်အရာမျှ လိုအပ်ခြင်းမရှိပါပေ။ ရှေးထာဝရကာလမှစ၍ ဘုရားသခင်သည် တစ်ဦးတည်း တည်ရှိ၍၊ သူ၏ဖြစ်တည်ခြင်း၌ ပြည့်ဝစုံလင်ပြီး ဖြစ်သည်။ ဘုရားသခင်သည် မည်သည့်အရာမျှ လိုအပ်သောသူ မဟုတ်သည့်အတွက် သူလုပ်ချင်သည့် အရာတိုင်းကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။

ယနေ့ခေတ်သည် ဘုရားသခင်ကို ကူညီရန် တစ်နည်းမဟုတ် တစ်နည်း လိုအပ်နေသည်ဟု ထင်မှတ်ကာ၊ အထူးသဖြင့် သူ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန်အတွက် ကျွန်ုပ်တို့ကို ဘုရားသခင် လိုအပ်နေသည်ဟု ထင်မှတ်သည့် အမြင်မှားနေသည့် ခေတ်တစ်ခုဖြစ်သည်။ ဥပမာ – တစ်ချို့က ကမ္ဘာမြေကြီးကို ဘုရားသခင်ဖန်ဆင်း ရရှိခြင်းမှာ သူသည် အလွန်အထီးကျန်သောကြောင့် ဖြစ်သည် သို့မဟုတ် ဣသရေလလူမျိုးများကို ကယ်တင်ရန်အတွက် မောရှေ၏ အကူအညီပေးရန် ဘုရားသခင်သည် လိုအပ်ခဲ့သည်ဟု ထင်မှတ်ကြသည်။ ဘုရားသခင်သည် ဘယ်သော အခါကမျှ အထီးကျန်ခြင်းမျိုး မရှိခဲ့သည့်နည်းတူ မည်သည့် အကူအညီမျှလည်း လိုအပ်ခဲ့သည် မဟုတ်။ ဘုရားသခင် ပြုတော်မူသော အမှုမှန်သမျှသည် သူ၏ပြည့်ဝ စုံလင်ခြင်း၌ နှစ်ထောင်းအားရခြင်းမှ စီးဆင်းလာခြင်းဖြစ်သည်။ (Piper, *The Pleasures of God, p. 50.*)

ဘုရားသခင်၏ ပြည့်ဝစုံလင်ခြင်း သည်လည်း ဘုရားသခင်၏ ထာဝရဖြစ်ခြင်း နှင့် တူညီသည်ဖြစ်ရာ ကျွန်ုပ်တို့၏ အနေနှင့် ပြည့်ဝစုံလင်ခြင်းကို ကြုံတွေ့ ခံစားဖူးကြသည် မဟုတ်။ ကျွန်ုပ်တို့အားလုံးသည် အမှီသကဲ လိုအပ်သည့် သတ္တဝါများဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင် မှီခိုတတ်သည့် သဘောကို ကြည့်ရှုလျက်၊ ဘုရားသခင်၏ လိုအပ်ချက်ကင်းခြင်းကို ညွှန်ပြနိုင်ရန် ဘုရားသခင်၏ ထာဝရဖြစ်ခြင်းကိုလည်း ပြန်လည် ရည်ညွှန်းသွားမည် ဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁)  မည်သည့်ရာမျှ မထည့်ထားပါနှင့်

**အခြားသင်ထောက်ကူပြုပစ္စည်းများ**

၁) သင်ခန်းစာ ၁၀ မှ လေ၊ ရေ၊ အစားအစာ၊ အဝတ်အစား၊ အိမ် နှင့် ပိုက်ဆံ ကို ကိုယ်စားပြုပေးသည့် အရာများ
၂) သင်ခန်းစာ ၄ မှ "အစလည်း မရှိ၊ အဆုံးလည်း မရှိ" နှင့် "အစလည်းရှိသည် အဆုံးလည်းရှိသည်" ဆိုသည့် စက္ကူပိုစတာ
၃) *တမန်၊ ၁၇း၂၅* နှင့် *ဟေရှာ၊ ၆၆း၁–၂က* ရေးထားသည့် စက္ကူလိပ်

ရွေးချယ်ရန် – ပုံပြင်ပြောသည့်အချိန်တွင် သီဆိုရမည့် ချီးမွမ်းခြင်း သီချင်းတစ်ပုဒ်

***သင်ခန်းစာ ပို့ချခြင်း***

ပြီးခဲ့သည့် အပတ်သင်ခန်းစာမှာ အဓိကအချက် နှင့် စကားလုံး (ဖြည့်ဆည်းပေးသောအရှင်) ကို ကလေးများကို ပြန်နွှေးပေးပါ။ ဘုရားသခင်သည် ဖန်ဆင်းထားသောအရာများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတော်မူသည်။ ဘုရားသခင်ကို ကျွန်ုပ်တို့သည် မည်မျှလောက်လိုအပ်ကြောင်း နှင့် ဘုရားသခင်သည် မည်မျှလောက်ကျွန်ုပ်တို့ကို ဖြည့်ဆည်းပေးနိုင်သည်ကို အလေးအနက်ထားပြောပြပါ။ ထို့နောက် ဘုရားသခင်ဘက်တွင် မည်သို့ဖြစ်မည်ကို မေးကြည့်ပါ။

မေးခွန်းမေးပါ – *ဘုရားသခင်ရော ဘယ်လိုဖြစ်မယ်ထင်လဲ။ သူ့မှာ လိုအပ်ချက်တွေ ရှိမယ်ထင်သလား။ ဘုရား ဖြစ်ဖို့အတွက် သူ့မှာ ဘာတွေ လိုအပ်မလဲ။*

ကလေးများကို တုန့်ပြန်ဖြေဆိုစေပါ။ ကောင်းကြီးမင်္ဂလာပုံးထဲမှ ပစ္စည်းတစ်ခုခုကို ရှာကြည့်မည်ဆိုလျှင် အဖြေရှိကောင်းရှိနိုင်သည်ဟု အကြံပြုပါ။ ကလေးတစ်ယောက်ကို ရွေးချယ် (ပုံးထဲတွင် မည်သည့်အရာမျှ မတွေ့ရခြင်း အပေါ် စူးစမ်းနိုင်မည့် ကလေးတစ်ဦး) ရှေ့ထွက်လာစေပြီး ပုံးကို ဖွင့်စေပါ။ အထဲတွင် မည်သည့်အရာမျှ မရှိခြင်းအပေါ် ဇဝေဇဝါ ဖြစ်သည့်ပုံ သရုပ်ဆောင်ပါ။ (ပုံးကို ပြောင်းပြန်လှန်ပြီး ခါကြည့်ပါ။ ပုံးထဲကို လက်နှိုက်လိုက်ပြီးနောက် ပုံး၏ထောင့်တွေကိုလည်း လက်ဖြင့် စမ်းသပ်လိုက်ပါ)။ ပုံးအလွတ်က မည်သည့်အရာကို ဆိုလိုကြောင်းကို ကလေးများအားမေးပါ။ အရင်ကဆိုလျှင် ထိုပုံးထဲတွင် တစ်စုံတစ်ခု အမြဲရှိနေခဲ့သည် မဟုတ် ပါလား။

အကြံပြုချက် – *ဒီပုံဆောင်ချက်က ဘုရားသခင်ဟာ ဘာတစ်ခုကိုမှ လိုအပ်ခြင်း မရှိဘူးဆိုတဲ့ အချက်ကို ထောက်ပြနိုင်သလား။*

နားလည်သဘောပေါက်ရန်မှာ အစမှ ပြန်သွားရန် အကောင်းဆုံးဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် သင်ခန်းစာ ၃ ၌ ပြင်ဆင်ထားသော စက္ကူပိုစတာများကို ထုတ်လိုက်ပါ။ ဘုရားသခင် တစ်ပါးတည်းသာလျှင် ထာဝရအရှင် ဖြစ်ကြောင်းကို ပြန်၍ အသိပေးပါ။

မေးခွန်းမေးပါ – *ဒီဟာက ဘာကို ဆိုလိုတာပါလိမ့်။ ထာဝရဆိုတဲ့ အရာ သို့မဟုတ် ထာဝရ ပုဂ္ဂိုလ်ဆိုတာမျိုး ရှိပါသလား။*

သင်ခန်းစာ ၁၀ တွင် အသုံးပြုခဲ့သည့် သင်ထောက်ကူပြု ပစ္စည်း ၆ ခုကို ထုတ်လိုက်ပြီး တစ်ခုပြီးတစ်ခုကို ကလေးများအား ရှင်းပြ ဆွေးနွေးပေးပါ။

အကြံပြုချက် – *ဟုတ်ပြီ၊ ဒီမှာ လေ၊ ဘုရားသခင်က လေကို လိုအပ်မယ်ထင်လား။ လေက ထာဝရ ကာလကတည်းက ရှိခဲ့တာလား။ မဟုတ်ပါဘူး၊ ဘုရားသခင်တစ်ပါးတည်းသာလျှင် ထာဝရအရှင်ပါ။ လေ ဆိုတာ မရှိခင်ကတည်းက ဘုရားသခင်ဟာ ရှိနေနှင့်ပါပြီ။ ဒါဆိုရင်တော့ ဘုရားသခင်ဟာ ဖြစ်တည်ဖို့ အတွက် လေကို မလိုအပ်ဘူး ဆိုတဲ့ သဘောပေ့ါ။ ဒါဆိုရင် ရေ၊ ရေကိုလည်း ဘုရားသခင် လိုအပ်မလား။ ရေရောပဲ ထာဝရကာလကတည်းကနေ ရှိနေခဲ့တာလား။* (အစားအသောက်၊ အဝတ်အစား၊ ငွေ နှင့် အိမ် များကိုလည်း ဆက်လက် ရှင်းပြပေးသွားပါ)။

ဘုရားသခင်သည် အမှန်တကယ် မည်သည့်အရာမျှ မလိုအပ်သည့်အကြောင်းမှာ မှန်ကန်ကြောင်းကို မည်သည့် နေရာတွင် ရှာတွေ့နိုင်ကြောင်းကို ကလေးများအား မေးပါ။ (*ယောရှာ၊ ၆၆း၁–၂က* ကို ဖတ်ပါ)

***ထာဝရဘုရား မိန့်တော်မူသည်ကား၊ ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ခုံ ဖြစ်၏။ အဘယ်သို့သော ဗိမာန်ကို ငါ့အဘို့ တည်ဆောက်ကြလိမ့်မည်နည်း။ ဘယ်အရပ်သည် ငါကျိန်းဝပ်ရာ အရပ်ဖြစ်မည်နည်း။ ဤအရာအလုံးစုံတို့သည် ငါကိုယ်တိုင် ဖန်ဆင်းသောကြောင့်ဖြစ်ကြ၏။***

အထက်ဖော်ပြပါ အရာများအားလုံးကို ဖန်ဆင်းခဲ့သူမှာ ဘုရားသခင်ဖြစ်ကြောင်းကို အလေးထားပြော ပြပါ။ ၄င်းတို့အားလုံးကို သူ ပိုင်သတော်မူသည်။ ၄င်းတို့အားလုံးသည် ဘုရားသခင်ထံမှ ဖြစ်သည်။ သူ၏ ဖြစ်တည်ခြင်းအတွက် ထိုအရာများကို ဘုရားသခင်သည် အလိုမရှိသကဲ့သို့ သူ့အတွက် တစ်စုံတစ်ယောက်က အလုပ်လုပ်ပေးရန်လည်း မလိုအပ်ပါပေ။ သူ၏ဖြစ်တည်ခြင်း၌ ဘုရားသခင်သည် ပြည့်စုံ လုံလောက်နေပြီး ဖြစ်သည်။ မည်သည့်အရာမျှ၊ မည်သူကိုမျှ ဘုရားသခင် လိုအပ်တော်မမူ။ ဘုရား သခင်သည် သူ၏ပင်ကိုယ် ဖြစ်တည်ခြင်း၌ ပြည့်ဝစုံလင်သောသူ ဖြစ်သည်။

ဘုရားသခင်သည် ပြည့်ဝစုံလင်တော်မူသော ဘုရားသခင်ဖြစ်သည့်အတွက် မည်သည့်အရာကိုမျှ လိုအပ် ခြင်းမရှိသည်ဖြစ်ရာ လူသားများကိုလည်း လိုအပ်ခြင်း မရှိဟု ဆိုလိုပါသလား။ ဘုရားသခင်သည် သူ၏ အစီစဉ်များကို ပြီးမြောက်စေရန်အတွက် လူသားများ၏ အကူအညီကို လိုအပ်ပါသလား။ ထိုမေးခွန်း အတွက် အဖြေကို ဖော်ပြပေးသည့် သမ္မာကျမ်းစာ ပုံပြင်တစ်ပုဒ်အား ပြောပြသွားမည်ဟု ပြောလိုက်ပါ။

**သမ္မာကျမ်းစာ ပုံပြင် – မောဘ နှင့် အာမ္မုန် စစ်သူရဲများကို ဘုရားသခင် အနိုင်ယူခဲ့သည်** *၆ ရာ၊ ၂၀ (အထူးသဖြင့် အငယ် ၁၄–၂၄)*

ပုံပြင်၏ နောက်ကြောင်းကို သင်ခန်းစာ ၉ တွင် ဣသရေလလူမျိုးတို့၏ အဲဂုတ္တုပြည်မှ ပြန်လည် လွတ်မြောက် လာသည့် အကြောင်းအရာကို ပြန်လည်ပြောပြရင်း ဣသရေလသမိုင်းကြောင်း၏ မည်သည့်အချိန်တွင် ဖြစ်ခဲ့ သည်ဟူ၍ အတိုချုပ်ပြီး ပြောပြပါ။ ဤပုံပြင်တွင် ဣသရေလလူမျိုးများကို စစ်သားများအနေဖြင့် ပါဝင်ခွင့်ရကြ သည်ကို တွေ့မြင်ရသည်။

အောက်ပါအချက်များကို အလေးအနက်ထား၍ ပြောပြသွားပါ –

- ယောရှဖတ်သည် ဣသရေလ ဘုရင် ဖြစ်သည့် အချိန်တွင် ဖြစ်သည်။ အလွန်များပြားလှသည် စစ်တပ် ကြီးသည် သူ့အား စစ်ဘက်ပြုရန် ချီတက်လာကြသည်။ ယောရှဖတ်သည်လည်း ကြောက်ရွံ့သည့် အတွက် ဘုရား သခင်ထံပါး တိုးဝင်ကာ အကူအညီထောင်းခံခဲ့သည်။
- *အငယ် ၆* ကို ဖတ်ပါ။ ဘုရားသခင်ဟာ အကူအညီလိုတဲ့သူလား။ ခွန်အားနှင့် တန်ခိုးတော်တို့သည် မည်သူ၏ လက်ထဲတွင် ရှိသနည်း။ *အငယ် ၁၂* မည်သူ၌ တန်ခိုးခွန်အား မရှိပါသနည်း။ မည်သည့်

အရာကို လုပ်ရမည်ကို မည်သူ မသိသနည်း။ *အငယ် ၁၅* စစ်မှုသည် မည်သူနှင့် ဆိုင်သနည်း။ ဘုရား သခင်အနေနှင့် အကူအညီလိုအပ်သော အခြေအနေမျိုး ရှိပါသလား။

- ကလေးတစ်ချို့ကို ရှေ့ထွက်လာစေပြီးနောက် အမိန့်ကို စောင့်ဆိုင်းနေသည့် ဣသရေလ စစ်သည်များ ကဲ့သို့ သရုပ်ဆောင်စေပါ။ စစ်သားတစ်ယောက်ကို အထပ်က အမိန့်ပေးမည့် ဖြစ်နိုင်ချေ အမိန့်များကို စဉ်းစားသုံးသပ်စေပါ။ စစ်မှုအတွက် မည်သည့် အမိန့်များ ရှိနေသနည်း။ ဘုရားသခင်က သူတို့အကူ အညီတွေကို လိုအပ်ပါသလား။ ဥပမာ ပြောရရင် မြားတွေကို ပစ်လွှတ်ဖို့၊ သို့မဟုတ် ရန်သူတွေကို နောက်ကနေ အငိုက်တိုက်ခိုက်ဖို့ စသည်ဖြင့် လိုအပ်မယ် ထင်ပါသလား။ *(အငယ် ၁၇)*
- ဘုရားသခင်သည် စစ်မှုကို တိုက်ခိုက်နေစဉ် သူ၏လူများက မည်သည့်အရာကို လုပ်ရမည်နည်း။ ဘုရားသခင် လုပ်ဆောင်သွားရမည့် အမှုအတွက် ကျေးဇူးတော်ချီးမွမ်းရင်း ဘုရားသခင်၏ လူများ သည် သီချင်း သီဆိုကြကာ၊ ဘုရားသခင်ကို ချီးမွမ်းခဲ့ကြသည်ကို ရှင်းပြပါ။
(ချီးမွမ်းခြင်း သီချင်းကိုသီဆိုပါ။)
- ဘုရားသခင်၏ လူများ စစ်မြေပြင်စီသို့ ရောက်လာသောအခါ မည်သည့်အရာကို တွေ့ခဲ့ကြသနည်း။ *(အငယ် ၂၄)*။

ဘုရားသခင်သည် သူကိုယ်တိုင် အောင်မြင်မှုကို မည်သူ၏အကူအညီမှ မယူဘဲ ရယူနိုင်ကြောင်းကို ရှင်းပြပါ။ ဓား၊ သို့မဟုတ် မြင်းများ၊ လက်နက်များ နှင့် စစ်သူရဲများကို အသုံးပြုရန် မလိုအပ်ခဲ့ပေ။ ဘုရားသခင်သည် ထိုအရာများ မရှိခင်ကတည်းက တည်ရှိတော်မူသော ဘုရားသခင်ဖြစ်သည်။ ထို့ကြောင့် သူတည်ရှိနေဖို့ရန် ထိုအရာများကို ဘုရားသခင် မလိုအပ်ပါပေ။ တိုက်ပွဲများကို တိုက်ခိုက်ရန် ထိုအရာများကို ဘုရားသခင် မလိုအပ်ခဲ့ပေ။

အခြားသောပုံဥပမာများကိုလည်း ကလေးများအား ပြောပြပေးပါ။

> မေးခွန်းမေးပါ – *နေ၊ လ၊ ကြယ်တွေကို ဖန်ဆင်းဖို့ ဘုရားသခင် အကူအညီလို ခဲ့ပါသလား။ ကမ္ဘာမြေကြီးကို ရေလွှမ်းမိုးစေဖို့ ဘုရားသခင် အကူအညီလိုခဲ့ပါသလား။ ယေရိခေါ် မြို့ရိုးကြီးကို ပြိုချဖို့ ဘုရားသခင် အကူအညီ လိုခဲ့ပါသလား။*

ကျွန်ုပ်တို့၏ လိုအပ်ချက်များအားလုံးကို ထောက်ပံ့ပေးခြင်းနှင့် ပတ်သက်သည့် ပြီးခဲ့သည့် အပတ်က ကျမ်းချက်ကို ပြန်၍ ပြောပြပါ။ ဤအချက်မှာ ကျမ်းချက်၏ တစ်စိတ်တစ်ဒေသသာ ဖြစ်သေးကြောင်းကို ပြောပြပါ။ ၎င်းတို့ အနေနှင့် အရာခပ်သိမ်းကို မမြင်နိုင်သေးပေ။ ထိုကျမ်းပိုဒ်က ကျွန်ုပ်တို့၏ လိုအပ်ချက်များဖြစ်သည့်၊ အသက်ရှင် သန်ခြင်း၊ ရှူရှိုက်ခြင်း နှင့် အခြားခြားသော အရာများကို အဘယ့်ကြောင့် ဘုရားသခင်က ထောက်ပံ့ပေးနိုင် သည်ကို ပြောပြနေပါသည်။

***ဘုရားသခင်ကိုယ်တိုင်က လူသားတို့၏ အသက်ရှင်ခြင်း နှင့် အခြားသောအရာများ၏ ထွက်သက်ဝင်သက်ကို မှုတ်သွင်းတော်သည်ဖြစ်ရာ တစ်စုံတစ်ခုကို လိုအပ်သဖြင့် ဘုရားသခင်သည် လူလက်ဖြင့် ကူညီဆောင်မရန် လိုအပ်သောသူမဟုတ်။***

ဘုရားသခင်သည် ပြည့်စုံလင်တော်မူသော ဘုရားသခင်ဖြစ်တော်မူသောကြောင့် မည်သည့်အရာမျှ လိုအပ်ခြင်း မရှိပေ။

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "S" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- တစ်နေ့လုံး တစ်ညလုံး အပြင်တွင် ကစားချင်သည်ဟု စိတ်ကူးယဉ်ကြည့်ပါ။ အမှန်တကယ် သင် ကစား နိုင်မည်လား။ နာရီအနည်းငယ်ကြာသွားသည်နှင့် မည်သို့ဖြစ်လာမည်နည်း။ ဗိုက်စာလာ မည်လား။ မောပန်းလာမည်လား။ ရေချိုးရန် လိုအပ်လာမည် မဟုတ်လား။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ လုပ်ချင်သော အရာမှန်သမျှကို လုပ်ဆောင်နိုင်စွမ်း မရှိကြပါ။ ကျွန်ုပ်တို့၌ လိုအပ်ချက် ကိုယ်စီရှိနေ ကြသည် မဟုတ်ပါလား။ ဘုရားသခင်တွင် ထိုကဲ့သို့သော ပြဿနာမျိုး ရှိပါသလား။ အဘယ်ကြောင့် မရှိရ ပါသနည်း။
- တစ်စုံတစ်ဦးထံမှ သားတို့သမီးတို့သည် တစ်စုံတစ်ခုကို လိုချင်သည့်အခါတွင် တစ်မျိုးတစ်ဖုံ ပြောဆို ဆက်ဆံမှုများ ပြုရသည်မဟုတ်ပါလား။ ဥပမာ – သား၊သမီး အနေနှင့် တစ်စုံတစ်ဦး၏ အရုပ်သစ်ကို ကစားချင်သည့်အခါ အရုပ်ပိုင်ရှင်ကို ကောင်းမွန်စွာ ဆက်ဆံရသည် မဟုတ်လား။ ထိုသို့အားဖြင့် ပိုင်ရှင်က ကစားခွင့် ပေးမည်ဟု မျှော်လင့်ရသည် မဟုတ်လား။ သားတို့သမီးတို့စီကနေ တစ်စုံတစ်ခု ကိုရယူချင်လို့ ဘုရားသခင်က သူ့ရဲ့ အပြုအမူတွေကို ပြောင်းလဲဖို့ လိုအပါသလား။ အဘယ့်ကြောင့် မလိုအပ်ပါသနည်း။
- အကယ်၍ စာကြည့်တိုက်တစ်ခုမှ စာအုပ်တစ်အုပ်ကို သား၊သမီးက ငှါးရမ်းခဲ့ရာမှ ပျောက်ရှစေသည် ဆိုလျှင် ပြန်၍ ရော်ကြေးပေးရမည်။ စာကြည့်တိုက်ထံသို့ သင် ပေးရမည့် တာဝန်ရှိနေသည်။ ဘုရား သခင် သည် သူတစ်ပါးကို ပြန်ဆပ်ရမည့် အကြွေးမျိုး ရှိပါသလား။ အဘယ့်ကြောင့် မရှိသနည်း။
- သာ တို့သမီးတို့ရဲ့ လိုအပ်ချက်တွေကို အမြဲတမ်း ဂရုစိုက်ပေးဖို့ မိဘတွေက အချိန်ပြည့် အိမ်မှာ ရှိနေ နိုင်ပါသလား။ အဖေ နဲ့ အမေ တို့ တစ်နေ့လုံး ဘယ်သွားနေတတ်သလဲ။ ဘာလို့ သူတို့တွေ အလုပ် လုပ်ဖို့ လိုတာလဲ။ ဘုရားသခင်ကရော သူ့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့အတွက် အခြားတစ်နေ ရာကို ထွက်သွားဖို့ လိုအပ်ပါသလား။ အဘယ့်ကြောင့် မလိုအပ်ပါသနည်း။ အဘယ့်ကြောင့်နည်း ဆိုသော် ဘုရားသခင်သည် မည်သည့်အရာမျှ မလိုအပ်သည့်အတွက် ဖြစ်သည်။ သူသည်သာ ကျွန်ုပ်တို့၏ လိုအပ်ချက်များအားလုံးကို အချိန်ပြည့် ဖြည့်ဆည်းပေးနိုင်သူ ဖြစ်သည်။
- ဘုရားသခင်အနေနှင့် ငွေလိုအပ်ပါသလား။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကျေးဇူးတင်ခံခြင်း၊ မေတ္တာ ထားခြင်း၊ ချီးမွမ်းခြင်း နှင့် မိတ်သဟာရဖွဲ့ခြင်း တို့ကို လိုအပ်ပါသလား။ အဘယ့်ကြောင့် ဘုရား သခင် က သူ့အား ကျေးဇူးတင်ရမည်၊ ချစ်ရမည်၊ ချီးမွမ်းရမည် ဟူ၍ မိန့်မှာခဲ့သနည်း။ (ဥပမာ – အကယ်၍ သား၊သမီးဟာ ကျောင်းမှာ ကျင်းပတဲ့ စာမေးပွဲမှာ ပထမရတယ်ဆိုရင်တော့ ပထမဆုကို ရရှိတယ် ဆိုပါစို့၊ အဲဒီဆုကို သား၊သမီးက လိုအပ်လို့ရတာလား၊ ထိုက်တန်လို့ ရတာလား။) ဘုရားသခင်က ထိုကဲ့သို့ ပြုရန် အမိန့်ပေးခြင်းမှာ သူသည်ထိုကဲ့သို့သော အရာများနှင့် ထိုက်တန် သောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုသို့ပြုလုပ်ခြင်းက ကျွန်ုပ်တို့ကို အပျော်ရွှင်ဆုံး လူများ ဖြစ်စေမည် ဖြစ်သည်။
- အကယ်စင်စစ် ဘုရားသခင်သည် ကျွန်ုပ်တို့ကို မလိုအပ်ခဲ့ပါသော်လည်း သူ၏ ဘုန်းတော်အတွက် ကျွန်ုပ်တို့အား ဖန်ဆင်းခဲ့သည်။ သူ၏ သားသမီးများသည် သူ့အတွက် အလွန်တန်ဖိုးရှိကြသည်။ ထို့အပြင် သူ၏အကြံအစီများကို အကောင်အထည်ဖော်ရန် သူ၏သားသမီးများကိုလည်း အသုံးပြု တော်မူသည်။ *ဆာလံ၊ ၈း၄–၈* ကို ရှင်းပြပါ။ ဥပမာအချို့ ပေးပါ – နောဧ သင်္ဘောဆောက်ခဲ့သည်၊ ဂိဒေါင်သည် တိုက်ပွဲကို ဦးဆောင်ခဲ့သည် စသည်ဖြင့်။

သင်ခန်းစာ ၁၂

## “U” FOR UNDERSTANDING နားလည်သနားတော်မူသော အရှင်

**အဓိကအချက်** – ဘုရားသခင်သည် ကျွန်ုပ်တို့၏ အားနည်းခြင်းအမှုကို သိမှတ်တော်မူ၏။

**အဓိကကျမ်းချက်** – *အဘသည် သားတို့ကို သနားစုံမက် သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သော သူတို့ကို သနားစုံမက်တော် မူ၏။ အကြောင်းမူကား၊ ငါတို့ကိုယ် ခန္ဓာကို သိတော်မူ၏။ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကို အောက်မေ့တော်မူ၏။ ဆာလံ၊ ၁၀၃း၁၃-၁၄*

**နိဒါန်း** – ဤသင်ခန်းစာတွင် “နားလည်ခြင်း” ဆိုသည့် စကားလုံးကို တစ်စုံတစ်ခုအား နားလည်သဘောပေါက်ခြင်းအတွက် အသိပညာပိုင်းကို ဆိုလိုခြင်းမဟုတ်ပဲ တစ်စုံတစ်ယောက်အပေါ် နားလည်သနားပေးခြင်းကို ရည်ညွှန်း အသုံးပြုပါသည်။ အာဒံသည် ဘုရားသခင်၏စကားကို နားမထောင်သည့်နောက်တွင် အပြစ်ဝန်ထုတ်ကြီးနှင့် အပြစ်၏အကျိုးဆက်ကို သူ နှင့် သူ၏ နောင်လာနောက်သားများ အားလုံးအပေါ် ကျရောက်စေခဲ့သည်။ ဘုရားသခင်နှင့် လူသားများအားလုံး အဆက်ပျက်ခဲ့ရပြီး ခက်ခဲကြမ်းတမ်းသည့် အလုပ်များကို ပင်ပန်းစွာ လုပ်ဆောင်ရသည့်အပြင် ဖျားနာခြင်း၊ စာလောင်မွန်သိပ်ခြင်း၊ အားနည်းခြင်း နှင့် သေခြင်းတရားနှင့်တူ ထာဝရ တရားစီရင်ခြင်းကို လူသားများအားလုံး ရင်ဆိုင်ရန် စီရင်ချက်မှတ်ခြင်း ခံခဲ့ရသည်။

ဘုရားသခင်သည် နာမခံဘဲ အပြစ်ကျူးလွန်သောသူများကို မည်သို့ ပြုလုပ်မည်နည်း။ မိမိဖြစ်တည်ခြင်း၌ ပြည့်ဝစုံလင်နှင့်ပြီးသူ ဘုရားသခင်သည် လူသားများကို လိုအပ်ပါမည်လော။ အခြေအနေအားလုံးကို စွန့်ခွါထားခဲ့နိုင်သည် မဟုတ်ပါလား။ သို့သော်လည်း သူ၏လူသားများအခြေအနေအတွက် သနားကြင်နာခြင်း ရှိခဲ့သည်။ *ဆာလံ၊ ၁၀၃* က အပြစ်သားများကို ကြီးမားသော မျှော်လင့်ခြင်းကို ပေးပါသည်။ ဘုရားသခင်သည် ကျွန်ုပ်၏ အခြေအနေကို နားလည်သဘောပေါက်၍ သနားကြင်နာတတ်သော ဖခင်ကြီးတစ်ဦးကဲ့သို့ ကျွန်ုပ်တို့ အပေါ်တွင် အမှုပြုရန် အသင့်ရှိနေခဲ့သည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) လက်တစ်စုတ်စာ မြေမှုန့်ထည့်ထားသော ပန်းကန်တစ်ချပ်

**အခြားသင်ထောက်ကူပြုပစ္စည်းများ**

၁) ပတ်တီး
၂) စက္ကူ အနီရောင် နှလုံးသား
၃) ကြိုးတို တစ်ချောင်း (နှစ်ပေ သုံးပေခန့်)
၄) မုန့်
၅) နောဧ၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်၊ ဗ္ဗာသရေလ စသည့် နာမည်များကို ရေးသားထားသည့် စာရွက်များ
၆) အိတ် (အိတ်ကို လေးစေရန် တစ်စုံတစ်ခု ထည့်ထားရမည်)

၇) *ဟေရှေ၊ ၁၁* ကို လှန်ရန် အမှတ်အသားတစ်ခု
၈) *ဆာလံ၊ ၁၀၃း၉-၁၀၊ ၁၃-၁၄* ရေးထားသည့် စက္ကူလိပ်

***သင်ခန်းစာ ပို့ချခြင်း***

ပြီးခဲ့သည့် သင်ခန်းစာမှ ဘုရားသခင်သည် ပြည့်ဝစုံလင်တော်မူသောသူဖြစ်သည် ဆိုသည့် အကြောင်းကို ပြန်၍ အချုပ် ပြောပြပါ။ ကောင်းကြီးမင်္ဂလာပုံးထဲ၌ မည်သည့်အရာရှိသည်ကို မှတ်မိပါသလားဟု ကလေးများကို မေးပါ။ (မည်သည့် အရာမျှ မရှိ)။ ထိုအရာက ကျွန်ုပ်တို့အား မည်သည့်အကြောင်းကို ပြောပြနေပါသနည်း။ (ဘုရားသခင်သည် မည်သည့် အရာကိုမျှ မလိုအပ်ပါပေ။) ဘုရားသခင်သည် လူသားတို့ကိုပင် လိုအပ်သောသူ မဟုတ်။ ထိုသို့ဆိုလျှင် အဘယ့်ကြောင့် သူ မလိုအပ်သည့် အရာများကို ဘုရားသခင် ဖန်ဆင်းခဲ့ပါသနည်း။ သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း ဖြစ်တော်မူသော သူ၏ဘုန်းတော်ကို ထင်ရှားစေရန် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ သူသည် သူ၏ဘုန်းတော်ကို လူသားများအား သိရှိစေလို၍၊ ဘုန်းတော်ကို မေတ္တာထားကာ၊ သူ၏ဘုန်း တော်အောက်၌ အစဉ် ဝမ်းမြောက်နေစေလိုသည်။

ဘုရားသခင်ကို ကျွန်ုပ်တို့သည် တန်ဖိုး မေတ္တာထား သင့်သကဲ့သို့ အစဉ်အမြဲ တန်ဖိုးမေတ္တာထားပါသလားဟု ကလေး များကို မေးပါ။ ဣသရေလလူမျိုးများကဲ့သို့ပင် ကျွန်ုပ်တို့သည် အစဉ်တိုင်း ငြီးထွားနေကြ ပါသလား။ ဘုရားသခင်ကို နာမခံဘဲ နေကြသလား။ အလုံးစုံတက်စွမ်းနိုင်တော်မူသော ဘုရားသခင်ကို အားကိုးရန် မေ့လျော့ကြပြီး အလွယ်တကူ ကြောက်ရွံ့နေကြသည် မဟုတ်လား။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ထောက်ပံ့ပေးသည့် အခါတွင် ကျွန်ုပ်တို့သည် ကျေးဇူးတင်တတ်ကြပါသလား။ ကျွန်ုပ်တို့ အားလုံး ဘုရားသခင်ကို ချစ်သင့်၊ တန်ဖိုးထားသင့်၊ ယုံကြည် ကိုးစားသင့်သလောက် မချစ်ကြ၊ တန်ဖိုးမထားကြ၊ မကိုးစားကြပေ။ ထိုအခြေအနေအတွက် ဘုရားသခင် မည်သို့ ခံစား မည်နည်း။ ပျော်ရွှင် နိုင်ပါမည်လား။ လုံးဝ ပျော်ရွှင် နေမည်မဟုတ်။ အမျက်တော် ထွက်ပေလိမ့်မည် *(ဆာလံ၊ ၁၀၃း၉)*။ ကျွန်ုပ်တို့အားလုံး ဘုရားသခင်၏ ဆုံးမပြစ်တင်ခြင်းနှင့် ထိုက်တန်ကြပါသည် *(အငယ် ၁၀)*။ ဘုရားသခင်သည် ကျွန်ုပ်တို့ အပေါ် အစဉ်အမြဲ ဒေါသထွက်နေပါသလား။ ကျွန်ုပ်အား အပြစ်ပေးရန် ကျွန်ုပ်တို့၏ အမှားပြုလုပ်မည့် အချိန်ကိုပဲ ဘုရားသခင်က စောင့်နေပါသလား။

ကောင်းကြီးမင်္ဂလာပုံးထဲမှာ မြေမှုန့်ကို ကလေးတစ်ယောက်အား ရှေ့ထွက်လာကာ ထုတ်ယူစေပါ –

> အကြံပြုချက် – *ဒါကတော့ မြေမှုန့် သက်သက်ပါပဲ။ ဘာမှ မထူးစမ်းပါဘူး။ လက်တစ်စုတ်စာ မြေမှုန့် လောက်ကို ဆရာ။မတို့ ဘာအတွက် လိုအပ်မှာလဲ။ ဘာမှ အသုံးမဝင်ဘူး မဟုတ်လား။ ခိုင်မာမှုလည်း မရှိဘူး။ ကြည့်နေ – ဆရာ။မ လွှင့်စင်သွားအောင် မှုန့်ပြမယ်။* (မြေမှုန့် အနည်းငယ်ကို မှုတ်လိုက်ပါ)။ *ကျန်နေသေးတဲ့ မြေမှုန့်ကလည်း နောက်တစ်ခေါက်လောက် မှုတ်လိုက်တာနဲ့ ကုန်သွားမှာပဲ။*

ကောင်းကြီးမင်္ဂလာပုံးထဲ၌ အဘယ့်ကြောင့် မြေမှုန့်ကို ထည့်ထားရကြောင်းကို ကလေးများအား စဉ်းစားစေပါ။ သမ္မာ ကျမ်းစာထဲတွင် မြေမှုန့်နှင့် ပတ်သက်၍ မည်သည့် နေရာတွင် ဖော်ပြထားပါသနည်း။ ကလေးများကို အဖြေပြောပြစေပါ။ (အာဒံ ဟု ပြောကာ ၄င်းတို့ကို အရိပ်အရောင် ပြောပြရန်လည်း လိုအပ်ပေသည်။ အာဒံအား မြေမှုန့်ကိုယူ၍ ဘုရား သခင် ဖန်ဆင်းခဲ့သည်။)

**ကျမ်းစာ ပုံပြင် – အာဒံ နှင့် ဧဝ** *ကမ္ဘာ၊ ၂း၆–၃း၂၄*

အောက်ပါအချက်များကို အလေးအနက်ထား ပြောပြပေးပါ –

- ဘုရားသခင်သည် မြေမှုန့်ကို ယူ၍ အလွန်အံ့ဖွယ်ကောင်းသော လူသတ္တဝါကို ဖန်ဆင်းခဲ့သည်။ (အရွယ်ရောက်ပြီးသော ယောကျာ်းလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး အာဒံ အဖြစ် သရုပ် ဆောင်စေပါ။)
- ဘုရားသခင်သည် အာဒံအား ဒေင်ဥယျာဉ်ထဲ၌ထားက အထူးသင့်လျော်သည့် အမျိုးသမီးတစ်ဦးကိုလည်း ပြင်ဆင်ပေးခဲ့သည်။
- အာဒံ နှင့် ဧဝတို့ ဘုရားသခင်ကို နာမခံပဲ အပြစ်ကျူးလွန်ခဲ့ကြသည်။ ၎င်းတို့သည် ဘုရားသခင်ကို တန်ဖိုးမထား၊ မေတ္တာမထားသည့်အပြင်၊ ဘုရားသခင်၌ ပျော်မွေ့ခြင်း မရှိခဲ့ကြပေ။ ၎င်းတို့၏ အပြစ်ကျူးလွန်မှုကြောင့် ဘုရားသခင်သည် အမျက်တော်ထွက်ခဲ့ပြီး ၎င်းတို့သည်လည်း အပြစ်၏ အကျိုးဆက်ကို ခံစားကြတော့သည်။
  - ဘုရားသခင်နှင့် အဆက်ပျက်ခြင်း။ (အာဒံကို ဖြေးညှင်းစွာ တွန်းထုတ်လိုက်ပါ။)
  - အာဒံသည် ပင်ပန်းစွာ အလုပ်လုပ်ရသည်။ (အိတ်ကို ကိုင်ဆောင်စေပါ။)
  - အာဒံ နှင့် ဧဝတို့၌ စုံလင်သော ခန္ဓာမရှိတော့ပေ။ ၎င်းတို့သည် မောပန်း၍ ဖျားနာကြရတော့မည်။
  - သူတို့သည် သေလွန်၍ မြေမှုန့်သို့ ပြန်သွားကြရမည်။ (မြေမှုန့်ကို ကိုင်မြောက်ပြပါ။ မြေမှုန့်အနည်းငယ်ကို ယူရင်း ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပါ။)
  - အာဒံ နှင့် ဧဝ တို့သာမဟုတ်ဘဲ ၎င်းတို့၏ မျိုးဆက်အားလုံးသည်လည်း ထိုအကျိုးဆက်ကို ခံစားကြရမည် ဖြစ်သည်။ (နာမည်များကို ရေးသားထားသည့် စာရွက်များအား အာဒံ ရှေ့တွင် ချိတ်ဆွဲထားပါ။) နောဧ၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်၊ ဣသရေလမျိုးအားလုံး နှင့် ကျွန်ုပ်တို့အပါအဝင် အပြစ်၏အကျိုးဆက်ကို ခံစားကြရပါသည်။

ဣသရေလလူမျိုးသည် ဘုရားသခင်၏ အထူးရွေးချယ်ထားသော လူမျိုးဖြစ်သည်ကို ရှင်းပြပါ။ ဘုရားသခင်သည် ဣသရေလလူမျိုးကို လူမျိုးကြီးဖြစ်စေရမည်ဟူ၍ ကတိပေးထားခဲ့သည်။ သို့သော် ၎င်းတို့သည် အားနည်း၍၊ ဖျားနာကြသည့် အပြင်၊ ပင်ပန်းစွာ လုပ်ကိုင်ရကြ၍ မောပန်းကြပါသည်။ ၎င်းတို့၏ အပြစ်က ဘုရားသခင်နှင့် ၎င်းတို့ကို ဝေးကွာစေသည့်အတွက် ၎င်းတို့အသက်တာမှာ စိုးရိမ်ကြောက်ရွံ့စရာကောင်းပါသည်။

မေးခွန်းမေးပါ – *သူတို့တွေရဲ့ ပြဿနာနဲ့ အရှုပ်အရှင်းကင်းဖို့ ဘုရားသခင်က သူတို့ကို ထားခဲ့မှာလား။ သူ့လူ တွေက သူ့အပေါ်မှာ ပြစ်မှားခဲ့ကြပေမယ့် ဘုရားသခင်က သူ့လူတွေအပေါ်မှာ သနားကြင်မှု ရှိနေပါသလား။ သူ့တို့ရဲ့ ပြဿနာကို ဘုရားသခင် ကူညီဖြေရှင်းပေးမှာလား။ သူ့လူတွေဟာ ဒီမြေမှုန့်လိုပဲ အားနွဲ့ကြတယ်ဆိုတာ ဘုရားသခင် အမှတ်ရပါသလား။ အဖြေကို သားတို့သမီးတို့ ဘယ်မှာ ရှာတွေ့နိုင်မလဲ။*

*ဆာလံ၊ ၁၀၃း၈–၁၀၊ ၁၃–၁၄* ကို ပြသ၍ ဖတ်ပေးပါ။

***အစဉ်မပြတ် အပြစ်တင်တော်မူသည်မဟုတ်။ အငြိုးကို အမြဲထားတော်မူသည်မဟုတ်။ ငါတို့ပြစ်မှားခြင်းနှင့် အလျောက် ငါတို့၌ ပြုတော်မမူတတ်။ အဘသည် သားတို့ကို သနားစုံမက်သည် နည်းတူ၊***

***ထာဝရဘုရားသည် ကြောက်ရွံ့သော သူတို့ကို သနားစုံမက်တော် မူ၏။ အကြောင်းမူကား၊ ငါတို့ကိုယ်ခန္ဓာကို သိတော်မူ၏။ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကို အောက်မေ့တော်မူ၏။***

အစဉ်တိုင်း ဘုရားသခင်သည် အပြုံးထားတော်မမူတတ်သည်ကို အလေးပေး ပြောပြပါ။ သူသည် ကျွန်ုပ်တို့အပေါ် သနားကြင်ပေးတော်မူသည်။ ကျွန်ုပ်တို့သည် အားနည်း၍ မြေမှုန့်များသာဖြစ်သည်ကို သိမှတ်တော်မူ၏။ ဘုရားသခင်သည် နားလည်ကြင်နာတော်မူသော အရှင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အားနည်းတော်မူကြောင်းကို ဘုရားသခင် အောက်မေ့တော်မူသည်။

ယေရှေယအနာဂတ်တိကျမ်းတွင် ဘုရားသခင်သည် သူ၏လူမျိုးဖြစ်တော်မူသော ဣသရေလလူမျိုးကို ဤပြဿနများနှင့် ပတ်သက်၍ ပုံဆောင်ချက်တစ်ခု ပေးခဲ့သည့် အကြောင်းကို ကလေးများအား ပြောပြပါ (အာဒံအဖြင့် သရုပ်ဆောင်သောသူက ယခုချိန်တွင် ဣသရေလ ဟု ရေးထားသည့် စာရွက်ကို ကိုင်ထားရမည်)။ သို့သော် ဘုရားသခင်သည် နားလည်ပေးသောအရှင်ဖြစ်သည်။ သူ၏လူများသည် အားနည်းသောသူများဖြစ်သည်ကို အောက်မေ့တော်မူသည်။ ဘုရားသခင်၏ နားလည်ပေးခြင်းက မည်သည့်အရာကို အမှုပြုစေခဲ့သနည်း။

ဟောရှေ၊ ၁၁း၁–၄ ကို ဖတ်၍ ထိုကျမ်းချက်ကို စကားပြေ ပြန်ပြောပြပါ။ (ကျမ်းစာကို ရှင်းပြနေစဉ် ရှေ့တွင် ရပ်နေသော ကလေးနှင့် အတူ ကိုက်ညီသည့် သင်ထောက်ကူ ပစ္စည်းများဖြင့် လိုက်လျောညီထွေ သရုပ်ပြ ပေးပါ။)

၁) *သူတို့ကို ကျန်းမာစေသောသူမှာ ငါ ထာဝရဘုရား ဖြစ်တယ်။* (ရှေ့တွင် ရပ်နေသော ကလေး၏ ခြေထောက်ကို ပတ်တီးစည်းပေးပါ။)

၂) *သူတို့ကို မေတ္တာကြိုးနဲ့ ငါ ချည်နှောင်ခဲ့တယ်။* (နှလုံးသားပုံ စက္ကူအား ကလေးကို ပေးလိုက်ပါ။)

၃) *သူတို့ရဲ့ ထမ်းပိုးကိုလည်း ငါထမ်းပေးခဲ့တယ်။* (ကလေးငယ်ထံမှ အိတ်ကို ယူမလိုက်ပါ။)

၄) *သူတို့ကို ငါပြုစု ကျွေးမွေးခဲ့တယ်။* (အသင့်ပြင်ဆင်ထားသည့် မုန့်ကို ကျွေးလိုက်ပါ။)

ခပ်သိမ်းသော လူသတ္တဝါအပေါင်းတို့ကို ဘုရားသခင် ဖန်ဆင်းခဲ့ပြီး ထိုသတ္တဝါအပေါင်းတို့ကို ဘုရားသခင် ပိုင်သတော်မူကြောင်းကို ရှင်းပြပါ။ သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတည်းဟူသော သူ၏ဘုန်းတော်အတွက် ကျွန်ုပ်တို့ကို ဘုရားသခင် ဖန်ဆင်းခဲ့သည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဣသရေလလူမျိုးများကဲ့သို့ပင် ဘုရားသခင်ကို မေတ္တာမထားဘဲ သူ၏အလိုတော်၌ မွေ့လျော်ခြင်းမရှိခဲ့ကြပေ။ ထို့ပြင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစား သင့်သည့်အတိုင်းလည်း ယုံကြည်ကိုးစားမှု မရှိခဲ့ကြပေ။ ထိုသို့သော အသက်တာသည် အပြစ်ဖြစ်ပေ၏။ အပြစ်သည် ဘုရားသခင်ကို အမြတ်ထွတ်စေတော်မူသည်။ ကျွန်ုပ်တို့အား လျစ်လျူရှုကာ ထားခဲ့နိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်သည် နားလည်ကြင်နာတတ်သော ဘုရားသခင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အားနည်းခြင်းအမှုကို အောက်မေ့တော်မူ၍ ဘုရားသခင်သည် သူ၏လူများ အပေါ် သနားကြင်နာတော်မူ၏။

***လိုက်လျောက်ကျင့်သုံးခြင်း***

- ကလေးများအား "U" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- တစ်ခါတစ်ရံတွင် တူညီသော ပြဿနာများရှိသည့်အတွက် လူသားများသည်လည်း နားလည်ခံစားပေးနိုင်ကြသည်။ ဥပမာ – သားတို့သမီးတို့ရဲ့ သူငယ်ချင်းတစ်ယောက်က စက်ဘီးစီးသင်တာအရမ်းခက်ခဲလို့ စိတ်ပျက်နေပြီဆိုပါစို့။ သားတို့သမီးတို့ကလည်း စက်ဘီးစီးသင်တာ ဘယ်လောက်ခက်သလဲ

ဆိုတာ သိပြီးနှင့်ပြီ ဖြစ်တဲ့အတွက် အဲဒီအခြေအနေကို နားလည်ပေးနိုင်တယ်။ အဲဒီလို နားလည်စာနာမှုမျိုးက ကျွန်တော်တို့အပေါ်မှာ ဘုရားသခင် နားလည်ပေးတာမျိုးနဲ့ တူပါသလား။ ဘာလို့မတူရတာပါလိမ့်။ ဘာလို့လည်းဆိုရင် ဘုရားသခင်ဟာ အားနည်းတာမျိုး ပင်ပန်းတာမျိုး မရှိလို့ပေါ့။ တစ်စုံတစ်ခုကို လုပ်ဆောင်တတ်ဖို့ ဘုရားသခင်အတွက် သင်ယူရတယ်ဆိုတာမျိုး မလိုအပ်ပါဘူး။ ဆရာ၊မ တို့အားလုံးကို သူဖန်ဆင်းထားတဲ့ အတွက်ကြောင့် ဆရာ၊မ တို့အားလုံး ဘယ်လို ခံစားကြရတယ်ဆိုတာကို ဘုရားသခင် အကုန်လုံးသိပါတယ်။

- သားတို့သမီးတို့ အမှားတစ်စုံတစ်ခု ကျူးလွန်တဲ့အခါမှာ သားတို့သမီးတို့ရဲ့ မိဘတွေက ဆုံးမဖို့ အမြဲစောင့်ကြည့်နေတတ်သလား။ ဒါမှမဟုတ် အမှားမလုပ်မိစေဖို့ သူတို့ရဲ့ စကားကို နားထောင်ရမယ်လို့ ဆုံးမသွန်သင် ကြသလား။ သားတို့သမီးတို့ရဲ့ မိဘတွေထက် ဘုရားသခင်က သားတို့သမီးတို့အပေါ် ပိုပြီးတော့ သနားကြင်နာမှု ရှိမယ် ထင်လား။
- ဘုရားသခင်ဟာ နားလည်သနားတော်မူသော အရှင်ဖြစ်တဲ့အတွက် သား၊သမီး တို့တတွေ နာမခံပဲ အပြစ်လုပ်တဲ့ အခါမှာ ဘုရားသခင်က ဘာမှမဖြစ်ဘူးလို့ ဆိုလိုချင်တာလား။ ဥပမာ – သား၊သမီး တို့ကို အိမ်ခန်းထဲမှာ ဘောလုံး မကစားဖို့ သတိပေးထားပါလျက်နဲ့ ဘောလုံးကစားရင်း မီးသီးကို ကွဲစေမိတယ် ဆိုကြပါစို့။ မိဘတွေ စိတ်ဆိုးမယ်လို့ ထင်ပါသလား။ ပထမအကြိမ်အနေနဲ့ သူတို့တွေက "အဲဒီလို မလုပ်ရဘူးလေ၊ သားဟာ ဆိုဆုံးမခြင်းကို ထိုက်တန်ပေမယ့်၊ မပြောတော့ဘူး၊ ဒီတစ် ကြိမ်တော့ ခွင့်လွှတ်လိုက်မယ်" ဆိုပြီး ပြောကောင်းပြောနိုင်ပါတယ်။ သူတို့တွေ နားလည်ပေးနိုင် ပါတယ်။ ဒါပေမယ့် သားတို့က ဆက်ပြီးတော့ ဘောလုံးကစားမယ်၊ နောက်ပြီး မီးလုံး နောက်တစ်လုံး၊ နောက်တစ်လုံး ဆိုပြီးတော့ နှစ်လုံးလောက်ကို ထပ်ကွဲစေမယ်ဆိုရင် သားရဲ့မိဘတွေဟာ နားလည် ပေးနိုင်ပေမယ့်လည်း သားရဲ့နာမခံတတ်တဲ့ အကျင့်ဆိုးကို လျစ်လျူရှုဖို့ သင့်တော်ပါမလား။ ဘုရားသခင်ဟာလည်း အပြစ်အပေါ်မှာ အမြဲ အမြတ်ထွက်တော်မူတယ်။ ဆရာ၊မ တို့တတွေဟာ အားနည်း တဲ့သူတွေဆိုတာကို ဘုရားသခင် နားလည်သနားတော်မူပေမယ့် အပြစ်ကို ဒဏ်ပေးဖို့အတွက် ဘုရားသခင်မှာ အခွင့် အာဏာ ရှိပါတယ်။ ဘုရားသခင်ရဲ့ နားလည်သနားတော်မူခြင်းက အပြစ်ကို လျစ်လျူရှု ပြီးတော့ အပြစ်ရဲ့ အကျိုးဆက်ကိုလည်း အဝေးကို မရောက်စေပါဘူး။
- အာဒံရယ်ဧဝရယ်၊ ဆရာ၊မတို့အားလုံးရဲ့ အပြစ်အကျိုးဆက်ဟာ ဘာတွေလဲ။ ဘုရားသခင်ဟာ အာဒံနဲ့ဧဝ ခံစားရမယ့် အပြစ်ရဲ့ အကျိုးဆက်ကို ပြောပြပြီးတော့ ဘာလုပ်ခဲ့သလဲ။ *(ကမ္ဘာ၊ ၃း၂၁)* ဘာကြောင့် အဲဒီလို လုပ်ခဲ့တာလဲ။

**သင်ခန်းစာ ၁၃**

## "A" FOR ATTENTIVE ***ဂရုစိုက်တော်မူသော အရှင်***

**အဓိကအချက်** – ဘုရားသခင်သည် ဤကမ္ဘာ မြေအား အစဉ်အမြဲ စောင့်ကြည့်တော်မူ၍ အမှု ပြုတော်မူ၏။

**အဓိကကျမ်းချက်** – ထာဝရဘုရားသည် ဖြောင့်မတ် သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ အော်ဟစ်သံကိုလည်း နားထောင် တော်မူ၏။ ဆာလံ၊ ၃၄း၁၅

**နိဒါန်း** – အပြစ်ရှိသော လူသားများအပေါ် ပြည့်ဝစုံလင်တော်မူသော ဘုရားသခင်သည် စိတ်ဝင်တစား ဂရုနာသက်ရန်အတွက် ရွေးချယ်ခဲ့သည့်မှာ အံ့သြစရာ ကောင်းလှပါသည်။ သူဖန်ဆင်းထားခဲ့သည့် ဖန်ဆင်းခြင်းအလုံးစုံကို ဟောင်းနွမ်းယိုယွင်း၍ ပျင်းရိစကောင်းနေသည့် အရုပ်တစ်ခုသဖွယ် ဘုရားသခင်သည် မသတ်မှတ်ပေ။ ယနေ့ချိန်ထိ ဘုရားသခင်သည် ၄င်းဖန်ဆင်းထားသော အရာများနှင့် မိတ်သဟာရဖွဲ့ စကားပြောဆိုလျက်ရှိသည်။ သူ၏ အကြံအစီများကို ပြီးပြည့်စုံစေရန် ဘုရားသခင်သည် အစဉ်အတိုင်း သတိဖြင့်ကြည့်ရှုတော်မူ၍ အမှုပြုလျက် ရှိနေပါသည်။

ယခုသင်ခန်းစာတွင် ဘုရားသခင်သည် သူ့ကို မျှော်လင့်သောသူတို့အား ဂရုစိုက်နားထောင်ပေးသည် ဆိုသည့်အချက်ကို ကလေးများ နားလည်စေရန် သင်ကြားပို့ချရမည်။ ဘုရားသခင်သည် သူ၏အစိုးရခြင်း အပေါ်တွင်မူတည်၍ သူ့သားသမီးများ၏ ဆုတောင်းခြင်းများအတိုင်း အမှုပြုတော်မူတတ်သည်။ ဤသည်မှာလည်း သူ၏အလိုတော် ရှိတော်မူသော ကြံရွယ်တော်မူခြင်းတို့ကို ပြည့်စုံစေရန် ဖြစ်သည်။ ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်အတွက် ဘုရားသခင်၏ လူများက ငိုကြွေးခြင်းနှင့်အတူ ဟစ်အော်ကြသည့်အခါ ဘုရားသခင်က မျှော်လင့်ထားကြသည့်အတိုင်း ပြန်လည်တုန့်ပြန် အဖြေပေးခဲ့သည့် သာဓကများစွာကို ကျွန်ုပ်တို့ ပြန်လည်ကြည့်သွားကြမည်။ မျှော်လင့်ထားသလို မဟုတ်ဘဲ အဖြေပေးခဲ့သည့် သာဓက တစ်ခုကိုလည်း ပူးတွဲကြည့်သွားကြပါမည်။ သူ့သားသမီးများ၏ တောင်းလျှောက်ခြင်း သက်သက်ကြောင့်မဟုတ်ဘဲ ဘုရားသခင်က သူ့ရဲ့လူများအတွက် နှင့် သူ၏ ရည်ရွယ်ချက်များအတွက် မှန်ကန်သည့် အရာများကို လုပ်ဆောင်တတ်သည့်အကြောင်းပြောပြရင်း ကျွန်ုပ်တို့သည် ဤသင်ခန်းစာကို အဆုံးသတ်သွားမည်ဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) စာရွက်များကို နှစ်ပေခန့်အရှည်ဆက်ထားရမည့် (paper chain)
၂) လုံအတိုတစ်ချောင်း (နှစ်ပေခန့် ရှည်သော တုတ်ချွန်တစ်ချောင်း)
၃) ရေတစ်ခွက်
၄) ရေညှိ (အဝတ်စုတ်အစိမ်းရောင် သို့မဟုတ် စာရွက်အစိမ်းရောင်ဖြင့်လည်း ပြင်ဆင်လုပ်နိုင်သည်။)
၅) နွား သို့မဟုတ် ကျွဲပုံ(သင်ခန်းစာနှစ်အတွက် ပြင်ဆင်ထားသော မိုငြမ်းရန် စာအုပ်မှ)
၆) ကြိုးတစ်ချောင်း (သုံးပေခန့် အရှည်)။

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) မီးပုံ သို့မဟုတ် မီးပုံစံကို စာရွက်မှ ညှပ်ထုတ်နိုင်ပါသည်။
၂) နားကျပ် (head phones)
၃) စာအုပ် သို့မဟုတ် မဂ္ဂဇင်း
၄) *ဆာလံ ၃၄း၁၅* ကို ရေးထားသော စက္ကူလိပ်

***သင်ခန်းစာပို့ချခြင်း***

နားကျပ်ကို နားထောင်ရင်း စာအုပ်တစ်အုပ် ဖတ်နေသယောင်ဖြင့် အတန်းထဲသို့ ဝင်လာပါ။ ထို့နောက် နေရာယူ ထိုင်နေလိုက်ပြီး အတန်းတစ်ခုလုံးကို ဂရုမစိုက်သလို နေလိုက်ပါ။ စာဖတ်သလိုလို သို့မဟုတ် တစ်စုံတစ်ခုကို လုပ်နေသလို ဟန်ဆောင်လိုက်ပါ။ (အတန်းမစမီ အချိန်ကတည်းက "သင်ခန်းစာစဖို့ အချိန်တန်ပြီး ဆရာမ ---------------------။ ကလေးတွေအားလုံး စောင့်နေတယ်။ (ပို၍ကျယ်သော အသံဖြင့်) "ဆရာမ ---------------- ကျွန်တော်ပြောနေတာကြားလား။ သင်ခန်းစာ စဖို့ အချိန်တန်ပြီ" ဟူ၍ သတိပေးမည့် အရွယ်ရောက်ပြီးသူ တစ်စုံတစ်ဦးကို ပြင်ဆင်ထားပါ။) နောက်ဆုံးတွင် သင် သတိဝင်လာစေရန် ထိုလူငယ်အနေနှင့် သင့်စီ သို့လာပြီး စာအုပ် နှင့် နားကျပ်ကို ဖယ်ရှားဖြစ်ရန် စီစဉ်ထားပါ။

သင်သည် သင်၏အတန်းကို အာရုံမစိုက်ထားသည့် အကြောင်းကို ရှင်းပြပါ။ ဆိုလိုသည်မှာ သင်သည် အတန်းရှိ ကလေးများက သင့်ကို ခေါ်သောအခါ နားမထောင်သည့် သဘောဖြစ်သည်။ ၎င်းတို့သည် အတန်းထဲ၌ ရှိနေကြသည်ကို သိပါသော်လည်း လစ်လျူရှုထားခြင်း ဖြစ်သည်။ အကယ်၍ ၎င်းတို့အနေနှင့် အရေးကြီးသော မေးခွန်းမေးရန် ရှိခဲ့မည်ဆိုလျှင် မည်သို့ ဖြစ်မည်နည်း။ တစ်စုံတစ်ခု ထိခိုက်ဒဏ်ရာ ရသည့်အတွက် အကူအညီ တောင်းခံလျှင်လည်း လစ်လျူရှုထားခြင်း ခံမည်ဆိုလျှင် မည်သို့ ဖြစ်မည်နည်း။

တစ်ခါတစ်ရံ ကျွန်ုပ်တို့ မိတ်ဆွေများနှင့် မိဘများအပါအဝင် လူသားတို့သည် အချိန်ပြည့် ဂရုမစိုက်နိုင်ကြကြောင်းကို ရှင်းပြပေးပါ။ ထိုသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့၏ အကူအညီတောင်းသံကို ၎င်းတို့ မကြားသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်ပါသည်။ သူတို့တွေ အဝေးသို့ရောက် နေတာလည်း ဖြစ်နိုင်သည် သို့မဟုတ် သူတို့ကိုယ် တိုင်သည် အလွန်ပင်ပန်း နေသည့် အတွက် အချို့သော ကိစ္စများကို လျစ်လျူရှုထားသည့် အခြေအနေမျိုးကြောင့်လည်း ဖြစ်နိုင်သည်။ သားတို့သမီးတို့အနေနှင့် အမေဖြစ်သူကို ဖျားနာကြောင်း ကြိမ်ဖန်များစွာ ပြောဖူးပါလိမ့်မည်။

မေးခွန်းမေးပါ – *ဘုရားသခင်ကရော ဘယ်လို ဖြစ်မယ်ထင်သလဲ။ ဘုရားသခင်က ဆရာမတို့ရဲ့ မေးခွန်းတွေကို ကြားပါသလား။ အကူအညီတောင်းတဲ့ အခါမှာ သူ နားညောင်းပါသလား။ သူ့ရဲ့လူတွေ အပေါ် ဘုရားသခင် ဂရု စိုက်ပါသလား။*

*ဆာလံ၊ ၃၄း၁၅* ကို ပြ၍ ဖတ်ပေးပါ –

**ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့* ကို ကြည့်ရှုတော်မူ၏။ သူတို့၏ အော်ဟစ်သံကိုလည်း နားထောင်တော်မူ၏။**

***မှတ်ချက် – ရှေ့သင်ခန်းစာများတွင် အရှုပ်အရှင်းကင်းစေရန်အတွက် "ဖြောင့်မတ်သောသူတို့" ဆိုသည်မှာ ဘုရားသခင်ကို ယုံကြည်ကိုးစားသူများကို ဆိုလိုကြောင်း ရှင်းပြထားပါ။**

ဘုရားသခင်သည် သူ၏လူများကို ကြည့်ရှုနားထောင်တော်မူသည်ကို ရှင်းပြပါ။ သူ့လူများ၏ မေးခွန်းများ နှင့် အကူအညီပေးရန် အော်ဟစ်သံများကို ဘုရားသခင် ဂရုစိုက်တော်မူသည်။ ထို့ပြင် ဘုရားသခင်သည် အစဉ်အမှုပြုတော်မူ၏။ "အိုး အဲဒါကတော့ အရမ်းဆိုးတာပဲ" ဟူ ၍ အပြောသက်သက်တာ ပြောတတ်သူ မဟုတ်။ ဘုရားသခင်သည် **ဂရုစိုက်တော်မူသော အရှင်** ဖြစ်ပေသည်။ ဤကမ္ဘာမြေကြီး ထဲတွင် သော်လည်းကောင်း ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်စီတိုင်း၏ အသက်တာတွင် သော်လည်းကောင်း ဘုရားသခင်သည် အစဉ်အတိုင်း သတိဖြင့် ကြည့်ရှုကာ အမှုပြုနေတော်မူသည်။

အောက်ပါပုံပြင်တိုလေးများကို ပြောပြရင်း ဘုရားသခင်၏ ဂရုစိုက်တတ်ခြင်းကို ဖော်ပြပေးပါ။ ကလေးခြောက်ယောက်ကို ရှေ့ထွက်လာစေပြီးနောက် ကောင်းကြီးမင်္ဂလာပုံးထဲမှာ ပစ္စည်းခြောက်ခုကို တစ်ယောက်တစ်ခုစီ ထုတ်စေပါ။ အတန်းဘက်ကို မျက်နှာမူ၍ ကလေးများကို မတ်တပ်ရပ်စေပါ။ ရေညှိ နှင့် ပတ်သက်သည့် ပုံပြင်သည် ကလေးများအတွက် ရိပ်မိရန် အလွယ်ဆုံး ဖြစ်မည့်အတွက် ရေညှိကို ထုတ်ယူထားသည့် ကလေးမှ အစပြုလိုက်ပါ။

- (ယောန ၂) *ဒီဟာက ရေညှိနဲ့တူတယ်။ ရေညှိတွေနဲ့ တကိုယ်လုံး ပြည့်နေမယ့် လူတစ်ယောက်ရဲ့ ပုံပြင်ကို သားတို့သမီးတို့ သိပါသလား။ ဘုရားသခင်ရှေ့တော်ကနေ ထွက်ပြေးဖို့ ကြိုးစားခဲ့တဲ့ ယောနဟာ ငါးကြီးတစ်ကောင်ရဲ့ မျိုချခြင်းကို ခံခဲ့ရတယ်။ ငါးကြီးဝမ်းဗိုက်ထဲမှာ ရှိနေစဉ် ယောနဟာ ကြောက်ရွံ့ ကြေကွဲလို့ ဘုရားသခင်ထံပါးမှာ ငိုကြွေးနေခဲ့တယ်။ ဘုရားသခင်က ဘာလုပ်ခဲ့သလဲ။ ယောနကို အန်ထုတ်ဖို့ ငါးကြီးကို ဘုရားသခင် အမိန့်တော်ရှိခဲ့တာပေါ့။* (ရေညှိကို ဖယ်ထုတ်လုပ်ပါ။)
- *(ထွက်၊ ၂း၂၃-၂၅) ဘုရားသခင်ရဲ့ လူမျိုးဖြစ်တဲ့ ဣသရေလလူမျိုးဟာ အဲဂုတ္တုပြည်မှာ ကျွန်ခံနေခဲ့ရတယ်။ ဣသရေလလူမျိုးတွေက ကယ်တင်ပေးဖို့ ဘုရားသခင်ထံပါး အော်ဟစ်တောင်းခံခဲ့ကြတယ်။ ဘုရားသခင် ဘာလုပ်ခဲ့တယ်ထင်လဲ။ သူတို့တွေကို ကျွန်ဘဝကနေ လွတ်မြောက်စေခဲ့တယ်။* (ဆက်ထားသောစက္ကူများကို ဖြတ်ပစ်လိုက်ပါ။)
- *(ထွက်၊ ၁၇း၄-၆) ဣသရေလလူမျိုးတွေ သဲကန္တာရထဲမှာ ရှိနေကြတဲ့ အချိန်ပေါ့။ ရာသီဥတုက အရမ်းပူတော့ သူတို့တွေ ရေဆာလာကြတော့တယ်။ မောရှေက ဘုရားသခင်စီမှာ ရေကို အသနားခံခဲ့တယ်။ ဘုရားသခင် ဘာလုပ်ခဲ့တယ် ထင်လဲ။ ဘုရားသခင်က ကျောက်ဆောင်ကြီးထဲကနေ ဣသရေလ လူမျိုးတွေကို ရေပေးခဲ့တယ်။* (ခွက်ထဲမှ ရေကို သွန်ချလိုက်ပါ။)
- *(ဆာလံ၊ ၁၈း၆) ဘုရင် ေစာလုက ဒါဝိဒ်ကို သတ်ဖို့အတွက် တကောက်ကောက်လိုက် နေခဲ့တယ်။ ဒါဝိဒ်လေးကလည်း သူ့ရဲ့ရန်သူတွေ လက်ကနေ ကယ်တင်ပေးဖို့ ဘုရားသခင်ထံပါးမှာ အော်ဟစ်တောင်းခံခဲ့တယ်လေ။ ဘုရားသခင် ဘာလုပ်ခဲ့တယ် ထင်လဲ။ ဘုရားသခင် ဒါဝိဒ်ရဲ့ ရန်သူတွေကို စစ်ရှုံးစေခဲ့တယ်။* (တုတ်ချွန်ကို အလယ်မှ ချိုးပစ်လိုက်ပါ)။ *ဒ့ါပြင် ဒါဝိဒ်ကိုလည်း ဘုရင်ဖြစ်စေခဲ့တယ်။*
- *(၃ ရာ၊ ၁၈) ဘုရားသခင်တစ်ပါးတည်းသာလျှင် စစ်မှန်သော ဘုရားသခင် ဖြစ်တယ်ဆိုတာ သက်သေပြဖို့အတွက် ကရမေလ တောင်ပေါ်မှာ အခြားသော ဘုရားပေါင်းများစွာကို ယုံကြည်ကြတဲ့ သူတွေနဲ့ ယှဉ်ပြိုင်နေတဲ့ အချိန်ပေါ့။ ဗာလ (မှားယွင်းသောဘုရား) နောက် လိုက်တဲ့သူ နဲ့ ဣသရေလ ဘုရားသခင်ကို ယုံကြည်တဲ့သူတွေဟာ ကိုယ်စီကိုယ်စီ နွားများကို ယဇ်ပူဇော်ဖို့ ပြင်ဆင်ထားကြတယ်။ အဲဒီပြင်ဆင်ထားတဲ့ ယဇ်ကောင်ကို မီးလောင်စေခြင်းအားဖြင့် အဖြေပေးတဲ့ ဘုရားသခင်ဟာ စစ်မှန်တဲ့*

*ဘုရားသခင်ဖြစ်တယ်လို့ ကတိပြုခဲ့ကြတယ်။ ဗာလနောက်ကို လိုက်တဲ့သူတွေက ဗာလစီမှာ အနားခံ အော်ဟစ်ကြပေမယ့် ဗာလဘုရားက ပြန်ပြီးတော့ မတုန့်ပြန်ခဲ့ဘူး။ ဗာလဘုရားဟာ စစ်မှန်တဲ့ ဘုရား မဟုတ်တဲ့အတွက် သူဟာ နားမထောင်နိုင်သလို၊ တန်ခိုးလည်း မပြနိုင်ဘူး။ ဒါပေမယ့် ဧလိယကတော့ ဣသရေလလူမျိုး ဘုရားသခင်ကို အော်ဟစ်တောင်းခံခဲ့တယ်။ စစ်မှန်တဲ့ တစ်ပါးတည်းသော ဘုရား သခင်က သူ့ရဲ့ အော်သံကို ကြားပြီးတော့ အဖြေပေးနိုင်မယ် ထင်သလား။ မှန်ပါတယ်။ ဘုရားသခင် ဟာ အမြဲတမ်း ဂရုစိုက်တဲ့ ဘုရားသခင်ပါ။ ယဇ်ကောင်တစ်ခုလုံး မီးလောင်စေဖို့ ကောင်းကင်ကနေ မီးလျှံကို ကျစေပြီးတော့ သူဟာ တစ်ပါးတည်းသော ဘုရားသခင်ဖြစ်တယ်ဆိုတာ သက်သေထူခဲ့တယ်။* (မီးလျှံပုံကို ပြပြီး ထိုမီးလျှံသည် နွားကို တောက်လောင်သွားစေသကဲ့သို့ သရုပ်ပြပေးပါ။)

- *(ယေရမိ၊ ၅၂) ဣသရေလလူမျိုးတွေကို သူတို့ရဲ့ ရန်သူတွေက ပတ်ပတ်လည် ဝိုင်းရံထားတဲ့ အချိန်ဖြစ် တယ်။* (ကြိုးကိုယူပြီး ကလေးသုံးယောက်ကို ပတ်လည်ဝိုင်းချည်ထားလိုက်ပါ။) *ယေရှုဆလင်မြို့မှာ ဣသရေလလူမျိုးတွေအားလုံး ထောင်ချောက် အစင်ခံရပြီးတော့ အချိန်မရွေး ပျက်ဆီးတော့မယ့် အခြေအနေမျိုးပေါ့။ ဒါနဲ့ ဣသရေလလူမျိုးတွေဟာ ဘုရားသခင်ထံပါးမှာ အော်ဟစ်တောင်းခံ ခဲ့ကြ တယ်။ ဘုရားသခင် ဘယ်လိုလုပ်ခဲ့သလဲ။ ရန်သူတွေကို မြို့ကြီးထဲဝင်စေပြီးတော့၊ မြို့ကိုလည်း မီးရှို့စေတယ်၊ နောက်ပြီး သူ့လူတွေကို တိုင်းတပါးရဲ့ လက်အောက်မှာ ကျွန်ခံစေခဲ့တယ်။* (ကြိုးဖြင့် ချည်ထားသော ကလေးများကို ထိုကြိုးဖြင့် ပေအနည်းငယ် ဆွဲသွားလိုက်ပါ။)

မေးခွန်းမေးပါ – *ခဏနေပါအုံး ။ ဘာလို့ ဘုရားသခင်က အဲဒီလို လုပ်ခဲ့ရတာလဲ။ သူ့လူတွေကို ဝိုင်းထား ကြတယ်ဆိုတာကို သူမြင်ခဲ့ပါတယ်။ သူ့လူတွေရဲ့ အော်ဟစ်သံကိုလည်း ဘုရားသခင် ကြားခဲ့ပါတယ်။ ဒါပေမယ့် သူ့လူတွေကို သူတို့ရဲ့ ရန်သူလက်ထဲကနေ မကယ်တင်ခဲ့ဘူး။ ဘာလို့ပါလိမ့်။*

ဘုရားသခင်လူများက ဘုရားသခင်ကို မျက်နှာလွှဲ နောက်ချန်ထားခဲ့သည်ကို ရှင်းပြပါ။ ဘုရားသခင်ကို သူတို့ အားကိုး ယုံကြည်၊ ချစ်မြတ်နိုးသင့်သလောက် အချိန်မပေးခဲ့ဘူး။ ဘုရားသခင်ဟာ နားလည်ပေးတယ်ဆိုပေမယ့် သူ့လူတွေရဲ့ အပြစ်နဲ့ နာမခံခြင်းတွေကိုတော့ လစ်လျူမရှုခဲ့ပါဘူး။ ဘုရားသခင်ဟာ ဂရုစိုက်တတ်တယ်လို့ ပြောတဲ့အခါမှာ ကျွန်တော်တို့လိုချင်တဲ့အရာ၊ မျှော်လင့်တဲ့ အရာတွေကို အမြဲလုပ်နေမယ်လို့ မဆိုလိုပါဘူး။ သူ ရွေးချယ်တဲ့ အတိုင်းဘဲ ဘုရားသခင်က အမှုပြုသွားမှာပါ။ သူ့ရဲ့ အကြံအစီတွေအားလုံး ပြည့်စုံလာစေဖို့ ဘုရား သခင် အမှုပြုသွားမှာပါ။

မေးခွန်းမေးပါ – *ဒါပေမယ့် ဘုရားသခင်က ဣသရေလလူမျိုးတွေကို လူမျိုးကြီးဖြစ်စေမယ်ဆိုပြီး အကြံအစီ ရှိခဲ့တာ မဟုတ်လား။ ဘုရားသခင်က ဣသရေလလူမျိုးတွေအားဖြင့် ဒီကမ္ဘာမြေကြီးကို ကောင်းကြီးပေးဖို့ ကြံစီ ခဲ့တယ် မဟုတ်လား။ ဒါပေမယ့် အခုတော့ ဣသရေလလူမျိုးတွေ နိုင်ငံမရှိတော့ဘူး။ သူတို့တွေ ဘုရားသခင်ကို မျက်နှာလွှဲခဲ့ကြလို့ ကျွန်ဘဝအဖြစ်ကို နောက်တစ်ခေါက် ပြန်ရောက်ခဲ့ကြတယ်။ ဒါဆိုရင် ဘုရားသခင်က သူ့ရဲ့ အကြံအစီတွေအားလုံးကို ဖျက်ဆီးပစ်ဖို့ ရည်ရွယ်လိုက်တာလား။ ဘုရားသခင် ဘာလုပ်ဆက်လုပ်မှာလဲ။*

*ယေရမိမြည်တမ်း ၁–၂* မှ ဣသရေလလူမျိုးများ၏ အခြေအနေ အဖြစ်ကို ပြောပြပါ – ငိုကြွေးခြင်း၊ ဆာလောင် မွတ်သိပ်ခြင်း၊ ငြီးထွားမည်တမ်းခြင်း စသည်ဖြင့်။ ဥပမာ –

*အိုထာဝရဘုရား၊ ကြည့်ရှုတော်မူပါ။ အကျွန်ုပ်ပင်ပန်းပါ၏။ (မြည်၊ ၁း၂၀)*

*သူတို့သည် စိတ်နှလုံးထဲက ထာဝရဘုရားကို အော်ဟစ်ကြ၏။ (မြည်၊ ၂း၁၈)*

ဘုရားသခင်သည် ဂရုစိုက်တော်မူ၏။ သူ၏ အကြံအစီများအားလုံးကို ပြည့်စုံလာစေရန်အတွက် ဘုရားသခင်သည် ဤကမ္ဘာမြေ၌ ဖြစ်ပျက်၊ အသက်ရှင်နေသည့် ရာများအားလုံးကို စောင့်ကြည့်အမှုပြုတော်မူသည်။ ဘုရားသခင်၏ လူသားများသည် ငိုကြွေးနေကြသော်လည်း ဘုရားသခင်သည် မည်သို့ပြုမည်နည်း။

(မှတ်ချက် – သင်ခန်းစာကို အဖြေမပေးဘဲ မေးခွန်းအားဖြင့် အဆုံးသတ်ပါ။)

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား “A” ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- *ဆာလံ၊ ၃၄း၁၅* ကို ဖတ်ပါ။ ဘုရားသခင်က ဘယ်သူတွေကို ပိုပြီးတော့ ဂရုစိုက်ပါသလဲ။ (“ဖြောင့်မတ်သောသူ” ဆိုသည်မှာ ဘုရားသခင်ကို ချစ်၍ ယုံကြည်ကိုးစားသောသူ ဖြစ်သည်ကို ပြောပြပါ။)
- သားတို့သမီးတို့ရဲ့ အမေက ကုန်စုံဆိုင် တစ်ခုမှာ သားတို့သမီးတို့ လိုချင်တဲ့ ပစ္စည်းတွေကို စာရင်းလုပ်ခိုင်းတယ် ဆိုကြပါစို့။ သားတို့သမီးတို့အတွက် ကျန်းမာရေး အကောင်းဆုံး ဖြစ်စေမယ့် အရာတွေကိုပဲ ရွေးမှာလား။ သားတို့သမီးတို့ စာရင်း လုပ်တဲ့အရာတွေအားလုံးကို အမေကရော ဝယ်ပေးမှာလား။ ဘာကြောင့်ပါလိမ့်။
- ဘုရားသခင်စီ ဆရာမ တို့ ဆုတောင်းကြတဲ့အခါမှာ ဘုရားသခင်က ဆရာမ လိုချင်တဲ့ပုံစံအတိုင်း အဖြေပေးမယ် ထင်လား။ အကယ်၍ သားတို့သမီးတို့ ချော်လဲပြီး ထိမိသွားတယ်ဆိုပါစို့။ ထိမိသွားတဲ့ဒဏ်ရာကို ချက်ခြင်းပျောက်စေဖို့ ဘုရားသခင်ကို ဆုတောင်းတယ်ဆိုရင် ဘုရားသခင် ဘာလုပ်မလဲ။ အဲဒီ ဒဏ်ရာကို ဘုရားသခင်က ပျောက်ကင်းစေနိုင်သလား။ ဘုရားသခင်ဟာ ခပ်သိမ်းသော အမှုကို တက်စွမ်းနိုင်တဲ့ သူဖြစ်တဲ့အတွက် သူ တက်နိုင်တယ်။ ဒါပေမယ့် ဘုရားသခင်က ဒဏ်ရာကို ခဏကြာ ခံစားရဖို့ ဆုံးဖြတ်နိုင်သလို (ယောဘ အသက်တာကို သတိရပါ)။ ဘုရားသခင်ဟာ ခံစားရတဲ့ ဝေဒနာကို ချက်ချင်းယူပျောက်စေတာထက် ခဏတာ ခံစားစေခြင်းအားဖြင့် ပိုကောင်းတဲ့ အရာတွေကို ပြင်ဆင် ပေးတတ်ပါတယ် *(ရောမ၊ ၈း၂၈)*။
- သင်ခန်းစာ ၁၂ တွင် ဥပမာ သုံးခဲ့သည့် ကောင်လေးတစ်ယောက် စကားနားမထောင်ဘဲ အိမ်ထဲတွင် ဘောလုံးကစားရင်း ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ကွဲစေသည့် အဖြစ်ကို ပြန်၍ ပြောပြပါ။ နောက်ဆုံးမှာတော့ သူ့ရဲ့ မိဘတွေက သူ ခွဲခဲ့တဲ့ အရာတွေအတွက် ပြန်ပေးဆပ်ရမယ် ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ကြတယ်။ ကလေးက သူ့မိဘတွေစီ “မလုပ်ပါနဲ့ မလုပ်ပါနဲ့ သနားပါ၊” လို့ အော်ငိုပါရော။ သူ့ငိုသံကို မိဘတွေ ကြားရပေမယ့် ပြန်ပေးဆပ်ဖို့အတွက်ပဲ သူတို့ ဆုံးဖြတ်ခဲ့တယ်။ ဒါဟာ မိဘတွေ အတွက် မှန်ကန်တဲ့ လုပ်ဆောင်ခြင်းပါ။ ဒါ့အပြင် ကလေးငယ်အနေနဲ့ သူ့ရဲ့အပြုအမူမှာ နောက်ဆက်တွဲအမြဲရှိတယ်ဆိုတာကို သင်ယူတတ်ဖို့အတွက်လည်း ကောင်းလှပါတယ်။
- တစ်စုံတစ်ယောက်ရဲ့ အာရုံစိုက်မှုကို ရရှိဖို့ ကြိုးစားဖူး ပါသလား။ ဒါပေမယ့် အဲဒီလူက သိသိနဲ့ သို့မဟုတ် အရမ်းအလုပ်ရှုပ်နေလို့ သို့မဟုတ် အရမ်းပင်ပန်းနေလို့ လျစ်လျူရှုတာမျိုး ခံဖူးပါသလား။ ဘုရား သခင်က သူချစ်တဲ့သူတွေကို လျစ်လျူရှုမယ်လို့ ထင်သလား။

သင်ခန်းစာ ၁၄

## "F" IS FOR FAITHFUL *သစ္စာရှိတော်မူသောအရှင်*

**အဓိကအချက်** – လုပ်မည်ဟု ကတိတော် ရှိထားသည့် အရာမှန်သမျှကို ဘုရားသခင် အမှန် လုပ်တော်မူသည်။

**အဓိကကျမ်းချက်** – သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့အဘို့ မိန့်တော်မူသော ကောင်းကျိုးတစုံတပါးမျှ မယုတ်မလျော့၊ အကုန်အစင် ပြည့်စုံကြောင်းကို သင်တို့သည် စိတ်နှလုံးထဲမှာ သိကြ၏။ ယောရှု ၂၃း၁၄

**နိဒါန်း** – ဘုရားသခင်သည် သူပြုမည်ဟု ပြောထားသမျှကို အစဉ် ပြုတော်မူ၏။ ပြီးခဲ့သည့် အပတ် သင်ခန်းစာကို မေးခွန်းဖြင့် အဆုံးသတ်ထားခဲ့သည် – "ဘုရားသခင် ဘာလုပ်မှာလဲ"။ ရွေးချယ်ထားသော သူ၏လူများကို ပေးထားသည့် ကတိတော်အား ဘုရားသခင် အမှတ်ရပါမည်လား။ ၄င်းတို့အားဖြင့် ကမ္ဘာမြေတစ်ခုလုံးကို ဘုရားသခင်က ကောင်းကြီးပေးပါမည်လား။ ဆက်၍ အပြစ်ကျူးလွန်နေသည့် ၄င်းတို့၏ အခြေအနေမှာ မည်သို့နည်း။ ဘုရားသခင်သည် သစ္စာရှိတော်မူ၏။ သူပေးထားသည့် ကတိတော်တိုင်းကို စောင့်ထိန်းတော်မူသည်။ ကယ်တင်ရှင် မွေးဖွားလာမည့် ကတိတော်သည်၊ သူ၏တစ်ပါးတည်းသော သားတော် ယေရှုရှင်အားဖြင့် ဣသရေလလူမျိုးများထံ စတင်ပေါ်ထွန်းခဲ့သည်။ ယေရှုရှင်သည် လူ့ခန္ဓာ၌ ပေါ်ထွန်းတော်မူသော ဘုရားသခင်၏ ဘုန်းတော် ဖြစ်တော်မူ၏ *(ယော၊ဖြ ၁း၁)*။ ထိုသို့အားဖြင့် တစ်ကမ္ဘာလုံး ကောင်းကြီးမင်္ဂလာ ခံစားရစေရန် ဖြစ်သည်။

ဤသင်ခန်းစာတွင် သမိုင်းတစ်လျှောက် ဘုရားသခင်၏ မပြောင်းလဲသော သစ္စာရှိခြင်းကို တွေ့မြင်စေရန် သူ၏လူများကို ကတိတော်ပေးထားသည့် အတိုင်း အမှန်တကယ် အမှုပြု အဖြေပေးသည်ကို ယေရှုရှင်အားဖြင့် ဖော်ပြလိုပါသည်။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ သစ္စာရှိတော်မူခြင်း ဖြစ်သည့်အတွက် ယေရှုရှင်၏ ဘုရားဖြစ်ခြင်း အကြောင်းကို ရှင်းပြတော့မည်မဟုတ်။ နောက်လာမည့် သင်ခန်းစာများတွင်သာ ရှင်းလင်း သင်ပြသွားပေးသွားပါမည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) အတွင်းတွင် သူငယ်တော် ယေရှုအရုပ် သို့မဟုတ် ပုံကို အထပ်ထပ် ထုတ်ပိုး ထားသော ဗူးတစ်ဗူး။ ဗူးကို ငါးလွှာလောက် ထပ်၍ ထုတ်ပိုးထားပါ။ ဗူးအပေါ်ပိုင်း၏ အလွှာများကို ဖွင့်သည့် အောက်ကအလွှာ မပျက်ဆီးစေရန် သေချာ ထုပ်ပိုးထားပါ။

#### အခြားသင်ထောက်ကူပြု ပစ္စည်းများ

၁) မျိုးဆက်သမိုင်းကို ဖော်ပြပေးသည့် ကြိုးတန်း (ကြိုးတစ်ချောင်း ၁၂ ပေခန့် ရှည်ရမည်။)

၂) ၈ ½ × ၁၁ လက်မခန့် ရှိသည့် စာရွက် ၇ ရွက်။ ထိုစာရွက်များကို အလယ်မှ ခေါက်ပြီး မျိုးဆက် ဖော်ပြရန်ကြိုးတန်းပေါ်တွင် ချိတ်ဆွဲထားပါ။ ထိုစာရွက် တစ်ရွက်စီပေါ်တွင် အာဒံနှင့်ဧဝ၊ အာဗြဟံနှင့်စာရာ၊ မောရှေ၊ ဒါဝိဒ်မင်းကြီး၊ ယေရှာယ၊ ဇာခရိယ၊ ယောသပ်နှင့်မာရိ ဟူ၍ ရေးသားထားပါ။ ကြိုးတန်း ပေါ်၌ ထိုစာရွက်လေးများကို ညှပ်ဖြင့် ညှပ်ထားပါ။

၃) ၈ ½ × ၁၁ လက်မခန့် ရှိသည့် စာရွက် ၁၀ ရွက်။ ထို့နောက် ထိုစာရွက်များကို အလယ်မှ ခေါက်ကာ နှစ်ရွက်စီကို အထက်တွင် ဖော်ပြထားသော နာမည်ရေးသားထားသည့် စာရွက်များကြား ယခုစာရွက် ၂ ရွက်စီအား ကြားညှပ်ချိတ်ဆွဲထားရမည်။ (ဥပမာ – "အာဒံနှင်ဧဝ"၊ စာရွက်၊စာရွက်၊ "အာဗြဟံနှင့်စာရာ" စာရွက်၊စာရွက်၊ စသည်ဖြင့် – ချိတ်ဆွဲသွားရမည်။ သို့သော်လည်း "ဇာခရိ" နှင့် "ယောသပ်နှင့်မာရိ" ဟူ၍ ရေးသားထားသည့် စာရွက်နှစ်ရွက်ကြားတွင်မူ ကြားညှပ်ကပ်ရန် မလိုအပ်ပါပေ။" ဤစာရွက်များကိုလည်း ညှပ်ဖြင့် ညှပ်ထားပါ။

### *သင်ခန်းစာပို့ချခြင်း*

ပြီးခဲ့သည့်အပတ်သင်ခန်းစာကို ပြန်လည်နွေးပေးရင်း အစပြုလိုက်ပါ။ ဘုရားသခင်သည် ဂရုစိုက်တော်မူသော အရှင်ဖြစ်သည်။ ပြီးခဲ့သည့်အပတ်က ဘုရားသခင်၏ လူများ မည်ကဲ့သို့ ဖြစ်ခဲ့ကြသည်ကို ကလေးများအား မေးပါ။ (ဘုရားသခင်ရဲ့လူတွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခဲ့ကြသလား။ မဟုတ်ပါဘူး – သူတို့တွေ ငိုယိုပြီးထွား နေကြပြီး ဆာလောင်မွတ်သိပ်နေခဲ့ကြတယ်။) ဣသရေလလူမျိုးများ ထိုအခြေအနေသို့ ရောက်သွားရခြင်းကို အနည်းငယ် ရှင်းပြပေးပါ။ အကယ်စင်စစ် ဣသရေလလူမျိုးတို့သည် ဘုရားသခင်ကို ကျောခိုင်းရန် အပြစ် ကျူးလွန်ခဲ့ကြသည်။

ဘုရားသခင်က ဣသရေလလူမျိုးတို့ကို ၄င်းတို့၏ အပြစ်မှ ကယ်တင်ပြီး လူမျိုးကြီးဖြစ်စေမည်။ ထိုသို့အားဖြင့် တစ်ကမ္ဘာလုံးသည် သူတို့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံစားရမည်ဟု ကတိတော် ထားနှင့်ခဲ့သည်။

မေးခွန်းမေးပါ – *ဘုရားသခင်က သူ့ကတိတော်ကို မေ့သွားတာများလား။ လုပ်မယ်လို့ သူပြောထားတဲ့ အရာတွေကို သူ တကယ်ဘဲ လုပ်သွားမှာလား။*

ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး ကောင်းကြီးမင်္ဂလာပုံးထဲမှ လက်ဆောင်ဗူးလေးကို ထုတ်ယူစေပါ။

အကြံပြုချက် – *ဒီဥစ္စာလေးက လက်ဆောင်လေးတစ်ခုနဲ့ တူလိုက်တာ။ ဘာလို့ ဒီလိုလက်ဆောင်ဗူး လေးက ကောင်းကြီး မင်္ဂလာပုံးထဲမှာ ရှိနေရတာလဲ။ ဘုရားသခင်က သူ့လူတွေကို လက်ဆောင်ပေးမလို့ များလား။ လက်ဆောင်ဆိုတာက အထူးစီမံထားတဲ့ အရာပေါ့။ သူ့ရဲ့လူတွေက လက်ဆောင်ရဖို့ ထိုက်တန်လို့လား။ ဘယ်လိုဖြစ်နိုင်တာပါလဲ။*

လက်ဆောင်ဗူးလေးကို ထုတ်ပိုးထားသည့် ပထမဆုံး အလွှာကိုသာ အရင်ခွါပြီး အစပြုလိုက်ပါ။

အကြံပြုချက် – *ဟာ ဘာမှလည်းမရှိဘူး၊ နောက်ထပ် လက်ဆောင်ဗူးတစ်ဗူး ဖြစ်နေတယ်။* (နောက် တစ်လွှာကို ခွါလိုက်ပါ။) *ဘယ်လိုဖြစ်တာပါလိမ့်။ ဒါလိမ်လည်မှု တစ်ခုဖြစ်ရမယ်။* (နောက်တစ်လွှာကို ထပ်ခွါလိုက်ပါ။) *တစ်စုံ တစ်ယောက်ကတော့ လက်ဆောင်ပစ္စည်းထည့်ဖို့ မေ့ခဲ့တယ်နဲ့တူတယ်။* (လေးလွှာ မြောက်ကို ထပ်ခွါလိုက်ပါ။) *ဘာလို့ ဒီလောက်တောင် ကြာနေရတာလဲ။ ဆရာ/မ ကတော့ ထပ်မခွါချင်*

*တော့ဘူး၊ ထားလိုက်တော့မယ်။ တစ်စုံ တစ်ယောက်ကတော့ လက်ဆောင်ပစ္စည်းထည့်ဖို့ မေ့ခဲ့တာပဲ ဖြစ်ရမယ်။ ဒါကတော့ အထပ်ထပ် ထုပ်ပေးထားတဲ့ ဗူးခွံတစ်လုံးပါပဲ။*

လက်ဆောင်ပစ္စည်းကို ချက်ချင်းမမြင်ရသည့် အဖြစ်မှာ ကျွန်ုပ်တို့အတွက် အလွန်ငြီးငွေ့ဖွယ်ဖြစ်ကြောင်းကို ပြောပြပါ။ တစ်နှစ်လောက်စောင့်ရမည့် အဖြစ်မျိုးကို စဉ်းစားကြည့်ပါ။ သို့မဟုတ် ဆယ်နှစ်၊ နှစ် တစ်ရာ။ အဲဒီ အချိန်လောက်ဆိုရင်တော့ သားတို့သမီးတို့တော့ လက်ဆောင်ပစ္စည်းလေးကို မဖွင့်အားပဲ သေနေလောက်ပြီ။

အဲဒီလိုမျိုးပဲ ဣသရေလလူမျိုးတွေ ခံစားနေကြရတယ်။ ဘုရားသခင်က သူတို့ကို ကြီးမြတ်တော်မူပြီး အထူးစီမံ ထားတဲ့ အရာကို ပေးဖို့ ကတိတော်ထားခဲ့တယ်။ ဒါပေမယ့် အခု ဆရာ၊မ တို့ လက်ဆောင်ပစ္စည်းကို မမြင်ရ သေးသလိုပဲ သူတို့တွေလည်း ဘုရားသခင်ရဲ့ ကတိတော်ကို မမြင်ရသေးဘူး ဖြစ်နေတယ်။ နောက်ဆုံးမှာတော့ တကယ်ပဲ ဘုရာသခင်က ကတိတော်ရှိထား သလားဆိုပြီး သံသယ ဝင်လာကြတော့တယ်။ ဘာမှ တကယ်မရှိ တာလည်း ဖြစ်နိုင်တယ်။ ဒီဗူးလေးလိုပဲ အထပ်ထပ်ထုပ်ထားတဲ့ စက္ကူတွေပဲ ဖြစ်မယ်နဲ့တူတယ်။

မေးခွန်းမေးပါ – *ဒါပေမယ့် ဘယ်သူက ဣသရေလလူမျိုးတွေကို ကတိတော် ထားခဲ့တာလဲ။ ဘုရားသခင်ပါ။ ဘုရားသခင်က သူ့ရဲ့ကတိတော်တွေကို စောင့်ထိန်းပါသလား။ ပြောထားတဲ့အရာတွေကို ဘုရားသခင်က အမှန် တကယ် လုပ်တတ်ပါသလား။*

ဘုရားသခင်၏ ကတိတော် အချို့ကို ပြန်လည်နွေးပေးလိုက်ပါ။

အကြံပြုချက် – ❖ *ကမ္ဘာမြေကြီးကို ရေလွှမ်းခြင်းနဲ့ ဖျက်ဆီးမယ်လို့ နောဧကို ဘုရားသခင် ပြောခဲ့အခါမှာ တကယ်ဘဲ ဘုရားသခင် ရေလွှမ်းမိုး စေခဲ့ပါသလား။* ❖ *ဘုရားသခင်က နေဧတို့မိသားစုကို ရေလွှမ်းမိုးခြင်း ကနေ ကယ်တင်မယ်လို့ ကတိပေးတဲ့အခါမှာ ဘုရားသခင် တကယ်လုပ်ခဲ့သလား။* ❖ *အာဗြဟံ နဲ့ စာရာကို သားယောကျ်ားလေးပေးမယ်လို့ ဘုရားသခင်က ကတိပေးတဲ့အခါမှာ၊ ဘုရားသခင် တကယ်ပေးခဲ့သလား။* ❖ *ကျွန်ဘဝမှာ နေရတဲ့ သူ့ရဲ့လူတွေကို အဲဂုတ္တုပြည်ကနေ ကယ်နှုတ်မယ်လို့ မောရှေကို ဘုရားသခင်က ပြောတဲ့ အချိန်မှာ ဘုရားသခင် တကယ်လုပ်ခဲ့သလား။* ❖ *သဲကန္တာရထဲမှာ ဘုရားသခင်က ရေပေးမယ်လို့ သူ့လူတွေကို ပြောတော့ ပြောတဲ့အတိုင်း လုပ်ခဲ့သလား။* ❖ *ဘုရင် ယေရှုဖက် အစား ရန်သူတွေကို စစ်တိုက်ပေးမယ်လို့ ဘုရား သခင်က ပြောတော့ ပြောတဲ့အတိုင်း ဘုရားသခင် လုပ်ခဲ့သလား။*

အကြံပြုချက် – *ပြောရင် ပြောတဲ့အတိုင်း ဘုရားသခင် အမြဲတမ်း လုပ်တယ်။ ဆိုလိုတာက ဘုရား သခင်ဟာ သစ္စာရှိတော်မူတယ်။ သူဟာ သစ္စာတရားတို့ရဲ့ ဘုရားရှင်ဖြစ်တယ်။ ကတိတစ်စုံတစ်ခုကို ဘုရားသခင် ပေးထားတယ်ဆိုတာနဲ့ သူအမြဲတမ်း စောင့်ထိန်းပါတယ်။ ဒါကြောင့် ဣသရေလလူမျိုးတွေကို သူတို့ရဲ့ အပြစ်ကနေ ကယ်တင်ပြီးတော့ သူတို့အားဖြင့် တကမ္ဘာလုံးကို ကောင်းကြီးပေးမယ်လို့ ပြောထား တဲ့ကတိတော်ကို ဘုရားသခင် တကယ်လုပ်ပဲ့မလား။*

မျိုးဆက်သမိုင်းကို ဖော်ပြပေးသည့် ကြိုးတန်းကို အသုံးပြု၍ အောက်ပါအချက်များကို အလေးအနက်ထား ပြောပြပေးပါ –

- အာဒံနှင့်ဧဝတို့ အပြစ်ကျူးလွန်ခဲ့ကြသည့်နောက်တွင် ဘုရားသခင်သည် ၎င်းတို့ကို အပြစ်မှ ကယ် တင်ရန် တစ်စုံတစ်ယောက်အား စေလွှတ်တော်မူမည်ဟု ကတိတော် ထားရှိခဲ့သည်။ (အာဒံနှင့် ဧဝကို ထောက်ပြလိုက်ပါ)။ ဣသရေလလူမျိုးများကို ကယ်တင်ရှင် စေလွှတ်ပေးမည်ဟု ဘုရားသခင် ကတိ တော်ရှိခဲ့သည်။

➢ ဣသရေလလူမျိုးများသည် လူမျိုးကြီးဖြစ်လာ၍ ၄င်းတို့အားဖြင့် တကမ္ဘာလုံး ကောင်းကြီးမင်္ဂလာ ခံစားကြရမည်ဟု ဘုရားသခင် မိန့်တော်မူခဲ့သည်။ ထိုကတိတော်ကို အာဗြဟံအား ဘုရားသခင် ပေးခဲ့သည်။ (အာဗြဟံနှင့်စာရာကို ထောက်ပြပါ)။ (မှတ်ချက် – ဘုရားသခင်နှင့် အာဗြဟံကြား ကတိတော်ထားခြင်းအကြောင်းကို ရိုးရှင်းမှုရှိစေရန် ဣသရေလလူမျိုးဟူ၍ အသုံးပြုထားပါသည်။) နှစ်များစွာ ဣသရေလလူမျိုးများ ဘုရားသခင် မည်သည့်အချိန်တွင် ကတိတော်ရှိသည့်အတိုင်း လုပ်ဆောင်မည်ကို စောင့်စားခဲ့ကြသည်။
("အာဗြဟံနှင့်စာရ" နှင့် "မောရှေ" အကြားရှိ စာရွက်အလွတ် နှစ်ရွက်ကို ဖွင့်ပြ၍ ထိုစာရွက် ပေါ်တွင် မည်သည့်အရာမျှ ရေးသားထားခြင်း မရှိသည်ကို ကလေးများအား မြင်စေရန် ပြပါ။)

➢ မောရှေ မွေးဖွားလာခဲ့ပါသော်လည်း ဘုရားသခင်၏ လူများသည် ထပ်၍ စောင့်ဆိုင်းနေခဲ့ရသည်။ ("မောရှေ" နှင့် "ဒါဝိဒ်မင်းကြီး" အကြားရှိ စာရွက် အလွတ်များကို ဖွင့်ပြလိုက်ပါ။) သူ၏ကတိတော်များကို ဘုရားသခင် မေ့သွားတာများလား။

➢ ထို့နောက် ဒါဝိဒ်မင်းကြီး ခေတ်ရောက်လာခဲ့သည်။ သို့သော်လည်း ဘုရားသခင်သည် သူ၏လူများကို ပေးမည်ဟု ကတိပြုထားသည့် အရာအား ပြသခြင်း မရှိသေး။ ("ဒါဝိဒ်မင်းကြီး" နှင့် "ယေရှာယ" အကြားရှိ စာရွက်အလွတ်များကို ဖွင့်လှန်ပြပါ။) ဘုရားသခင်၏လူများသည် စောင့်ဆိုင်းရခြင်းကို အလွန်ငြီးငွေ့ နေကြလောက်ပြီဟု ထင်ပါသလား။ ဘုရားသခင်ရဲ့ ကတိတော်ကို ဘုရားသခင်က အမှုပြုတော့မှာ မဟုတ်ပါဘူးလို့ ဣသရေလလူမျိုးတွေက တွေးထင်နေကြတော့မယ်လို့ ထင်ပါသလား။

➢ ပရောဖက် ယေရှာယ ၏အချိန်သို့ ရောက်လာခဲ့ပြန်သည်။ ဤအချိန်မှစ၍ ဘုရားသခင်က သူ့ရဲ့ပရောဖက်ကို သူပေးမည့် အထူးစီမံထားသည့် ကတိတော်အတွက် အရိပ်အမွတ်ကို စတင်၍ ပြောပြခဲ့သည်။ *(ယေရှာ၊ ၇း၁၄ နှင့် ၉း၆)* ကို ဖတ်ပါ။ ကလေးတစ်ဦး။ ဣသရေလလူမျိုးတွေဟာ ကလေးတစ်ဦး အားဖြင့် လူမျိုးကြီးဖြစ်လာမယ်။ ဖြစ်နိုင်ပါ့မလား။ ဣသရေလလူမျိုးများ စောင့်ပြီးရင်းသာ စောင့်နေခဲ့ ရသည်။ ("ယေရှာယ" နှင့် "ဇာခရီ" ကြားရှိ စာရွက်များကို လှန်ပြပါ။) ထိုအချိန်ကာလသည် နှစ်ရာ နှင့်ချီ၍ ဖြစ်ခဲ့ပါသည်။ ဘုရားသခင် သစ္စာရှိနေပါမည်လား။ လုပ်မည်ဟု သူပြောထားသည့်အမှုကို အမှန်ကတယ် ဘုရားသခင် လုပ်ဆောင်ပါမည်လား။

➢ ဇာခရီဆိုသော ပုဂ္ဂိုလ်တစ်ဦးရှိရာ၊ ထိုသူအား သူ၏ဇနီးသည် ကတိတော်နှင့်ယှဉ်သော သူငယ်၏ ရှေ့ပြေးဖြစ်မည့် ယောဟန် ဆိုသည့် သားယောက်ျားကို မွေးဖွားလိမ့်မည်ဟု ဘုရားသခင်က ပြောပြခဲ့သည်။

➢ နောက်ဆုံးမှာတော့ ဘုရားသခင်က ကောင်းကင်တမန်တစ်ပါးကို မာရိဆိုတဲ့ အမျိုးသမီး ဆီမှာ စေလွှတ်ခဲ့ပြီးတော့ ဣသရေလလူမျိုးတွေကို ကတိပေးထားတဲ့အရာကို သူ ယူဆောင်ပေးတော့မယ်လို့ ပြောပြခဲ့တယ်။ *(လုကာ၊ ၁း၃၀–၃၃* ကို ဖတ်ပါ။) ဤကျမ်းချက်သည် ဘုရားသခင် လုပ်မည်ဟု ပြောထား သည့် အချက် ဖြစ်သည်။ (ထုပ်ပိုးထားသော လက်ဆောင်ဗူးလေး၏ နောက်ဆုံးအလွှာကို ဖြေလိုက်ပြီး သူငယ်တော် ယေရှု၏ပုံကို (သို့) အရုပ်ကို မြောက်ကိုင်လိုက်ပါ။) ဘုရားသခင်သည် သစ္စာရှိတော်မူ၏။ ပြုတော်မူမည်ဟု ကတိတော်ရှိထားသည့် အရာတိုင်းကို ဘုရားသခင် အမြဲတမ်း လုပ်ဆောင်တော်မူပါသည်။

ပြီးခဲ့သည့် သင်ခန်းစာများ၌ ယေရှု ဆိုသည့် အကြောင်းကို ၄င်းတို့ ကြားခဲ့ပြီး ဖြစ်သလားဟု ကလေးများကို မေးကြည့်ပါ။ အဘယ့်ကြောင့် နာမည်ဖြင့် မပြောခဲ့ရသည်ကို ၄င်းတို့အား မေးကြည့်ပါ။ ဣသရေလလူမျိုး များသည်လည်း ဘုရားသခင်၏ အထူးကတိတော်ကို နှစ်ပေါင်း ရာနှင့်ချီ စောင့်ဆိုင်းခဲ့ကြရသည့် နည်းတူ

ကျွန်ုပ်တို့သည်လည်း ယေရှုရှင် အကြောင်းကို ရောက်လာရန်အတွက် အတန်ကြာ စောင့်ဆိုင်းကြရကြောင်း ရှင်းပြပေးပါ။ ကတိတော်ထားရှိသည့် အရာများကို ဘုရားသခင် အစဉ်စောင့်ထိန်းတော်မူမည်။ ဘုရားသခင် သည်လည်း သူ၏ကတိတော်ကို ပြည့်ဝစုံလင်စေဖို့ရန် မှန်ကန်သော အချိန်ရောက်သည်အထိ စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ သူသည် သစ္စာရှိတော်မူသော ဘုရားသခင် ဖြစ်ပေသည်။

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "F" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဘုရားသခင်သည် သစ္စာရှိတော်မူသည် ဆိုတာက သူပြောထားတဲ့ အရာတွေကို ချက်ချင်းလုပ်သွားမယ်လို့ ဆိုလိုတာလား။ ကတိတော်နဲ့ ယှဉ်တဲ့ ယေရှုရှင်ကို ဣသရေလလူမျိုးတွေ ဘယ်လောက်ကြာကြာ စောင့်ခဲ့ရသလဲ။
- *ယောရှု၊ ၂၃:၁၄* ကို ဖတ်ပါ။ ဤကျမ်းပိုဒ်က ကျွန်တော်တို့ကို ဘာသတိပေးနေသလဲ။ ဥပမာ သားတို့ သမီးတို့က အမှောင်ထဲမှာ တစ်ယောက်တည်းနေဖို့ ကြောက်နေတာလည်း ဖြစ်နိုင်တယ်။ ဘုရားသခင်က သူ့ရဲ့သားသမီးတွေကို ကတိပေးထားပါတယ်။ ***ဘုရားသခင်သည် သင်နှင့်အတူ ရှိတော်မူ၏။ သူသည် သင့်ကို ဘယ်သောအခါမျှ စွန့်ထားခဲ့မည်မဟုတ်။*** *(တရား၊ ၃၁:၆)*။ ဘုရားသခင် သစ္စာရှိတယ်ဆိုတာ ဘယ်လို သင် သိနိုင်သလဲ။ ဘယ်လိုကတိတော်မျိုးကို ဘုရားသခင်က သမ္မာကျမ်းစာ ထဲမှာ ထပ်ပြီး ဖော်ပြထားပါသလဲ။ သူ့ရဲ့ကတိတော်တွေကို သူ စောင့်ထိန်းပါသလား။ သားတို့သမီးတို့အပေါ်မှာ ရော သူ့ရဲ့ ကတိတော်တွေကို စောင့်ထိန်းပဲ့မလား။
- ဘုရားသခင်ကို ယုံကြည်ကိုးစားသူများအတွက် ပေးထားသည့် ကတိတော်များအချို့ကို ဖတ်ပေးပါ။ *ဆာလံ၊ ၃၄:၁၅* – သင်၏ ဆုတောင်းသံကို ဘုရားသခင်ကို နားထောင်ပေးသည်။ *၁ယော၊ ၁:၉* – အပြစ်များကို ခွင့်လွှတ်ပေးသည်။ *ဆာလံ၊ ၃၂:၈* – လမ်းပြသွန်သင်လိမ့်မည်။ *ယော၊ ၄:၁၃* – အကူအညီ ပေးလိမ့်မည်။ *ယော၊ ၃:၁၆* – သင့်ကို အပြစ်မှ ကယ်တင်မည်။ *သုတ္တံ၊ ၃:၁၁-၁၂* – ဆုံးမပဲ့ပြင်လိမ့်မည်။ *ဆာလံ၊ ၁:၆* – သင့်ကို စောင့်ထိန်းတော်မူသည်။
- သူ့ကို ယုံကြည်ကိုးစားခြင်းမရှိတဲ့သူတွေအတွက် ဘုရားသခင်က ဘယ်လို ကတိမျိုး ပေးထားတာလဲ။ *ဆာလံ၊ ၁:၆ ကို ဖတ်ပေးပါ။*
- ဘုရားသခင်ဟာ သစ္စာရှိတော်မူတယ်ဆိုတာက တခြားနည်းနဲ့ ပြောမယ်ဆိုရင် သူဟာ အမြဲတမ်း မှန်ကန်တယ် လို့ပြောလို့ရပါတယ်။ *(ဗျာ၊ ၁၉:၁၁)* အမြဲတမ်း အမှန်တရားတွေပဲ ပြောတဲ့လူ တစ်ယောက်ကို သားတို့သမီးတို့ သိထားတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကို သားတို့သမီးတို့ ဘယ်လိုမြင်သလဲ။ ဘုရားသခင်ဟာ သစ္စာရှိ၍ အစဉ်အမြဲ မှန်ကန်တော်မူသည် ဆိုသည့်အချက်က ကျွန်ုပ်တို့၏ အသက်တာကို မည်သို့ ပြောင်းလဲစေသနည်း။ (ကျွန်ုပ်တို့သည် ဘုရားသခင် ပြောသမျှသော အမှုတိုင်းအပေါ် မှီခိုယုံကြည် ကိုးစားလို့ ရပါသည်။)

သင်ခန်းစာ ၁၅

## *"T" IS FOR TRINITY* *သုံးပါးတစ်ဆူ ဘုရား*

**အဓိကအချက်** – ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ ဝိညာဉ်ဘုရား ဟူ၍ ဘုရားသခင် သည် တစ်ဆူတည်းသော ဘုရား ဖြစ်သည်။

**အဓိကကျမ်းချက်** – အိုဣသရေလ အမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။ တရားဟော၊ ၆း၄

**နိဒါန်း** – သုံးပါးတစ်ဆူဘုရား ဆိုသည့် ခက်ခဲသည့် ဘာသာရပ် တစ်ခုအား ကလေးငယ်များကို ကျွန်ုပ်တို့ အဘယ့်ကြောင့် မိတ်ဆက်သင်ကြားပေးရ ပါသနည်း။ အဖြေမှာ ရှင်းပါသည်။ သမ္မာကျမ်းစာနှင့်ကိုက်ညီသော ခရစ်ယာန်တို့၏ အုတ်မြစ်အရင်းတည်ရာသည် သုံးပါးတစ်ဆူ ဘုရားပေါ်၌ နေသည့်အတွက်ကြောင့် ဖြစ်သည်။ ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ အားလုံးကို သုံးပါးတစ်ဆူ ဘုရားသခင်၏ ဖြစ်တည်ခြင်း အာဘော် အောက်တွင် နားလည် သဘောပေါက်ရမည် ဖြစ်သည်။ ဤခက်ခဲသော သြဝါဒကို ကလေးများနားလည်နိုင်မည့် အရိုးရှင်းနိုင် ဆုံးနည်းလမ်းကို အသုံးပြု၍ ရှင်းပြသွားပါမည်။

ဤသင်ခန်းစာတွင် အောက်ပါအချက်များကို အလေးအနက်ထား၍ ကျွန်ုပ်တို့ လေ့လာသွားကြမည်။

၁) ဘုရားသခင် တစ်ဆူတည်း ရှိသည်။။
၂) တစ်ဆူတည်းသော ဘုရားသခင်သည် ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ ဝိညာဉ်တော် ဘုရား ဟူ၍ သုံးပါးတစ်ဆူ ဖြစ်သည်။
၃) သုံးပါးလုံးသည် ရာခိုင်နှုန်းပြည့် ဘုရားဖြစ်ကြသည်။
၄) ဘုရားသခင် တစ်ဆူတည်း ရှိသည်။

ပြီးခဲ့သည့် သင်ခန်းစာတွင် ယေရှုရှင်၏ အကြောင်းကို ကျွန်ုပ်တို့ ဖော်ပြခဲ့သည် ဖြစ်ရာ၊ ထို့ပြင် ယေရှုရှင် သည် သုံးပါးတစ်ဆူ ဘုရားသခင်နှင့် ပတ်သက်၍ ကလေးများ အလွယ်တကူ နားလည်နိုင်သော ပုဂ္ဂိုလ်ဖြစ်သည့် အတွက်ကြောင့်၊ သုံးပါးတစ်ဆူ ဘုရားသခင်အကြောင်းကို ရှင်းပြရန်အတွက် ယေရှု၏ဘုရားဖြစ်ခြင်း နှင့် သူနှင့် ဖခမည်းတော်တို့၏ ဆက်နွယ်မှုကို အသုံးပြုသွားမည် ဖြစ်သည်။

**ကောင်းကြီးမင်္ဂလာပုံးထဲ၌**

၁) အရသာ သိပ်မရှိသည့် အချိုရည်တစ်ခွက်
၂) အခြားရေနှစ်ခွက်
၃) သကြားအနည်းငယ်

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) "ခမည်းတော်ဘုရား"၊ "သားတော်ယေရှု" နှင့် "ဝိညာဉ်တော်ဘုရား" ဟူ၍ ရေးသား ထားသည့် ၁၄ × ၁၇ လက်မ အရွယ်အစားရှိ စာရွက်သုံးရွက် နှင့် "ဘုရား" ဟု ရေးထားသော အခြားစာရွက်

တစ်ရွက် (မှီငြမ်းရန် စာအုပ် တွင်ကြည့်ပါ)။ စာရွက်ကို ဖော်ပြထားသည့်အတိုင်း ခေါက်လိုက်ပြီး ထိုစာရွက် သုံးရွက်လုံး၏ ထိပ်ပိုင်းတို့ကို ပေါင်း၍ ညှပ်ဖြင့် ညှပ်ထားပါ။

၂) စက်ဝိုင်း သုံးခု (မှီငြမ်းရန် စာအုပ်)။

၃) တြိဂံပုံ တစ်ပုံ၊ စတုဂံ ပုံတစ်ပုံ (မှီငြမ်းရန် စာအုပ်)၊ တိပ်၊ ညှပ်များ၊ မှန်၊ *တရား၊ ဖိုး၄* ကို ရေးသားထားသည့် စာရွက်လိပ်၊ ဇွန်းတစ်ချောင်း၊ ဖန်ခွက်အကြည် တစ်ခွက်။

***သင်ခန်းစာပို့ချခြင်း***

"ခမည်းတော်ဘုရား" ဟု ရေးထားသည့် စာရွက်အားပြလိုက်ပါ။ ဣသရေလလူမျိုးများအား အထူးစီမံထားသသည့်လက်ဆောင် တစ်ခုအားပေးမည်ဟု သူ၏ကတိတော်ရှိသည့်အတိုင်း ဘုရားသခင်က သစ္စာရှိစွာ မည်သို့အမှုပြုခဲ့ကြောင်းကို မေး၍ သင်ခန်းစာကို စလိုက်ပါ။ သူ့လူတွေထံပါး ဘယ်သူ့ကို ဘုရားသခင်က လက်ဆောင်အဖြစ် ပေးခဲ့တာလဲ။ (ယေရှုရှင်) "သားတော်ယေရှု" ဟု ရေးထားသည့် စာရွက်ကို "ခမည်းတော် ဘုရား" ဟု ရေးထားသည့် စာရွက်နားတွင် ချိတ်ဆွဲလိုက်ပါ။

မေးခွန်းမေးပါ – *ယေရှုရှင်နဲ့ ပတ်သက်ပြီးဘာတွေ အထူးအဆန်း ရှိခဲ့သလဲ။ ဘာလို့ ကောင်းကင်တမန်တွေက ယေရှုရှင် မွေးဖွားတဲ့ အချိန်မှာ "ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း" ဆိုပြီး သီချင်းဆို ခဲ့ကြတာလဲ။ ဘာကြောင့်မို့ သိုးထိန်းတွေကလည်း ညကြီးမှာ သူတို့ရဲ့သိုးစုတွေကို ထားခဲ့ပြီးတော့ နွားစားခွက်ထဲမှာ ရှိနေတဲ့ သူငယ်တော်ကို ကြည့်ဖို့ ထွက်လာခဲ့ကြတာလဲ။ အရှေ့တိုင်း ဘက်က ပညာရှိတွေကလည်း တစ်ခါမှ မသိဖူးတဲ့ ကလေးတစ်ယောက်ကို လက်ဆောင်တွေပေးပြီး ဖူးတွေ့ဖို့ မိုင်ပေါင်း များစွာ ခရီးဆက်ခဲ့ကြရတာလဲ။ ယေရှုရှင်နဲ့ ပတ်သက်ပြီးဘာတွေ အရမ်းထူးဆန်းတဲ့ အရာက ဘာလဲ။ အဖြေကို သားတို့သမီးတို့ ဘယ်မှာတွေ့နိုင်မလဲ။*

ယေရှုရှင် မမွေးဖွားခင်ကတည်းက ဘုရားသခင်သည် သူ၏ လူများကို ယေရှုရှင် ဆင်းကြွလာမည့် အကြောင်းကို ကြိုတင်၍ နမိတ်များစွာ ပြသပေးခဲ့သည့် အကြောင်းကို ကလေးများအား ပြန်ပြောပြပါ။

ဖတ်၍ ရှင်းပြပါ – ❖ *ဟေရှာ၊ ၇း၁၄* – ***ထိုကြောင့်၊ ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ် လက္ခဏာကို သင်တို့အားပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည်၊ ပဋိသန္ဓေယူ၍၊ သားယောက်ျားကို ဘွားမြင် လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတံ့။*** *ဧမာနွေလအမည်ရဲ့ အဓိပ္ပါယ်ကတော့ ဘုရားသခင် ကျွန်တော်တို့နဲ့ အတူ ရှိတော်မူတယ်ဆို့ ဆိုလိုပါတယ်။* ❖ *ဟေရှာ၊ ၉း၆* ***ထိုသူသည် ––––အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။*** *ဘုရားသခင် တစ်ပါးတည်းသာလျှင် ထာဝရအရှင် ဖြစ်သည်မဟုတ်လား။* (စက်ဝိုင်းပုံ တစ်ပုံကို "ဖမည်းတော်ဘုရား" ဟု ရေးထားသော စာရွက် ထိပ်ပိုင်းတွင် ကပ်လိုက်ပါ)။ ❖ *ယေရှုရှင် မွေးဖွား ခါနီးမှာ ကောင်းကင်တမန်တစ်ပါး ပေါ်လာပြီး မာရိကို – လုကာ၊ ၁း၃၅* ***သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏ အပေါ်မှာ သက်ရောက်တော်မူ၍၊ အမြင့်သုံးသော ဘုရား၏ တန်ခိုးအာနုဘော်သည် သင့်ကို လွှမ်းမိုး လိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသော သားသည် လည်း ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ် သမုတ်ခြင်းကို ခံရလိမ့်မည်။*** *ဆိုပြီး ပြောသွားခဲ့တယ်။ ယေရှုရှင်ဟာ ဘုရားသခင်ရဲ့ သားတော်ဖြစ်တယ်။* (ယေရှုကို ဖော်ပြရန် "သားတော်ယေရှု" ကို ထောက်ပြ

လိုက်ပါ)။ *ယေရှုဟာ ဘုရားသခင်ရဲ့ သားတော် ဖြစ်တယ် ဆိုရင်တော့ ဘုရားသခင်ဟာ သူ့ရဲ့ ခမည်းတော် ပေါ့။* (ဘုရားသခင်ကို ဖော်ပြရန် "ခမည်းတော်ဘုရား" ကို ထောက်ပြ လိုက်ပါ။)

ယေရှုရှင်သည် "အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော၊ ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသော၊ ဘုရား သခင်၏ သားတော်" ဟု ဆိုရာတွင် သမ္မာကျမ်းစာက မည်သည့်အရာကို ဆိုလိုကြောင်း ကလေးများကို မေးပါ။ အောက်ပါ အချက်တွေကိုများ သမ္မာကျမ်းစာက ပြောပြနေတာလား။

- ➢ သမ္မာကျမ်းစာက ယေရှုရှင်ဟာ ***မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်*** ဖြစ်တယ်လို့ ပြောထားတယ် *(ကော၊ ၁း၁၅)* ။ ဥပမာ သားတို့သမီးတို့ ကို့ကိုကိုယ် မှန်ထဲမှာ ပြန်ကြည့်လိုက်တဲ့ အခါ မှန်ထဲမှာ တွေ့မြင်နေရတဲ့ အရာက သား၊သမီး တို့ရဲ့ ပုံရိပ်ဖြစ်တယ်။ အဲဒီပုံဟာ သား၊သမီးတို့နဲ့ တထေရာတည်း တူနေပါလိမ့်မယ်။ သား၊သမီးတို့ ပြုံးလိုက်ရင်လည်း သား၊သမီးတို့ရဲ့ ပုံရိပ်ကလည်း ပြုံးနေမှာပဲ။ (မှန်ကိုအသုံးပြု၍ သရုပ်ပြလိုက်ပါ)။ ယေရှုရှင်ဟာ ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်တော် ဖြစ်တဲ့အတွက်ကြောင့် ဘုရားသခင်သာ မှန်ကြည့်မယ်ဆိုရင်တော့ သူမြင်တွေ့ရမယ့်သူဟာ ယေရှု ဖြစ်နေလိမ့်မယ်။ ယေရှုရှင်ဟာ ဘုရားသခင်ရဲ့ **ပုံသဏ္ဍာန် ဖြစ်တော်မူတယ်။**
- ➢ သမ္မာကျမ်းစာက ယေရှုရှင်ဟာ ဘုရားသခင်ရဲ့ ကိုယ်စားပုံတူ ဖြစ်တယ်လို့ ပြောထားပါတယ် *(ဟေဗြဲ၊ ၁း၃)။* ဥပမာ ဒီစက်ဝိုင်းပုံ ("ခမည်းတော်ဘုရား" ဟု ရေးထားသော စာရွက်ပေါ်တွင် ကပ်ထားသည့် စက်ဝိုင်းပုံ) ကို မိတ္တူကူးမယ်ဆိုရင်တော့ ဒီလိုပုံတွေ ထွက်လာမှာလည်း (တြိဂံပုံ နှင့် စတုဂံ ပုံများကို ကိုင်မြောက်ပြပါ။) ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အခြား စက်ဝိုင်းပုံကလွဲလို့ တခြား ပုံတွေ ထွက်လာစရာ အကြောင်း မရှိပါဘူး။ (အသင့်ပြင်ထားသော အခြား စက်ဝိုင်းပုံ တစ်ပုံကို ထုတ်ပြလိုက်ပါ။) ယေရှုရှင် ဟာ ဖမည်းတော်ဘုရားရဲ့ ကိုယ်စားပုံတူ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဘုရားသခင်ဟာလည်း ထာဝရ အရှင်ဖြစ်သလို၊ ယေရှုရှင်ဟာလည်း ထာဝရ အရှင်ဖြစ်ပါတယ်။ (စက်ဝိုင်းပုံလေးကို "သား တော်ယေရှု" ဆိုသည့် စာရွက်ပေါ်တွင် ကပ်လိုက်ပါ။)
- ➢ သမ္မာကျမ်းစာက ခမည်းတော်ဘုရားသခင်၏ ***ခပ်သိမ်းသော ပြည့်စုံခြင်း*** ကို ခရစ်တော်၌ ရှိစေတယ် လို့ပြောထားပါတယ်။ *(ကော၊ ၁း၁၉)* ဆိုလိုတာက ဘုရားရဲ့ ဖြစ်တည်ခြင်း နဲ့ ရှိသမျှအရာတွေ အားလုံး ယေရှုရှင်မှာ ရှိတယ်လို့ ပြောလို့ရပါတယ်။ ဖမည်းတော် ဘုရားဟာ ထာဝရ ဖြစ်သလို သားတော်ယေရှု ဟာလည်း ထာဝရ ဖြစ်ပါတယ်။ ဖမည်းတော် ဘုရားဟာ ဖန်ဆင်းရှင် ဖြစ်သလို၊ သားတော်ဘုရား ဟာလည်း ဖန်ဆင်းရှင် ဖြစ်တယ်။ (ဘုရားသခင်၏ အခြားဂုဏ်အင်္ဂါလက္ခဏာများကိုလည်း ဆွေးနွေး ပေးပါ)။
- ➢ သမ္မာကျမ်းစာက ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တယ်လို့ ပြောထားပါတယ်။ *ယော၊ ၁း၁* ကို ဖတ်ပါ။ ("နှုတ်ကပတ်တော်" သည် ယေရှုရှင်၏ အခြားနာမည် ဖြစ်ကြောင်း ရှင်းပြပေးပါ။)

***အစအဦး၌ နှုတ်ကပတ်တော် ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်နှင့်အတူ ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။***

("ဘုရား" ဟု ရေးထားသည့် စာရွက်အား "သားတော်ယေရှု" ဟု ရေးထားသည့် စာရွက်တွင် နောက်မှ ထပ်ဖြည့်ကပ်လိုက်ပါ။ ထိုသို့အားဖြင့် "သားတော်ယေရှုဘုရား" ဟူ၍ ဖြစ်လာမည် ဖြစ်သည်။)

ဆိုလိုရင်းမှာ ဘုရားသခင်သည် သူ၏လူမျိုးဖြစ်သော ဣသရေလလူမျိုးတို့ကို ယေရှုရှင် ဆိုသည့် အထူးစီမံထားသည့် လက်ဆောင်ကို ပေးရာတွင် အခြားသောလက်ဆောင်တကာတို့ထက် အကြီးမြတ်ဆုံး ဖြစ်သည့် မိမိကိုယ်ကို ပေးအပ်ခြင်း ဖြစ်နေသည်။

ထိုနောက် တတိယမြောက် "ဝိညာဉ်တော်ဘုရား" ဟု ရေးထားသည့် စာရွက်ကို ယူ၍ "ခမည်းတော်ဘုရား" နှင့် "သားတော်ယေရှုဘုရား" များခဲ့သို့ပင် ဝိညာဉ်တော်ဘုရားသည်လည်း ဘုရားသခင် ဖြစ်ကြောင်းကို ရှင်းပြပါ။ အစဦးကတည်းက *(ကမ္ဘာ၊ ၁း၁)* သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်ဘုရား၊ သားတော်ဘုရားတို့နှင့်အတူ ရှိနေခဲ့ရာ၊ ခမည်းတော်ဘုရား နှင့် သားတော်ဘုရားတို့သည် ထာဝရ ဖြစ်ကြသည့်နည်းတူ၊ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း ထာဝရ ဘုရား ဖြစ်တော်မူသည်။ (စက်ဝိုင်းပုံ တစ်ပုံကို "ဝိညာဉ်တော်ဘုရား" ဟု ရေးထားသည့် စာရွက်ပေါ်တွင် ကပ်လိုက်ပါ)။ ခမည်းတော်ဘုရား နှင့် သားတော်ဘုရားတို့တွင် ဖြစ်သော အရာမှန်သမျှသည်လည်း ဝိညာဉ်တော် ဘုရား၌ ဖြစ်တော်မူ၏။။

အောက်ပါအချက်များကို အလေးအနက် ပြောပြပေးပါ –

- ခမည်းတော်ဘုရားသည် ဘုရားသခင် ဖြစ်တော်မူ၏။
- သားတော်ဘုရားသည် ဘုရားသခင် ဖြစ်တော်မူ၏။
- ဝိညာဉ်တော်ဘုရားသည် ဘုရားသခင် ဖြစ်တော်မူ၏။

ယနေ့ကျက်ရမည့် ကျမ်းပိုဒ် *တရားဟော၊ ၆း၄* ကို မိတ်ဆက်ပေးလိုက်ပါ။ "တစ်ဆူတည်း" ဆိုသည့် စကားလုံးကို အလေးအနက်ထား၍ ပြောပြပါ။

***အိုဣသရေလ အမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်း သော ထာဝရဘုရား ဖြစ်တော်မူ၏။***

ကျမ်းချက်ကို အကြိမ်ကြိမ် ရွက်ဆိုစေပါ။ အကြိမ်တိုင်းအကြိမ်တိုင်း၌ "ခမည်းတော်ဘုရား" ၊ "သားတော်ဘုရား"၊ "ဝိညာဉ်ဘုရား" ဟူ၍ ရွတ်ဆိုပါ။

တစ်ဆူတည်းသော ဘုရားသခင်၌ အဘယ့်ကြောင့် သုံးပါးရှိနေရကြောင်း ကလေးများကို မေးပါ။ ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော် ဟူ၍ ဘုရားသုံးဆူ ရှိသည်ဟု ထင်ရအောင် သမ္မာကျမ်းစာက ဖော်ပြထားပါသော်လည်း တစ်ဆူ တည်းရှိတော်မူသည်။ နှစ်ခုလုံး မှန်ကန်နိုင်ပါ့မလား။ ယနေ့သင်ခန်းစာတွင် ကျွန်ုပ်တို့ မလုပ်ရသေးသည့် အရာတစ်စုံတစ်ခု ရှိပါသလားဟု ကလေးများကို မေးပါ။ *တို့တွေ ကောင်းကြီးမင်္ဂလာပုံးကို မဖွင့်ရသေးပဲ။*

အချိုရည်၊ သကြား နှင့် ရေတို့ကို ထုတ်ယူလိုက်ပါ။ သင့်တွင် အရာဝတ္တုပစ္စည်း သုံးခု ရှိကြောင်း ရှင်းပြပါ။ ထို့နောက် အချိုရည် နှင့် သကြားတို့ကို ရေနှင့် ရောမွှေလိုက်ပါ။ ထို့နောက် ဖန်ခွက်တစ်လုံးထဲ လောင်းထည့်လိုက်ပြီး ပါဝင်ပစ္စည်း သုံးခုက အချိုရည် တစ်ခွက်ကို ဖြစ်စေကြောင်း ရှင်းပြပါ။ **(မှတ်ချက် – ထိုအဆင့်ထက် ကျော်လွန်၍ ရှင်းပြချက်များ မပြုတော့ပါနှင့် – သက်မဲ့ပစ္စည်းနှင့် သက်ရှိပုဂ္ဂိုလ်သဘောကို မရောမိစေရန် ဖြစ်သည်။ ပစ္စည်းသုံးမျိုးက အမျိုးအစားတစ်ခုတည်းကို ဖြစ်စေနိုင်သည့် အကြောင်းကို ထောက်ပြရန် အတွက်သာဖြစ်သည်။)**

ပါဝင်ပစ္စည်းသုံးမျိုးက အချိုရည် တစ်ခွက်ကို ဖြစ်စေအား ကြည့်ခြင်းဖြင့် တစ်ဆူတည်းသော ဘုရားသခင်၌ သုံးပါး ပါဝင်သည့် အချက်ကို နားလည်ရန် ကူညီပေးကြောင်း ကလေးများကို ရှင်းပြပါ။ တစ်စုံတစ်ရာသည် တစ်ခါ တစ်ရံတွင် နားလည်ရန် ခက်ခဲပါသော်လည်း နှုတ်ကပတ်တော်သည် အမြဲတမ်းမှန်ကန်တော်မူသည်။ ဘုရား သခင်နှင့် ပတ်သက်၍ နားလည်ရန် ခက်ခဲသည့် အချက်များ ရှိခဲ့လျှင်ပင် နှုတ်ကပတ်တော်သည် အစဉ်မှန် ကန်တော်မူ၏။ သမ္မာကျမ်းစာက ဘုရားသခင် တစ်ဆူတည်း ရှိသည့်အကြောင်းနှင့် ထိုတစ်ဆူတည်းသော ဘုရားတွင် ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ ဝိညာဉ်တော်ဘုရားဟူ၍ ပုဂ္ဂိုလ်သုံးပါး ရှိသည်ကို ပြောပြ ထားပါသည်။

***အိုဣသရေလ အမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်း သော ထာဝရဘုရား ဖြစ်တော်မူ၏။***

အကြံပြုချက် – *ဘုရားသခင် တစ်ဆူတည်းရှိတယ်။ အဲဒီတစ်ဆူတည်းသော ဘုရားမှာ သုံးပါးရှိတော် မူတယ်။ အဲဒီ သုံးပါးဟာ ခမည်းတော်ဘုရား၊ သားတော်ဘုရား နဲ့ ဝိညာဉ်တော်ဘုရားဆိုပြီးတော့ တစ်ဆူတည်း ဘုရား မှာ ပါဝင်ကြတယ်။ ဘုရားသခင်ဟာ သုံးပါးတစ်ဆူ ဘုရားသခင် ဖြစ်တော်မူတယ်။*

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "T" ဆိုသည့် စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- အောက်ပါ အချက်များကို ပြန်နွေးပေးပါ –
  - ၁) ဘုရားသခင် တစ်ဆူတည်း ရှိသည်။
  - ၂) တစ်ဆူတည်းသော ဘုရားသခင်၌ ပုဂ္ဂိုလ် သုံးပါး ရှိသည်။
  - ၃) ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ ဝိညာဉ်တော်ဘုရား သုံးပါးလုံးသည် ဘုရား ဖြစ်ကြသည်။
  - ၄) ဘုရားသခင် တစ်ဆူတည်းသာ ရှိသည်။
- ဘုရားသခင်သည် တစ်ဆူတည်းရှိသည့်အတွက် ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ကြရမည်နည်း။ *တရား၊ ၅း၆–၉* ဖတ်ပါ။ သို့မဟုတ် *တရား၊ ၆း၄–၅* ကို ဖတ်ပါ။
- ဘုရားသခင် တစ်ဆူတည်းရှိတယ်ဆိုတဲ့ အကြောင်းကို သိဖို့ ဘာလို့ အရေးကြီးရတာပါလိမ့်။ သမ္မာ ကျမ်းစာသမိုင်းပါ လူသားများအပါအဝင် ယနေ့ခေတ်လူများစွာပင်လျှင် ဘုရားပေါင်းများစွာ ရှိသည်ဟု ယုံကြည်ကြဆဲဖြစ်သည်။ သို့သော်လည်း သမ္မာကျမ်းစာ တစ်ခုတည်းသာလျှင် မှန်ကန်ဖြောင့်မတ် တော်မူသည်ဟု ဆိုထားသည်။ သမ္မာကျမ်းစာက ဘုရားတစ်ဆူတည်း ရှိတယ်လို့ ပြောထားပါသည်။ စစ်မှန်သော ဘုရားသခင်ကို ကိုးကွယ်ခြင်း မေတ္တာသက်ဝင်ခြင်းကသာလျှင် ကျွန်ုပ်တို့ကို ဝမ်းမြောက် ခြင်း ပေးမည် ဖြစ်သည်။
- သုံးပါးတစ်ဆူ ဘုရားသခင်မှာ ပါတဲ့ ပုဂ္ဂိုလ်တစ်ယောက်ခြင်းစီတိုင်းဟာ ဘုရားဖြစ်ကြတယ်ဆိုတာကို သိထားဖို့ ဘာလို့ အရေးကြီးရတာလဲ။ ယေရှုရှင်ကို တမူထူးခြင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို၊ ကောင်း ကင်တမန်တစ်ပါးလို၊ မောရှေ ကဲ့သို့သော ပရောဖက်၊ ရိုးသားဖြောင့်မတ်တဲ့ သူတော်စင် တစ်ယောက် လို့ ယုံကြည်တဲ့ ဘာသာရေးများစွာ ရှိတယ်ဆိုတာ ရှင်းပြပေးပါ။ သမ္မာကျမ်းစာက ယေရှုရှင်ဟာ ဘုရား သခင်ဖြစ်တယ်လို့ ပြောထားပါတယ်။ ဒီအတွက်ကြောင့် အခြားသော ဘာသာတရားတွေက မမှန်ကန် ပါဘူး။ ခရစ်ယာန်ဘာသာတစ်ခုတည်းသာလျှင် မှန်ကန်ပေ၏။

သင်ခန်းစာ ၁၆

## *"L" IS FOR LOVE* *ချစ်ခြင်းမေတ္တာရှင်*

**အဓိကအချက်** – ချစ်ခြင်းမေတ္တာ ဆိုသည်မှာ ဘုရားသခင်သည် သူ၏ ဖြစ်တည်ခြင်းအပေါ်၌ ထားရှိသည့် အလျှံပယ်သော ဝမ်းမြောက်ခြင်း ဖြစ်သည်။

**အဓိကကျမ်းချက်** – ခမည်းတော်သည် ငါ့ကိုချစ်တော်မူ သကဲ့သို့ ငါသည် သင်တို့ကိုချစ်၏။ ------ သင်တို့၌ ငါဝမ်းမြောက်စရာအကြောင်း တည်စေခြင်း ငှါ၎င်း၊ သင်တို့ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ၎င်း၊ ဤစကားကို သင်တို့အားဟောပြော၏။ ယောဟန်၊ ၁၅း၉၊ ၁၁

**နိဒါန်း** – ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ ဘုရားသခင်နှင့် ပတ်သက်၍ ဖော်ပြကြရာတွင် ဤအချက်သည် အများဆုံး အသုံးပြုသည် ဖော်ပြချက်ဖြစ်သည်ဟု ဆို၍ရနိုင်ပေမည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ချန်လှပ်၍ ဘုရားသခင်၏ အကြောင်းကို ကျွန်ုပ်တို့ စဉ်းစားကြည့်ပါမည် ဆိုလျှင် ဘုရားသခင်သည် အလွန် ကြောက်စရာကောင်းနေမည် ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လေ့လာပိုင်းခြားကြရာတွင် ရှင်ပေါလု၏ ပေးပို့စာဖြစ်သည့် ၁ ကော၊ ၁၃ ကို အများဖြင့် အသုံးပြုကြသည်။ အကယ်စင်စစ် ထိုကျမ်းပိုဒ်သည် ယုံကြည်သူများအသက်တာအတွက် ဖြစ်ပြီး၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ဆက်စပ်ခြင်း မရှိသည်ကိုမူ လစ်လျူရှု ခဲ့ကြသည်။ ထို့ကြောင့် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ဟု ဆိုရာတွင် မည်သည့်အရာကို ဆိုလိုပါ သနည်း။ ယနေ့ခေတ် အသင်းတော်များ စဉ်းစားဆင်ခြင်ရမည့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၏ အနက်အဓိပ္ပါယ်ကို ဂျွန်ပိုက်ပါက အနက်ဖွင့် ခဲ့ပါသည် –

> သမ္မာကျမ်းစာက ပြောသည့် ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ ဖြစ်တည်ခြင်း၌ တည်၍ မထိုက်တန်ပါသော လူများထံသို့ စီးဆင်းလာသော ဝမ်းမြောက်ခြင်းဖြစ်ရာ၊ ထိုမေတ္တာအားဖြင့် လောကတွင် အကြီးမားဆုံးသော အတွေ့အကြုံကို မြည်းစမ်းစေရန် ဖြစ်သည်။ ထိုအတွေ့အကြုံမှာ ဘုရားသခင်၏ ဘုန်းတော်ကို နားလည် သဘောပေါက်၍ မြည်းစမ်းခံစားရင်း ထိုဘုန်းတော်၌ ဝမ်းမြောက်ပျော်ရွှင်၊ ချီးမွမ်းလျက် ဘုန်းတော်အောက်၌ ဆုံးဆုံး နစ်မြောက်စေရန် ဖြစ်သည်။
>
> John Piper, "The Pleasure of God in Election" Sermon Message from 2/22/87, © John Piper, 1987 မှ ကောက်နုတ်သည်။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဆိုသည်မှာ သူ၏ကြီးမြတ်တော်မူခြင်းနှင့် ထိုက်တန်တော်မူခြင်း အပေါ်ထားရှိသည့် ဘုရားသခင်၏ နှစ်သက်တော်မူခြင်း နှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်း ဖြစ်ရာ ထိုအရာသည်လည်း ကျွန်ုပ်တို့ဝမ်းမြောက်ပျော်ရွှင်ဖြစ်၏ အုတ်မြစ် ဖြစ်ပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ လူသားမဟုတ်ဘဲ ဘုရားသခင်သာလျှင် အဓိကပုဂ္ဂိုလ် ဖြစ်နေသည့် အတွက်ကြောင့် ဤအနက်ဖွင့်ခြင်းသည် ယနေ့ခေတ် လူသားများအတွက် ပုံမှန်မဟုတ် သကဲ့သို့ ဖြစ်နိုင်ပါသည်။ သို့သော်လည်း ဤအနက်ဖွင့်ခြင်းသည် အသစ်ဖန်တီးထားသော သီအိုရီ မဟုတ်ပါချေ။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်လောက်က သင်းအုပ် ဆရာ အလက်ဇန္ဒား မာကလာရင် ဆိုသူက ယေဇ၊ ၃၆ ကို အနက်ဖွင့်ရာတွင် အောက်ပါအတိုင်း ပြောဆိုခဲ့သည်ကို တွေ့ရသည် –

***အို ဣသရေလအမျိုး သင်တို့ကို ထောက်၍ ဤအမှုကို ငါပြုသည်မဟုတ်။ ---- ငါ၏နာမမြတ်ကိုသာ ထောက်၍ ပြု၏။*** *(ယေဇ၊ ၃၆း၂၂)။ အပြစ်သားတွေအပေါ်မှာ ထားရှိတဲ့ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာဟာ ကျွန်ုပ်တို့ အပေါ်မှာ သို့မဟုတ် ကျွန်ုပ်တို့ရဲ့ အခြေအနေတွေ အပေါ်မှာ၊ ပြောရမယ်ဆိုရင်တော့ ဘုရားသခင်ရဲ့ ပြင်ပတစ်နေရာမှာ အခြေချထားတာ မဟုတ်ပါဘူး။ သူတစ်ဦးတည်းသည်သာလျှင် လောကီသားများကို ချစ်ရခြင်း၏ အကြောင်းအရာ နှင့် အရင်းအမြစ်၊ သဘောထား နှင့် တွန်းအား ဖြစ်သည်။ --- ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ – ပြင်ပတွန်းအား သို့မဟုတ် ဆွဲအား လုံးအား လုံးဝမပါဘဲ သူ၏ဖြစ်တည်ခြင်းကိုက ချစ်ခြင်းမေတ္တာ ဖြစ်၍ --- ထိုမေတ္တာ၏ သဘောသည်လည်း ထာဝရစဉ် ဝမ်းမြောက်ခြင်းဖြင့် အလျှံပယ် စီးဆင်းနေမည် ဖြစ်သည်။* Alexander Maclaren, *Sermons Preached at Manchester*, (New York: Funk and Wagnalls, 1902), p.29-30.

လူသားကို အထူးပြုသည့် ပုံပြင်သင်ခန်းစာအဖြစ် ဤသင်ခန်းစာကို ရိုးရှင်းစွာ ကိုင်တွယ် သင်ကြားပေးလိုက်မည်ဆိုလျှင် ထိုအရာသည် အမှားတစ်ခု ဖြစ်ပေလိမ့်မည်။ ဤအနက်ဖွင့်ခြင်း နှင့် နက်နဲသော၄င်း၏ အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့ကို ကလေးများအား သင်ကြားပေးရန်မှာ ခက်ခဲ၍သည် ဖြစ်၍ စိန်ခေါ်မှုတစ်ခု ဖြစ်ပေ၏။ သို့သော်လည်း ဘုရားသခင်သည် သူ့ကိုယ်သူ အချစ်ဆုံး ဖြစ်သည်ဆိုသည့် သမ္မာတရား မျိုးစေ့ကို ကလေးငယ်များ၏ အသက်တာ၌ ကျွန်ုပ်တို့ စတင်၍ စိုက်နိုင်တော့မည် ဖြစ်သည်။ ထိုသမ္မာတရားသည် ကျွန်ုပ်တို့ ဝမ်းမြောက်ခြင်း၏ အရင်းအမြစ် ဖြစ်ပေသည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ဆပ်ပြာ ပူပေါင်းများမှုတ်ရန် ဆပ်ပြာရည် တစ်ခွက် နှင့် လေမှုတ်ရန် ပိုက်ချောင်း

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) သင်ခန်းစာ ၁၅ မှ ကြည့်မှန်
၂) *ယော၊ ၁၅း၉က၊ ၁၁* ကို ရေးသားထားသော စာရွက်လိပ်

ရွေးချယ်ရန် – ဇကွဲပုံပြင်ပြောရန် လိုအပ်မည့် အရာများ

### *သင်ခန်းစာပို့ချခြင်း*

ဆပ်ပြာပူပေါင်းများမှုတ်ရန် ဆပ်ပြာရည်ခွက်ကို ကောင်းကြီးမင်္ဂလာပုံးထဲမှ ထုတ်ယူလိုက်ပါ။ ဝမ်းမြောက်ဝမ်းသာစွာဖြင့် အောက်ဟာစ်လိုက်ပြီး ဆပ်ပြာပူပေါင်းများကို စတင်၍ မှုတ်လိုက်ပါ။ အစပိုင်းတွင် ဆပ်ပြာပူပေါင်းများကို ကလေးများ လိုချင် ကိုင်တွယ်လာစေရန် ကလေးများလှမ်း မမှီနိုင်သည့် နေရာဘက်တွင် မှုတ်လိုက်ပါ။ ဆပ်ပြာပူပေါင်းများနှင့်အတူ တဖြည်းဖြည်း စိတ်လှုပ်ရှားမှုကို ပေါ်လွင်စေရန် ဝမ်းမြောက်စွာ စော့ကစားလိုက်ပါ။ ဖြည်းဖြည်းခြင်း ကလေးများဘက်သို့ ဆပ်ပြာပူပေါင်းများကို မှုတ်လိုက်ပါ။ ဆက်၍ဆက်၍ ၎င်းတို့ဘက်သို့ မှုတ်လိုက်ပါ ထိုသို့အားဖြင့် ဆပ်ပြာပူပေါင်းများသည် ကလေးများအကြား ပြန့်လွင့်စေ၍ လက်လှမ်းမှီလာစေရန် ဆက်၍ မှုတ်ပါ။ (ဆပ်ပြာပူပေါင်းများ ကိုသာ အာရုံစိုက်ပါ၊ ကလေးများကို အာရုံမစိုက်ပါနှင့်။) ကလေးများကို

ဆပ်ပြာ ပူပေါင်းလေးများအား စော့ကစားစေပါ။ ဆပ်ပြာပူပေါင်းများကို ဖေါက်လိုဖေါက် ဖမ်းလိုဖမ်းဖြင့် ၄င်းတို့ကို ကစားစေပါ။

အကြံပြုချက် – *ဆရာ/မ ကတော့ ဆပ်ပြာပူပေါင်းလေးတွေ မှုတ်ရတာ တကယ်ပျော်တယ်။ တကယ်ကို ပျော်စရာ ကောင်းပါတယ်။ ဆရာ/မ ပူပေါင်းလေတွေကို မှုတ်လေလေ၊ ပူပေါင်းလေးတွေ များစွာထွက်လာပြီး တစ်ခန်းလုံး ပြန့်နှံ့ နေတော့တာပဲ။ သားတို့သမီးတို့ကျတော့ ပူပေါင်းလေးတွေကို မှုတ်စရာမလိုပေမယ့် ဆရာ/မ မှုတ်ထားတဲ့ ပူပေါင်းလေးတွေနဲ့အတူ ပျော်ရွှင်နေနိုင်တယ်။ ပူပေါင်းလေးတွေ မှုတ်ရတာမှာ ဆရာ/မ ရဲ့ ပျော်ရွှင်ခြင်း တွေကို သားတို့သမီးတို့လည်း မျှဝေခံစား ကြရတယ်။ ဒါပေမယ့် ပူပေါင်းလေး တွေကို မမှုတ်တော့ဘဲ ရပ်လိုက် တာနဲ့ ပူပေါင်းလေးတွေ ပျောက်ကွယ်သွားခြင်းနဲ့အတူ ပျော်ရွှင်ခြင်းတွေ ကလည်း ရပ်တန့်သွားတော့တာပဲ။*

မည်မျှပင် သင်သည် ဆပ်ပြာပူပေါင်းလေးများ မှုတ်ထုတ်ရခြင်းကို နှစ်သက်ပါစေ အချိန်အနည်းငယ် ကြာလာ သည်နှင့် အမျှ သင်သည် မောပန်းလာသည် သို့မဟုတ် ငြိမ်းငွေ့လာနိုင်သည် သို့မဟုတ်ပါကလည်း ဆပ်ပြာ ရည်များ ကုန်သွား နိုင်ကြောင်းကို ရှင်းပြပါ။ ထိုသို့ဖြစ်လာသည်နှင့်အညီ ပူပေါင်းလေးများကို မှုတ်ကစားရသည့် ပျော်ရွှင်ခြင်းသည် လည်း ပျောက်ကွယ် ကုန်ဆုံးသွားကြသည်။

မေးခွန်းမေးပါ – *ဆရာ/မ တို့အားလုံးကို အစဉ်အမြဲ ဝမ်းမြောက် ပျော်ရွှင်ခြင်းကို ပေးစွမ်းနိုင်တဲ့ အရာတစ်စုံ တစ်ခုရှိရင် ဘယ်လောက်ကောင်း မလဲနော်။ အဆုံးမရှိမဲ့ ဝမ်းမြောက်ခြင်း၊ မကုန်ခမ်းနိုင်တဲ့ ပျော်ရွှင်ခြင်း ဘယ်လောက် အံ့ဩစရာ ကောင်းလိမ့်မလဲ။ အချိန်တိုင်းလို စီးဆင်းနေတဲ့ ဝမ်းမြောက်ခြင်း မျိုးပေ့ါ။ အဲဒီလို ဝမ်းမြောက်ခြင်းကို ပေးနိုင်တဲ့သူ ရှိမယ်လို့ သား၊သမီးတို့ ထင်ပါသလား။ မိတ်ဆွေ သူငယ်ချင်းတွေ ကရော အမြဲတမ်း ဝမ်းမြောက်စေနိုင်ပါသလား။ မိဘတွေကရော။ သူတို့တွေ ကိုယ်တိုင်က ပင်ပန်းလာပြီး ငြီးငွေ့နိုင်တဲ့ သူတွေပါပဲ။ ဒါပေမယ့် ဘုရားသခင် လုပ်နိုင်ပါသလား။ သူ ဘယ်လို လုပ်နိုင်သလဲ။ ဘုရားသခင်ကများ ကောင်းကင် တစ်နေရာမှာ ထိုင်နေပြီးတော့ ဆပ်ပြာပူပေါင်းတွေကို ပျော်ပျော်ရွှင်ရွှင် မှုတ်နေမယ်လို့ ထင်ပါ သလား။ ကောင်းကင်ကနေ ပူပေါင်းအကြီးကြီးတွေ ကျလာတာကို သား၊သမီးတို့ မြင်ရပါသလား။ အဲဒီလို မဟုတ်ပါဘူး။ ဒါဆိုရင် ဘုရားသခင်က တစ်ချိန်လုံး ဘာလုပ် နေမလဲ။ သူ့ရဲ့ ဝမ်းမြောက်ခြင်းတွေ အလျှံပယ်လို့ ဆရာ/မ တို့ရဲ့ အသက်တာမှာလည်း ဝမ်းမြောက်ရ အောင်လို့ ဘုရားသခင်က တစ်စုံတစ်ခုကို ဝမ်းမြောက်ဝမ်း သာ လုပ်ဆောင်နေမယ် လို့ထင်ပါသလား။*

ကလေးများကို ပြန်တုန့်ပြန်စေပါ။ ဘုရားသခင် အစဉ်အမြဲ ဝမ်းမြောက်ဝမ်းသာ လုပ်ဆောင်နေမည့်အရာ သို့မဟုတ် လုပ်ဆောင်ရန် အနှစ်သက်ဆုံးသော အရာသည် မည်သည့်အရာ ဖြစ်မည်ကို ကလေးများ စဉ်းစား စေရန် လမ်းခင်းပေးပါ။ အချို့ကလေးများက သဘာဝအရာများအား ပြောနိုင်သည်၊ အချို့က အများအားဖြင့် လူသားများကို အချစ်ဆုံး နှင့် အမြတ်နိုးဆုံးဟု ပြောတတ်ကြသည်။ သို့သော်လည်း လူသားတို့သည် အမြဲတမ်း အံ့ဩစရာကောင်းကြပါသလား။ ဘုရားသခင်ကို အစဉ် ဝမ်းမြောက်အောင် လူသားများ အသက်ရှင်ကြပါ သလား။ (ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်သည်။) လူဆိုသည့် သတ္တဝါသည် ထာဝရ ကာလကတည်းက ရှိခဲ့ပါသလား။

အကြံပြုချက် – *သား၊သမီးတို့ တစ်စုံတစ်ခုကို နှစ်သက်တန်ဖိုးထားတယ်ဆိုရင် အဲဒီအရာကို ချစ်လို့ ဆိုပြီး ပြောလို့ရပါတယ်။ ဘုရားသခင်စီမှာလည်း သူအချစ်ရဆုံးသော အရာတစ်ခု ရှိပါတယ်။ ကမ္ဘာမြေကြီး၊ တိရစ္ဆာန်များနဲ့ လူသားတွေ မရှိခင်ကတည်းကနေ ဘုရားသခင် အစဉ် နှစ်သက်မေတ္တာထားခဲ့တဲ့ အရာ တစ်စုံတစ်ခု ရှိပါတယ်။ ဘုရားသခင် နှစ်သက် မြတ်နိုးတဲ့ အရာကို သား၊သမီးတို့ ခန့်မှန်းနိုင် ပါသလား။*

ပြီးခဲ့သည့် အပတ် သင်ခန်းစာမှာ ကြည့်မှန်ကို ယူလိုက်ပါ။ အဘယ့်ကြောင့် မှန်ကို အသုံးပြုရသည်ကို မှတ်မိသလားဟု ကလေးများကို မေးပါ။ အကယ်၍ ဘုရားသခင်သည် မှန်ကို ကြည့်ခဲ့မည်ဆိုလျှင် မည်သည့်အရာကို မြင်မည်ဟု မေးပါ။ ယေရှုရှင်ကို မြင်တွေ့မည် ဖြစ်သည်။ ယေရှုရှင်သည် ဘုရား သခင်နှင့်အတူ အစဉ်အမြဲ ရှိခဲ့ပါသလား။ ရှိခဲ့ပါတယ်၊ ယေရှုရှင်ဟာလည်း ထာဝရဘုရားရှင်ပါ။ ဘုရားသခင် သည် ယေရှုရှင်ကို အစဉ်အမြဲ မေတ္တာထားနှစ်သက်ခဲ့သည် *(ယော၊ ၁၇း၂၄)*။ သူသည် အစဉ်အမြဲ အံ့သြဖွယ် ကောင်း၍ ပြည့်ဝစုံလင်သောသူ ဖြစ်သည်။ သူသည် ဘုရားသခင် ဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်မိမိ တန်ဖိုးထား အနှစ်သက်ဆုံးဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်မိမိ အနှစ်သက်ဆုံး ဖြစ်ရာ ဘယ်သောအခါမျှ ထိုနှစ်သက်ခြင်း၌ ငြီးငွေ့ခြင်း၊ ပင်ပန်းခြင်း မရှိ၊ ထိုနှစ်သက်ခြင်းမှ ဝမ်းမြောက်ခြင်းသည်လည်း အစဉ် စီးဆင်း နေပေသည်။ ထိုဝမ်းမြောက်ခြင်း သည်လည်း အလျှံပယ်လျက် ဘုရားသခင်သည် ထိုဝမ်းမြောက်ခြင်းကို လူသားများ နှင့် မျှဝေခံစားစေခဲ့သည်။ ထိုအရာသည် ချစ်ခြင်းမေတ္တာ ဖြစ်သည်။ ချစ်ခြင်းမေတ္တာဆိုသည်မှာ ဘုရားသခင်သည် မိမိ၌ အားရနှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၍ ထိုဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့အား မျှဝေ ခံစားစေရာ ကျွန်ုပ်တို့သည်လည်း ဘုရားသခင် အား ခံစားစေနိုင်ရန် ဖြစ်သည်။

> ဆပ်ပြာပူပေါင်းလေးများကို မှုတ်ရင်း ပြောပြလိုက်ပါ – *ဒီပိုက်ချောင်းလေးဟာ ဘုရားသခင်က သူ့ကိုယ်သူ တန်ဖိုးထား အနှစ်သက်ဆုံး ဖြစ်တယ်ဆိုတဲ့ အချက်ကို ကိုယ်စားပြုတယ်လို့ ဆိုကြပါစို့။ နောက်ပြီး ပူပေါင်းလေးတွေကိုတော့ ဘုရားသခင်ဟာ သူ့ကိုယ်သူ အနှစ်သက်ဆုံး ဖြစ်တယ်ဆိုတဲ့ အချက်ကနေ စီးဆင်းလာတဲ့ ဝမ်းမြောက် ပျော်ရွှင် ခြင်းတွေ ဖြစ်တယ်လို့ ဆိုကြပါစို့။ အကယ်လို့ ဘုရားသခင်က သူ့ကိုယ်သူ နှစ်သက်ကျေနပ်ခြင်းကို ရပ်တန့် လိုက်မယ်ဆိုရင် ဘာတွေ ဖြစ်မလဲ။* (ပူပေါင်းများကို မမှုတော့ဘဲ ကလေးများကို ကြည့်လိုက်ပါ။) *ဝမ်းမြောက် ခြင်းတွေလည်း ရပ်တန့်သွားလိမ့်မယ်။ ဘုရားသခင်အတွက် ဒါမှမဟုတ် လူတိုင်းအတွက် ဝမ်းမြောက်ပျော်ရွှင် ခြင်းဆိုတာလည်း မရှိတော့ဘဲ ဖြစ်လိမ့်မယ်။ ဒါပေမယ့် ဘုရားသခင်ဟာ သူ့ကိုယ်သူ အနှစ်သက်ဆုံးဖြစ်သလို အမြဲတမ်းလည်း နှစ်သက်နေမှာ ဖြစ်တဲ့အတွက် အဆုံးသတ်သွားမယ်ဆိုတာမျိုး မရှိနိုင်ပါဘူး။ ဒါကြောင့် ဘုရားသခင် ကတော့ အစဉ်အမြဲ ဝမ်းမြောက်ခြင်း တွေနဲ့ အလျှံပယ်နေမှာပါ။* (ပူပေါင်းလေးများကို ပြန်မှုတ်လိုက်ပါ။) *ဘုရား သခင်ဟာ သူ့ရဲ့ ဝမ်းမြောက်ခြင်း ကို လူသားတွေကိုလည်း မျှဝေခံစားစေပါတယ်။ ဘုရားသခင်ဟာ ချစ်ခြင်း မေတ္တာ ဖြစ်တော်မူတယ်။*

ထိုအလျှံပယ်စီးဆင်းနေသော ဝမ်းမြောက်ပျော်ရွှင်ခြင်းများအားလုံး မည်သည့်နေရာသို့ စီးဆင်း သွားကြောင်း ကလေးများကို မေးပါ။ ဘုရားသခင်သည် သူ၏ ဝမ်းမြောက်ခြင်းကို မည်သူတို့အား မျှဝေခဲ့သနည်း။ အသင်း တော်မှာ ရှိတဲ့သူအားလုံး ပူပေါင်းလေးများကို ပျော်ရွှင်စွာ ခံစားခွင့် ရရှိပါသလား။ ထိုသို့မဟုတ်ပါ အတန်းထဲရှိ ကလေးများသာလျှင် ရရှိခံစားကြပါသည်။ ပူပေါင်းလေးများအား မည်သည့်နေရာသို့ မှုတ်ထုတ်ရမည်ကို မည်သူက ဆုံးဖြတ်ပါသနည်း။ ဘုရားသခင်က သူ၏အထူးမေတ္တာကို လူတိုင်းအား မျှဝေပေးပါသလား။ ဘုရား သခင်၏ မေတ္တာကို ခံစားဖို့ရန် ထူးချွန်သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ရန် လိုအပ်ပါသလား။ သာမာထူးကြွင်းပြီး ရုပ်ရည်လှပ၍ သို့မဟုတ် လှပသော နာမည်ကောင်းများ ပိုင်ဆိုင်ထားသင့်ပါသလား။

ဣသရေလလူမျိုးများအကြောင်းကို ပြန်ပြောပြပါ။ ဘုရားသခင်က ၄င်းတို့ကို ထာဝရကာလတိုင်အောင် မေတ္တာ ထားသွားမည်ဟု ဆိုခဲ့သည် *(ယေရ၊ ၃၁း၃)*။ အဘယ့်ကြောင့် ဣသရေလလူမျိုးကို ရွေးချယ်ခဲ့ရသနည်း။ ဣသရေလလူမျိုးတို့သည် ကမ္ဘာပေါ်တွင် အကောင်းဆုံး၊ ခွန်အားအကြီးဆုံး၊ အကြီးမားဆုံး နှင့် အချမ်းသာဆုံး လူမျိုးစု ဖြစ်၍ ဘုရားသခင်က သူ၏မေတ္တာကို ၄င်းတို့အား မျှဝေခဲ့ခြင်း ဖြစ်ပါသလား။

*တရား၊ ၇း၆–၈* ကို ဖတ်ပါ။

**အကြောင်းမူကား၊ သင်သည်သင်၏ ဘုရားသခင် ထာဝရဘုရားအဘို့ သန့်ရှင်းသောအမျိုးဖြစ်၏။ မြေကြီးပေါ်မှာရှိသမျှသော လူမျိုးထက် သင်၏ဘုရားသခင် ထာဝရဘုရားပိုင်ထိုက်သော အမျိုးဖြစ်စေခြင်းငှာ သင့်ကို ရွေးချယ်တော်မူပြီ။ သင်သည် အခြားသောလူမျိုးထက် သာ၍များသောကြောင့်၊ ထာဝရဘုရားသည် သင့်ကိုချစ်၍ ရွေးချယ်တော်မူသည်မဟုတ်။ သင်သည် အခြားသောလူမျိုးတကာတို့ထက် သာ၍နည်း၏။ ထာဝရဘုရားသည် သင့်ကိုချစ်သောကြောင့် ---- သင့်ကို ရွေးနှုတ်ဆောင်ယူခဲ့တော်မူပြီ။**

ဣသရေလလူမျိုးများကို မေတ္တာထားရန် ဘုရားသခင် ရွေးချယ်ရခြင်းမှာ ၎င်းတို့၏ ကြီးမြတ် ထိုက်တန်ခြင်းကြောင့်မဟုတ်၊ ဘုရားသခင်က မေတ္တာထားရန် ရွေးချယ်ခဲ့ခြင်းကြောင့်သာ ဖြစ်သည်။ သူ၏မေတ္တာတရားကို မည်သူနှင့် မျှဝေခံစားရမည်ကို ဘုရားသခင်ကိုယ်တိုင် ဆုံးဖြတ်ခဲ့သည်။ သူ၏မေတ္တာကို မျှဝေခံစားဖို့ရန် တစ်ဦးတစ်ယောက်ချင်းစီကိုလည်း သူကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခဲ့သည်။

**ပုံပြင် – ယေရှု နှင့် ဇက္ခဲ** *လုကာ၊ ၁၉း၁–၁၀*

အောက်ပါအချက်များကို အထူးပြု ပြောပြပါ –

- ဇက္ခဲသည် အခွန်ခံတစ်ဦး ဖြစ်တယ်။ အဲဒီအချိန်က အခွန်ခံအများစုဟာ အခွန်တွေကို ပိုပြီးတော့ တောင်းခံတတ်ကြတဲ့ အတွက် သူဟာ လူအများကြားမှာ မျက်နှာမရ မုန်းတီးခြင်း ခံရတဲ့ သူဖြစ်တယ်။ ဒါ့ပြင် ဇက္ခဲဟာဆိုရင် အရပ်က ပုသလို အားနွဲ့တဲ့ သူတစ်ယောက်လည်း ဖြစ်နိုင်ပါတယ်။
- ယေရှုရှင်ကို လူပေါင်းများစွာ ဝိုင်းထားခဲ့ကြတယ်။ အဲဒီလူအုပ်ကြီးထဲမှာ ဇက္ခဲထက် ပိုပြီးတော့ အရည်အချင်း ရှိတဲ့သူ၊ ပိုပြီးတော့ အားသန်တဲ့သူတွေ ရှိနိုင်ပါတယ်။
- အဲဒီလူအုပ်ကြီးထဲကနေ ယေရှုရှင်က သူ့ရဲ့မေတ္တာကို ဇက္ခဲမျှဝေခံစားဖို့ ရွေးချယ်ခဲ့တယ်။
- ဇက္ခဲဟာ ယေရှုရှင်ကို လက်ခံပြီးတဲ့နောက်မှာတော့ အသက်တာဟာ ပြောင်းလဲသွားခဲ့ပြီး ဝမ်းမြောက်ခြင်းနဲ့ ပြည့်နေတော့တယ်။

မေးခွန်းမေးပါ – *ဇက္ခဲက ထိုက်တန်တဲ့သူ ဖြစ်ခဲ့လို့ ယေရှုရှင်က သူ့မေတ္တာကို မျှဝေခဲ့တာလား။ မဟုတ်ခဲ့ပါဘူး။ ဇက္ခဲဟာ အပြစ်သားတစ်ဦးပါ။ ဘာလို့ ယေရှုရှင်က သူ့ကို မေတ္တာထားဖို့ ရွေးချယ်ခဲ့တာလဲ။ ဒါကတော့ ယေရှုရှင်ကိုယ်တိုင်က ဇက္ခဲကို သူ့မေတ္တာတွေ မျှဝေခံစားဖို့ ဆုံးဖြတ်ရွေးချယ်ခဲ့လို့ပါ။ အဲဒီလို ယေရှုရှင်က ရွေးချယ်ခဲ့တဲ့အခါမှာ ဇက္ခဲဟာလမ်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရတယ်။ ဘုရားသခင်ဟာ သူ့၌ရှိတော်မူသော ဝမ်းမြောက်ခြင်းကို မထိုက်တန်တဲ့ အပြစ်သားတွေထံပါး မျှဝေခံစားရခြင်းအမှု၌ ဝမ်းမြောက်တတ်တယ်။ အဲဒါကို ချစ်ခြင်းမေတ္တာလို့ ခေါ်တယ်။*

အောက်ပါ အခြေအနေ တစ်ရပ်ကို ပြောပြပေးပါ –

အကြံပြုချက် – *တကယ်လို့ သားလေးက ခြေဝ်လဲပြီး ဒူးမှာ ဒဏ်ရာရသွားတော့ သားရဲ့အမေက အနာကို ဆေးထည့်ပေးတယ် ဆိုပါစို့။ အဲဒီလို ဆေးထည့် ပေးရုံသက်သက်က သားကို ပျော်ရွှင်စေ ပါမလား။ ဒါမှမဟုတ် သားလေးကို ပွေ့ဖက်နမ်းပြီးတော့ အမေ့ရဲ့ အားပေးစကားသံက သားကို ပိုပျော်ရွှင် စေမှာလား။ အဲဒါကို ချစ်ခြင်းမေတ္တာလို့ ခေါ်တယ်။ သားလေး ဖျားနာတဲ့အခါမှာ အမေ သို့မဟုတ် အဖေက သားကို ဆေးတချို့ပေးပြီးတော့ တစ်ယောက်တည်း ထားခဲ့မယ်ဆိုရင် သား ပျော်နိုင်မလား။ ဒါမှမဟုတ် သားနဲ့အတူ သူတို့တွေ နေပေးပြီးတော့ ပုံပြင်ပြောပြပေး၊ အတူကစားပေးမယ်ဆိုရင် သား ပိုပျော်မှာလား။ ဒါကို ချစ်ခြင်းမေတ္တာလို့ ခေါ်တယ်။*

လူသားများအတွက် ဘုရားသခင် ထောက်ပံ့ပေးထားသော အရာများအားလုံးသည် ကောင်းမွန်ကြသည်ကို ရှင်းပြပါ။ သို့သော်လည်း ဘုရားသခင်က သူ၌ရှိသည် ဝမ်းမြောက်ခြင်းကိုသာ ကျွန်ုပ်တို့အား မျှဝေခံစားခြင်း မရှိပါကမူ ကျွန်ုပ်တို့သည်လည်း မည်သည့်အခါမျှ ပျော်ရွှင်ဝမ်းမြောက် နိုင်ကြမည် မဟုတ်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည်သာလျှင် ကျွန်ုပ်တို့ကို အမှန် ဝမ်းမြောက်စေနိုင်သည်။ ထိုဝမ်းမြောက်ပျော်ရွှင်ခြင်းသည်လည်း ဘုရားသခင်၏ ဝမ်းမြောက်ခြင်းမှာ စီးဆင်းလာသော အရာဖြစ်ရာ ဘယ်သောအခါမျှ ကုန်ဆုံးသွားမည် မဟုတ်ပါပေ။

*ယော၊ ၁၅း၉၊ ၁၁* ကို ပြသကာ ဖတ်ရွက် ရှင်းပြပေးပါ

*ခမည်းတော်သည် ငါ့ကိုချစ်တော်မူ သကဲ့သို့ ငါသည် သင်တို့ကိုချစ်၏။ ------သင်တို့၌ ငါဝမ်းမြောက်စရာအကြောင်း တည်စေခြင်း ငှါ၎င်း၊ သင်တို့ဝမ်းမြောက် စရာအကြောင်း စုံလင်စေခြင်းငှါ၎င်း၊ ဤစကားကို သင်တို့အားဟောပြော၏။*

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "L" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အနက်အဓိပ္ပါယ်ကို ပြန်နွေးပေးပါ – သူ၏ဖြစ်တည်ခြင်း၌ ဘုရားသခင် နှစ်သက်ဝမ်းမြောက်တော်မူခြင်း (ဆပ်ပြာပူပေါင်းမှုတ်သည့် ဥပမာကို ပြန်၍ အသုံးပြုပါ။)
- ကလေးများကိုမေးပါ – သားတို့သမီးတို့ကို တစ်စုံတစ်ယောက်က မေတ္တာထားတယ်ဆိုရင် ဘယ်လို သိနိုင် မလဲ။ အဲဒီလူက သား၊သမီးတို့ အပေါ်မှာ ဘယ်လို ဆက်ဆံသလဲ။ သား၊သမီးတို့ မိဘတွေက သားတို့သမီးတို့ကို ချစ်တယ်။ သူတို့တွေ သား၊သမီးတို့ကို ဘယ်လို ဆက်ဆံကြသလဲ။ သား၊သမီးတို့ ရဲ့အပြစ်တွေကို ခွင့်လွှတ်ပေးသလား။ သား၊သမီးတို့ ဖျားနာတဲ့အခါ ဂရုစိုက်ပေးကြသလား။ သနား ကြင်နာတဲ့ အကြောင်းကို ပြသပေးသလား။ သားတို့သမီးတို့ ကောင်းဖို့ ဖြည့်ဆွမ်းပေးကြသလား။ သား၊သမီးတို့ကို ဆုံးမပါသလား။ (အခြားသော ဥပမာများလည်း ပေးနိုင်ပါသည်။)
- ဘုရားသခင်က သူချစ်တဲ့သူတွေအပေါ် ဘယ်လို ဆက်ဆံမယ်လို့ ထင်သလဲ။ ဇက္ခဲအပေါ် ဘယ်လို ဆက်ဆံခဲ့သလဲ။

  ဘုရားသခင်က သူရွေးချယ်ထားသော သူများကို မေတ္တာဖြင့် မည်သို့ဆက်ဆံသည်ကို သိနားလည်စေရန် အောက်ပါကျမ်းပိုဒ်များမှ အချို့ကို ဖတ်ပေးပါ။

  - *ဆာလံ၊ ၁၀၃း၃* --- ***အပြစ်များကို ခွင့်လွှတ်၍ ကျန်းမာစေသည်။***
  - *ဆာလံ၊ ၁၀၃း၄* --- ***ဒုက္ခပြဿနာများမှ ကယ်တင်၍ သနားကြင်နာခြင်းကို ပြတော်မူသည်။***
  - *ဆာလံ၊ ၁၀၃း၅* --- ***သင်၏အလို ဆန္ဒကို ပြည့်စုံစေ၍ ကောင်းမွန်သည့်အရာများ ဖြည့်ဆည်း ပေးသည်။***
  - *ဇေဖနိ၊ ၃း၁၇* --- ***ဘုရားသည် သင့်ကို ကယ်တင်တော်မူ လိမ့်မည်။ သင်၌ အားရ၍ ဝမ်းမြောက်တော်မူလိမ့်မည်။***
  - *ဟောရှေ၊ ၁၄း၄* --- ***ဖောက်ပြန်ခြင်းကို ပြုပြင်မည်။ ကိုယ်အလိုအလျောက် စုံမက်မည်။***
  - *ဧဖက်၊ ၁း၄-၅* --- ***သင့်ကို ရွေးကောက်တော်မူ၍ သားအဖြစ် အမွေခံစေမည်။***
  - *ဟေဗြဲ၊ ၁၂း၆* --- ***သင့်ကို ဆုံးမတော်မူမည်။***

- *ရောမ၊ ၅း၈ --- **သင့်အတွက် အသေခံပေးခဲ့သည်။***

နိဂုံး – ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ ဝမ်းမြောက်ခြင်း စုံလင်ရာ ဖြစ်သည်။

➢ မိဘတွေရဲ့ သားသမီးအပေါ် ထားတဲ့ မေတ္တာတွေထက် ဘုရားသခင်က သူ့ရဲ့လူတွေအပေါ်မှာ ထားတဲ့ မေတ္တာဟာ ပိုပြီးတော့ ကြီးမြတ်ကောင်းမွန်ပါတယ်။ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာဟာ –
  - *ဆာလံ၊ ၆၃း၃ --- အသက်ထက် သာ၍ ကောင်း၏။*
  - *ဆာလံ၊ ၁၀၃း၁၇ --- ထာဝရဖြစ်၏။*
  - *ဆာလံ၊ ၁၀၃း၁၁ --- မိုးကောင်းကင်ထက် သာ၍ မြင့်၏။*
  - *ဟေရှာ၊ ၅၄း၁၀ --- မပြောင်းလဲနိုင်သော မေတ္တာဖြစ်၏။*

နိဂုံး – ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ ဝမ်းမြောက်ခြင်း စုံလင်ရာ ဖြစ်သည်။

➢ *ဟေရှာ၊ ၄၉း၁၆* ထဲ၌ ***ငါသည် ကိုယ်လက်ဝါး၌ သင့်ကို စာထိုးပြီ –*** ဟု သူချစ်သည့် လူမျိုးအကြောင်း ကို ဘုရားသခင်က ပြောပြသည်။ တစ်စုံတစ်ခုကို စာရေးထိုးခြင်းဆိုသည်ကို ကလေးများ နားလည်ပါ သလားဟု မေးပါ။ တစ်စုံတစ်ခုကို ဆေးမှင်ထိုးလိုက်ပါက ဖျက်၍မရတော့ပဲ ထင်ကျန်နေတတ်သည်။ ဘုရားသခင်က သင့်ကို ချစ်သည်ဟု ဆိုရာတွင် သားတို့သမီးကို သူ၏အတွေးထဲ၌ အစဉ်အောက်မေ့ နေသည်ဟု ဆိုလိုသည်။ သားတို့သမီးတို့ကို ဘယ်သောအခါမျှ မေ့မည် မဟုတ်။ *ဟေရှာ၊ ၄၀း၁၁* ၌ ဘုရားသခင်သည် သူ၏သိုးစုတို့ကို ***သိုးထိန်းကဲ့သို့ ကျွေးမွေးတော်မူမည်။ သိုးသူငယ်တို့ကို ချီ၍ ပိုက်ပွေ့တော်မူမည်*** ဟု ဆိုထားသည်။ ဘုရားသခင်သည် သားတို့သမီးတို့အား ချစ်သည်ဆိုလျှင် ပွေ့ချီ တော်မူမည် ဖြစ်သည်။

➢ ဘုရားသခင်၏ လူမျိုးများကို ချစ်ရသည်မှာ ၄င်းတို့သည် လူကောင်းများ၊ အရည်အချင်းရှိသူများ သို့မဟုတ် သန်မာသော သူများ ဖြစ်ကြ၍လား။ (*ရောမ၊ ၉း၁၀–၁၄* တွင် ပါရှိသည့် ယာကုပ် နှင့် ဧသော၏ ဤသက်တာကို ဥပမာ ပြ၍ ပြောပြပါ။)

➢ ဘုရားသခင်သည် မည်သူတို့အား မေတ္တာထားသနည်း။ *ဆာလံ၊ ၁၄၇း၁၁* ကို ဖတ်ပါ။

***ကြောက်ရွံ့သော သူနှင့် ဂရုဏာတော်ကို မြော်လင့်သော သူတို့ကို***
***ထာဝရဘုရား နှစ်သက်တော်မူ၏။***

နိဂုံး – ဘုရားသခင်သည် သူ့ကို မျှော်လင့် ယုံကြည်သောသူတို့အပေါ် မေတ္တာထားတော်မူ၏။

**သင်ခန်းစာ ၁၇**

## *"O" IS FOR OMNIPRESENT ဘုရားသခင်သည် နေရာတိုင်း၌ ရှိတော်မူ၏*

**အဓိကအချက်** – အချိန်တိုင်းတွင် ဘုရားသခင်သည် နေရာတိုင်း၌ ရှိတော်မူသည်။

**အဓိကကျမ်းချက်** – ငါမမြင်စေခြင်းငှါ အဘယ်သူသည် မထင်ရှားသောအရပ်၌ ပုန်းရှောင်း၍ နေနိုင်သနည်း ဟု ထာဝရ ဘုရားမေးတော်မူ၏။ ငါသည် ကောင်းကင်မြေကြီးကို နှံ့ပြား သည် မဟုတ်လောဟု ထာဝရဘုရားမေးတော်မူ၏။ ယေရမိ၊ ၂၃း၂၄

**နိဒါန်း** – ယေဘုယျအားဖြင့် ဘုရားသခင်သည် မည်သည့်နေရာတွင် ရှိသနည်းဟု ကလေးများကို မေးလျှင်၊ ကောင်းကင်တွင် ရှိတော်မူဟု ဖြေကြပါလိမ့်မည်။ ကောင်းကင်သည် ဘုရားသခင် နေထိုင်သည့် အထူးစီမံထား သောနေရာဖြစ်သည် မှန်သော်လည်း သမ္မာကျမ်းစာက ဘုရားသခင်သည် တစ်ချိန်တည်း၌ နေရာတိုင်းတွင် ရှိနိုင်သည့် အကြောင်းကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဘုရားသခင်သည် နေရာတိုင်း၌ ရှိတော်မူသော အရှင်ဖြစ်သည်။ "OMNIPRESENT" ဆိုသည့် စကားလုံးသည် ကလေးများအတွက် ခက်ခဲသည့် စကားလုံး ဖြစ်ပါသော်လည်း ထိုစကားလုံးသည် ဘုရားတစ်ဆူတည်းရှိသည် ဖြစ်၍ အခြားသောဘုရားမရှိ ဆိုသည့် အချက်ကို ဖော်ပြပေးနေပါသည်။

ဤသင်ခန်းစာတွင် အဓိကအချက် သုံးချက် ပါဝင်ပါသည် –

- နေရာဒေသက ဘုရားသခင်ကို ကန့်သတ်ထားခြင်း မရှိ။
- ဘုရားသခင်သည် တစ်ချိန်တည်း၌ နေရာတိုင်းတွင် အပြည့်အဝ ရှိတော်မူသည်။
- ဘုရားသခင်သည် မတူညီသော နေရာဒေသများတွင် မတူညီသော နည်းလမ်းများကို ရွေးချယ် အမှုပြုတော်မူသည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ကျောင်းခေါ်ချိန် စာရင်း
၂) ခဲတံတစ်ချောင်း

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) အရွယ်အစား အမျိုးမျိုးသော ပုံများ (အာကာသ ဟင်းလင်းပြင်ပုံ သို့မဟုတ် ကောင်းကင်ပြာပုံ၊ ပင်လယ် ကြမ်းပြင် သို့မဟုတ် ဂူပုံ၊ နေထွက်သည့်ပုံ သို့မဟုတ် နေဝင်သည့်ပုံ၊ ပင်လယ်သမုဒ္ဒရာပုံ)
၂) ကလေးပေါင်ဒါ နှင့် သေတ္တာငယ်တစ်လုံး။ (ပေါင်ဒါဘူးလေးကို သေတ္တာထဲတွင် ထည့်ပါ – ပေါင်ဒါကို ယိုစိမ့်စေမည့် သေတ္တာမျိုး)
၃) ရေမွှေး

၄) ပတ်သခါနေ့ ပုံပြင်ကို ပြောပြရန် လိုအပ်သည့် အရာများ (စားပွဲငယ်တစ်လုံး၊ ပန်းကန် အနည်းငယ်၊ စသည်ဖြင့်၊ အရုပ်များ)
၅) *ယောရှမိ၊ ၂၃း၂၄* ကို ရေးထားသည့် စက္ကူလိပ်

မှတ်ချက် – ဤသင်ခန်းစာကို ချန်လှပ်၍ ထားနိုင်သည်။ နိဒါန်း စာမျက်နှာ ၁၁ ကို ကြည့်ပါ။

### *သင်ခန်းစာပို့ချခြင်း*

ကလေးတစ်ယောက်အား ရှေ့ထွက်လာစေပြီး ကောင်ကြီးမင်္ဂလာပုံးထဲမှ ကျောင်းခေါ်ချိန် ဇယားကို ထုတ်ယူစေပါ။ ကျောင်းခေါ်ချိန်ဇယားကို ကလေးများအားလုံးကို ပြသ၍ ထိုစာရွက်ကို အသုံးပြုရသည့် ရည်ရွယ်ချက်ကို အတိုချုပ် ရှင်းပြပေးပါ။ ကလေးများ၏ ကျောင်းခေါ်ချိန်ကို ယူလိုက်ပါ။ ၎င်းတို့၏ နာမည်ခေါ်သံကိုကြားလျှင် "ရှိပါတယ် ခင်ဗျ၊ ရှိပါတယ်ရှင်" ဆိုပြီး ပြန်ဖြေပေးရန် ပြောထားပါ။ ၎င်းတို့၏ နာမည်အားလုံးကို ခေါ်ပြီးသည့်နောက်တွင် "ဘုရားသခင်" ဟူ၍ ခေါ်လိုက်ပါ။ ပြန်ဖြေသံ ကြားရပါသလား။ အတန်းထဲသို့ ဘုရားသခင် ဝင်လာသည်ကို မည်သူတွေ့လိုက်သနည်း ဟု မေးပါ။

အကြံပြုချက် – *လူတစ်ယောက် ရှိတယ်ဆိုတာကို သူ့ကို မြင်ရ ကြားရခြင်းအားဖြင့် ဆရာ၊မ တို့ သိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တို့တတွေမှာ မြင်နိုင်ကြားနိုင်တဲ့ ခန္ဓာကိုယ် ရှိလို့ပဲပေါ့။ ဘုရားသခင် ပြန်ပြီးတော့ တုန့်ပြန်တာကတော့ တို့တွေ မကြားရဘူး။ မြင်လည်း မမြင်ရဘူး။ အဲဒီလို မမြင်နိုင် မကြားနိုင်တာက ဘုရားသခင် ဒီမှာ မရှိဘူးလို့ ပြောလို့ရသလား။ ဘုရားသခင် ဘယ်မှာပါလိမ့်။ သမ္မာ ကျမ်းစာက ဘယ်လိုပြောထားလဲ။*

ကိုက်ညီသည့် ပုံများကို အသုံးပြု၍ *ဆာလံ၊ ၁၃၉း၈–၁၂* မှ ဖော်ပြပါ အချက်များကို ဖတ်ပေးလိုက်ပါ –

*တကယ်လို့ သားတို့သမီးတို့က ဟိုးကောင်းကင်အမြင့်ကြီးကို တက်သွားရင်တောင် ဘုရားသခင်က အဲဒီနေရာမှာ ရှိနေအုံးမှာပဲ။*

*ဟိုးပင်လယ် အောက်ကြမ်းပြင် ဒါမှမဟုတ် ဂူနက်ကြီးကို သွားရင်လည်း ဘုရားသခင်က အဲဒီနေရာမှာ ရှိနေအုံးမှာပဲ။*

*နေထွက်တဲ့ မိုးကုတ်စက်ဝိုင်းရဲ့ ဟိုးအဆုံးကို သွားရင်လည်း ဘုရားသခင်က အဲဒီနေရာမှာ ရှိနေအုံးမှာပဲ။*

*ပင်လယ်ကို ဖြတ်ကူးသွားရင်လည်း ဘုရားသခင်က အဲဒီနေရာမှာ ရှိနေအုံးမှာပဲ။*

*မှောင်မိုက်ထဲမှာ ပုံးနေရင်းလည်း ဘုရားသခင်က အဲဒီနေရာမှာ ရှိနေအုံးမှာပဲ။*

ကလေးများကို မေးပါ – *ဘုရားသခင်က တစ်ချိန်တည်းမှာ အဲဒီနေရာတွေအားလုံးမှာ ဘယ်လို ရှိနိုင်တာ ပါလိမ့်။ သားတို့သမီးတို့ရော တစ်ချိန်တည်းမှာ အဲဒီလို လုပ်နိုင်ပါ့မလား။*

ကျွန်ုပ်တို့တွင် အသားအရည်၊ ကြွက်သား နှင့် အရိုးများဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ် ရှိကြသည့် အကြောင်းကို ကလေးများအား ရှင်းပြပါ။ ဆရာ၊မ တို့ရဲ့ ခန္ဓာကိုယ်ကတော့ တစ်ချိန်မှာ တစ်နေရာတည်းမှာပဲ

ရှိနိုင်ပါတယ်။ သို့ပေမယ့် ဘုရားသခင်သည် ဆရာ၊မ တို့လို မဟုတ်ပဲ ခန္ဓာကိုယ်ဆိုတာ သူ့စီမှာ မရှိပါဘူး။ ဘုရားသခင်ဟာ တစ်ချိန်တည်းမှာ နေရာတိုင်း၌ ရှိနိုင်ပါတယ်။

ပေါင်ဒါ နှင့် ရေမွှေးတို့ကို အသုံးပြုပြီး သရုပ်ပြလိုက်ပါ။ ပေါင်ဒါထည့်ထားသော သေတ္တာလေးကို ကောင်းကြီး မင်္ဂလာပုံးအပေါ်တွင် လှုပ်ခါလိုက်ပါ။ ပေါင်ဒါမှုန့်များ သေတ္တာအပေါက်လေးများမှ ထွက်လာပါသလား။ ပေါင်ဒါ များထွက်မလာစေရန် သေတ္တာလေးက ထိန်းသိမ်းထားနိုင်ပါသလား။ ဘုရားသခင်သည်လည်း ထိုကဲ့သို့ပင် နေရာဒေသက ကန့်သတ်ထိန်းထား၍ မရပေပါ။

အခန်းထဲ၌ ရေမွှေးကို အနည်းငယ် ဖျန်းလိုက်ပါ။ ရေမွှေးမှ ထွက်လာသော အနံ့သည် တစ်နေရာထဲတွင် ရှိနေပါ သလား။ ရေမွှေးနံ့ကို အခန်းထဲ၌သာ ရှိစေရန် သိမ်းထား၍ ရပါသလား။ အနံ့ကို တွေ့မြင်နိုင်ပါသလား။ မည်သည့်နေရာတွင် အနံ့ ရှိသည်ကို သင် ကြားနိုင်ပါသလား။ အဲဒီလို မကြားနိုင် မမြင်နိုင်ရုံနဲ့ ရေမွှေးနံ့ဟာ အခန်းထဲမှာ မရှိဘူးလို့ ပြောလို့ရပါသလား။ ဘုရားသခင်ကို မမြင်၊ မကြားရရုံနဲ့ ဘုရားသခင် မရှိဘူးလို့ ပြောလို့ရပါသလား။

*ယေရမိ၊ ၂၃း၂၄* ကို ပြသ၍ ဖတ်ပေးပါ –

***ငါမမြင်စေခြင်းငှါ အဘယ်သူသည် မထင်ရှားသောအရပ်၌ ပုန်းရှောင်၍ နေနိုင် သနည်းဟု ထာဝရ ဘုရားမေးတော်မူ၏။ ငါသည် ကောင်းကင်မြေကြီးကို နှံ့ပြား သည် မဟုတ်လောဟု ထာဝရဘုရား မေးတော်မူ၏။***

ဘုရားသခင်သည် နေရာတိုင်းတွင် ရှိတော်မူသည်ကို ရှင်းပြလိုက်ပါ။ တို့တတွေရဲ့ အခန်းထဲမှာ၊ အိမ်မှာ၊ ကားထဲမှာ၊ ဟိုးပင်လယ် တစ်ဘက်မှာ၊ အာကာသထဲမှာ တစ်ချိန်တည်း နေရာတိုင်းမှာ ဘုရားသခင် ရှိနေ ပါတယ်။ ဘုရားသခင်ဟာ နေရာတိုင်းမှာ တစ်ချိန်တည်း၌ ရှိတယ်ဆိုတာကို ဖော်ပြပေးတဲ့ စကားလုံး တစ်လုံး ရှိပါတယ်။ ဘုရားသခင်ဟာ နေရာတိုင်း၌ ရှိတော်မူသောအရှင် (OMNIPRESENT) ဖြစ်သည်။

ဘုရားသခင်သည် နေရာတိုင်း၌ ရှိတော်မူသော အရှင် ဖြစ်တယ်ဆိုတာက သူဟာ အမြဲတမ်း တူညီတဲ့ အရာကိုပဲ လုပ်နေတယ်လို့ ဆိုလိုတာလား။

**ပုံပြင် – ပသခါပွဲ** *ထွက်၊ ၁၁၊ ၁၂း၁–၁၃*

ဣသရေလလူမျိုး မိသားစု အိမ်တစ်အိမ်၊ အဲဂုတ္တုမိသားစု အိမ်တစ်အိမ်ဟူ၍ မိသားစု နှစ်စုပုံစံကို ပြင်ဆင်ထားပါ။ ပန်းကန်များကို ဣသရေလလူမျိုး မိသားစု ဘက်တွင် ထား၍၊ အရုပ်ကို အဲဂုတ္တုမိသားစု ဘက်တွင်ထားပါ။ ကလေးငယ်တစ်ချို့ကို ရှေ့ထွက်လာစေပြီး မိသားစု တစ်စုစီ၌ မိသားစု ဝင်များအဖြစ် သရုပ်ဆောင်စေပါ။

အောက်ပါအချက်များကို အလေးအနက်ထား ပြောပြပါ –

- *ဣသရေလလူမျိုးများဟာ ဘုရားသခင် ရွေးချယ်ထားသော လူမျိုးဖြစ်တယ်။ သူတို့ကို ဘုရားသခင် ချစ်တော်မူတဲ့အတွက် အဲဂုတ္တုပြည် ကျွန်ဘဝကနေ လွတ်စေချင်ခဲ့တယ်။*
- *အဲဂုတ္တုပြည်ရဲ့ ဘုရင် ဖာရောမင်းကြီးဟာ ကပ်ကြီးကိုးပါးကို ခံစားခဲ့ပြီးသည့်တိုင် ဘုရားသခင်ရဲ့ စကား ကို ငြင်းဆန်ခဲ့တယ်။*
- *ဘုရားသခင်က နောက်ထက် ကပ်ကြီး တစ်ပါးကို ကျရောက်စေခဲ့တယ်။ အဲဒါကတော့ အဲဂုတ္တု လူမျိုး တွေရဲ့ သားဦးတိုင်းကို ဘုရားသခင် အဆုံးစီရင်ဖို့ ဖြစ်ပါတယ်။ (ထွက်၊ ၁၁း၄–၅)။*

အောက်ပါမေးခွန်းများကို ကလေးများ ဖြေကြားနိုင်ရန် ပသခါညက အဖြစ်အပျက်ကို သရုပ်ဖော်ပြောပြပေးပါ။

- *သက္ကသရေလလူမျိုးတွေရဲ့ အိမ်ထောင်မိသားစုမှာ ဘာတွေဖြစ်ခဲ့လဲ။ ဘုရားသခင် သူတို့နဲ့ အတူ ရှိခဲ့သလား။ ဘုရားသခင်က သူတို့ကို အပြစ်ပေးဖို့ အတူရှိခဲ့တာလား။ ဒါမှမဟုတ် သူချစ်တဲ့ သူတွေကို ကာကွယ်ဖို့ ရှိနေခဲ့တာလား။ အဲဒီလို ကာကွယ်ပေးတဲ့အတွက် သူတို့တွေ ပျော်ရွှင်ကြမယ်လို့ ထင်ပါသလား။*
- *အဲဂုတ္တုလူမျိုးတွေရဲ့ အိမ်မှာတော့ ဘာတွေဖြစ်ပျက် ခဲ့သလဲ။* (အရုပ်လေးကို ဖယ်ထုတ်လိုက်ပါ။) *ဘယ်သူကလာပြီးတော့ သူတို့ရဲ့ သားဦးကို ယူပြီး အဆုံးစီရင်ခဲ့ တာလဲ။ အဲဒီအခြေအနေအတွက် သူတို့တွေ ပျော်နေမယ်လို့ ထင်သလား။*

ဘုရားသခင်သည် တစ်ချိန်တည်း၌ နေရာတိုင်းတွင် ရှိနေပါသော်လည်း မတူညီသည့် လုပ်ဆောင်ချက်များကို နေရာခြားတွင် ရွေးချယ်လုပ်ဆောင်တတ်သည်ကို ရှင်းပြပေးပါ။ ဘုရားသခင်သည် အချိန်တိုင်း နေရာတိုင်းမှာ ရှိသည့်အတွက် ဘုရားသခင်ကို မယုံကြည်သောသူ၊ မနှစ်သက်သောသူ တို့သည်လည်း ရှေ့တော်မှောက်မှ ပုံးအောင်းနိုင်ပါမည်လား။ ဘုရားသခင်၏ အမျက်တော်မှ အပြစ်သားများ ထွက်ပြေးလွတ်မြောက်နိုင်မည့် နေရာ ရှိနိုင်ပါမည်လား။ အပြစ်သားတွေကို ဘုရားသခင်က ပြစ်ဒဏ်ပေးဖို့ နေရာတိုင်းမှာ ရှိနေတယ်။ ဒါဟာ ကြောက်စရာပါပဲ။ သို့ပေမယ့် တဘက်မှာ သူ့ကို ယုံကြည်ကိုးစား နှစ်သက်တဲ့သူတွေ ကိုတော့ ကောင်ကြီးပေး၊ နှစ်သိမ့်လို့၊ အကာအကွယ်အဖြစ် ဘုရားသခင် အတူရှိနေပါတယ်။ ဒါကတော့ အံ့ဩစရာ သတင်းကောင်းပါပဲ။ ဘုရားသခင်ဟာ သူ့ရဲ့သားသမီးတွေနဲ့ အမြဲအတူ ရှိနေပါတယ်။

### *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား “O” ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- “Omnipresent” ဆိုသည့် စကားလုံးကို အသံထွက်နိုင်ရန် နှင့် အဓိပ္ပါယ်ကို ကလေးများ သိနိုင်စေရန် ကူညီပေးပါ။ ထိုစကားလုံးမှာ ခက်ခဲသော စကားလုံးဖြစ်ပါသော်လည်း၊ ဘုရားသခင်တစ်ပါးတည်းနှင့်သာ ဆိုင်သည့် စကားလုံးများကို လေ့လာသင်ယူခြင်းသည် အလွန်ကောင်းသည့်အရာဖြစ်သည်ကို ကလေးများအား ရှင်းပြပါ။ ထိုစကားလုံးကို ဘုရားသခင်မှ လွဲ၍ အခြားသောအရာများနှင့် တွဲသုံး၍ ရမည် မဟုတ်ပေ။
- မွေးကင်းစ ကလေးငယ်လေး တစ်ယောက်အကြောင်းကို စဉ်းစားစေပါ။ ကလေးငယ်လေးတွေက တစ်ယောက်ထဲ ထားခဲ့ခြင်းခံတာကို နှစ်သက်ကြသလား။ သူတို့ကို သူတို့ရဲ့ မိခင်တွေက ထားခဲ့ရင် ဘယ်လို ဖြစ်ကြသလဲ။ ဘာလို့ သူတို့လေးတွေ ငိုကြရသလဲ။ ကလေးငယ်လေးတွေဟာ သူတို့ရဲ့ မိခင်နဲ့အတူ နေချင်ကြတယ်လေ။ မိခင်ဖြစ်သူက သူတို့ကို စကားပြော၊ အစာကျွေးပြီးတော့ ချော့သိပ်တတ်တာကိုး။ ကလေးငယ်လေးတွေ အသက်ကြီးလာတဲ့ အခါမှာရော သူတို့ရဲ့ မိဘတွေနဲ့အတူ ဒါမှမဟုတ် သူတို့ချစ်ရတဲ့ သူတွေနဲ့အတူ နေချင်ကြတာပဲ။ ဘယ်သူက ဆရာမ တို့ကို တစ်စုံတစ်ယောက်နဲ့ အမြဲ ရှိနေဖို့ တောင့်တနေရအောင် ဖန်ဆင်းခဲ့တာလဲ။ ဘုရားသခင်က ဖန်ဆင်းခဲ့တာပါ။ ဘာလို့ ဆရာမ တို့ကို ဘုရားသခင်က အဲဒီလို ဖန်ဆင်းခဲ့ရတာပါလိမ့်။

- သားတို့သမီးတို့ရဲ့ မိဘတွေက သားတို့သမီးတို့နဲ့အတူ အမြဲ ရှိနေနိုင်သလား။ သား၊သမီးတို့ကို ကာကွယ်နှစ်သိမ့်ပေးဖို့ သူတို့တွေ အမြဲ ရှိနေနိုင်သလား။ ဘာလို့လဲ။ သား၊သမီးတို့ ဘယ်နေရာမှာပဲရောက်ရောက် သား၊သမီးတို့နဲ့ အတူ ရှိနေနိုင်မည့်သူ ရှိပါ့မလား။
- လူအချို့က မကောင်းမှန်းသိရက်နဲ့ ဆက်လုပ်ချင်ကြတယ်ဆိုရင် (ဥပမာ – မုန့်ခိုးစားတာမျိုး) လူတွေမရှိတော့တဲ့ အချိန်ထိ စောင့်နေတတ်ကြတယ်။ ဘုရားသခင်က အခန်းထဲမှာ ရှိနေပါသလား။ တကယ်လို့ မုန့်ကို ခိုးယူပြီးတော့ ချောင်တစ်နေရာမှာ သွားစားရင် ဘယ်လို ဖြစ်မယ်လို့ ထင်သလဲ။ အဲဒီမှာရော ဘုရားသခင် ရှိပါသလား။
- တစ်ယောက်ထဲရှိတဲ့အချိန် သို့မဟုတ် ဆရာ၊မ တို့ရဲ့ အသိမိတ်ဆွေတွေ မရှိတော့တဲ့ အချိန်မျိုးမှာ ဆရာ၊မတို့ စိုးရိမ်တတ်ကြပါတယ်။ ယေရှုရှင်ရဲ့ အမည်နာမ နောက်တစ်ခုကတော့ မေနွေလ ဖြစ်တယ် အဓိပ္ပါယ် ကတော့ “ငါတို့နှင့် အတူ ရှိတော်မူသော ဘုရား” ဖြစ်တယ်။ ကောင်းကင်ပေါ်ကို ပြန်မကြွခင် အချိန်မှာ ယေရှုရှင်က သူ့ရဲ့ မိတ်ဆွေတွေကို ကတိတစ်ခု ပေးခဲ့တယ်။ *မဿဲ၊ ၂၈း၂၀ ကို* ဖတ်ပါ။ ဘုရားသခင်ကို နှစ်သက် အားကိုးတဲ့သူတွေအပေါ်မှာ သူ့ရဲ့ ကတိတော်တွေကို အမြဲစောင့် ထိန်းတော်မူပါသလား။ *ဆာလံ၊ ၆၅း၃–၄* သို့မဟုတ် *ဆာလံ၊ ၁၂၁* တို့ကိုလည်း ဖတ်ပေးပါ။

သင်ခန်းစာ ၁၈

## *"R" IS FOR REFUGE ခိုလှုံရာ*

**အဓိကအချက်** – ဘုရားသခင်သည် သူ၏လူများအတွက် အကွယ်အကာ ပေးလုံခြုံစေ သောနေရာ ဖြစ်သည်။

**အဓိကကျမ်းချက်** – ထာဝရဘုရား၏ နာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍ ဖြောင့်မတ်သော သူတို့သည် ပြေးဝင်သဖြင့် လုံခြုံစွာ နေရကြ၏။ သုတ္တံ၊ ၁၈း၁၀

**နိဒါန်း** – အကာအကွယ်ပေးပြီး လုံခြုံမှုပေးသည့် နေရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့ စဉ်းစားကြည့်သည့်အခါ မြင်နိုင်သည့် ခန္ဓာပိုင်းဆိုင်ရာများကို တွေးထင်တတ်ကြသည်။ ဤအချက်သည် ကျွန်ုပ်တို့အတွက်၊ အထူးသဖြင့် ကလေးများအတွက် အလွန်လက်တွေ့ကျသည့် အဖြစ်အပျက်မျိုး ဖြစ်သည်။ သို့သော်လည်း "ခိုင်ခံ့သောရဲတိုက်၊ နားခိုရာ" ဟု ဆိုရာတွင် အတွင်း ဝိညာဉ်အတွက် လုံခြုံ စိတ်ချရသည့် နေရာကို ဆိုလိုပါသည်။ *မဿဲ၊ ၁၀း၂၈* တွေ့ရသည့် ယေရှုရှင်၏ စကားတော်က သန့်ရှင်းတော်မူသော ဘုရားသခင်၏ အမျက်တော်ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်အတွက် အကြောက်ဆုံးဖြစ်ရမည်ကို ရှင်းလင်းစွာ တွေ့မြင်စေပါ။ ဘုရားသခင်၏ အမျက်တော်မှ ကျွန်ုပ်တို့သည် မည်သည့်နေရာသို့ ထွက်ပြေးထိန်းရှောင်နိုင်မည်နည်း။ ***--- ထိုသူတို့သည် ထာဝရဘုရား၏ နာမတော်ကို ခိုလှုံကြလိမ့်မည်။ (ဇေဖနိ၊ ၃း၁၂)*** ကျွန်ုပ်တို့သည် ဘုရား သခင်၏ မြတ်နာမတော်၌ ခိုလှုံတိုးဝင်ပါက ဘုရားသခင်သည် သူ၏အမည်နာမကို နှစ်သက်တော်မူ၍ ကွယ်ကာ စောင့်ထိန်းတော်မူရာ ကျွန်ုပ်တို့ကိုလည်း နှစ်သက်ကွယ်ကာပေးတော် မူမည် ဖြစ်သည်။

ဤသင်ခန်းစာတွင် ကလေးများအနေနှင့် ပို၍ရင်းနီးသော တွေ့မြင်နိုင်သော ခန္ဓာပိုင်းဆိုင်ရာ လုံခြုံစိတ်ချရာ အကြောင်းကို ဦးတည်သင်ကြားပေးသွားမည်ဖြစ်သည်။ ထိုမှတဆင့် ပို၍အရေးကြီးသော ဝိညာဉ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချမှုအကြောင်းကို ဆက်လက်ဦး ကြည့်ရှုသွားမည်ဖြစ်သည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) သူရဲကောင်း ပုံတစ်ပုံ (မှိုငြမ်းရန်စာအုပ်)

### အခြားသင်ထောက်ကူပြု ပစ္စည်းများ

၁) ဘုရားသခင်၏ နာမတော် ရဲတိုက်။ ကဒ်ထူစာရွက်ကြီးတစ်ရွက်ကို (ကလေးတစ်ယောက် ကွယ်နိုင်မည့် အရွယ်အစား) ရဲတိုက်သဖွယ်ဖြစ်အောင် အုတ်ခဲ ပုံစံများဖြင့် တည်ဆောက်ထားသည့် ဒီဇိုင်းလုပ် ထားပါ။ ထိုစာရွက် ထိပ်ပိုင်းတွင် "ဘုရားရှင်" ဟူ၍ စာလုံးကြီးဖြင့် ရေးထားပါ။ အုတ်ခဲများပေါ်တွင် ဘုရား သခင်၏ ဂုဏ်အင်္ဂါလက္ခဏာအချို့ကိုလည်း ရေးပါ။ (မှတ်ချက် – ဤအရာကို သင်ခန်းစာ မစမီ လုပ်ဆောင်ရမည့် အရာအဖြစ် ကလေးများနှင့်အတူ လုပ်ဆောင်နိုင်ပါသည်။ သို့သော်လည်း ကလေး များကို ဘာ့ကြောင့် သင်လုပ်နေရခြင်းကိုမူ မပြောပြပါနှင့်။ သင်ကြားခဲ့သော ဘုရားသခင်၏ ဂုဏ်အင်္ဂါ လက္ခဏာများကို ဤသို့ ပြုလုပ်ခြင်းအားဖြင့် ပြန်၍ နွေးပေးပါ။)

၂) *သုတ္တံ၊ ၁၈း၁၀* ကို ရေးထားသော စက္ကူလိပ်
၃) ကျမ်းချက်စာရင်း (မှီငြမ်းရန်စာအုပ်)
၄) အခြားလိုအပ်သော ပစ္စည်းများ – အဆောက်အဦးဆောက်ရာတွင် လိုအပ်သော ပစ္စည်းများ – တိုင်၊မြက်၊ ရွှံ့၊ အုတ်ခဲ သို့မဟုတ် ကျောက်ခဲ၊ အဝတ်စ နှင့် စာရွက်။

ရွေးချယ်ရန် – ရဲတိုက်ပုံတစ်ပုံ နှင့် ပျက်ဆီးနေသော ရဲတိုက်ပုံ

***သင်ခန်းစာပို့ချခြင်း***

ကလေးတစ်ယောက်အား ရှေ့ထွက်လာစေပြီး ကောင်းကြီးမင်္ဂလာပုံးထဲမှ သူရဲကောင်းပုံ ကို ထုတ်ယူစေပါ။ သူရဲကောင်းများဆိုသည်မှာ မည်သို့သော ပုဂ္ဂိုလ်များဖြစ်သည်ကို ရှင်းပြ၍ သင်ခန်းစာကို အစပြုလိုက်ပါ။ ထိုကဲ့သို့ ၄င်းတို့ အဘယ့်ကြောင့် ဝတ်ဆင်ကြရပါသနည်း။ ၄င်းတို့၏ တာဝန်မှာ မည်သည့်အရာနည်း။ မည်သည့်နေရာမျိုးတွင် သူရဲကောင်းများ နေထိုင်ကြသနည်း။ (ရဲတိုက်ထဲတွင်) ရဲတိုက်ဆိုသည်မှာ မည်ကဲ့သို့သော အရာနည်း။ အဘယ့်ကြောင့် ၄င်းတို့ ခိုင်ခံ့ရန် လိုအပ်ပါသနည်း။

> အကြံပြုချက် – *သားတို့သမီးတို့အနေနဲ့ ရဲတိုက်ကြီး တစ်လုံးတည်ဆောက်မယ်ဆိုရင် လေဒဏ်၊ မိုးဒဏ်တွေနဲ့ ရဲသူတွေတိုက်ခိုက်မှုကနေ အကွယ်အကာယ်ပေးနိုင်ဖို့ ဘာနဲ့ဆောက်ရင် အကောင်းဆုံး ဖြစ်မယ်ထင်လဲ။*

အဆောက်အဦးဆောက်ရာတွင် လိုအပ်သည့် အရာများကို ပြသနေ၍ မည်သည့်အရာကို အသုံးပြုခြင်းက အကောင်းဆုံး ဖြစ်မည်ကို ဆွေးနွေးပေးပါ။ ကျောက်ခဲ နှင့် အုတ်ခဲများသည် အခိုင်ခံ့ဆုံး ဖြစ်မည့်အကြောင်းကိုလည်း ထည့်သွင်း ဆွေးနွေးပေးပါ။ ထို့ကြောင့် ရဲတိုက်ကြီးများ တည်ဆောက်ကြရာတွင် ကျောက်ခဲနှင့် အုတ်ခဲများကို အသုံးပြုကြခြင်း ဖြစ်သည်။ (ခိုင်မာသည့် ရဲတိုက်ပုံကို ပြပေးပါ)။

> မေးခွန်းမေးပါ – *ကျောက်ခဲကြီးတွေနဲ့ တည်ဆောက်ထားတဲ့ ရဲတိုက်တွေက ဆရာ၊မ တို့ကို အမြဲတမ်း အကာယ် အကွယ်မပေးနိုင်မလား။ ရဲတိုက်ကြီးက အမြဲတမ်း မဟောင်းနွမ်း မပျက်ဆီးပဲ ရှိနေတော့မှာလား။* (ပျက်ဆီးနေ သည့် ရဲတိုက်ပုံကို ပြပါ။) *ရန်သူတွေရဲ့ လက်ထဲကနေ ဒီရဲတိုက်ကြီးက အကာအကွယ် ပေးနိုင်တယ် ဆိုအုံးတော့ ဖျားနာခြင်းမရှိအောင်ရော အကာအကွယ် ပေးနိုင်မလား။ သေခြင်းတရားကနေရော ကာကွယ်ပေးနိုင်မလား။ မှားယွင်းတဲ့ အတွေးအခေါ်တွေနဲ့ ခံစားမှုတွေကနေရော ကာကွယ်ပေးနိုင်မလား။ ဒါ့အပြင် စာတန်ရဲ့ တိုက်ခိုက် မှုကနေရော ကာကွယ်ပေးနိုင်မလား။ (၁ပေ၊ ၅း၈)*

အထက်ဖော်ပြပါ အရာများအားလုံးမှ အကွယ်အကာ ပေးနိုင်သည့် မည်သည့် အဆောက်အအုံမျိုးကိုမှ မဆောက်လုပ်နိုင်ကြောင်းကို ရှင်းပြပေးပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ကာကွယ်မှု မပေးနိုင်ကြပေ။ မည်သည့်အရာကို ကျွန်ုပ်တို့ တက်စွမ်းနိုင်ကြသနည်း။ လုံခြုံစိတ်ချရဖို့ရန် မည်သည့်နေရာသို့ ကျွန်ုပ်တို့ သွားကြရမည်နည်း။ အဖြေအား မည်သည့်အနေရာတွင် တွေ့နိုင်ပါမည်နည်း။

*သုတ္တံ၊ ၈း၁၀* ကို ပြသ၍ ဖတ်ပေးပါ။

***ထာဝရဘုရား၏ နာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍ ဖြောင့်မတ်သော သူတို့သည် ပြေးဝင်သဖြင့် လုံခြုံစွာ နေရကြ၏။***

မည်သို့အားဖြင့် အမည်နာမသည် ခိုင်ခဲ့သည့် ရဲတိုက် ဖြစ်နိုင်ရပါသနည်း။ ဘုရားသခင်၏ နာမတော်ဖြစ်သည့် "ယာဝိ" ဆိုသည့် အမည်ကို ပြန်၍ နွေးပေးပါ။ ဘုရားသခင်၏ အမည်နာမက သူသည် မည်သူဖြစ်ကြောင်း၊ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ကြောင်းကို ပြောပြပေးသည်။ ကဒ်ထူစာရွက်ဖြင့် ပြုလုပ်ထားသော ရဲတိုက်ကို ပြ၍ အုတ်ခဲများပေါ်တွင် ရေးသားထားသည့် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာ အချို့ကို ဖတ်ပေးပါ။ ကျွန်ုပ်တို့ သည် ကျွန်ုပ်တို့အား လုံခြုံစိတ်ချမှုပေးရန် မည်သည့် အဆောက်အဦးကိုမျှ မဆောက်လုပ်နိုင်ပါသော်လည်း၊ ဘေးရန် အမျိုးမျိုးမှ ကာကွယ်ပေးနိုင်သည့် ပို၍ခိုင်မာကောင်းမွန်သော ရဲတိုင်တစ်ခုရှိကြောင်း – ဘုရားသခင်၏ နာမတော် – ကို ရှင်းပြပါ။ လေပြင်းမုန်တိုင်းတွေ၊ စာတန်ရဲ့ တိုင်ခိုက်မှုတွေ မည်မျှလောက်အောင် ပြင်းထန်နေပါ စေ ထိုအရာများအားလုံးထက် ပို၍ ခိုင်မာသန်စွမ်းသည့် အရာရှိနေပါသေးသည်။ ထိုအရာသည် မည်သည့် အရာ ဖြစ်မည်နည်း။

*မဿဲ၊ ၁၀း၂၈* ကို ဖတ်ပေးပါ။ ယေရှုရှင်က –

***တနည်းကား၊ ကိုယ်ခန္ဓာကိုသာသတ်၍ စိတ်ဝိညာဉ်ကိုမသတ်နိုင်သောသူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ငရဲ၌ဖျက်ဆီးနိုင်သောသူကို သာ၍ကြောက်ကြလော့။***

အကြံပြုချက် – *ခန္ဓာပိုင်းဆိုင်ရာ မြင်နေရတဲ့ အရာတွေထက် ပိုပြီးတော့ အကွယ်အကာလိုတဲ့ အရာ တစ်ခု ရှိနေသေးတယ်။ သားသမီးတို့ရဲ့ အတွေးအခေါ်၊ ခံစားချက် နဲ့ အတွင်း ဝိညာဉ်တွေဟာ မမြင်ရတဲ့ အရာတွေ ဖြစ်ပြီးတော့ အကွယ်အကာ အလိုအပ်ဆုံးသော အရာတွေ ဖြစ်တယ်။ သားသမီးတို့ရဲ့ ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ် နှစ်မျိုးလုံးကို အပယ်ငရဲထဲမှာ ဖျက်ဆီးပစ်နိုင်တဲ့သူဟာ ဘုရားသခင်ဖြစ်တယ်။ လုံခြုံစိတ်ချဖို့ တို့တွေ ဘယ်ပြေးရမလဲ။ လုံခြုံစိတ်ချမှုပေးနိုင်တဲ့ တစ်ခုတည်းသော နေရာက ဘယ်နေရာ မှာလဲ။ တစ်ခုတည်း သောရွေးချယ်ရမယ့် အရာက ဘာလဲ။*

*သုတ္တံ၊ ၁၈း၁၀* ကို ပြန်ဖတ်ပါ။

***ထာဝရဘုရား၏ နာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍ ဖြောင့်မတ်သော သူတို့သည် ပြေးဝင်သဖြင့် လုံခြုံစွာ နေရကြ၏။***

ဘုရားသခင်ထံတော်ပါးမှာ လုံခြုံစိတ်ချမှုရရှိရန်အတွက် ခိုလှုံရမည့် တစ်ခုတည်းသော နေရာမှာ ဘုရားသခင်၌သာဖြစ်ကြောင်းကို ရှင်းပြပါ။ ဘုရားသခင်၏ နာမတော်၌ ကျွန်ုပ်တို့သည် ခိုလှုံတိုးဝင်ပါက (ကလေးတစ်ဦးကို ရဲတိုင်ကဒ်ထူနောက်၌ ပြေးဝင်စေပါ) ကျွန်ုပ်တို့၏ အတွင်းဝိညာဉ်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ ထိခိုက် နာကျင်စေနိုင်မည်မဟုတ်ကြောင်းကို ပြောပြပါ။ ကျွန်ုပ်တို့၏ ဝိညာဉ်များသည် ထာဝရ လုံခြုံသွားမည်။ ဘုရား သခင်သည် သူ့ကို ယုံကြည်ကိုးစားသောသူ – ဖြောင့်မတ်သောသူ တို့အတွက် ခိုလှုံရာ ရဲတိုင် ဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ဖျားနာနေစေကာမူ အရေးအကြီးဆုံး အပိုင်းဖြစ်သည့် ကျွန်ုပ်တို့၏ ဝိညာဉ်မှာမူ အစဉ် လုံခြုံစိတ်ချရမည် ဖြစ်သည်။

သမ္မာကျမ်းစာထဲ၌ ဒါဝိတ်မင်းသည် ဘုရားသခင်၏ မိတ်ဆွေဖြစ်ခဲ့သည့် အကြောင်းကို ပြန်ပြောပြပါ။ သူသည် ဘုရားသခင်ကို ချစ်တော်မူ၍ ယုံကြည်ကိုးစားခဲ့သည်။ ဒါဝိဒ်၏အသက်တာတွင် ရန်သူများ၏ နောက်လိုက် သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် တောထဲတောင်ထဲ၊ ဂူထဲ စသည်ဖြင့် သူ ရှောင်ပုံးခဲ့ရသည်။ သို့သော် လည်း သူသည် ရန်သူများ၏ တိုက်ခိုက်ခြင်းကို ခံစားရပါသော်လည်း သူ၏ဝိညာဉ်မှာ အစဉ်အမြဲ ဘုရားသခင်၏ နာမတော်၌ လုံခြုံခြင်းရှိသည်ကို ကောင်းစွာ သိထားသည်။ ထိုအကြောင်းကို မည်သို့ ကျွန်ုပ်တို့ သိနိုင်ပါ သနည်း။ သမ္မာကျမ်းစာထဲ၌ ဒါဝိဒ်၏ စကားကို ဖတ်ရှုက်နိုင်ပါသည်။

အောက်ပါ ကျမ်းချက်များကို ဖတ်ရှုက်ပေးပါ။ ဖတ်ရှုက်သည့်အခါတွင် အောက်ပါ အကြံပေးချက်များအနက် တစ်ခုကို အသုံးပြု၍ ဖတ်ရှုက်နိုင်ပါသည်။

၁) ကလေးများကို ဆရာ၊မ များက ဝိုင်းထားပြီး ကျမ်းချက်ကို အလှည့်ကျ ဖတ်ပေးပါ။
၂) ဘုရားသခင်သည် အကွယ်အကာ ဖြစ်သည်ဆိုသည့် အချက်ကို ပေါ်လွင်စေရန် ကျမ်းစာကို ဖတ်သည့် အချိန်တွင် ကလေးများကို ပတ်၍ လမ်းလျှောက်သွားပါ။

*ဆာလံ၊ ၆၁း၃၊ ၃း၃၊ ၇း၁၀၊ ၁၈း၂၊ ၂၇း၅၊ ၃၁း၂၀၊ ၃၂း၇၊ ၄၆း၁၊ ၆၂း၅-၈*

*ဒါဝိဒ်မင်းကြီးက ဘုရားသခင် တစ်ပါးတည်းကသာ သားတို့သမီးတို့အတွက် ခိုလှုံရာ ဖြစ်တယ်ဆိုတာကို သိစေချင်တယ်လို့ ထင်ပါသလား။ ဘာလို့ တို့တတွေ ခိုလှုံရာနေရာကို ပြေးဝင်ကြရမှာလဲ။ ဘုရားသခင်ရဲ့ နာမတော် ဖြစ်တဲ့ ခိုလှုံရာရဲတိုက်ကြီး စီကိုပေါ့။ ဆရာ၊မ တို့ရဲ့ ဝိညာဉ်ကို ခိုလှုံရိပ်ပေးနိုင်တဲ့ နေရာက ဘယ်နေရာမှာလဲ။ ဘုရားသခင်ရဲ့ နာမတော် ခိုလှုံရာ ရဲတိုက်ကြီးမှာပေါ့။ ဘယ်သူက ဆရာ၊မတို့ရဲ့ အသက်ဝိညာဉ်ကို ထာဝရ အကာအကွယ် ပေးမှာလဲ။ ဘုရားသခင်ပေါ့။*

***လိုက်လျှောက်ကျင့်သုံးခြင်း***

- ကလေးများအား "R" ဆိုသည့် စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ခိုလှုံရာရဲတိုက် ဆိုသည်မှာ ဘုရားသခင်သည် သူ၏လူများအတွက် ခိုလှုံရာ ဖြစ်တော်မူကြောင်းကို ပြန်ပြောပြပါ။ ဆရာ၊မ တို့ရဲ့ ဘယ်အပိုင်းက အကွယ်အကာ အလိုအပ်ဆုံး ဖြစ်ပါသလဲ။ သားတို့သမီး တို့ရဲ့ စိတ်ဝိညာဉ်က သားတို့သမီးတို့ရဲ့ ခန္ဓာကိုယ်ထက် ပိုပြီးတော့ အရေးကြီးပါတယ်။ တကယ်လို့ သားတို့သမီးတို့က ဘုရားသခင်ကို ချစ်ပြီးတော့ ယုံကြည်ကိုးစာမယ်ဆိုရင်တော့ သားတို့သမီးတို့ရဲ့ ဝိညာဉ်ကို သူ အစဉ် ကွယ်ကာပေးပါလိမ့်မယ်။ (စိတ်ဝိညာဉ်၊ အတွေး အခေါ် နဲ့ ခံစားမှုတွေဟာ ဆရာ၊မ တို့ရဲ့ မမြင်နိုင်တဲ့ အစိတ်အပိုင်းများက ဖြစ်ပါတယ်။ ဒီအစိတ်အပိုင်းတွေဟာ ဆရာ၊မ တို့ရဲ့ အသက်တာမှာ အရေးကြီးဆုံး အပိုင်းတွေပါ။ ဆရာ၊မ တို့ရဲ့ စိတ်ဝိညာဉ်ဟာ ကောင်းကင် မဟုတ်ရင် ငရဲထဲမှာ ထာဝရ နေကြရမှာ ဖြစ်တယ်။)
- တကယ်လို့ ဆရာ၊မ ဟာ ဖျားနာခဲ့မယ်ဆိုရင် ဘုရားသခင်က ဆရာ၊မ ကို မစောင့်ရှောက်နိုင်ဘူးလို့ ဆိုလိုပါသလား။ *၁ပေ၊ ၁း၆-၇* ကို ဖတ်ပါ။ သားတို့သမီးတို့လည်း ဘုရားသခင်ရဲ့ သားသမီးတွေ ဖြစ်တယ်ဆိုပေမယ့် ဖျားနာရမယ်၊ ခံစားကြရမှာပဲ။ အဲဒီလိုဖြစ်တဲ့အခါမှာ ဘုရားသခင်က သားတို့သမီး တို့ကို မချစ်လို့၊ မကာကွယ်ပေးနိုင်လို့ မဟုတ်ပါဘူး။ အဲဒီလို အဖြစ်အပျက်တွေကို ခံစားခွင့် ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ဘုရားသခင်၌ ထားရှိတဲ့ သားတို့သမီးတို့ရဲ့ ယုံကြည်ခြင်း ခိုင်မာလာစေဖို့ ရည်ရွယ်တာပါ။
- သမ္မာကျမ်းစာထဲမှာ ဘုရားသခင်ဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတာကို ပုံဖော်ချက်တွေ များစွာ တွေ့ရပါတယ်။ ဘုရားသခင်ဟာ ဆရာ၊မ တိုအတွက် ခိုလှုံရာ ဖြစ်တယ်ဆိုတာကို "ခိုင်ခံ့သောမြို့ရိုး"၊ "အကွယ်အကာ" သို့မဟုတ် "မြို့ရိုး" စသည်ဖြင့် ဖော်ပြတတ်ပါတယ်။ အဲဒီလို ပြောတဲ့အခါမှာ ဘုရားသခင်ဟာ တကယ်ပဲ မြို့ရိုးတစ်ခု ဖြစ်တယ်လို့ ဆိုလိုတာလား။ ဘုရားသခင်ဟာ မြို့ရိုးတစ်ခု မဟုတ်ပါဘူး၊ ဒါပေမယ့် မြို့ရိုးတွေဟာ ဘယ်လောက်ထိ သန်မာပြီး အကွယ်အကာပေးလဲဆိုတာကို

ဆရာ၊မ တို့ သိနိုင်ပါတယ်။ အဲဒီသဘောက ဘုရားသခင်ဟာ ဘယ်လောက်သန့်မှာပြီးတော့ လုံခြုံမှုကို ပေးနိုင်သလဲဆိုတာ နားလည်စေပါတယ်။

မှတ်ချက် – ကဒ်ထူဖြင့် ပြုလုပ်ထားသော မြို့ရိုးပုံကို နောက်သင်ခန်းစာ အတွက် သိမ်းထားပါ။

သင်ခန်းစာ ၁၉

## *“U” IS FOR UNCHANGING ပြောင်းလဲခြင်း မရှိသော*

**အဓိကအချက်** – ဘုရားသခင်သည် မည်သည့်အခါမျှ မပြောင်းလဲပေ။

**အဓိကကျမ်းချက်** – ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်း မရှိ။ မလာခိ၊ ၃း၅

**နိဒါန်း** – ဘုရားသခင်သည် မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲသော သူ ဖြစ်သည် *(ဟေဗြဲ၊ ၁၃း၈)*။ ဤအချက်သည် ပြောင်းလဲမှုများနှင့် ပြည့်နှက်နေသည့် လောကကမ္ဘာတွင် ခိုင်မာစွာ အသက်ရှင်နိုင်ရန်အတွက် အခြေခံ အုတ်မြစ်ဖြစ်ပါသည်။ စစ်မှန်သော ဘုရားသခင်သည်သာ အစဉ် မပြောင်းလဲပဲ ရှိနေသည်။ သူ၏ဖြစ်တည်ခြင်း၊ သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းအလုံးစုံ တို့သည် မစဉ်မပြောင်းလဲပဲ ရှိနေကြမည်ဖြစ်သည်။ ဤသြဝါဒသည် ကျွန်ုပ်တို့အတွက် နားလည်ရန် ခက်ခဲသော အချက်ဖြစ်ပါသည်။ ကလေးများသည်လည်း ပြောင်းလဲခြင်းသဘောကို သဘောပေါက်ကြသည့် နည်းတူ တစ်ခါတစ်ရံတွင် အပြောင်းအလဲ လုပ်ပေးခြင်းမျိုးသည် ၎င်းတို့အတွက် ကောင်းမွန်ပါသည်။ ၎င်းတို့သည် ပို၍ကြီးသော၊ ပို၍သန်မာသော၊ ပို၍ ထူးချွန်သော စသည့်သဘောမျိုးကိုသာ လိုချင်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် သူ၏ပြည့်ဝစုံလင်ခြင်း၊ ရည်ရွယ်ချက်များ နှင့် ကတိတော်များသည် ဘယ်သောအခါမျှ မပြောင်းလဲသည့် ဘုရားသခင် ရှိနေသည့် အကြောင်းကို နားလည် သဘောပေါက်ထား ရပါမည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) သာမန် ခေတ်ပုံ စာအုပ်တစ်အုပ် လုပ်ပါ။ သင့်ကိုယ်ပိုင်ပုံ သို့မဟုတ် အခြား မိသားစုဝင် တစ်ဦးဦး၏ မွေးကတည်းကစ၍ အခုအချိန်ထိပုံကို သုံးလေးငါးပုံ လောက်ရိုက်၍ ပြုလုပ် ပြင်ဆင်ထားပါ။

### အခြားသင်ထောက်ကူပြု ပစ္စည်းများ

၁) “ပြောင်းလဲခြင်း” ဟု ရေးထားသော ပိုစတာ။ ထိပ်ပိုင်းတွင် “ပြောင်းလဲခြင်းများ” ဟု ရေးထားပါ။ ထို့နောက် “ကောင်းသော” “မကောင်းသော” ဟူ၍ ခေါင်းစည်းနှစ်ခုအောက်တွင် ကော်လံပိုင်း နှစ်ခု ပြုလုပ်ထားပါ။ ထိုခေါင်းစည်း နှစ်ခုအောက်တွင် ဥပမာ သုံးလေးခုလောက် ရေးသားထားပါ။ ဥပမာ – “ကောင်းသော” အောက်၌ – သင်ယူခြင်းသည် ကျွမ်းကျင်စေသည်၊ လေ့ကျင့်ခန်းလုပ်ခြင်းသည် သန်မာစေသည် စသည်ဖြင့်၊ “မကောင်းသော” အောက်၌ – တစ်နေ့လုံး ချိုချဉ်စားခြင်းသည် ကျန်းမာရေးကို ပျက်ဆီးစေသည်၊ လေ့ကျင့်ခန်း မလုပ်ခြင်းသည် အားလျော့နည်းစေသည် စသည်ဖြင့်

၂) “ဘုရား” ဟု ခေါင်းစည်းပေးထားသော စာအုပ်။ ထိုစာအုပ်ကို သင်၏ ပုံများစုစည်းရာ စာအုပ်ကဲ့သို့ သရုပ်ဆောင်ပါ၊ သို့သော် လည်း “ဘုရား” ဆိုသည့် (မှီငြမ်းရန်စာအုပ်တွင် ကြည့်ပါ) စာသားကို ပုံများအစား ကပ်ထားပါ။ “ဘုရား” စာအုပ်ရှိ စာမျက်နှာတိုင်းသည် ပုံစံတူ ဖြစ်နေရမည်။

၃) သင်ခန်းစာ ၁၈ မှ နာမတော် ရဲတိုက်ပုံ

၄) ကလေးတစ်ယောက်အတွက် ဝတ်လုံ တစ်ထည် နှင့် စက္ကူ သရဖူ

ရွေးချယ်ရန် – အတားအဆီးများ သို့မဟုတ် ကဒ်ထူဖြင့် ရေးဆွဲထားသည့် အုတ်ခဲပုံများ

***သင်ခန်းစာပို့ချခြင်း***

ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး ကောင်းကြီးမင်္ဂလာပုံးထဲမှ ဓာတ်ပုံစာအုပ်ကို ထုတ်ယူစေပါ။ ကလေးများကို ပုံအမျိုးမျိုး ပြလိုက်ပါ။ ပုံအားလုံး တထေရာတည်း တူနေကြပါသလားဟု ကလေးများကို မေးပါ။ အဘယ့်ကြောင့် မတူကြရပါသနည်း။ မည်သည့်အရာက ထိုသူကို ပြောင်းလဲစေခဲ့သနည်း။ ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ဓါတ်ပိုင်းဆိုင်ရာ နှင့် ခံစားချက်ပိုင်းဆိုင်ရာတို့ ပြောင်းလဲသွားခဲ့သည်ကို အနည်းငယ် ရှင်းပြပေးပါ။ ကျွန်ုပ်တို့ အားလုံးပြောင်းလဲကြသည်ကို ပြောပြရင်း ထိုပုဂ္ဂိုလ်၏ ပုံတူကို နောက်နှစ်တွင် နောက်တစ်ပုံရိုက် ဖြစ်ပါကလည်း ပြောင်းလဲ မှုများ ရှိအုံးမည့် အကြောင်းကို ရှင်းပြပေးပါ။

အချို့သော ပြောင်းလဲမှုတို့သည် ကောင်းမွန်တတ်သည့် အကြောင်းကို ဖော်ပြပေးရန် “ပြောင်းလဲခြင်း” ဆိုသည့် ပိုစတာကို အသုံးပြုပါ။

အကြံပြုချက် – *သားႏသမီးတို့ ကျောင်းတက်ပြီး စာတွေသင်တယ်ဆိုရင်တော့ လူတော်လူတက်လေးတွေ ဖြစ်လာမယ်။ လေ့ကျင့်ခန်းတွေ လုပ်ရင်တော့ သန်မာကြံ့ခိုင်လာမယ်။ မိဘတွေရဲ့ စကားကို နားထောင် ရင်တော့ လူလိမ္မာလေးတွေ ဖြစ်လာမယ်။ အဟာရရှိတဲ့ အစားအစာတွေကို စားတယ်ဆိုရင်တော့ ကျန်းမာပြီး ကြီးထွား လာလိမ့်မယ်ပေါ့ကွယ်။*

အချို့သော ပြောင်းလဲခြင်းများသည် ကောင်းမွန်ကြသည်မဟုတ်။

အကြံပြုချက် – *ဆေးစိုးထားတဲ့ အစားအစာတွေကို စားတာများရင် သားတို့သမီးတို့ မကျန်းမမာ ဖြစ်လာမယ်။ လေ့ကျင့်ခန်း မလုပ်ဘူး ဆိုရင်လည်း အားတွေချိနဲ့လာမယ်။ တစ်နေ့လုံး တီဗွီကြည့်နေမယ် ဆိုရင်တော့ မအီမသာ ဖြစ်လာလိမ့်မယ်။*

အချို့သော ပြောင်းလဲမှုများ ဖြစ်ပျက်ကြရခြင်းမှာ ၄င်းတို့အား ကျွန်ုပ်တို့ မထိန်းချုပ်နိုင်သောကြောင့် ဖြစ်သည်။

အကြံပြုချက် – *ဆရာ၊မ တို့ အသက်ကြီးလာတယ်၊ မျက်စိတွေ မှုန်လာတယ်၊ မောပန်းလာကြတယ် နောက် ဖျားနာလာကြတယ် စသည်ဖြင့်ပေါ့။*

လူသားများသာမဟုတ်ပဲ ဖန်ဆင်းထားခြင်းခံရသည့် အရာတိုင်း ပြောင်းလဲနေကြသည်ကို ရှင်းပြပါ။ ၄က်များ၊ ပိုးလောက်လန်းများ၊ အင်းအိုင်များ နှင့် ကျောင်တောင်ကြီးများပင် ပြောင်းလဲနေကြသည်။ ဘုရားသခင်ရော ဘယ်လိုလဲ။ ဘုရားသခင်ရဲ့ ဖြစ်တည်ခြင်း နဲ့ သူ့ရဲ့ လုပ်ဆောင်ချက်တွေက အမြဲပြောင်းလဲနေကြပါသလား။ အဖြေကို မည်သည့်အနေရာတွင် ရှာတွေ့နိုင် မည်နည်း။

*ဆာလံ၊ ၁၀၂း၂၅–၂၇* ကို ဖတ်ပါ။

***ကိုယ်တော်သည် ရှေးဦးစွာ၌ မြေကြီးကိုတည်တော်မူပြီ။ မိုးကောင်းကင်သည်လည်း လက်တော်နှင့် ဖန်ဆင်းသောအရာ ဖြစ်ပါ၏။ ထိုအရာတို့သည် ပျက်စီးခြင်းသို့ရောက်သော်လည်း ကိုယ်တော်သည်***

### *အမြဲတည်တော်မူ၏။ ----- ကိုယ်တော်သည် ဝတ်လုံကို လဲသကဲ့သို့ လဲတော်မူသဖြင့် ပြောင်းလဲခြင်းရှိကြသော်လည်း၊ ကိုယ်တော်သည် ပြောင်းလဲတော်မမူပါ။*

"အစဉ်တည်တော်သည်" ဆိုသည့် အဓိပ္ပါယ်မှာ မပြောင်းလဲပါ ဟု ဆိုလိုသည်။ ဘုရားသခင်ည် မပြောင်းလဲပေ။ သူသည် ပြောင်းလဲခြင်းမရှိသောသူ ဖြစ်သည်။

> အကြံပြုချက် – *ဘုရားသခင်ဟာ သန်မာလာဖို့အတွက် ပြောင်းလဲခြင်း မရှိခဲ့ပါဘူး။ သူဟာ အလုံးစုံ တတ်စွမ်းနိုင်တဲ့ အရှင် ဖြစ်ပြီးသားပါ။ ဉာဏ်ပညာ ကြွယ်ဝပြီးတော့ ကောင်းမြတ်သောသူ ဖြစ်ဖို့ ဘုရားသခင် ပြောင်းလဲခြင်း မရှိခဲ့ပါဘူး။ သူဟာ ပညာကြွယ်ဝသောသူ၊ ကောင်းမြတ်တော်မူသောသူ ဖြစ်ပြီးသားပါ။ ပြောင်းလဲခြင်းဟာ ပိုကောင်းတဲ့ ဒါမှမဟုတ် ပိုဆိုးတဲ့ အရာတွေကို ဖြစ်ပေါ်စေပါတယ်။ ဘုရားသခင်ကတော့ ခပ်သိမ်းသော အရာတို့၌ ပြီးပြည့်စုံပြီးသောသူ ဖြစ်တယ်။ သူဟာ ပြောင်းလဲခြင်း မရှိခဲ့ပါဘူး။ ဘုရားသခင် ပိုကောင်းလာတယ် ဆိုတာမျိုး မရှိပါဘူး။ သူဟာ အကောင်းဆုံး ဖြစ်ပြီးသားပါ။*

"ဘုရား" ဟု ခေါင်းစည်းပေးထားသော စာအုပ်ကို ပြသ၍ အထဲရှိ စာရွက်များကို လှန်ပြလိုက်ပါ။ ကောင်းကြီး မင်္ဂလာပုံးထဲမှ ထုတ်ယူလိုက်သည့် စာအုပ်နှင့် ဤစာအုပ်တို့၏ ခြားနားချက်မှာ မည်သည့်အရာနည်း။ အဘယ့် ကြောင့် စာမျက်နှာတိုင်းက တူညီနေရပါသနည်း။

*ဟေဗြဲ၊ ၁၃း၈* ကို ဖတ်ပါ။

### *ယေရှုခရစ်သည် (ဘုရားသခင်) မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏။*

ဘုရားသခင် မပြောင်းလဲသည့် အချက်ကို သိဖို့ရန် အဘယ့်ကြောင့် အရေးကြီးပါသနည်း။ ထိုအချက်သည် ကောင်းမွန်သည့် အချက်ဖြစ်ပါသလား။ ဘုရားသခင်သည် သူ၏ဖြစ်တည်ခြင်း၌ မပြောင်းလဲသောသူ ဖြစ်သည့် အတွက်ကြောင့် သူ၏ ရည်ရွယ်ချက်များ နှင့် ကတိတော်များသည်လည်း ပြောင်းလဲခြင်း မရှိနိုင်တော့ပေ။ ဘုရားသခင်၏ လူမျိုးများ ဖြစ်သည့် သတ္တုသရေလလူမျိုးများ ဤအကြောင်းနှင့်ပတ်သက်၍ မည်မျှ အရေးကြီး သည့်အကြောင်းကို သဘောပေါက်ခဲ့ကြသည်။ (မှတ်ချက် – သတ္တုသရေလလူမျိုးများကို ဥပမာပေး ရှင်းပြသည် တွင် ဘုရားသခင်ရှေ့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရပ်တည်ချက်ကို ဆိုလိုခြင်းမဟုတ်ဘဲ တစ်လုံးတစ်စုတည်းကို ရည်ရွယ်၍ ဖော်ပြထားခြင်းဖြစ်သည်။) ဘုရားသခင်၌ သတ္တုသရေလ လူမျိုးများကို လူမျိုးကြီး ဖြစ်စေမည်ဟု ရည်ရွယ်ချက်ရှိပြီး ကတိပေးထားသည့် အကြောင်းကို ပြန်၍ ပြောပြပါ။ ကလေးတစ်ယောက်ကို ရှေ့ထွက်လာ စေပါ။ စက္ကူသရဖူ နှင့် ဝတ်လုံကို ဝတ်ဆင်စေပါ။ ထို့နောက် သင်ခန်းစာ ၁၈ တွင် အသုံးပြုခဲ့သည့် ရဲတိုက်ပုံ ဘေးတွင် မတ်တပ်ရပ်စေပါ။ သတ္တုသရေလလူမျိုးတို့တွင် ဘုရင်များစွာ ရှိခဲ့ကြောင်းကို ဆက်လက် ရှင်းပြပါ။ အချို့သော ဘုရင်များမှာ ကောင်းမွန်ကြသည် – ဆိုရပါလျှင် ဘုရားသခင်ကို ချစ်၍ ယုံကြည်ကိုးစားခဲ့သော ဒါဝိဒ်မင်းကြီး။ (ရပ်နေသောကလေးကို ရဲတိုက်ဘက်သို့ မျက်နှာမူစေပါ။) ထို့နောက် အောက်ဖော်ပြပါ ဘုရင်များ ၏စာရင်းကို အသုံးပြုသွားပါ။ ကောင်းမွန်သည့် ဘုရင်ဖြစ်ပါက (ကလေးကို ရဲတိုက်ဘက်သို့ မျက်နှာမူစေပါ)၊ ဆိုးသွမ်းသည့် ဘုရင်ဖြစ်လျှင် (ကလေးကို ရဲတိုက်ကို ဆန့်ကျင်၍ မျက်နှာမူစေပါ)။

| | |
|---|---|
| ဓောလမုန် | ကောင်းသည်၊ နောက်ပိုင်းတွင် ပြောင်းလဲသွားသည် (၃ရာ၊ ၁၀း၂၃–၂၄၊ ၁၁း၄) |

| | | |
|---|---|---|
| ယေရောဗောင် | ဆိုးသွမ်းသည် | (၃ရာ၊ ၁၂း၂၈-၃၀) |
| အာသ | ကောင်းသည် | (၁ရာ၊ ၁၅း၁၁-၁၅) |
| အာဟပ် | ဆိုးသွမ်းသည် | (၁ရာ၊ ၁၆း၃၀-၃၂) |
| ယောရှဖတ် | ကောင်းသည် | (၁ရာ၊ ၂၂း၄၃) |
| အာခဇ် | ဆိုးသည် | (၁ရာ၊ ၂၂း၅၂-၅၃) |

သတ္တသရေလလူမျိုးတို့သည် အကြိမ်ကြိမ် ပြောင်းလဲခဲ့ကြသည်။ တစ်ခါတစ်ရံ ဘုရားသခင် နောက်လိုက်၍ တစ်ခါတစ်ရံ စိတ်ထားပြောင်းကာ ဘုရားသခင်ထံပါးမှ လမ်းလွှဲခဲ့ကြသည်။ တစ်ခါတစ်ရံ ဘုရားသခင်ကို ချစ်၍၊ တစ်ခါတစ်ရံ မေ့ထားကြသည်။ သို့သော်ဘည်း သတ္တသရေလလူမျိုးများအတွက် အကြံအစီရှိခဲ့သည်ကို ဘုရားသခင် ပြောင်းလဲခဲ့ပါသလား။ မပြောင်းလဲခဲ့ပါဘူး။ *(ဆာလံ၊ ၃၃း၁၁)*။ ရဲတိုက်ပုံကို တစ်ချက်ကြည့်လိုက်ပြီး အကယ်၍ ဘုရားသခင်သည် သတ္တသရေလလူမျိုးများအပေါ် စိတ်ပျက်ပြီး သူ၏စိတ်နေသဘောထားကို ပြောင်းလဲ ပစ်လိုက်မည် ဆိုပါက မည်သို့ဖြစ်မည်နည်းကို ကလေးများအား မေးပါ။ အကယ်၍ ဘုရားသခင်က သတ္တသရေလလူမျိုးအပေါ်မှာ ပေးထားတဲ့ ကတိတွေကို မစောင့်ထိန်းတော့ဘဲနဲ့ သတ္တသရေလ တစ်မျိုးလုံးကို ဖျက်ဆီးပစ်မယ် ဆိုရင် ဘယ်လို ဖြစ်မလဲ။ သို့သော့်လည်း ဘုရားသခင်က

***ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်း မရှိ။***

မလာခိ၊ ၃း၅

အဘယ့်ကြောင့် ဘုရားသခင်၏ မပြောင်းလဲခြင်းသဘောက သူ၏လူမျိုးများအတွက် သတင်းကောင်း ဖြစ်ရပါသနည်း။

> မေးခွန်းမေးပါ – *တကယ်လို့များ ဘုရားသခင်က ပြောင်းလဲခဲ့မယ်ဆိုရင် ဘယ်လိုဖြစ်ကုန်မလဲ။ တကယ်လို့ သူ့ရဲ့ ချစ်ခြင်းမေတ္တာကို ပြောင်းလဲပြီးတော့ မချစ်တက်တဲ့သူဖြစ်လာမယ်ဆိုရင် ဘယ်လိုဖြစ်ကုန်မလဲ။ ဒီရဲတိုက်ကြီးကို တည်ဆောက်ထားတဲ့ အုတ်ခဲတစ်လုံးလောက်ကို ဖြုတ်လိုက်မယ်ဆိုရင် ဘယ်လိုဖြစ်မလဲ။* (ရဲတိုက်ကြီးကို အုတ်ခဲများဖြင့် တည်ဆောက်ထားကြောင်းကို ပြသပေးပါ။) *ရဲတိုက်ကြီးက ခိုင်မာအုံးမယ် ထင်လား။ ခိုလှုံဖို့ အတွက် ကောင်းနိုင်အုံးမလား။ ဘုရားသခင်ရဲ့ ကတိတော်တွေကို ဆရာ၊မ တို့ ယုံကြည် ကိုးစား နိုင်ပါ့မလား။*

ဘုရားသခင်ဟာ မပြောင်းလဲတဲ့အတွက် ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းကို ထာဝရ သူ၌ ထားလို့ရပါသည်။ မနေ့မှသည်၊ ယနေ့၊ မနက်ဖြန်များတိုင်အောင် ဘုရားသခင်သည် ခိုင်မာသော ခိုလှုံရာ ရဲတိုက်ဖြစ်ပေ၏။ ဘုရားသခင်သည်သာ အစဉ်အမြဲ တက်စွမ်းနိုင်မှု၍၊ အစဉ်အမြဲ ဥာဏ်ပညာကြွယ်ဝတော်မူ၍၊ အစဉ်အမြဲ သစ္စာရှိတော်မူ၍ စသည်ဖြင့် –

*လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "U" ဆိုသည့် စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- *၁ရ၁၊ ၁၅း ၂၉* ကို စကားပြေ ဖတ်ပေးပါ။

  မေးခွန်းမေးပါ – *သားတို့သမီးတို့ရဲ့ ပတ်ဝန်းကျင်မှာ ရှိတဲ့သူတွေ ပြောင်းလဲကြပါသလား။ အခြားနေ့တွေက လုပ်ခွင့်ရပေမယ့် အခုချိန်မှာ ပြန်လုပ်တဲ့အခါ သားတို့သမီးတို့ရဲ့ အဖေနဲ့ အမေက စိတ်ဆိုးသွားတာမျိုးကို ကြုံဖူးလား။ သားတို့သမီးတို့ရဲ့ အချစ်ဆုံးသူငယ်ချင်းက အခြား တစ်ယောက်ရဲ့ အချစ်ဆုံး သူငယ်ချင်းလို ဖြစ်သွားတာမျိုးကော ရှိသလား။ အခြားသူတွေရဲ့ သားတို့သမီးတို့အပေါ် ဆက်ဆံပုံပြောင်းလဲသွားတဲ့ အခါမှာ သူတို့ကို ဘယ်လိုပြန်ပြီး ဆက်ဆံ ရမလဲ ဆိုတာမျိုး အခက်ကြုံဖူးပါသလား။*
- သားတို့သမီးတို့ ဘယ်လို နေထိုင်ကြရမယ်ဆိုပြီး မိဘတွေက သူတို့ရဲ့ စိတ်ထားတွေ ပြောင်းလဲတတ် ကြပါတယ်။ ဘုရားသခင်ကရော ဆရာ၊မ တို့ကို နေစေချင်တဲ့ သူ့စိတ်နေသဘောထားတွေ ပြောင်းလဲ နေပါသလား။ (မပြောင်းလဲပါဘူး – အပြစ်ဆိုတဲ့အရာဟာ ဘုရားသခင်ကို အမြဲတမ်း ဝမ်းနည်းစေ ပါတယ်။ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းက သူ့ကို ကျေနပ်နှစ်သက်စေတယ်။ စစ်မှန်သော နာခံ ခြင်းက ဘုရားသခင်ကို ဝမ်းမြောက်စေပါတယ်။)
- ဘုရားသခင်သည် ပြောင်းလဲတော်မူခြင်း မရှိသည့်အတွက် သူ၏စည်းမျဉ်းစည်းကမ်းများနှင့် ဆုလဒ် များကိုလည်း ပြောင်းလဲ သွားမည်မဟုတ်။ တကယ်လို့ ဆရာ၊မ က ဒီနေ့မှာ ဘုရားသခင်ကို စိတ်ဆိုး စေတဲ့ တစ်စုံတစ်ခုကိုလုပ်ပြီးတော့၊ နောက်အပတ်မှာလည်း ဆက်လုပ်အုံးမယ်ဆိုရင် ဘုရားသခင်ကို စိတ်ဆိုးစေမှာပဲလား။ သူ့ကို ယုံကြည်ကိုးစားတဲ့ သူတွေကို နှစ်သက်တယ်လို့ ကတိပေးတယ်ဆိုရင် နောင်တစ်ချိန်မှာ ယုံကြည်ကိုးစားတဲ့ သူတွေအပေါ်မှာ ထားတဲ့ သူ့ရဲ့စိတ်ထားတွေ ပြောင်းသွားပါ့ မလား။
- သားတို့သမီးတို့မှာ ကစားစရာ အရုပ်သစ်လေး ရှိတယ်ဆိုရင် အဲဒီအရုပ်လေးက သားတို့သမီးတို့ကို ဝမ်းသာမှုပေးပါသလား။ အရုပ်လေး ပျက်သွားတဲ့ အချိန်မှာ ဘယ်လို ခံစားရမလဲ။ အဲဒီအရုပ်လေးက သားတို့သမီးတို့ကို ဝမ်းသာမှု မပေးနိုင်တော့ဘူး ဘာလို့လဲဆိုတော့ အဲဒီအရုပ်လေးက ပြောင်းလဲ သွားလို့ပေါ့။ ဘုရားသခင်ဟာ ဘယ်တော့မှ မပြောင်းလဲပါဘူး။ သူဟာ အမြဲတမ်း အကောင်းဆုံး ဖြစ်နေသလို သားတို့သမီးတို့ကို အမြဲတမ်း ဝမ်းမြောက်စေနိုင်တဲ့သူပါ။ ဘုရားသခင်ပေးတဲ့ ဝမ်းမြောက် ခြင်းသာလျှင် အကောင်းဆုံးဖြစ်၍ ဘယ်သောအခါမျှ ပြောင်းလည်းသွားမည်လည်းမဟုတ်။

သင်ခန်းစာ ၂၀

## *"O" IS FOR OMNISCIENT အနန္တ ဉာဏ်တော်ရှင်*

**အဓိကအချက်** – ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့ကို သိတော်မူ၏။

**အဓိကကျမ်းချက်** – ငါတို့ကို စစ်ကြောစီရင်တော်မူသောသူရှေ့၌ မထင်ရှား သောအရာ တစုံတခုမျှမရှိ။ ခပ်သိမ်းသောအရာတို့သည် အကွယ်အကာမရှိဘဲ၊ မျက်မှောက်တော်၌ လှန်ထား လျက်ရှိကြ၏။ ဟေဗြဲ၊ ၄း၁၃

**နိဒါန်း** – သူ၏စာအုပ် *(Systematic Theology)* ***စနစ်တကျစီရီထားသော သီအိုလိုဂျီ*** စာအုပ်တွင် ရွှန်းနီ ဂရူဒန် ဘုရားသခင်၏ အနန္တ ဉာဏ်တော်ရှင် ဖြစ်ခြင်းကို "ဘုရားသခင်သည် မိမိကိုယ်ကို လည်းကောင်း၊ ခပ်သိမ်းသော အရာတို့ကိုလည်းကောင်း အရှိကိုအရှိအတိုင်း ထာဝရကာလတိုင်အောင်သိကျွမ်းတော်မူ၏" ဟူ၍ အနက်ဖွင့် ရှင်းပြထားသည် (စာမျက်နှာ ၁၉၀)။ ဆိုလိုသည်မှာ ယခုမှ သာလျှင် ဘုရားသခင်သည် ခပ်သိမ်း သောအရာတို့ကို သိကျွမ်းခြင်းမဟုတ်ပဲ ထာဝရကာလမှ စ၍ သိကျွမ်းနှစ်ပြီးသား ဖြစ်သည်ဟု ဆိုလိုနိုင်သည်။ ဤချိန်များစွာ ရင်း၍ သိရှိခဲ့ခြင်း မဟုတ်သလို၊ သင်ယူလေ့လာခြင်းအားဖြင့်လည်း ဉာဏ်တော်ကို ရရှိခဲ့ခြင်း မဟုတ်။ ဖြစ်ခဲ့သည့်အရာများ၊ ဖြစ်နေသည့် အရာများနှင့် ဖြစ်အံ့မည့် အရာများအားလုံးကို ဘုရားသခင်သည် သိနေနှင့်ပြီး ဖြစ်သည်။

သီချင်းများ နှင့် ပုံပြင်များစွာအားဖြင့် ကလေးအများစုသည် ဘုရားသခင် အလုံးစုံ သိတော်မူခြင်းအကြောင်းကို ရင်းနှီးပြီးသား ဖြစ်ကြသည်။ ဤသင်ခန်းစာတွင် ဘုရားသခင်သည် အမှန်တကယ် အရာခပ်သိမ်းကို သိတော် မူခြင်းသည့် အကြောင်းနှင့် ကျွန်ုပ်တို့အတွက် လုံးလုံးလျားလျား နားမလည်နိုင်သည့် သူ၏အကြောင်းကို ဘုရားသခင် ကောင်းစွာ သိတော်မူခြင်းအကြောင်းကို ပိုမိုနားလည် သဘောပေါက်စေရန် ရှင်းလင်းသည့် ဥပမာများကို အသုံးပြု၍ သင်ကြား ပေးရမည် ဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) စက္ကူဖူးများ ၈ ဖူး။ နံပါတ် ၁ မှ ၈ ဟူ၍ တစ်ဖူးချင်းစီကို နံပါတ်တပ်ထားပေးပါ။ ထိုဖူးတစ်ဖူးစီတိုင်းတွင် အောက်ဖော်ပြပါ အရာများကို ထည့်ထားပါ – ၁) မှန့်တစ်လုံး၊ ၂) ကြိုးတစ်ချောင်း (သို့မဟုတ် ကစားကွင်း၌ စကားနေသည့် ကလေးတစ်ယောက်၏ ပုံ)၊ ၃) အပ်ချည်ကြိုး (ဆံပင်)၊ ၄) မိခင်ဝမ်းဗိုက်ထဲ၌ ရှိနေသော ကလေးပုံ (သို့မဟုတ် ခန္ဓာကိုယ် အတွင်းပိုင်းတွင် ရှိသည့် အစိတ်အပိုင်း ပုံတစ်ခုခု)၊ ၅) စာလုံးများ ရေးထားသော စာရွက်၊ ၆) စဉ်းစားနေသည့် ကလေးပုံ (မှိုင်မြမ်းရန်စာအုပ်)၊ ၇) မွေးနေ့ ဖယောင်းတိုင်၊ ၈) ပြက္ခဒိန် (ရှေ့လာမည့် အနာဂတ်ကို ကြည့်ရန်)။

၂) ပို၍ ကြီးမားသော စက္ကူဖူး တစ်ဖူး။ (နံပါတ် ၉ ကို ကပ်ပါ။ အထဲတွင် "ဘုရားသခင်" ဆိုသည့် စာရွက်ကို ထည့်ထားပါ။

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) *ဟေဗြဲ ၄း၁၃* ကို ရေးထားသည့် စက္ကူလိပ်

**ရွေးချယ်ရန်** – အာနနိနှင့် ရှာဖိရေ တို့၏ အကြောင်းကို ပြောမည်ဆိုလျှင် လိုအပ်မည့် အရာများကို ပြင်ဆင်ထားပါ။ (လိုအပ်မည့် အရာများတွင် စာအုပ်တစ်ခု သည်လည်း အပါအဝင် ဖြစ်သည်၊ ထိုစာအိတ် အတွင်းတွင် ကျောက်ခဲ တစ်လုံးကို ထည့်ထား၍ အပြင်ပိုင်းတွင်မူ စက္ကူနှလုံးသားပုံကို ကပ်ထားပါ။)

***သင်ခန်းစာပို့ချခြင်း***

ကလေးအချို့ကို ရွေ့ထွက်လာစေပြီးနောက် ကောင်းကြီးမင်္ဂလာပုံးထဲမှ စက္ကူဖူး အားလုံးကို ထုတ်ယူစေပါ။ (ဖူးများအားလုံး သေသေချာချာ အလုံပိတ်ထားလျက် ရှိပါစေ။) ကလေးအယောက်စီတိုင်းကို တစ်ဖူးစီ ကိုင်ထားစေပြီး အတန်းရှေ့တွင် မတ်တပ်ရပ်စေပါ။ ထို့နောက် ထိုဖူးလေးများထဲတွင် မည်သည့်အရာများ ထည့်ထားသည်ကို သင်သည် မမှတ်မိတော့သည့် အကြောင်းအား ပြောပြပါ။ ကလေးများအနေနှင့် မည်သည့်အရာများ ရှိသည်ကို သိမသိ မေးကြည့်ပါ။ မည်သည့်အရာများကို ပါသည်ကို သိနိုင်ရန်အတွက် ဘာလုပ်ရမည်နည်း။

နံပါတ် ၁ မှ အစပြုပါ – စက္ကူဖူးကို ဖွင့်စေပြီး အထဲမှ ပါဝင် ပစ္စည်းကို ထုတ်ယူစေပါ။ နံပါတ်အစဉ်လိုက် စက္ကူဖူးလေးများကို ရှေ့နည်းတူ ပြုပါ။

နံပါတ် ၁ (အစားအစာ) – *အစားအစာတွေကိုနဲ့ ပတ်သက်ပြီးတော့ သားတို့သမီးတို့ကို ဘယ်သူက ထောက်ပံ့ ပေးတာလဲ။ ဘုရားသခင်က ဘယ်လိုအရာမျိုးတွေကိုလည်း ထောက်ပံ့ပေးနေသေးလဲ။ ဆရာမ တို့မတောင်းခင် ကတည်းကနေ ဘုရားသခင်က လိုအပ်တဲ့ အရာတွေအားလုံးကို သိထားတယ်လို့ သမ္မာ ကျမ်းစာကတော့ ပြောပါတယ်။ (မဿဲ ၆း၈)*

နံပါတ် ၂ (ကြိုး) – *ဒီခုံ ရတဲ့ ကြိုးနဲ့ သားတို့သမီးတို့ ဘာလုပ်လို့ ရလဲ။ ကလေးကွင်းထဲသွားပြီးတော့ ကြိုးခုံ ချင်ကြလား။ ကလေးအများစု ကစားကွင်းမှာ ဘာလုပ်တက်ကြသလဲဆိုတာ သားတို့သမီးတို့ သိပါသလား။ ဘုရားသခင်ဟာ သားတို့သမီးတို့ရဲ့ ထိုင်ခြင်း ထခြင်းနဲ့ ကစားခြင်းတွေကိုလည် သိတယ်လို့ သမ္မာ ကျမ်းစာက ပြောထားတယ်။ သားတို့သမီးတို့ရဲ့ ခန္ဓာကိုယ် လှုပ်ရှားမှုအားလုံး နဲ့ အခြားလူတွေ အားလုံးရဲ့ (ဆရာမ တို့ မမြင်နိုင်တဲ့ သူတွေအပါအဝင်) ခန္ဓာကိုယ် လှုပ်ရှားမှုအားလုံးကို ဘုရားသခင် သိတော်မူတယ်။ (ဆာလံ ၁၃၉း၂၊ ၃)*

နံပါတ် ၃ (အပ်ချည်ကြိုးများ) – *ကြည့်ပါအုံး တာတွေက ဆံပင်တွေနဲ့ တူလိုက်တာ။ သားတို့သမီးတို့မှာ ဆံပင် အရေအတွက် ဘယ်နှစ်ချောင်း ရှိကြသလဲ။ သားတို့သမီးတို့ရဲ့ ခေါင်းပေါ်က ဆံပင်တွေနဲ့ လက်ပေါ်က အမွေးတွေ ဘယ်လောက်များလဲဆိုတာ ရေတွက်ဖူးပါသလား။ သားတို့သမီးတို့ရဲ့ ဆံပင် အရေအတွက် တင်မကဘူး လူအယောက်စီတိုင်းရဲ့ ဆံပင် အရေအတွက် ဘယ်လောက်ရှိသလဲဆိုတာကို ဘုရားသခင်က အတိအကျ သိတယ်လို့ သမ္မာကျမ်းစာက ပြောထားပါတယ်။ (မဿဲ ၁၀း၃၀)*

နံပါတ် ၄ (ခန္ဓာကိုယ်) – *ခန္ဓာကိုယ်ဆိုတာက သားတို့သမီးတို့ရဲ့ အပြင်ပန်း ပုံစံကို ပြောတာပါ။ သားတို့ သမီးတို့ရဲ့ အတွင်းပိုင်း အားလုံးကို မြင်ဖူးတဲ့ သူရှိလား။ သားတို့သမီးတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ အရာတွေအားလုံးရဲ့ အကြောင်းကို သိကြပါသလား။ သားတို့သမီးတို့ရဲ့ အတွင်းပိုင်းမှာ ရှိတဲ့ အစိတ်*

*အပိုင်းအားလုံးကို ဆရာဝန်တွေထက် ဘုရားသခင်က ပိုသိတယ်လို့ သမ္မာကျမ်းစာက ပြောထားတယ်။ (ဆာလံ၊ ၁၃၉း၁၃)*

နံပါတ် ၅ (စာလုံးများ) – *ကြည့်ပါအုံး ဒီစကားလုံးတွေကို။ ဒီစကားလုံးတွေကိုပဲ စကားပြောတဲ့အခါမှာ သားတို့သမီးတို့ အမြဲတမ်း သုံးပါသလား။ အခြားလူတွေ ပြောတာကော ကြားဖူးလား။ လူတစ်ယောက် စကားမပြောခင်မှာ သူတို့ဘာပြောမလဲဆိုတာ သားတို့သမီးတို့ ကြိုတင်သိထားပါသလား။ ဆရာမ တို့ စကားမပြောခင် အချိန်ကတည်းကနေ ဘုရားသခင်က ဘာပြောမလဲဆိုတာကို ကြိုတင်သိထားတယ်လို့ သမ္မာကျမ်းစာက ပြောထားပါတယ်။ ဆာလံ၊ ၁၃၉း၄*

နံပါတ် ၆ (ကလေးတစ်ယောက်) – *ဒီပုံထဲမှာ ဒီကလေး ဘာတွေ တွေးနေတာပါလိမ့်။ ဘယ်လို သိနိုင်မလဲ။ သူစဉ်းစားနေတဲ့ အကြောင်းအရာကိုတော့ ပုံထဲမှာတွေ့ရတော့ သိနိုင်တာပေါ့။ ဒါပေမယ့် လူတွေ တစ်ခုခု တွေးကြတဲ့အခါမှာ ပုံထဲကလို သူတို့ဘာတွေးနေလဲဆိုတာ သူတို့ရဲ့ ခေါင်းပေါ်မှာ တွေ့လို့ရပါသလား။ ဆရာမ နဲ့ သားတို့သမီးတို့ တွေးသမျှ အရာတွေအားလုံးကို ဘုရားသခင်က သိတော်မူတယ်လို့ သမ္မာကျမ်းစာက ပြောထားပါတယ်။ (ဆာလံ၊ ၁၃၉း၂)*

နံပါတ် ၇ (ဖယောင်းတိုင်) – *ဒီလို ဖယောင်းတိုင်လေးတွေကို ဘယ်မှာ အသုံးပြုတတ်ကြလဲ။ သားတို့သမီးတို့ မွေးနေ့ပွဲ ဘယ်နှစ်ခါ ကျင်းပဖူးပြီလဲ။ ဘယ်နှစ်ခါလောက် ထပ်ပြီး ကျင်းပရအုံးမှာလဲ။ သားတို့သမီးတို့ရဲ့ မိဘတွေက သိပါသလား။ ဘုရားသခင်က မွေးနေ့ပွဲ ဘယ်နှစ်ခါ ကျင်းပရမလဲဆိုတာကို သိတယ်လို့ သမ္မာကျမ်းစာက ပြောထားပါတယ်။ (ဆာလံ၊ ၁၃၉း၁၆)*

နံပါတ် ၈ (ပြက္ခဒိန်) – *ပြက္ခဒိန်က ဘာကို ပြသပေးသလဲ။ ပြက္ခဒိန်ပေါ်မှာ "၄ နာရီမှာ ဆရာဝန်စီ သွားရမယ်" ဆိုပြီးတော့ သားတို့သမီးတို့ရဲ့ မိဘတွေက ရေးထားတာလည်း ဖြစ်နိုင်တယ်။ အဲဒီနေ့မှာ ဘာဖြစ်မလဲဆိုတာကို သူတို့တွေ သိပါသလား။ ဆရာဝန်ကရော အချိန်မှီ ရောက်လာပါ့မလား။ အဲဒီနေ့က ရာသီဥတု ကောင်းပါ့မလား။ ဘုရားသခင်က အဲဒီနေ့မှာ ဘာဖြစ်မလဲဆိုတာကို သိတယ်လို့ သမ္မာကျမ်းစာက ပြောထားတယ်။ အခြားလူတွေ သိနိုင်ပါသလား။ ဘုရားသခင်တစ်ပါးတည်းက လွဲလို့ ဘယ်သူမှ မသိနိုင်ပါဘူး။ (ယေရှာ၊ ၄၆း၉–၁၀၊ ၄၂း၉)*

နံပါတ် ၉ (ဘုရားသခင်) – *"ဘုရားသခင်" ဆိုတဲ့ ဆိုင်းဘုတ်စာရွက်က အခြားစက္ကူဗူးသေးတွေနဲ့ ယှဉ်ရင် ပိုကြီးတဲ့ ဗူးထဲမှာ ရှိနေရတာလဲ။ ဆရာမ တို့ရဲ့အကြောင်းက ပိုသိဖို့ ခက်သလား ဒါမှမဟုတ် ဘုရားသခင်ရဲ့အကြောင်းက ပိုသိဖို့ ခက်လား။ ဘုရားသခင်ဟာ လုံးလုံးလျားလျားနားလည်လို့ မရဘူးဆိုတာအတွက် စကားလုံးတစ်လုံးရှိပါတယ် – လူ့ဉာဏ်ဖြင့် မမှီနိုင်သော (incomprehensible) ဆိုတဲ့ စကားလုံးပါပဲ။ ဘုရားသခင်ရဲ့ အကြောင်းကို လုံးလုံး လျားလျား သိတဲ့သူ ရှိမယ်လို့ ထင်ပါသလား။ ဘုရားသခင် တစ်ပါးတည်းကသာလျှင် သူနဲ့ ပတ်သက်တဲ့ အကြောင်းမှန်သမျှကို သိတယ်လို့ သမ္မာကျမ်းစာက ပြောထားတယ် (၁ကော၊ ၂း၁၀–၁၁)*

ဗူးလေးများအားလုံးကို ဖွင့်၍ အထဲ၌ ရှိသည့်အရာများကို ကြည့်ရှုကြကာ ၄င်းတို့အားလုံး မည်သည့်အရာများ ဖြစ်ကြသည်ကို သိရှိပြီဖြစ်ကြောင်း ကလေးများအား ရှင်းပြပါ။ သို့သော်လည်း ဘုရားသခင်က အထဲက ပစ္စည်းတွေကို သိဖို့အတွက် ဗူးတွေကို ဖွင့်စရာလို ပါ့မလား။ ဘုရားသခင်သည် မည်မျှလောက်သိ တော်မူသနည်း။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူသည်။ *(၁ယော၊ ၃း၂၀)* အခြားဘယ်သူသည် ခပ်သိမ်းသောအရာတို့ကို သိနိုင်ပါသေးသနည်း။ ဘုရားသခင် တစ်ပါးတည်းသာလျှင် တတ်နိုင်တော်မူသည်။

ဘုရားသခင်နှင့်သာ ဆက်ဆိုင်သည့် အထူး စကားလုံးတစ်လုံးရှိသည် ထိုစကားလုံးမှာ – အနန္တဉာဏ်တော်ရှင် (OMNISCIENT) ဆိုသည့် စကားလုံးဖြစ်သည်။ (ထိုစကားလုံးကို ထပ်တလဲလဲ ရွတ်ပေးရန် လိုအပ်နိုင်သည်။) ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့ကို သိတော်မူသော အရှင်ဟု ဆိုလိုပါသည်။

ဘုရားသခင်အတွက် ခပ်သိမ်းသောအမှုတို့ကို သိရန် အဘယ်ကြောင့် အရေးကြီးရပါသနည်း။ ဘုရားသခင်အား တစ်စုံတစ်ခု သင်ပေးရန် လိုအပ်ပါသလား။ ဘုရားသခင်အား တစ်စုံတစ်ယောက်က မကြားဖူးသေးသည့် သတင်းစကားမျိုးကို ပြောပြရန် လိုအပ်ချက်မျိုး ရှိနိုင်ပါသလား။ မည်သူသည် အမြဲတမ်း သိနေပါသနည်း။ မည်သည့်အရာ ဖြစ်ပျက်မည်ကို မသိ၍ ဘုရားသခင်သည် စိုးရိမ်နေရသည်ဟူ၍ ရှိပါမည်လား။ ဖြစ်ပျက်လာတဲ့ တစ်စုံတစ်ခုကြောင့် ဘုရားသခင် လန့်သွားသည်ဟူ၍ ရှိပါသလား။ တစ်စုံတစ်ခု ကောင်းကျိုး ကျွန်ုပ်တို့ ပြုသည့်အရာကို သူတစ်ပါးက မသိသော်လည်း ဘုရားသခင်က သိနေပါသလား။ *(ယေရမိ၊ ၁၇း၁၀)* ဆိုးသွမ်းသော အတွေးအခေါ်များ နှင့် ခံစားချက်များကို ဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့ ဝှက်ထားနိုင်ပါသလား။

*ဟေဗြဲ၊ ၄း၁၃* ကို ပြသ၍ ဖတ်ပေးပါ။

**ငါတို့ကို စစ်ကြောစီရင်တော်မူသောသူရှေ့၌ မထင်ရှား သောအရာ တစုံတခုမျှမရှိ။ ခပ်သိမ်းသောအရာတို့သည် အကွယ်အကာမရှိဘဲ၊**
**မျက်မှောက်တော်၌ လှန်ထား လျက်ရှိကြ၏။**

**ရွေးချယ်၍ရသော ပုံပြင် – အာနနိနှင့် ရှာဖိရေ** *တမန်၊ ၅း၁–၁၀*

အောက်ပါ အချက်များကို အလေးအနက်ထား ပြောပြသွားပေးပါ –

- အာနနိနှင့် ရှာဖိရေတို့ ကျူးလွန်ခဲ့သည့် အပြစ်ကို ဘုရားသခင် ရှေ့တော်၌ ဝှက်ထား၍ ရမည်ဟု ၎င်းတို့ တွေးထင်ခဲ့သည်။
- ၎င်းတို့ထည့်လှူရမည့် ငွေပမာဏမှာ စေတနာ ရှိသလောက် ဖြစ်သည်။
- အများသူများထက် ပို၍ ဘုရားချစ်သည့် သူများဟု ထင်မှတ်ရအောင် ရှိရှိသမျှ ထည့်ကြသည့် နည်းတူ ၎င်းတို့ ဟန်ဆောင်ခဲ့ကြသည်။
- ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူသည်၊ နှစ်လုံးသားထဲ၌ ဝှက်ထားသည့် အရာများကိုလည်း သိတော်မူသည်။ (နှလုံးသားပုံ ကပ်ထားသည့် စာအုပ်ကို နှလုံးသားပုံ တည့်တည့်မှ ဖြဲလိုက်က အထဲမှ ကျောက်တုံးကို ပြပေးပါ။)

ဘုရားသခင်သည် အတွင်း အပြင်အားလုံးကို သိတော်မူသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများ၊ အတွေးအခေါ်များနှင့် စကားလုံးများအားလုံးကို သိတော်မူသည်။ ကျွန်ုပ်တို့၏ နှလုံးသား၌ ရှိသည့်အရာများကိုပင် ဘုရားသခင်သည် သိတော်မူသည်။ သူ့အကြောင်းကိုလည်း သူသည် အလုံးစုံသိထားသည်။ ဘုရားသခင်သည် အနန္တဉာဏ်တော်ရှင် ဖြစ်သည်။ ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့ကို သိတော်မူ၏။

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "O" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဘုရားသခင် သိတော်မူသော အရာများကို ပြန်၍ ကလေးများကို နွေးပေးပါ။ အတိတ်၊ ပစ္စုပ္ပန် နှင့် အနာဂတ်ရှိ ခပ်သိမ်းသောအရာတို့ကို ဘုရားသခင် သတိတော်မူသည့်အကြောင်းအား အလေး အနက်ထား ပြောပြပါ။
- ဘဝတစ်လျောက်လုံး အဖြေမရှိသည့် မေးခွန်းများစွာကို တွေ့ရမည်ဖြစ်သည်။ ဥပမာ – ဘာလို့ ဆင် ဆိုတဲ့ သတ္တဝါမှာ နှမောင်းအရှည်ကြီး ရှိရတာလဲ။ ချင်တွေကရော ဘာလို့ ကိုက်တတ်ကြတာလဲ။ ၈ နဲ့ ကိုး မြောက်တာ ဘယ်လောက်ရလဲ။ ဘာတွေက အရေးအကြီးဆုံး မေးခွန်းတွေလဲ။ အဲဒီမေးခွန်းတွေ အတွင် အဖြေဘယ်မှာ ရှာတွေ့နိုင်မလဲ။ ဘယ်သူက အဖြေမှန်တွေကို အမြဲ သိနိုင်မလဲ။
- ဘုရားသခင်ဟာ ခပ်သိမ်းသော အရာတို့ကို သိတော်မူသည်၊ သို့သော်လည်း အချိန်မရောက်ခင်တွင် ဘုရားသခင်သည် မည်သည့်အရာများ ဖြစ်မည်ကို ကျွန်ုပ်တို့အား ကြိုပြောပြ ထားပါသလား။ သားတို့သမီးတို့ အသက်ကြီးလာတဲ့အခါမှာ ဘယ်နေရာမှာ နေထိုင်ကြရမလဲဆိုတာကို ဘုရားသခင် သိပါသလား။ အဲဒါ ကောင်းမယ်ထင်သလား၊ ဒါမှမဟုတ် ဆိုးမယ်လို့ ထင်သလား။ *ယေရမိ၊ ၂၉း၁၁* ကို ဖတ်ပါ။

**ငါသည် သင်တို့ကို အကျိုးနည်းစေခြင်းငှါ၊ ကြံစည်သော အကြံမဟုတ်ဘဲ၊**
**သင်တို့သည် မြော်လင့်သော အကျိုးကိုရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်း ငှါသာ၊**
**သင်တို့အဘို့ ကြံစည်သောအကြံတို့ကို ငါသိ၏။**

သားတို့သမီးတို့ဟာ ဘုရားသခင်ရဲ့ သားသမီးမှန်ရင်တော့ သားတို့သမီးတို့အတွက် ဘုရားသခင်ရဲ့ အစီစဉ်ဟာ ကောင်းမွန်ပါလိမ့်မယ်။

- ါတစ်ခါတစ်ရံတွင် ဖော်ပြမတတ်သော ခံစားချက်များကို ကျွန်ုပ်တို့ ခံစားတတ်ကြသည်။ ကြောက်နေ နိုင်သကဲ့သို့ အထီးကျန် နေခြင်းလည်း ဖြစ်နိုင်သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့ မည်သို့ခံစား နေကြ ရကြောင်းကို မိဘများ သို့မဟုတ် မိတ်ဆွေများကပင် မသိကြပေ။ *၆ ရာ၊ ၂၈း၉*

**ထာဝရဘုရားသည် ခပ်သိမ်းသော စိတ်နှလုံးတို့ကိုစမ်း၍**
**အကြံအစည်ရှိလေသမျှတို့ကို သိတော်မူ၏။**

- တစ်ခါတစ်ရံတွင် အရမ်းစိတ်တိုပြီး အမှန်တကယ် မလုပ်ချင်သော်လည်းပဲ လုပ်ရသည့် အရာများ ရှိပါ သလား။ ဥပမာ – သားတို့သမီးတို့ရဲ့ အမေက သား၊သမီးတို့ကို ပန်းကန်ဆေးခိုင်းတယ်ဆိုပါစို့၊ ဆေးတော့ ဆေးပေးလိုက်ပေမယ့် နှလုံးသားထဲမှာကတော့ မနှစ်မသက် ဖြစ်နေတယ်။ အဲဒီလိုမျိုး စိတ်နေသဘောထားမျိုးကိုလည်း ဘုရားသခင်က သိပါသလား။
- ဘုရားသခင်တစ်ပါးတည်းကသာ သိထားတဲ့ ညစ်ပေတဲ့ အတွေးအခေါ်တွေ ရှိရင် သားတို့သမီးတို့ ဘာလုပ်ဖို့ လိုအပ်ပါသလဲ။ *ဆာလံ၊ ၁၃၉း၂၃–၂၄ နှင့် ဆာလံ၊ ၅၁း၁၀။*

**အိုဘုရားသခင်၊ အကျွန်ုပ်ကိုစစ်ကြော၍၊ အကျွန်ုပ်၏ နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များ ကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍၊ ထာဝရလမ်း ထဲသို့ သွေးဆောင်တော်မူပါ။**

**အိုဘုရားသခင် အကျွန်ုပ်အထဲ၌ စင်ကြယ်သော နှလုံးကို ဖန်ဆင်းတော်မူပါ။**
**မြဲမြံတည်ကြည်သော သဘောကို အသစ်ပြုပြင်တော်မူပါ။**

**သင်ခန်းစာ ၂၁**

## *"G" IS FOR GOOD ကောင်းမြတ်တော်မူသော အရှင်*

**အဓိကအချက်** – သူ၏ဖြစ်တည်ခြင်း နှင့် လုပ်ဆောင် မှုတိုင်းတွင် ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏။

**အဓိက ကျမ်းချက်** – ဘုရားသခင်တပါး တည်းသာ ကောင်းမြတ်တော် မူ၏။ မာကု၊ ၁၀း၁၈။

ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သော သဘောရှိ၍ ဖန်ဆင်းတော်မူ သမျှတို့ကို သနားစုံမက်တော်မူ၏။ ဆာလံ၊ ၁၄၅း၉

**နိဒါန်း** – "ကောင်းတယ်" ဆိုသည့် စကားလုံးသည် ကလေးအများစုက သိထားသည့် သာမန်စကားလုံး တစ်လုံး ဖြစ်ပါသည်။ ဤစကားလုံးသည် ကျွန်ုပ်တို့ နေ့စဉ်သုံး စကားလုံးများ အနက် အများဆုံးသုံးသော စကားလုံး တစ်ခုဖြစ်ရာ ထိုစကားလုံး၏ အဓိပ္ပါယ် အတိမ်အနက်ကိုပင် ပေါ့ပေါ့တန်တန် မြင်လာကြသည့် အထိပင် ဖြစ်သွားနိုင်သည်။ တစ်စုံ တစ်ခုကို ကောင်းသည် သို့မဟုတ် ဆိုးသည်ဟု ကျွန်ုပ်တို့ ဆိုရာတွင် မည်သည်ကို ဆိုလိုပါသနည်း။ "ကောင်းတယ်" သို့ "ဆိုးတယ်" ဆိုသည့် စကားလုံးကို တစ်စုံတစ်ခုအား ကျွန်ုပ်တို့ ထောက်ခံသည့် အခါ သို့မဟုတ် လက်မခံသည့် အခါ၊ အသုံး ပြုတတ်ကြသည် (ဥပမာ – အစားအသောက် သို့မဟုတ် တစ်စုံတစ်ဦး၏ အပြုအမူ တို့ကို သုံးသပ်ရာတွင်)။ ဤသို့အားဖြင့် ကျွန်ုပ်တို့၏ ကြိုက်နှစ်သက်မှု သို့မဟုတ် မလိုလားမှုတို့ကို ကျွန်ုပ်တို့အား အဆင်ပြေစေသည့် အချက်ပေါ်တွင် မူတည်၍ ကောင်းမကောင်းကို ကျွန်ုပ်တို့၏ သဘောအလိုက် ပြောကြတော့သည်။ ပြဿနာမှာ ကျွန်ုပ်တို့သည် တိုင်းတာရမည့် အဆင့်တွင် ရှိမနေခြင်းပင် ဖြစ်သည်။ *မာကု၊ ၁၀း၁၈* တွင် ***"ဘုရား သခင်တပါး တည်းသာ ကောင်းမြတ်တော် မူ၏"*** ဟု ဆိုထားသည်။ ဘုရားသခင် တစ်ပါးတည်းသာလျှင်၊ သူ၏ ဖြစ်တည်ခြင်း၊ သူ၏လုပ်ဆောင်ခြင်း မှန်သမျှသည်သာ ဘုရားသခင်၏ ထောက်ခံခြင်းနှင့် ကိုက်ညီသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသက်တာတွင် ရင်ဆိုင်ရသည့် အကြောင်းအရာ အလုံးစုံတို့ကို ကောင်းမြတ်တော် မူသော ဘုရားသခင်၏ ကောင်းမြတ်ခြင်းတရားအောက်၌ စစ်ကြောရပါမည်။ (ဤအချက်က "ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏" ဟု ဆိုသည့် စကားလုံးအတွက် အသစ်သော အမြင်ကို ရှုမြင်စေသည်။)

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ကြောက်စရာကောင်းသည့် တိရစ္ဆာန်ပုံ တစ်ပုံ (ပင့်ကူ သို့မဟုတ် လင်းနို့)။
၂) ပစ္စည်းကောင်း ၈ မျိုး နှင့် မကောင်းတော့သည့် ပစ္စည်း ၈ မျိုး (အကြံပြုချက် – ချိုချဉ်တစ်လုံး၊ ပန်းသီးတစ်လုံး၊ အရုပ်တစ်ရုပ်၊ ချစ်စရာ ခွေးပုံတစ်ပုံ၊ ပဲလုံးလေးများ၊ ဟောင်းနွမ်းညစ်ပတ်နေသော ဖိနပ်၊ ဆေး၊ ပန်း၊ မြက်ရိုင်း၊ ပန်းကန်ကွဲ စသည်ဖြင့်)

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) စာရွက် ဆိုင်းဘုတ် သုံးရွက်။ ပထမ စာရွက်ပေါ်တွင် "ကောင်းတယ်"၊ နောက်တစ်ရွက်ပေါ်တွင် "မကောင်းဘူး"၊ နောက်တစ်ရွက်ပေါ်တွင် "?" တို့ကို ရေးသားထားပါ။

၂) *မာကု၊ ၁၀း၁၈ နှင့် ဆာလံ၊ ၁၄၅း၉* တို့ကို ရေးသားထားသည့် စာရွက်လိပ်

ရွေးချယ်ရန် – ကော်ရီတန်ဘုန်း ၏အကြောင်းကို ပြောပြရန် လိုအပ်မည့် ပစ္စည်းများ။ (ဥပမာ – ညစ်ပတ်ပေကျံနေသော စောင်တစ်ထည်၊ မုန့်အသေးလေး တစ်လုံး။)

ကော်ရီတန်ဘုန်း (*Corrie Ten Boom*) ၏ အကြောင်းကို ***ပုံးအောင်းရာ*** (*The Hiding Place*) ဆိုသည့် စာအုပ်မှ အကျဉ်းချုပ်ထားခြင်း ဖြစ်သည်။

(မှတ်ချက် – ဤသင်ခန်းစာကို သင်ခန်းစာ ၃၁ အပြီးတွင် သင်ကြားပေးနိုင်သကဲ့သို့ သင်ကြားပေးခြင်း မပြုလျှင်လည်း ဖြစ်ပါသည်။)

## *သင်ခန်းစာပို့ချခြင်း*

ယနေ့သင်ခန်းစာအား အစမပြုမီ ခန့်မှန်းပြောဆို ဆုံးဖြတ်ခြင်း အစီစဉ် တစ်ခုကို ရှေးဦးစွာ ပြုလုပ်မည်ဖြစ်ကြောင်းကို ကလေးများအား ရှင်းပြပါ။ ကောင်းကြီးမင်္ဂလာပုံးထဲမှ ပစ္စည်းများကို တစ်ပြီးတစ်ခု ပြသ သွားမည်ဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။ (ကြောက်စရာကောင်းသည့် တိရစ္ဆာန်ပုံမှ လွဲ၍ ကျန်ပစ္စည်း များကို ပြပေးပါ။) ထို့နောက် ထုတ်ပြသော ပစ္စည်းတစ်ခုချင်းစီနှင့် ပတ်သက်၍ ကလေးများက ကောင်းသည် မကောင်းသည် ဟူ၍ လျင်မြန်စွာ ဆုံးဖြတ်စေပါ။ ထိုသို့ ဆုံးဖြတ်ပြီးကြသည်နှင့် ထိုပစ္စည်းများကို ကိုက်ညီသည့် စာရွက်ဆိုင်းဘုတ် သုံးရွက်အောက်တွင် ထားပေးပါ။ အကယ်၍ ဆုံးဖြတ်၍ မရသော အရာများ ကိုမူ "?" ဆိုသည့် စာရွက်ဆိုင်းဘုတ် အောက်တွင် ထားပါ။ ဆုံးဖြတ်ချက်များ ချပြီးကြသည့်နောက်တွင် အောက်ဖော်ပြပါ ဆွေးနွေးမှုကို ပြုလုပ်ပေးပါ။

> အကြံပြုချက် – *တစ်စုံတစ်ခုရဲ့ ကောင်းကျိုး ဆိုးကျိုးကို ဆုံးဖြတ်ဖို့ ဆိုတာ လွယ်ကူပါသလား။ တစ်စုံတစ်ခုရဲ့ ကောင်းကျိုး ဆိုးကျိုးကို သားတို့သမီးတို့ ဘယ်လို ဆုံးဖြတ်ကြသလဲ။ တစ်စုံတစ်ခုက အရသာရှိနေလို့ သို့မဟုတ် သားတို့သမီးတို့ကို ပျော်ရွှင်စေလို့ ကောင်းတယ်လို့ ဆုံးဖြတ်ရတာလား။ တကယ်လို့ ဆရာမ က အချိုစားတာမျိုးက သားတို့သမီးတို့ရဲ့ သွား နဲ့ ကျန်းမာရေးကို ချို့ယွင်းစေ တယ်လို့ ပြောရင် ဘယ်လို ဖြစ်မလဲ။ အဲဒီ ချိုတဲ့အရသာရှိတဲ့ အရာက ကောင်းတယ်လို့ ပြောလို့ရအုံး မလား။ သားတို့သမီးတို့ကို နာကျင်စေတဲ့ အရာ သို့မဟုတ် ဝမ်းနည်းစေတဲ့ အရာတွေကို မကောင်းဘူးလို့ ပြောလို့ ရမလား။ တကယ်လို့ ဆရာဝန် ရဲ့ ညွှန်ကြားတဲ့ အတိုင်း ဆေးထိုးခံရမယ်ဆိုရင် သားတို့သမီးတို့ ကျန်းမာရေးအတွက် ကောင်းပြီးတော့ ခွန်အားကို ဖြစ်စေမယ်ဆိုရင် ဘယ်လိုလဲ။ ဆေးထိုးတာကရော ကောင်းသလား၊ မကောင်းဘူးလား။ နောက်ပြီးတော့ ရှိသေးတယ် တစ်ချို့က ကောင်းတယ်လို့ ပြောပြီး တစ်ချို့ကျတော့လည်း အဲဒီ ပစ္စည်းကိုပဲ မကောင်းဘူးလို့ ပြောကြတယ် ဘယ်လိုဖြစ်တာပါလိမ့်။ တစ်စုံ တစ်ခုဟာ တစ်ချိန်ထဲမှာ ကောင်းလည်းကောင်း၊ ဆိုးလည်းဆိုး ဆိုတာမျိုး မရှိနိုင်ပါဘူး။ တာကြောင့် ဘယ်သူ မှန်မယ်ထင်လဲ။*

ကြောက်စရာကောင်းသည့် တိရစ္ဆာန်ပုံကို ကောင်းကြီးမင်္ဂလာပုံးမှ ထုတ်ယူလိုက်ပါ။

မေးခွန်းမေးပါ – *ဒါဆိုရင် --------- ကရော ဘယ်လိုလဲ။ ဒီ ------------ မှာ ကောင်းကျိုးရှိတဲ့ အရာတွေ သားတို့သမီးတို့ ပြောနိုင်မလား။ ဘယ်ဟာက တကယ်ကောင်း သလဲဆိုတာကို ဆရာ/မ တို့ဘယ်လို သိနိုင်မလဲ။ ဘယ်နေရာမှာ အဖြေတွေ့နိုင်မလဲဟေ့။ ဟုတ်ပါတယ် သမ္မာကျမ်းစာ ထဲမှာပါ။*

မည်သည့် နေရာမှ ကြောက်စရာကောင်းသည့် အကောင်များ လာကြသည်ကို ကလေးများအား မေးပါ။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင် ဖြစ်သည်။ ကမ္ဘာပေါ်မှာ ရှိသမျှသော ထွားသွားသတ္တဝါ တွေကို ဘုရားသခင် ဖန်ဆင်းပြီးသည့်နောက် မည်သို့ မိန့်တော်မူခဲ့သနည်း။ *ကမ္ဘာ၊ ၁း၂၅* ကို ဖတ်ပါ။

## *ထိုအမှုအရာ ကောင်းသည်ကို မြင်တော်မူ၏။*

ဘုရားသခင်ကိုယ်တိုင်က ဖန်ဆင်းထားသော သတ္တဝါတို့သည် ကောင်းကြသည်ဟု ဆိုသည်ကို ကလေးများအား ရှင်းပြပေးပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကို ကျေနပ်စေသည့် အရာများကိုသာ ကောင်းသည်ဟု ဆို၍၊ ကျေနပ်မှု မပေးသော သို့မဟုတ် ကြောက်ရွံ့ထိတ်လန့်စေသော အရာများကိုမူ မကောင်းဘူးဟု ဆိုတတ်ကြသည်။ တစ်ယောက်စီတိုင်းတွင် ၎င်းတို့၏ ခံစားချက်များအရ အဖြေခြားနားကြ ပါလိမ့်မည်။ လူသားတို့သည် ဆုံးဖြတ်ချက်ချကြရာတွင် အမြဲတမ်း မှန်ကန်ကောင်းမွန်စွာ ချနိုင်သောသူများ မဟုတ်။ ဘုရားသခင် တစ်ပါးတည်းသာလျှင် မည်သည့်အရာသည် ကောင်းသည်ဟူ၍ စီရင်ဆုံးဖြတ်နိုင်သည်။ အဘယ့်ကြောင့် ဘုရားသခင် သည်သာ ထိုသို့ ပြုလုပ်နိုင်ပါသနည်း။

*မာကု၊ ၁၀း၁၈* ကို ပြ၍ ဖတ်ပေးပါ။

## *ဘုရားသခင်တပါး တည်းသာ ကောင်းမြတ်တော် မူ၏။*

ဘုရားသခင် တစ်ပါးတည်းသာလျှင် ကောင်းမြတ်တော်မူကြောင်းကို ရှင်းပြပါ။ ဆိုလိုသည်မှာ ဘုရားသခင်နှင့် ဆက်ဆိုင်သမျှသော အရာခပ်သိမ်း (အလုံးစုံ တက်စွမ်းနိုင်ခြင်း၊ ခပ်သိမ်းသောအရာတို့အပေါ် အစိုးရခြင်း စသည်ဖြင့်) နှင့် ပြုလေသမျှ တို့သည် ကောင်းမြတ်တော်မူသည်ဟု ဆိုလိုသည်။ ဘုရားသခင် တစ်ပါးတည်း သာလျှင် ကောင်းမြတ်တော်မူသောကြောင့် သူ၏ဖြစ်တည်ခြင်း အလုံးစုံ နှင့် ပြုလေသမျှ အလုံးစုံတို့သည် ကောင်းမြတ်တော်မူ၍ လက်ခံထိုက်တော်မူသည်။ ("ကောင်းသော" ဆိုသည့် စာရွက်ဆိုင်းဘုတ်ကို ပြသ ပေးပါ။)

*ဆာလံ၊ ၁၄၅း၉* ပြရွက် ဖတ်ပေးပါ။

## *ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သော သဘောရှိ၍ ဖန်ဆင်းတော်မူသမျှတို့ကို သနားစုံမက်တော်မူ၏။*

အကြံပြုချက် – *တစ်ခါတစ်ရံမှာ ဒီအချက်နဲ့ ပတ်သက်ပြီးတော့ ဆရာ/မ တို့အနေနဲ့ လက်ခံသဘောတူဖို့ လွယ်ကူပါတယ်။ ဥပမာ – ပန်းမျိုးစုံ ပွင့်လန်းနေတဲ့ ကွင်းပြင်ကြီးတစ်ခုကို ဆရာ/မ က ဖြတ်လျှောက်သွားမယ် ဆိုရင်တော့ ဘုရားသခင် ကောင်းမြတ်တယ် ဆိုတာ မြင်နိုင်ပါတယ်။ သားတို့သမီးတို့လည်း သူငယ်ချင်းတွေနဲ့ ပျော်ရွှင်နေတဲ့ အချိန်၊ သို့မဟုတ် ချစ်စရာ ခွေးလေး လက်ဆောင်ရရင်၊ ဒါမှမဟုတ် ကျန်းမာ သန်စွမ်းနေတဲ့ အချိန်တွေမှာတော့ ဘုရားသခင် ကောင်းမြတ်တယ်ဆိုတာ ထောက်ခံဖို့ လွယ်ကူပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာတော့ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်း နဲ့ သူ လုပ်ဆောင်နေတဲ့ အရာတွေကို ကောင်းတယ်ဆိုပြီး ထောက်ခံဖို့ကတော့ မလွယ်ကူပါဘူး။*

**ပုံပြင် – ကော်ရီတန်ဘုန်း၏ *ပုံးအောင်းရာ***

ပုံပြင်ကို ပြောပြရင်း လိုအပ်သလို သရုပ်ဆောင်သွားပါ။ (ကော်ရီတန်ဘုန်း ၏ ညီမဖြစ်သည့် ဘတ်စီ နေရာတွင် သရုပ်ဆောင်ပေးမည့် သူတစ်စုံတစ်ယောက်ကို အကူအညီတောင်းထားပါ။ အသက်ပို၍ ငယ်သော ကလေးများ အတွက်မူ ပုံပြင်ကို ပို၍ ရိုးရှင်းစေရန် ပြုလုပ်ရပါမည်။

အကြံပြုချက် – *လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်လောက်ကပေါ့၊ ပြောရမယ်ဆိုရင်တော့ သားတို့ သမီးတို့ရဲ့ အဘိုး အဘွားတွေ ငယ်ငယ်တုန်းကပေါ့။ အာဒိုလ် ဟစ်လာ ဆိုတဲ့ သူ လူဆိုးတစ်ယောက် ရှိခဲ့တယ်။ သူဟာ ဥရောပတိုက်မှာ စစ်ကြီးတစ်ခုကို အစပြုခဲ့တယ်။ (မြေပုံတွင် ဥရောပတိုက်ကို ပြပါ။) တစ်ကမ္ဘာ လုံးကို သူက အုပ်ချုပ် ချင်ခဲ့တာပေါ့။ သူ မုန်းရတဲ့ လူမျိုး အများကြီးရှိခဲ့တယ်၊ အဲဒီထဲမှာ သူ အမုန်းဆုံးက တော့ အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့ရဲ့ မျိုးဆက် ဂျူးလူမျိုးတွေပဲပေါ့။ ဒါကြောင့် သူ့ရဲ့ စစ်သားတွေက နိုင်ငံတစ်နိုင်ငံကို တိုက်ခိုက် အောင်နိုင်ပြီဆိုတာနဲ့ ဂျူးလူမျိုးတွေကို ရှာကြတော့တာပဲ။ နောက်ပြီး တွေ့သမျှ ဂျူးလူမျိုးတွေကို အသေသတ်ဖို့ ထောင်ချကြတာပေါ့။*

*ဟော်လန်ဆိုတဲ့ နိုင်ငံလေးဟာလည်း ဟစ်တလာနဲ့ သူ့စစ်သားတွေ ကြီးစိုးပြီးတော့ လူတွေကို ထောင်ကျ တဲ့နေရာတွေထဲက တစ်ခုပေါ့။* (မြေပုံတွင် ပြပေးပါ) *အဲဒီနိုင်ငံမှာ ခရစ်ယာန် ယုံကြည်သူတွေ အများကြီး နေထိုင်ကြလေ။ အဲဒီမိသားစုတွေထဲမှာ တန်ဘုန်းမိသားစု တစ်စုလည်း ရှိနေခဲ့တာပေါ့။ ဦး တန်ဘုန်းဟာ သူ့ရဲ့သမီးနှစ်ယောက် ဖြစ်တဲ့ ကော်ရီ ရယ် ဘတ်စီရယ် ဆိုပြီး သားအဖ သုံးယောက် အတူတကွ နာရီ ပြင်ခြင်း လုပ်ငန်းကို လုပ်ဆောင်ရင်း အသက်မွေးကာ အတူနေခဲ့ကြတာပေါ့။ ဦး တန်ဘုန်းနဲ့ သူ့ရဲ့ သမီး နှစ်ယောက်ဟာ ဘုရားသခင်ကို ချစ်ကြတယ်။ သူတို့ဟာ ဘုရားသခင်ကို ချစ်ကြ တဲ့အတွက်ကြောင့် ဘုရားသခင်ရဲ့ လူမျိုးဖြစ်တဲ့ ဂျူးလူမျိုးတွေကိုလည်း ချစ်ကြတာပေါ့ကွယ်။ သတ္တသရေလ လူမျိုးဟာ ဘုရားသခင်ရဲ့ တစ်ပါးတည်းသော သားတော် ယေရှုရှင် မွေးဖွားမယ့် လူမျိုးဖြစ်တယ်ဆိုတာကို သူတို့တွေ သိထားကြတယ်လေ။*

*တန်ဘုန်းတို့အိမ်နားမှာ ဂျူးလူမျိုး အိမ်နီးနားချင်းတွေ အများကြီး နေထိုင်ကြတယ်လေ။ ဒီလိုနဲ့ ဟစ်တ လာရဲ့ စစ်သားတွေဟာ ရောက်လာကြပြီးတော့ ဂျူးလူမျိုးတွေကို ဖမ်းဆီးသတ်ဖြတ်ဖို့ လာရှာ ကြတော့ တာပေါ့ကွယ်။ ဒါနဲ့ တန်ဘုန်းတို့မိသားစု အဲဒီအခြေအနေမှာ ဘာလုပ်ကြမယ်လို့ ထင်လဲ။ ဂျူးလူ မျိုးတွေကို သူတို့တွေ စပြီးတော့ သူတို့ရဲ့ အိမ်မှာ ဝှက်ထားပြီးတော့ အဲဒီနိုင်ငံကနေ လုံခြုံစွာ ထွက်သွား နိုင်တဲ့အထိ ကူညီခဲ့ကြတာပေါ့။ တစ်နေ့မှာတော့ အဲဒီလို လုပ်နေကြတာကို စစ်သားတွေ သိသွားခဲ့တယ်။ ဒါနဲ့ ဦး တန်ဘုန်း၊ သမီး ကော်ရီနဲ့ ဘတ်စီ တို့သုံးယောက်လုံးကို ဖမ်းပြီးတော့ ထောင်ချခဲ့ကြတယ်။ ဘာလို့ ဘုရားသခင်က ဒီလို ဖြစ်ပျက်တာ တွေကို ခွင့်ပြုခဲ့ရတာလဲ။ အဲဒီအခြေအနေကို ကြည့်ရင် ဘုရားသခင်ဟာ ကောင်းတဲ့အရာကို လုပ်နေတယ်လို့ ပြောလို့ရမလား။*

*ထောင်ထဲမှာလည်း သူတို့သားအဖ သုံးယောက်လုံးကို အခန်းသီးခြားစီ ထားကြတဲ့အတွက် တစ်ယောက် နဲ့တစ်ယောက် မတွေ့နိုင်၊ စကားမပြောနိုင် ကြတော့ဘူးပေါ့။ သူတို့နေရတဲ့ နေရာတွေကလည်း ညစ်ပတ် ပေကျံပြီးတော့ အရမ်းအေးတာပေါ့ကွယ်။ အစားအသောက်ဆိုရင်လည်း နည်းနည်းလေးပဲ ရကြတယ်၊ ရတဲ့ အစားအသောက်ကလည်း အရသာမရှိ၊ သိုးနေတဲ့ဟာမျိုးပေါ့။ ဒါကိုကြည့်ပြီး ဘုရားသခင်က ကောင်းမွန် တော်မူပါသလား။*

*တစ်နေ့မှာတော့ အစောင့်တွေဟာ ခဏအပြင်ရောက်နေတဲ့ အချိန်မှာ ထောင်သားတွေဟာ တစ်ယောက် နဲ့ တစ်ယောက် တီးတိုးစကားပြောနိုင်ကြတော့တာပေါ့။ ဘတ်စီက သူ့အမ ကော်ရီကို စကားအတိုလေး တစ်ခွန်း တီးတိုး ပြောနိုင်ခဲ့တယ်။ ညစ်ပတ်ပေကျံပြီးတော့ အရမ်းအေးပြီး အမှောင် ဖုံးလွှမ်းနေတဲ့ ထောင် အခန်းထဲမှာ အဲဒီစကားလုံးလေးက ဘာဖြစ်မယ်လို့ ထင်သလဲ။ "ဘုရားသခင်ဟာ ကောင်းမြတ်တော်မူ တယ်" တဲ့။*

မေးခွန်းမေးပါ – *အဲဒီလို ဘာလို သူမ ပြောနိုင်တာလဲ။ ထောင်ထဲမှာနေရတာက ကောင်းလို့လား။ ပုတ်သိုး နေတဲ့ အစားစာတွေကို စားရတာ ကောင်းလို့လား။ ခိုက်ခိုက်တုန်အောင် ချမ်းတာမျိုးက ကောင်းလို့လား။*

ကျွန်ုပ်တို့အပေါ် မကောင်းကြံသည့် သူများရှိသည့်အကြောင်းကို ကလေးများအား ရှင်းပြပေးပါ။ ကျွန်ုပ်တို့ကို နာကျင်စေပြီး ဘဝကို ခါးသပ်စေသည့် အရာများစွာ ရှိနေပါသည်။ တန်ဘုန်းတို့၏ မိသားစုအပေါ်၌ ကျရောက် သောအရာမှန်သမျှသည် ဘုရားသခင်၏ အစိုးရခြင်းအောက်၌သာ ဖြစ်သည်။ ဘုရားသခင် ထိုအခြေအနေ အတွက် အလုံးစုံ တာဝန်ရှိသည်။ ဘုရားသခင်သည် ခပ်သိမ်းသော အမှုပြုခြင်းတို့၌ ကောင်းမြတ်တော်မူပေ၏။ အထူးသဖြင့် သူ၏သားသမီးများအပေါ် ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏။ ဘတ်စီ နှင့် ကော်ရီတို့ ညီအမ နှစ်ဦး၏ အသက်တာတွင် အခက်အခဲပြဿနာများ များစွာ ကျရောက်ခဲ့ရပါသော်လည်း ဘတ်စီသည် ဘုရားသခင်၏ ကတိတော်ကို အမှတ်ရနေခဲ့သည်။ *ရောမ၊ ၈း၂၈* ကို ဖတ်ပေးပါ။

***ဘုရားသခင်ကိုချစ်သော သူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။***

ဘုရားသခင်သည် သူ၏ဖြစ်တည်ခြင်းနှင့် ပြုလေသမျှတို့၌ ကောင်းမြတ်စုံလင်တော်မူသောကြောင့် သူ၏သား သမီးများသည် အခက်အခက်ပြဿနာများ ကြုံနေရစေကာမူ ထိုအရာများကို ကျွန်ုပ်တို့ အကျိုးအတွက် ဖြစ်စေ တော်မူမည်ကို ရှင်းပြပေးပါ။ ကော်ရီ နှင့် ဘတ်စီတို့ ညီမနှစ်ယောက်သည်လည်း ထောင်ထဲတွင် ရှိနေကြစဉ်တွင် အခြားသောသူများထံသို့ ဘုရားသခင်၏ ကောင်းမြတ်ကြောင်းကို မျှဝေသက်သေခံကြရင်း ၄င်းတို့သည်လည်း ဘုရားသခင်ကို ချစ်လာကြပေရာ ထိုအရာသည် မှန်မြတ်သည့် အရာဖြစ်ကြောင်းကို ကလေးများအား ဆက်၍ ပြောပြပါ။ ဘုရားသခင်သည် ကောင်းမြတ်တော်မူသည်။

***လိုက်လျှောက်ကျင့်သုံးခြင်း***

- ကလေးများအား "G" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- မေးခွန်းမေးပါ – *ဘုရားသခင်က တချို့လူတွေ အပေါ်တော့ ကောင်းပြီးတော့ တချို့အပေါ်တော့ မကောင်း ဆိုပြီး ရှိသလား။ ဆာလံ၊ ၁၄၅း၉* ကို ဖတ်ပါ။

***ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သော သဘောရှိ၍ ဖန်ဆင်းတော်မူသမျှတို့ကို သနားစုံမက်တော်မူ၏။***

- မေးခွန်းမေးပါ – *ဘုရားသခင်က ပုံပြင်ထဲမှာပါတဲ့ ဟစ်တလာလို လူဆိုးတွေအပေါ်မှာလည်း ကောင်း မြတ်တော်မူမယ်လို့ သားတို့သမီးတို့ ထင်သလား။ မဿဲ၊ ၅း၄၅* ကို ဖတ်ပါ။

***အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့ အဘသည်၊ ကောင်းသောသူ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ၏။***

- အချို့လူတွေက သူတို့အပေါ်မှာ မကောင်းဘူးဆိုပြီးတော့ ငြီးထွားတတ်ကြတယ်။ ဘုရားသခင် တကယ် ကောင်းပါတယ်ဆိုတဲ့ အကြောင်းကို သားတို့သမီးတို့ ဘယ်လို သက်သေပြနိုင်မလဲ။ သူတို့ တွေရဲ့ ထွက်သက်ဝင်သက်ကို ဘယ်သူပေးထားတာလဲ။ သူတို့တွေရဲ့ အစားအစာတွေကို ဘယ်သူ ပေးထား တာလဲ။ သစ်ပင်ပန်းမာန်တွေ၊ ကျေးငှက်လေးတွေ နဲ့ လိုအပ်တဲ့ အရာတွေအားလုံး သူတို့ တွေကို ဘယ်သူ ပေးထားတာလဲ။
- ဘုရားသခင်ဟာ လူသားတိုင်းအပေါ်မှာ ကောင်းမြတ်တော်မူသော်လည်း လူသားတိုင်းက သူတို့ အပေါ် မှာထားရှိတဲ့ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို မသိမှတ်ကြဘူး။ တစ်ခါတစ်ရံ သားတို့သမီး တို့ရဲ့ကိုယ်ပိုင် အားစိုက်ထုတ်မှုကြောင့် အခွင့်ကောင်းတွေကို ဖန်တီးနိုင်တယ်လို့ ထင်တတ်ကြတယ်။ ဒါပေမယ့် အဲဒီလို ထင်မြင်ချက်ဟာ မှားယွင်းပါတယ်။ ခပ်သိမ်းသော ကောင်းကျိုးအလုံးစုံဟာ ဘုရား သခင်ထံပါးမှ ဖြစ်ပါတယ်။ *ယာကုပ်၊ ၁း၁၆–၁၇*
- ဘုရားသခင်ဟာ လူသားတိုင်းအပေါ်မှာ ကောင်းမြတ်စုံလင်တော်မူပေမယ့် အထူးသဖြင့် သူ့သားသမီး တွေအပေါ်မှာ ကောင်းမြတ်တော်မူတယ်။ အကယ်၍ သားတို့သမီးတို့ဟာ ဘုရားသခင်ရဲ့ သား၊သမီး တွေ ဖြစ်ပြီဆိုရင် ဘယ်လိုမျိုးနဲ့ ဘုရားသခင်က သားတို့သမီးတို့အပေါ် ပိုကောင်းနေတာပါလိမ့်။ (ဥပမာ – အပြစ်အား ခွင့်လွှတ်ပေးသည်၊ ဆုတောင်းခြင်းကို နားညောင်းပေးသည်၊ ခက်ခဲသည့် အချိန် များတွင် ခွန်အားကို ပေးသည် စသည်ဖြင့်)။ ခက်ခဲခါးသီးတဲ့ အဖြစ်ပျက်မျိုး သားတို့သမီးတို့ရဲ့ အသက်တာမှာ ဖြစ်နေတယ်လို့ ခံစားဖူးပါသလား။ "ဘုရားသခင် ကောင်းမြတ်တော်မူတယ်" လို့ ပြောဖို့ ခက်ခဲတဲ့ အခြေအနေမျိုးပေါ့။ အဲဒီလို ခက်ခဲတဲ့ အခြေအနေမျိုးမှာ ဆရာ၊မ တို့ကို ကူညီပေးနိုင်မယ့် ကျမ်းပိုဒ် ရှိပါသလား။ *ရောမ၊ ၈း၂၈* ကို ပြန်ဖတ်ပါ။ မည်သူတို့အတွက် ထိုကတိတော်သည် အထူး ပြင်ဆင်ထားသနည်း။

သင်ခန်းစာ ၂၂

## "N" IS FOR NEVER-TIRING ***မောပန်းနွမ်းနယ်ခြင်း မရှိ***

**အဓိကအချက်** – ဘုရားသခင်၌ ဘယ်သော အခါမျှ ပင်ပန်းနွမ်းနယ်သည်ဟူ၍ မရှိ။

**အဓိကကျမ်းချက်** – ထာဝရဘုရားသည် မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍မကုန်နိုင် သော ဉာဏ်နှင့်ပြည့်စုံတော်မူကြောင်းကိုငင်း၊ သင်သည် မသိမကြားဘူးသလော။ ဟေရှာ၊ ၄၀း၂၈

**နိဒါန်း** – လူသားဘဝ၏ တစိတ်တဒေသမှာ နေ့စဉ် သမရိုးကျ လည်ပတ်နေသည့် အလုပ်လုပ်ခြင်း၊ စားသောက်ခြင်း နှင့် အိပ်စက် အနားယူခြင်း ဟူ၍ ဖြစ်သည်။ ထိုသမရိုးကျ လည်ပတ်နေသည့် အငန်းအတာတို့တွင် ကျွန်ုပ်တို့ မှီခိုနေရကြသည်မှာ အလွန်အံ့ဖွယ် ကောင်းလှပါသည်။ ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ဓိတ်ပိုင်းဆိုင်ရာ၊ ခံစားချက်ပိုင်းဆိုင်ရာ နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ စသည့် ကဏ္ဍအသီးသီးတို့တွင် ကျွန်ုပ်တို့၏ စွမ်းဆောင်အားများ ကုန်ဆုံး သွားတတ်ကြသည်။ ခွန်အားရှိလှပါသည်ဟု ထင်ရသည့် ကလေးများပင်လျှင် လူကြီးများကဲ့သို့ပင် အားအင်ချိနဲ့ တတ်ကြပါသည်။ ကျွန်ုပ်တို့အား မည်သည့်အရာက ဆက်လက်ရှင်သန်စေသနည်း။ စိုးထိတ်နေသော ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်များကို မည်သူက အနားပေးသနည်း။ အကယ်စင်စစ် ဘယ်သောအခါမျှ မောပန်းနွမ်းနယ်ခြင်း မရှိသည့် အလွန်ကြီးမြတ်တော်မူသော ဘုရားသခင်အားဖြင့်သာ ဖြစ်သည်။ ခပ်သိမ်းသော အရာတို့ကို လည်ပတ်စေရန် ထိန်းသိမ်းနိုင်သော စွမ်းအားတန်ခိုးများ ဘုရားသခင်၌သာရှိသည်။ နေ့စဉ် လည်ပတ်နေသည့် အခြေအနေ များကြောင့် ဘုရားသခင်သည် ငြီးငွေ့ပင်ပန်းသွားသည်ဟူ၍ မရှိ။ အကယ်စင်စစ် ထိုဘုရား သခင်သည် သူ့ သားသမီးများအတွက် ကောင်းကျိုးပြုရာတွင် ဘယ်သောအခါမျှ ပင်ပန်းငြီးငွေ့သွားပြီ ဟူ၍ မရှိသော ဘုရားသခင် ဖြစ်သည်။

ဤအချက်က အခြားသော ရုပ်တုဆင်းတုများ နှင့် မှားယွင်းသော ဘာသာတရားအမြင်များမှ စစ်မှန်၍ တစ်ပါးတည်းသော ဘုရားသခင်၏ ခြားနားချက်ကို ဖော်ပြနေသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်က သူ၏လူများကို အမှုပြုပေးကာ အနားပေးတတ်ပေသည်။ ဤအချက်နှင့် ပတ်သက်၍ ယေရှုရှင်က ဝန်လေး၍ ပင်ပန်းသောသော သူတို့ကို ***"ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့ လာကြလော့၊ ငါသည် ချမ်းသာပေးမည်"*** ဟု မိန့်တော်မူခဲ့သည်။ *မဿဲ၊ ၁၁း၂၈*

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ခေါင်းအုံးအသေးတစ်လုံး နှင့် စောင်အသေးတစ်ထည်

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) လုပ်ဆောင်ရမည့် အိမ်မှုကိစ္စများ စာရင်းရှည် (နှစ်ရွက်လောက် ထက်၍ အဆတိုး ပွားထားပါ)
၂) *ဆာလံ၊ ၃း၅* ကို ရေးသားထားသည့် စက္ကူလိပ်
၃) *ဟေရှာ၊ ၄၀း၂၈၊ ၂၉* ကို ရေးသားထားသော စက္ကူလိပ် (အငယ် ၂၉ ကို ယာယီ ဖုံးအုပ်ထားပါ)

***သင်ခန်းစာပို့ချခြင်း***

ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး ကောင်းကြီးမင်္ဂလာပုံးထဲမှ စောင်နှင့်ခေါင်းအုံးကို ထုတ်ယူစေပါ။

မေးခွန်းမေးပါ – *ဒီလိုပစ္စည်းမျိုး သားတို့သမီးတို့ အိမ်မှာ ရှိကြသလား။ သားတို့သမီးတို့ရဲ့ မိသားစုဝင်အားလုံး ဒီလိုပစ္စည်းမျိုး ကိုယ်စီရှိကြပါသလား။ ဒီပစ္စည်းမျိုးကို ဘယ်နှစ်ခါလောက် အသုံးပြု ဖြစ်လဲ။ ဒီပစ္စည်းတွေကို ညတိုင်းဘာလို့ သားတို့သမီးတို့ အသုံးပြုရတာလဲ။ ဘာလို့ တစ်ပတ်မှာ တစ်ခါပဲ မသုံးရတာလဲ။ သားတို့သမီးတို့ ဘာလို့ ခဏခဏ မောပန်းကြရတာလဲ။ သားတို့သမီးတို့ အိပ်တဲ့အချိန်မှာ သားတို့သမီးတို့ရဲ့ ခန္ဓာကိုယ်မှာ ဘာဖြစ်နေသလဲ။*

နေ့ရက်စဉ်တိုင်း ကျွန်ုပ်တို့၏ ခန္ဓာကိုယ်မှာ မောပန်းသည်ဖြစ်၍ အနားယူ အိပ်စက်ရန် လိုအပ်ကြောင်း ကလေးများကို ရှင်းပြပေးပါ။ ကျွန်ုပ်တို့ အိပ်စက်အနားယူကြသည့်အခါတွင် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည်လည်း အနားယူ၍ ပြန်လည် (အားကုန်သွားသည့် အရုပ် ဘတ်ထရီကို အားပြန် ဖြည့်သည့်နည်းတူ) အားဖြည့် နေပါသည်။ ဤသို့ပင် လူသားအားလုံး ခန္ဓာကိုယ်သည် အလုပ်လုပ်တတ်ကြသည်။ သန်မာသည့် အားကစားသမား များပင် အိပ်စက်ခြင်းကို လိုအပ်ကြသည်။ အိပ်စက်အနားယူချိန်တွင် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် မည်သို့ အနားယူ၍ ခွန်အားဖြည့်ဆည်းသည်ကို ၄င်းတို့သိပါက ပြောပြရန် ကလေးများကို မေးပါ။

မေးခွန်းမေးပါ – *အားပြည့်လာဖို့ ဘတ်ထရီတွေကို သားတို့သမီးတို့ အသုံးပြုပါသလား။ ဆရာ/မ တို့ရဲ့ အဆုတ်တွေ အနားရဖို့အတွက် အသက်မရှူပဲနဲ့ ဆရာ/မ တို့ နေကြသလား။ ဆရာ/မ တို့ရဲ့ နှလုံး ကရော ခုံနေတာကနေ ရပ်သွားသလား။ ဆရာ/မ တို့ရဲ့ ခန္ဓာကိုအတွက် နောက်တစ်ရက်မှာ လိုအပ်တဲ့ အသစ်သော ခွန်အား တွေကို ဘယ်အရာက စောင့်ထိန်းပေးနေသလဲ။ သားတို့သမီးတို့ရဲ့ မိဘတွေကရော တစ်ညလုံး ထိုင်စောင့်ပြီးတော့ လိုအပ်တဲ့ ခွန်အားတွေကို ဖြည့်ဆည်းပေးကြ သလား။*

*ဆာလံ ၃း၅* ကို ရေးသားထားသည့် စက္ကူလိပ်ကို ပြ၍ ဖတ်ပေးပါ။

***ထာဝရဘုရားသည် ငါ့ကို မစတော်မူသောကြောင့် ငါသည်***
***အိမ်၍ပျော်ခြင်း အခွင့်နှင့် နိုးခြင်း အခွင့်ရှိ၏။***

"ရှင်သန်စေသည်" ဆိုသည့် စကားလုံးမှာ အသက်ရှင်ရန်အတွက် လိုအပ်သည့် ခွန်အားများကို ပေးသည်ဟူ၍ အဓိပ္ပါယ်ရှိကြောင်းကို ရှင်းပြပေးပါ။ ကျွန်ုပ်တို့အားလုံး အိပ်စက်နေသည့်အချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား အသက်ရှင်းခြင်း၊ အနားယူခြင်း နှင့် ခွန်အားသစ်များကို အစဉ်အမြဲ ထောက်ပံ့ပေးနေသည်။ ဤအမှုကို ကမ္ဘာပေါ်ရှိ လူသားတိုင်းအတွက် ဘုရားသခင် အမှုပြုတော်မူသည်။ ထို့ကြောင့် ဘုရားသခင်သည် လူပေါင်း သန်းရာချီကို အသက်ရှင်သန်ရန် စောင့်ထိန်းကွယ်ကာ နေသည်။ ထိုအမှုမှာ ဘုရားသခင်အတွက် မည်မျှ ကြီးမားသည့် အမှုဖြစ်ပါသနည်း။ ဘုရားသခင်သည် လူသားများအတွက်သာလျှင် ထိုအမှုကို ပြုနေပါသလားဟု ကလေးများကို မေးကြည့်။

မေးခွန်းမေးပါ – *ဘုရားသခင်က အခြားအရာတွေကိုလည်း အသစ်သော ခွန်အားရရှိစေဖို့ အလုပ် လုပ်နေပါသလား။ တိရစ္ဆာန်အားလုံးအပေါ်မှာရော ဘယ်လိုလဲ။ ရေတံခွန် တွေနဲ့ မြစ်ချောင်းအင်းအိုင် တွေရော၊ အဲဒီအရာတွေ အားလုံးရော ရပ်တန့် အနားယူကြပါသလား။ အဲဒီအရာတွေအားလုံး လှုပ်ရှား ရှင်သန်နိုင်ဖို့*

*ဘယ်အရာက ထိန်းချုပ်ထားပါသလဲ။ နက္ခတရာတွေ၊ ကြယ်တွေရော ကောင်းကင်ယံထပ်မှာ ထွန်းလင်းတောက်ပ နေစေဖို့ ဘယ်အရာက ထိန်းချုပ်ထားသလဲ။*

*ဟေဗြဲ၊ ၁း၃* ကို ဖတ်ပါ။

***ဘုရားသခင်သည် တန်ခိုးတော်နှင့် ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသော အရာတို့ကို မစတော်မူသောသူ ဖြစ်သည်။***

ဘုရားသခင်တစ်ပါးတည်းသာလျှင် သက်ရှိ၊ သက်မဲ့ စသည့် ခပ်သိမ်းသောအရာတို့ကို ထိန်းချုပ်တော်မူသောသူ ဖြစ်ကြောင်းကို အလေး အနက်ထားပြောပြပါ။ ထို့ကြောင့် ဘုရားသခင်သည် သန်းပေါင်းများစွာသော အရာတို့ကို ထိန်းချုပ်နေသည်ဟု ဆိုလိုသည်။ ထိုအရာအားလုံးတို့ လည်ပတ်အသက်ရှင်နေစေရန် ဘုရားသခင်သည် နေ့ညမပျက် အမှုပြုလျက်ရှိတော်မူသည်။

လုပ်ဆောင်ရမည့် အိမ်မှုကိစ္စများ စာရင်းကို အသုံးပြု၍ သရုပ်ပြလိုက်ပါ။ ထိုအလုပ်အားလုံးကို ပြီးမြောက်သည် အထိလုပ်ဆောင်ရန် ခွန်အားများ ရှိပါမည်လားဟု ကလေးများကို မေးပါ။ ၎င်းတို့အနေနှင့် မောပန်းလာကာ အနားယူရန် လိုအပ်ပါမည်လား။ ဘုရားသခင်၌ ထိုထက်များပြားလှသည့် အလုပ်များစွာ ရှိပါသည်။ ဘုရားသခင်သည်လည်း မောပန်းလာ၍ အနားယူရန် လိုအပ်ပါသလား။ ဘုရားသခင်၌ ခွန်အားကုန်ခမ်းသွားသည်ဟူ၍ ရှိနိုင်ပါသလား။

*ဟေရှာ၊ ၄၀း၂၈* ကို ပြန်၍ ဖတ်ပေးပါ။

***ထာဝရဘုရားသည် မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍မကုန်နိုင် သော ဉာဏ်နှင့်ပြည့်စုံတော်မူကြောင်းကိုငင်၊ သင်သည် မသိမကြားဘူးသလော။***

ဘုရားသခင်သည် ထာဝရ အရှင် ဖြစ်တော်မူကြောင်းကို ကလေးများအား ပြန်လည် သတိရစေပါ။ ထာဝရဘုရားသခင်သည် ထာဝရကာလ ကတည်းမှ ရှိတော်မူ၍၊ ခပ်သိမ်းသောအရာတို့ကို သူကိုယ်တိုင် ဖန်ဆင်းခဲ့သည် *(ဟေရှာ၊ ၄၄း၂၄)*။ နေ့ရက်စဉ်တိုင်း ခပ်သိမ်းသောအရာတို့ကို ထိန်းချုပ်နိုင်စွမ်းလည်း ရှိသည်။ ဘုရားသခင်သည် ဘယ်သောအခါမျှ အားအင်ကုန်ခမ်း၍၊ ပင်ပန်းသည်ဟူ၍ မရှိပါချေ။ ဘုရားသခင်သည် ဘယ်သောအခါမျှ မောပန်းသည်ဟူ၍ မရှိ။ ခွန်အား တန်ခိုးတော်များ ကုန်ခမ်းသွားသည်ဟူ၍ မရှိနိုင်သည့်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့ ခန္ဓာကိုယ်ကို အနားပေး၍ ခွန်အားများကိုလည်း ပြန်လည် လန်းဆန်းစေနိုင်သည်။

အိမ်မှုကိစ္စများ စာရင်းကို ကလေးများအား ပြန်၍ ပြပါ။ ထို့နောက် ကလေးများကို ထိုစာရင်းပါ အလုပ်ကိစ္စများ အားလုံးကို လုပ်ဆောင်နိုင်သည့် စွမ်းအားရှိသကဲ့သို့ စိတ်ကူးပုံဖော်စေပါ။ ထိုသို့ဖြင့် ၎င်းတို့သည် အလုပ်များကို နေ့ရောညပါ လုပ်ကိုင်နိုင်ကြသည် ဆိုပါစို့။ အလုပ်များအားလုံး ပြီးမြောက်သွားပါက နောက်ထက် စာရင်းသစ်တစ်ခုကို ထပ်ပြပါ (ကူးထားသည့် စာရင်းစာရွက်)၊ ထို့နောက် နောက်တစ်ရွက် (ကူးထားသည့် စာရင်းစာရွက်) ထပ်ပြပါ။ သားတို့သမီးတို့မှာ အိမ်မှုကိစ္စများ အားလုံးကို လုပ်ကိုင်နိုင်သည့် စွမ်းအားများ လုံလောက်စွာ ရှိပါသော်လည်း လုပ်နေကျ အရာကို အစဉ်မပြတ် ထပ်ခါထပ်ခါ လုပ်နေရသည့်အတွက် ငြီးငွေ့လာနိုင်သည် မဟုတ်လား။ ဤသို့ဖြင့် တဖြည်းဖြည်း ငြီးငွေ့လာပြီးနောက် သားတို့သမီးတို့ရဲ့ ဘဝတစ်ခုလုံးကို တူညီသည့် အရာများကိုသာ နေ့စဉ်ရက်ဆက် လုပ်ဆောင်နေခြင်းအတွက် အသုံးမပြုချင်တော့ဘဲ ဖြစ်လာနိုင်သည် မဟုတ်လား။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ် ခွန်အားများ ကုန်ခမ်းလာသည့်အခါ မောပန်းခြင်း ရှိသကဲ့သို့ အနားယူရန် လိုအပ်သလို၊ စိတ်ဓာတ် ခံစားချက် ပိုင်းဆိုင်ရာတွင်လည်း မောပန်းငြီးငွေ့ခြင်းများ ရှိနိုင်သည်ကို ကလေးများအား ရှင်းပြပါ။ လူသားတိုသည်လည်း ခန္ဓာပိုင်းဆိုင်ရာ မောပန်းကြသည်နည်းတူ၊ စိတ်ဓာတ်ပိုင်းဆိုရာ မောပန်းခြင်းများ ဖြစ်သည့် ငြီးငွေ့ခြင်း၊ ဝမ်းနည်းခြင်း၊ အရှုံးပေးလိုစိတ်များထွက်လာခြင်း၊ မျှော်လင့်ချက်မဲ့သွားခြင်း စသည်ဖြင့်လည်း ခံစားကြရပါသည်။ သမ္မာကျမ်းစာရှိ နာမည်ကြီး ပုဂ္ဂိုလ်များပင်လျှင် တခါတရံ ဤသို့ ခံစားခဲ့ကြသည်။

**ပုံပြင် – ယေရမိ၏ အသက်တာ**

ယေရမိ၏အသက်တာကို အတိုချုံး၍ ကလေးများကို ပြောပြပေးပါ။

အောက်ပါအချက်များကို အလေးအနက်ထား၍ ပြောပြပေးသွားပါ။

- ယေရမိသည် ဘုရားသခင်၏ ကြီးမြတ်သော ပရောဖတ် တစ်ယောက်ဖြစ်သည်။ ပရောဖတ် များမှာ ဘုရားသခင်က သူ၏လူများကို အထူးသတင်းစကားများပြောရာတွင် တစ်ဆင့်ခံ အသုံးပြုသောသူများ ဖြစ်သည်။ ယေရမိသည် နှစ်ပေါင်းလေးဆယ်ကြာမျှ ပရောဖတ်ပြုသောသူ ဖြစ်သည်။ ထိုနှစ်ပေါင်းလေးဆယ် အတွင်း သတ္တုသရေလလူများသည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းမှ လမ်းမှားနေကြသည့် အချိန် ဖြစ်သည်။ ဘုရားသခင်က သတ္တုသရေလလူများထံသို့ ၎င်းတို့ လမ်းမှားနေပြီး ဘုရားသခင်ကို ပုန်ကန်နေ ခြင်းဖြစ်ရာ ပြစ်ဒဏ်ချမှတ်ခြင်း မကြာခင်အချိန်တွင် ခံရကြမည်ဟူသည့် သတင်းကို ယေရမိအား ပြောစေလိုခဲ့သည်။ ထိုအလုပ်သည် နေ့ရက်စဉ်တိုင်း လုပ်ဆောင်ရမည့် အလုပ်ဖြစ်ပါက အဆင်ပြေ ချောမွေ့သည့် အလုပ်ဖြစ်ပါမည်လား။ သတ္တုသရေလလူများသည်လည်း ၎င်းတို့ မည်မျှ ဆိုးသွမ်းသည်၊ ဘုရားသခင်က ၎င်းတို့၏အပြစ်အတွက် အပြစ်ဒဏ်ပေးမည် ဆိုသည့် သတင်းကို ကြားချင်ကြပါ မည်လား။
- ယေရမိ၏ ပင်ပန်းနွမ်းနွယ်သည့် အဖြစ်ကို ပြောပြပါ – နှလုံးသားတစ်ခုလုံး ဝမ်းနည်းခြင်းနှင့် ပြည့်နေသည် (ယေရမိ၊ ၈း၁၈)၊ နာကျင်ခံစားရသည် (၈း၂၁)၊ မျက်ရည်ကျရသည် (၉း၁)၊ အယောက်စီတိုင်း၏ ကြိမ်ဆိုခြင်းကို ခံရသည် (၁၅း၁၀)၊ ပျက်ရည်ပြုခံရသည် (၂၀း၇–၈)၊ မိတ်ဆွေများ၏ မုန်းတီးခြင်းကို ခံရသည် (၂၀း၁၀)၊ ထောင်ချ ခံရသည် (၃၂း၂)၊ မစင်များနှင့်သာပြည့်နေသည့် တွင်းထဲ၌ အချုခံရသည် (၃၈း၆)။ သူခံစားရသည့် အခက်အခဲများ ကြေကွဲနာကျင်စရာ အခြေအနေအတွက် ပင်ပန်းခံစားရလာကာ မမွေးခဲ့ပါလျှင် ပိုကောင်းမည် ဆိုသည့်အထိ ခံစားခဲ့သည် (၂၀း၁၄–၁၈)။
မေးပါ – *ယေရမိရဲ့ မောပန်းနာကျင်ခြင်းတွေအတွက် အကူအညီ ရှိမယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ အိပ်စက်ခြင်းက သို့မဟုတ် တရေးမေ့စက်ခြင်းက အထောက်အကူ ပြုမယ်လို့ ထင်သလား။ ဘုရားသခင်က ပင်ပန်းနာကျင်နေတဲ့ နှလုံးသားကို အနားပေးနိုင်မလား။*
- ထိုကဲ့သို့သော အခြေအနေမျိုးတွင် ယေရမိ အိပ်စက်နေသည့်အချိန်၌ ဘုရားသခင်က သူ့ကို စကား ပြောခဲ့ကြောင်း ရှင်းပြပါ။ ဘုရားသခင်က ယေရမိကို သူ၏လူတို့ကို အပြစ်မှ ကယ်တင်မည့် အချိန် ရောက်လာအံ့မည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ဘုရားသခင်သည် သူ၏လူတို့ကို မေတ္တာထား၍၊ ၎င်တို့ကို ဝမ်းမြောက်ခြင်း၊ ကောင်းမြတ်ခြင်း နှင့် ကြီးမားသည့် ဆုလဒ်များကို ပေးမည်ဖြစ်သည်။ ဘုရားသခင်က ***"ညှိုးငယ်သောသူအပေါင်းတို့ကို ငါသက်သာစေမည်"*** ဟု မိန့်တော်မူခဲ့သည်။ ယေရမိ နိုးလာသောအခါ ***"ငါသည်နိုး၍ ကြည့်ရှုသောအခါ အိပ်ပျော်ခြင်းအားဖြင့် အားရလျက်ရှိ၏"*** ဟု ပြောဆိုခဲ့သည် *(ယေရမိ၊ ၃၁း၂၅–၂၆)*။ ဘုရားသခင်သည် မောပန်းနွမ်းလျှနေသော ယေရမိ၏ နှလုံး သားကို သက်သာစေခဲ့သည်။

ဘုရားသခင်သည် ကမ္ဘာမြေကြီး၊ တိရစ္ဆာန်များ၊ လူသားများ (ခပ်သိမ်းသော) အရာတို့ကို အနားပေး၍ ခွန်အားသစ်ကို သွင်းလောင်းပေးတော်မူသည်။ ထို့ပြင် ပင်ပန်းနွမ်းလျှနေသော နလုံးသားများကိုလည်း ဘုရားသခင်သည် သက်သာစေသည်။ ဤသို့ ပြုလုပ်နိုင်ရခြင်းမှာ ဘုရားသခင်သည် ဘယ်သောအခါမျှ သူ့အတွက် သူ ပူပန်စရာမလိုအပ်သည့် အတွက်ကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ဘယ်သောအခါမျှ မောပန်းသည် ဟူ၍ မရှိ။ သူ၌ အဆုံးမရှိသော စွမ်းအားများရှိနေလျက် ပင်ပန်းလျက်ရှိသော သူအပေါင်းတို့ကို ခွန်အားနှင့် အနားပေးရန် အစဉ် နှစ်သက်တော်မူသည်။ ဘုရားသခင်သည် သူ၏ အဆုံးအစမဲ့ တန်ခိုးတော်ကို အသုံးပြု၍ သူ၏ လူများ၏ ကောင်းကျိုးအတွက် နေ့နှင့်ည အမှုပြုတော်မူကာ သူ၏လူများကို သက်သာစေပြီး ခွန်အား သစ်တို့ကို အစဉ် သွန်းလောင်းပေးပါသည်။

*ဟေရှာယ၊ ၄၀း၂၈* ကို ဖတ်ပြီး *အငယ် ၂၉* ကို ဖော်ပြလိုက်ပါ။

***ထာဝရဘုရားသည် အစဉ်အမြဲတည်တော်မူသော ဘုရားသခင် ဖြစ်ကြောင်းကိုငင်း၊ မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသော အရှင်ဖြစ်ကြောင်းကိုလည်းကောင်း၊ မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ ----သည်ကို သင်သည် မသိမကြားဘူးသလော။ ထိုဘုရားသည် မောသော သူတို့အား၊ ခွန်အားကိုပေးတော်မူ၏။ နွမ်းနွယ်သော သူတို့အား၊ အစွမ်းသတ္တိနှင့် ပြည့်စုံသောအခွင့်ကို ပေးတော်မူ၏။***

***လိုက်လျှောက်ကျင့်သုံးခြင်း***

- ကလေးများအား “N” ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- မမောပန်းနိုင်ခြင်း နှင့် ခွန်အားရှိခြင်း တို့သည် မည်သို့ ခြားနားပါသနည်း။ ဥပမာ – အလွန်လေးလံလှသည့် ကျောက်ခဲကြီး တစ်လုံးကို မနိုင်မည်ဆိုပါစို့။ သို့သော်လည်း ထိုကျောက်ခဲကြီးကို နေနှင့်ည မထားနိုင်မည်လား။ လမင်းကြီး ပြုတ်ကျလာမည် သို့မဟုတ် နေမင်းကြီး အလင်းမပေးတော့မည်ကို သင် စိုးရိမ်ဖူးပါသလား။ ထို နေမင်းကြီး နှင့် လမင်းတို့ကို ၄င်းတို့ နေရာ၌ လည်ပတ်နေစေရန်နှင့် အလင်းပေးနိုင်စေရန် မည်သူ တက်နိုင်ပါသနည်း။ ထိုအမှုအရာအတွက် ဘုရားသခင် ပင်ပန်းနိုင်ပါ မည်လား။
- ဘုရားသခင်ဟာ ခပ်သိမ်းသော တန်ခိုးတော်ရှင် ဖြစ်တဲ့အပြင် ဘယ်သောအခါမျှ မမောပန်းနိုင်သော သူဖြစ်သည်။
- ညအချိန်မှာ အိမ်သူအိမ်သား အားလုံး အိပ်စက်နေကြတော့ ဘယ်သူမှ သားတို့သမီးတို့ကို အကာအကွယ်မပေးနိုင်ဘူးလို့ ဆိုပြီး စိုးရိမ်ဖူးသလား။ *ဆာလံ၊ ၁၂၁း၃-၄* ကို ဖတ်ပါ။ ဘုရားသခင်ဟာ သူ့ရဲ့ လူတွေကို စောင့်ကြည့်ရာမှာ အစဉ် နိုးနေပါသလား။ သားတို့သမီးတို့ဟာ ဘုရားသခင်ရဲ့ သားသမီး အမှန်ဖြစ်တယ်ဆိုရင် ဘုရားသခင်က အစဉ်စောင့်လျှောက်ပေးနေမယ်ဆိုပြီးတော့ အနားယူလို့ ရပါ မလား။
- ဘုရားသခင်သည် ဘယ်သောအခါမျှ မမောပန်းနိုင်သည့်အပြင် အဆုံးမဲ့သော တန်ခိုးစွမ်းအင်ကို ပိုင်ဆိုင်တော်မူသောကြောင့် ပင်ပန်းနေသောသူများ၊ ကောင်းသောအမှုကို ပြုခြင်း၌ ပင်ပန်းသူများ နှင့် ဘုရားသခင်အား နာခံခြင်းအသက်တာ၌ ပင်ပန်းသူများကိုလည်း ခွန်အားပေး သက်သာစေနိုင် ပါသည်။ *၆ ရာ၊ ၁၆း၉* ကို ဖတ်ပါ။

***ထာဝရဘုရားသည် စုံလင်သောစေတနာစိတ်ရှိသော သူတို့ဘက်၌၊ ခိုင်ခံ့စွာနေခြင်းငှါ၊ မြေကြီးတပြင်လုံးကို အနှံ့အပြား ကြည့်ရှုလျက်ရှိတော်မူ၏။***

ဤကတိတော်သည် အယောက်စီတိုင်းအတွက် ဟုတ်ပါသလား။ မဟုတ်ပါ – ထိုကတိတော်သည် သူ့ထံပါး၌ အသက်တာကို လုံးလုံး ဆက်ကပ်ထားသောသူများအတွက် ဖြစ်သည်။

- သားတို့သမီးတို့၏ ခန္ဓာကိုယ်၌ ခွန်အားများရှိနေသော်လည်း စိတ်နှလုံးသားထဲတွင် ပင်ပန်းခြင်းများ ခံစားဖူးပါသလား။ ကိုယ့်ဘဝကို မကျေနပ်ရလောင်အောင် ခံစားရသည့် ဝမ်းနည်းခြင်းများ၊ ကြေကွဲမှုများကို ခံစားဖူးပါသလား။ မိဘတွေကို နာခံဖို့၊ ညီလေး ညီမလေးအပေါ် စိတ်ထားကောင်းထားဖို့ ငြီးငွေ့ဖူးပါသလား။ ဘုရားသခင်က သားတို့သမီးတို့ကို မချစ်တော့ဘူးဟု ထင်ကာ စိတ်ပျက်ဖူးပါသလား။ စိတ်ပင် ပန်းနေသောသူများအတွက် သက်သာခြင်းကို မည်သည့် နေရာတွင် ရှာတွေ့နိုင်မည်နည်း။ *မဿဲ၊ ၁၁း၂၈–၂၉* ကို ဖတ်ပါ။

***ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့ ငါသည် ချမ်းသာပေးမည်။***

ဤစကားကို မည်သူပြောခဲ့သနည်း။ ယေရှု ပြောခဲ့ပါသည်။ သူသည် သားတို့သမီးတို့၏ စိတ်ကို ချမ်းသာမှု ပေးနိုင်သူ ဖြစ်သည်။ သားတို့သမီးတို့ကို ကူညီဖို့ သူမှာ မောပန်းတာမျိုး ရှိနိုင်ပါသလား။ ခွန်အား ကုန်ခမ်းသွားတာမျိုးရော ရှိပါ့မလား။ ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တဲ့အတွက်ကြောင့် အဲဒီလိုမျိုး မရှိနိုင်ပါဘူး။ ဘုရားသခင်သည် ဘယ်သောအခါမျှ မောပန်းနိုင်သည် မဟုတ်။

သင်ခန်းစာ ၂၃

## *"J" IS FOR JEALOUS* *မနာလိုတတ်သော သခင်*

**အဓိကအချက်** – ဘုရားသခင်သည် သူ၏ကြီးမြတ်ခြင်းနှင့် ထိုက်တန်တော်မူခြင်းကို မည်သူတစ်ဦး တစ်ယောက် ထံမျှ မျှဝေပေးမည်မဟုတ်။

**အဓိကကျမ်းချက်** – ငါသည် ထာဝရဘုရားဖြစ်၏။ ထိုနာမသည် ငါ့နာမဖြစ်၏။ ငါ့ဘုန်းကို အခြားသော သူအားရင်း၊ ငါ့အသရေကို ရုပ်တု ဆင်းတုတို့အားရင်း ငါမပေး။ ဟေရှာ၊ ၄၂း၈

**နိဒါန်း** – "မနာလိုခြင်း" ဆိုသည့် စကားလုံးသည် ယေဘုယျအားဖြင့် အဆိုးသဘော ဆောင်နေတတ်သည်။ ဥပမာ "ကျော်ကျော်ရဲ့ စက်ဘီးအသစ်အတွက် မင်း မနာလို မဖြစ်သင့်ဘူး။" ကလေးဘဝတုန်းက ကျွန်ုပ်တို့ ကိုလည်း မနာလိုစိတ်ဆိုသည်မှာ မှားယွင်းသည်ဟု သင်ပေးခဲ့ကြသည်။ သို့သော်လည်း အရွယ်ရောက်လာကြ သည်နှင့်အမျှ "မနာလိုင်ခြင်း" ၏ အပြုသဘောဆောင်သည့် အဓိပ္ပါယ်ကို နားလည်လာကြသည်သာ မဟုတ် လား။ ဥပမာ– ခင်ပွန်းဇနီးတို့အကြား သစ္စာရှိသော ဆက်နွယ်မှု။ ထိုကဲ့သို့ပင်လျှင် ဘုရားသခင်၏ မနာလိုခြင်းကို ကျွန်ုပ်တို့ နားလည်ကြရမည် ဖြစ်သည်။ ဘုရားသခင်သည် "အံတုဆိုင်ပြိုင်ခြင်း နှင့် သစ္စာမဲ့ခြင်းတို့ကို သည်းမခံနိုင်ပေ" (*Webster's Dictionary II,* (Boston: Hughton Mifflin Company), p. 651)။ သို့မဟုတ် ဂရူဒန် ဆိုသူက ဘုရားသခင်၏ "မနာလိုခြင်း" ကို "ဘုရားသခင်သည် သူ၏ဘုန်းတော်အား အစဉ် ကာကွယ်ရန် အမှုပြု တော်မူ၏" ဟု အနက်ဖွင့်ခဲ့သည်။ (*Wayne Grudem, Systematic Theology,* (Grand Rapidds: Zondervan Publishing House, 1994), p. 205)။ ဘုရားသခင်သည် သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို သို့မဟုတ် ချီးမွမ်းရန် သူ၏ထိုက်တန်ခြင်းတို့ကို မည်သည့်အရာ၊ မည်သူနှင့်မျှ အလဲအလှယ်၊ မျှဝေ မည်မဟုတ်။ အရာခပ်သိမ်း၌ ဘုရားသခင်သာ အထွဋ်အမြတ် ဖြစ်သည်။ ဘုရားရှင် တစ်ပါးတည်း သာလျှင် ခပ်သိမ်းသော အရာတို့၌ ပထမနေရာဖြစ်ကာ ၄င်းထပ် နိမ့်ကျစရာ အကြောင်းမရှိ။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ပထမဆု အတွက် ဖဲကြိုး (ဝယ်ပါ သို့မဟုတ် ကိုယ်တိုင်လုပ်ပါ။)
၂) ပထမဆု တံဆိပ် (ရွေးချယ်ပြင်ဆင်နိုင်သည်။)

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁) ပဋိညာဉ်သေတ္တာ (ဖိနပ်ဗူး တစ်ဗူးကို အသုံးပြု၍ ရွှေရောင်စက္ကူဖြင့် ပုံးအုပ်ထားပါ သို့မဟုတ် အရောင် ခြယ်ပါ။ သို့မဟုတ်ပါက ပြီးခဲ့သည့် သင်ခန်းစာတွင် အသုံးပြုခဲ့သည့် ရတနာဗူးကို အသုံး ပြုပါ။)
၂) ရုပ်တုတစ်ခု (ထောင်ထားနိုင်သည့် သစ်သားတစ်ခုကို အသုံးပြုပါ။ လက်နှင့် မျက်နှာများကို ပြင်ဆင်၍ အဝတ်စ တစ်ခုခုဖြင့် ပတ်ပေးနိုင်ပါသည်။)
၃) ပထမဆု အတွက် ဖဲကြိုးများ (ပဋိညာဉ်သေတ္တာကို ပတ်၍ ချည်နိုင်ရန်)
၄) စာရွက်အနက်ရောင် (ပဋိညာဉ်သေတ္တာ နှင့် ဒါဂုန် ရုပ်တုကို ညအချိန်၌ မမြင်နိုင်စေရန်)
၅) သမ္မာကျမ်းစာအုပ် နှင့် *ဟေရှာ၊ ၄၂း၈* နှင့် *ထွက်၊ ၃၄း၁၄* ကို ရေးသားထားသည့် စက္ကူလိပ်။ ရွေးချယ်ရန် – တူ နှင့် ဆောက်။

## *သင်ခန်းစာပို့ချခြင်း*

ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး ကောင်းကြီးမင်္ဂလာပုံးထဲမှ ပထမဆုအတွက် ပြင်ဆင်ထားသော ဖဲကြိုးကို (ပထမဆု) ထုတ်ယူစေပါ။ ထိုဆုများ၏ ရည်ရွယ်ချက်မှာ မည်သည့်အတွက် ဖြစ်သည် ကို သိမသိ ကလေးများအား မေးပါ။ (အသက်အရွယ် ပိုငယ်သော ကလေးများအတွက် ပို၍ ရှင်းပြရန် လိုအပ် ပေမည်။) ပထမဆုကို သင်ရရှိနိုင်မည့် အခြေအနေ အသီးသီးတို့ကို ပြောပြသွားပါ ဥပမာ – အပြေးပြိုင်ပွဲ၌၊ ကစားပြိုင်ပွဲ တစ်ခုခု၌၊ ကျောင်း၌ စသည်ဖြင့်။

အခန်းထဲတွင် သို့မဟုတ် အပြင်တစ်နေရာတွင် အပြေးပြိုင်ပွဲ တစ်ခု ကျင်းပပြီး သရုပ်ပြလိုက်ပါ။ သင်နှင့်အတူ ကလေးတစ်ယောက်ကို ရွေးချယ်လိုက်ပါ။ ထိုကလေးကို အနိုင်ပေးလိုက်ပါ။ အပြေးပြိုင်ပွဲ ပြီးသွားသည့် အခါ ပထမဆု ရသည့်အနေနှင့် ဖဲကြိုး နှင့် ဆုတံဆိပ်ကို အနိုင်ရသည့် သူအား တရားဝင် ပေးအပ်လိုက်ပါ။ (ဖဲကြိုး နှင့် ဆုတံဆိပ်ကို ကိုင်ထားကာ 'ဒီဆုဟာ --------- က ရရှိသွားပါတယ်' ဟု ကြေညာလိုက်ပါ။ ထို့နောက် ဖဲကြိုး နှင့် ဆုတံဆိပ်ကို ကိုင်မြောက်လိုက်ပြီး ထိုင်ခုံတစ်လုံးပေါ်တွင် ပျော်ရွှင်စွာ မတ်တပ်ရပ်လိုက်ကာ ဖဲကြိုးနှင့် ဆုတံဆိပ် တို့ကို သင် ရရှိသကဲ့သို ဝေ့ရမ်းကာ သရုပ်ဆောင်လိုက်ပါ။ တစ်စုံတစ်ခု မှားယွင်းနေသည့် အကြောင်း ကို ထိုကလေးက သိမှတ်၍ တစ်စုံတစ်ခု ပြောလာစေရန် ဖြစ်သည်။)

> မေးခွန်းမေးပါ – *အဲဒါဘာလို့ မမှန်ရတာလဲ။ အပြေးပြိုင်ပွဲမှာ အနိုင်ရတဲ့သူကတော့ ပထမဆုအတွက် ပြင်ဆင်ထားတဲ့ ဖဲကြိုးနဲ့ ဆုတံဆိပ်ကို ထိုက်တန်တဲ့ သူပဲ။* (ထိုင်ခုံပေါ်မှ ဆင်းလိုက်ပြီးနောက် အနိုင်ရသော ကလေးအား ထိုင်ခုံပေါ်သို့ တက်စေပြီးနောက် ပထမဆုအတွက် ပြင်ဆင်ထားသည့် ဖဲကြိုးကို ပေးလိုက်ပါ။ ထို့နောက် အမှန်တကယ် ပထမဆု ရသွားသည့် ကလေးအတွက် လက်ခုပ်တီး ဩဘာပေးစေပါ။) *သားတို့ သမီးတို့လည်း ပြိုင်ပွဲမှာ အနိုင်ရလို့ရှိရင်တော့ ထိုက်တန်တဲ့ ဆုလက်ဆောင်ကို လိုချင်ကြမှာပဲ။ တစ်စုံ တစ်ခုမှာ ဥပမာ အပြေးပြိုင်ပွဲမျိုးမှာ ပထမ ရတယ်ဆိုရင်တော့ အခြားလူတွေကို တို့တတွေဟာ တကယ့် အကောင်းဆုံး လုပ်နိုင်ခဲ့တယ် ဆိုတာကို တွေ့စေချင်တတ်ကြပါတယ်။ အနိုင်ရတဲ့သူ အတွက်တော့ ဆုတံဆိပ်နဲ့ ရရှိဖို့ ထိုက်တန်သလို၊ အနိုင်မရတဲ့သူကိုလည်း ဆုတံဆိပ်ကို မျှဝေပေးလို့ မရနိုင်ပါဘူး။*
>
> အကြံပြုချက် – *ဒီအဖြစ်အပျက်က သမ္မာကျမ်းစာထဲမှာ တွေ့ရတဲ့ ပုဂ္ဂိုလ် တစ်ယောက်အကြောင်းကို ပြောပြနေတယ်။ အဲဒီပုဂ္ဂိုလ်ဟာ အကောင်းဆုံး၊ အမြဲတမ်း ပထမနေရာရတဲ့သူ၊ သူ့ရဲ့ ဆုလက်ဆောင် ဘယ်သူ့ကိုမှ မမျှဝေမယ့် သူ ပေါ့။*

### ပုံပြင် – ဒါဂုန်ကျောင်းထဲရှိ ပဋိညာဉ်သေတ္တာ *၁ ရာ၊ ၅*

ပြင်ဆင်ထားသော ဘူးလေးကို ဘုရားသခင်၏ ပဋိညာဉ်သေတ္တာ အဖြစ်အသုံးကာ အဝတ်ဖြင့် ပတ်ထားသော သစ်သားတုံးကိုမူ ဒါဂုန်ရုပ်တု အဖြစ် အသုံးပြုပါ။ (မှတ်ချက် – ကျမ်းတက်ဆရာများစွာက ဒါဂုန် ဆိုသည့် ရုပ်တုသည် မည်သို့သော ရုပ်တု အမျိုးအစားဖြစ်သည်ကို အသေအချာ မပြောနိုင်ကြသော်လည်း ကျွန်ုပ်တို့၏ သင်ခန်းစာ ရည်ရွယ်ချက်အပေါ် သက်ရောက်မှု အကြောင်းအရာ မရှိ။)

အောက်ပါအချက်များကို အလေးအနက်ထား၍ ပြောပြပေးပါ –

- ပဋိညာဉ်သေတ္တာဆိုသည်မှာ ဘုရားသခင်၏ အတူပါရှိခြင်း နှင့် ကြီးမြတ်တော်မူခြင်း၏ အထူးအမှတ်အသားဖြစ်ပါသည်။ ဣသရေလလူမျိုးများအတွက် ပဋိညာဉ်သေတ္တာ ၄င်းတို့နှင့်အတူ အစဉ်ရှိနေ ရန်မှာ အလွန်အရေးကြီးပါသည်။ ပဋိညာဉ်သေတ္တာသည် ၄င်းတို့အတွက် အထူးအရေးကြီးသည့် အရာဖြစ်သည်။ ပဋိညာဉ်သေတ္တာကို မည်သည့်ပုံစံဖြင့် ပြုလုပ်ရမည်ကို ဘုရားသခင်က အတိအကျ ပြောပြထားရခြင်းမှာလည်း သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို သူ၏လူများအား ဖော်ပြလိုသောကြောင့် ဖြစ်သည်။
- *၁ ရာ၊ ၅* အထူးသဖြင့် *အငယ် ၁–၈ ၌* ပါရှိသည့် ပုံပြင်ကို ပြောပြပါ။ (ဤနေရာတွင် ရုပ်တုဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို မရှင်းပြသေးနှင့်။)

  ပုံပြင်နှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို မေးပါ – *ဘာလို့ ရုပ်တုကြီးက အမြဲတမ်း ပြုတ်ကျနေရတာလဲ။ ပစ္စည်းတွေက သူ့အလိုလို ကျနိုင်ကြလို့လား။ ဘယ်အရာတွေက ရုပ်တုကို တွန်းထုတ်လဲစေနိုင်သလဲ။ ဘုရားသခင် လုပ်တာပဲ ဖြစ်ရမယ်။ ဘာလို့ ဘုရားသခင်က အဲဒီလို လုပ်နေရတာလဲ။ အဲဒီရုပ်တုကရော တစ်ခုခု အမှားလုပ်နေလို့လား။ အဖြေကို ဗိုဒ္ဓတွေ ဘယ်မှာ တွေ့နိုင်မလဲ။*

*ဟေရှာ၊ ၄၂း၈* ကို ပြန်၍ ဖတ်ပေးပါ။

***ငါသည် ထာဝရဘုရားဖြစ်၏။ ထိုနာမသည် ငါ့နာမဖြစ်၏။ ငါ့ဘုန်းကို အခြားသော သူအားငှင်း၊ ငါ့အသရေကို ရုပ်တု ဆင်းတုတို့အားငှင်း ငါမပေး။***

ဘုရားသခင်၏ ဘုန်းတော်ဆိုသည်မှာ သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းကို ဖော်ပြခြင်းဖြစ်သည်ကို ကလေးများအား ရှင်းပြပေးပါ။ ဆိုလိုသည်မှာ ဘုရားသခင်၏ ဖြစ်တည်ခြင်း နှင့် ပြုလေသမျှတို့၌ ဘုရားသခင်သည် သူ၏ ဘုန်းတော်ကို ထင်ရှားစွာ ပြသနေခြင်းဖြစ်ရာ သူသည်သာလျှင် ပထမ နေရာ ဖြစ်သည်ကို လူသားတိုင်းအား ဖော်ပြနေသည်။ တန်ခိုးတော်၌ လည်းကောင်း၊ ပညာတော်၌ လည်းကောင်း၊ မေတ္တာတော်၌ လည်းကောင်း စသည်ဖြင့် ဘုရားသခင်သည် ထိပ်ဆုံး၌ရှိသော ပုဂ္ဂိုလ် ရှင်ဖြစ်သည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင် အရာခပ်သိမ်း၌ ပထမ နေရာရှင် ဖြစ်သောကြောင့် သူတစ်ပါးတည်းသာလျှင် ခပ်သိမ်းသောအရာတို့၌ အကောင်းဆုံးအဖြစ် ရှုမြင်နေရမည် (ဖဲကြိုးကို ပဋိညာဉ်သေတ္တာပေါ်တွင် ကပ်လိုက်ပါ) ဘုရားသခင် တစ်ပါးတည်းသာလျှင် ချီးမွမ်းခြင်း နှင့် ထောမနာပြုခြင်း အလုံးစုံကို ရရှိထိုက်သည်။ ဘုရားသခင်သည် သူ၏ပထမနေရာကို (ဘုန်းတော်ကို) မည်သည့် ရုပ်တုဆင်းတုနှင့်မျှ လဲမည် မဟုတ်။

ရုပ်တုများဟူသည် မည်သည့်အရာများဖြစ်သည်ကို ကလေးများ သိမသိ မေးလိုက်ပါ။ (*ယေရမိ၊ ၁၀း၁–၇* ကို အခြေပြု၍ ရှင်းပြပါ။) ရုပ်တုများဆိုသည်မှာ လူများက လက်ဖြင့် ပြုလုပ်ကြ၍ ဘုရားသခင်အစား ကိုးကွယ်ကြသည့်အရာများ ဖြစ်သည်။ ဒါဂုန် ရုပ်တု အဖြစ်အသုံး ပြုထားသော သစ်တုံးများ၊ အဝတ်စများ စသည်တို့ကို ပြန်၍ ရှင်းပြပေးပါ။

  မေးခွန်းမေးပါ – *စစ်မှန်သော ဘုရားသခင်လို ရုပ်တုတွေက ထာဝရ အသက်ရှင်သလား။* (လူတွေက လုပ်ထားတာပါ။) *စစ်မှန်သော ဘုရားသခင်လို ရုပ်တုတွေဟာ အလုံးစုံ တက်စွမ်းနိုင်ကြသလား။* (လူတွေက သူတို့ကို ဟိုရွှေ့ဒီရွှေ့ လုပ်ပေးရတာပါ)။ *စစ်မှန်သော ဘုရားသခင်လို ရုပ်တုတွေက လူတွေကို ဂရုစိုက်ပေးနိုင်ကြ သလား။ (သူတို့တွေ မကြားနိုင်ကြပါဘူး။)* (နောက်ထပ် ဥပမာ သုံးလေးခုလောက် ထပ်ပေးနိုင်ပါသည်)။ *ဘုရားသခင်နဲ့ ယှဉ်မယ်ဆိုရင် ရုပ်တုတွေက ပထမနေရာ ရနိုင်ပါ့မလား။ မဖြစ်နိုင် ပါဘူး။ ရုပ်တု*

*တွေက အနိုင်ရတဲ့ သူတွေအနေနဲ့ ပထမ နေရာရဖို့ ထိုက်တန်ကြလို့လား။ မထိုက်တန်ပါဘူး။ ဘုရားသခင်ကရော သူ့ရဲ့ ပထမနေရာကို ရုပ်တုတွေကို မျှဝေပေးပါ့မလား။ မျှဝေပေးမှာ မဟုတ်ပါဘူး။ ဘုရားသခင်က သူနဲ့သာ ထိုက်တန်တဲ့ သူ့ရဲ့ ဘုန်းတော်နဲ့ ချီးမွမ်းခြင်းတွေကို ရုပ်တုတွေကို မျှဝေပါ့မလား။ မျှဝေမှာ မဟုတ်ပါဘူး။*

*ဟေရှာ၊ ၄၂း၈* ကို အလေးထားသည့် လေသံဖြင့် ထပ်မံ၍ ဖတ်ပေးပါ။

***ငါသည် ထာဝရဘုရားဖြစ်၏။ ထိုနာမသည် ငါ့နာမဖြစ်၏။ ငါ့ဘုန်းကို အခြားသော သူအားငှငး၊ ငါ့အသရေကို ရုပ်တု ဆင်းတုတို့အားငှငး ငါမပေး။***

*အကြံပြုချက် – ဆရာ/မ တို့ကတော့ မျှဝေခံစားတယ်ဆိုတာ ကောင်းမွန်တဲ့ အရာတစ်ခုလို့ လက်ခံထားတတ်ကြပါတယ်။ ဥပမာ – မုန့်ကို မျှဝေစားတာတို့၊ အရုပ်ကို အတူတူ ကစားတာတို့ပေါ့။ အဲဒီလိုပါပဲ ဘုရားသခင်က ဆရာ/မ တို့ကို မျှဝေခံစားစေတဲ့ အရာတွေ ရှိပါတယ် ဥပမာ ပြောရရင်တော့ သူ့ရဲ့ ဝမ်းမြောက်ခြင်းကိုပေါ့။ ဒါပေမယ့် မျှဝေခံစားဖို့ မသင့်လျော်တဲ့ ဥစ္စာတွေလည်း ရှိတတ်ပါတယ်။ (ဥပမာ – ခင်ပွန်းယောကျ်ားတစ်ဦးက သူ့ရဲ့ ဇနီးသည်ကို အခြားလူနဲ့ မျှဝေတာမျိုးပေါ့။) ဘုရားသခင်ကလည်း သူ့ရဲ့ ပထမနေရာကို အခြားသူတွေနဲ့ မျှဝေမယ်ဆိုရင်တော့ မဟုတ်တော့ဘူးပေါ့နော်။ ဘုရားသခင်ဟာ သူ့ရဲ့ ဘုန်းတော်ကို ရုပ်တုတွေ အခြားအခြားသော လူတွေ၊ ပိုက်ဆံတွေ၊ ကစားစရာတွေ၊ အရုပ်တွေနဲ့ ဘယ်တော့မှ လဲမှ မဟုတ်ပါဘူး။ ဒီသဘောကို ဖော်ပြဖို့ သမ္မာကျမ်းစာထဲမှာ ဘုရားသခင်အတွက် အထူးနာမည်တစ်ခုကို ဖော်ပြထားပါတယ်။*

*ထွက်၊ ၃၄း၁၄* ကို ဖတ်ပေးပါ။

***အခြားသော ဘုရားကို သင်သည် မကိုးကွယ်ရ။ အပြစ်ရှိယုံလွယ် အမည်ရှိသော (မနာလိုတတ်သော) ထာဝရဘုရားသည် အပြစ်ရှိသည်ဟု ယုံလွယ်သော (မနာလိုတတ်သော) ဘုရားသခင် ဖြစ်တော်မူ၏။***

ဘုရားသခင်သည် မနာလိုတတ်သော ဘုရားသခင်ဖြစ်သည်။ သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို မည်သူ့ကိုမျှ (မည်သည့်အရာနှင့်မျှ) လွှဲပြောင်းပေးသွားမည် မဟုတ်။ ခပ်သိမ်းသောအရာတို့၏ ထိပ်ဆုံး၌ သူ တစ်ပါးတည်း သာရှိတော်မူသည်။ ထိုနေရာကိုလည်း မည်သူ့ကိုမှ (မည်သည့်အရာကိုမှ) ပေးအပ်သွားမည် မဟုတ်။ တစ်စုံတစ်ယောက်သည် သူ၏ ပထမနေရာကို လုယူရန် ကြိုးစားခဲ့ပါလျှင် ထိုနေရာကို ဘုရားသခင်သည် ကွယ်ကာသွားမည် ဖြစ်သည်။ ဘုရားသခင် တစ်ပါးတည်းသာလျှင် ချီးမွမ်းခြင်း၊ ကိုးကွယ်ခြင်းကို အကောင်းဆုံး ထိုက်တန်သောသူ ဖြစ်သည်။ ဘုရား သခင်သည် မနာလိုတတ်သော ဘုရားသခင် ဖြစ်ပေ၏။

***လိုက်လျောက်ကျင့်သုံးခြင်း***

- ကလေးများအား “J” ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဒါဂုန်ကျောင်းထဲရှိ ပဋိညာဉ်သေတ္တာ ပုံပြင်ထဲတွင် လူပေါင်းများစွာ ထိုရုပ်တုကို အမှန်တကယ် ဦးချ ကိုးကွယ်ကာ ချီးမွမ်းနေကြသည်။ ဘုရားသခင်က သူတစ်ယောက်တည်းနဲ့သာ ထိုက်တန်တဲ့ ချီးမွမ်းခြင်းကို အခြား ရုပ်တုတွေနဲ့ မျှဝေပါ့မလား။ သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို ၄င်းတို့ လက်ဖြင့် လုပ်ထားသော ရုပ်တုဆင်းတုနှင့် မျှဝေခံစား မသွားမည့် အကြောင်းကို ဘုရားသခင်

က ထိုသူတို့အား အသိပေးခဲ့သည်ဟု ထင်ပါသလား။ ၄င်းတို့ ဘုရားရုပ်တုသည် နှစ်ကြိမ်ကျပြီးသည့် နောက်တွင် ၄င်း၏ ဦးခေါင်းနှင့် လက်များ ဖြုတ်ထွက်ကုန်ရာ ၄င်းတို့၏ ဘုရားရုပ်တုသည် အကြီးမား ဆုံး သို့မဟုတ် အကောင်းဆုံး မဟုတ်သည်ကို ၄င်းတို့ နားလည်သွားကြမည်ဟု ထင်ပါသလား။ ဥပမာ ကမ္ဘာပေါ်မှာ အကောင်းဆုံး စက်ဘီးကို သားတို့သမီးတို့ ပိုင်ဆိုင်ထားတယ်ဆိုပြီးတော့ အပြင် ထွက်စီး ကြည့်တဲ့ အခါမှာ ပစ်လဲရော နောက်ပြီး စက်ဘီးကလည်း တစ်စစီဖြစ်သွားရော ဆိုရင် အဲဒီ စက်ဘီးကို အကောင်းဆုံးလို့ ပြောလို့ရမယ် ထင်သလား။

- ပညတ်တော်ဆယ်ပါးကို သိပါသလားဟု ကလေးများကို မေးပါ။ ပထမဆုံး ပညတ်က ဘာပါလိမ့်။ *တရား၊ ၅း၆–၇* ကို ဖတ်ပေးပါ။ ဒုတိယ ပညတ်က ပါလဲ။ *တရား၊ ၅း၈–၁၀* အထိဖတ်ပါ သို့မဟုတ် ပညတ်တော် ဆယ်ပါးဖော်ပြထားသည့် ကျမ်းပိုဒ်တစ်ခုလုံးကို ဖတ်ပေးလိုက်ပါ။ ဤနေရာတွင် ယနေ့ သင်ကြားခဲ့သည့် ဘုရားသခင်နှင့် ပတ်သက်၍ မည်သည့် စကားလုံး တွေ့နိုင် (ကြားရ) ပါသနည်း။ မနာလိုတတ်သော (အငယ် ၉)။
- မနာလိုတတ်သော ဘုရားသခင်သည် သူ့ကိုသာ ချီးမွမ်းကိုးကွယ်သောသူများအား မည်သည့် ကတိ ပေးထားပါသနည်း။ *(အငယ် ၁၀) သူ့အား မချီးမွမ်း၊ မကိုးကွယ်သောသူတို့အား မည်သည့်ကတိကို ပေးထားပါသနည်း (အငယ် ၉ ခ)။*
- အမေရိကန်နိုင်ငံမှာ ဆိုရင်တော့ သမ္မာကျမ်းစာထဲမှာ တွေ့ရတဲ့အတိုင်း သစ်သား၊ ကြေးနီ စတာတွေနဲ့ လုပ်ထားတဲ့ ရုပ်တု တွေကို ကိုးကွယ်တဲ့သူကို မြင်ရဖို့ ရှားပါတယ်။ ဒါပေမယ့် ဘုရားသခင်ထက် ဦးစားပေးတဲ့ အရာတွေ များစွာ ရှိနေတတ်တယ်။ (ဥပမာ – ပိုက်ဆံ၊ အားကစား၊ သူငယ်ချင်းမိတ်ဆွေ၊ အိမ်မွေးတိရစ္ဆာန်တွေ၊ အရုပ်တွေ စသည်ဖြင့်ပေါ့)။ ဘုရားသခင်က အဲဒီလို အရာတွေနဲ့ သူ့ရဲ့ပထမ နေရာကို မျှဝေပေးပါ့မလား။ သားတို့သမီးတို့ရဲ့ အသက်တာမှာ ဘုရား သခင်ထက် ပိုပြီးတော့ နှစ်သက်ချီးမွမ်း ကိုးကွယ်တဲ့ အရာတွေ ရှိပါသလား။
- အကယ်၍ သားတို့သမီးတို့ဟာ အပြေးပြိုင်ပွဲ တစ်ခုမှာ အနိုင်ရခဲ့မယ်ဆိုရင် ရရှိမယ့် ဖဲကြိုးလေးကို သို့မဟုတ် ဆုတံဆိပ်ကို ဘယ်နေရာမှာ ထားမှာလဲ။ သားတို့သမီးတို့ရဲ့ ပစ္စည်းဟောင်းတွေနဲ့အတူ အံဆွဲထဲမှာ ဖွတ်ထားမှာလား။ ဒါမှမဟုတ် လူတွေမြင်အောင် ပြသထားမှာလား။ ဘုရားသခင် ဟာလည်း အရာခပ်သိမ်းမှာ ပထမ ဖြစ်တဲ့အတွက် သူဟာ အကောင်းဆုံး ဖြစ်တယ်ဆိုတာ ဖော်ပြနေ မှာပါ။ ဘုရားသခင်သည် ဘုန်းကြီးတော်မူတယ်။ အယောက်စီတိုင်း မြင်နိုင်ဖို့ သူ့ရဲ့ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်း တို့ကို ဘုရားသခင် ပြသပေးတော်မူတယ်။

သင်ခန်းစာ ၂၄

**"R" IS FOR RIGHTEOUS** ***ဖြောင့်မတ်တော်မူသောအရှင်***

**အဓိကအချက်** – ဘုရားသခင်သည် သူ၏ ဖြစ်တည်ခြင်း အမှန်ကို အစဉ်အလေးထားသဖြင့် သူ တွေးခေါ်သမျှ၊ ပြောသမျှ၊ လုပ်ဆောင်သမျှတို့သည် ဖြောင့်မတ်တော်မူသည်။

**အဓိကကျမ်းချက်** – ဘုရားသခင်သည် မူလ အမြစ် ဖြစ်၍၊ အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူ သမျှတို့သည် တရား နှင့်ညီလျက်၊ သစ္စာစောင့်သောဘုရား၊ အပြစ်ကင်းလွတ်၍ ဟုတ်မှန် ဖြောင့်မတ် သော ဘုရားဖြစ်တော်မူ၏။ တရားဟော၊ ၃၂း၄

**နိဒါန်း** – "ဘုရားသခင်သည် သူ၏ တွေးခေါ်ခြင်း၊ ပြောဆိုခြင်း နှင့် အမှုပြုတော်မူခြင်း အလုံးစုံတို့တွင် မှန်ကန်တော်မူ၏" ဆိုသည့် အဓိပ္ပါယ်မှာ မည်သို့နည်း။ အောက်ဖော်ပြပါ အနက်ဖွင့်ချက်သည် အလွန်ကောင်းလှ ပါ၏။

> "ဖြောင့်မတ်ခြင်း၏ အနှစ်သာရမှာ မှန်ကန်ဖြောင့်မတ်သော လုပ်ဆောင်မှု အလုံးစုံနှင့်အတူ အဖိုးတန် ဆုံးသော အရာကို အဖိုးတန်ဆုံးနေရာ၌ တန်ဖိုးထားခြင်းပင် ဖြစ်သည် မဟုတ်လား။ ဖြောင့်မတ်ခြင်း၏ ဆန့်ကျင်ဘက်မှာမူ သေးသိမ်သောအရာ သို့မဟုတ် တန်ဖိုးမရှိသည့် အရာတို့အတွက် မမှန်ကန်သော လုပ်ဆောင် မှုများနှင့်အတူ အမြင့်ဆုံး စိတ်ဆွဲလမ်းခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဆိုသည်မှာ သူတန်ဖိုး အထားဆုံး ဖြစ်သော သူ၏ပြည့်စုံခြင်း နှင့် ထိုက်တန်တော်မူခြင်း၌ ထားရှိသည့် ဘုရားရှင်၏ စွဲလမ်းမှု၊ ဝမ်းမြောက်ခြင်း နှင့် နှစ်သက်ကျေနပ်ခြင်း ဖြစ်ပါသည်။ အကယ်၍ သူသည် သူ၏ပြည့်စုံတော်မူခြင်းနှင့် ဆန့်ကျင်၍ ပြုကျင့်ခဲ့ပါလျှင် သူသည် မဖြောင့်မတ်သော ပုဂ္ဂိုလ်ဖြစ် ပေလိမ့်သွား ပေလိမ့်မည် –" (John Piper, The Pleasures of God, (Portland: Multnomah, 1991), p. 39)

အဖိုးတန်ဆုံးသော အရာကို တန်ဖိုးအထားဆုံး ဖြစ်သည့် ဖြောင့်မတ်သော ဘုရားသခင်သည် အဘယ်သို့ နည်းဖြင့် မဖြောင့်မတ်သောသူတို့အပေါ် မေတ္တာထားနိုင်ရပါသနည်း။ ထိုအဖြေသည့် သူ၏ဘုန်းတော်အတွက် ဘုရားသခင်၏ ပြန်လည်အဖြေရှာခြင်း နှင့် အပြစ်သားများအပေါ် ထားရှိသည့် မေတ္တာတော်အကြောင်းကို နောက်လာမည့် သင်ခန်းစာ ခုနစ်ခုတွင် ဖော်ပြပေးသွားမည် ဖြစ်သည်။ သူသည်သာ နှစ်လကြာရှည် စောင့်စား ခဲ့ရသည့် ကယ်တင်ရှင်ဖြစ်၍၊ ဖြောင့်မတ်ခြင်းမရှိသည့် လူများကို ကယ်တင်ခြင်းအားဖြင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို သက်သေထူခဲ့သည် (*ရောမ၊ ၃း၂၅–၂၆*)။

ဤသင်ခန်းစာတွင် ဖော်ပြပါ အချက်အလက်များ အားဖြင့်သာ သင်ခန်းစာကို သင်ကြားပေးသွားရန် သတိပြုပါ။ ပြဿနာ တစ်ခုကို ဖော်ပြပြီးသည်နှင့်ချက်ချင်း ရွေးနှုတ်ကယ်တင်ခြင်းအကြောင်းကို ပြောပြရန်မှာ အလွန်နှစ်လို ဖွယ်ကောင်းပါသော်လည်း ခရစ်တော်၏ လက်ဝါးကပ်တိုင် ပေါ်တွင် အသေခံရခြင်း၏ အကြောင်းအရာများကို သင်ခန်းစာ တစ်ခုချင်း စီတိုင်းတွင် ကလေးများအနေနှင့် ကောင်းမွန်စွာ နားလည်သဘောပေါက် စေရန် ရည်ရွယ်လျက် သင်ခန်းစာကို သင်ကြားပေးစေချင်သည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ရတနာဖူး (သင်ခန်းစာ ၆ မှ အသုံးပြုခဲ့သည့်အရာ)

၂) ညစ်ပတ်နေသော ရေပုံး (စက္ကူအစုတ်များ၊ အစားအသောက် အခွံများ၊ ဖုန်ခွံများကို ထည့်ထားပါ – ကြည့်ရဆိုး၍ အနံ့ဆိုးအောင် ပြုလုပ်ထားပါ)

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) အရုပ်၊ လက်အိတ်၊ ချိုချဉ်ချောင်း၊ ကလေးဗီဒီရို၊ မိသားစု ဓာတ်ပုံ
၂) *တရား၊ ၃၂း၄* ကို ရေးထားသည့် စက္ကူလိပ် (အခန်းပိုင်းအခြားကို – သင်ခန်းစာ ပို့ချခြင်းတွင် ကြည့်ပါ)
၃) *ရောမ၊ ၃း၁၀–၁၁* ကို ရေးထားသည့် စက္ကူလိပ်

ရွေးချယ်ရန် – ပညတ်တော် ၁၀ ပါး ရေးထားသည့် စာရွက်

***သင်ခန်းစာပို့ချခြင်း***

ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး ရတနာဘူး နှင့် အနံ့ဆိုးနေသည့် ရေပုံးကို ထုတ်ယူစေပါ။ ရတနာဘူး ကိုဖွင့်လိုက်ပြီး အထဲရှိ ရတနာပစ္စည်းများကို အချိန် ခဏကြာ ကြည့်လိုက်ပါ။

အောက်ပါအတိုင်း ပြောကြည့်ပါ –

*"အိုး ကြည့်ပါအုံး ဒါက သိပ်မစိမ်းတဲ့ ရတနာပစ္စည်းတွေပဲ။ ပျင်းစရာကြီးပဲ၊ စိတ်ပျက်ဖို့ ကောင်းတာကွာ"*

ထို့နောက် အနံ့အသက်ဆိုးနေသည့် ပုံးကို အနီးကပ်ကြည့်လိုက်ပြီး စိတ်လှုပ် ရှားစွာဖြင့် သင်မြင်ရသည့် အထဲရှိ အရာများ အကြောင်းကို ပြောပြလိုက်ပါ။ ထိုပုံးကို သင်မည်မျှ နှစ်သက်သည်ကို ကလေးများ သိစေရန် ရင်ဘတ် ထဲတွင် သိုင်းဘက် ပြပါ။ ထိုပုံးကို ပြုံးပြရင်း မည်မျှလောက် နှစ်သက်သည့် အကြောင်းကို တီးတိုးပြောလိုက် ကာ – အလွန်လိုချင်သည့် စိတ်မျိုး အရုပ်ဆောင်ပြပါ။

အကြံပြုချက် – *ကြည့်ပါအုံး ဒီလောက်အံ့သြစရာကောင်းတဲ့ ပုံးလေးကို။ အနံ့လေးကတော့ ဆရာမ ကို ဝမ်းမြောက်စေတယ်* (ပျက်ဆီးနေသည့် မုန့်အပိုင်းအစကို ကိုင်မြှောက်လိုက်ပါ)။ *ဒီထက် များများ ထပ်ရှိသေးရင် တော့ကွာ အရမ်းကောင်းမှာပဲ။ ဒီပုံးလေးကိုတို့ အသည်းစွဲသွားပြီကွာ။ ဆရာမ သွားတဲ့ နေရာတိုင်းမှာ ယူသွားတော့မယ်ဟေ့။ မမိုက်ဘူးလား။*

ဤအခြေအနေတွင် ကလေးများမှာ သင့်ကို ရည်နေသောသူများ ရှိနေမည် ဖြစ်ပြီး သင် ဘာများမှားနေသလဲဟု စဉ်းစားနေသည့် သူများလည်း ရှိမည် ဖြစ်သည်။ အဘယ်ကြောင့် ၄င်းတို့ ရယ်နေကြသည်ကို မေးကြည့်ပါ။ သင့် အနေနှင့် အမှားတစ်ခုခု လုပ်နေပါသလား။ တုန့်ပြန်ကြပါစေ။ တန်ဖိုးမရှိသည့် အရာများကို (ဥပမာ – ဟောင်းနွမ်း နံစော်နေသည့် ရေပုံးမျိုးကို) တန်ဖိုးထားခြင်းမှာ မှားယွင်းနေသည် ဆိုသည့်အချက်ကို မြင်လာစေရန် ၄င်းတို့၏ တုန့်ပြန်မှုများကို ဦးဆောင်ပေးပါ။

မေးခွန်းမေးပါ – *ကမ္ဘာပေါ်မှာ ရှိရှိသမျှ အခြားသောအရာတွေအားလုံးထက် ပုံးစုတ်ပုံးနံကို တန်ဖိုး ထားတဲ့ လူတစ်ယောက်ရဲ့အသက်တာကို သားတို့သမီးတို့ ဘယ်လို ထင်ပါသလဲ။ အဲဒီလိုလူမျိုးကို သားတို့သမီးတို့ တန်ဖိုးထားတဲ့ အရုပ် သို့မဟုတ် ချစ်ရတဲ့ အိမ်မွေးတရိစ္ဆာန်တွေကို စောင့်ကြည့်ပေးဖို့ ယုံကြည်အားကိုး နိုင်မလား။ အဲဒီလိုလူမျိုးတွေကို သားတို့သမီးတို့ရဲ့ မိဘတွေက ညမှာ သားတို့ သမီးတို့ကို ထိန်းဖို့ အိမ်မှာ ခေါ်ထားမယ် ထင်သလား။*

အောက်ပါဥပမာကို ပေး၍ ကလေးများကို မေးခွန်းမေးပါ။ သားတို့သမီးတို့က ရတနာဘူး နဲ့ ညစ်ပတ်နံစော် နေတဲ့ပုံး နှစ်ခုထဲက တစ်ခုခုကို တန်ဖိုးထား ရွေးချယ်ခွင့်ရမယ်ဆိုရင် ဘယ်တစ်ခုကို ပိုရွေးမှာလဲ။ ဘယ်တစ်ခုဟာ

ပိုပြီးတော့ တန်ဖိုးထားသင့်ပါသလဲ။ ဘယ်တစ်ခုဟာ ပိုပြီးတော့ အမှန်တကယ် တန်ဖိုး ရှိပါသလဲ။ ရတနာပစ္စည်းများသည် စွန့်ပစ်ပစ္စည်းများထက် ပို၍ တန်ဖိုးရှိသည့်အကြောင်းကို ရှင်းပြ၍ ထိုအရာများကို ပို၍တန်ဖိုးထားကြရမည်ကို ပြောပြပါ။

မေးခွန်းမေးပါ – *ဆရာမ တို့မှာ ပုံးစုတ် သို့မဟုတ် ရတနာဘူး တွေထက်ပိုပြီးတော့ အရေးကြီးတဲ့ ရွေးချယ်စရာတွေ ရှိတယ်လို့ ဆိုကြပါစို့။ ရတနာ ပစ္စည်းတွေထက် ပိုပြီးတော့ တန်ဖိုးကြီးတာ ဘာများဖြစ်မလဲ။ သားတို့သမီးတို့ရဲ့ မိသားစု၊ အဖေနဲ့အမေ၊ သူငယ်ချင်းတွေက ပိုပြီးတော့ တန်ဖိုးကြီးတယ် မဟုတ်လား။ အရာ အားလုံးထက် တန်ဖိုးအကြီးဆုံးက ဘယ်သူဖြစ်မလဲ။*

ရတနာဘူးလေးကို အရင်က တွေ့မြင်ခဲ့ဖူးသည့် အကြောင်းအား ပြန်၍ ပြောပြပါ။ ထိုရတနာဘူးလေး နှင့် အထဲရှိ ရတနာများက ဘုရားသခင်နှင့် ပတ်သက်၍ ကျွန်ုပ်တို့အား မည်သည့်အရာကို ပြောပြခဲ့သနည်း။ ဘုရားသခင်သည် ဘုန်းကြီးတော်မူသည်။ သူသည် သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို ဖော်ပြလျက်ရှိသည်။ ထိုက်တန်တော်မူခြင်း ဆိုသည်မှာ တန်ဖိုးကြီးမားခြင်းနှင့် အဓိပ္ပါယ် ဆင်တူဖြစ်သည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း သို့မဟုတ် တန်ဖိုးကြီးမားခြင်းတို့သည် ဤရတနာဘူး နှင့် ရတနာများတွင် ရှိသည် ဆိုကြပါစို့။ ထို့နောက် ရတနာဘူးလေးကို လက်တစ်ဘက်တွင် ကိုင်မြောက်ထားကာ၊ ကျန်တဘက်တွင် အခြားသော ပစ္စည်းများကို ကိုင်မြောက်ပြသရင်း အောက်ပါမေးခွန်းများကို မေးမြန်းသွားပါ။

အကြံပြုချက် – *ဒီ ပုံးစုတ်က ဘုရားသခင်ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းတို့ထက် ပိုပြီးတော့ တန်ဖိုးရှိပါမလား။ မရှိပါဘူး။ လုံးဝမဖြစ်နိုင်ဘူး။ ဒီဗီဒီယိုကရော ဘုရားသခင်ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းတို့ထက် ပိုပြီးတော့ တန်ဖိုးကြီးပါ့မလား။ မကြီးနိုင်ပါဘူး။ လုံးဝမဖြစ်နိုင်ဘူး။*

(အခြားသော ပစ္စည်းများကိုလည်း အထက်ဖော်ပြပါအတိုင်း လုပ်ဆောင်ပေးသွားပါ၊ မိသားစုပုံကိုမူ ချန်လုပ်ထားပါ)။ *တကယ်လို့ ယေရှုရှင်ဟာ ခမည်းတော်ဘုရားရဲ့ ကြီးမြတ်ထိုက်တန်တော်မူခြင်း နဲ့ ဒီအရာတွေ အားလုံးကနေ တစ်ခုကို ရွေးရမယ်ဆိုရင် ဘယ်တစ်ခုကို ရွေးမယ်ထင်သလဲ။ ယေရှုရှင်က ဘယ်တစ်ခုကို တန်ဖိုး အကြီးဆုံး အဖြစ် ရွေးချယ်မှာလဲ။*

## ပုံပြင် – ယေရှုရှင် နှင့် စုံစမ်းနှောက်ယှက်ခြင်း *မဿဲ၊ ၄း၁–၁၁*

အလေးအနက်ထားရမည့် အချက်များ – စာတန်က ခမည်းတော်ဘုရားထက် အခြားသောအရာများကို ပို၍ တန်ဖိုးထားစေရန် ယေရှုရှင်အား ဖြားယောင်းခဲ့သည်။ စုံစမ်းနှောက်ယှက်ခြင်း ၁ – ယေရှုရှင်သည် အလွန်စာလောင်နေခဲ့သည်။ စာတန်က ယေရှုရှင်၏ စာလောင်မွတ်သိပ်ခြင်းကို ဘုရားသခင်အားဖြင့် မဟုတ်ပဲ၊ အစားအစာဖြင့် ဖြည့်ဆည်းကျေနပ်စေရန် သွေးဆောင်ခဲ့သည်။ ယေရှုရှင်က မည်သည့်အရာကို ပို၍ တန်ဖိုးထားခဲ့သနည်း။ စုံစမ်းနှောက်ယှက်ခြင်း ၂ – ဘုရားသခင်ထက် ဘုရားသခင်ထံမှ လာသော နမိတ်လက္ခဏာကို ယေရှုရှင်သည် ပို၍ တန်ဖိုးထားရန် စာတန်က သွေးဆောင်ခဲ့သည်။ ယေရှုရှင်က မည်သည့်အရာကို တန်ဖိုးထားခဲ့သနည်း။ စုံစမ်းနှောက်ယှက်ခြင်း ၃ – ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ထက် ယေရှုရှင်သည် လောကီရေးရာ နှင့် စွမ်းအားတန်ခိုးတို့ကို ယေရှုရှင်သည် ပို၍ တန်ဖိုးထားစေရန် စာတန်သည် သွေးဆောင်ဖြားယောင်းခဲ့သည်။ ယေရှုရှင်က မည်သည့်အရာကို အလေးထားဆုံး ဖြစ်သနည်း။

ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့ထက် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို အစဉ်အမြဲ တန်ဖိုးထား ရွေးချယ်ခဲ့သည်ကို ရှင်းပြပါ (ရတနာဘူးကို ကိုင်မြောက်ထားပါ)။ ထိုအရာသည် မှန်ကန်သော အရာဖြစ်သည်။ တန်ဖိုးအကြီးမားဆုံးသောအရာကို ယေရှုရှင်သည် အစဉ်အမြဲ ဆင်ခြင်၊ ပြောဆို

လုပ်ဆောင်နေသည့်အတွက် သူ တွေးခဲ့သည့်အရာ၊ ပြောခဲ့သည့်အရာ၊ လုပ်ဆောင်ခဲ့သော အရာတိုင်းသည် မှန်ကန် တော်မူ၏။ ယေရှုရှင် (ဘုရားသခင်) သည် ဖြောင့်မတ်တော်မူ၏။ တန်ဖိုးအရှိဆုံးသော အရာဖြစ်သည့် သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို သူသည် တန်ဖိုးအထားဆုံး ဖြစ်ရာ ခပ်သိမ်းသော တွေးခေါ် ခြင်း၊ ပြောဆို ခြင်းနှင့် လုပ်ဆောင်ခြင်းအမှုအရာ အားလုံးတို့သည် ဖြောင့်မတ်မှန်ကန်တော်မူသည်။

ဘုရားသခင်၏ ဖြောင့်မတ်ခြင်း နှင့် ပတ်သက်၍ ဥပမာများပေးပါ –

> *ဒါကြောင့်မို့ ဘုရားသခင်က "ငါမှ တစ်ပါး အခြားသော ဘုရားကို မကိုးကွယ်ရ" လို့ ပြောတာဟာ မှန်ကန်တဲ့ အရာပါ။ ဘုရားသခင်က "မိဘကို ရိုသေရမယ်" ပြောတာကလည်း မှန်ကန်ပါတယ်။* (အခြားသော ဥပမာများကိုလည်း ထပ်၍ပြောပြပေးပါ။) *ဘုရားသခင်က ပင်လယ်ကြီးကို နှစ်ခြမ်းကွဲစေပြီး သူ့ရဲ့လူတွေကို လွတ်ခြင်းအခွင့် ပေးတာကလည်း မှန်ကန်ပါတယ်။ ဘုရားသခင်က ပင်လယ်ကြီးကို ပြန်လည် ပိတ်ပြီးတော့ သူ့ရဲ့ ရန်သူတွေကို အဆုံးစီရင်တာကလည်း မှန်ကန်ပါတယ်။*
>
> (အခြားသော ဥပမာများကို ဆက်၍ ပြောပြပါ။)

*တရား၊ ၃၂း ၄* ကို ပြ၍ ဖတ်ပေးပါ

***"ဘုရားသခင်သည် မူလအမြစ်ဖြစ်၍၊ အမှုတော်သည် စုံလင်ပေ၏။ --- ဟုတ်မှန်ဖြောင့်မတ်သော ဘုရား ဖြစ်တော်မူ၏။"***

အောက်ပါမေးခွန်းများကို ကလေးများအား မေးပါ။

> *ဆရာ၊မ တို့ရော ဖြောင့်မတ်ကြပါသလား။ အမြဲတမ်းပဲ ဒို့တတွေဟာ ဘုရားသခင်ကို ပထမနေရာပေးပြီး အရာရာကို စဉ်းစားကြသလား။ ဘုရားသခင်ကို တန်ဖိုးအထားဆုံး စိတ်ထားနဲ့ အရာရာကို လုပ်ဆောင် ကြပါ သလား။* (ရတနာဖူး နှင့် သင်ထောက်ကူပြု ပစ္စည်းများကို အသုံးပြု၍ ပြောပြနိုင်ပါသည်။) *တစ်ခါ တစ်ခါမှာ ဘုရားသခင်ထက် အားကစားတွေကို သားတို့သမီးတို့ ပိုပြီးတော့ စဉ်းစားကြတယ် မဟုတ်လား။ ဘုရားသခင် အကြောင်း ပြောတာထက် ကြည့်ခဲ့တဲ့ ဇာတ်ကားအကြောင်းကို ပိုပြော ဖြစ်တယ် မဟုတ်လား။ ဘုရားသခင်ထက် အရုပ်တွေကို ပိုပြီးတော့ နှစ်သက်နေမိကြသလား။*

*ရောမ၊ ၃း၁၀–၁၁* ကို ပြ၍ ဖတ်ပေးပါ။

*ဆရာ၊မ တို့ဟာ ဘယ်လိုလူတွေ ဖြစ်သလဲဆိုတာကို သမ္မာကျမ်းစာက ဒီလို ပြောထားပါတယ် –*

***ဖြောင့်မတ်သောသူမရှိ တစ်ယောက်မျှမရှိ။ နားလည်သောသူ မရှိ။ ဘုရားသခင်ကို ရှာသောသူမရှိ။***

ဖြောင့်မတ်သော ဘုရားသခင် ကဲ့သို့မဟုတ်ဘဲ ကျွန်ုပ်တို့သည် ဘုရားသခင်ထက် အခြားသော ပုဂ္ဂိုလ်ပစ္စည်း များကို စိတ်ဆွဲလမ်းတတ် ကြသည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းထက် အခြားသောအရာများကို ကျွန်ုပ်တို့ တန်ဖိုးထားသည်ဆိုလျှင် ကျွန်ုပ်တို့၏ တွေးခေါ်၊ ပြောဆို၊ လုပ်ဆောင် သမျှ တို့သည် အမှားများသာ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူများမဟုတ်၊ မဖြောင့်မတ်သောသူများ ဖြစ်ကြပါသည်။

ရတနာဖူးကို ကလေးများအားလုံး မြင်နိုင်အောင် ကိုင်မြှောက်ရင်း အောက်ပါမေးခွန်းများကို မေးကာ အဆုံး သတ်လိုက်ပါ။

*ဘုရားသခင်က ဘယ်အရာကို တန်ဖိုးအထားဆုံးလဲ။ သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းတို့ကို သူတန်ဖိုး အထားဆုံးပေါ့။ ဟုတ်တယ် မဟုတ်လား။ မှန်ပါတယ်။ ဘုရားသခင် စိတ်ကူးသမျှ၊ မိန့်ဆိုသမျှ နှင့် လုပ်ဆောင်သမျှတို့သည် သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း အပေါ်ထားရှိတဲ့ သူ့ရဲ့ တန်ဖိုး ထားခြင်းကို ဖော်လွှန်စေဖို့ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ ဖြောင့်မတ်တော်မူတယ်။*

## *လိုက်လျှောက်ကျင့်သုံးခြင်း*

- ကလေးများအား "R" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- "ဖြောင့်မတ်ခြင်း" အနက်အဓိပ္ပါယ်ကို ကလေးများအား ပြန်နွေးပေးပါ။ အခြားသော အရာများ အား လုံးထက် သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း တို့ကို ဘုရားသခင်သည် တန်ဖိုးထား ရခြင်းမှာ အဘယ်ကြောင့် မှန်ကန်ပါ သနည်း။ ဘုရားသခင်ထက် ပို၍ တန်ဖိုးကြီးသည့် အရာရှိ ပါသ လား။ မရှိနိုင်ပါ။ ဘုရားသခင်သည် သူ့ကိုယ်သူ တန်ဖိုးအထားဆုံးမှာ မှန်ကန်သောအရာ ဖြစ်သည်။
- ကျွန်ုပ်တို့သည် ညစ်ပေနေသည့် အမှိုက်ပုံးမျိုးကို နှစ်သက် တန်ဖိုးထားခြင်း မရှိတတ်ပေ။ ကလေးများ တန်ဖိုးထား နှစ်သက်သည့် ပုဂ္ဂိုလ်များ သို့မဟုတ် တစ်စုံတစ်ခု တို့ကို စဉ်းစားစေပါ။ ထိုအရာ များသည် ဆိုးညစ်ကြပါသလား။ ဘုရားသခင်ထက် အခြားပစ္စည်းကောင်းတွေကို ပိုပြီးတော့ တန်ဖိုး ထားသင့် ပါသလား။ (သင်၏အသက်တာတွင် ကြုံတွေ့ရသည့် ဥပမာဖြင့် ပြောပြပါ။) ထိုအခြေအနေ အတွက် ဘုရားသခင် မည်သို့ ခံစားရပါမည်နည်း။
- တစ်ခါတစ်ရံတွင် လူသားက ကောင်းမွန်သည့်အရာများကို တွေး၍၊ သနားကြင်နာသည့် စကားများကို ပြောကာ၊ သူတစ်ပါးကောင်းကျိုးအတွက် လုပ်ဆောင်ကြသည့်အခါ ဖြောင့်မတ်သောသူများ ဖြစ်လာ သည်ဟု ထင်တတ်ကြသည်။ *ဟေရှာ၊ ၆၄း၆* ကို ဖတ်ပါ။

  ***"အကျွန်ုပ်တို့ ရှိသည်မျှသည် စင်ကြယ်ခြင်း မရှိ။ ပြုဖူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သော အဝတ်နှင့်တူ၏။ ----"***
- ဘုရားသခင်က လူတစ်ယောက်ကို ကျန်းမာခြင်း အခွင့်ပေးလျှင် မှန်ကန်ပါသလား။ တစ်စုံတစ်ယောက် ကို ဘုရာသခင်သည် မကျန်းမာစေပြန်လျှင် မှန်ကန်ပါသလား။ ဒံယေလကို ခြင်္သေ့တွင်းထဲမှ ဘုရား သခင် ကယ်တင်သည့် အခါတွင် မှန်ကန်ပါသလား။ သတေဖန်ကို ကျောက်ခဲဖြင့် ပစ်သတ်ခွင့် ဘုရား သခင် အခွင့်ပေးခဲ့ခြင်းသည် မှန်ကန်ပါသလား။ ကျွန်ုပ်တို့က မှန်သည်ဟု ထင်သည့်အရာများသာ မဟုတ်ပဲ ဘုရားသခင် ပြုလေသမျှတို့သည် မှန်ကန်တော်မူကြောင်းကို အလေးအနက်ထား ပြောပြပါ။
- သားတို့သမီးတို့မှာ အရမ်းတန်ဖိုးထားတဲ့ အရုပ်တစ်ရုပ်ရှိတယ်ဆိုရင် အဲဒီအရုပ်ကို ဘယ်လို ပြုမူ ကိုင်တွယ်သလဲ။ ဥပမာ – တကယ်လို့ သားလေးစီမှာ အရုပ်လှလှလေး တစ်ခု ရှိမယ်ဆိုရင် အဲဒီ အရုပ်လေးကို ခွေးတစ်ကောင်နဲ့ ရွှံ့ထဲမှာ ကစားခွင့် ပြုမလား။ သားရဲ့ ညီက အဲဒီအရုပ်ကို ယူပြီး၊ ဖုံတောထဲမှာ ကစားမယ်ဆိုရင် ခွင့်ပြုမလား။ ဒါမှမဟုတ် အဲဒီလိုမျိုး မဖြစ်ရအောင် အဲဒီအရုပ်လေးကို ကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်မှာလား။ ဘုရားသခင်သည်လည်း သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းတွင်ကို အရာရာတိုင်းထက် တန်ဖိုးထား နှစ်သက်လှပါတယ်။ သူ့ရဲ့ဘုန်းတော်ကို သူကာကွယ် မယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ (ဘုရားသခင်သည် **မနာလို တတ်သော အရှင်** ဖြစ်သည်ကို ပြန်လည် နွေးပေးပါ။)

မှတ်ချက် – ရတနာဗူး၊ အမှိုက်များ နှင့် ပုံးတို့ကို နောက်သင်ခန်းစာများအတွက် သိမ်းထားပေးပါ။

**သင်ခန်းစာ ၂၅**

## *"W" IS FOR WRATH* ***အမျက်ထွက်တော်မူသောအရှင်***

**အဓိကအချက်** – အပြစ်အပေါ်တွင် ဘုရားသခင် သည် အလွန် အမြတ်ထွက်တော်မူ၏။

**အဓိကကျမ်းချက်** – သမ္မာတရားကို အဓမ္မဖြင့် ဆီးတား နှိပ်စက်သောသူတို့ပြုတတ်သော ဘုရား မဲ့နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်း အမှုအမျိုးမျိုးတို့ တဘက်၌ ဘုရား သခင်၏ အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက် ရှိ၏။ ရောမ၊ ၁း၁၈

အမျက်တော်ရှေ့မှာ အဘယ်သူ ရပ်နိုင်သနည်း။ အမျက်တော် အရှိန်ကို အဘယ်သူ ဆီးတား နိုင်သနည်း။ မီးလောင်သကဲ့သို့ အမျက်ထွက်၍၊ ကျောက်တို့ကို ဖြိုချတော် မူ၏။ နာဟုန်၊ ၁း၆

**နိဒါန်း** – ကလေးများကို ဘုရားသခင်၏ နှုတ်ကပတ်တော် အလုံးစုံအား သင်ကြားပေးမည်ဆိုလျှင် ဘုရားသခင်၏ အမျက်တော်အကြောင်းကိုလည်း သင်ကိုသင်ပေးရမည် ဖြစ်သည်။ ဘုရားသခင်နှင့် ပတ်သက်၍ သင်ပေးခဲ့သမျှ အရာများအားလုံးသည်လည်း သူ၏အမျက်တော်အကြောင်း မပါရှိခဲ့ပါလျှင် ပြည့်စုံမဟုတ်။ ဘုရားသခင်ကို ကျွန်ုပ်တို့ နှစ်သက်သည့်အတိုင်း စိတ်ကူးပုံဖော် ခဲ့ပါလျှင် ထိုအရာသည့် ရုပ်တုဆင်းတုကို ကိုးကွယ်ယုံကြည်ခြင်း ဖြစ်သွားပါလိမ့်မည်။ ဘုရားသခင်၏ အမျက်တော်နှင့် ပတ်သက်၍ ယနေ့ခေတ်လူသားများသည် ကြားချင်ကြ တော့သည်မဟုတ်။ ကျွန်ုပ်တို့၏ လိုအပ်ချက်များ နှင့် အဆင်ပြေမှုများကို ဖြည့်ဆည်းပေးရန်အတွက် ဘုရား သခင်သည် ကောင်းမြတ်၍၊ သနားကြင်နာတတ်သူ အဖြစ်နှင့်သာ ကျွန်ုပ်တို့ လိုချင်ကြတော့သည်။ ဘုရားသခင် သည် ၎င်းတို့၏ အပြစ်များအပေါ် အမျက်တော်ထွက်၍၊ သူ၏ဘုန်းတော်ကို မထင်မဲ့မြင်ပြုသောသူတို့အား တရားစီရင်တော်မူမည် ဆိုသည့်အချက်တို့ကိုလည်း ယနေ့ခေတ် လူသားတို့သည် မတွေးလိုတော့ပေ။ လူသား များဘက်မှ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်သည် ဤအရာသည် ဘုရားသခင်၏ ဖြစ်တည်ခြင်း တစ်ခုဖြစ် ပေ၏။

လူသားအားလုံးနှင့် ထိုက်တန်သော ဘုရားသခင်၏ အမျက်တော်သည် သတင်းကောင်း၏ အံ့ဖွယ်ရာ အချက် ဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်အပေါ် ဘုရားသခင်၏ အံ့ဖွယ်ကြောက်စရာကောင်းသည့် အမျက်တော်ကို ရှုမြင် နိုင်မှ ဘုရားသခင်၏ ကယ်တင်ခြင်း ကျေးဇူးတော်ကို အမှန်တကယ် နားလည်သဘောပေါက် မြတ်နိုးကြမည် ဖြစ်သည်။ သို့မှသာလျှင် ယုံကြည်သူများအနေနှင့် ဘုရားသခင်၌ အမျက်တော်ရှိ၍ ထိုအမျက်သည်လည်း မှန်ကန်ကြောင်းကို ရှုမြင်တတ်လာကြမည် ဖြစ်သည်။ ဘုရားသခင်သည် အမျက်တော်ရှိဟု ဆိုရန်လည်း အခက် အခဲမရှိတော့ဘဲ ထိုအရာသည် ကောင်းမွန်သည့်အရာ ဖြစ်သည်ကို မြင်တတ်လာကြပေမည်။ ဘုရားသခင်၏ အမျက်တော်သည် သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း တည်းဟူသော သူ၏ဘုန်းတော်ကို ထင်ရှားစေသည်ဟု ကျွန်ုပ်တို့သည် သက်သေခံ ကြွေးကျော်လာနိုင်ကြမည် ဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) သင်ပိုင်ဆိုင်သည့် တန်ဖိုးကြီးသည့်အရာ တစ်စုံတစ်ခု (လက်ထပ်လက်စွပ်၊ တန်ဖိုးကြီးသည့် ပုံ သို့မဟုတ် တစ်စုံတစ်ခု)

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁) ရတနာဘူး (ပြီးခဲ့သည့် သင်ခန်းစာမှ)
၂) အမှိုက်ပုံး (ပြီးခဲ့သည့် သင်ခန်းစာမှ)
၃) ကြိုးဖြင့် လုပ်ထားသော ကြာပွတ် နှင့် အကြွေစေ့များတင်ထားသော စားပွဲခုံသေးလေးတစ်လုံး
၄) *ရှင်ယော၊ ၂း၁၃–၁၆* ကို အမှတ်အသားပြုထားပါ (သင်ခန်းစာပို့ချစဉ်တွင် ဖတ်ရှုက်ပေးရန်)

ရွေးချယ်ရန် – ပင်လယ်သေ ပုံ

***သင်ခန်းစာပို့ချခြင်း***

ကောင်းကြီးမင်္ဂလာပုံးထဲမှ သင်တန်ဖိုးထားသည့်အရာကို ထုတ်ယူလိုက်ပါ။ ထိုအရာမှာ မည်သည့်အရာ ဖြစ်ကြောင်းနှင့် အဘယ့်ကြောင့် ၄င်းကို သင် တန်ဖိုးထားရကြောင်း စသည်ဖြင့် ကလေးများကို ရှင်းပြပေးပါ။ တစ်စုံတစ်ယောက်သည် လာ၍ သင့်ကို အောက်ပါအတိုင်း ပြောဆိုဆက်ဆံသွား သကဲ့သို့ ကလေးများကို သရုပ်ဆောင်ပေးပါ။

> သရုပ်ဆောင်ပါ – *ကြည့်ပါအုံး ဒီဟာက (သင်တန်ဖိုးထားသည့်အရာ) ဘယ်လောက်ထိ ရုပ်ဆိုးသလဲနော်။ ရွံ့စရာလည်းကောင်းတယ်။ အမှိုက်နဲ့ပဲ တန်တယ်။ ဒါကိုယူပြီးတော့ အပိုင်းပိုင်း ဖြစ်သွားအောင် လွှတ်ပစ် ခွဲပစ်လိုက်မယ်၊ ဒါပြီးရင် အမှိုက်ပုံးနဲ့အတူ အဝေးကို ပစ်ထုတ်လိုက်မယ်ဟေ့။* (အမှိုက်ပုံးကို ပြပါ။)

တစ်စုံတစ်ယောက်ကလာ၍ သင် တန်ဖိုးထား အနှစ်သက်ဆုံးသော အရာကို အထက်ပါကဲ့သို့ ပြောဆို၍ ဖျက်ဆီး ရန် ရည်ရွယ်လာလျှင် သင် ခံစားရမည့် ခံစားချက်ကို ၄င်းတို့ မည်သို့ ထင်မိကြောင်းကို ကလေးများအား မေးပါ။

> မေးခွန်းမေးပါ – *တစ်ယောက်ယောက်က လာပြီးတော့ ဆရာမ ရဲ့ -------------- ကို အဲဒီလို လာပြောမယ် ဆိုရင်၊ သူတို့ရဲ့ ပြောဆိုမှုတွေကြောင့် ဆရာမ စိတ်ဆိုးမယ်လို့ ထင်သလား။ သူတို့ကို ဆရာမ ရဲ့ ------------- ကို ဖုံတွေ သို့မဟုတ် ရွံ့တွေကြားထဲမှာ လွှတ်ပစ်ခွင့် ပေးလိုက်မယ် ဆိုရင်တော့ တန်ဖိုးထား စရာကောင်းအုံးမလား။ အဲဒီလို ဖြစ်ဖို့လဲ ခွင့်ပြုမယ်လို့ ထင်သလား။ အဲဒီလို မဖြစ်ဖို့ ဆရာမ ရဲ့ ------------- ကို ကွာကွယ်မယ်လို့ ထင်သလား။ ဆရာမရဲ့ ------------- ကို ဖျက်ဆီးဖို့ ကြိုးစားနေနဲ့သူကို အပြစ်ပေးဖို့ အခွင့် ရှိပါသလား။*

ကျွန်ုပ်တို့ လူတစ်ယောက်ချင်းစီတိုင်းတွင် မိမိ အလွန်နှစ်သက်သည့် အရာများ ကိုယ်စီရှိကြသည်ကို ရှင်းပြပါ။ ဉပမာ ကစားစရာများဖြင့် သင် ပြုလုပ်ထားသည့် ပုံစံအထူးအဆန်းလေး ရှိသည် ဆိုကြပါစို့။ တစ်စုံတစ် ယောက်သည် လာ၍ ထိုအရာကို မနှစ်သက်သည့်အတွက် ကန်ခြောက် ဖျက်ဆီးပစ်လိုက် မည်ဆိုလျှင် သင် စိတ်ဆိုးသွားနိုင်ပါသည်။ သည့်ပြင် ထိုအသေးအဖွဲအရာများထက် ပို၍အရေးပါသော ပုဂ္ဂိုလ်များစွာ ရှိပါသည်။ ကျွန်ုပ်တို့၏ မိဘများနှင့် ပတ်သက်၍ မကောင်းသော အရာများကို ပြောကြသည့်အခါ ကျွန်ုပ်တို့သည် မနှစ် သက်တတ်ကြပေ။ ထိုအခြေအနေအတွက် ကျွန်ုပ်တို့သည် စိတ်ဆိုးဒေါသ ဖြစ်နိုင်ပါသည်။

စိတ်ဆိုးဒေါသထွက်ရန် လိုအပ်သည့် အချိန်များ ရှိတတ်ပါသည်။ တစ်စုံတစ်ယောက်သည် တန်ဖိုးရှိသောအရာ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပေါ့တန်စွာ ဆက်ဆံပါလျှင် ထိုအခြေအနေအတွက် ဒေါသထွက်စရာ ဖြစ်ပါသည်။ တစ်စုံတစ်ယောက်သည် တစ်စုံတစ်ရာ သို့မဟုတ် တစ်စုံတစ်ဦးကို ဆိုးရွားစွာ ဆက်ဆံပြောဆိုပါက ပြစ်ဒဏ်ပေး

ခြင်းနှင့်ပင် ထိုက်တန်ပေသည်။ (ဥပမာ – တစ်စုံတစ်ယောက်က သားတို့သမီးတို့စီကနေ တစ်ခုခုကို ခိုးသွားတယ်ဆိုရင် ဘာလုပ်သင့်သလဲ။ တစ်စုံတစ်ယောက်က ရည်ရွယ်ချက် ရှိရှိနဲ့ သားတို့သမီးတို့ကို ရိုက်ပုတ်တယ်ဆိုရင် ဘာလုပ်သင့်သလဲ။ ကလေးများအားလုံးသည် မှန်ကန်ဖြောင့်မတ်စွာ ဆုံးမပြစ်တင်ခြင်းကို နားလည်သဘောပေါက်တတ်ကြ ပါသည်။)

> ကလေးများကို မေးပါ – *ဒီဥစ္စာဟာ ဆရာမ တန်ဖိုးထားတဲ့ ပစ္စည်းဖြစ်တယ် ဆိုပေမယ့် အဲဒီပစ္စည်းဟာ ကမ္ဘာပေါ်မှာ တန်ဖိုးအကြီးဆုံး ဟုတ်ပါသလား။ ဆရာမ ရဲ့ မိဘတွေက (ခင်ပွန်းသည် နဲ့ သားသမီး တွေက) ပိုပြီးတော့ အရေးကြီးပါတယ်။ သူတို့တွေထက် ပိုပြီးတော့ အရေးကြီးတဲ့ အရာ တစ်စုံတစ်ခု ရှိနေပါသေးတယ်* – (ရတနာဖူးလေးကို ထုတ်ယူလိုက်ပါ) – အဲဒါကတော့ ဘုရားသခင်ရဲ့ ကြီးမြတ် တော်မူခြင်း နဲ့ ထိုက်တန်တော် မူခြင်းတို့ ပါပဲ။

ဘုရားသခင်သည် ဖြောင့်မတ်တော်မူသော အရှင်ဖြစ်ကြောင်း သင်ကြားခဲ့ရသော ပြီးခဲ့သည့်အပတ် သင်ခန်းစာကိုပြန်လည် နွေးပေးပါ။ ဘုရားသခင်ဟာ အဖိုးတန်ဆုံးသော အရာဖြစ်တဲ့ သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းကို တန်ဖိုးအထားဆုံး ဖြစ်သည့်အတွက် သူ၏အစီစဉ်များ၊ မိန့်တော်မူချက်များ နှင့် အမှုပြုတော်မူခြင်းအလုံးစုံတို့သည် မှန်ကန်နေသည်။ သို့သော်လည်း လူသားများမှာ ဖြောင့်မတ်ကြသည် မဟုတ်။ ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြသည်။ ဘုရားသခင်ကို ကျွန်ုပ်တို့သည် ပထမဆုံးနေရာ ထားကြသည် မဟုတ်။ ကျွန်ုပ်တို့၏ တွေးခေါ်ခြင်း၊ ပြောဆိုခြင်း နှင့် လုပ်ဆောင်ခြင်းများက ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို တန်ဖိုးအရှိဆုံး ဖြစ်သည်ဟု မယုံကြည်သည့်သဘောမှာ ထင်ရှားနေသည်။ ကျွန်ုပ်တို့သည် စဉ်းစားတွေးခေါ်ခြင်း၊ စကားပြောဆိုခြင်း၊ အသက်ရှင်ခြင်းတို့က ဘုရားသခင်အား ရှုံ့လုံးများဖြင့် ပစ်ပေါက်နေသကဲ့သို့ ဖြစ်သည် – ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းနှင့် ထိုက်တန်တော်မူခြင်းကို မထင်မဲ့မြင်ပြုနေကြသည်။ ထိုအရာမှာ အပြစ် ဖြစ်သည်။ ထိုအခြေအနေအတွက် ဘုရားသခင် မည်သို့ ခံစားရပါမည်နည်း။ ဘုရားသခင် အမျက်ထွက်ပါမည်လား။ ထိုသို့အသက်ရှင်သောသူများကို ပြစ်ဒဏ်ပေးရန် ဘုရားသခင်၌ အခွင့်အာဏာ ရှိပါသလား။ ဘုရားသခင်သည် သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို ကွယ်ကာရန် တစ်စုံတစ်ခုကို ပြုလုပ်ပါမည်လား။

## ပုံပြင် – ဗိမာန်တော်ရောက် ယေရှုရှင်

ဗိမာန်တော်ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း နှင့် ယေရှုရှင်သည် ထိုနေရာ၌ အဘယ်ကြောင့် ရောက်နေရသည်ကို အနည်းငယ် ရှင်းပြပါ။ *ယော၊ ၂း၁၃–၁၆* ပါ ကျမ်းချက်ကို **စကားလုံး တစ်လုံးချင်းစီ** ဖတ်ပေးပါ။ အငယ် ၁၅ ရောက်သည်တွင် ကြာပွတ်ကို ကောက်ကိုင်လိုက်ပြီး (ကလေးများ နှင့် ခပ်လှမ်းလှမ်းတွင် ရှိပါစေ) ရိုက်ချလိုက်ပါ။ စားပွဲခုံသေးလေးကို မှောက်လှန်လိုက်ပါ ထိုသို့ဖြင့် အကြွေစေ့များသည်လည်း ကြမ်းခင်းပေါ်တွင် ပြုကျသွားစေရန် ဖြစ်သည်။ စိတ်ဆိုး ပြလိုက်ပါ၊ အာဏာပါသည့် လေသံဖြင့် ကျမ်းချက်ကို ဖတ်လိုက်ပါ။

ပုံပြင်နှင့်ပတ်သက်၍ အောက်ပါမေးခွန်းများကို မေးပါ၊

- *လူတွေက ဘုရားသခင်ကို အမြင့်ဆုံး တန်ဖိုးထားကြသလား။*
- *ဘုရားသခင်ထက် သူတို့တွေ ဘာကို တန်ဖိုးထားကြသလဲ။ အဲဒါ မှန်ကန်ပါသလား။*
- *ယေရှုရှင်က အဲဒီအခြေအနေအပေါ် ဘယ်လို ထင်ခဲ့သလဲ။ အဲဒီလို တွေးထင်တာ မှန်ကန်ပါသလား။*
- *ယေရှုရှင်ဟာ အနည်းငယ်ပဲ အမျက်ထွက်ခဲ့တာလား။ သူ အလွန်အမင်း အမျက်တော်ထွက်ခဲ့တာကို ဘယ်လို သိနိုင်သလဲ။*

➢ *ယေရှုရှင် ဘာလုပ်ခဲ့သလဲ။ အဲဒီလို သူတို့တွေကို ပြစ်ဒဏ်ပေးတာဟာ မှန်ကန်ပါသလား။*

ယေရှုရှင်သည် ဖြောင့်မတ်သောအရှင် ဖြစ်သည်။ တန်ဖိုးအရှိဆုံးသောအရာဖြစ်သည့် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို တန်ဖိုးအထားဆုံး ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်သည့်အားလျော်စွာ လူသားများသည် ဘုရားသခင်ထက် အခြားသောအရာများကို ပို၍ တန်ဖိုးထားကြသောအခါ ထိုသူများအပေါ် ယေရှုရှင်သည် အမျက်တော်ထွက်ရခြင်း ဖြစ်သည်။ ထိုသူတို့သည် မဖြောင့်မတ်သောသူများ ဖြစ်သည်။ ၄င်းတို့သည် ဘုရားသခင်အား ဆန့်ကျင်၍ အပြစ်ကျူးလွန်ခဲ့ကြရာ ၄င်းတို့ကို ဒဏ်ခတ်ရန် အခွင့်အာဏာ ရှိတော်မူသည်။

ပုံပြင်ထဲတွင် တွေ့ရသည့် ယေရှုရှင် အမြတ်ထွက်ခဲ့သည် ဆိုသည်မှာ ဘုရားသခင် မည်မျှအမျက်ထွက်နိုင်သည် ဟူသည့်အချက်ကို အနည်းငယ်မျှသာ ဖော်ပြပေးခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်က ဘုရားသခင်၌ တရားစီရင် ပိုင်ခွင့်ရှိသည့် အကြောင်းကို အနည်းငယ်ဖော်ပြပေးသည်။ သမ္မာကျမ်းစာထဲ၌ အပြစ်အပေါ် ဘုရားသခင် မည်မျှ လောက်အမျက်တော်ထွက်သည့် အကြောင်းနှင့် အပြစ်သားများအပေါ် ပြစ်ဒဏ်ပေးသည့်အခါ မည်မျှလောက် ကြောက်စရာကောင်းသည်ကို တွေ့မြင်နိုင်သည့် အခြားသော အပြစ်အပျက် ပုံပြင် တစ်ခု ရှိသေးသည်။

**ပုံပြင် – သောဒုံ နှင့် ဂေါမောရ** *(ကမ္ဘာ၊ ၁၉)*

ထိုမြို့ နှစ်မြို့သည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက တည်ရှိခဲ့သည့် မြို့များဖြစ်ကြောင်းကို အကျဉ်းချုပ် ရှင်းပြပေးပါ။ ထိုမြို့၌ နေထိုင်သောသူများသည် အလွန်ဆိုးသွမ်းကြပေသည်။ ဘုရားသခင်သည် ၄င်းတို့အပေါ် အလွန်အမြတ်ထွက်သည့်အတွက် လောတနှင့် သူ၏မိသားစုမှ လွဲ၍ အခြားသောသူအားလုံးကို ပြစ်ဒဏ်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ထိုမြို့၌ ရှိသောသူများကို ဘုရားသခင် မည်သို့ ပြစ်ဒဏ်ပေးခဲ့သည်ကို ရှင်းပြပါ *(အငယ်၊ ၂၄–၂၈)*။ အကယ်၍ ပင်လယ်သေပုံ သင့်တွင် ရှိသည်ဆိုလျှင် ကလေးများကို ပြပါ။ ယနေ့ထိတိုင်အောင် ထိုနေရာ ဒေသသည် သွေ့ခြောက်၍ စိုက်ပျိုးရေး မထွန်းကားသည့် နေရာဖြစ်နေသည်။ ဘုရားသခင်၏ တရားစီရင်ခြင်း သည် ခေတ်တခဏသာဖြစ်ပြီး ပြီးဆုံးပျောက်ပြယ်သွားသည် မဟုတ်။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် စုံလင်၍ အချိန်ကြာမြင့်စွာ ခံစားကြရ ပေသည်။

*ရောမ၊ ၁း၁၈ က* နှင့် *နာဟုန်၊ ၁း၆ ခ* တို့ကို ဖတ်၍ ရှင်းပြပေးပါ။

***တရားကို လွန်ကျူးခြင်း အမှုအမျိုးမျိုးတို့ တဘက်၌ ဘုရားသခင်၏ အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက်ရှိ၏။***

***အမျက်တော်ရှေ့မှာ အဘယ်သူ ရပ်နိုင်သနည်း။ ဤမျက်တော် အရှိကို အဘယ်သူ ဆီးတားနိုင်သနည်း။ မီးလောင်သကဲ့သို့ အမျက်ထွက်၍ ကျောက်တို့ကို ဖြိုချတော်မူ၏။***

ဘုရားသခင်သည် ဖြောင့်မတ်တော်မူသည်။ သူ့အား အရာရာတိုင်းထက် ပို၍ တန်ဖိုး မထားခြင်းအားဖြင့် ကျွန်ုပ်တို့သည် မဖြောင့်မတ်သောသူများ ဖြစ်ကာ အပြစ်ကျူးလွန်ကြပါလျှင် ဘုရားသခင်၌ တရားစီရင် ပိုင်ခွင့် ရှိပါ သည်။ အပြစ်အပေါ်၌ ဘုရားသခင်သည် အလွန်အမျက်ထွက် ပိုင်ခွင့်ရှိသည်။ ဖြောင့်မတ်တော်မူသော ဘုရား သခင်ထက် မည်သူမျှ သာ၍ အမျက်ထွက်နိုင်ကြမည် မဟုတ်။ သူ့အား အခြားသော အရာများအားလုံးထက် အမြတ်တနိုး တန်ဖိုးမထားလျှင် ဘုရားသခင်သည် အလွန် ဒေါသထွက်သည်ကို ဖော်ကျူးသည့် စကားလုံးမှာ – အမျက်တော် ဟူသည့် စကားလုံးဖြစ်သည်။ ဘုရားသခင်၏ အမျက်တော်ဆိုသည်မှာ အပြစ်အပေါ် အလွန် ဒေသထွက်ခြင်းဟု ဆိုနိုင်သည်။ ကျွန်ုပ်တို့ အယောက်စီတိုင်းသည် မဖြောင့်မတ်သောသူများ ဖြစ်သည့်အတွက်

ဘုရားသခင်၏ အမျက်တော်ကို ခံရန် ထိုက်တန်သောသူများ ဖြစ်ကြသည်။ ဤအချက်သည် ကျွန်ုပ်တို့အတွက် ကြီးလေးသည့် ပြဿနာဖြစ်သည် – ဆိုရပါလျှင် အကြီးဆုံးသော ပြဿနာ ဖြစ်ပါသည်။

*လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "W" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- အမှားတစ်စုံတစ်ခုကို သားတို့သမီးတို့ ကျူးလွန်မိရင် သားတို့သမီးတို့ရဲ့ မိဘတွေက သားတို့သမီးတို့ကို ဆုံးမမယ်လို့ ထင်ပါသလား။ သူတို့တွေက မဆုံးမလောက်ပါဘူးကွာဆိုရုံနဲ့ သားတို့ သမီးတို့ကို တကယ် မဆုံးမပဲ နေကြမှာလား။ ဘုရားသခင်မှာလည်း အမျက်တော် ရှိပါတယ်။ သူဟာ အပြစ်အပေါ်မှာ အလွန် ဒေါသကြီးပေတယ်။ အပြစ်ကို မုန်းတီးသကဲ့သို့ ပြစ်ဒဏ်ပေးပိုင်ခွင့်လည်း သူ့မှာ ရှိတယ်။ အချို့လူတွေက ဘုရားသခင်ဟာ အဲဒီလို မဟုတ်ပါဘူး ဆိုပြီးတော့ စိတ်ကူးယဉ် ထင်မှတ်ကြပေမယ့် သမ္မာကျမ်းစာကတော့ ဘုရားသခင်ဟာ အမျက်တော် ထွက်ပြီးတော့ သူ့ရဲ့ ပြစ်ဒဏ်ပေးခြင်းတွေဟာလည်း **အမှန်တကယ်** ဖြစ်တယ်ဆိုတာကို ပြောပြထားတယ်။
- *ဆာလံ၊ ၁၈း၇–၈* ကို ဖတ်ပေးပါ။ မည်သူကို ရည်ညွှန်းနေသနည်း။
- ဘုရားသခင်ရဲ့ အမျက်တော်က အရိုက်ခံရတာ ဒါမှမဟုတ် အခန်းထဲမှာပဲ နေခိုင်းတာမျိုးနဲ့ တူပါသလား။ ထောင်ကျတာနဲ့ရော တူပါသလား။ အဲဒါတွေထက် ပိုပြီးတော့ ဆိုးနိုင်သလား။ သမ္မာ ကျမ်းစာက ဘယ်လို ပြောထားသလဲ။ *နာဟုန်၊ ၁း၆* ကိုဖတ်ပေးပါ။
- ဘုရားသခင်ရဲ့ အမျက်တော်နဲ့ တရားစီရင်ခြင်းတွေဟာ ခဏတာဖြစ်ပြီးတော့ မကြာခင်မှာပဲ အဆင်ပြေသွားတာမျိုးလား။ *ယုဒ၊ ၁း၇* ကို ဖတ်ပါ။ သောဒုံ နဲ့ ဂေါမောရက ***ထာဝရ မီးအိုင်ဆိုတဲ့ ပြစ်ဒဏ်ကို ခံရမယ့် သူတွေကို ဥပမာ ဆောင်ပါတယ်။***
- ဘုရားသခင်ကို အမျက်ထွက်စေတဲ့ အပြစ်အမျိုးအစား သို့မဟုတ် အရေအတွက် ဘယ်လောက် ရှိရမယ်ဆိုပြီးတော့ ရှိပါသလား။ သို့မဟုတ် ဘယ်လိုအပြစ်မျိုး ဖြစ်နေပါစေ အဲဒီအပြစ်အပေါ်မှာ အမျက်တော် ထွက်ပိုင်ခွင့် ဘုရားသခင်၌ ရှိပါသလား။ အာဒံ နှင့် ဧဝတို့အား ဧဒင်ဥယျာဉ်ထဲမှ နှင်ထုတ်ခြင်း မပြုမီတွင် ၄င်းတို့ ဘယ်နှစ်ကြိမ် အပြစ်ကျူးလွန် ခဲ့ကြပါသလဲ။ *ရောမ၊ ၁း၁၈*
- သမ္မာကျမ်းစာက လူတိုင်းဟာ အမိဝမ်းထဲမှာ ရှိစဉ်ကတည်းကနေ မဖြောင့်မတ်သောသူတွေ ဖြစ်တယ်လို့ ပြောထားပါတယ် (*ရောမ၊ ၃း၁၀–၁၁၊ ဆာလံ၊ ၅၁း၅*)။ အဲဒါကြောင့် လူသားလားလုံး ဘုရားသခင်ရဲ့ အမျက်တော် နဲ့ တရားစီရင်ခြင်းကို ထိုက်တန်တယ်လို့ ဆိုလိုတာလား (*ဖေက်၊ ၂း၃*)။ ဒါကြောင့်မို့ တစ်စုံတစ်ယောက် သို့မဟုတ် ဆရာ၊မ ကိုယ်တိုင် အပြစ်တစ်ခုခုကို ကျူးလွန်မိတယ်ဆိုရင် အရေးမကြီးပဲနဲ့ နေမလား။ "ကိစ္စမရှိပါဘူးကွာ၊ ဘာမှမဟုတ်ပါဘူး" လို့ ဆရာ၊မ ပြောနိုင်မလား။

မှတ်ချက် – ရတနာဘူး၊ အမှိုက်ပုံး နှင့် ကြာပွတ် တို့ကို နောက်သင်ခန်းစာများအတွက် သိမ်းထားပေးပါ။

သင်ခန်းစာ ၂၆

## “P” IS FOR PATIENT  *စိတ်ရှည်သည်းခံတော်မူသောအရှင်*

**အဓိကအချက်** – ဘုရားသခင်သည် အမျက်တော်ထွက်ရန် နှင့် ပြစ်ဒဏ်ခတ်ရန် နှေးတော်မူ၏။

**အဓိကကျမ်းချက်** – လူအချို့တို့သည်၊ နှေးခြင်းကို မှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ဂတိတော် အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တ ရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော် မူ၏။ ၂ပေ၊ ၃း၉

**နိဒါန်း** – ပြီးခဲ့သည့်အပတ်သင်ခန်းစာက အပြစ်အပေါ် ဘုရားသခင်၏ မုန်းတီးခြင်း နှင့် အမျက်တော်အကြောင်း အလေးအနက်ထား သင်ကြားပေးသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ အမျက်တော်နှင့် တရားစီရင်ခြင်းတို့ကို ခံထိုက်သောသူများဖြစ်သည်ကို နားလည်သဘောပေါက်ခဲ့ပြီး ဖြစ်သည် (*ဆာလံ၊ ၅၁း၅၊ ဧဖက်၊ ၂း၃*)။ သို့သော်လည်း အဘယ့်အကြောင်းကြောင့် ဘုရားသခင်က ကျွန်ုပ်တို့အားလုံးကို ယခုပင် ရှိသည့် နေရာ၌ မဖျက်ဆီးပဲ နေတော်မူသနည်း။ “အမျက်တော်ထွက်လျက်ရှိသော ဘုရားသခင်၏ လက်ထဲမှ အပြစ်သားများ” ဆိုသည့် တရားဒေသနာတွင် ဂျေနသန် အက်ဝတ်စ် ဆိုသူက ရေစီးဆင်းမှုကို ထိန်းချုပ် ထားသော ရေကာတာဟူ၍ ပုံဖော် ညွှန်းဆိုထားသည်။ ရေလျှံခြင်းတို့သည် ဘုရားသခင်၏ အပြစ်သား များအပေါ် ထားရှိသည့် အမျက်တော်ကို ပုံဆောင်လျက်၊ ဘုရားသခင်၏ လက်တော်မှာ ရေတံခါး တစ်ခုသဖွယ် ဖြစ်သည်။ အမျက်တော်ထွက်ရန် နှင့် ဒဏ်ခတ်ရာအမှု၌ နှေးတတ်တော်မူသော ဘုရားသခင်၏ ကောင်းမြတ် စုံလင်သော သဘောကြောင့်သာလျှင် အမျက်တော် ရေလျှံကို သူ၏လက်တော်ဖြင့် ထိန်းသိမ်းတော်မူ၍ ကျွန်ုပ်တို့သည် ပျက်ဆီးခြင်းသို့ မရောက်ရခြင်း ဖြစ်သည်။ အမျက်တော်ထွက်ရန် နှင့် ဒဏ်ခတ်ရာအမှု၌ နှေးတော်မူသော ဘုရာသခင်၏ ကောင်းမြတ်တော်မူသော သဘောဖြစ်ရာ ထိုသို့အားဖြင့် သူ၏ အဆုံးအစမဲ့ ကျေးဇူးတော်တရား သည်လည်း ထင်ရှားလေခြင်း ဖြစ်သည်။ ဘုရားသခင်သည် သည်းခံတော်မူတတ်သော အရှင်ဘုရားဖြစ်သည်မှာ ကျွန်ုပ်တို့အတွက် မည်မျှပင် ကောင်းမြတ်ပါသနည်း။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) နောဇ သင်္ဘော ဆောက်နေသည့် ပုံ

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁) နှစ် ၁၀၀ ဆိုသည့် အချိန်ကာလကို ပြရန်အတွက် နံရံပေါ်ကပ်ထားနိုင်မည့် အချိန်အခါပြ ဇယားတစ်ခု (စာရွက် နှင့် တိပ်များကို အသုံးပြု၍ လုပ်ဆောင်နိုင်သည်။)

၂) အလုပ်အမျိုးမျိုး လုပ်ဆောင်နေကြသည့် လူပုံများ (အစားစားနေသည့်ပုံ၊ ငါးဖမ်းနေသည့်ပုံ၊ ကစားနေ သည့်ပုံ စသည်ဖြင့်။)

၃) ကြာပွတ် (ပြီးခဲ့သည့် သင်ခန်းစာမှ)

***သင်ခန်းစာပို့ချခြင်း***

(အတန်းမစမီ ကတည်းက ကောင်းကြီးမင်္ဂလာပုံးကို သွားယူရန်လိုအပ်သည့် အခြေအမျိုး ရှိစေရန် သီးခြား အခန်းတစ်ခန်းတွင် ထားပါ။) အတန်းထဲတွင် တစ်စုံတစ်ခု ပျောက်နေသည်ကို ကလေးများအား သိမသိ မေးကြည့်ပါ။ ထို့နောက် ကောင်းကြီးမင်္ဂလာပုံးကို ယူရန်အတွက် အလွန် နှေးကွေးစွာ ထွက်သွားပါ။ (ထိုအချိန် တွင် အခြားဦးဆောင်ပေးနိုင်မည့် အရွယ်ရောက်ပြီးသူ တစ်ယောက်ယောက်က ကလေးများနှင့်အတူ ရှိနေပေး ရပါမည်။) အခန်းထဲသို့ ပြန်လည် ရောက်လာသည့် အချိန်၌လည်း သင် သင်ကြားပေးမည့် သင်ခန်းစာကို ကလေးများက စိတ်မရှည်နိုင်တော့တိုင်အောင် နှေးကွေးစွာ ပြင်ဆင်လိုက်ပါ။

မေးပါ – *ဆရာမ ကို စောင့်နေရတာ မောနေပြီလား။ တစ်ခုခုကို အစပြုဖို့ စောင့်နေရတာမျိုးကို သားတို့ သမီးတို့ နှစ်သက်ကြသလား။ တစ်စုံတစ်ယောက်က အလုပ်တစ်ခုခုကို လုပ်တဲ့အခါမှာ နှေးနှေးလေး လုပ်နေတာကို တွေ့ရတဲ့အခါ အရမ်းပဲ စိတ်ပျက်ဖို့ ကောင်းပါတယ်။ ဘယ်အရာမျိုးတွေက နှေးနေသလို ခံစား ရသေးလဲ။ သားတို့သမီးတို့ရဲ့ မွေးနေ့ရောက်ဖို့ အရမ်းနှေးနေသလား။ သားတို့သမီးတို့ အရမ်း ဗိုက်ဆာနေတဲ့ အခါမှာ အမေက ညနေစာလုပ်တာ နှေးနေသလို ဖြစ်သလား။ အဖေက ပျက်သွားတဲ့ သားတို့ သမီးတို့ရဲ့ စက်ဘီးကို ပြင်တာ အရမ်းနှေးနေတယ်ဆိုရင် ဘယ်လိုခံစားရလဲ။*

*ဆရာမ တို့ဟာ တစ်ခုခု လုပ်ဖို့ သို့မဟုတ် ဖြစ်ဖို့ အရမ်းနှေးနေတာမျိုးကို မနှစ်သက်တတ်ကြပါဘူး။ ဒါပေမယ့် အဲဒီလို ဖြစ်နေတာမျိုးဟာ အမြဲတမ်းပဲ ညီးငွေ့စရာ စိတ်ပျက်စရာ ဖြစ်စေသလား။ တခါတရံမှာ တစ်ခုခုဟာ နှောင့်နှေးနေတတ်တယ်ဆိုရင် သားတို့သမီးတို့ အလွန်ပျော် တတ်ပါတယ်။ ဥပမာ သားတို့ သမီးတို့ရဲ့ မိဘတွေက အလုပ်အများကြီးပေးဖို့ နှောင့်နှေးနေတယ်ဆိုတာမျိုးပေါ့။ ဒါ့ပြင် သားတို့သမီးတို့ရဲ့ မိဘတွေက သားတို့သမီးတို့ အမှားလုပ်တဲ့အခါမှာ ချက်ချင်း စိတ်မဆိုးပဲ နှောင့်နှေးစောင့်စားနေတတ် တာမျိုးက အလွန် ဝမ်းမြောက်စရာ ကောင်းတယ်မဟုတ်လား။*

အချို့သောအရာတွေဟာ နှောင့်နှေးနေတက်တာမျိုးဟာ ကောင်းသည့်အချိန်များ ရှိသည်ကို ကလေးများအား ရှင်းပြပေးပါ။ ပြီးခဲ့သည့်အပတ် သင်ခန်းစာတွင် ဘုရားသခင်သည် အမျက်တော်ထွက်တတ်တော်မူသော အရှင် ဖြစ်သည့် အကြောင်း သင်ယူခဲ့သည်ကို ပြန်နွေးပေးပါ။ သူသည် အပြစ်အပေါ်တွင် အလွန်အမျက်ထွက်လျက် ထို အပြစ်အပေါ်တွင် တရားစီရင် ပိုင်ခွင့်လည်း ရှိပေသည် (ကြာပွတ်ကို ကိုင်မြောက်လိုက်ပါ)။ ထို့ပြင် ကျွန်ုပ်တို့ အားလုံးသည် ဘုရားသခင်၏ အမျက်တော်နှင့် ထိုက်တန်သောသူများ ဖြစ်သည်။ ဘုရားသခင်သည် အမျက် တော်ထွက်၍ တရားစီရင်ရာတွင် နှေးမည်လား မြန်ပါမည်လားဟု ကလေးများကို မေးပါ။

**ပုံပြင် – နောဧ နှင့် ရေလွှမ်းမိုးခြင်း** (*ကမ္ဘာ၊ ၆ နှင့် ၇*)

ကျမ်းချက်များကို ကို ဖတ်ရှုက်ထားပါ။ အချိန်ပြ ဇယားကို အသုံးပြုရင်း၊ သင်္ဘောပုံ နှင့် အခြားသော သင်ထောက်ကူပြု ပစ္စည်းများကို အသုံးပြုကာ ဘုရားသခင်သည် လူသားများကို နောင်တရရန် မည်မျှ အချိန်ကြာ အချိန်ပေးခဲ့သည့်ကို ဖော်ပြပေးပါ။

အောက်ပါအချက်များကို အလေးအနက်ထား ပြောပြပေးပါ –

ကမ္ဘာပေါ်ရှိ လူသားများသည် အလွန်ဆိုးသွမ်းမိုက်မဲလာကြရာ ဘုရားသခင်၏ အမျက်တော်ကို ခံရန် ထိုက်တန် ကြပေသည်။

- နောဧ နှင့် သူ၏ မိသားစုမှလွဲ၍ တစ်ကမ္ဘာလုံးအား ပြစ်ဒဏ်ပေးရန် ဘုရားသခင် ဆုံးဖြတ်ခဲ့သည်။
- နေဆိုသူသည် ဘုရားသခင်ကို ချစ်တော်မူ၍ ယုံကြည်အားကိုးသော သူတစ်ယောက်ဖြစ်သည်။ (ဤနေရာတွင် "ဖြောင့်မတ်သောသူ" ဟူ၍ အသုံးမပြုပါနှင့်။ သို့မဟုတ်ပါက သင်ခန်းစာ ၂၄ (*ရောမ၊ ၃း၁၀–၁၂)* နှင့် ရောမည်ဟု စိုးရိမ်စရာ ရှိ၍ဖြစ်သည်။
- ဘုရားသခင်သည် ရေလွှမ်းမိုးခြင်းကို စေလွှတ်ရာတွင် နှောင့်နှေးနေခဲ့သည်။ နှစ်ပေါင်း ၁၀၀ ကျော် စောင့်နေခဲ့သည်။ ထိုအချိန်အတွင်း နောဧအား သင်္ဘောတည်ဆောက်ရန် အမိန့်တော် ရှိခဲ့သည် (သင်္ဘောပုံကို အသုံးပြုပါ၊ အချိန်ဇယားပေါ်တွင် သင်ထောက်ကူပြု ပစ္စည်းများကို ကိုက်ညီသည့် နေရာ၌ ကပ်လိုက်ပါ)။ အကယ်စင်စစ် လူသားများသည် နောင်တရစေရန်အတွက် ဘုရားသခင်သည် အချိန်ကြာမြင့်စွာ ပေးနေခြင်း ဖြစ်သည်။

  မေးခွန်းပါ – *နှစ် ၁၀၀ ဆိုတာ ကြာတယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ နှစ် ၁၀၀ အတောအတွင်း မှာ လူတွေ ဘာလုပ်ပြီးနိုင်ကြမယ်လို့ ထင်သလဲ။* (ရုပ်ပုံ အမျိုးမျိုးကို အသုံးပြုပါ။) *စားဖို့သောက်ဖို့၊ အလုပ်လုပ်ဖို့၊ ကစားဖို့၊ အိမ်ဆောက်ဖို့၊ တစ်ရေးအိပ်ဖို့ သို့မဟုတ် သူငယ်ချင်းတွေစီ အလည်သွားဖို့ စသည်ဖြင့် အချိန်များကြီး သူတို့မှာ ရှိပါသလား။ သူတို့ရဲ့ အပြစ်တွေအတွက် နောင်တရဖို့ လုံလောက်တဲ့ အချိန်ကို ဘုရားသခင်က သူတို့ကို ပေးတယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ ဘုရားသခင်က သူတို့ကို ပြစ်ဒဏ်ချဖို့ ဘာလို့ နှောင့်နှေးနေရတာလဲ။ ဘာလို့ ဘုရားသခင်က ချက်ချင်းပဲ သူတို့ကို မဖျက်ဆီးပစ်လိုက်ရတာလဲ။*

*ဆာလံ၊ ၁၄၅း၈* ကို ဖတ်ပေးပါ (ဘုရားသခင်သည် အမျက်တော်ထွက်ခြင်းအမှုတွင် နှေးတော်မူသည်ကို အလေးအနက်ထား ပြေပြပါ။ သို့သော်လည်း ယခုလောလောဆယ်အတွက် ကျေးဇူးတော်ကြီးမားခြင်း နှင့် ဂရုဏာတော် ကြွယ်ဝခြင်းတို့ကိုမူ မရှင်းပြသေးပါနှင့်။)

***ထာဝရဘုရားသည် ကျေးဇူးပြုတတ်သောသဘော သနားစုံမတ်တတ်သော***
***သဘောနှင့်ပြည့်စုံ၍ ခွင့်လွှတ်တော်နှင့် ကရုဏာတော်သည် အလွန်ကြွယ်ဝပါ၏။***

ဘုရားသခင်သည် အမျက်တော်ထွက်ခြင်းအမှုတွင် နှေးတော်မူသည်ကို ကလေးများအား ရှင်းပြပေးပါ။ ဘုရားသခင်သည် လျင်မြန်စွာ တရားစီရင်ခြင်းအမှုကို မပြု။ အပြစ်အပေါ်တွင် အမျက်အလွန် ထွက်ပါသော်လည်း၊ ထိုအပြစ်အား အမျက်ထွက်၍ ပြစ်ဒဏ်ပေးရာတွင်မူ နှေးတော်မူသည်။ "ဘုရားသခင်သည် အမျက်တော် ထွက်၍ အပြစ်ဒဏ်ပေးခြင်းအမှု၌ နှေးတော်မူသည်" ဆိုသည့် အကြောင်းကို ဖော်ပြပေးသည့် အထူးစကားလုံး ရှိပါသည်။ ထိုစကားလုံးမှာ ဘုရားသခင်သည် **စိတ်ရှည်သည်းခံတော်မူ**၏ ဟူ၍ဖြစ်သည်။ ဘုရားသခင်သည် စိတ်ရှည် သည်းခံ တော်မူသော ဘုရားသခင် ဖြစ်သည်မှာ ကျွန်ုပ်တို့အတွက် အလွန်ကောင်းပေသည်။

သင်္ဘောပုံ နှင့် အချိန်ကာလပြ ဇယားကို အသုံးပြု၍ အောက်ပါအတိုင်း သင်ကြားပေးပါ။

> မေးပါ – တကယ်လို့ ဘုရားသခင်ဟာ ချက်ချင်းပဲ အမျက်ထွက်ပြီးတော့ လူတွေကို သတိမပေးခင် ပြစ်ဒဏ်ပေး လို့ကတော့ ဘယ်လို ဖြစ်ကုန်မယ်ထင်လဲ။ *ဒါမှမဟုတ် ဘုရားသခင်က နှစ်ပေါင်း ၁၀၀ ဆိုတဲ့ အချိန်ကို မစောင့်နိုင်ခဲ့ဘူးဆိုရင် ဘယ်လို ဖြစ်ကုန်မလဲ။ ဘုရားသခင်က စိတ်မရှည်တော့ဘဲ ရေလွှမ်းမိုးခြင်း ကို စေလွှတ်ခဲ့ မယ်ဆိုရင် ဘယ်လိုဖြစ်ကုန်မလဲ။* (အချိန်ကာလပြ ဇယားပေါ်ရှိ သင်္ဘော ဆောက်၍မပြီး သေးသည့် နေရာကို ထောက်ပြလိုက်ပါ။) *နောဧက သင်္ဘော ဆောက်ပြီးပြီလား။ နောဧနဲ့ သူ့မိသားစု တွေကို ကယ်ဖို့ ဘုရားသခင်က ကတိပေးထားသလား။ ဘုရားသခင်ဟာ စိတ်ရှည်တော်မူပါတယ်၊ အဲဒါကြောင့်*

*နောက်နေ့ သူ့ရဲ့မိသားစုကိုလည်း ကယ်တင်ခဲ့တာပေါ့။ ဘုရားသခင်က စိတ်ရှည်သည်းခံ ပေးတယ်ဆိုပေမယ့် အခြားလူတွေအတွက် ဆင်ခြင် ပေးစရာ အကြောင်းမရှိပါဘူး။ ဘာလို့လဲဆိုရင် သူတို့ မှာလဲ နောက်တရဖို့ကို အချိန်အလုံအလောက် ဘုရား သခင်က ပေးထားပြီးပြီပဲလေ။*

(မှတ်ချက် – "အကယ်၍" ဟူသည့် မေးခွန်းများသည် ဘုရားသခင်၏ စုံလင်သော အကြံအစီကို ပျက်ရည်ပြုရန် ရည်ရွယ်ခြင်း မဟုတ်ပေ။ ကျွန်ုပ်တို့အနေနှင့် အကယ်၍ ဘုရားသခင်သည် စိတ်ရှည်သည်းခံခြင်း မရှိပဲ တရားစီရင်ခြင်းအမှုတွင် ချက်ခြင်း လုပ်ဆောင်ပါက သူ၏စကားတော်အပေါ် သစ္စာမရှိသည့် သဘောဖြစ်သွားမည် ဆိုသည့်အချက် နှင့် သူ၏ကယ်တင်ခြင်းကတိတော် အကြံအစီကိုလည်း ဂရုမစိုက်ရာ ဖြစ်သွားမည်ကို ကလေးများအား နားလည်စေရန်အတွက် ဖြစ်သည်။ ဝေးနီ ဂရူဒန်၏ သီအိုလိုဂြီ စာအုပ်တွင် *၂ပေ၊ ၃း၉* ကို အောက်ပါအတိုင်း ရှင်းပြထားပါသည် (Wayne Grudem's book, *Systematic Theology (pp. 683-684)* – ဘုရားသခင်၏ အလိုတော် နှစ်မျိုးရှိ၍ – *ဘုရားသခင် ဖော်ပြပေးသော အလိုတော်* – ထိုအလိုတော်မှာ လူသားများ အားလုံး လုပ်သင့်သည့်အရာဖြစ်၍၊ *ဘုရားသခင် ဝှက်ထားလျက်ရှိသော အလိုတော်* – ထိုအလိုတော်မှာ အမှန်တကယ် ဖြစ်ပျက်လာမည့် အရာများ ဖြစ်သည်။ ဆိုလိုရင်းမှာ ဘုရားသခင်သည် လူသားအားလုံးကို နောင်တရသင့်သည်ဟု မိန့်တော်မူသော်လည်း – ဘုရားသခင်၏ ရည်ရွယ်ချက် ၌မူ လူသားတိုင်း နောင်တရကြမည် မဟုတ်ပေ။)

မေးခွန်းမေးပါ – *ဘုရားသခင်ဟာ စိတ်ရှည်သည်းခံတော်မူသော ဘုရားသခင်ဖြစ်တာ ဒို့တွေအတွက် ကောင်းသလားဟေ့။ တကယ်လို့ ဘုရားသခင်သာ အမျက်ထွက်ပြီးတော့ တရားစီရင်ခြင်းအမှုမှာသာ လျင်မြန်မယ်ဆိုရင်တော့ ဘယ်အချိန်မှာ ဆရာ၊မတို့နဲ့ ထိုက်တန်တဲ့ အပြစ်ဒဏ်ကို ခံကြရမှာလဲ။*

*၂ပေ၊ ၃း၉* ကို ဖတ်ပေးပါ

***လူအချို့တို့သည်၊ နှေးခြင်းကို မှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကိုသည်းခံတော်မူ၏။***

ဘုရားသခင်သည် စိတ်ရှည်သည်းခံတော်မူသောသူ ဖြစ်သည်မှာ အလွန်ကောင်းလှပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့အားလုံးသည် အမိ၏ဝမ်းဗိုက်ထဲ၌ ကိုယ်ဝန်စလွယ်သည့် အချိန်ကတည်းကပင် ပြစ်ဒဏ်ခံသင့်သောသူများ ဖြစ်ကြသည်။ သို့သော်လည်း ဘုရားသခင်သည် စိတ်ရှည်သည်းခံတော်မူသောအရှင် ဖြစ်သည်။ သူသည် အမျက်ထွက်ရာ၌ ဖင့်နွှဲ၍၊ အပြစ်ချရာ၌ ဖင့်နွှဲ နှေးတော်မူသည်။ သူ၏အမျက်တော်မှ သူ၏လူများကို ကယ်တင်လိုသည်။ ထို့ကြောင့် ဘုရားသခင်၏ စိတ်ရှည်ခြင်းက သူ၏သားသမီးများ နောင်တရ၍ သူ့အား မေတ္တာထား ယုံကြည်ကိုးစားလာစေရန် အတွက် အချိန်ကို ပေးပါသည်။

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား “P” ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဘုရားသခင်သည် စိတ်ရှည်တော်မူသောကြောင့် အမျက်ထွက်ရန် နှင့် တရားစီရင်ရန်တွင် ------- တော်မူသည်။ အလွန်စိတ်ရှည်တဲ့ သူတစ်စုံတစ်ယောက်က အမျက်ထွက်ဖို့အတွက် သို့မဟုတ် အပြစ်ပေးဖို့အတွက် မေ့သွားတာ ဟုတ်ပါသလား။ ဘုရားသခင်က ရေလွှမ်းမိုးခြင်းကို စေလွှတ်ဖို့ မေ့သွားခဲ့သလား။
- စကားနားထောင်ဖို့ သားတို့သမီးတို့ရဲ့ မိဘတွေက တစ်ကနေ တစ်ဆယ်အထိ ရေပြီးတော့ စောင့်ဖူးပါသလား။ နံပါတ် “ကိုး” ရောက်တဲ့အထိ နာခံဖို့ သားတို့သမီးတို့ တစ်ခါတစ်ရံ စောင့်နေတတ်သလား။ ဘုရားသခင်ကရော အဲဒီလို တစ်နှစ်သုံးလေး ရည်ပြီးတော့ လူသားတွေအနေနဲ့ သူဘယ်လောက်ကြာကြာ စိတ်ရှည်စောင့်နေမလဲဆိုတာ သိစေပါသလား။ *ရောမ၊ ၂း၄-၅* ကို ဖတ်ပါ။

  *ဘုရားသခင်၏ကျေးဇူးတော်သည် သင့်ကို နောင်တလမ်းသို့ သွေးဆောင်သည်ကို မသိမမှတ်ဘဲ၊ ကြွယ်ဝစွာကျေးဇူးပြုတော်မူခြင်း၊ သည်းခံတော်မူခြင်း၊ စိတ်ရှည်တော်မူခြင်းတို့ကို မထီမဲ့မြင်ပြု သလော။ ထိုသို့ပြုလျှင် စိတ်ခိုင်မာ၍ နောင်တမရသည်နှင့်အညီ ဒေါသနေ့တည်းဟူသော ဘုရားသခင်၏ တရားတော်ထင်ရှားသောနေ့၌ ကိုယ်ခံစရာဘို့ အမျက်ဒေါသကို ဆည်းဖူးသလော။*

  ဘုရားသခင်ရဲ့ စိတ်ရှည်သည်းခံခြင်းဆိုတာ စော့ကစားရမယ့် အရာမျိုး မဟုတ်ပါဘူး။ တစ်နှစ်သုံးလေး ဆိုပြီးတော့ “ကိုး” အထိ ဘုရားသခင် ရည်တွက်တာကို ဆရာ၊မ တို့စောင့်ပြီး တခြားအရာတွေ လုပ်နိုင်တယ်လို့ မထင်သင့်ပါဘူး။
- *၂ပေ၊ ၃း၉* ကို ပြန်ဖတ်ပါ။ ဘာလို့ ဘုရားသခင်က ဆရာ၊မ တို့အပေါ် အရမ်းကောင်းရတာလဲ။ ဒို့တွေ ဘာလုပ်စေချင်လို့လဲ။
- နောင်တရတယ်ဆိုတာ ဘာကို ပြောတာလဲ။ ဘုရားသခင်ကို တန်ဖိုးမထားခဲ့ခြင်းအပေါ် အမှန်တကယ် နှလုံးသားမှ ဝမ်းနည်းခြင်းကို ဆိုလိုသည်။ ဘုရားသခင်ထက် တန်ဖိုးထားသည့် အရာများအားလုံးကို နောက်ချန်ထားခဲ့ခြင်းကို ဆိုလိုသည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း တို့ကို အရာအားလုံးထက် တန်ဖိုးထား၍ အသက်ရှင်ရန် အသက်တာကို ပြင်ဆင်ခြင်း ဖြစ်သည် (*မဿ၊ ၁၃း ၄၄-၄၆)*

မှတ်ချက် – ကြာပွတ်ကို နောက်သင်ခန်းစာများအတွက် သိမ်းထားပါ၊

**သင်ခန်းစာ ၂၇**

## *“M” IS FOR MERCIFUL* ***ဂရုဏာထားတော်မူသောအရှင်***

**အဓိကအချက်** – မထိုက်တန်သော အပြစ် သားများအပေါ် ဘုရားသခင် ဂရုဏာထားတော်မူ၏။

**အဓိကကျမ်းချက်** – ငါတို့ပြစ်မှားခြင်းနှင့် အလျောက် ငါတို့၌ပြုတော်မမူတတ်။ ငါတို့၌ ဒုစရိုက်ရှိသည် အတိုင်း အပြစ်ကို ပေးတော်မမူတတ်။ ဆာလံ၊ ၁၀၃း၁၀

ထာဝရ ဘုရားသည် ကျေးဇူးပြုတတ်သော သဘော သနားစုံမတ်တတ်သော သဘော နှင့် ပြည့်စုံ၍ ခွန္တီတော်နှင့် ကရုဏာတော်သည် အလွန်ကြွယ်ဝပါ၏။ ဆာလံ၊ ၁၄၅း၈

**နိဒါန်း** – ကျေးဇူးတော်နှင့် ဂရုဏာ်တော် တို့သည် ကိုယ်စီ အဓိပ္ပါယ်ရှိကြပါသော်လည်း ကျွန်ုပ်တို့၏ သင်ခန်းစာ အတွက် ဤနှစ်ခုလုံးကို ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာ တစ်ခုအဖြစ် ပေါင်းစပ်ထားပါသည်။ ဘုရားသခင် သည် သနားကြင်နာတော်မူ၍ သူ၏အမျက်တော်နှင့် ထိုက်တန်သော လူသားလို့ကို ခွင့်လွှတ်လိုသည်။ ကျွန်ုပ် တို့အားလုံးသည် မဖြောင့်မတ်သောသူများ ဖြစ်သည့်အတွက်ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား မျက်နှာ သာပေးရန် မည်သည့်အကြောင်းမျှ မရှိ။ သူ၏ကျေးဇူးတော် နှင့် ဂရုဏာတော်တို့သည် ချစ်တော်မူ၍ ခေါ်ဆို ထားသောသူ အပေါင်းတို့ထံပါး အခမဲ့ တိုးချဲ့ပေးထားသော ကျေးဇူးတရားများ ဖြစ်သည်။

ပျောက်သောသား ပုံပြင်သည် ကလေးများအားလုံးနှင့် ရင်းနှီးပြီးသော ပုံပြင်ဖြစ်နေလင့်ကစား၊ သူ၏ဘုန်းတန်ခိုး ရောင်ခြည်ထက် အခြားသောအရာများကို တန်ဖိုးထားခဲ့သည့် သူ၏သားသမီးများအပေါ်ထားရှိသည့် ဘုရား သခင်၏ နက်နဲသော ခံစားချက်များ နှင့် အံ့ဖွယ်ရာ သနားကြင်နာခြင်းတို့ ထပ်လောင်း၍ တင်ပြပေးနိုင်မည်ဟု မျှော်လင့်မိပါသည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ဝက်ပုံများ

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) ရတနာဘူး (ပြီးခဲ့သည့် သင်ခန်းစာမှ)
၂) အမှိုက်များပြည့်နေသည့် အမှိုက်ပုံး (ပြီးခဲ့သည့် သင်ခန်းစာမှ)
၃) ကြာပွတ် (ပြီးခဲ့သည့် သင်ခန်းစာမှ)
၄) အနက်ရောင်စာရွက် အပိုင်းအစများ
၅) ကျမ်းချက်ရေးထားသော ကဒ်ထူပြားကြီး။ အောက်ဖော်ပြပါအတိုင်း အချို့စာလုံးများကို ယာယီ ဖုံးအုပ် ထားပေးပါ (တိပ်ဖြင့် ဖော့ဖော့လေး အုပ်ထားနိုင်ပါသည်)။

ထာဝရဘုရားသည် ~~ကျေးဇူးပြုတတ်သော~~ သဘော၊ ~~သနားစုံမတ်တတ်သော~~ သဘောနှင့် ပြည့်စုံ၍ ~~ခွန္တီတော်~~ နှင့် ~~ကရုဏာတော်~~သည် ~~အလွန်ကြွယ်ဝ~~ပါ၏။

အခန်းကို ပြင်ဆင်ထားခြင်း – အတန်းမစမီ အချိန်ကတည်းက ရတနာဗူးလေးကို ကလေးများအားလုံး မြင်နိုင်သည့်တစ်နေရာတွင် ပြသထားပါ။ ထို့နောက် အမှိုက်ပုံးကိုလည်း ထိုရတနာဗူးပြသရာ အနီးတဝိုက်ရှိ ကြမ်းပြင်ပေါ်တွင် ကျထားပါ။

### *သင်ခန်းစာပို့ချခြင်း*

အောက်ပါအကြောင်းအရာများကို အလျင်အမြန် ပြန်လည်ဆွေးနွေးခြင်းအားဖြင့် အစပြုလိုက်ပါ။

> အကြံပြုချက် – *ဘုရားသခင်ဟာ ဖြောင့်မတ်တော်မူတဲ့ အတွက်ကြောင့် အဖိုးအတန်ဆုံးသော အရာဖြစ်တဲ့ –သူ့ကိုယ်သူ – သူဟာ အမြဲတမ်း တန်ဖိုးထားတော်မူတယ်။ ဆရာ၊မ တို့ကတော့ ဘုရားသခင်ကို အမြဲတမ်း တစ် (၁) နေရာမှာ တန်ဖိုးမထားကြပါဘူး။ ဆရာ၊မ တို့ဟာ မဖြောင့်မတ်တဲ့ အပြစ်သားတွေ ဖြစ်ကြပါတယ်။ ဆရာ၊မ တို့ရဲ့ အပြစ်ကို မုန်းတီးတဲ့အတွက် ဘုရားသခင်ဟာ အမျက်တော် ထွက်ရ ပါတယ်။ ဒါပေမယ့် ဘုရားသခင်ဟာ စိတ်ရှည်သည်းခံတော်မူသော ဘုရား၊ ဆရာ၊မ တို့ကို ပြစ်ဒဏ် ပေးရာမှာ နှေးတော်မူသော ဘုရားဖြစ်တယ်။*

ကျွန်ုပ်တို့ အသုံးပြုနေသော အမှိုက်ပုံးသည် အပတ်စဉ်တိုင်း အတူတူ ဖြစ်နေသည်ကို ကလေးများအား ပြောပြပေးပါ။

> အကြံပြုချက် – *ဒီအမှိုက်ပုံးကို မကြာခင် လွှတ်ပစ်နိုင်တော့မယ်လို့ ဆရာ၊မ မျှော်လင့်တယ်။ အနံ့ကလည်း အကယ်ဆိုးတယ်။ မဖြစ်ပါဘူး။*

ကောင်းကြီးမင်္ဂလာပုံးထဲမှာ ကျွန်ုပ်တို့ကို အကူအညီဖြစ်စေနိုင်မည့် တစ်စုံတစ်ခု ရှိရမယ်ဟု ကလေးများကို ပြောပါ။ ကလေးတစ်ယောက် ရှေ့ထွက်လာပြီး ဝက်များပုံကို ထုတ်ယူစေပါ။

> အကြံပေးချက် – *ဝက်တွေ၊ ဘယ်လို လုပ်ပြီး ဝက်တွေက ကောင်းကြီးမင်္ဂလာပုံးထဲ ရောက်နေရတာလဲ။ အကယ်လို့များ ဒီဝက်တွေဟာ အကယ့်ဝက်တွေသာ ဖြစ်ခဲ့မယ်ဆိုရင်တော့ အမှိုက်ပုံးထဲက ရှိတဲ့ အရာတွေ အားလုံးကို စားပစ်ကြမှာပဲနော်။ ဒါပေမယ့် ဒီလောက် ပျက်ဆီးနေတဲ့ ဟာကိုတော့ ဝက်တွေတောင် စားချင်ကြမယ်လို့ မထင်ဘူး။ ဒါပေမယ့် ဆရာ၊မ ကတော့ ဝက်တွေအကြောင်းပါတဲ့ ကျမ်းစာပုံပြင် တစ်ပုဒ်ကို အမှတ်ရမိတယ် --- ဒီအပြင် အဲဒီထဲမှာ ပါတဲ့လူတစ်ယောက်ဟာ အရမ်း ဗိုက်ဆာတဲ့အတွက် ဝက်စာတွေကို တောင်စားချင်စိတ် ပေါက်လာတဲ့ အထိပေါ့။*

**ပုံပြင် – ပျောက်သောသား** *(လုကာ၊ ၁၅း၁၁–၂၀)*

ကလေးများကို ပုံပြင်၏ ခေါင်းစဉ်အား အစပိုင်းတွင် မပြောပဲ နေပါ။

အောက်ပါအချက်များကို အလေးအနက် ထားပါ။

- သားဖြစ်တဲ့သူဟာ သူ့အဖေ မသေခင်အချိန်ကတည်းကနေ သူ့ရဲ့မွေတွေကို (အမွေကို သေချာစွာ ရှင်းပြပါ) တောင်းခံခဲ့တယ်။ သူ့ဖခင်ကတော့ လူကောင်းတစ်ယောက်ဖြစ်တော့ လိုချင်တဲ့အရာကို ပေးခဲ့တယ်။

- သူ့ဖခင်ရဲ့ စည်းစိမ်တွေကို မှားယွင်းစွာ အသုံးပြုခဲ့တဲ့အတွက် သူ့ဘဝဟာ ပျက်ဆီးသွားခဲ့ပြီး အထီးက ကျန်ခဲ့ရတယ်။
- သူ့ဘဝ ဆိုးရွားမှုကြားထဲကနေ သူဘယ်လောက်ထိ မှားခဲ့သလဲဆိုတာ နဲ့ ဘယ်လောက်ထိ သူ့ဖခင်ရဲ့ အိမ်ကို ပြန်ချင်လာသလဲဆိုတာကို သူသိလာခဲ့တယ်။ အိမ်ပြန်တဲ့အခါမှာလည်း အပြစ်တွေကို ဝန်ချ တောင်းပန်လို့ အစေခံကျွန် တစ်ယောက်အနေနဲ့ဘဲ နေမယ်ပေါ့။ သူရဲ့ ဖခင်ကောင်းရဲ့ "သား" လို့ မခေါ်ထိုက်တဲ့ အဖြစ်ကိုလည်း သူ သိမြင်လာတယ်။
  အောက်ပါမေးခွန်းများကို ကလေးများအား မေးပါ – *ဘာလို့ သားဖြစ်တဲ့သူက "သား" ဆိုပြီး မခေါ်ထိုက်တော့ဘူးလို့ ခံစားခဲ့ရတယ် ထင်လဲ။ သူ့ဖခင်ရဲ့ စည်းစိမ်တွေ နဲ့ သဘောထား ကောင်းမြတ်ခြင်း တွေကို သူ တန်ဖိုးထားခဲ့ သလား။ သူ့ဖခင်ရဲ့ စည်းစိမ်တွေကို ဘာလုပ်ဖို့အတွက် သူရွေးချယ်ခဲ့သလဲ။ အဲဒီရွေးချယ်မှုက သားဖြစ်သူကို ပျော်ရွှင်စေပါသလား။ သူ့ဖခင်ရဲ့ စည်းစိမ် နဲ့ ဂုဏ်ရှိန်တွေထက် အခြားအရာတွေ ဖြစ်တဲ့ အစားအသောက်တွေ၊ ပျော်ပွဲရွှင်ပွဲတွေ၊ ကစားစရာ တွေကို သူ ပိုပြီးတော့ တန်ဖိုးထားတာဟာ မှန်ကန်ပါသလား။ ဖခင်ဖြစ်တဲ့သူကို သားဖြစ်သူက "ဒီအရာတွေအားလုံးက အဖေ့ထက် ပိုပြီးတော့ ပျော်ရွှင်စိတ်လှုပ်ရှား စရာကောင်းသလို၊ ပိုပြီးတော့လည်း အရေးကြီးတယ်" လို့ ပြောခဲ့ပါသလား၊*

သားဖြစ်သူ၏ လုပ်ရပ်မှာ ဖခင်ဖြစ်သူ၏ မျက်နှာကို အိုးမည်း သုတ်သည့် ပုံစံဖြစ်ကြောင်း ကလေးများကို ရှင်းပြ ပေးပါ။ ဆိုလိုသည်မှာ သူ၏ဖခင်သည် အရေးမပါသောသူ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

မေးခွန်းမေးပါ – *သူ့သားရဲ့ လုပ်ရပ်အပေါ် ဖခင်ဖြစ်သူက စိတ်ဆိုးဖို့ အခွင့်ရှိပါသလား။ ဖခင်ဖြစ်တဲ့သူက သူ့သားကို ပြစ်တင်ဆုံးမ မယ်ဆိုရင် မှန်ကန်မယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ သားဖြစ်သူဟာ ဖခင်ရဲ့ သနားကြင်နာခြင်း နဲ့ ခွင့်လွှတ်ခြင်းတွေကို ခံထိုက်တဲ့သူ ဖြစ်သလား။*

ပုံပြင်ကို ဆက်လက်၍ ပြောပေးပါ *အငယ် ၁၂–၂၄*

အောက်ပါအချက်များကို အလေးအနက်ထား ပြောပေးပါ။

- သားဖြစ်တဲ့သူ အိမ်ကိုတောင် မရောက်သေးဘူး၊ ဖခင်ဖြစ်တဲ့သူကတော့ သူ့ကို မျှော်နေခဲ့တယ်။
- ဖခင်ဖြစ်တဲ့သူဟာ နောင်တတရားနဲ့ ရောက်လာတဲ့ သားဖြစ်သူအပေါ် အလွန်အမင်း ဝမ်းမြောက် ခဲ့ပြီးတော့ သူ့ရဲ့ သနားကြင်နာခြင်း နဲ့ ခွင့်လွှတ်ခြင်းတွေကိုလည်း ပေးခဲ့သေးတယ်။
- သူ့ရဲ့ မေတ္တာကို မထိုက်တန်တဲ့ သားဖြစ်သူအပေါ် ဖခင်ဖြစ်သူဟာ ကြင်နာသနားခဲ့ပြီးတော့ ခွင့်လွှတ် ခဲ့တယ်။

ထိုပုံပြင်သည် "ပုံဆောင်ချက်" တစ်ခု ဖြစ်သည်ကို ကလေးများအား ရှင်းပြပေးပါ။ ထိုပုံပြင်များသည် တစ်စုံ တစ်ခုကို ယုံကြည်စေရန် ရည်ရွယ်ပါသည်။ ယေရှုရှင်က ဤပုံပြင်ကို ပြောပြသည့်တွင် ကျွန်ုပ်တို့သည် အမှန် ဖြစ်ပျက် နေသည့်အရာများကို ယုံကြည်စေရန် ဖြစ်သည်။ အမှန်မှာ ဤပုံပြင်တွင် ဘုရားသခင်သည် မည်သူ ဖြစ်၍ မည်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သည်ကို ဖော်ပြနေသည်။

မေးပါ – ဒီပုံပြင်ထဲမှာ ဖခင်ဖြစ်တဲ့သူဟာ ဘုရားသခင် နဲ့လား ဒါမှမဟုတ် ဆရာ၊မ တို့နဲ့ တူတာပါလား။ သားဖြစ်တဲ့သူကရော ဆရာ၊မ တို့နဲ့ တူတာလား ဒါမှမဟုတ် ဘုရားသခင်နဲ့ တူတာလား။ သားဖြစ်တဲ့သူက ဘယ်သူနဲ့ တူသလဲဆိုရင်တော့ ––––––– (အောက်ပါအချက်များကို တစ်ချက်ခြင်း ပြောနေသည့်အချိန်တွင်

အနက်ရောင်စက္ကူများကို လုံးချေကာ ရတနာဖူးလေးကို တစ်ချက်ခြင်း လှမ်းပေါက်လိုက်ပါ။ ရတနာဖူးလေး အမှိုက်ပုံးနား ကျသွားသည်ထိ ပေါက်ရပါမည်။)

--- အပင်တစ်ပင်ရဲ့ အသီးကို မစားနဲ့ဟု တားမြစ်ထားသည့် ဘုရားသခင်၏ အမိန့်တော်ကို တန်ဖိုး မထားခဲ့သော အာဒံ နှင့် ဧဝ။

--- ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာထက် ဟင်းတစ်ခွက်စာကို ပို၍ တန်ဖိုးထားခဲ့သော ဧသော။

--- ဘုရားသခင်၏ ပညတ်တော်များထက် အခြားသူ၏ မိန်းမကို ပို၍ တန်ဖိုးထားခဲ့သော ဘုရင် ဒါဝိဒ်။

--- ဘုရားသခင်၏ ထိုက်တန်တော်မူခြင်းထက် ငွေကိုသာ တန်ဖိုးထားခဲ့သော ဇက္ခဲ။

--- ယေရှုရှင်ကို မသိပါဘူးဟု ငြင်းဆိုကာ မိမိ၏လုံခြုံလွတ်ငြိမ်းမှုကို ဘုရားသခင်၏ သမ္မာတရားထက် ပို၍ တန်ဖိုးထားခဲ့သော ပေတရု။

အကြံပြုချက် – *သမ္မာကျမ်းစာထဲက နာမည်ကြီးတဲ့ သူတွေအပါအဝင် ဆရာ/မ တို့အားလုံးဟာ ပျောက်သော သားနဲ့ တူပါတယ်။ ဆရာ/မ တို့ဟာ ဘုရားသခင်ရဲ့ ကြီးမြတ်ထိုက်တန်တော်မူခြင်းထက် အခြားအရာတွေကို ပိုပြီးတော့ တန်ဖိုးထားတတ်ကြတယ်။ ဘုရားသခင် ဘယ်လိုခံစားရမယ် ထင်သလဲ။*

မေးခွန်းမေးပါ – *ဘုရားသခင်မှာ အမျက်ထွက်ပိုင်ခွင့် ရှိပါသလား။* (“ခွင့်တော်” ဆိုသည့် စကားလုံးကို ပြပေးပါ။) *ဘုရားသခင်က အမျက်ထွက်ရာမှာလည်း စိတ်ရှည်ပြီးတော့ သည်းခံတော်မူတတ်တယ် မဟုတ်လား။* (“အလွန် ကြွယ်ဝ” ဆိုသည့် စကားလုံးကို ဖွင့်ပြပေးပါ။) *ဘုရားသခင်က သူ့ရဲ့ မေတ္တာကို မျှဝေပေးပဲ့မလား။* (“ကရုဏာ တော်” ဆိုသည့် စကားလုံးကို ဖွင့်ပြပေးပါ။) *ဆရာ/မ တို့ဟာ မထိုက်တန်ပေမဲ့ ဘုရာသခင်ဟာ ဆရာ/မ တို့အပေါ်မှာ သနားကြင်နာပြီး ခွင့်လွှတ်ပေးပဲ့ မလား။* (“ကျေးဇူးပြုတတ်သော နှင့် သနား စုံမတတ်တတ်သော ” ဆိုသည့် စကားလုံးကို ဖွင့်ပြပေးပါ။)

*ဘုရားသခင်ဟာ သနားကြင်နာတတ်တဲ့သူ ဖြစ်ပါတယ်။ မထိုက်တန်တဲ့ အပြစ်သားတွေအပေါ် သနားကြင်နာပြီး ခွင့်လွှတ်ပေးတတ်တဲ့ သူဖြစ်တယ်။ သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းတွေကို မထင်မှဲမြင် ပြုသွားတဲ့အတွက် သူရဲ့ အမျက်ကိုသာခံထိုက်သော သူ့ရဲ့သားသမီးတွေအပေါ်မှာ ဘုရားသခင်ဟာ သနား ကြင်နာတော်မူတယ်။* (စက္ကူအနက်ရောင် အချို့ကို လုံးခြေ၍ ရတနာဖူးလေးအား အမှိုက်ပုံးထဲသို့ ကျလုမတတ် ဖြစ်အောင် ထက်မံ၍ ပေါက်ပြပါ။) *ဘုရားသခင်ကို အရာရာတိုင်းထက် တန်ဖိုးမထားဘူးဆိုတာကို နှလုံးသား ထဲကနေ နောင်တ အမှန်တကယ်ရရှိပြီးတော့ သူ့ထံပြန်လာတဲ့ သားသမီးအယောက်စီတိုင်းကို ဘုရားသခင်က သနားကြင်နာတော်မူတယ်။*

*မေးခွန်းမေးပါ – တဖြည်းဖြည်းနဲ့ ပြည့်လာတဲ့ အမှိုက်ပုံးကြီးကို ဘယ်လို လုပ်ကြမလဲ။ ဘုရားသခင်ရဲ့ ကြီးမြတ် တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်း ဖြစ်တဲ့ သူ့ရဲ့ဘုန်းတော်ကို ပစ်ပေါက်နေတဲ့ ဒီအပြစ်တွေကို ဘယ်လိုလုပ် မလဲ။ တဖြည်းဖြည်းနဲ့ ကြီးလာပြီးတော့ အနံ့ပိုဆိုးလာဖို့လား။ ဘုရားသခင်က သနား ကြင်နာ တတ်ပါတယ် ဆိုတဲ့အချက်က သူ့လူတွေ အပြစ်လုပ်နေကြတာကို ဘာမှ မဖြစ်သလိုနဲ့ လျစ်လျူရှု ထားပဲ့ မလား။ မဖြောင့်မတ် သောသူတွေကို မေတ္တာထား တန်ဖိုးထားမယ်ဆိုရင် ဘုရားသခင် မှန်ကန်ပါ မလား။ ဘုရားသခင်က သူ့ရဲ့ နာမတော်ကို ကာကွယ်တန်ဖိုးထားဖို့ ဘာလုပ်မှာလဲ။* (ယခုအတွက် အဖြေ မပေးပဲ နေလိုက်ပါ။)

*လိုက်လျှောက်ကျင့်သုံးခြင်း*

- ကလေးများအား "M" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- "ဘုရားသခင်ဟာ သနားကြင်နာတတ်တယ်" ဆိုတဲ့ အဓိပ္ပါယ်ဟာ ဘုရားသခင်ဟာ မထိုက်တန်တဲ့အပြစ်သားတွေအပေါ် ------------- ဖြစ်တယ်။ *ဆာလံ၊ ၁၀၃း၁၀*₈ *ကို ဖတ်ပါ။* ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ထိုက်တန်သည့်အတိုင်း အကျိုးအပြစ်ကို တောင်းမည်ဆိုလျှင် မည်သို့ဖြစ်မည်နည်း။ *(ရောမ၊ ၁း၁၈* ကို ပြန်၍ ရွေးပေးကာ ပြောပြပါ။)
- ယနေ့ပုံပြင်ထဲတွင် သားဖြစ်သူက သူ့ရဲ့အမွေတွေကို တောင်းတဲ့အချိန်မှာ သူ့ကိုယ်သူ ဘယ်လိုဖြစ်နေတယ်လို့ ထင်ပါသလဲ။ ဝက်တွေကို အစာကျွေးနေတဲ့ အချိန်မှာရော သူ့ကိုယ်သူ ဘယ်လိုထင်နေမလဲ။ ဆရာ၊မ တို့နဲ့ ဘုရားသခင် အကြားမှာ ထားရှိတဲ့ စိတ်နေသဘောထားက ဘယ်လို ရှိနေသင့်သလဲ။
- *ဧဖက်၊ ၂း၈–၉* ကို ဖတ်ပေးပါ

  *ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းတို့ ရောက်ရ၏။*
  *--- ကိုယ် ကုသိုလ်ဖြင့် ကယ်တင်ခြင်းသို့ ရောက်သည်မဟုတ်။*
  *သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ စရာ အခွင့်မရှိ။*
- အထက်ပါ ကျမ်းပိုဒ်၏ ဆိုလိုရင်းကို ဆွေးနွေးပေးပါ။
- *ရောမ၊ ၉း၁၈* ကို ဖတ်ပါ
- အကြံပြုချက် – *ဘုရားသခင်ဟာ လူသားအားလုံးအပေါ်မှာ သနားကြင်နာခြင်းကို ပြတော်မူပေမဲ့ သူ့ရဲ့သားသမီးတွေအပေါ်မှာပဲ ခွင့်လွှတ်ခြင်းကို ပြုတော်မူတယ်။ ဥပမာ – ဘုရားသခင်ဟာ ဖာရောဘုရင်မင်းကြီးအပေါ် သနားကြင်နာမှုကို ပြပြီးတော့ စည်းစိမ်များစွာကို ကောင်းကြီးပေးခဲ့တယ်။ ဒါပေမယ့် ဖာရောဘုရင်ကြီး နောင်တမရလေအောင် သူ့ရဲ့ နှလုံးသားကို ဘုရားသခင် ခိုင်မာစေ ခဲ့တယ်။*
- ဘုရားသခင်ရဲ့ သနားကြင်နာခြင်းက အပြစ်ကို လျစ်လျူရှုတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဘုရားသခင်ဟာ သူ့ရဲ့ ဘုန်းတော်ကို ကာကွယ်စောင့်ရှောက်နေမှာ ဖြစ်တယ်။ ဘုရားသခင်ဟာ ဖြောင့်မတ်တော်မူတဲ့အတွက်ကြောင့် မဖြောင့်မတ်ခြင်းကို ဘယ်သောအခါမျှ တန်ဖိုးထား နှစ်သက်မှာ မဟုတ်ပါဘူး။ ဘုရားသခင်ရွေးချယ်ထားတဲ့ လူတွေရဲ့ မဖြောင့်မတ်ခြင်းကို ပစ်ပယ်ဖို့ တစ်စုံတစ်ခုကို လုပ်ဆောင်ရမှာ ဖြစ်တယ် – ဒါကတော့ သူ့တို့အပြစ်တွေကို သန့်စင်စေဖို့ပါပဲ။ (ဘုရား သခင်၏ အကြံအစီကို မရှင်းပြပါနှင့်အုံး၊ နောင်လာမည့် သင်ခန်းစာ နှစ်ခု၌ ရှင်းပြသွားမည်ဖြစ်သည်။ )

မှတ်ချက် – ရတနာဘူး၊ အမှိုက်၊ အမှိုက်ပုံး နှင့် ကြာပွတ်များကို နောက်သခင်ခန်းစာများအတွက် သိမ်းထားပါ။

သင်ခန်းစာ ၂၈

## “Z” IS FOR ZEALOUS *စိတ်အားထက်သန်တော်မူသောအရှင်*

**အဓိကအချက်** – ပြုလေသမျှသော အမှုတို့တွင် ဘုရားသခင်သည် သူ၏နာမတော်အဘို့အလို့ငှါ ဆုံးဖြတ်ချက်ခိုင်မာ စွာဖြင့် အားကျိုးမာန်တတ်လုပ်ဆောင် တော်မူသည်။

**အဓိကကျမ်းချက်** – ထာဝရဘုရားသည် သူရဲကဲ့သို့ ထွက်ကြွ၍၊ စစ်သူရဲကဲ့သို့ ကိုယ်စိတ်ကိုကိုယ် နှိုးဆော်တော်မူ လိမ့်မည်။ အော်ဟစ်ကြွေးကြော်၍ ရန်သူတို့တဘက်၌ အားထုတ်တော်မူလိမ့်မည်။ ဟေရှာ၊ ၄၂း၁၃

**နိဒါန်း** – “စိတ်အားထက်သန်ခြင်း – တစ်စုံတစ်ခုကို လုပ်ဆောင်ရာ၌ ဇွဲလုံ့လ ဝိရိယ နှင့် စိတ်ဝင်စားမှု” (*Webster's Dictionary II*, (Boston: Houghton Mifflin Company, 1988), p. 1338.) ဤအဓိပ္ပါယ်ဖွင့်ဆိုခြင်း ဟေဗြဲဘာသာစကား “မနာလိုခြင်း” ဆိုသည့် စကား၏ ဖြည့်စွက် အဓိပ္ပါယ် ဖြစ်သည် (သင်ခန်းစာ ၂၃)။ ထို့ကြောင့် ဤစကားလုံးသည် သူ၏ နာမတော် ထင်ရှားပါမည်အကြောင်း ဘုရားသခင်၏ စိတ်အားထက်တန်သော သဘောပုံရိပ်ကို ထင်ရှားစေပါသည်။ အံ့သြစရာကောင်းသည်မှာ ဘုန်းတော်ထင်ရှား စေခြင်းအမှု၌ ဘုရားသခင်သည် မဖြောင့်မတ်သော သူတို့ကို ကယ်တင်ရန် စိတ်အား ထက်သန်စွာ လုပ်ဆောင်နေသည့် အချက် ဖြစ်သည်။ ရှေ့လာမည့် သင်ခန်းစာ နှစ်ခုတွင် သူ၏ အမြင်ဆုံး ပန်းတိုင်ဖြစ်သည့် သူ၏ဘုန်းတော်ကို တန်ဖိုးထား နှစ်သက်ခြင်းအမှု၌ မဖြောင့်မတ်သော သူများကို မေတ္တာ ထားကယ်တင်ခဲ့ခြင်းအား ရိုးရှင်းနိုင်သမျှ ရိုးရှင်းစွာဖြင့် ရှင်းပြသွားမည် ဖြစ်သည်။

ဤသင်ခန်းစာသည် သူ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် လောကီပုလ္လင်ကို မကြည့်ပဲ လက်ဝါးကပ်တိုင်ကို ရှေးရှုကာ ယေရှုဆလင်မြို့တော်ထဲသို့ ဝင်လာသော ယေရှုရှင်၏ စိတ်အား ထက်သန်မှုအား ဖော်ပြပေးသည်ဖြစ်ရာ သံလွင်သစ်ခက်နေ့ (Palm Sunday) တွင် သင်ကြားပို့ချနိုင်ပါက အသင့် လျှော်ဆုံး ဖြစ်ပါလိမ့်မည်။ *မှတ်ချက် – သင့်လျော်ကိုက်ညီခြင်းမရှိသည့် အချိန်၌ အဆုံးသတ်မိခြင်း မရှိစေရန်အတွက် ဤသင်ခန်းစာပါ အတွေးမမြင်များကိုသာ ဂရုတစိုက် သင်ကြားပေးပါ။*

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ချိုချဉ်များထည့်ထားသော ပန်းကန်တစ်လုံး
၂) ရေပုံးတစ်ပုံး နှင့် ကြမ်းတိုက်ဝတ်

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) ရတနာဘူး (ပြီးခဲ့သည့် သင်ခန်းစာမှ)
၂) အမှိုက်ပုံး (ပြီးခဲ့သည့် သင်ခန်းစာမှ)
၃) ပုလ္လင်တစ်လုံးကဲ့သို့ စီမံထားသော ကုလားထိုင်တစ်လုံး (သင်ကြားပေးနေစဉ် တွင်လည်း ပြင်ဆင်နိုင်ပါသည်။)

ရွေးချယ်ရန် – သံလွင်ရွက်များ (အစစ် သို့မဟုတ် စာရွက်များဖြင့် ပြုလုပ်ထားသော သံလွင်ရွက်)

အခန်းတွင်းပြင်ဆင်ခြင်း – ရတနာဘူးလေးကို အမြင့်တစ်နေရာတွင် တင်ထားပါ (စားပွဲငယ်လေး သို့မဟုတ် ခုံတစ်ခုခု ပေါ်တွင်)။ ပြီးခဲ့သည့် အပတ်သင်ခန်းစာမှ အမှိုက်ပုံး နှင့် အမှိုက်များကို ပြင်ဆင်၍ ရတနာဘူးလေးရှေ့တွင် ထားပါ (စာရွက်များကို ထပ်ဖြည့်ပေးပါ – သတင်းစာရွက်များ ထိုသို့အားဖြင့် အမှိုက်ပုံးသည် ပို၍ပို၍ ကြီးလာသည်ကို မြင်သာ စေရန်ဖြစ်သည်။) ထိုသို့ အမှိုက်ပုံးကို ထားရာတွင် ရတနာဘူးလေးအား မမြင်နိုင် တော့သည်အထိ မဟုတ်ဘဲ တစိတ်တဒေသကို ကလေးများက မြင်နိုင်အောင် ပြင်ဆင်ထားရမည်။ ပြင်ဆင်ထားသည့် ပုလ္လင်ကိုမူ ရတနာဘူးထားသည့် နေရာနှင့် <u>ပေအနည်းငယ်ဝေးသော</u> နေရာတွင် ထားပေးရမည်။

### ***သင်ခန်းစာပို့ချခြင်း***

ပြီးခဲ့သည့်အပတ်က သင်ကြားခဲ့သည့် အမှိုက်ပုံး နှင့် အမှိုက်များ၏ ခြားနားချက် မည်သည့်အရာကို သတိပြုမိကြကြောင်း ကလေးများကို မေးပါ။

> အကြံပြုချက် – *အမှိုက်ပုံကတော့ ပိုပြီးတော့ ကြီးလာသလိုပဲ။ တစ်စုံတစ်ခုကို မလုပ်ရင်တော့ တစ်ခန်းလုံး ပြည့်သွားနိုင်တယ်။ ဒီအမှိုက်ပုံကြီးက ဘာအကြောင်းကို ပြောပြဖို့ သုံးထားတာလဲဆိုတာ မှတ်မိသေးကြသလား။ ဘုရားသခင်ကို အရာရာတိုင်းထက် ဆရာ/မ တို့ ပိုပြီးတော့ တန်ဖိုးထားကြသလား။ အဲဒီလို တန်ဖိုး မထားတော့ရင်တော့ အဲဒါ အပြစ်ပါပဲ။ ဆရာ/မ တို့အားလုံး အပြစ်ကျူးလွန် ကြပြီပေါ့။ အပြစ်ဆိုတာက ဘုရားသခင်ဟာ အမှန်တကယ်ကို အရေးမကြီး၊ တန်ဖိုး မရှိပါဘူးလို့ ပြောနေတာနဲ့ အတူတူပဲ။ ဘုရားသခင်ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းတို့ကို ကျောက်ခဲနဲ့ ပေါက်နေသလိုပါပဲ။ ဒီအပတ်မှာတော့ ကောင်းကြီးမင်္ဂလာပုံးထဲမှာ အမှိုက်ပုံကြီးကို (အပြစ်) ရှင်းထုတ်ပေးနိုင်မယ့် အရာ တစ်စုံတစ်ခု ရှိမယ်နဲ့တူတယ်။*

ယနေ့သင်ခန်းစာမစမီတွင် ကောင်းကြီးမင်္ဂလာပုံးထဲတွင် အနည်းငယ်အံ့သြစရာလေး တစ်ခု ရှိကြောင်းကို ကလေးများအား ပြောပါ။ ထို့နောက် ချိုချဉ်ထည့်ထားသည့် ပန်းကန်လုံး၊ ရေပုံး နှင့် ကြမ်းတိုက်ဝတ် တို့ကို ထုတ်ယူလိုက်ပါ။ ချိုချဉ်ကို စားမည်လား သို့မဟုတ် ကြမ်းတိုက်ဝတ်ဖြင့် အတန်းပြီးသည့် နောက်တွင် ကြမ်းတိုက်မည်လားဟူ၍ ရွေးချယ်စရာ နှစ်ခုကို ယူလာကြောင်း ကလေးများကို ပြောပြပါ။ ၎င်းတို့၏ ရွေးချယ်မှုကို ပြသ၍ လက်တောင်စေပါ။

> အကြံပြုချက် – *ဘာလို့ သားတို့သမီးတို့က ကြမ်းမတိုက်ချင်ပဲနဲ့ ချိုချဉ်စားဖို့ အရမ်းစိတ်အား ထက်သန်နေရတာလဲ။* (ကလေးများကို အနည်းငယ် တုန့်ပြန်စေပါ။) *အို ဆရာ/မ ပြောဖို့ တစ်ခု မေ့သွားတယ်။ တကယ်လို့ ချိုချဉ်စားဖို့ အခုရွေးချယ်လိုက်မယ်ဆိုရင် အဲဒီဆုလဒ်အတွက်ကတော့ အပတ်တိုင်းလာပြီး ကြမ်း တိုက်ရမယ်ဆိုရင် ဘယ်လိုလဲ။ နောက်ပြီးတော့ အခုချိန်မှာ ကြမ်းတိုက်ဖို့ ရွေးချယ်တယ် ဆိုရင်တော့ စက်ဘီး အသစ် တစ်စီးရမယ်၊ အရုပ်အိမ်လေးတွေရမယ် နောက်ပြီး သွားလည်ပတ်ချင်တဲ့ နေရာကို သွားရမယ် ဆိုရင် ဘယ်ဟာကို ရွေးမလဲ။*

ချိုချဉ်လား သို့မဟုတ် ကြမ်းတိုက်မည်လားဟူ၍ ကလေးများကို နောက်တစ်ကြိမ် ပြန်မေးပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အမြင်အားဖြင့် လွယ်လင့်တကူရှိ၍ ပျော်ရွှင်ဖွယ်ကောင်းသော အရာများကို ရွေးချယ်

လုပ်ဆောင် လိုကြသည်ကို ကလေးများအား ရှင်းပြပါ။ သို့သော်လည်း အကျိုးရလဒ်သည် ကျွန်ုပ်တို့အား ပျော်ရွှင်ခြင်း မပေးမှန်းသိလိုက်သည်နှင့် ထိုအရာကို လုပ်ဆောင်လိုစိတ် ပျောက်သွားကြသည်။ တစ်ခါတစ်ရံ အချို့သော အရာတို့သည် အလွန်ခက်ခဲ တတ်ကြသော်လည်း၊ (ဥပမာ ပြောရလျှင် ကြမ်းတိုက်ခြင်း)၊ နောက်ပိုင်း ရလဒ်ကို သိလိုက်ရသောအခါ ကျွန်ုပ်တို့၏ ခွန်အားအကုန်သုံး၍ လုပ်ဆောင်တတ်ကြသည်။ ဥပမာ – စက်ဘီးစီးသင်ခြင်း၊ ရေကူးသင်ခြင်း စသည်ဖြင့်။ ဤအရာများကို ကျွန်ုပ်တို့ လိုချင်သော အရာများ ရရှိရန် ကျွန်ုပ်တို့သည် အားကျိုးမာန်တတ် လုပ်ဆောင်တတ်ကြသည်။ အကြောင်းအရင်းမှာ ထိုအရာများသည် ကျွန်ုပ်တို့ အမှန်တကယ် လိုချင်သော အရာများဖြစ်၍ သို့မဟုတ် ကျွန်ုပ်တို့ အမှန်တကယ်လိုချင်သော အရာများကို ရလဒ်အဖြစ် ရရှိကြမည် ဖြစ်သောကြောင့် ဖြစ်သည်။

မေးပါ – *ဘုရားသခင်မှာလည်း အလွန်စိတ်အား ထက်သန်စွာနဲ့ လုပ်ချင်တဲ့ အရာမျိုး ရှိပါသလား။* (မှတ်ချက် – ဤသို့ဆိုရာတွင် ဘုရားသခင်၌ မစုံလင်သောအရာ ရှိသည်ဟု ဆိုလိုခြင်းမဟုတ် – ဘုရားသခင်၌ မရှိသော အရာမရှိ၊ လိုအပ်သောအရာလည်း တစ်ခုမျှ မရှိပေ။ ဆိုလိုရင်းမှာ သူ၏ ရည်ရည်ချက်များကို ပြည့်စုံစေရန် သို့မဟုတ် သူ၏ဘုန်းတော်ကို ထင်ရှားစေရန် အတွက် သူ၏ စိတ်အားထက်သန်စွာ လုပ်ဆောင် ခြင်းကို ရည်ညွှန်းပါသည်။) *ဘုရားသခင်ဟာ သူလုပ်ချင်တဲ့အရာကို လုပ်ဆောင်တဲ့အခါမှာ ဆုံးဖြတ်ချက် အခိုင်အမာ ချပြီးတော့ စွဲရှိရှိလုပ်ဆောင်တတ်သလား ဒါမှမဟုတ် အလွယ်ဆုံးအရာကို အဖြစ်သဘောနဲ့ပဲ လုပ်တတ်ပါ သလား။*

အောက်ပါ ဥပမာများကို ပြောပြပါ –

- ဘုရားသခင်က သူ့ရဲ့လူတွေကို အဲဂုတ္တုပြည်ကနေ လွတ်ဖို့ ဆန္ဒရှိတဲ့အခါ သူဘယ်လို လုပ်ခဲ့သလဲ။ ဘာကြောင့် အဲဒီလို လုပ်ခဲ့တာလဲ။ (*ထွက်၊ ၉း၁၆* – သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော် မူခြင်းကို ဖော်ပြရန် အတွက်)
- ဣသရေလလူမျိုးတွေကို ယေရိဂေါမြို့ တည်ရှိတဲ့ မြေနေရာကို ဘုရားသခင်က ပေးချင်တဲ့အခါမှာ ဘုရား သခင် ဘယ်လို လုပ်ခဲ့သလဲ။ ဘာလို့ ဘုရားသခင်က အဲဒီလို လုပ်ခဲ့တာလဲ။ (*ယှောရှု၊ ၂း၉–၁၁* သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော် မူခြင်းကို ဖော်ပြရန် အတွက်)
- ကရမေလတောင် ပေါ်မှာ ဗာလပရောဖက်တွေနဲ့ ယှဉ်ပြိုင်ဖို့အတွက် ဧလိယကို ဘုရားသခင် ပြောခဲ့တုန်းက ဘုရားသခင် ဘယ်လို အနိုင်ယူခဲ့သလဲ။ ဘာကြောင့် ဘုရားသခင်က အဲဒီလို လုပ်ခဲ့ တာလဲ။ (*၃ရာ၊ ၁၈း၃၉* သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော် မူခြင်းကို ဖော်ပြရန် အတွက်)

ဘုရားသခင်သည် တစ်စုံတစ်ခုကို အမှုပြု လုပ်ဆောင်လေတိုင်း အားကျိုးမာန်တက် စိတ်ဆုံးဖြတ်က၊ စွမ်းအားအပြည့်ဖြင့် လုပ်ဆောင်တတ်သည်ကို ကလေးများအား ရှင်းပြပေးပါ။ သူရည်ရွယ်ထားသည့် အရာများ ဆုံးခမ်းတိုင် ရောက်သည်ထိ လုံးဝ အရှုံးပေးသွားခြင်း မရှိပဲ လုပ်ဆောင်တတ်သည်။ ဤအရာနှင့် ပတ်သက်၍ ဖော်ပြသော စကားလုံးမှာ ဘုရားသခင်သည် စိတ်အားထက်သန်တော်မူသော အရှင်ဟူ၍သည်။ ဘုရားသခင် သည် ခပ်သိမ်းသောအရာတို့ကို စိတ်အားထက်သန်စွာ ပြုတော်မူသည်။

*ဟေရှာ၊ ၄၂း၁၃* ကို ဖတ်၍ ပြပေးပါ၊

ထာဝရဘုရားသည် သူရဲကဲ့သို့ ထွက်ကြွ၍၊ စစ်သူရဲကဲ့သို့ ကိုယ်စိတ်ကိုကိုယ် နှိုးဆော်တော်မူ လိမ့်မည်။
အော်ဟစ်ကြွေးကြော်၍ ရန်သူတို့တဘက်၌ အားထုတ် တော်မူလိမ့်မည်။

အကြံပြုချက် – *ဘုရားသခင်ဟာ ဘယ်အရာကို လုပ်ဆောင်ဖို့ စိတ်အားထက်သန်နေတာလဲ။ သူရဲ့ လူတွေကို လွတ်မြောက်စေချင်တယ်၊ အစားအစာ ပေးချင်တယ်၊ သူ့အပေါ် မေတ္တာထားတတ်လာစေရန် စိတ်နှလုံးသားကို ပြောင်းလဲစေ ချင်တယ် စသည်ဖြင့် ဘုရားသခင်သည် ဆန္ဒရှိသည်။ ဘာလို့ ဘုရားသခင်က အဲဒါတွေကို လုပ်ဆောင် နေရတာလဲ။ ဘာလို့လဲဆိုရင် အရာရာတိုင်းထက် သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူ ခြင်းတို့ကို ပေါ်လွင် ထင်ရှားစေချင်တယ်။ ဘုရားသခင်ဟာ စိတ်အားထက်သန်တော် မူသောအရှင် ဖြစ်တယ်။ သူ၏ နာမတော်အတွက် ခပ်သိမ်းသောအရာတို့ကို ဘုရားသခင်သည် ဆုံးဖြတ်ချက် ချလျက် စိတ်အားထက် သန်စွာ လုပ်ဆောင်တော်မူတယ်။*

ဘုရားသခင်သည် သူ၏ ဘုန်းတော်ကို ထင်ရှားစေချင်သည့်အတွက် မြောက်များစွာသော အရာတွေကို စိတ်အားထက်သန်စွာ လုပ်ဆောင်တတ်သည့် ပုံပြင်အဖြစ်အပျက် များစွာသည် သမ္မာကျမ်းစာ၌ ပြည့်နှံ့ နေကြောင်း ကလေးများကို ပြောပြပါ။ ယနေ့ ပြောပြမည့် ပုံပြင်သည်လည်း ဘုရားသခင်သည် မည်မျှပင် ခက်ခဲသော အလုပ်ကို လုပ်ဆောင်စေကာမူ မည်မျှလောက် စိတ်အားထက်သန်နေသည်ကို ပြောပြနေပါသည်။

**ပုံပြင် – သံလွင်သစ်ခက်နေ့တွင် ယေရှုရှင်၏ ယေရုဇလင်မြို့တော်သို့ အဝင်** *မဿဲ၊ ၂၁း၁–၁၁*

ထိုအဖြစ်အပျက် မရောက်ခင်က အပြစ်အပျက်များကို ကလေးများအား အတိုချုပ် သင် ရှင်းပြပေးနိုင်ပါသည် – ယေရှုရှင်သည် သုံးနှစ်လုံးလုံး ဘုရားသခင်၏ အကြောင်းကို ပြောပြရင်း၊ မကျန်းမာသောသူတို့ကို ကျန်းမာ စေ၍၊ ဆင်းရဲသားတို့ကို မေတ္တာမျှကာ၊ အပြစ်သားများကို ခွင့်လွှတ်ပေး စသည်ဖြင့် လူသားများနှင့် အချိန် အသုံး ခဲ့သည်။ ယေရှုရှင်သည် လူသိများလာ၍ နာမည်ကြီးလာခဲ့သည်။ ဣသရေလလူမျိုးတွေအပြင် လူပေါင်း မြောက်များစွာက သူဟာ ဘုရားသခင်ကတိပေးထားတဲ့ ထူးမြတ်တဲ့ ဘုရင်တစ်ပါးဖြစ်ရမယ်လို့ ထင်မှတ်ခဲ့ကြတယ်။ ကလေးများကို လူအုပ်ကြီးအဖြစ် သရုပ်ဆောင်စေနိုင်ပါသည်။ ပြင်ဆင်ထားသော သံလွင်ခက်များကို ကိုင်ဆောင်စေကာ ဟိုဘက်ဒီဘက် နှစ်တန်းခွဲ၍ အမှိုက်ပုံး နှင့် ရတနာဖူးရှိသည့် ဘက်သို့ ဦးတည်သည့် ပုံစံဖြင့် တန်းစီရပ်စေပါ။

ပုံပြင်ထဲမှ အောက်ပါအချက်များကို အလေးအနက်ထား ပြောပြသွားပါ။

- လူတွေအားလုံးက ယေရှုရှင်ဟာ အချိန်ကြာမြင့်စွာ စောင့်စားခဲ့ရတဲ့ ဘုရင်ဖြစ်တယ်လို့ ထင်မှတ်ကြတဲ့အတွက် စိတ်လှုပ်ရှားနေခဲ့ကြတယ် *(ဇာခရိ၊ ၉း၉–၁၀)*။
- ယေရှုရှင်သည် လမ်းမအတိုင်း လျှောက်လာသကဲ့သို့ သရုပ်ဆောင်စေ၍ အောက်ပါအတိုင်း ကလေးများ တုန့်ပြန်လိုက်ဆိုနိုင်ရန် ဦးဆောင် လိုက်ပါ

  ဒါဝိဒ်မင်းကြီး၏ သားတော်အား ဟောရှဏ္ဏ ဖြစ်စေသတည်း၊
  ထာဝရဘုရား အခွင့်နှင့် ကြွလာသောသူသည် မင်္ဂလာရှိစေသတည်း။

- ဦးတည်သည့်လမ်းစဉ် မှားနေသည့်အကြောင်းကို ကလေးများအား ထောက်ပြပြောဆိုပါ။ အမှိုက်ပုံး ရှိသည့်ဘက်သို့ ဦးတည်နေသည်။

အကြံပြုချက် – *တို့တွေ တန်းစီတဲ့ ဘက်က မှားနေတယ်နဲ့တူတယ်။ တန်းစီတာက ပုလ္လင်ရှိတဲ့ဘက် ဖြစ်ရမှာ မဟုတ်လား။ နောက်ဆုံးမှာတော့၊ ပုလ္လင်ပေါ်မှာ အတိုင်းသား ထိုင်နေနိုင်ပါလျက်နဲ့ ယေရှုရှင်က ညစ်ပတ်ပေကြံနေတဲ့ အမှိုက်ပုံးရှိတဲ့ လမ်းကို ဘာလို့ ရွေးချယ်ခဲ့ရတာလဲ။ အဲဒီလို ပုလ္လင်ပေါ်မှာ ထိုင်နေတာက ပိုပြီးလွယ်ကူ ပျော်ရွှင်ဖွယ် ကောင်းမယ်မဟုတ်လား။*

ပုလ္လင်ပေါ်သို့ အေးဆေးသွား၍ နေရာယူထိုင်ကာ လူများ၏ ချီးမြှောက်ခြင်းကို ခံယူမည်ဆိုလျှင် ပို၍လွယ်ကူပျော်ရွှင်ဖွယ် ကောင်းသည်ဆိုသော်လည်း ယေရှုရှင်သည် လောကီ ပုလ္လင်ထက် သူ ပိုလိုချင်သောအရာပေးမည့် လမ်းကို ရွေးချယ် လျှောက်လှမ်းခဲ့သည်ကို ကလေးများအား ရှင်းပြပါ။ အမှိုက်သရိုက်များက ဘုရားသခင်၏ မဖြောင့်မတ်သော လူများနှင့် ၄င်းတို့၏ အပြစ်ကို ရည်ညွှန်းပုံဖော်ကြောင်းကို ပြန်ရှင်းပြကာ ယေရှုရှင်သည်လည်း သူ၏လူများအပေါ် မေတ္တာထားရန် ရွေးချယ်ခဲ့သည်။ ရတနာဘူးလေးက ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းကို ပုံဆောင်ပေးသည်။ ထိုအရာသည် ဘုရားသခင်၏ ဘုန်းတော်ဖြစ်ရာ၊ ယေရှုရှင်သည် အရာရာတိုင်းထက် ဘုရားသခင်၏ ဘုန်းနာမတော်ကို နှစ်သက်တန်ဖိုးထားတော်မူသည်။ ထိုအရာသည်ကား အကြီးမားဆုံး ဆုလဒ်ဖြစ်သည်။

အကြံပြုချက် – *ဒါပေမယ့် အဲဒီဆုလဒ်ကို ရရှိဖို့ ဆိုတာ "လွယ်ကူ" ပါသလား။ ယေရှုရှင်က ဘာလုပ်ရ မလဲ။ အဲဒီအမှုကို အပျင်းပြေ အဖြစ်သဘောနဲ့ပဲ ယေရှုရှင်က လုပ်ဆောင်သွားမှာလား။ ဒါမှမဟုတ် စိတ်ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ကျမှတ်ပြီးတော့ အင်အားသုံး လုပ်ဆောင်သွားမှာလား။ ဘုရားသခင်က အမှု ပြုတဲ့ အခါမှာ ဘယ်လို လုပ်ဆောင်တတ်သလဲဆိုကို ဒီနေ့သင်ခန်းစာမှာ ဘယ်လို သင်ထားသလဲ။ သူဟာ* ***စိတ်အားထက်သန်တဲ့ အရှင် ဖြစ်ပါတယ်။*** *သံလွင်သစ်ခက်နေ့မှာလဲ ယေရှုရှင်ဟာ သေတဲ့အထိအောင်ကို ပေးဆပ်ရမယ့် အခက်ခဲတစ်ခု ရွေးချယ် လျှောက်လှမ်းခဲ့တယ်။ ဘာလို့လဲဆိုတော့ သူ့ရဲ့ မဖြောင့်မတ်သောသူတွေကို ကယ်တင်ပြီးတော့ ဘုရားသခင်ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းကို ပြသချင်လို့ပေါ့။*

## *လိုက်လျှောက်ကျင့်သုံးခြင်း*

- ကလေးများအား "Z" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- စိတ်အားထက်သန်ခြင်း ဆိုတာက ဘုရားသခင်က သူ့ရဲ့ နာမတော်အတွက် -------- နဲ့ ----- အရာရာကို လုပ်ဆောင်ခြင်းလို့ ဆိုလိုတယ်။ စိတ်အားထက်သန်ခြင်း ဆိုတာက တစ်စုံတစ်ခုကို လုပ်ဆောင်တဲ့အခါမှာ ဇွဲနဲ့အားစိုက်ထုတ်ပြီး လုပ်တာကို ခေါ်တယ် – ကလေးတစ်ယောက် စက်ဘီး စီးသင်တာ၊ အပြေးသမားတစ်ယောက်က ပန်းတိုင်ကို အရောက်ပြေးတာ၊ ဘုရားသခင်ဟာလည်း သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်းကို ဖော်ပြဖို့အတွက် စိတ်အားထက်သန်စွာ အမှုပြုလျက်ရှိတယ်။
- အကြံပြုချက် –
  *သားတို့သမီးတို့က ချစ်စရာကောင်းတဲ့ ခွေးလေးတစ်ကောင် လိုချင်တယ်ဆိုရင် ဘယ်လို လုပ်မလဲ။ သားတို့သမီးတို့ရဲ့ မိဘတွေကို တစ်ခါပဲ တောင်းမလား၊ ဒါဆိုရင်တော့ သူတို့ လွယ်လွယ်နဲ့ မေ့သွားမှာပဲ။ ခွေးလေးတွေအကြောင်းကို ရတဲ့နည်းလမ်းနဲ့ လေ့လာမလား။ ဝယ်ဖို့ ပိုက်ဆံရနိုင်အောင် တစ်ခုခု အလုပ်လုပ်ဖို့ရှာမလဲ။ မိဘတွေကို ခဏခဏ တောင်းမလား။ အဲဒါမျိုးကို တစ်စုံတစ်ခု လုပ်ဖို့အတွက် စိတ်အားထက်သန် တယ်လို့ ခေါ်တယ်။*
- ဘုရားသခင်အတွက် အရေးကြီးဆုံးက ဘာလဲ။ သူ့ရဲ့ ဘုန်းတော်ပေါ့။ သားတို့သမီးတို့တောင်မှ ခွေးလေးတစ်ကောင်ရဖို့ စိတ်အားထက်သန်တယ် ဆိုရင်ပေါ့ (ဘုရားသခင်၏ ဘုန်းတော်နှင့် နှိုင်း၍ ယှဉ်စရာ အကြောင်းမရှိ) ဘုရားသခင်က သူ့ရဲ့ ဘုန်းအာနုဘော်အတွက် ဘယ်လောက်ထိ စိတ်အားထက်သန်မလဲဆိုတာကို စဉ်းစားကြည့်ပါ။

- တစ်စုံတစ်ခု ဆရာမ တို့အတွက် အမှန်တကယ် အရေးကြီးတယ် ဆိုရင်တော့ ခက်ခဲတယ် ဆိုပြီးတော့ အလွယ်တကူ အရှုံးပေးမယ်လို့ ထင်သလား။ ဥပမာ – စက်ဘီးစီးသင်ခါစက စက်ဘီးမှောက်တော့ ဒူးမှာ ဒဏ်ရာရတဲ့အခါမှာ တော်ပြီဆိုပြီး လွယ်လွယ် အရှုံးပေးခဲ့သလား။
- အကြံပြုချက် –
  *သူ့ရဲ့လူတွေအတွက် နဲ့ သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်း အတွက် ရွေးချယ်ခဲ့တော့ ယေရှုရှင် ဘာဖြစ်ခဲ့ရသလဲ။ ခက်ခဲခဲ့ပါသလား။ နာကျင်စရာ ကောင်းပါသလား။ ပျော်စရာ ကောင်းခဲ့ပါသလား။ ဘာလို့ အဲဒီလမ်းကိုမှ ယေရှုရှင် ရွေးချယ်ခဲ့တာလဲ။ ဟေဗြဲ ၁၂း၂* ကို ဖတ်ပါ။

***---- ထိုသခင်သည် မိမိရှေ့၌ ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့် ----***

မှတ်ချက် – ရတနာဗူး၊ အမှိုက် နှင့် အမှိုက်ပုံးများကို နောက်သင်ခန်းစာအတွက် သိမ်းထားပါ။

**သင်ခန်းစာ ၂၉**

## *"D" IS FOR DELIVERER ကယ်တင်တော်မူသောအရှင်*

**အဓိကအချက်** – သူ၏အမျက်တော်မှ သူ၏ လူများကို ဘုရားသခင် ကယ်တင်တော်မူသည်။

**အဓိကကျမ်းချက်** – ယေရှုခရစ်သည် အပြစ်ရှိသော သူတို့ကို ကယ်တင်ခြင်းငှါ၊ ဤလောကသို့ ကြွလာတော်မူသည်ဟူသော စကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ ခံယူအပ်သော စကားလည်းဖြစ်၏။ ၁တိ၊ ၁း၁၅က

**နိဒါန်း** – လက်ဝါးကပ်တိုင်တရားသည် အလွန်အရေးကြီး၍ အခြေခံဖြစ် သည့်အတွက် အပေါ်ယံကြည့်ရုံ သက်သက်သာ လေ့လာခြင်း မပြုသင့်ပေ။ ထို့ကြောင့် ဤသင်ခန်းစာတွင် လက်ဝါးကပ်တိုင် တရား နှင့် ယေရှုရှင်သည် ကျွန်ုပ်တို့အား အပြစ်၏ ကျိန်ခြင်းတရား၊ ဘုရားသခင်၏ အမြတ်တော် တရားစီရင်ခြင်းမှ ကယ်တင်နိုင်သည် ဟူသည့်အကြောင်းကို လုံးလုံးလျားလျား ဖော်ပြထားပါသည်။

ကျွန်ုပ်တို့သည် ကလေးများနှင့် ဆက်ဆံနေကြရသည့်အတွက် ရွေးနုတ်ကယ်တင်ခြင်းအကြောင်းကို ထိတွေ့မြင်နိုင်သည့် အရာများဖြင့် သမ္မာကျမ်း စာအတိုင်း သင်ကြားပေးရမည် ဖြစ်သည်။ ဤသို့သင်ကြားပေးရန်မှာ ပြင်ဆင်မှုများစွာ လိုအပ်ပါသော်လည်း ကလေးများအနေနှင့် ပြင်ဆင်မှု၌ ပါဝင်သော သမ္မာတရားကို နားလည်လွယ်မည်ဆိုလျှင် အချိန်ပေးပြင်ဆင်ရခြင်းသည် တန်ပါသည်။ အသုံးပြုသော သင်ထောက်ကူပြု ပစ္စည်းများအကြောင်းကို ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာ မလိုအပ်ပေ။ အသုံးပြုသော သင်ထောက်ကူပြု ပစ္စည်းများ၏ အမျိုးအစား၊ အတန်းအစား များသည် အသုံးဝင်ကြပါသော်လည်း အကန့်အသတ် ရှိတတ်ပါသည်။ ဂွတ်ဖရိုင်းဒေး (Good Friday) ၏ သမိုင်းကြောင်း (နာကျင်ခက်ခဲမှုများ၊ စစ်သားများ၊ လက်ဝါးကပ်တိုင်ထက်မှ စကားသံများ၊ စသည်ဖြင့်) တို့ကို ကျွန်ုပ်တို့သည် အလေးအနက်ထား ပြောသွားမည် မဟုတ်ကြောင်းကို သိထားပါ။ သို့သော် ကျွန်ုပ်တို့သည် ဂွတ်ဖရိုင်းဒေး (Good Friday) နေ့၏ ဘုရားအမြင် ဖြစ်သည့် သူ၏ဘုန်းတော်အပေါ်ထားရှိသည့် သူ၏ နှစ်သက်ခြင်း နှင့် မဖြောင့်မတ်သော သူများအပေါ် ထားရှိသည့် သူ၏ မေတ္တာတရား အကြောင်းကို ပစ်မှတ်ထား၍ ကြည့်သွားမည် ဖြစ်သည်။ သင်ခန်းစာပို့ချစဉ် ဤအချက်ကို နှလုံးသွင်းထားပါ။ ကျွန်ုပ်တို့၏ ဆန္ဒမှာ ခမည်းတော်ဘုရား၊ သားတော်ဘုရား နှင့် သူ၏သားသမီး တစ်ယောက်စီတိုင်း၏ အတွင်းကျကျ ဆက်နွယ်ဖြေရှင်းချက်များကို သိရှိ စေရန် ဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) အမှိုက်များအားလုံး ဝင်ဆန့်မည့် စာလံအိတ် တစ်အိတ်
၂) သံချောင်းများ နှင့် တူ

**အခြားသင်ထောက်ကူ ပစ္စည်းများ**

၁) ရတနာဘူး၊ အမှိုက်ပုံ (ပြီးခဲ့သည့် သင်ခန်းစာများမှ)၊ အခြားစက္ကူ အပိုင်းအစများ
၂) သိုးပုံ သုံးပုံ (မှိုငြမ်းရန် စာအုပ်တွင် ကြည့်ပါ)၊ ထိုပုံများကို စာရွက်အနီရောင်ပေါ်တွင် ကပ်ပါ။
၃) အဝတ်စ သုံးခု။

၄) လက်ဝါးကပ်တိုင် – သစ်သား နှစ်ချောင်းကို သံချောင်းဖြင့် ရိုက်ထားပါ သို့မဟုတ် စက္ကူအမာစားကို အသုံးပြု၍ လုပ်နိုင်ပါသည်။ လက်ဝါးကပ်တိုင်၏ အရွယ်အစားကို အမိုက်ထည့်ထားသည့် အထုပ် ချိတ်ဆွဲ ရိုက်ထားနိုင်သည့် အရွယ်အစားလောက် လုပ်ရမည်။ (လက်ဝါးကပ်တိုင်အား နံရံကို မှီ၍ ထားနိုင်ပါသည်။ အကယ်၍ လက်ဝါးကပ်တိုင်ကို စက္ကူအမာစားဖြင့် လုပ်ထားပါက လက်ဝါးကပ်တိုင် ကို ကြမ်းခင်းပေါ်တွင် လှဲထား၍ ထိုအပေါ်တွင် အမိုက်ထည့်ထားသည့် အထုပ်ကို တင်ထားရမည်။)
၅) ကလေးများ ပုံဆွဲနိုင်စေရန်အတွက် စာရွက်လွတ်များ
၆) ပြီးခဲ့သည့် သင်ခန်းစာမှ ကြာပွတ်
၇) လေးလံသည့် အရာဝတ္ထု နှင့် ကြိုး
၈) *၁ဟိ၊ ၁း၁၅* ကို ရေးသားထားသည့် စက္ကူလိပ်

အခန်းပြင်ဆင်ခြင်း – ရတနာဘူးလေးကို အမြင့်တစ်နေရာတွင် တင်ထားပါ (စားပွဲငယ်လေး သို့မဟုတ် ခုံတစ်ခုခု ပေါ်တွင်)။ ထို့နောက် အမိုက်ပုံး နှင့် အမိုက်များကို ပြင်ဆင်၍ ရတနာ ဘူးလေးရှေ့တွင် ထားပါ။ သို့သော် ရတနာဘူးကို မကွယ်ပါစေနှင့်။ လက်ဝါးကပ်တိုင်ကို ဖုံးထား၍ အခန်းတစ်နေရာရာတွင် ထားထားပါ။

## *သင်ခန်းစာပို့ချခြင်း*

သင်ခန်းစာ မပို့ချမီ ကလေးများကို ဘုရားသခင်ထက် ၄င်းတို့ တန်ဖိုးထားသည့် အရာတစ်ခုကို ပုံဆွဲ၍ သို့မဟုတ် စကားလုံးအားဖြင့် ဖော်ပြနိုင်ရန် စာရွက်လွတ် တစ်ရွက်စီပေးပါ။ သို့မဟုတ် အပြစ်ပြုလုပ်ခဲ့သည့် အဖြစ်အပျက် တစ်ခုကို ရေးစေပါ။ (အသက်အရွယ်အလွန် ငယ်သောကလေးများအတွက် ကူညီပေးမှုများ လိုအပ် ပေမည်။) ကလေးများအား ၄င်းတို့ဆွဲထားသည့် ပုံများကို မည်သူ့ကိုမျှ ပြသစရာ မလိုကြောင်းပြောပြပါ။ ၄င်းတို့ ဆွဲထားသော ပုံများကို အလယ်မှ ခေါက်ပြီး ၄င်းတို့၏ နေရာတွင် ပြန်လည် ထိုင်စေ၍ သင်ခန်းစာကို အစပြု သင်ကြားပေး လိုက်ပါ။

သင်ခန်းစာသို့ မသွားခင်အချိန်လေးတွင် အပြင်သို့ သင်ထွက်၍ လေးလံသောအရာဝတ္ထုများကို သင့်ခန္ဓာကိုယ် ပေါ်တွင် ကြိုးဖြင့် ချိတ်ဆွဲထားပါ။ အရာဝတ္ထုများ အလွယ်တကူ မကျစေရန်အတွက် ကြိုးသို့မဟုတ် ခါးပတ်များ နှင့် ချည်နှောင်ထားပါ (ဥပမာ – ထိုင်ခုံ၊ စားပွဲအသေးလေး၊ ကြီးမားသော အိတ်)။ အတတ်နိုင်ဆုံး အလွန်လေး လံသည့်ပုံ၊ အကူအညီမရှိပုံ ဖြစ်အောင် သင့်ကိုသင် ပြင်ဆင်ထားပါ။ ထိုအရာဝတ္ထုများကို မဖြုတ်ချ နိုင်အောင် ပြင်ဆင်ထားပါ။ အခန်းထဲဝင်လာပြီးတော့ စိတ်အလွန်ပျက်သည့် ပုံစံဖြင့် အခန်းထဲတွင် ကွေ့ပတ် သွားပြလိုက်ပါ။

ယနေ့သင်ခန်းစာကို သင်ကြားပေးနိုင်မည် မဟုတ်ကြောင်း ကလေးများကို ရှင်းပြပါ။ သင့်ကိုယ်ပေါ်တွင် အလွန် လေးလံနေကြောင်း ပြောပြပါ။ ထိုလေးလံသော ပစ္စည်းများနှင့်အတူ လှုပ်ရှားကစားရန်၊ အဝတ်အစားလဲရန်၊ အစားအစာစားရန်၊ စက်ဘီးစီးရန်၊ ကျောင်းသို့သွားရန် စသည်ဖြင့် လုပ်ဆောင်ရန် လွယ်ကူပါမည်လားဟု ကလေးများကို မေးပါ။ ရေကူးခြင်းနှင့် ပတ်သက်၍လည်း မေးကြည့်ပါ။ မည်သို့ ဖြစ်မည်နည်း။ မအောင်မြင်နိုင် သကဲ့သို့ ပစ္စည်းများကို ဖြုတ်ချရန် ကြိုးစားကြည့်ပါ။ ကလေးတစ်ချို့ကို ရှေ့ထွက်လာ၍ အကူအညီပေးရန် ဖိတ်ခေါ်ပါ။ ထိုသို့ဖြင့် ၄င်းတို့က ကူညီပေးကြစဉ် ၄င်းတို့အကူအညီမပါပဲ ထိုပစ္စည်းများကို သင်သည် ချွတ်ချ နိုင်မည် မဟုတ်ကြောင်း ပြောပြပါ။

အကြံပြုချက် – *ဒီလေးလံတဲ့ ပစ္စည်းတွေကို တသက်လုံး ချိတ်ဆွဲထားရမယ် ဆိုရင်တော့ ဆရာ/မ အတွက်တော့ တကယ်ကို ရင်လေးစရာပဲ။ တကယ်တော့ လူသားများစွာဟာလည်း နေ့စဉ်နှင့်အမျှ ဒီလို*

*ထမ်းနေကြရတာပါပဲ။ တကယ်ပြောရရင် ဆရာ၊မ တို့အားလုံး လေးလံတဲ့ အရာတွေကို သယ်နေကြရတယ် ဒါမှမဟုတ် သယ်ဖူးခဲ့ကြတယ်။ ဒါပေမယ့် ဆရာ၊မ တို့ သယ်နေရတဲ့ အရာဝတ္ထုတွေကတော့ ထိုင်ခုံတွေ၊ အိတ်ကြီးတွေ၊ ကျောပိုးအိပ်တွေနဲ့တော့ မတူပါဘူး။ ပြောရမယ်ဆိုရင် ဆရာ၊မ တို့ရဲ့ အတွေး နဲ့ ခံစား မှုတွေမှာ ဒီလိုလေးလံတဲ့ ပစ္စည်းတွေလိုပဲ ဆရာ၊မ တို့ရဲ့ ဘဝကို လေးလံစေတဲ့ အရာတွေ များစွာ ရှိနေပါ တယ်။ အဲဒီအရာတွေကိုသာ ဆက်ပြီးတော့ ထာဝရ သယ်နေကြမယ်ဆိုရင်တော့ အဲဒါတွေအတွက် သေကြ ရမှာပေါ့။ ဆရာ၊မ ပြောတာကို သဘောပေါက်ကြလား။* (အမှိုက်ပုံကို တစ်ချက် ကြည့်လိုက်ပါ) *အပြစ်ပေါ့။ (ဟေရှာ၊ ၁း၄) သမ္မာကျမ်းစာက ဆရာ၊မ တို့ရဲ့ အပြစ်ဟာ ဒီလေးလံတဲ့ အရာတွေကို သယ်ထားရ သလိုပဲ လို့ ပြောထားပါတယ်။ ဒီအပြစ်တွေကို အချိန်တိုင်း သယ်ထားရမယ်ဆိုရင် သားတို့သမီးတို့အတွက် ကောင်းပဲ့မလား။ ပျော်ရွှင်နိုင်ပဲ့မလား။ ဒီအပြစ်တွေကို အချိန်တိုင်း သယ်နေလို့ ဆုလဒ်ဆောင်ရမှာလား။* (လက်တစ်စုတ်စာလောက် စာရွက်အပိုင်းအစများကို ကောက်ယူလိုက်ပါ) *သမ္မာကျမ်းစာကပြောတယ် အပြစ်တရားရဲ့ အလဒ် (အခ) က သေခြင်းတဲ့ (ရောမ၊ ၃း၂၃)။* (မှတ်ချက် – "သေခြင်း" ဟု ဆိုရာတွင် ခန္ဓာပိုင်းဆိုင်ရာ သေခြင်း နှင့် ဝိညာဉ်ပိုင်းဆိုင်ရာ သေခြင်း နှစ်မျိုးလုံး ပါဝင်ပြီး၊ ဘုရားသခင်နှင့် အဆက် ပျက်ကာ ဘုရားသခင်ထံမှ ရရှိမည့် အကျိုးကျေးဇူးအားလုံးကို ဆုံးရှုံးခြင်း ဖြစ်သည်။) *ဒါ့ပြင် အပြစ်ရဲ့ နောက်ဆက်တွဲရလဒ်ကတော့ ဘုရားသခင် အမျက်တော်ပေါ့။(ရောမ၊ ၂း၅) ဆရာ၊မ တော့ အဲဒါကို မလို ချင်ဘူး။ ဆရာ၊မ ဘာလုပ်နိုင်မလဲ။ ဒီမှာ ချိတ်ဆွဲထားတဲ့ လေးလံလှတဲ့ ပစ္စည်းတွေကို သားတို့သမီးတို့က ကူညီ ဖြုတ်ပေးကြသလို ဆရာ၊မ ရဲ့အပြစ်တွေကို ကူညီဖြေရှင်းပေးနိုင်မလား။ အပြစ်တွေကိုတော့ ပုံးအုပ် ပေးလို့ ရမယ်ထင်တယ်။* (အမှိုက်ပုံကို အဝတ်စများဖြင့် ပုံးအုပ်လိုက်ပါ။)

ဓမ္မဟောင်းကျမ်းနှင့် ယေရှုရှင် လောက၌ ရှိနေစဉ်ပင် ဘုရားသခင်သည် လူသားများ၏ အပြစ်ကို ပုံးအုပ်ခဲ့သည်။ ဘုရားသခင်သည် အစဉ်အမြဲ ဖြောင့်မတ်တော်မူ၍ အပြစ်ကို အစဉ်အတိုင်း တရားစီရင်တော်မူသည် နှင့် အပြစ် တရားအတွက် ပြစ်ဒဏ်မှာ သေခြင်း တရားဖြစ်ကြောင်းကို လူသားများ သတိရနေစေရန် ဘုရားသခင်က သူ၏ လူများကို အခြားတိရစ္ဆာန်များအား (သိုးသူငယ်ကဲ့သို့သော အကောင်များ) ယဇ်ပူဇော်စေရန် တောင်းခဲ့သည်။ (အသေခံရန် လိုအပ်သည့် အကြောင်းကို အနီရောင် စာရွက်ပေါ်တွင် ကပ်ထားသည့် သိုးပုံကို အလယ် တည့်တည့်မှာ ဖြဲလိုက်ပါ။)

အကြံပြုချက် – *သားတို့သမီးတို့ရဲ့ ဒီအခြေအနေက ရီစရာကောင်းတယ်လို့ ထင်သလား။ တိရစ္ဆာန် အကောင် တစ်ကောင်ကောင်ကို သားတို့သမီးတို့ သတ်ဖူးကြလား။ အဲဒီလို သတ်တဲ့အခါမှာ စိတ်ကောင်း နိုင်သလား။ သားတို့သမီးတို့ရဲ့ အပြစ်ကြောင့် တိရစ္ဆာန်တစ်ကောင် အသေခံရမယ်ဆိုတာက တရား သလား။ သူ့ရဲ့ လူတွေ အပြစ်အတွက် ဒဏ်မခံရစေဖို့ သူတို့ရဲ့အပြစ်တွေကို ဘုရားသခင်က ဖုံးထားတယ် ဆိုတာက ကောင်းပါသလား။*

သင်ထောက်ကူပြု ပစ္စည်းများကို အသုံးပြု၍ ပြောပြပါ – *ဘုရားသခင်ရဲ့ လူတွေက အပြစ်လုပ်ပြီးတော့ နောင်တရလေတိုင်း* (စာရွက်ပိုင်းအနည်းငယ်ကို ယူ၍ အမှိုက်ပုံးကို ပေါ်တွင်ထက် ပေါင်းထည့်လိုက်ပါ။) *သူတို့တွေဟာ သိုးငယ်တစ်ကောင်ကို သတ်ကြရတယ်။* (နောက်ထက် သိုးသူငယ်ပုံကို အလယ်တည့်တည့် မှဖြဲလိုက်ပြီး အမှိုက်ပုံး၏ အပေါ်ဆုံး ပိုင်းတွင်ထားလိုက်ပါ။) *ဘုရားသခင်ကလည်း သူတို့ရဲ့ အပြစ်ကို ပြန်ပြီး ဖုံးပေးရတယ်* (အဝတ်စ နောက်တစ်ခုဖြင့် အမှိုက်ပုံးကို ဖုံးလိုက်ပါ။) *ဒီလိုနဲ့ လူတွေဟာ အပြစ် ခဏခဏ ကျူးလွန်ကြပြီးတော့ လုပ်နေကျအလုပ်တစ်ခုကို ခဏခဏ ပြန်လုပ်နေကြတာပေါ့။* (နောက်တစ်ကြိမ် သင်ထောက်ကူ ပစ္စည်းကို အသုံးပြု၍ ဖုံးအုပ်ခြင်းကို ပြန်လုပ်လိုက်ပါ။) *အပြစ်တွေဟာ ဖုံးအုပ်ခြင်းကို ခံထားရတယ် ဆိုပေမယ့် ဒီအမှိုက်တွေလိုပဲ အဝတ်စအောက်မှာ ရှိနေကြသေးတယ်၊ ဘာလို့လဲဆိုတော့*

*တိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်ခြင်းက အပြစ်တွေကို မပျောက်သွားစေနိုင်လို့ပဲပေါ့။ ဒီမှာ အမှိုက်တွေ ရှိနေသေးတယ်။ ဖုံးထားတဲ့ အဝတ်အောက်မှာ ဘာတွေရှိသလဲဆိုတာကို ဆရာမ တို့ သိနေကြတယ်။ အမှိုက်တွေကို ဒီနေရာမှာပဲ အပတ်တိုင်း ထားမယ်ဆိုရင်တော့၊ ဒီအောက်မှာ ဘာတွေရှိသလဲဆိုတာ ဆရာမတို့တော့ အမြဲတမ်း သိနေမှာပဲ။ အဒီလိုပါပဲ ဆရာမတို့ရဲ့ အပြစ်တွေက အမြဲတမ်း လေးလာကြမှာ ဖြစ်တယ်။ (ဟေဗြဲ၊ ၁၀း၁–၄)*

မေးပါ – *ဒီအမှိုက်ပုံကြီးက တနေ့ထက်တစ်နေ့ ပိုပိုပြီးတော့ကြီးလာမယ် နောက်ဆုံး သန့်ရှင်းရေး လုပ်လို့ မရလောက်တဲ့ အထိဖြစ်လာမယ်ဆိုရင် ကောင်းပါ့မလား။ ဒီအပတ်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဖြေရှင်း ပေးနိုင်မယ့် အရာတစ်စုံတစ်ခု ကောင်းကြီးမင်္ဂလာပုံးထဲမှာ ရှိနိုင်တယ်။*

ကလေးတစ်ယောက်ကို ကောင်းကြီးမင်္ဂလာပုံးထဲမှာ စာလံအိတ်၊ တူ နှင့် သံချောင်းများကို ထုတ်ယူစေပါ။ ထိုအရာများနှင့် ပတ်သက်၍ မည်သည့် ထင်မြင်မှုများ ရှိပါသနည်းဟု ကလေးများကို မေးပါ။ ပြီးခဲ့သည့် အပတ်က ယေရှုရှင်သည် တစ်စုံတစ်ခုကို ပြုလုပ်ရန် စိတ်အားထက်သန်စွာဖြင့် ဆုံးဖြတ်ချက်ခိုင်မာစွာ ချကာ အားကျိုး မာန်တတ် ယေရှုစလင် မြို့ထဲသို့ဝင်ခဲ့သည့် အကြောင်းအား သင်ကြားခဲ့သည်ကို ပြန်လည် နွေးပေးပါ။ ဘုရင် တစ်ပါးလို နန်းထိုင်ဖို့ ယေရှုရှင် သွားခဲ့တာလား။ သူဘယ်ကို သွားခဲ့တာပါလိမ့်။ (ဖုံးထားသည့် လက်ဝါး ကပ်တိုင်ကို ကလေးများအား ပြလိုက်ပါ။) ယေရှုရှင်က ဘာကို လုပ်ဆောင်သွားမှာလဲ။ (အိတ်၊ တူ နှင့် သံချောင်း တို့ကို ကိုင်မြှောက်လိုက်ပါ။)

*၁ တိ၊ ၁း၁၅* ကို ပြန်၍ ဖတ်ပေးပါ။

### *ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှါ၊ ဤလောကသို့ကြွလာတော်မူသည်ဟူသော စကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ခံယူအပ်သောစကားလည်းဖြစ်၏။*

ယေရှုရှင်သည် ဤကမ္ဘာလောက၌ မွေးဖွားလာပြီး ကြီးပြင်းအသက်ရှင်ခဲ့သည်ဖြစ်ရာ သူ၏လူများကို ၄င်းတို့၏ အပြစ်များမှ သော်လည်းကောင်း ဘုရားသခင်၏ အမျက်တော်ကျရောက်ခြင်းမှ သော်လည်းကောင်း ကယ်တင် နိုင်သည့် အကြောင်း နှင့် ထိုသို့ပြုရခြင်းမှာ သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းကို ဖော်ပြရန် ဖြစ်သည်ကို ကလေးများအား ရှင်းပြပေးပါ *(ရောမ၊ ၅း၉–၁၀၊ ဆာလံ၊ ၇၉း၉)*။

အမှိုက်များအားလုံးအား စာလံအိတ်ထဲတွင် ထည့်လိုက်ပါ သင်ခန်းစာ ၂၃ ၌ အသုံးပြုခဲ့သည့် အမှိုက် ပုံးကိုမူ ချန်ထားခဲ့ပါ။ ထို့နောက် ကလေးများထံသို့ သွား၍ ၄င်းတို့၏ အပြစ်များကို (၄င်းတို့ဆွဲထားသည့် အပြစ်ပုံများ သို့မဟုတ် ရေးသားထားသည့် အဖြစ်အပျက်များ) စာလံအိတ်ဖြင့် ကောက်ခံပါ။ ထိုသို့ပြုနေစဉ်၊ ယေရှုရှင်၌ အပြစ်မရှိသည့်အကြောင်းကို ရှင်းပြပေးပါ (အိတ်သည်လည်း အလွတ်ကြီးဖြစ်သည့် နည်းတူ ယေရှု ရှင်တစ်ပါး တည်းသာလျှင် အပြစ်နှင့်ကင်းသည်)။ သူသည် လူသားများ၏ အပြစ်များအားလုံး – ပြုခဲ့ဖူးသော အပြစ်များ၊ ယခုတွင် ပြုသောအပြစ်များ နှင့် မကျူးလွန်သေးသော အပြစ်များ (အခြားစာရွက်အပိုင်းအစ များကို ထပ်ဖြည့်လိုက်ပါ) အားလုံးကို သူ့ခန္ဓာကိုယ် (စာလံအိတ်) ပေါ်တွင် ယူတင်ခဲ့သည်။ ယေရှုရှင်က အလုံးစုံကို သူ့ကိုယ်ပေါ် ယူတင်လိုက်တယ်။ နောက်ဆုံးတွင် ချန်ထားခဲ့သည့် အမှိုက်ပုံးကိုလည်း အိတ်ထဲသို့ ထည့်လိုက် သည်ကို သတိပြုစေပါ။

အကြံပြုချက် – *အခုချိန်မှာတော့ ယေရှုရှင်ဟာ သူ့လူတွေရဲ့ အပြစ်တွေကို သူ့ကိုယ်ပေါ်မှာ ယူတင် လိုက်ပြီ။ ဘုရားသခင်က ဘာလုပ်တော့မယ် ထင်လဲ။ ဘုရားသခင်ဟာ အပြစ်တရားကို မုန်းပြီးတော့ အပြစ်ပေါ်မှာ*

*အမျက်တော်ထွက်တဲ့ ဘုရားရှင် ဖြစ်တယ်။ အပြစ်ဆိုတဲ့ အရာကို ဒဏ်ပေးရမှာပဲ။ အပြစ် အတွက် ပေးရမယ့် ဒဏ်ကတော့ သေခြင်းတရားနဲ့ ဘုရားသခင်ရဲ့ အမျက်တော်ပေါ့။* (လက်ဝါးကပ်တိုင်ကို ကြည့်လိုက်ပြီး လက်ဝါးကပ်တိုင်များကို အလွန်ဆိုးသွမ်းသောသူများအား အဆုံးစီရင်ရာ၌ အသုံးပြုခဲ့ ကြကြောင်းကို အတို ချုပ်၍ ပြောပြပေးပါ။) *ဒီလိုနဲ့ ယေရှုရှင်ဟာ လိုလိုချင်ချင်ပဲ လက်ဝါးကပ်တိုင်ဘက်ကို ရွေးချယ် လျှောက်လှမ်း ခဲ့ပြီးတော့ လူသားတွေရဲ့ အပြစ်တွေအားလုံးကို ထမ်းခဲ့တယ်* (သံချောင်းများ နှင့် တူကို အသုံးပြု၍ အမှိုက်များထည့်ထားသော အိတ်ကို လက်ဝါးကပ်တိုင်ပေါ်တွင် ရိုက်ချိတ်လိုက်ပါ။) *ဘုရားသခင်ဟာ သူ့ရဲ့ တစ်ပါးတည်းသော သားတော်အပေါ်မှာ သူ့ရဲ့ အမျက်တော်ကို သွန်းလောင်းခဲ့ ပြီးတော့ သေခြင်းတရားနဲ့ ပြစ်ဒဏ်ချမှတ် ခဲ့တယ် (ဟေရှာ၊ ၅၃း၅၊၆၊၁၀၊ ၁ပေ၊ ၂း၂၄၊ ဟေဗြဲ၊ ၉း၂၆)။ ဆရာ၊မတို့နဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ယေရှုရှင်က ကိုယ်စားခံပေးခဲ့တဲ့အတွက် ယေရှုရှင်ဟာ သူ့အတွက် အသေခံပေးတယ် ကယ်တင် တော်မူတယ် ဆိုပြီးတော့ ယုံကြည်တဲ့ လူတိုင်းအပေါ်မှာ ဘုရားသခင်ဟာ သူ့ရဲ့ အမျက်တော်ကို ဘယ်တော့မှ သွန်းလောင်းတော့မှာ မဟုတ်ဘူး။*

မေးပါ – *ဘာလို့ ယေရှုရှင်က လက်ဝါးကပ်တိုင်ဘက်ကို ရွေးလျှောက်ခဲ့ တာလဲ။ သူ့ခမည်းတော်ဘုရားရဲ့ အမျက်တော်ကို ခံဖို့ ထိုက်တန်လို့လား။ ပြစ်ဒဏ်ခံပြီးတော့ အသက်အသေ ခံဖို့နဲ့ရော ထိုက်တန်ပါ သလား။ အရမ်းနာကျင်ခံစားရမယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ ဘာလို့ ခမည်းတော်ဘုရားက သားတို့ သမီးတို့ရယ် ဆရာ၊မ တို့ကို ပြစ်ဒဏ်မပေးပဲနဲ့ သူ့ရဲ့သားကို ပြစ်ဒဏ်ပေးရတာလဲ၊ တကယ်တော့ ဘယ်သူက ပြစ်ဒဏ်ခံထိုက်တာလဲ။*

*ရောမ၊ ၅း၆–၈* ကို ဖတ်ပါ။

***ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသောသူတို့အတွက် ကြောင့် အသေခံတော်မူ၏။ ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။***

ဘုရားသခင်သည် သူ၏လူများကို ကယ်တင်၍ အပြစ်လွှတ်ခဲ့သည်ကို ရှင်းပြပေးပါ။ ၄င်းတို့အပြစ် နှင့် ၄င်းတို့ ထိုက်တန်သော အပြစ်ဒဏ်နှင့် အမျက်တော်တို့မှာ ၄င်းတို့ကို ကယ်တင်ခဲ့သည်။ ထိုသို့ ကယ်တင်ခဲ့ရသည့် အကြောင်းအရင်းမှာ ၄င်းတို့ကို ချစ်တော်မူ၍ သူနှင့်အသူ ထာဝရကာလတိုင် အစဉ် စံစားနိုင်စေရန် အလိုရှိ သောကြောင့် ဖြစ်သည်။ သူ၏လူများကို အပြစ်မှ ကယ်တင်ခြင်းအမှု၌ ယေရှုရှင်သည် အကြီးမားဆုံး အလုပ် တစ်ခုကို လုပ်ဆောင်ခဲ့သည်။ ထိုအမှုမှာ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို ဖော်လွင်စေခဲ့သည်။ (အမှိုက်သရိုက်များဖြင့် ဖုံးကွယ်ခြင်းမရှိတော့သည့် ရတနာဘူးလေးကို ပြလိုက်ပါ)။ **<u>ဘုရား သခင်သည် သူ၏ဘုန်းတော်အတွက် ခပ်သိမ်းသောအမှုကို ပြုတော်မူသည်။</u>**

ဘုရားသခင်၏ ကျေနပ်နှစ်သက်ရာများ ဟူသည့် သူ၏စာအုပ်တွင် ဂျွန်ပိုက်ပါက *ရောမ၊ ၃း၂၅–၂၆* ၏ အရေး ကြီးသော အနက်အဓိပ္ပါယ်ကို ရှင်းပြထားပါသည်။

**"*ဘုရားသခင်သည် သည်းခံတော်မူ၍၊ လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကို မှတ်တော်မမူရာတွင်၊ ဖြောင့်မတ်ခြင်း တရားတော်ကို ထင်ရှားစေခြင်းငှါငှင်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေ၍၊ ယေရှုကို ယုံကြည်သောသူတို့၏ အပြစ်ကို လွှတ်တော်မူသော်လည်း၊ တရားသဖြင့် ပြုတော်မူခြင်းငှါငှင်း၊ ယေရှုခရစ်၏အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ်ဖြေ စရာ အကြောင်း ဖြစ်စေခြင်းငှါ*** 

***ခန့်ထားတော်မူပြီ။*** ယေရှုရှင်၏ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်း အားဖြင့် ဘုရားသခင်သည် သူ၏ ဘုန်းတော်အတွက် မည်မျှလောက် တန်ဖိုးထားသည်ကို ဖော်ပြခဲ့သည်။ တနည်းပြောရ ပါလျှင် ဘုရားသခင်သည် သူရွေးချယ်ထားသော သူများ၏ အပြစ်တို့ကို စကြဝဠာ ကြမ်းခင်းအောက် တစ်နေ ရာရာ၌ လှည်းသိမ်း ထားခြင်းကို ပြုတော်မူသည် မဟုတ်။ ယေရှုရှင်၏ အသေ ခံပေးခြင်းက သူ၏ဘုန်း အာနုဘော်နှင့် ဖြောင့်မတ် တော်မူခြင်းတရားတို့အပေါ် ဘုရားသခင်၏ ပြင်းပြ တန်ဖိုးထားသည့် စိတ်နေ သဘောထားကို ပေါ်လွင်ထင်ရှား စေပါသည်။

(John Piper, *The Pleasures of God*, (Portland: Multnomah, 1991) p. 168, adepted)

### *လိုက်လျှောက်ကျင့်သုံးခြင်း*

- ကလေးများအား "D" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- အောက်ပါဖြစ်စဉ်လေးကို ပြန်နွေးပေးပါ၊
- ဘုရားသခင်သည် ဖြောင့်မတ်မှန်ကန်တော်မူသည်။ တန်ဖိုးအရှိဆုံးသောအရာကို အမြဲတမ်း တန်ဖိုး ထားတော်မူသည်။ ထိုတန်ဖိုး အရှိဆုံးအရာမှာ သူ၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း တို့ဖြစ်သည် (ရတနာဗူးလေးက ကိုယ်စားပြုထားသည်။) ကျွန်ုပ်တို့သည် တန်ဖိုးအရှိဆုံးသော အရာကို အစဉ်အမြဲ တန်ဖိုးထားကြသည်မဟုတ် ဥပမာ – ဘုရားသခင်ကို ကျွန်ုပ်တို့ မြတ်နိုးတန်ဖိုး ထားတတ်ကြသည်မဟုတ်။ ဒီပြင်အခြားအရာများကိုသာ တန်ဖိုးထားမြတ်နိုးကြသည် (အမှိုက် ပုံက ကိုယ်စားပြုသည်)။ ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူများ မဟုတ်ကြ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ သည် အပြစ်သားများ ဖြစ်ကြသည်။ သူ့ကို အရာရာထပ် တန်ဖိုးမထားလေတိုင်း ဘုရားသခင်သည် အမျက် ထွက်တော်မူသည်။
- ဘုရားသခင်သည် အမျက်တော်နှင့် ပြည့်လျှံနေသည်။ အပြစ်ကို ဒဏ်ပေးရန် ဘုရားသခင်၌ အခွင့် အာဏာရှိသည် (ကြာပွတ်က ကိုယ်စားပြုထားသည်။) အပြစ်အတွက် အဖိုးအခမှာ သေခြင်းဖြစ် ပေ၏။ ကျွန်ုပ်တို့အားလုံးသည် အပြစ်ရှိကြသည့်အတွက် သေခြင်းနှင့် ထိုက်တန်သောသူများ ဖြစ်ကြသည်။
- ဘုရားသခင်သည် စိတ်ရှည်သည်းခံတော်မူသော အရှင်ဖြစ်သည်။ အပြစ်ပေးရန် နှင့် အမျက်တော် ထွက်ရာတွင် နှေးတော်မူသည်။ အကြောင်းမှာ ကျွန်ုပ်တို့အား အပြစ်မှ နောင်တရ၍ (နောက်ပြန်လှည့်) ဘုရားသခင်အား ပထမနေရာ ထားစေရန် ဘုရားသခင် အလိုတော်ရှိသည်။
- ဘုရားသခင်သည် သနားကြင်နာတော်မူသော အရှင် ဖြစ်သည်။ သူသည် အပြစ်သားများကို သနား ကြင်နာတော်မူ၍ ခွင့်လွှတ်ပေးတော်မူသည်။ အကယ်စင်စစ် အပြစ်သားများသည် မထိုက်တန်ပါ သော်လည်း ဘုရားသခင်သည် ၄င်းတို့ကို ချစ်တော်မူသောကြောင့် ဖြစ်သည်။
- ယေရှုရှင်သည် ကျွန်ုပ်တို့၏ ကယ်တင်တော်မူသော အရှင်ကဲ့သို့ ဆင်းကြွလာသည့် အတွက် သူ၏ လူများသည် ၄င်းတို့ ခံထိုက်တော်မူသော ပြစ်ဒဏ်မှ ကယ်လွှတ်နိုင်ရန် ဖြစ်သည်။
- ယေရှုရှင်တစ်ပါးတည်းသာလျှင် လူသားတိုင်းကို ဘုရားသခင်၏ အမျက်တော်မှ ကယ်တင်နိုင်သောသူ ဖြစ်သည်။ *တမန်၊ ၄း၁၂* ကို ဖတ်ပါ။
- ယေရှုရှင် တစ်ပါးတည်းသာလျှင် သားတို့သမီးတို့ကို ဘုရားသခင်ရဲ့ အမျက်တော်ကနေ ကယ်တင်နိုင် တဲ့သူ ဖြစ်တဲ့အတွက် သူ့ကို ဘယ်လို တုန့်ပြန်သင့်သလဲ။ *တမန်၊ ၃း၁၉* နှင့် *တမန်၊ ၁၆း၃၁။* ယေရှုရှင် ကို ယုံကြည်တယ်ဆိုတာ ဘာကို ဆိုလိုတာလဲ။ သူ့အကြောင်းကို အများကြီး သိရမယ်လို့ ဆိုလိုတာလား။

သားတို့သမီးတို့ရဲ့ အပြစ်တွေအတွက် သူအသေခံပေးတာကို သိတယ်လို့ ဆိုလိုတာလား။ (ဥပမာ – ဆိုကြပါစို့ လူတစ်ယောက်က မီးလောင်တဲ့ အိမ်ထဲမှာ လှောင်ပိတ်နေတယ် ဆိုပါစို့။ ဒါနဲ့ အိမ်အောက်ကနေ မီးသတ်ရဲကြီးတစ်ဦးက လက်တွေကို ဆန့်တန်းပြီးတော့ ခုံချဖို့ အော်ခေါ်နေတယ်။ လှောင်ပိတ်နေတဲ့ သူကတော့ သူ့ကိုကယ်မယ့် မီးသတ်သမားတွေ ရှိတယ်ဆိုတာကိုတော့ သိပါတယ်။ မီးသတ်သမားတွေဟာ လူတွေကို ဘယ်လိုကယ်တင်ရမလဲ ဆိုတာကို သင်တန်းများစွာ တက်ထား ကြမယ်လို့လည်း သူကတော့ သိကောင်းသိထားနိုင်ပါတယ်။ ဒါပေမယ့် လှောင်ပိတ်နေတဲ့သူက မီးသတ်ရဲကြီးရဲ့ လက်ထဲမှာ ခုံချလောက်အောင်ကို အဲဒီမီးသတ်ရဲကြီးကို ယုံကြည်ရဲ ပါ့မလား။ ဒါမှမဟုတ် မီးသတ်သမားကြီးကို မယုံကြည်တဲ့အတွက် အခြားနည်းလမ်းကိုများ ရှာနေမလား။) ယေရှုရှင် အား ယုံကြည်ကိုးစားတယ်ဆိုတာက သားတို့သမီးတို့ရဲ့ ကိုးစားမှုအားလုံးကို သူ့အပေါ်၌ ထားရှိခြင်း ဖြစ်တယ်။ သူ့ကို ယုံကြည်ကိုးစားခြင်းကသာလျှင် သားတို့သမီးတို့နဲ့ ထိုက်တန်တဲ့ ဘုရားသခင်ရဲ့ အမျက်တော်ကနေ ကယ်တင်ပေးနိုင်ပါတယ်။ ယေရှုရှင်ကို ယုံကြည်ကိုးစားခြင်းသာလျှင် ဘုရားသခင်၌ သားတို့သမီးတို့ ဝမ်းမြောက်ခြင်း အမှန်ကို ရရှိမှာ ဖြစ်တယ်။ အကြီးမားဆုံး ဝမ်းမြောက်ခြင်း ပဲပေါ့။

မှတ်ချက် – ရတနာဘူး၊ အမှိုက်ပုံး အခွံ နှင့် လက်ဝါးကပ်တိုင်တို့ကို နောက်သင်ခန်းစာအတွက် သိမ်းထားပေးပါ။

သင်ခန်းစာ ၃၀

## "V" IS FOR VICTORIOUS ***အောင်နိုင်တော်မူသောအရှင်***

**အဓိကအချက်** – ဘုရားသခင်သည် အစဉ် အတိုင်း အောင်နိုင်တော်မူ၏။ စာတန်၊ အပြစ် တရား နှင့် သေခြင်းတရားတို့ အပေါ်တွင်လည်း အောင်နိုင်တော်မူ၏။

**အဓိကကျမ်းချက်** – သင်၏ ဘုရားသခင် ထာဝရ ဘုရားသည် သင့်အလယ်၌ရှိ၍၊ တန်ခိုးကြီးသော ဘုရားသည် သင့်ကို ကယ်တင်တော်မူ လိမ့်မည်။ ဇာဖနိ၊ ၃း၁၇က

**နိဒါန်း** – ဘုရားသခင်သည် တန်ခိုးကြီးမားတော်မူ၍ ခပ်သိမ်းသောအရာတို့၏ အစိုးရရှင် ဖြစ်သည်။ သူ၏ အကြံအစဉ် ရှိသမျှကို အဆုံးထိတိုင်အောင် အမှုပြုတော်မူမည်။ မည်သူတစ်ဦး တစ်ယောက်ကမျှ သူ၏အကြံ အစီများကို ဖျက်ဆီးစေနိုင်သည် မဟုတ်။ ဘုရားသခင်သည် ခပ်သိမ်းသောရန်သူအပေါင်းတို့ကို အောင်နိုင်သော စစ်သူရဲဖြစ်တော်မူ၏။ ယေရှုရှင်ကို အောင်နိုင်သော စစ်သူရဲအဖြစ် ကျွန်ုပ်တို့ တစ်ခါက်မျှ စိတ်ကူးပုံဖော်ခြင်း မရှိခဲ့ကြပေ။ ယောရှု၊ ဂိဒေါင် နှင့် ဒါဝိဒ်တို့ကိုသာ စစ်သူရဲကြီးများဟု ကျွန်ုပ်တို့ ရှုမြင်ကြသည်။ သို့သော်လည်း ယေရှုရှင်တစ်ပါးတည်းကသာလျှင် ခပ်သိမ်းသောသူတို့ ရှုံးနိမ့်ခဲ့သော တိုက်ပွဲတစ်ခုကို အောင်နိုင်ခဲ့သည်။ ယေရှုရှင်သည် စာတန်မာန်နတ်၊ အပြစ် နှင့် သေခြင်းတရားအပေါ် အောင်နိုင်ခဲ့သည်။ အစပိုင်းတွင် ယေရှုရှင် အောင်နိုင်ခဲ့သည်ဟု မထင်ရပေ။ သို့သော်လည်း သူ၏ရှင်ပြန်ထမြောက်ခြင်းက အပြစ်ရဲ့အဖိုးအခသည် ကျေအေး ခဲ့ပြီဟူ၍ သက်သေထူခဲ့သည် *(ရောမ၊ ၅း၉-၁၀)*၊ ဘုရားသခင်ရဲ့ လူများအပေါ် ကြီးစိုးခဲ့သည့် စာတန် မာန်နတ်၏ တန်ခိုးတော်ကိုလည်း အောင်နိုင်ခဲ့သည်၊ အပြစ်သည်လည်း ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအား မခံစားနိုင်ရန် အတွက် လူသားများကို စည်းခြားနိုင်စွမ်း မရှိတော့ပေ။ ယေရှုရှင် အသေခံပေးခြင်း နှင့် ရှင်ပြန် ထမြောက်ခြင်း အားဖြင့် ဘုရားသခင်နှင့် လူသားများသည် ပြန်လည် သင့်မြတ်ခဲ့ပြီး ဖြောင့်မတ်ခြင်းသို့ ရောက်စေခဲ့သည် (*ရောမ၊ ၅း၁၉*)။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ချိုချဉ်ဗူးသေး တစ်ဗူး (ချိုချဉ်များကို ဖယ်ထုတ်၍ ပြန်လည်အဖုံးပိတ်ထားပါ။
၂) ပီကေ

**အခြားသင်ထောက်ကူ ပစ္စည်းများ**

၁) ပလားစတိတ်ဖြင့် ပြုလုပ်သားသော ရတနာ ပစ္စည်းများ
၂) ရတနာဘူး (ပြီးခဲ့သည့် သင်ခန်းစာမှ)
၃) အမှိုက်ပုံး ခွံ (ပြီးခဲ့သည့် သင်ခန်းစာမှ)
၄) လက်ဝါးကပ်တိုင် (ပြီးခဲ့သည့် သင်ခန်းစာမှ)

အခန်းပြင်ဆင်ထားခြင်း – လက်ဝါးကပ်တိုင်ကို ရတနာဘူးလေးနှင့်အတူ ရှေ့တွင် ပြသထားပါ။ အမှိုက်ပုံးခွံကိုမူ ယခု အကြိမ်တွင် ပြင်ဆင်စုဆောင်းထားသော ရတနာ ပစ္စည်းများကို ဖြည့်ထားပြီး အထဲဘက်ကို ကလေးများ မမြင် စေရန်အတွက် တစ်ခုခုဖြင့် ဖုံးထားကာ ရတနာဘူးနှင့် အနီးအနားရှိ ကြမ်းပြင်ပေါ်တွင် ထားပါ။

***သင်ခန်းစာပို့ချခြင်း***

ယနေ့အတွက် ခန့်မှန်းရမည့် ကစားနည်းတစ်မျိုး စော့ကစားရန် ရှိကြောင်း ကလေးများကို ပြောပြပါ။ ကလေးနှစ်ယောက် ရှေ့ထွက်လာစေရန် ရွေးချယ်လိုက်ပါ။ ချိုချဉ်ဖူး နှင့် ပီကေတို့ကို ကောင်းကြီးမင်္ဂလာပုံးထဲမှ ထုတ်ယူလိုက်ပါ။ မည်သည့်အရာက အောင်မြင်သောသူအတွက် ဆုလဒ်ဖြစ်၍ မည်သည့်အရာက ရှုံးနိမ့်သောသူ အတွက် ဆုလဒ်ဖြစ်မည်နည်းဟု ၄င်းတို့ကို မေးပါ။ သင့်စိတ်ထဲတွင် တစ်မှ တစ်ဆယ် အကြားရှိ နံပါတ် တစ်ခုကို စဉ်းစားသွားမည်ဖြစ်ပြီး အနီးစပ်ဆုံး ခန့်မှန်းနိုင်သူက ပထမဆုကို ရမည်ဟု ပြောပြပါ။ သင် စဉ်းစား ရွေးချယ်ထားသော ဂဏာန်းနံပါတ်ကို ဖော်ပြပြောဆိုခြင်း မရှိဘဲ အနိုင်ရသွားသူအား ပီကေကို ပေး၍ ရှုံးနိမ့်သွားသူအား ချိုချဉ်ဖူးခွံကို ပေးလိုက်ပါ။ အနိုင်ရသောသူကို အခြေပြု၍ မည်သူက အနီးစပ်ဆုံး ဂဏာန်းနံပါတ် ကို ပြောခဲ့နိုင်သနည်းဟု ကလေးများကို မေးပါ။

> ထို့နောက် မည်သူသည် အမှန်တကယ် အနိုင်ရသည်ကို ပြောပြ၍ အောက်ပါအတိုင်း ရှင်းပြပေးပါ – *တစ်ခါတစ်ခါ အခြေအနေတွေက ထင်သလို မဟုတ်ဘူး။ သားတို့သမီးတို့ ထင်တာကတော့ ချိုချဉ်ဖူး ရသွားတဲ့ သူက အနိုင်ရတဲ့သူပေ့ါ၊ (ကလေးနာမည်) ကတော့ အနိုင်ရတဲ့သူပေ့ါ။ ဘာလို့ အဲဒီလို ထင်ရတာလဲဆိုရင်တော့ အမှန်တကယ်တော့ အဲဒီချိုချဉ်ဖူးဟာ ဖူးခွံသက်သက်ဘဲ ဆိုတာ သားတို့သမီးတို့မှ မသိဘဲ။ နောက်ပြီး အဲဒီ ဖူးခွံဟာ ရှုံးနိမ့်တဲ့သူအတွက် ပြင်ဆင်ထားတဲ့ ဆုဆိုတာကိုမှ မသိကြဘဲလေ။* (ကလေးငယ်နှစ်ယောက်ကို ရရှိ ထားသည့် ဆုလဒ်များအား ဖွင့်ဖောက်စေပါ။) *ဒါပေမယ့် ဆရာ/မ ကတော့ ဘယ်သူဟာ အမှန်တကယ် အနိုင်ရ တဲ့သူ ဖြစ်သလဲဆိုတာ အစကတည်းက သိနေခဲ့တယ်။*

ဘယ်သူအနိုင်ရသလဲဆိုတာကို ပြောပြဖို့ရန်မှာ အမြဲတမ်း လွယ်ကူတတ်သည်ကို ကလေးများအား ရှင်းပြပါ။ ဥပမာ – အပြေးပြိုင်ပွဲတစ်ခုတွင် အရင်ဆုံး ကြိုးတန်းကို ဖြတ်ကျော်နိုင်တဲ့သူကတော့ ပထမ ရသည်သာ။ ကစားနည်းတစ်ခုခုတွင်လည်း အမှတ်အများဆုံးရသူက အနိုင်ရသောသူ ဖြစ်သည်။ ပြိုင်ပွဲ သို့မဟုတ် ကစားနည်း တစ်ခုခုတွင် အနိုင်ရသူကို သိနိုင်ရန် နည်းလမ်းတစ်ခုတော့ အမြဲ ရှိပါသည်။ ထို့ပြင် အနိုင်ရသောသူဖြစ်ရသည်မှာလည်း အလွန်ဝမ်းမြောက်ဖွယ် ကောင်းပါသည်။

> အကြံပြုချက် – *ပြိုင်ပွဲတွင်း ကစားနည်းတွေမှာ အနိုင်ရတယ်ဆိုတာ ပျော်စရာ အလွန်ကောင်းတယ် ဆိုပေမယ့် အဲဒါထက်အရေးကြီးတဲ့ ပြိုင်ဆိုင်မှုတွေ ရှိနေပါတယ်။ တစ်ခါတစ်ရံ တစ်စုံတစ်ယောက်ဟာ တကယ်ဖျားနာပြီ ဆိုရင် လူတွေက သူတော့ တုတ်ကွေးမိနေပြီပော့ လို့ပြောတယ်ဆိုရင် အဲဒီသူဟာ ဖျားနာခြင်းနဲ့ ယှဉ်ပြိုင်နေရတယ်လို့ ဆိုလိုပါတယ်။ လူတစ်ယောက်က ဖျားနာခြင်းအပေါ် အောင်နိုင်တယ် ဆိုတာကို သားတို့သမီးတို့ ဘယ်လို သိနိုင်မလဲ။ သူတို့ဟာ ပြန်ပြီးတော့ နေကောင်းလာကြတယ်။ စစ်ပွဲ တစ်ခု ရှိတယ်ဆိုပါစို့။ ဒါဝိဒ်လေးက ဂေါလျက်ကြီးကို တိုက်ခိုက်ခဲ့တဲ့အခါ ဘယ်သူအနိုင်ရခဲ့သလဲ။ ဘယ်လို သိနိုင်သလဲ။ အရေးကြီးဆုံး တိုက်ပွဲဖြစ်တဲ့ အပြစ်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမှာဆိုရင်ရော ဘယ်လိုလဲ။ အပြစ်အတွက် အဖိုးအခက ဘာလဲ။ သေခြင်းတရားပေ့ါ။ တစ်စုံ တစ်ယောက်က သေခြင်းတရားအပေါ်မှာ အနိုင်ရတယ် ဆိုတာ ဘယ်လိုသိနိုင်မလဲ။*

ယေရှုရှင်သည် သူ၏လူများ အပြစ်ကြောင့် ၄င်းတို့ထိုက်တန်သည့် ပြစ်ဒဏ်မှ ၄င်းတို့ကို ကယ်တင်ရန် ဆင်းကြွလာခဲ့သည့်အကြောင်းကို ပြီးခဲ့သည့် အပတ်တွင် သင်ကြားခဲ့သည်ကို ကလေးများအား ပြန်နွှေးပေးပါ။ ဘုရားသခင်သည် ဖြောင့်မတ်တော်မူသောကြောင့် အပြစ်ရှိသောသူတိုင်း သေရခြင်းတရား နှင့် အမျက်တော်ကို ခံရ

မည်ဟု မိန့်တော်မူထားသည်။ ယေရှုရှင်သည် သူ၏လူများခံရမည့် နေရာတွင် အစားထိုးခံ၍ ဘုရားသခင်၏ အမျက်တော်ကို ခံခဲ့သည်။

*အကြံပြုချက် – ယေရှုရှင်က အဲဒီအခြေအနေကို ကျော်ဖြတ်နိုင်တယ်ဆိုတာ ဆရာ/မ တို့ ဘယ်လို သိနိုင်သလဲ။ အပြစ်နဲ့ သေခြင်းတရားအပေါ် အောင်နိုင်ခဲ့တယ်ဆိုတာကို တို့တွေ ဘယ်လို သိနိုင်သလဲ။ စစ်တိုက်တော့မယ့် စစ်သူရဲကြီး တစ်ဦးလို ယေရှုရှင် ထင်ရပါသလား။ နောက်ပြီးတော့ ရှေ့ထွက်လာပြီး ရန်သူတွေကို ယေရှုရှင် တိုက်ခိုက် ချေမှုန်းခဲ့သလား။*

**ပုံပြင် – ယေရှုရှင်၏ ရှင်ပြန်ထမြောက်ခြင်း** (မဿဲ၊ ၂၇း၅၇)

*ရှင်မဿဲ၊ ၂၇း၅၇* ကို ဖတ်ရှုက်၍ ယေရှုရှင် အသေခံပြီးသည့်နောက် ဖြစ်ပျက်သည့်အရာများကို ကလေးများအား ရှင်းပြပေးပါ။

*ဒီလိုနဲ့ ညနေစောင်းပိုင်းကို ရောက်တော့ တပည့်တော်တစ်ဦး ဖြစ်လာတဲ့ ယောသပ်ဆိုတဲ့ သဌေးကြီး တစ်ယောက်ဟာ အဲဒီနေရာကို ရောက်လာပြီးတော့ ပိလတ်မင်းစီကနေ ယေရှုရှင်ရဲ့ အလောင်းတော်ကို ပေးဖို့ သွားတောင်းခဲ့တယ်။ ပိလတ်မင်းကလည်း အလောင်းတော်ကို ပေးဖို့အတွက် အမိန့်တော် ထုတ်ပြန်ခဲ့တယ်။ ဒါနဲ့ ယေရှုရှင်ရဲ့ အလောင်းတော်ကိုယူပြီးတော့ သန့်စင်တဲ့ ပိုးထည်နဲ့ ရစ်ပတ်ကာ အသင့်ပြင်ဆင်ထားတဲ့ ကျောက်ဂူထဲမှာ ထားခဲ့တယ်။ အဲဒီဂူရဲ့ ဝင်ပေါက်မှာ ကျောက်ခဲအကြီးကြီးကို လှိမ့်ပြီးတော့ ပိတ်ထားခဲ့တယ်။*

အောက်ပါမေးခွန်းများကို ကလေးများအား မေးပါ။

*ယေရှုရှင်က အမှန်တကယ် သေခြင်းတရားကို အောင်နိုင်ပြီလို့ ထင်ရသလား။ ဘယ်သူသေသွားတာလဲ။ ယေရှုရှင်ရဲ့ အလောင်းကို မြင်ကြတဲ့ သူ့ရဲ့ မိတ်ဆွေသူငယ်ချင်းတွေ အရမ်းပျော်နေကြမယ်လို့ ထင်သ လား။ စစ်ပွဲတစ်ခုကနေ အောင်နိုင်ပြီးတော့ ပြန်လာတဲ့ စစ်သူကြီးတစ်ယောက်နဲ့ ယေရှုရှင် တူသေးသလား။ ယေရှုရှင်ဟာ သူတို့ ထင်သလောက် တန်ခိုးမရှိဘူးပဲ လို့ သူ့ရဲ့ မိတ်ဆွေတွေက ထင်နေကြမယ်လို့ သားတို့ သမီးတို့ ထင်ပါသလား။*

*ရှင်မဿဲ၊ ၂၈း၁–၇* ကို ဆက်၍ ဖတ်ပေးပါ – *အငယ် ၅–၆* ကို အလေးအနက်ထားပေးပါ။

***ကောင်းကင်တမန်ကလည်း ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လက်ဝါးကပ်တိုင်မှာ***
***သတ်သောယေရှုကို သင်တို့ရှာကြ သည်ကို ငါသိ၏။ ဤအရပ်၌မရှိ။***
***မိန့်တော်မူသည်အတိုင်း ထမြောက်တော်မူပြီ။***

အစပိုင်းတွင် ယေရှုရှင်သည် သေလွန်၍၊ သင်္ဂြိုလ်ခြင်းကို ခံခဲ့ရသည့်အတွက် အနိုင်မရသကဲ့သို့ ထင်ရပါသော်လည်း၊ အမှန်တကယ် ရှင်ပြန်ထမြောက်ခဲ့သည့်အကြောင်းကို ရှင်းပြပေးပါ။ ယေရှုရှင် အပေါ်တွင် တင်ထားတော်မူသော ကျွန်ုပ်တို့၏ အပြစ်များအားလုံးကို လက်ဝါးကပ်တိုင်ပေါ်တွင် အဆုံးသတ်ခဲ့ပြီ ဖြစ်၍ ယေရှုရှင်သည် အမှန်တကယ် အပြစ်တရားအပေါ် အောင်နိုင်တော်မူခဲ့သည်။ ယေရှုရှင်သည် အပြစ် နှင့် သေခြင်းတရားတို့ အပေါ် အောင်နိုင်သောသူ ဖြစ်သည်။

*၁ကော၊ ၁၅း၅၄–၅၇ ကို ဖတ်ပါ။*

***ဤပုပ်တတ် သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ငင်း၊ ဤသေတတ်သောအရာသည် မသေနိုင်သော အဖြစ်သို့ငင်း ဝင်စားသောအခါ၊ သေခြင်းသည် အောင်ခြင်း၌ နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက် ပြည့်စုံလိမ့်မည်။ အိုသေမင်း၊ သင်၏လက်နက်သည်၊ အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း။ သေမင်း၏လက်နက်ကား၊ ဒုစရိုက်အပြစ်ပေတည်း၊ ဒုစရိုက်အပြစ်၏တန်ခိုးကား၊ ပညတ်တရားပေတည်း။ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား။***

ပြီးခဲ့သည့် သင်ခန်းစာ၌ ယေရှုရှင်သည် သူ၏လူများထံမှ တစ်စုံတစ်ခုကို ယူဆောင်သွားသည့်အကြောင်းအား သင်ကြားခဲ့သည်ကို ပြန်လည် နွေးပေးပါ။ ယေရှုရှင်သည် လူသားတို့၏ အပြစ်ကို သူနှင့်အတူ ယူဆောင်၍ လက်ဝါးကပ်တိုင်သို့ လျှောက်လှမ်းခဲ့သည်။ အောက်ပါကျမ်းပိုဒ်က သူ၏လူများကို ဘုရားသခင်က တစ်စုံတစ်ခု ပေးချင်ကြောင်းကို ပြောပြနေသည်။

***ဘုရားသခင်သည် သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသည်။***

အကြံပြုချက် – *မဖြောင့်မတ်တဲ့ အပြစ်သား ဆရာ၊မ တို့က ဘယ်လိုလုပ်ပြီးတော့ အပြစ် နဲ့ သေခြင်းတရား အပေါ်မှာ အောင်နိုင် နိုင်မှာလဲ။*

ရတနာပစ္စည်းများဖြည့်ထားသော အမှိုက်ပုံးကို ကောက်ယူမြောက်ပြလိုက်ပါ။ အထဲတွင် တစ်စုံတစ်ခု ထည့်ထားသည်ကို ကလေးများသိစေရန် လှုပ်ခါ ပြလိုက်ပါ။ အရင်တစ်ချိန်က အမှိုက်များနှင့်သာ ပြည့်နေသော ပုံးထဲတွင် ယခုတွင် မည်သည့်အရာများ ရှိမည်ဟု ကလေးများအား ခန့်မှန်းစေပါ။ အမှိုက်ပုံးကို ဖွင့်လိုက်ပြီး အထဲရှိ ရတနာပစ္စည်းများကို ကလေးများ မြင်အောင် ပြလိုက်ပါ။

> အကြံပြုချက် – *ဆရာ၊မ တို့တွေလည်း အပြစ်နဲ့ သေခြင်းတရားအပေါ်မှာ အောင်နိုင်ခွင့် ရှိတယ်၊ ဘာလို့ လဲဆိုရင်တော့ ယေရှုရှင်ဟာ သူသားတွေရဲ့ အပြစ်တွေကို ယူဆောင်သွားပြီးတော့ သူ့ရဲ့ ဖြောင့်မတ်ခြင်း ကိုလည်း လက်ဆောင်အနေနဲ့ ပြန်ပြီး ပေးခဲ့လို့ပေါ့ (ရောမ၊ ၅း၁၉–၂၁)။ ယေရှုရှင်ကို ယုံကြည်တဲ့သူတိုင်း ဖြောင့်မတ်သောအခွင့်ကို ပေးသနားတော်မူတယ် (၂ကော၊ ၅း၂၁)။ ယေရှုရှင်ရဲ့ ဖြောင့်မတ်ခြင်းကို လက်ခံ ရရှိတဲ့သူတိုင်းဟာ အပြစ်တရားနဲ့ သေခြင်းတရားကြောင့် ဘုရားသခင်နဲ့ ကင်းကွာခြင်း မရှိတော့ပါဘူး။* (ရတနာပစ္စည်းများကို ရတနာဗူး ပတ်လည်တွင် ထားလိုက်ပါ။)
>
> *ဘုရားသခင်ဟာ အမြဲတမ်း အောင်နိုင်ပါတယ်။ သူသည်သာ အောင်နိုင်သောသူ ဖြစ်တယ်။* ယေရှုရှင်သည် အပြစ်တရား နှင့် သေခြင်းတရားအပေါ် အောင်နိုင်ခဲ့သည်။

***လိုက်လျှောက်ကျင့်သုံးခြင်း***

- ကလေးများအား "V" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ယေရှုရှင်သည် 'ရန်သူ' အပေါ် မည်သို့မည်ပုံ အနိုင်ရခဲ့သည်ကို ကျွန်ုပ်တို့ မည်သို့ သိနိုင်ပါ သနည်း။ ယေရှုရှင် ရှင်ပြန်မထမြောက်တော့ဘဲ သေနေခဲ့သလား။ ယေရှုရှင်ဟာ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အောင်နိုင်သောသူ ဖြစ်တယ်ဆိုတာကို သက်သေပြခဲ့တယ်။

- သမ္မာကျမ်းစာထဲမှ စစ်သူရဲ နာမည်အချို့ကို ကလေးများအား ပြောစေပါ – ယေရှု၊ ဂိဒေါင်၊ ဒါဝိဒ် စသည်ဖြင့်။ သူတို့သည် စစ်ပွဲကြီးများစွာကို အောင်နိုင်ခဲ့ကြပေမယ့် အပြစ်နဲ့ သေခြင်းတရားကို အောင်နိုင်ခဲ့ကြသလား။ အဖြေကို ဘယ်လို တို့တတွေ သိနိုင်မလဲ။ သူတို့တွေ အပြစ်ကျူးလွန်ခဲ့ကြပြီး တော့ သေဆုံးခဲ့ကြတာဘဲ။ *ဇာဖရိ၊ ၃း၁၇* ကို ဖတ်၍ အဓိပ္ပါယ်ကို ရှင်းပြပေးပါ။
- ယေရှုရှင်က အပြစ်အပေါ် အောင်နိုင်တဲ့အခါမှာ သမ္မာကျမ်းစာက သူ့ကိုယုံကြည်ကိုးစားတဲ့ သူကို ဖြောင့်မတ်စေတယ်လို့ ပြောထားတယ်။ ဘုရားသခင်ရဲ့ လူတွေ အမြဲတမ်း ဖြောင့်မတ်ခဲ့ကြပါသလား။ *(ရောမ၊ ၃း၁၀–၁၁)*။ ဆရာ၊မ တို့က အကျင့်ကောင်းလို့ ဖြောင့်မတ်တဲ့ သူတွေဖြစ်လာတာလား။ ဆရာ၊မ တို့တွေဟာ ယေရှုရှင်ရဲ့ အပြစ်တရားအပေါ် အောင်နိုင်ခြင်းကြောင့် ဖြောင့်မတ်တဲ့သူတွေ ဖြစ်လာတယ် (ဘုရားသခင်နဲ့ ပြန်လည်သင့်မြတ်ပြီးတော့ ခွဲခွါခြင်း မရှိတော့ခြင်း ဖြစ်သည်)။ *(ရောမ၊ ၃း၂၂)*
- အပြစ်တရား နှင့် သေခြင်းတရား အပေါ် အောင်နိုင်တော်မူသော တစ်ပါးတည်းသော ဘုရားသခင် အား ကျွန်ုပ် မည်သို့ တုန့်ပြန်မည်နည်း။ ယေရှုရှင်သည် အပြစ် နှင့် သေခြင်းတရားကို အောင်နိုင် သည့်အတွက်ကြောင့် သူ့အား ကျွန်ုပ် ယုံကြည်ကိုးစားပါလျှင် ကျွန်ုပ်သည်လည်း အပြစ် နှင့် သေခြင်း တရားကိုအပေါ် အောင်နိုင်ခြင်း ရှိ၍ အောင်နိုင်သောသူ တစ်ယောက်ကဲ့သို့ အသက်ရှင်ရမည် ဖြစ်သည်။ ဥပမာ – ပြီးခဲ့တဲ့ အပတ်က ဆရာ၊မ ဟာ လေးလံတဲ့ ပစ္စည်းတွေနဲ့ ချဉ်နှောင်ပြီးတော့ အခန်းထဲ ဝင်လာ ခဲ့တယ်။ သူ့ကို ကလေးတွေက ကယ်လွှတ်ရတယ်။ ဆရာ၊မ က အဲဒီ လေးလံတဲ့ ပစ္စည်းတွေကို ပြန်ပြီးတော့ သူ့ကိုယ်ခန္ဓာပေါ်မှာ ချဉ်နှောင်မယ်ဆိုရင် လူလိမ္မာတစ်ယောက်ရဲ့ အပြု အမူ ဟုတ်ပါ့မလား။ တကယ်ဘဲ အရူးလုပ်ရပ် ဖြစ်ပါလိမ့်မယ်။ ယေရှုရှင်ဟာ အပြစ်ကို အောင်နိုင်တဲ့ အခါ သူ့လူတွေကို အပြစ်ရဲ့ ချည်နှောင်ခြင်းကနေ ဖြေလွှတ်စေတယ်လို့ သမ္မာကျမ်းစာက ပြောထား ပါတယ်။ ဒါကြောင့်မို့ ဆရာ၊မ တို့လဲ နောက်တစ်ခါ ပြန်ပြီးတော့ အပြစ်တွေကို ကျူးလွန် သင့်သေးပါ သလား (ပစ္စည်းအလေးတွေကို ခန္ဓာကိုယ်အပေါ်မှာ ပြန်ပြီးတော့ ချည်နှောင်နေဦးမလား။)
- *ရောမ၊ ၆း၁၂–၁၄* ကို ဖတ်ပါ။ “ကိုယ်အင်္ဂါများကိုလည်း သုစရိုက်လက်နက်ဖြစ်စေ၍၊ ဘုရားသခင်အား ဆက်ကြလော့” ဟူသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ (ဥပမာ – ဘုရားသခင်က ဆရာ၊မ ကို ဖြောင့်မတ်စေသည့် အချက်ကို ဖော်လွှန်စေတဲ့ အရာကို ဆရာ၊မရဲ့ ပါးစပ်နဲ့ ဘယ်လိုပြောသလဲ။ ဆရာ၊မ ရဲ့ လက်နှစ်ဘက်နဲ့ ကောင်းတဲ့အရာ ဘာတွေ လုပ်နိုင်မလဲ။ ကောင်းမွန်တဲ့ ဘယ်အရာ တွေကို ဆရာ၊မ တွေးနိုင်သလဲ။) “အပြစ်တရားသည်ထိုကိုယ်ခန္ဓာ၌ အစိုးမရစေနှင့်” ၏ ဆိုလိုရင်းမှာ အဘယ်နည်း။ ကျွန်ုပ်တို့ အပြစ်ကျူးလွန်အောင် အားထုတ်နေတဲ့ စာတန်က ကျွန်ုပ်တို့ အပြစ်ကျူး လွန်အောင် လုပ်လို့ ရသလား။ စာတန်ကို တွန်းလှန်တိုက်ခိုက်ဖို့ လုံလောက်တဲ့ ခွန်အား၊ ဉာဏ်စွမ်း မရှိဘူးလို့ မိမိကိုယ်ကို ထင်နေတယ်ဆိုရင် ဘယ်သူက ဆရာ၊မ တို့ကို ကူညီပေးမလဲ။ ဘယ်သူက အမြဲတမ်း အောင်နိုင် နေသလဲ။ ယေရှုရှင်ပါ၊ စာတန်အပေါ်မှာလည်း သူအောင်နိုင်ပါတယ်။ သူ့ဆီမှာ ဆရာ၊မ တို့ ဆုတောင်း မယ်ဆိုရင်တော့ အကူအညီပေးဖို့ သူဟာ အမြဲတမ်း အာရုံစိုက်နေပါတယ်။
- ယေရှုရှင်သည် သေခြင်းတရာကို အောင်နိုင်သောအရှင် ဖြစ်သည့်အတွက် သူ့ကို ယုံကြည်ကိုးစား သူတိုင်းသည်လည်း သူ့လို အသက်ပြန်လည် ရှင်သန်၍ ဘယ်သောအခါမျှ သေလွန်တော့မည် မဟုတ်။ *(၁ကော၊ ၁၅း၂၂)*။

***လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတံ့။***

**သင်ခန်းစာ ၃၁**

## *"K" IS FOR KING* ***ဘုရင်မင်းကြီး***

**အဓိကအချက်** – ဘုရားသခင်သည် ခပ်သိမ်းသောလူတို့ကို အစိုးရတော်မူ၏။

**အဓိကကျမ်းချက်** – ဘုရားသခင်သည် မြေကြီးတစ်ပြင်လုံးကို အစိုးရသော မင်းဖြစ်တော်မူ၏။ ချီးမွမ်းခြင်း ထောမနာသီချင်းကို ဆိုကြလော့။ ဘုရားသခင်သည် လူမျိုးတို့တွင်စိုးစံ တော်မူ၏။ ဘုရားသခင်သည် သန့်ရှင်းသော ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူ၏။ ဆာလံ၊ ၄၇း၇–၈

**နိဒါန်း** – သမိုင်းတလျှောက်တွင် လူမျိုးစု သို့မဟုတ် လူသားများသည် အစိုးရ သို့မဟုတ် နိုင်ငံတစ် တစ်နိုင်ငံ အဖြစ် ရပ်တည်ခဲ့ကြသည်။ အထူးသဖြင့် သမ္မာကျမ်းစာထဲတွင် များစွာ တွေ့နိုင်ပါသည်။ လူမျိုးစု တစ်စုကို ဦးဆောင် သောသူ ဘုရင်မင်းမြတ်သည် ပေါ်လွင်ထင်ရှားသည်ဖြစ်ရာ နိုင်ငံသူနိုင်ငံသားအားလုံးက ဦးဆောင်မည့် ဘုရင်တစ်ပါးကို လိုချင်ကြသည်။ သို့သော်လည်း ဣသရေလလူမျိုး၏ နိုင်ငံရေး ဖြေရှင်းချက်ကို ကြည့်ပါလျှင် ကြေကွဲ စရာကောင်းလှပါသည်။ ဣသရေလလူတို့သည် ၄င်းတို့၏ နှလုံးသားများကို သာ၍သေးသိမ်သော အရာများ၌သာ နေရာပေးထား ကြသည်။ အောက်ပါအချက်များသည် လက်ခံရန် ခက်ခဲသော အချက်များဖြစ်ပါသည် ၁) ဘုရားသခင်သည် အတိတ်၊ ပစ္စုပ္ပန် နှင့် နောင်လာမည့် အနာဂတ်တိုင်အောင်ပင် လောကီဘုရင်အားလုံးပေါ် အစိုးရသော ဘုရင် ဖြစ်ပေသည်၊ ၂) ခန္ဓာမျက်စိဖြင့် မြင်၍မရသေးသော နိုင်ငံတော်ကို သူ အုပ်စိုးပိုင်သသည်၊ ၃) ကိုယ်တော် တစ်ပါးတည်းသာလျှင် ဖြောင့်မတ်တော်မူသော ဘုရင်ဖြစ်လျက်၊ လူသားတို့အပေါ် ပြုလေရာရာ သော အမှုတို့၌ တရားတော်မူသည့်အပြင် ကောင်းမြတ်စုံလင်တော်မူ၏။

ယုံကြည်သူများအနေနှင့် ကျွန်ုပ်တို့သည် အောင်နိုင်ခြင်းနှင့်အတူ ဤလောကသို့ ပြန်ကြွ လာမည့် ဘုရင်တကာ ဘုရင်ဖြစ်တော်မူသော သူ၏နိုင်ငံတော်ကို အမှန်တကယ် တည်ထောင်၍ ထာဝရစိုးစံတော့မည့် ယေရှုရှင်ကို မျက်ဝါးထင်ထင် တွေ့မြင် ကြရတော့ မည်ဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) တိရစ္ဆာန် တစ်ကောင်၏ မျက်နှာဖုံး (သို့မဟုတ် ဆရာဝန် သို့ မီးသတ်သမား စသည်ဖြင့် တစ်စုံတစ်ဦး၏ ရာထူးဂုဏ်ပုဒ်ကို ဖော်ပြပေးနိုင်မည့် အသုံးအဆောင် တစ်ခုခု)

၂) စက္ကူသရဖူ နှင့် ဝတ်လုံ

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁) *ဆာလံ၊ ၄၇း၇–၈* ကို ရေးသားထားသော စက္ကူလိပ်

***သင်ခန်းစာပို့ချက်ခြင်း***

ရှေ့သို့ထွက်လာရန် ဆန္ဒရှိသော ကလေးတစ်ယောက်ကို ရွေးချယ်လိုက်ပါ။ မျက်နှာဖုံး (သို့မဟုတ် ကိုယ်စားပြု ပစ္စည်းတစ်ခုခု) ကို ကောင်းကြီးမင်္ဂလာပုံးထဲမှ ထုတ်ယူလိုက်ပါ။

အကြံပြုချက် – (ရှေ့ထွက်လာသော ကလေးနာမည်) *ကတော့ အခုချိန်မှာ (တိရစ္ဆာန် မျက်နှာဖုံးလေး သို့မဟုတ် ကိုယ်စားပြု ပစ္စည်းတစ်ခုခု) ကို ဆင်မြန်းထားတဲ့အတွက် သူက တကယ်ပဲ အဲဒီတိရိစ္ဆာန် သို့မဟုတ် အဲဒီပုဂ္ဂိုလ် ဖြစ်သွား တာလား။ ဆရာ/မ က အမြီးလေး တပ်ပေးလိုက်မယ်ဆိုရင်* (ရှေ့ထွက်လာသော ကလေးနာမည်) *ကတော့တကယ့် တိရစ္ဆာန် ဖြစ်သွားပြီလို့ ပြောလို့ရလား။ ဒါမှ မဟုတ်* (တိရစ္ဆာန်ရဲ့) *အမွေးနုလေးတွေကို ထပ်ပေါင်းလိုက်မယ်ဆိုရင် ဘယ်လိုဖြစ်မလဲ။ နောက်ဆုံး မှာတော့* (ရှေ့ထွက် လာသော ကလေးနာမည်) *ကတော့ တကယ်ဘဲ တိရစ္ဆာန် ဖြစ်သွားရောလား။*

အပြင်ပိုင်းကိုသာ ပြောင်းလဲလိုက်ရုံနှင့် သင်သည် တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက် ဖြစ်မလာနိုင် ကြောင်းကို ကလေးများအား ရှင်းပြပေးပါ။ တိရစ္ဆာန် တစ်ကောင်ကောင်ရဲ့ အစိတ်အပိုင်းတွင်ကို ဝတ်ဆင်လိုက် ရုံနဲ့ သင်သည် တိရစ္ဆာန်တစ်ကောင် ဖြစ်မလာနိုင်ပါ။ အခြား ကလေးတစ်ယောက်ကို ရွေးချယ်လိုက်ပြီးတော့ စက္ကူသရဖူ နှင့် ဝတ်လုံကို ထုတ်ယူစေပါ။

အကြံပြုချက် – *တကယ်လို့ သားတို့သမီးတို့က သရဖူနဲ့ ဝတ်လုံတစ်ခုကို ဝတ်ဆင်ထားမယ်ဆိုရင်၊ အဲဒီပစ္စည်း တွေကို ဘယ်လူ ဝတ်ဆင်လေ့ရှိသလဲ။ တကယ်လို့ (ကလေး၏နာမည်) က သရဖူ နဲ့ ဝတ်လုံကို ဝတ်ဆင်ထားတယ်ဆိုရင်တော့ သူကတကယ်ဘဲ ဘုရင်တစ်ပါးဖြစ်သွားသလား။ တကယ်လို့ နာမည်ကြီး လှတဲ့ ဘုရင်များစွာ အကြောင်းကို ရေးသားထားတဲ့ စာအုပ်ကို ဖတ်ထားကြတဲ့အတွက် တို့တွေအတွက် ဘုရင်တစ်ပါးကို ရွေးချယ်ထားမယ်ဆိုတော့ ဘယ်လိုဖြစ်မလဲ။ ဒီမှာတော့ ဘုရင်တစ်ပါးလို ဝတ်ဆင်ထားတဲ့ သူ* (ကလေးနာမည်) *တစ်ယောက်တော့ ရှိနေပြီပေါ့။ အခြားသူတွေက သူ့ကို ဘုရင်တစ်ပါးလို့ ဆက်ဆံ ကြမလား။ သူ့ရဲ့ အမိန့်တွေကို အခြားလူတွေက နာခံကြမယ်ထင်လား။ အခြားနိုင်ငံက ခေါင်းဆောင်ကြီး တွေနဲ့ ပြဿနာကြီးတွေကို တွေ့စုံတိုင်ပင်ကြတဲ့ သူ့ကို ယုံကြည်ကြပါ့မလား။ သူတစ်ယောက်တည်းကဘဲ ပြဿနာ အားလုံးကို ကိုယ်တိုင် ဖြေရှင်းနိုင်မယ်လို့ ထင်သလား။*

မြင်နေရသည့်အရာများက ကျွန်ုပ်တို့ကို တစ်ခါတစ်ခါ ထင်ယောင်ထင်မှား ဖြစ်စေကြောင်း နှင့် သမ္မာကျမ်းစာ ထဲတွင် ဣသရေလလူမျိုးများသည်လည်း ထင်ယောင်ထင်မှား ဖြစ်ခဲ့သည့် အချိန်အခါ ရှိခဲ့ပါသည်။

**ပုံပြင် – ဣသရေလလူမျိုးများ ဘုရင်တစ်ပါးကို တောင်းခံခဲ့ကြသည်** *(၁ရာ၊ ၈း၆–၂၂)*

အောက်ပါအချက်များကို အလေးအနက်ထားပါ။

- ဣသရေလလူမျိုးသည် ဘုရားသခင် ရွေးကောက်ထားသော လူမျိုး ဖြစ်သည်။ ထိုအချိန်က ဘုရားသခင် ကိုယ်တိုင်သည် ၄င်းတို့၏ ဘုရင် ဖြစ်ခဲ့သည့်အတွက်သူတို့တွင် လူသားဦးဆောင်သည့် ဘုရင် မရှိခဲ့ပေ။ သို့သော်လည်း ၄င်းတို့သည် ဘုရားသခင်ကို ဘုရင်အဖြစ်မှ ငြင်းပယ်ခဲ့ကြသည်။
- ၄င်းတို့သည် အခြားနိုင်ငံ၏ ဘုရင်များကဲ့သို့ လူသားဘုရင်ကို လိုချင်ခဲ့ကြသည်။

➤ လူသားဘုရင်များသည် မည်သို့ဖြစ်ကြသည်ကို ရှမွေလသည် ၄င်းတို့ကို သေချာ သတိပေးခဲ့သည်။ ဘုရင်များသည် ၄င်းတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းရန်အတွက် ပြည်သူများထံမှ တောင်းခံသွားကြမည်ဟု ရှမွေလက ပြောပြခဲ့သည်။

အောက်ပါမေးခွန်းများကို ကလေးများအား မေးပါ။

*ဘုရားသခင်က ဣသရေလ လူမျိုးတွေအပေါ် အဲဒီလို ဖြစ်ခဲ့သလား။ ဘယ်သူက သူတို့ကို အဲဂုတ္တုပြည်ကနေ ကယ်တင်ခဲ့သလဲ။ သဲကန္တာရထဲမှာ လိုအပ်တဲ့ ရေ နဲ့ အခြားအရာတွေကို ဘယ်သူက ဖြည့်ဆည်းပေးခဲ့သလဲ။ ဘယ်သူက သူတို့ နေထိုင်ရမယ့် ပြည်မှာ ရှိနေတဲ့ ရန်သူတွေကို တိုက်ထုတ်ပေးခဲ့သလဲ။ ဘုရားသခင်က လိုအပ်မှုတွေကို ဖြည့်ဆည်းနိုင်ဖို့ ပြည်သူပြည်သားတွေရဲ့ လုပ်အားကို လိုအပ်တဲ့ ဘုရင်မျိုး ဖြစ်ပါသလား။*

***တစ်စုံတစ်ခုကို အလိုတော်ရှိ သကဲ့သို့ လူတို့လက်ဖြင့် ကျွေးမွေးခြင်းကို ခံတော်မူသည်မဟုတ်။ (တမန်၊ ၁၇း၂၅)***

ဘုရားသခင်သာလျှင် သူ၏လူများအတွက် အလုပ်လုပ်ပေးသော၊ ထောက်ပံ့ပေးသော တစ်ပါးတည်းသော ဘုရင်ဖြစ်သည်ကို ရှင်းပြပေးပါ။ ထိုကဲ့သို့သော ဘုရင်မျိုးကို ဣသရေလူမျိုးများကဲ့သို့ မည်သူမျှ မရှိချေ။ ရှမွေလက သတိပေးနေပါလျက် ၄င်းတို့သည် ဘုရားသခင်ကို ငြင်းပယ်ခဲ့ကြသည်။ ဘယ်သောအခါမျှ ကြီးမြတ်သော ရှင်ဘုရင် မဖြစ်မည့် ဘုရင်ဟု ထင်ရသည့် သူတစ်စုံ တစ်ယောက်ကို ရွေးချယ်ခဲ့ကြသည်။

အကြံပြုချက် – *ဣသရေလလူမျိုးတွေက ဘုရားသခင်ကို ဘုရင်အဖြစ်ကနေ ငြင်းပယ်လိုက်တဲ့ အခါမှာ ဘုရား သခင်ရဲ့ ရှင်ဘုရင် ဖြစ်ခြင်းက ရပ်တန့်သွားသလား။*

*ဆာလံ၊ ၄၇း၇၊၈* ကို ပြသ၍ ဖတ်ပေးပါ။

***ဘုရားသခင်သည် မြေကြီးတစ်ပြင်လုံးကို အစိုးရသော မင်းဖြစ်တော်မူ၏။ ––– ဘုရားသခင်သည် လူမျိုးတို့တွင်စိုးစံ တော်မူ၏။ ဘုရားသခင်သည် သန့်ရှင်းသော ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူ၏။***

ဘုရားသခင်သည် ဣသရေလူမျိုး တစ်မျိုးတည်း၏ ဘုရင် မဟုတ်ပါ။ သူသည် လောကီနိုင်ငံအားလုံးအပေါ် အစိုးရသော ဘုရင်မင်းကြီး ဖြစ်သည်။ ဣသရေလလူမျိုးများက လိုချင်ထင်မှတ်ထားသော အခြားသောဘုရင်များကဲ့သို့ မဟုတ်ခဲ့ပါ သော်လည်း ဘုရားသခင်သည် တစ်ပါးတည်းသာလျှင် စစ်မှန် ပြည့်စုံတော်မူသော တစ်ပါးတည်းသော ဘုရင် ဖြစ်သည်။ ဣသရေလူမျိုးများက သူတို့၏ ဘုရင်ကို ရွှေငွေတန်စာများ ဝတ်ဆင်၍ နန်းတော်များစွာ ပိုင်ဆိုင်က၊ မြင်း နှင့် ရထား မြောက်များစွာ ပိုင်ဆိုင်သော သူ အဖြစ်မြင်ချင်ကြသည်။ သို့သော်လည်း ထိုအပြင် ပန်းအရာများက စစ်မှန်သော ဘုရင်ကို ဖြစ်စေနိုင်သည် မဟုတ်။

အကြံပြုချက် – *ဘုရားသခင်ကိုယ်တိုင် လူ့ဇာတိကို ခံယူပြီးတော့ လောကကို ဆင်းကြွလာတဲ့ အချိန်ရောက်လာခဲ့တယ်။ အဲဒီအချိန်က ယေရှုရှင်ဟာ ဘုရင်တစ်ပါးနဲ့ တူပါသလား။* မတူပါဘူး – *သူဟာဆိုရင်တော့ တိရစ္ဆာန်တွေထားတဲ့ နေရာမှာ မွေးဖွားခဲ့တဲ့ ကလေးလေး တစ်ယောက်ပေါ့။ ဘုရင်တစ်ပါးလို သူကြီးထွား လာပါသလား။ (ယောရှ၊ ၅၃း၂–၃)။ သူ့ကို လူသားတွေက ဘုရင်တစ်ပါးလို ဆက်ဆံခဲ့ကြသလား။ မဆက် ဆံခဲ့ကြပါဘူး – ဆူးနဲ့လုပ်ထားတဲ့ သရဖူကို ဆောင်းစေပြီးတော့ ပျက်ရည်ပြု ရိုက်နှိပ်ခဲ့ကြတယ်။ ဒါ့အပြင် လက်ဝါးကပ်တိုင်ပေါ်မှာ တင်သတ်တော့လည်း သူ့ရဲ့ ဝတ်လုံကိုတောင် ဆွဲချွတ်ခဲ့ကြသေးတယ်။*

*သေခြင်း ကနေ ရှင်ပြန်ထမြောက်တော့ ယေရှုရှင်ဟာ ဘုရင်နဲ့ တူပါသလား။ မတူပါဘူး၊ အရင်တုန်းကလိုပါပဲ။ နောက်တော့ သူ ကောင်းကင်ပေါ်သို့ ပြန်လည် ကြွသွားခဲ့တယ်။ ဒီအခြေအနေတွေအားလုံးကိုကြည့်ရင် သူဟာ ဘုရင်တစ်ပါးမဟုတ်ဘူးလို့ ဆိုလိုတာလား။*

ကျွန်ုပ်တို့ မျက်စိဖြင့် မမြင်နိုင်သော အရာအချို့ ရှိနေသည်ကို ရှင်းပြပေးပါ။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်အား ဘုရင်တစ်ပါးအဖြစ် မမြင်ခဲ့ရသည့်အတွက် သူ့ကို ငြင်းပါယ်ခဲ့ကြသည်။ လူတွေက ယေရှုရှင်ကိုလည်း ဘုရင်တစ်ပါးကဲ့သို့ မမြင်ခဲ့ကြသည့်အတွက် ငြင်းပါယ်ခဲ့ကြသည်။ အပြင်ပန်းအားဖြင့် ကြည့်မည်ဆိုလျှင် ဘုရားသခင်သည် ဘုရင်တစ်ပါးနှင့် မတူပါသော်လည်း ယေရှုရှင် အသေခံပေးသည့် သူများကမူ သူသည်သာ စစ်မှန်သော ဘုရင်ဖြစ်သည်ကို သိရှိလျက် မေတ္တာထား ချီးမွမ်းကိုးကွယ်ကြသည်။ တစ်နေ့တစ်ချိန်တွင် ယေရှုရှင်သည် ဤလောကသို့ ပြန်လည်ကြွလာ၍ မည်သို့ပုံစံဖြစ်မည်ကို သမ္မာကျမ်းစာက ပြောပြထားပါသည်။ (*ဗျာ၊ ၁၉း၁၁–၁၆* ကို ဖတ်ပေးပါ။

> **ထိုအခါ ကောင်းကင်ဘုံဖွင့်လှစ်လျက်ရှိသည်ကို ငါမြင်လျှင်၊ မြင်းဖြူရှိ၏။ မြင်းစီးသောသူသည် သစ္စာဟူသောအမည်၊ သမ္မာဟူသောအမည်ရှိသတည်း။ ထိုသူသည် တရားသဖြင့်စီရင်တတ်၏။ တရား သဖြင့် စစ်တိုက်တတ်၏။ မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်းတော်ပေါ်၌ သရဖူများကိုဆောင်း၏။ ကိုယ်တိုင်မှတပါး၊ အဘယ်သူမျှမသိသော နာမတော်သည် ရေးထား လျက်ရှိ၏။ အသွေး၌နှစ်ပြီးသော အဝတ်ကိုဝတ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဟူသော အမည်ရှိ၏။ ကောင်းကင်ဗိုလ်ခြေတို့သည် မြင်းဖြူကိုစီးလျက်၊ စင်ကြယ်သော ပိတ်ချောဖြူကို ဝတ်လျက် နောက်တော်သို့လိုက်ကြ၏။ လူမျိုးတို့ကို ဒဏ်ခပ်စရာဘို့၊ ထက်သောသံလျက်သည် ခံတွင်းတော်ထဲကထွက်၏၊ သူတို့ကို သံလှံတံနှင့် အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့် ပြည့်စုံ တော်မူသော ဘုရားသခင်၏ ဒေါသအမျက်တော်၏ စပျစ်သီးနယ်ရာ တန်ဆာကို ဖိနင်းတော်မူမည်။ ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟု ဘွဲ့နာမတော်သည် အဝတ်တော်၌၎င်း၊ ပေါင်တော်၌၎င်း၊ ရေးထားလျက်ရှိ၏။**

ဤလောကသို့ ယေရှုရှင် ပြန်လည်ကြွလာသည့် အချိန်တွင် လူသားအားလုံးက သူ့ကို ဘုရင်တစ်ကာ ဘုရင်အဖြစ် မြင်တွေ့ကြရမည်ကို ရှင်းပြပေးပါ။ လူသားအလုံးက သူ၏ ပုလ္လင်တော်၊ သရဖူများ နှင့် သူ၏ စစ်သူရဲများစွာ စသည်တို့ကို မြင်တွေ့ကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လာသည့်အခါ လူအားလုံးက သူ့ကို ဘုရင်တစ်ပါးကဲ့သို့ ဆက်ဆံကြလိမ့်မည် *(ဖိလိ၊ ၂း၁၀–၁၁)* – ထိုသို့ ဆက်ဆံရာတွင် တစ်ချို့က ယေရှုရှင်ကို ၎င်းတို့၏ ဘုရင်အဖြစ် သိထား၊ ချစ်မြတ်နိုး နှင့်သည့်အတွက်ကြောင့် ဝမ်းမြောက်ပျော်ရွှင်ရမည် ဖြစ်သော်လည်း၊ တစ်ဘက်တွင် ယေရှုရှင်ကို ဘုရင်အဖြစ်မှ ငြင်းပါယ်ထားသည့် အတွက်ကြောင့် လူတစ်ချို့မှာ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်းတို့နှင့် ယေရှုရှင် ဘုရင်ကို ဆက်ဆံကြရတော့မည် ဖြစ်သည်။

ဘုရားသခင်တစ်ပါးတည်းသာလျှင် လူမျိုးအားလုံး၏ ဘုရင်တစ်ကာ ဘုရင် ဖြစ်သည့်အတွက်ကြောင့်၊ ဘုရားရှင်တစ်ပါးတည်းက လူခပ်သိမ်းအပေါ် တရားစီရင် သွားမည် ဖြစ်သည်။ ဘုရားသခင်သည် ဖြောင့်မတ်တော်မူသည့်အတွက်ကြောင့် တရားသဖြင့် တရားစီရင် လိမ့်မည်။ သူ့အား စစ်မှန်သော ဘုရင်အဖြစ်မှ ငြင်းပါယ်သောသူတိုင်းအား ထာဝရပြစ်ဒဏ်ခံရမည့် အပါယ်ငရဲထဲသို့ ပစ်ချတော်မူလိမ့်မည်။ သို့သော်လည်း ဘုရားသခင်အား စစ်မှန်သော ဘုရင်တစ်ပါးကဲ့သို့ လက်ခံယုံကြည်၍ မေတ္တာထားသောသူတို့သည် ဘုရားသခင်၏ အုံ့ဖွယ်ပြည့်စုံတော်မူသော နိုင်ငံသားဖြစ်ခွင့်ကိုရကာ ထာဝရကာလတိုင်အောင် ဘုရားသခင်၌ စံစားခွင့်ကို ရရှိလိမ့်မည်။

*လိုက်လျှောက်ကျင့်သုံးခြင်း*

- ကလေးများအား "K" ဆိုသည့် စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဘုရားသခင်သည် ဘုရင်တကာတို့၏ ဘုရင် ဖြစ်သည့်အတွက်ကြောင့် သူသည် ခပ်သိမ်းသော သူတို့ အပေါ် အုပ်စိုးတော်မူ၏။ သူသည်သာ အကြီးမြင့်ဆုံး အခွင့်အာဏာ ဖြစ်သည်။ ဤလောကတွင် အမျိုးမျိုးသော ခေါင်းဆောင်များ၊ သမ္မတများ နှင့် ဘုရင်များ ရှိကြသည်ကို ကလေးများအား ရှင်းပြပေးပါ။

  မေးခွန်းမေးပါ – *သူတို့တွေအားလုံးက တစ်ကမ္ဘာလုံးကို အစိုးရပါသလား။ တို့တွေရဲ့ သမ္မတက တရုတ်နိုင်ငံမှာ ရှိတဲ့သူတွေကို အမိန့်မေးလို့ ရသလား။*

  နိဂုံး – ဘုရားသခင်တစ်ပါးတည်းကသာ ခပ်သိမ်းသောအရာတို့ကို အုပ်စိုးတဲ့ ဘုရင်ပါ။ ဒီကမ္ဘာပေါ်မှာ ရှိတဲ့ လူသားတစ်ယောက်စီတိုင်းအပေါ်မှာ အခွင့်အာဏာ ရှိတော်မူတယ်။
- မေးပါ – *ဘုရားသခင်က အမြဲတမ်း အရာခပ်သိမ်းပေါ်မှာ ရှင်ဘုရင် ဖြစ်ပါသလား။ လူသားတွေအပေါ် ဘုရင် မဖြစ်ခဲ့တဲ့ အချိန်မျိုး ရှိခဲ့ဖူးပါသလား။ အနာဂတ်မှာ ဘုရင် မဖြစ်မယ့် အချိန်မျိုး ဘုရားသခင်မှာ ရှိပါ့မလား။*

  *မြည်တမ်း၊ ၅း၁၉* ကို ဖတ်ပေးပါ။
- မေးပါ – *ဘာလို့ လူတွေက ယေရှုရှင်ကို ဘုရင်တစ်ပါးလို့ "မမြင်" ခဲ့ကြတာလဲ။ ယေရှုရှင်က ဘယ်လို အသက်ရှင်ခဲ့ သလဲ။ (ဖိလိ၊ ၂း၅–၈* ကို ဖတ်ပါ။)

  ယေရှုရှင်သည် ဤလောကသို့ ကြွလာစဉ်တွင် လူသားတစ်ကဲ့သို့ပင် ခမည်းတော် ဘုရား၏ အမိန့်တော်အောက်၌ မိမိကိုယ်ကို ပုံအပ်၍ နာခံခြင်းဖြင့် အသက်ရှင်ခဲ့သည်။ ယခုချိန်တွင်မူ ယေရှုရှင်သည် ခမည်းတော်ထံသို့ ပြန်သွား၍ သူ၏ စစ်မှန်သော ဘုရင်ဖြစ်ခြင်းကို ပြန်၍ ပြသခဲ့သည် *(ဗျာ၊ ၁၉း၁၁–၁၅)။*
- ဘုရားသခင်သည် ဘုရင်မင်းကြီး ဖြစ်သည့်အတွက် ကျွန်ုပ် မည်သို့ ပြန်၍ တုန့်ပြန်သင့်ပါသနည်း၊ *(ဖိလိ၊ ၂း၅–၈* ကို ကြည့်ပါ)။ တစ်စုံတစ်ဦး၏ ရှေ့၌ နိမ့်ချခြင်း နှင့် နာခံခြင်း အသက်တာဆိုသည်မှာ အဘယ်သို့ ဖြစ်သည်ကို ဆွေးနွေးပေးပါ။
- တကယ်လို့ သားတို့သမီးတို့က ယေရှုရှင်ကို မိမိရဲ့ ဘုရင်မင်းကြီး အဖြစ် ယုံကြည်လက်ခံပြီးတော့ မေတ္တာရှိတယ်ဆိုရင်တော့ တစ်နေ့ကျရင် ဘုရင်တစ်ပါးလို ကြွလာမယ့် ယေရှုရှင်ကို မြင်တွေ့ဖို့ဆိုတာ ပျော်စရာ မကောင်းဘူးလား။ *(ဗျာ၊ ၁၉း၅–၇က)။*
- ယေရှုရှင်ကို ဘုရင်တကာ ဘုရင် အဖြစ် မယုံကြည်တဲ့ သူတွေဟာ ယေရှုရှင် ဒီလောကကို ပြန်လည် ဆင်းကြွလာတဲ့အခါမှာ ပျော်ရွှင်ပါ့မလား။ *(ဗျာ၊ ၁၉း၁၅–၁၈* ကို ကြည့်ပါ*)။*

သင်ခန်းစာ ၃၂

## *"H" IS FOR HOLY* ***သန့်ရှင်းတော်မူသော အရှင်***

**အဓိကအချက်** – ဘုရားသခင်သည် မည်သည့်အရာ နှင့်မျှ မတူ။ ကိုယ်တော်သည် အပြစ်ဆိုသည့် အရာနှင့် လုံးဝသီးသန့်နေတော်မူ၍ ပြည့်စုံတော်မူ သောအရှင် ဖြစ်တော်မူ၏။

**အဓိကကျမ်းချက်** – သို့ဖြစ်ပါ၍၊ ငါ့ကိုအဘယ်သို့ ပုံပြုအံ့နည်း။ ငါသည် အဘယ်သူနှင့်တူရအံ့နည်းဟု သန့်ရှင်းသောဘုရား မေးတော်မူ၏။ ဟေရှာ၊ ၄၀း၂၅

**နိဒါန်း** – ဘုရားသခင်သည် မည်သူဖြစ်၍ မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို ဖော်ပြပေးသည့် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ သို့မဟုတ် စကားလုံးလေးများကို ယခုအချိန်ထိ လေ့လာခဲ့ပြီးကြသည်။ ထိုသို့ပြုရာတွင် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းတို့ကို ပုံဖော်နိုင်ရန်အတွက် အင်္ဂလိပ် အက္ခရာ များကို တစ်လုံးချင်း တစ်လုံးချင်း အသုံးပြုခဲ့ကြသည်။ ထိုဖော်ပြချက်များ အားလုံးသည် ဘုရားသခင်၏ ဘုန်းတော်နှင့် ပြည့်စုံခြင်းတို့ (သင်ခန်းစာ ၆ ကို ရည်ညွှန်းပေးပါ) သို့မဟုတ် ဘုရားသခင်၏ သန့်ရှင်းခြင်းကို ရည်ညွှန်းနေပါသည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် ဘုရားသခင်ဟု ဆိုသည့် သဘောသဘာဝ၏ အနှစ် ဖြစ်သည်။ အစဦးကတည်းက ဘုရားသခင်၏ သန့်ရှင်းတော်မူခြင်းကို လူတို့၏ ခွဲချမ်းစိပ်ဖြာခြင်း၊ ပုံဖော်ခြင်း နှင့် သရုပ်ပြခြင်းတို့က မည်သို့မျှ လိုက်လို့မမှီကြောင်းကို ဝန်ခံရပေမည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် လူသား တို့၏ ပုံဖော်သရုပ်ပြပေးခြင်း၊ စကားလုံးများ နှင့် လူ့နားလည်နိုင်စွမ်းအားတို့၏ အထက်တွင် ရှိပါသည်။ ဘုရား သခင်သည် သူ၏ ပြည့်စုံတော်မူခြင်းအလုံးစုံ၌ လူ၏နှိုင်းယှဉ်နိုင်စွမ်း၏ ပြင်ပတွင် ရှိသည်။ သန့်ရှင်းတော်မူသော ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ရောက်ဖူးသောသူတိုင်း ဘုရားသခင်၏ အမှန်ဖြစ်တည်ခြင်း၌ ပျက်ဝပ် ကြရသည်သာ။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) မည်သည်မည်ဝါ ဖြစ်သည်ဟူ၍ ခန့်မှန်း မရနိုင်သော ပုံစံတူ အရာဝတ္ထုပစ္စည်း နှစ်ခု၊ တစ်ခုကို ကောင်းကြီးမင်္ဂလာပုံးထဲ၌ ထးပါ (စက္ကူဖြင့် ပြုလုပ် ထားနိုင်ပါသည်။)
၂) နှိုင်းယှဉ်ပြသ၍ ပစ္စည်းအမျိုးမျိုး – ဥပမာ – ပန်းသီး၊ သေတ္တာ၊ စာရွက်
၃) ယခုသင်ခန်းစာအထိ အသုံးပြုခဲ့သည့် အင်္ဂလိပ် အက္ခရာများ (မှိုင်းမြင်ရန်စာအုပ်)
၄) ရတနာဘူးခွံ (အလွတ်)
၅) ABC အက္ခရာကို ပြန်လည် နွေးပေးရန်အတွက် အမျိုးအစား ရွေးချယ်ခြင်း (သင်ကိုယ်တိုင် ဆုံးဖြတ်ပါ။)
၆) သမ္မာကျမ်းစာအုပ် နှင့် *ဟေရှာ၊ ၄၀း၂၅* ကို ရေးထားသော စက္ကူလိပ်

**သင်ခန်းစာပို့ချက်ခြင်း**

အထူးပြင်ဆင်ထားသော ပစ္စည်းတစ်ခုကို ပြလိုက်ပါ။ မည်သည့်အရာဖြစ်သည်ကို ကလေးများအား မေးလိုက်ပါ။ ၎င်းတို့အနေနှင့် မည်သည့်အရာ ဖြစ်သည်ကို ပြောပြနိုင်သည်လားဟူ၍ ခဏကြည့် လိုက်ပါ။ ထိုအရာသည် မည်သည့်အရာနှင့် တူနေသနည်း။ တစ်ခါတစ်ရံတွင် တစ်စုံတစ်ခုကို ဖော်ပြနိုင်ရန်အတွက် တစ်စုံတစ်ခုနှင့် နှိုင်းယှဉ်ပြောပြခြင်းက များစွာ အထောက်အကူ ဖြစ်စေကြောင်းကို ပြောပြပါ။ ကောင်းကြီးမင်္ဂလာပုံးထဲရှိ ပစ္စည်းများကို ထုတ်ယူ၍ ပုံစံ၊ အရောင်အဆင်း၊ အရွယ်အစား စသည်ဖြင့် နှိုင်းယှဉ်ပြပေးလိုက်ပါ။ (ဥပမာ – ဒီဥစ္စာလေးကတော့ လိမ္မော်သီးလို ဝိုင်းနေတယ်။ ဒီဥစ္စာလေးကတော့ ဒီသေတ္တာလေးနဲ့ အရွယ်အစားတူတယ် စသည်ဖြင့် နှိုင်းယှဉ်ပေးပါ။)

အကြံပြုချက် – *အချို့ပစ္စည်းတွေက အရမ်းကို ထူးဆန်းကြတာ။ အခြားအရာတွေနဲ့လည်း မတူဘူး။ အခြားအရာဝတ္ထုတွေနဲ့ နှိုင်းယှဉ်ဖို့ ဆိုတာကလည်း အရမ်းကို ခက်ခဲပါတယ်။ ဒီဥစ္စာကို ပစ္စည်းအမျိုးအစားတစ်ခုခုထဲမှာ ထည့်တွက်လို့ ရပါတယ်။ ဒါပေမယ့် ဒီဥစ္စာကို ဆရာ/မ လုပ်ထားတဲ့အတွက်ကြောင့် နောက်ထက် အဲဒီလို နောက်တစ်ခုကိုလည်း လုပ်နိုင်ပါသေးတယ်* (ဒုတိယ တစ်ခုကို ထုတ်လိုက်ပါ။)

မေးပါ – *အခြားအရာတွေနဲ့ မတူပဲ၊ အလွန်ထူးခြားပြီးတော့ ဘယ်လိုမှ နှိုင်းလို့မရတဲ့ အရာ တစ်စုံတစ်ခု ရှိမယ်လို့ ထင်ပါသလား။ တူညီနေတဲ့ အရာ တစ်စုံတစ်ခုများ ရှိနေမလား။* (မှတ်ချက် – လူသားတစ်ဦးချင်းစီတိုင်းသည် အံ့ဖွယ်ကောင်းစွာ မတူညီသည့် ထူးဆန်းသည့် ပုံစံ စိတ်ဝိညာဉ်နှင့်အတူ ဖန်ဆင်းခြင်း ခံခဲ့ကြသော်လည်း တူညီသည့်အရာများစွာ ရှိကြပါသည်။ ဤအရာသည် ကောင်းကင်တမန်များ အပါအဝင် ဖန်ဆင်းခြင်းအရာခပ်သိမ်း၌လည်း တွေ့မြင်နိုင်ပါသည်။)

*ဟေရှာ၊ ၄၀း၂၅* ကို ဖတ်ပေးပါ။

*"သို့ဖြစ်ပါ၍၊ ငါ့ကိုအဘယ်သို့ပုံပြုအံ့နည်း။ ငါသည် အဘယ်သူနှင့်တူရအံ့နည်းဟု သန့်ရှင်းသောဘုရား မေးတော်မူ၏။"*

ဘုရားသခင်က ကျွန်ုပ်တို့ကို သူ့အားမည်သည့်အရာနှင့် နှိုင်းယှဉ်ဖော်ပြနိုင်မည်ဟု မေးနေခြင်းဖြစ်သည်ကို ကလေးများအား ရှင်းပြပေးပါ။ မည်သည့်အရာ သို့မဟုတ် မည်သူသည် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းနှင့် နှိုင်းယှဉ်နိုင်မည်နည်း။

သင်ခန်းစာ တလျှောက်အသုံးပြုခဲ့သည့် အင်္ဂလိပ် အက္ခရာ (ABC) နှင့် အထောက်အကူပစ္စည်းများကိုအသုံးပြု၍ ဆွေးနွေးမှုများ ပြုလုပ်ပေးပါ။ အက္ခရာ စာလုံးများကို ဆွေးနွေးပေးပြီးသည်နှင့် ထိုစာလုံးများကို ရတနာဖူးထဲထည့်ကာ စာလုံးများအား ကလေးများအနေနှင့် မမြင်နိုင်စေရန် အတွက် ရတနာဖူးကို ကလေးများ၏ ဆန့်ကျင်ဘက် အရပ်ဘက်သို့ လှည့်၍ထားပါ။ (အချိန်ကြာရှည်သွားမည့် အတွက်ကြောင့် အက္ခရာ စာလုံးများ အားလုံး နှင့် ၎င်းတို့၏ အဓိကအချက်များ အားလုံးကို ရှင်းပြပေးနေစရာ မလိုပေ။) ဥပမာ –

- A – God is Almighty ဘုရားသခင်သည် တန်ခိုးတော် အလုံးစုံတို့၏ အရှင် – မည်သူမည်ဝါက ဘုရားသခင်၏ တန်ဖိုးတော်နှင့် ယှဉ်ပြိုင် နှိုင်းနိုင်ပါမည်နည်း။

- O – God is Omniscient ဘုရားသခင်သည် အနန္တ ဥာဏ်တော်ရှင် ဖြစ်သည်။ ဘုရားသခင်ထက် မည်သူက ပို၍ သိနိုင်မည်နည်း။
- E – God is Eternal ဘုရားသခင်သည် ထာဝရအရှင် ဖြစ်တော်မူ၏။ ဘုရားသခင်က လွဲပြီးတော့ ဘယ်အရာ၊ ဘယ်သူက ထာဝရ ဖြစ်နိုင်လို့လဲ။

ဘုရားသခင်၏ ကြီးမြတ်အံ့ဖွယ်ကောင်းခြင်း နှင့် ပြည့်စုံခြင်းတို့ကို တုနှိုင်းယှဉ်ရန် မည်သည့်အရာ၊ မည်သည့် ပုဂ္ဂိုလ်မျိုးကမျှ အနီးသို့ပင် မချဉ်းကပ်နိုင်သည့် အချက်ကို ထောက်ပြပြောဆိုပါ။ ဘုရားသခင်သည် နှိုင်းယှဉ်၍ မရနိုင်လောက်အောင် ကြီးမြတ်သောသူဖြစ်သည်။ ဘုရားသခင်သည် အခြားသောအရာများနှင့် သီးခြားဖြစ်၍ သူ့လိုမျိုး အမျိုးအစားသည် သသီးသခြားဖြစ်လျက်ရှိသည်။ သူသည် ကောင်းကင်တမန်၊ လူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အပင်များ စသည့် အရာများအားလုံးနှင့် မတူညီ ခြားနားပါသည်။ သူသည် လုံးဝပြည့်စုံ၍ အပြစ်နှင့် ဆက်နွယ် ခြင်းလုံးဝ မရှိချေ။

ယခုနှစ် ဆန်းဒေးစကူးလ် အတန်းတွင် “ဘုရားသခင်သည် မည်သူဖြစ်၍၊ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါ သနည်း” ဆိုသည့် မေးခွန်းကို အကြိမ်ကြိမ်မေးလေ့ ရှိကြောင်းကလေးများကို ပြန်လည် သတိပေးပါ။ အပတ်တိုင်း ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပတ်သက်သော အက္ခရာ စာလုံးတစ်လုံးကို သင်ယူကြရသည်။ အကြိမ်ကြိမ် “ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း” ဆိုသည့် အသုံးအနှုန်းကိုလည်း သုံးဖြစ်ခဲ့ ကြသည်။ “ဘုရားသခင်ရဲ့ ကြီးမြတ်တော်မူခြင်းနဲ့ ထိုက်တန်တော်မူခြင်း” တို့ဟာ ဘုရားသခင်ရဲ့ ဂုဏ်အင်္ဂါ လက္ခဏာများကို ဖော်ပြပေးနေသည်။*

*(မှတ်ချက် – အကယ်၍ အထက်ပါအတိုင်း ရှင်းပြပါက ကလေးများအတွက် နားလည်ရန် ခက်ခဲမှု ရှိနိုင်ရာ၊ ကလေးတစ်ယောက်ကို ရွေးချယ်လိုက်ပြီး သူမ၏ လက်ကိုသာ အတန်းရှေ့သို့ လာစေရန် ပြောဆိုခြင်းက နားလည်နိုင်စေရန် အထောက်အကူ ပြုနိုင်ပါလိမ့်မည်။ အဘယ့်ကြောင့် သူမ၏ လက်ကိုသာ ရှေ့သို့ မလာစေ နိုင်ရသနည်း၊ အကြောင်းရင်းမှာ သင်သည် သူမခန္ဓာကိုယ် တစိတ်တဒေသကို ရည်ညွှန်းပြောဆိုပါသော်လည်း သူမသည် ထိုအစိတ်အပိုင်းအားလုံး ပေါင်းစည်း၍ ဖြစ်တည်သောသူ ဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင် ၏ သန့်ရှင်းခြင်းသည်လည်း သူ၏ ဖြစ်တည်ခြင်းအလုံးစုံ ဖြစ်သည်။ ဘုရားသခင်နှင့် ပတ်သက်၍ အသေးစိတ် သူ၏ ဂုဏ်အင်္ဂါလက္ခဏာများကို တစ်ခုပြီးတစ်ခု လေ့လာထားခဲ့ကြပါသော်လည်း ဘုရားသခင်ကို အပိုင်းပိုင်းခွဲ၍ မရပေ။ သူသည် သူ၏ပြည့်စုံခြင်း၌ လင်တော်မူသည်။)

ယခုတွင်မူ ABC အက္ခရာ စာလုံးများနှင့် ပြည့်နေသောရတနာဖူးလေးကို ကလေးများ ဘက်သို့ လှည့်ပြလိုက်ပါ။

အကြံပြုချက် – *ဘုရားသခင်ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်း တို့အားလုံးကို ပေါင်းစည်း ထားတဲ့ – ဘုရားရဲ့ ဖြစ်တည်ခြင်းကို ဖော်ပြပေးတဲ့ စကားလုံး တစ်လုံး ရှိတယ်။ အဲဒီ စကားလုံးကတော့ သန့်ရှင်းခြင်းပေါ့။ ဘုရားသခင်ဟာ သန့်ရှင်း သန့်ရှင်းတော်မူတယ်။*

*သို့ဖြစ်ပါ၍၊ ငါ့ကိုအဘယ်သို့ ပုံပြုအံ့နည်း။ ငါသည် အဘယ်သူနှင့်တူရအံ့နည်းဟု*
*သန့်ရှင်းသောဘုရား မေးတော်မူ၏။*

အကြံပြုချက် – *ဒီရတနာဖူးလေးထဲမှာရှိတဲ့ စကားလုံး အက္ခရာတွေဟာ ဘုရားသခင်ရဲ့ ကြီးမြတ်တော် မူခြင်းနဲ့ ထိုက်တန်တော်မူခြင်း တွေဖြစ်ကြတယ်။ ဒီအရာလေးတွေကိုတော့ ဆရာ၊မ တို့ စာရွက်လေးတွေနဲ့ လုပ်ထားတယ်။ ဒီစကားလုံးလေးတွေနဲ့ ရတနာဖူးလေးကို အသုံးပြုရတဲ့ ရည်ရွယ်ချက်ကတော့ ဘုရား*

*သခင်နဲ့ ပတ်သက်တဲ့ စကားလုံးလေးတွေ နဲ့ ဘုရားသခင်ဟာ အမှန်တကယ် ကြီးမြတ်ပြီးတော့ တန်ဖိုးကြီး လှတယ်ဆိုတဲ့ အချက်တွေကို အမှတ်ရစေဖို့ ရည်ရွယ်ထားတာဖြစ်တယ်။ ဒါပေမယ့် သန့်ရှင်း တော်မူသော ဘုရားသခင်ရဲ့ အကြောင်းကို ခေါင်းနဲ့သိတာ နဲ့ အသက်တာနဲ့ နားလည်ခံစားတယ်ဆိုတာက လုံးဝ မတူတဲ့ အဖြစ်အပျက်နှစ်မျိုးပါ။*

*ဥပမာ – ဆရာမ က အိမ်မှာရှိတဲ့ ခွေးအကြီးကြီး တစ်ကောင်အကြောင်းကို သားတို့သမီးတို့ကို ပြောပြ တယ်ဆိုပါစို့။ အဲဒီ ဆရာမ ရဲ့ ခွေးအကြောင်းကို များစွာ သားတို့သမီးတို့ ကြားထားရတဲ့ အခါမှာ "အို အရမ်းမိုက်တာပဲ" ဆိုပြီးတော့ ပြောကောင်းပြောနိုင်တယ်။ ဒါပေမယ့် အဲဒီခွေးကြီးနဲ့ တကယ် တွေ့တဲ့ အခါမှာ ပြောင်းလဲမှုတွေ ရှိနိုင်မလား။ တကယ်လို့ အဲဒီခွေးကြီးဘေးနားမှာ ရပ်ခွင့်ရမယ်၊ အဒီခွေး ကြီးရဲ့ အရွယ်အစား နဲ့ သွားတွေ၊ နောက်ပြီးတော့ အဲဒီခွေးကြီးရဲ့ ကျယ်လောင်တဲ့ဟောင်သံကို ကိုယ်တိုင် ကြားရမယ် ဆိုရင် ဘယ်လို ဖြစ်မလဲ။ အဲဒီခွေးရဲ့ အကြောင်းကို ကြားရုံသက်သက်ကလို မဟုတ် တော့ဘဲ သားတို့ သမီးတို့ တစ်နည်းတစ်ဖုံ ခံစား တုန့်ပြန်ကြမယ် မဟုတ်လား၊*

သန့်ရှင်းသော ဘုရားသခင်၏ အကြောင်းများစွာကို လူများစွာတို့က ကြားဖူး၊ သင်ဖူး ၍ သိထားကြသည့်ကို ရှင်းပြပေးပါ။ ၎င်းတို့တို့သည် အသင်းတော်သို့ သွားရောက်ပါဝင်၍ ဘုရားသခင်နှင့်ပတ်သက်၍ ၎င်းတို့ သိထား သောအရာများကို ချီးမွမ်း သီကြွေးကာ ဆုတောင်းကောင်း ဆုတောင်းနိုင်သည်။ ၎င်းတို့အနေနှင့် "အို အရမ်း အံ့ဩဖို့ ကောင်းတာပဲ" ဟု ဆိုကြပါသော်လည်း အိမ်ပြန်သွားကြသည့်အခါ ဘုရားသခင်သည် ထိုမျှလောက် ၎င်းတို့အတွက် အရေးပါတော့ခြင်း မရှိ။ သန့်ရှင်သော ဘုရားသခင်၏ ရှေ့တော်မှောက်၌ ရောက်နေသော အသက်တာကို အသက်တာအားဖြင့် မြည်းစမ်းခွင့်ရခြင်းသည် အလွန်စမ်းပြားလှပါသည်။ ထိုကဲ့သို့ ဖြစ်ပျက် လေတိုင်း အလွန်ခြားနားသည့် တုန့်ပြန်မှုများ အမြဲ ရှိနေသည်။

**ပုံပြင် – ဟေရှာယသည် သန့်ရှင်းသော ဘုရားသခင်၏ ရှေ့တော်မှောက်၌ ရောက်ရှိခဲ့သည်** *ဟေရှာ၊ ၆း၁–၄*

ဟေရှာယသည် ဘုရားသခင်၏ ကြီးမြတ်သော ပရောဖက်ဖြစ်သည်။ သင် နှင့် ကျွန်ုပ်တို့ ဘုရားသခင်အကြောင်း ကို သိထားသည်ထက် များစွာ ဟေရှာယ ပိုသိပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်က သန့်ရှင်းသော ဘုရားသခင်၏ ရှေ့တော်၌ ရောက်ရှိခြင်းကို ခံစားတွေ့ကြုံစေရန် အလိုရှိခဲ့သည်။

*ဟေရှာယ၊ ၆း၁–၄* ကို ဖတ်ပေးပါ။

***ဩဇိမင်းကြီး အနိစ္စရောက်သောနှစ်တွင်၊ ထာဝရဘုရားသည် အလွန်မြင့်မြတ်သော ပလ္လင်ပေါ်မှာ ထိုင်တော်မူသည်ကို ငါမြင်၏။ အဝတ်တော်တန်ဆာသည် ဗိမာန်တော်ကိုဖြည့်လေ၏။ ကောင်းကင်တမန်သရပ်တို့ သည် ပလ္လင်တော်တဘက်တချက်၌ ရပ်နေကြ၏။ သူတို့သည် အတောင်ခြောက်ခုစီရှိ၍၊ အတောင်နှစ်ခုဖြင့် မျက်နှာကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့် ခြေတို့ကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့် ပျံတတ်ကြ၏။ သူတို့ကလည်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏ဟု တပါးကိုတပါး ကြွေးကြော်၍ မြွက်ဆိုကြ၏။ ထိုသို့သော ကြွေးကြော်သံကြောင့်၊ တံခါးတိုင်တို့သည် လှုပ်ရှား၍ မီးခိုးနှင့်တအိမ်လုံးပြည့်လေ၏။***

မေးပါ – *ဟေရှာယက သန့်ရှင်းသော ဘုရားသခင်ကို ကိုယ်တိုင်ကိုကျ မြင်တွေ့ရတဲ့အခါမှာ "အိုး အံ့ဩစရာပဲ၊ အခုတော့ အိမ်ပြန်လိုက်အုံးမှ" ဆိုပြီး တုန့်ပြန်မယ်လို့ သားတို့သမီးတို့ ထင်သလား။*

ဟေရှာယ၏ တုန့်ပြန်မှုကို *အငယ် ၅* အားဖတ်ပေးလိုက်ပါ၊

*ငါကလည်း ငါ၌ အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား၊ ငါသည် ညစ်ညူးသော နှုတ်ခမ်းရှိလျက်၊ ညစ်ညူးသော နှုတ်ခမ်းရှိသော လူမျိုးတွင်နေလျက်နှင့်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုယ်မျက်စိနှင့် မြင်လေပြီတကားဟုဆို၏။*

ဘုရားသခင်သည် သူ၏သန့်ရှင်းခြင်းအား ကျွန်ုပ်တို့၏ အသက်တာတွင် ခံစားစေရန် ဖော်ပြသည်တွင် ကျွန်ုပ်တို့သည် ခပ်သိမ်းသော အရာတို့ထက် သူ၏ကြီးမြတ်တော်မူ၍ အံ့ဖွယ်ဖြစ်သည်ကို သိရှိနားလည်း ခံစားစေရန်ဖြစ်သည်။ ဘုရားသခင်သည် အခြားသောအရာများနှင့် လုံးဝတူညီခြင်း မရှိ။ သူသည် လုံးလုံးလျားလျား ပြည့်ဝစုံလင်၍ အပြစ်အလုံးစုံ နှင့် ကင်းသောသူ ဖြစ်သည်။ သူ၏ ရှေ့တော်မှောက်သို့ ကျွန်ုပ်တို့ ရောက်သွားသည့်အချိန်တွင် ကျွန်ုပ်တို့သည် မည်မျှ အားနွဲ့၍၊ မပြည့်ဝ မစုံလင်သော အပြစ်သားများဖြစ်သည်ကို တွေ့မြင်နားလည်လာကြသည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း ဘုန်းတော်က ကျွန်ုပ်တို့အားလွှမ်းခြုံလိုက်သည့်အတွက် ကျွန်ုပ်တို့သည် ရှေ့တော်၌ နေရန် မထိုက်တန်ကြောင်းကိုလည်း သိရှိလာကြပါသည်။

> မေးပါ – *သန့်ရှင်းသော ဘုရားသခင်ကို အသက်တာမှာ တွေ့မြင်ခံစားရက ဟေရှာယရဲ့ အသက်တာကို ပြောင်းလဲစေတယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ အခန်းငယ် ၈* တွင် တွေ့ရသည့် ဟေရှာယအတွက် မိန့်မှာချက်ကို ဖတ်ပေးလိုက်ပါ။

***တဖန် ထာဝရဘုရားက ငါသည် အဘယ်သူကို စေလွှတ်ရမည်နည်း။ ငါတို့အဘို့ အဘယ်သူသွား မည်နည်း၊ ငါတို့အဘို့ အဘယ်သူသွားမည်နည်းဟု မေးတော်မူသံကို ငါကြားလျှင်၊ ငါက အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါဟု လျှောက်လေ၏။***

သင်သည် သန့်ရှင်းသော ဘုရားသခင်၏ ရှေ့တော်မှောက်သို့ အမှန်တကယ် ရောက်ရှိ ခံစားရသည် ဆိုလျှင် အခြားသော အရာများထက် ဘုရားသခင်ကို ပိုမိုတန်ဖိုးထား နှစ်သက်သော အသက်တာကို ပြသသည့် အသက်တာမျိုးကို အသက်ရှင်သွားမည်ဖြစ်ကြောင်း ရှင်းပြပေးပါ။ အခြားသူများကိုလည်း ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း အကြောင်းကိုလည်း သင်သည် သက်သေခံလိုစိတ်များ ရှိလာမည်ဖြစ်သည်။

ဘုရားသခင်သည် သန့်ရှင်းတော်မူသည်။ သူသည် မည်သည့်အရာများနှင့်မှ နှိုင်းယှဉ်၍ မရ။ သူသည် ပြီးပြည့်စုံတော်မူ၍ ခပ်သိမ်းသော အရာတို့နှင့် သီးခြား ရှိသည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းက ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းအလုံးစုံတို့ကို တစ်စုတည်း ပေါင်းစည်းပေးသည်။ (ရတနာဘူး နှင့် အက္ခရာ စကားလုံးများကို ပြန်ပြပေးပါ။) ဤသည်မှာ တစ်စုတစ်ပေါင်းတည်း ဖြစ်သည်။ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ ရှေ့တော်မှောက်၌ ရောက်သွားလေတိုင်း ထိုဘုန်းတော်၏ ကြီးမြတ်ခြင်းအရှိန်ကို ခံစားကြရသည်။ သန့်ရှင်းသော ဘုရားသခင်သည် အခြားမြင်ဖူး ခံစားဖူးသည့် အရာများနှင့် လုံးဝတူညီခြင်း မရှိပေ။ အခြား ခပ်သိမ်းသောအရာများအားလုံးထက် အံ့ဖွယ်ကြီးမြတ်တော်မူသည်။

***ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏***

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "H" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- "ဘုရားသခင်သည် သန့်ရှင်းတော်မူ၏" ဆိုသည့် အဓိပ္ပါယ်မှာ သူသည် မည်သည့်အရာနှင့်မျှ မတူကြောင်းကို ဆိုလိုသည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းကို နှိုင်းယှဉ်နိုင်မည့် အရာ တစ်ခုမျှ မရှိပေ။ ဘုရားသခင်သည် ပြည့်ဝစုံလင်တော်မူ၏။ သူသည် အပြစ်နှင့် လုံးဝကင်းသောသူ ဖြစ်၍ အခြားသောအရာများအားလုံးနှင့် သီးခြားတည်ရှိတော်မူသည်။
- သူနှင့် ပတ်သက်၍ မည်သည့်အရာက ဘုရားသခင်ကို အခြားအရာများနှင့် မတူခြားနားစေသနည်း။ သူသည် သစ္စာရှိတော်မူသည် – ပြောသည့်အတိုင်း အစဉ် အမှုပြုတော်မူသည်။ သူသည် ခပ်သိမ်းသောတန်ခိုးတော်ရှင်ဖြစ်သည် – သူတစ်ပါးတည်းသာလျှင် ခပ်သိမ်းသော တန်ခိုးတော်ရှင် ဖြစ်သည် စသည်ဖြင့်။
- တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အရင်က မမြင်ဖူးသော အရာများကို တွေ့မြင်သည့်အခါ ထိုအရာကို ကျွန်ုပ်တို့ မြင်တွေ့ သိရှိထားပြီးသည့် အရာများနှင့် နှိုင်းယှဉ်တတ်ကြသည်။ ဘုရားသခင်သည် မည်သည့်အရာနှင့်မျှ မတူညီသည့်အတွက်ကြောင့် သူ့ကို ပို၍ ကျွန်ုပ်တို့နားလည် စေရန် စကားလုံး ပုံဆောင်ချက်များကို ပေးထားပါသည်။ ဥပမာ – သမ္မာကျမ်းထဲ၌ ခိုင်မာသော မြို့ရိုး၊ ကျောက်ဆောင်၊ သိုးထိန်းရှင် စသည်ဖြင့် ဘုရားသခင်ကို ပုံဖော်ညွှန်းဆိုလေ့ရှိသည်။
- သန့်ရှင်းသော ဘုရားသခင်ကို ဦးနှောက်ဖြင့် သိရှိခြင်း နှင့် အသက်တာဖြင့် သိရှိနားလည်ခြင်းသည် မည်သို့ ခြားနားကြသနည်း။
- အဘယ့်ကြောင့် ဟေရှာယက သူသည် မသန့်ရှင်းသောသူ ဖြစ်သည်ဟု ဘုရားသခင်၏ ရှေ့တော်၌ ရောက်ရှိသည့်နောက် ခံစားခဲ့ရသနည်း။ ဘုရားသခင်သည် အပြစ်နှင့် ကင်းသောသူ ဖြစ်သည်။ သူသည် လုံးလုံးလျားလျား ပြည့်ဝစုံလင်သူ ဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်က ကျွန်ုပ်တို့ကို ဘုရား သခင်ထံပါးမှ ကင်းကွာစေသည်။
- တစ်ခါတစ်ရံတွင် သမ္မာကျမ်းစာထဲ၌ "သန့်ရှင်းသော" ဆိုသည့် စကားလုံးကို ဘုရားသခင်အား ရည်ညွှန်းခြင်း မရှိပဲ တစ်စုံတစ်ခုကို ဆိုလိုညွှန်းပြလေ့ရှိသည်။ ထိုအရာများသည် အခြားသာမာန် ပစ္စည်းများနှင့် အတူမထားဘဲ သီးသန့်ထားရမည့် အရာများဖြစ်ကြသည်။ ဘုရားသခင် တစ်ပါးတည်း ကသာလျှင် အသုံးပြုရမည့် အရာများ ဖြစ်ကြသည်။

  အကြံပြုချက် – *နေ့ရက်စဉ်တိုင်း အသုံးမပြုသင့်တဲ့ အထူးပစ္စည်းမျိုး သားတို့သမီးတို့မှာ ရှိကြ သလား။ ဥပမာ တနင်္ဂနွေ နေ့မှာ သို့မဟုတ် အထူးနေ့တွေမှာ ဝတ်ဆင်ရမယ့် အဝတ်အစားမျိုးပေါ့။ သားတို့ အလွန် ကြိုက်နှစ်သက်တဲ့ အရုပ်လေးတွေရော ရှိသလား။ သားတို့သမီးတို့ ရဲ့ ညီလေးတွေ၊ ညီမလေးတွေက မကိုင်မစော့နိုင်အောင်လို့ သိမ်းထားတဲ့ ပစ္စည်းလေးတွေရော ရှိပါသလား။*

  ဘုရားသခင်က ဆရာ၊မ တို့ကို သန့်ရှင်းစေချင်တယ် ဆိုတာ ဘာလိုဆိုလိုတယ်လို့ ထင်သလဲ။ (သူ့အတွက် သီးသန့် ထားခြင်း၊ အသက်ရှင်ခြင်း ဖြစ်တယ်။)
- ဘုရားသခင်ရဲ့ သန့်ရှင်းခြင်းသည် သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်း အလုံးစုံတို့၏ စုပေါင်းရာ ဖြစ်တယ်။ သူ့ရဲ့ ကြီးမြတ်ခြင်း နဲ့ ထိုက်တန်တော်မူခြင်းကို ဖော်ပြတယ်ဆိုတာကို အဓိပ္ပါယ် ဆောင်ပေးတဲ့ စကားလုံး တစ်လုံး ရှိတယ် – အဲဒါကတော့ **ဘုန်းတော်ထင်ရှားခြင်း** ပေါ့။

- ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း = သန့်ရှင်းခြင်း
- သူ၏ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းအား ဖော်ပြခြင်း = ဘုန်းတော် သို့မဟုတ် ဘုန်းကြီးတော်မူသော

*ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်*
*သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။*
*မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏*

⇔ *သင်ခန်းစာ ၃၃

## *“W” IS FOR WORTHY* *ထိုက်တန်တော်မူသော အရှင်*

**အဓိကအချက်** – ချစ်ခြင်း၊ နာခံခြင်း၊ ချီးမွမ်းခြင်း၊ ဘုန်းတန်ခိုးအလုံးစုံတို့သည် ဘုရားသခင် တစ်ပါးတည်းသာ ထိုက်တန်တော်မူ၏။

**အဓိကကျမ်းချက်** – အိုထာဝရဘုရား၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း တော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်းလျက် ရှိကြ ပါ၏။ ထိုကြောင့်၊ ကိုယ်တော်သည် ဘုန်းအသရေတန်ခိုးတော်ကို ခံစား ထိုက်တော်မူ၏ဟု လျှောက်ဆို၍၊ ပလ္လင်တော်ရှေ့၌ မိမိတို့သရဖူများကို ချထားကြ၏။ ဗျာဒိတ်၊ ၄း၁၁

**နိဒါန်း** – ယနေ့ ကျွန်ုပ်တို့သည် အရာရာတိုင်းကို တန်ဖိုးသတ်မှတ်သည့် ခေတ်ကြီးတွင် နေထိုင် အသက်ရှင်နေကြရသည်။ ကားများ၊ အိမ်ခြံမြေများ နှင့် လူများကိုပင် ဈေးသတ်မှတ် လာကြပြီ ဖြစ်သည်။ “ဘောလုံး ကစားသမား “---” တစ်နှစ်မှာ ဒေါ်လာ ၂ သန်း တန်တယ်ပဲတဲ့လား။” ကျွန်ုပ်တို့၏ စိတ်နေသဘောထားများသည်လည်း ပတ်ဝန်းကျင် အခြေအနေ၏ တွန်းအားကြောင့် ၄င်းတို့ တန်ဖိုးထားသည့် အရာများကို (ဘောလုံး အသင်းများ သို့မဟုတ် နာမည်ကြီး တံဆိပ်များ) တန်ဖိုး သတ်မှတ်၍ တန်ဖိုးထားတတ်စေရန် ဆွဲငင်ခံနေကြရသည်။ ကျွန်ုပ်တို့သည် ဤလောကအမြင်၌ ထိုက်တန်သည်ဟု ထင်မှတ်သည့်အရာများကို တန်ဖိုးထား အသက်ရှင်ရန် သွေးဆောင်ခံ နေကြသည်။ သို့သော်လည်း ယနေ့အခြေအနေများအားလုံးနှင့် ဆန့်ကျင်၍ သမ္မာကျမ်းစာ၌ ဖော်ပြထားသည်။ သမ္မာကျမ်းစာက တန်ဖိုးအရှိဆုံး နှင့် အထိုက်တန်ဆုံး ပုဂ္ဂိုလ်မှာ ဘုရားသခင် ဖြစ်သည်ကို အစဉ်တစိုက် ထောက်ပြနေသည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းကို ကျွန်ုပ်တို့အသက်တာတွင် ခံစားသိမြင်သည့်အခါတွင် အခြားလောကီ စည်းစိမ်များသည် မှေးမှိန်လာ၍ ကျွန်ုပ်တို့၏ မေတ္တာတရား၊ နာခံခြင်း၊ ချီးမွမ်းကိုးကွယ်ခြင်း နှင့် ဘုန်းကြီးခြင်းအလုံးစုံတို့ကို ထိုက်တန်တော်မူသော တစ်ပါးတည်းသော ဘုရားသခင်ထံပါးသို့ ဝမ်းမြောက်ဝမ်းသာစွာ ပေးအပ်ကြမည်သာဖြစ်သည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) တန်ဖိုးနည်းသော ပစ္စည်းလေးမျိုး – စာရွက်ညှပ်သည့် ကလစ်၊ စာရွက်၊ သရေကွင်း၊ တစ်ရှူး စသည်ဖြင့်
၂) “၁၀၀၀ ကျပ်” ဟု ရေးထားသော ဈေးနှုန်း အမှတ်အသား

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁) ချိုချဉ် ထုတ်ကြီး တစ်ထုတ် (ကလေးများအားလုံး အတွက် လုံလောက်သော အရေအတွက် ရှိပါစေ။) သင်ခန်းစာ မစမီကတည်းက ထိုချိုချဉ်ထုတ်ကို ဝှတ်ထားပါ။
၂) ၁၀၀ တန် ပိုက်ဆံများ
၃) *ဗျာ၊ ၄း၁၁* ကို ရေးထားသည့် စက္ကူလိပ်

ရွေးချယ်ရန် – ပုံပြင်ပြောရာတွင် အသုံးလိုမည့် ပစ္စည်းများ – ငါးဖမ်းပိုက်၊ ပိုက်ဆံအိတ်၊ ပုလဲ အတု။

*မှတ်ချက် – ဤသင်ခန်းစာကို သင်ခန်းစာ ၂၀ အပြီးတွင်လည်း သင်ကြားပေးနိုင်သည် သို့သော် သင်ခန်းစာ ၂၃ တိုင် မတိုင်မှီ ဖြစ်ရမည်။ သို့မဟုတ်ပါကလည်း သင်ကြားပေးခြင်း မရှိပဲ ချန်လှပ်ထားခဲ့နိုင်သည်။

### *သင်ခန်းစာပို့ချခြင်း*

ဈေးနှုန်း အမှတ်အသားကို ကောင်းကြီးမင်္ဂလာပုံးထဲမှ ထုတ်ယူလိုက်ပါ။ ထိုအရာ တန်ဖိုးမည် မျှရှိ သည်ကို ပြောပြ၍ တစ်ရာတန် ပိုက်ဆံ ဆယ်ရွက်ကို ပြလိုက်ပါ။ တန်ဖိုးပြဈေးနှုန်း စာရွက်သည် အတန်းထဲရှိ ကလေးများ အားလုံးကို အံ့သြစေရန် အတွက် ဝယ်လာသော ပစ္စည်း၏ တန်ဖိုးဖြစ်သည်ကို ကလေးများအား ပြောပြပေးပါ။ ကောင်းကြီးမင်္ဂလာပုံးထဲရှိ အခြားသော ပစ္စည်းများကို တစ်ခုချင်းစီ ထုတ်ယူလိုက်ပါ။

> မေးပါ – *ဒီ စက္ကူညှပ်တဲ့ ကလစ်လေးက သားတို့သမီးတို့ အံ့သြစေဖို့ ဆရာ/မ ယူလာတဲ့ ဥစ္စာဖြစ်မယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ ဒီညှပ်ကလစ်လေးက ၁၀၀၀ ကျပ် တန်ပါ့မလား။ ဒါဆိုရင် ဒီစာရွက်လေး ကရော ဘယ်လိုလဲ။ ၁၀၀၀ တန် ပါ့မလား။ ဒါဆိုရင် ဒီ တစ်ရှူးလေးကရော။ ဒီဥစ္စာလေးအတွက်နဲ့ ဘယ်သူ က ပိုက်ဆံ ၁၀၀၀ အကုန် ခံမလဲ။ အင်း ဒီမှာ သရေကွင်း တစ်ကွင်း ရှိသေးတယ်။ ဒီသရေကွင်းလေးကရော ၁၀၀၀ တန် ပါ့မလား။*

ကောင်းကြီး မင်္ဂလာပုံးထဲတွင် မည်သည့်အရာမှ မရှိတော့ကြောင်း ပြသ၍ ကောင်းကြီး မင်္ဂလာပုံးထဲရှိ မည်သည့်ပစ္စည်းကမျှ ၁၀၀၀ ကျပ် မတန်ကြောင်းကို ကလေးများအား ပြောပြပါ။ ကလေးများ အံ့သြသွားရန် ပြင်ဆင်ထားသော အရာမှာ ၁၀၀၀ ကျပ်တန် ဖြစ်ကြောင်း သို့သော်လည်း ထိုအရာကို ဤဖြစ်ပစ္စည်းများနှင့် အတူ ကောင်းကြီးမင်္ဂလာပုံးထဲတွင် မထည့်ထားသည့် အကြောင်းကို ရှင်းပြပါ၊

> မေးပါ – *အတန်းမစခင်ကတည်းကနေ ဆရာ/မ က အခန်းထဲကို ရောက်နေနှင့်ပြီးတော့ ချိုချဉ်ထုတ်ကြီး တစ်ထုတ်ကို တစ်နေရာရာမှာ ဝှက်ထားတယ်။ တကယ်လို့ သားတို့သမီးတို့ကိုယ်တိုင် ရှာမယ်ဆိုရင်တော့ ဆရာ/မ ခွင့်ပြုတယ် ဒါမှမဟုတ် သားတို့သမီးတို့အတွက် ရှာရတာ ခက်နေမယ်ဆိုရင်တော့ ရှာမနေတော့ ဘဲနဲ့ ဒီမှာ ရှိနေတဲ့ စက္ကူညှပ် ကလစ်၊ သရေကွင်း၊ စာရွက် နဲ့ တစ်ရှူးကို ဘဲ ပေးတော့မယ်။ ဘယ်လိုလဲ။ ဘယ်တစ်ခုကို လိုချင်သလဲ။ ဒီဈေးချိုတဲ့ ပစ္စည်းလေးခုအတွက် ချိုချဉ်ထုတ်ကြီးကို လက်လွှတ် ဆုံးရှုံးခံ မှာလား။ သေချာလား။ ဘာလို့လဲ။*

ကလေးများကို ဝှက်ထားသည့် ချိုချဉ်ထုတ်အား ရှာဖွေစေပါ။ အချိန်ကြာမြင့်၍ အခန်းများ ရှုပ်ထွေးမသွားစေရန် သင့်အနေနှင့် အရိပ်အမွှတ်များ ပြောပြနိုင်သည်။ ကလေးများ ချိုချဉ်ထုတ်ကို တွေ့သွားကြသည့်အခါ သင့်ကို ပြန်၍ အပ်စေပါ။ ထို့နောက် ၎င်းတို့၏ ခုံတွင် ပြန်လည်နေရာယူ ထိုင်စေပါ။ အတန်းပြီးသည့်အချိန်တွင် အယောက်စီတိုင်း ချိုချဉ်များ စီရရှိကြမည်ကို ပြောပြပါ။

> အကြံပြုချက် – *နေ့ရက်စဉ်တိုင်း ဆရာ/မ တို့ အဲဒီလို ဆုံးဖြတ်ချက်တွေကို ချမှတ်ကြရတယ်။ ဘယ်အရာ ကို ဆရာ/မ တို့ တန်ဖိုးထားမယ်ဆိုပြီးတော့ ဆုံးဖြတ်ကြရတယ်၊ နောက်ပြီးတော့ ရွေးချယ် ထားတဲ့ ပစ္စည်းက ဆရာ/မ တို့အတွက် ဘယ်လောက်အထိ တန်ဖိုးကြီးသလဲဆိုတာကို အသက်တာမှာ အသက်ရှင်နေ ကြတာကို တွေ့နိုင်တယ်။ ပြောရမယ် ဆိုရင်တော့ သားတို့သမီးတို့ အတွက် ကတော့ ဆရာ/မ ပြထားတဲ့ ပစ္စည်းလေးမျိုးထက် ချိုချဉ် ထုတ်ကြီးဟာ ပိုပြီးတော့ တန်ဖိုးကြီးမား ပါတယ်။ သားတို့သမီးတို့ကို အံ့သြစေ မယ့်အရာက ဘာလဲဆိုတာတောင် မသိသေးခင်မှာ တန်ဖိုးဖော်ပြထားတဲ့ အရာကို ကြည့်ခြင်းအားဖြင့် အခြား ပစ္စည်းတွေထက် တန်ဖိုး ပိုကြီးတယ်ဆိုတာ သိနေပြီလေ။ တန်ဖိုး နည်းတဲ့ အခြားအရာတွေကို*

*စွန့်ပစ်ချန်ထား ခဲ့ဖို့ မခက်ခဲတဲ့ အတွက်ကြောင့် သားတို့သမီးတို့ အတွက် ဆုံးဖြတ်ချက် ချဖို့ဆိုတာ မခက်တော့ပါဘူး။ ပစ္စည်း တစ်ခုလေးကို ရရှိဖို့အတွက် ရှိသမျှအရာတွေ အားလုံးကို စွန့်ပစ်ခဲ့တဲ့ လူတစ်ယောက်ရဲ့ အကြောင်းကို ဆရာမ သိထားတာ ရှိတယ်။*

**ပုံပြင် – အဖိုးကြီးလှသော ပုလဲလုံး** *မဿဲ၊ ၁၃း၄၅–၄၆*

နောက်ကြောင်း – ပုံပြင်သည် တိုသည့်အတွက်ကြောင့် အခြားသောအကြောင်းရာများကိုပါ ပြောပြခြင်း လက်တွေ့ သရုပ်ဆောင်ခြင်း များကလည်း အထောက်အကူ ဖြစ်စေလိမ့်မည်။ ထိုအချိန်အခါက ပုလဲလုံး များသည် အလွန်ရှားပါးပြီး တန်ဖိုးဖြတ်၍ မရသော ရတနာ အဖြစ် သတ်မှတ်ထားကြသည်။ အဲဂုတ္တုလူများ ဆိုလျှင် ပုလဲများကို ကိုးကွယ်ပူဇော်ခဲ့ကြသည်။ ကုန်သည်ကြီးများသည် ပုလဲလုံး၏ တန်ဖိုးကို ဆုံးဖြတ်ကြ ရာတွင် အလွန်ထူးချွန် ကြသည်။ ထိုအရာမှာ သူ၏ အလုပ်ဖြစ်သကဲ့သို့ ဝင်ငွေရရှိရာလည်း ဖြစ်သည်။

အောက်ပါအချက်များကို အလေးအနက်ထား ပြောပြပေးပါ –

- ကုန်သည်ကြီးတစ်ယောက်သည် တန်ဖိုးကြီးလှသည့် အရာများကို ရှာဖွေရန် ခရီးထွက်ခဲ့သည်။
- တစ်နေ့တွင် အလွန်လှပ၍ အခြားသော အရာများထက် တန်ဖိုးပိုကြီးသော ပုလဲတစ်လုံးကို ရှာဖွေ တွေ့ရှိလိုက်သည့်အခါတွင် ထိုပုလဲလုံး၏ အလှ နှင့် တန်ဖိုး ၌ သူသည် အလွန် စိတ်လှုပ်ရှားလှသည် ဖြစ်ရာ ထိုပုလဲကို ရရှိရန်အတွက် သူ့၌ ရှိရှိသမျှသော အရာများအားလုံး (အိမ်၊ မြင်း၊ အဝတ်အစား အပိုများ နှင့် အခြားပုလဲလုံးများ) ကို ရောင်းချခဲ့သည်။
  အကြံပြုချက် – *လူတစ်ယောက်က ပုလဲလေးတစ်လုံး ရဖို့အတွက်ကို သူ့မှာ ရှိတဲ့ အရာတွေအားလုံး ကို ရောင်းပစ်လိုက်တယ်ဆိုတာ သားတို့သမီးတို့ စဉ်းစားကြည့်ပါ။ အဲဒီပုလဲလုံးဟာ ဘယ်လောက်ထိ တန်ဖိုးကြီးလိုက်မလဲ။*

ဤအဖြစ်အပျက်မှာ ပုံဆောင်ချက် တစ်ခုဖြစ်ကြောင်းကို ပြောပြပါ။ ထိုပုံပြင်မှာ ယေရှုရှင်က အမြင်မှန်များကို ပြောပြရန်အတွက် ထွင်၍ ပြောပြသော အကြောင်းအရာ ဖြစ်သည်။ သမ္မာကျမ်းစာက တန်ဖိုးရှိလှသည့် တစ်စုံ တစ်ခုကို တွေ့ရှိသွားသည့်အတွက် ၄င်းတို့ ရှိသမျှသော အရာတို့ကို (ပို၍တန်ဖိုးနည်းသော) စွန့်ပစ်ခဲ့သည့် လူများ၏ အမြင်မှန် ကိုလည်း ပြောပြထားပါသည်။

**ပုံပြင် – ပေတရု၊ အန္ဒြေ၊ ယာကုပ် နှင့် ယောဟန် တို့အား နောက်လိုက်ရန် ခေါ်ခြင်း** *မဿဲ၊ ၄း၁၈–၂၂*

ပုံပြင်ကို ယေရှုရှင်၏ အမည်အား မဖော်ပဲ ပြောပြပါ။ "တစ်စုံတစ်ယောက်" က သူတို့ကို "ငါ့နောက်သို့ လိုက်ပါ" လို့ ပြောခဲ့တယ် စသည်ဖြင့်။

အောက်ပါအချက်များကို အလေးအနက်ထား၍ ပြောပြပေးပါ –

- ဤလူများ၏ တုန့်ပြန်မှုမှာ လျင်လျင်မြန်မြန်ဖြစ်သည်။
- သူတို့၏ ဝင်ငွေရနိုင်သော အရင်းအမြစ်များကို သူတို့၏ ဖခင်ထံ၌ ထားခဲ့ကြသည် (ယာကုပ် နှင့် ယောဟန်)။
  မေးပါ – *သူတို့တွေရဲ့ ဥစ္စာပစ္စည်းအားလုံးကို ထားခဲ့ရလောက်အောင် အလွန်တန်ဖိုးကြီးတဲ့ ပုဂ္ဂိုလ်က ဘယ်သူလဲ။ ယေရှုရှင်ပေါ့။ ပုလဲတစ်လုံးအတွက်နဲ့ သူ့မှာ ရှိသမျှ အရာတွေအားလုံးကို ရောင်းချခဲ့တဲ့*

*ကုန်သည်တစ်ယောက်လိုဘဲ ဒီလူတွေလဲ အရာရာတိုင်းထက် ပိုပြီးတော့ တန်ဖိုးကြီးမားတဲ့ ယေရှုရှင် နောက်ကို လိုက်ဖို့ သူတို့ရဲ့ ဥစ္စာတွေအားလုံးကို ထားခဲ့ကြတယ်။*

**ပုံပြင် – လေဝိ (မဿဲ) အား နောက်လိုက်ရန် ခေါ်ဆိုခြင်း** *လုကာ၊ ၅း၂၇–၂၈*

အထက်ဖော်ပြပါ ပုံပြင်ကဲ့သို့ အလေးအနက်ထားရမည့် အရာများကို ဆက်လက်၍ အလေးအနက်ထားပေးပါ။

အကြံပြုချက် – *ယေရှုရှင်ဟာ သူတို့တွေ တန်ဖိုးအထားဆုံး ရတနာ တစ်ပါးဖြစ်လာတယ်။ သားတို့သမီးတို့လည်း ချို့ချဉ်ထုတ်ကြီးကို တွေ့လိုက်ရတဲ့ အချိန်မှာ ဘယ်လောက်ထိ စိတ်လှုပ်ရှားကြလဲဆိုတာ မှတ်မိကြလား။ ချို့ချဉ်ဟာ ဘုရားသခင်ရဲ့ ထိုက်တန်တော်မူခြင်းနဲ့ နှိုင်းမယ်ဆိုရင် နှိုင်းစရာ ဘာမှ မရှိပါဘူး။ ဒီလူတွေရဲ့ အသက်တာမှာ တန်ဖိုးအရှိဆုံး နဲ့ အကြီးမြတ်ဆုံးသော ရတနာကို ရရှိသွားကြတယ် ဘယ်လောက်ထိပျော်ကြမလဲဆိုတာ စဉ်းစားကြည့်ပါအုံး။ သူတို့မှာ ရှိတဲ့ အရာတွေအားလုံးကို လက်လွှတ်ဆုံးရှုံးခံလိုက်ကြတာဟာ အံ့သြစရာ မဟုတ်ပါဘူး။*

ဤလောကတွင် ရှိသည့် ခပ်သိမ်းသောအရာများ နှင့် ခပ်သိမ်းသော ပုဂ္ဂိုလ်များအားလုံးသည် ဘုရားသခင်ဟူသည့် မြင့်မြတ်လှသော ရတနာထက် သာ၍ တန်ဖိုးမကြီးကြသည်ကို ကလေးများအား ရှင်းပြပေးပါ။ ဘုရားသခင်တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့ကို အမှန်တကယ်ပျော်ရွှင်စေမည့် ရတနာဖြစ်ပေသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အခြားအခြားသော အရာများကို အလွန်တန်ဖိုးထား၍ ၄င်းတို့အတွက် မြောက်များစွာသော ငွေကြေးများကိုလည်း အသုံးပြုတတ်ကြသည်။ သို့သော်လည်း ထိုအရာများသည် ဟောင်းနွမ်းပျက်ဆီးသွားတတ်ကြသည် သို့မဟုတ် ကျွန်ုပ်တို့ကို စိတ်ပျက်ပနစေကြသည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင် အကြွင်းမဲ့ ရှာဖွေအပ်သော အဖိုးတန် ရတနာ ဖြစ်ပေသည်။

ကလေးများကို မေးပါ – *ကဲဒါဆိုရင် ဒီရတနာကို ဆရာ၊မ တို့ ဘယ်လို ရနိုင်မလဲ။ ပေတရု၊ အန္ဒြေ၊ ယာကုပ်၊ ယောဟန် နဲ့ မဿဲတို့ ယေရှုရှင်ကို ပိုင်ဆိုင်ဖို့ ဘာပေးခဲ့ကြသလဲ။ သူတို့တွေက ယေရှုရှင်ကို သူတို့ရဲ့ ငါးဖမ်းလှေ ဒါမှမဟုတ် ပိုက် နဲ့ ပိုက်ဆံတွေကို ပေးခဲ့သလား။ ဘုရားသခင်က အဲဒါတွေကို လိုအပ် ပါသလား။ ဘုရားသခင်က ဘာမှ မလိုအပ်ပါဘူး။ ယေရှုရှင်ကို ချစ်ပြီးတော့ ယုံကြည်ကိုးစားတဲ့ သူတိုင်းကို သူ့ရဲ့ ကြီးမြတ်တော်မူခြင်း နဲ့ ထိုက်တန်တော်မူခြင်း ရတနာကို စံစားဖို့ ဘုရားသခင် ကြိုဆိုနေပါတယ်။ ဒါက ဘုရားသခင်က ပေးတဲ့ အခမဲ့ လက်ဆောင်ပါ။ ဆရာ၊မ တို့တွေ အဲဒီ ရတနာကို တွေ့သွားကြတဲ့ အခါမှာ အလွန်အံ့သြခြင်းတွေနဲ့ ပြည့်နှံ့သွားပြီးတော့ ဘုရားသခင်နဲ့ ထိုက်တန်တော်မူတဲ့ အရာတွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်ပေးဖို့ တုန့်ပြန်လာကြပါတယ်။*

*ဗျာ၊ ၄း၁၁* ကို ပြန်၍ ဖတ်ပေးပါ

***အိုထာဝရဘုရား၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း တော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်းလျက် ရှိကြ ပါ၏။ ထိုကြောင့်၊ ကိုယ်တော်သည် ဘုန်းအသရေတန်ခိုးတော်ကို ခံစား ထိုက်တော်မူ၏ဟု လျှောက်ဆို၍၊ ပလ္လင်တော်ရှေ့၌ မိမိတို့သရဖူများကို ချထားကြ၏။***

ဘုရားသခင်သည် တန်ဖိုးအကြီးမားဆုံး ဖြစ်သည်ကို ရှင်းပြပါ။ အကြောင်းမှာ ဘုရားသခင်တစ်ပါးတည်းသာ ချစ်ခြင်းမေတ္တာ၊ နာခံခြင်း၊ ဂုဏ်ပြုချီးမွမ်းခြင်း နှင့် ဘုန်းတော်အလုံးစုံတို့ကို ခံထိုက်သောသူ ဖြစ်သည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင် တန်ဖိုးအထားထိုက်ဆုံးသော ပုဂ္ဂိုလ် ဖြစ်သည်။

(*မှတ်ချက် – "ထိုက်တန်သည်" ဟူသည့် စကားလုံးကို ဆရာ၊မ များအသုံး ပြုသည့်အခါတွင် သတိထား ရမည့် အချက်။ တစ်ခါတစ်ရံ "ထိုက်တန်သည်" ဟူသည့် စကားလုံးက ဝမ်မြောက်ခြင်းကင်းသည့် တာဝန်ရှိသည့်သဘောကို ဆောင်ကျဉ်းနေသည်။ ထို့ကြောင့် ချစ်ခြင်းမေတ္တာ၊ နာခံခြင်း၊ ချီးမွမ်းခြင်း နှင့် ဘုန်းတော်အလုံးစုံတို့ကို ပြန်လည်တုန့်ပြန်ရာတွင် ဘုရားသခင်၏ ကြီးမြတ်ထိုက်တန်တော်မူခြင်း၌ နှစ်ထောင်းအားရသော နှလုံးသားမှ ဖြစ်ရမည်ကို သေချာဂရုတစိုက် ပြောပြပါ။ တစ်နည်းအားဖြင့် ပြောရပါလျှင် ဘုရားသခင်၏ လူများအတွက် ထိုတုန့်ပြန်မှုသည် ဘုရားသခင်၌ ကျေနပ်နှစ်သက်ခြင်းမှ လာသော တုန့်ပြန်ခြင်း ဖြစ်သည်။ ဘုရားသခင်သည်သာ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်း အရင်းတည်ရာ ဖြစ်သည် မဟုတ်ပါလား (ဆာလံ၊ ၃၆း၈–၉)။ ထို့ကြောင့် ၄င်းတို့၏ ချီးမွမ်းကိုးကွယ်ခြင်း ဝန်တာမှာ ဘုရားသခင်၏ ဖြစ်တည်ခြင်းကြောင့် ဖြစ်ရပါမည်။ ထို့ပြင် ဘုရားသခင်သည် ၄င်းတို့၏ နှလုံးသားထဲတွင် အမှန်တကယ် တန်ဖိုးထားသည်ဖြစ်စေ မထားသည်ဖြစ်စေ၊ သူသည် ချီးမွမ်းခြင်း အလုံးစုံနှင့် ထိုက်တန်တော်မူသော အရှင်ဖြစ်သည်။ ဘုရားသခင်သည် မနာလိုတတ်သော ဘုရား ဖြစ်သည်။)

## *လိုက်လျှောက်ကျင့်သုံးခြင်း*

- ကလေးများအား "W" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- အောက်ပါမေးခွန်းများကို ကလေးများအား မေးပါ –
  *ပျောက်ဆုံးနေတဲ့ ရတနာ ကို ရှာဖွေသလို စိတ်ကူးယဉ်ဖူးသလား။ တကယ်လို့ သားတို့သမီးတို့က အရမ်း တန်ဖိုးကြီးတဲ့ ရတနာ တစ်ခုကို ရှာတွေ့မယ်ဆိုရင်တော့ သားတို့သမီးတို့မှာ ရှိတဲ့ ပိုက်ဆံအကုန်လုံးနဲ့ ဝယ်ထားမှာလား။ အဲဒီအရာတွေက သားတို့သမီးတို့ကို ပျော်ရွှင်စေမှာလား။ ကျန်းမာသန်စွမ်းတဲ့ ခန္ဓာမျိုးကို ဝယ်ယူလို့ ရလား။ တစ်စုံတစ်ယောက်ရဲ့ မေတ္တာကို ရဖို့ ပိုက်ဆံပေးဝယ်လို့ ရသလား။ အပြစ်တရားအတွက် ခွင့်လွှတ်ခြင်းကို ရရှိဖို့ ပိုက်ဆံပေးဝယ်လို့ ရလား။ အမြဲတမ်း ပျော်ရွှင်နေဖို့ ပိုက်ဆံပေးဝယ်လို့ ရလား။ ဒါဆိုရင်တော့ ပိုက်ဆံ အပြည့် ထည့်ထားတဲ့ ရတနာ သေတ္တာ သားတို့သမီးတို့ ထင်ထားတဲ့ တန်ဖိုးလောက် တကယ်တန်ဖိုး မရှိလောက်ဘူးနဲ့ တူတယ်။*
- ဘုရားသခင် တစ်ပါးတည်းသာလျှင် အခြားသော အရာများ အားလုံးထက် ပို၍ တန်ဖိုးကြီးမြတ်ပါသည်။ သူသည်သာလျှင် တန်ဖိုးထားရန် အထိုက်တန်ဆုံးသောသူ ဖြစ်သည်။ သားတို့သမီးတို့ တစ်စုံတစ်ခုကို တန်ဖိုးထားတဲ့ အခါမှာ အဲဒီအရာကို ဘယ်လိုကိုင်တယ်သလဲ။ ဥပမာ ပေးလိုက်ပါ –
  အကြံပြုချက် – *တီဗီကို တစ်နေ့လုံး သားတို့သမီးတို့ ထိုင်ကြည့်နေပြီ ဆိုရင်တော့ တီဗီကို တန်ဖိုးထားလို့ပဲ။ သားတို့သမီးတို့ရဲ့ အချိန် နဲ့ စိတ်ဝင်စားမှုတွေကို တီဗီအစီစဉ်တွေကို ပေးဖို့ ထိုက်တန်တယ်လို့ ပြောနေတာနဲ့ အတူတူပဲ။ ဟုတ်တယ် မဟုတ်လား။*
  ဘုရားသခင်ဟာ ပိုပြီးတော့ ကျွန်တော်တို့ရဲ့ နှစ်သက်မြတ်နိုးခြင်း၊ အချိန်နဲ့ စိတ်ဝင်စားမှု တွေကို ထိုက်တန်တဲ့သူပါ။ သူသာလျှန် တန်ဖိုးသာ၍ ရှိသောသူပါ။
- "ထိုက်တန်သော" ဆိုသည့် စကားလုံးမှ အရေးကြီးသည့် စကားလုံးတစ်လုံးကို ရရှိပါသည်။ ထိုစကားလုံးမှာ "ကိုးကွယ်ခြင်း" ဖြစ်သည်။
  *မေးပါ – "ကိုးကွယ်ခြင်း" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို သိတဲ့သူ ရှိလား။ ကိုးကွယ်ခြင်း ဆိုတာက ဘုရားသခင်နဲ့ ပတ်သက်ပြီးတော့ ဆရာ၊မ တို့ရဲ့ စိတ်နှလုံးသားထဲမှာ ခံစားရတဲ့ အရာကို ဖော်ပြခြင်း ဖြစ်တယ်။"*

ဆုတောင်းခြင်း၊ သီချင်းဆိုချီးမွမ်းခြင်း၊ ဝမ်းမြောက် အော်ဟစ်ခြင်း သို့မဟုတ် လက်ခုပ်တီးခြင်းတို့သည် ကိုးကွယ်ခြင်း၏ အမှတ်သင်္ကေတများ ဖြစ်နိုင်ပေသည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ အမှန်တကယ် ချစ်မြတ်နိုး၍ အရာရာတိုင်းထပ် တန်ဖိုးသည် ဆိုပါက၊ ကျွန်ုပ်တို့၏ ပြောသမျှ၊ ခံစားသမျှ နှင့် လုပ်ဆောင်သမျှတို့သည် သူ၏ ထိုက်တန်ခြင်းကို ပေါ်လွင်စေရန် ကိုးကွယ်ခြင်း အသက်တာလည်း ဖြစ်နိုင်ပေသည်။ ကိုးကွယ်ခြင်း ဆိုသည်မှာ ဘုရားသခင်အား "ကိုယ်တော်သည် ကြီးမြတ်တော်မူ၏၊ အံ့ဖွယ်အရှင်ဖြစ်ပေ၏၊ အခြားအခြားသော အရာများထက် မြတ်တော်မူ၏" ဟု ဖော်ကျူးခြင်းဖြစ်ပေသည်။

- *ဗျာဒိတ်၊ ၅း၁၄* ၌ အသက်ကြီးသူတို့သည် "ပြပ်ဝပ်၍ ကိုးကွယ်ကြ၏" ဟု ဖော်ပြထားသည်။ ပြပ်ဝပ်ခြင်း၊ ဦးညွှတ်ခြင်းတို့က ဘုရားသခင်နှင့်ပတ်သက်၍ သင်၏ ခံစားချက်ကို မည်သို့ ဖော်ပြပေးသနည်း။
- အဘယ်ကြောင့် ဝတ်ပြုကိုးကွယ်ခြင်းသည် အရေးကြီးရပါသနည်း။ ထိုအရာသည် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေသည်။ ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်းကို ထင်ရှားစေသည်။
  အောက်ပါ ဥပမာများကို အသုံးပြုသွားပါ
  အကြံပြုချက် – *တကယ်လို့ သားတို့သမီးတို့ရဲ့ အမေက မုန့်လုပ်ကျွေးပြီး သားတို့သမီးတို့ကို မြည်းစမ်းခိုင်းရင် သားတို့သမီးတို့ ဘယ်လို ချီးမွမ်းကြမလဲ။ "အိုး အမေ အရမ်းအရသာ ရှိတာပဲ။ အမေ ကတော့ မုန့် အရမ်း ချက်တတ်တယ်ပော့။" လို့ ပြောမှာပဲ။*
- ဘုရားသခင်ဟာ သူ့ဟာသူ တန်ဖိုးအထားဆုံး ဖြစ်တယ်။ သူ၏ဖြစ်တည်ခြင်း၌ ဘုရားသခင်သည် နှစ်ထောင်းအားရလျက် ရှိနှင့်ပြီး ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုးကွယ်ကြသည့်အခါ အခြားအခြားသော အရာများအားလုံးထက် သူသည် ပို၍ တန်ဖိုးကြီး မြင့်မြတ်တော်မူကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

⇔ *သင်ခန်းစာ ၃၄

## *"X" IS FOR EXALTED* ချီးမြှောက်ထိုက်သော

**အဓိကအချက်** – ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့၏ အထက်တွင် ရှိတော်မူ၏။ ကိုယ်တော်သည်သာ "အကြီးမြတ်ဆုံး" ဖြစ်သည်။

**အဓိကကျမ်းချက်** – အိုထာဝရဘုရား ကိုယ်တော်သည် မြေကြီးသားအပေါင်းတို့ထက် ကြီးမြင့်တော်မူ၏။ ဘုရားတကာတို့ထက် အလွန်ချီးမြှောက်ခြင်းရှိတော်မူ၏။ ဆာလံ၊ ၉၇း၉

**နိဒါန်း** – "ချီးမြှောက်ခြင်း" ဆိုသည့် စကားလုံးမှာ ဘုရားသခင်နှင့်တွဲသုံးလျှင် "အမြင့်သို့" သို့မဟုတ် "အမြင့်သို့တင်ခြင်း" စသည်ဖြင့် အဓိပ္ပါယ်ရ၍ ခပ်သိမ်းသော အရာတို့ အထက်တွင် ချီးမြှောက်ခြင်းဟု ဆိုနိုင်သည်။ ဘုရားသခင်သည် သူ၏နာမတော်ကို ကမ္ဘာသူကမ္ဘာသားများအားလုံး တွေ့မြင်နိုင်စေဖို့ အထက်တွင် ချီးမြှောက်ထားသည်။ သမ္မာကျမ်းစာထဲ၌ အမြင့်ဆုံးသော ဘုရားသခင်အား ချီးမြှောက်ခြင်းနှင့် ပတ်သက်သည့် ကျမ်းပိုဒ်များစွာ ပြည့်နေသည်။ စစ်မှန်သော ဘုရားသခင်ထက် သာ၍ "မြင့်သော" သူ မရှိ ပါပေ။

ဆန့်ကျင်ဘက်တွင် မိမိကိုယ်ကို ချီးမြှောက်ရမည်ဆိုသည်မှာ လူသားတို့၏ ဒဿနဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ပြဿနာများအတွက် အဖြေမှာ ကျွန်ုပ်တို့ကို ယုံကြည်လေးစားသည့် အချက်အား တိုးတက်အောင် ပြုလုပ်ခြင်းဖြစ်သည်ဟူ၍ ရေးသားထားသည့် စာအုပ်များစွာ ရှိသကဲ့သို့ ထိုသို့ပြုရမည်ဟု တိုက်တွန်းကြသည့် "ခရစ်ယာန်များ" ပင် ရှိနေလေသည်။ နာမည်ကြီး၍ လူသိများလာရန် လူသားတိုင်း ဆန္ဒကိုယ်စီရှိကြသည်။ ယနေ့မြင်တွေ့နေရသည့် မိုးမျှော်တိုက်ကြီးများက လူသားများ၏ နာမည်ကြီးလိုစိတ်ကို အခိုင်အမာ ဖော်ကျူးနေပါသည် – သို့သော်လည်း ကမ္ဘာဖော်တွင် ဖြစ်ပျက်သမျှတို့သည် အသစ်ဟူ၍ မရှိ။ လွန်ခဲ့သည့် နှစ်ပေါင်းထောင်ကျော်လောက်က ရှိနာပြည်တွင်လည်း လူသားများ ယနေ့ခေတ်နည်းတူ ကြိုးစားခဲ့ဖူးကြသည်။ နောက်ဆုံး အကျိုးရလဒ်အနေဖြင့် တလောကလုံး၏ အထက်တွင် ချီးမြှောက်ခြင်းခံသော အမြင့်ဆုံးသော ဘုရားသခင်နှင့် တွေ့စုံခဲ့ကြသည်။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) မိုးမျှော်တိုက်ပုံ သို့မဟုတ် စက္ကူဖြင့် မိုးမျှော်တိုက်ပုံစံ လုပ်ထားနိုင်ပါသည်

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) စက္ကူများကို အခန်းနံရံ၏ အမြင့်အတိုင်း တစ်ခုနှင့် တစ်ခု ဆက်၍ကပ်ထားပါ။ မှီငြမ်းရန်စာအုပ်မှ ကျမ်းပိုဒ်များကို ထိုစာရွက်များပေါ်တွင် ကပ်ထားပါ။ အငယ် ၁ ကို အောက်ဆုံး၌ ထား၍ အငယ် ၂ ကို ၁ ၏ အပေါ်တွင်ထားပါ စသည်ဖြင့် နံပါတ်အစဉ်လိုက်သွားပါ။ ထို့နောက် ကျမ်းပိုဒ်လေးများ အပေါ်တွင် ထပ်လောင်း၍ စာသားများကို မမြင်နိုင်စေရန်တွက် စာရွက်အလွတ်များကို ဖော့ဖော့လေး ကပ်ထားပေးပါ။

၂) *ဆာလံ၊ ၁၃၈း၆ ၊ ဟေရှာ၊ ၅၇း၁၅* ကို ရေးထားသော စက္ကူလိပ်

ရွေးချယ်ရန် – ဗာဗုလုန် ရဲတိုက်ကို တည်ဆောက်ရန် အုတ်ခဲအချို့

*မှတ်ချက် – ဤသင်ခန်းစာကို သင်ခန်းစာ ၂၀ အပြီးတွင်လည်း သင်ကြားပေးနိုင်သည် သို့သော် သင်ခန်းစာ ၂၃ တိုင် မတိုင်မီ ဖြစ်ရမည်။ သို့မဟုတ်ပါက ချန်လှပ်ထားနိုင်ပါသည်။

***သင်ခန်းစာ ပို့ချခြင်း***

ဤသင်ခန်းစာကို အစပြုရာတွင် နံရံတွင် ပြင်ဆင်ထားသည့် စာရွက်များကို ကလေးများ သတိထားမိလာစေရန် လုပ်ဆောင်ပေးပါ။ မည်မျှလောက် မြင့်သည့်အကြောင်း အဘယ့်ကြောင့် ထိုနေရာ၌ ရှိရကြောင်း စသည်ဖြင့် အံ့သြသွားသကဲ့သို့ မေးခွန်းမေးမြန်းခြင်းများ နှင့် ရှင်းလင်းပြောဆိုမှုများကို ပြုပါ။ အဖြေကို ကောင်းကြီးမင်္ဂလာ ပုံးထဲ၌ ရှိရမည်ဟု ပြောဆိုပါ။ မိုးမျှော်တိုက်ပုံကို ထုတ်ယူလိုက်ပါ။

> မေးပါ – *ဒါက ဘာလဲ။ ဒါမျိုးတွေကို ဘယ်မှာတွေ့နိုင်မလဲ။ သားတို့သမီးတို့ အိမ်ထက် ပိုပြီးတော့ မြင့်ပါသလား။ ဆရာမ တို့ရဲ့ ဘုရားကျောင်းထက် ပိုမြင့်သလား။ အဲဒီလို အဆောက်အအုံ အမြင့်ကြီး တွေကို သားတို့သမီးတို့ ရောက်ဖူးပါသလား။ အောက်ခြေကနေ ဟိုးထိပ်ထည့် ကြည့်လိုက်၊ ဘာနဲ့ တူသလဲ။ သေးသေး လေးလို့ ထင်သလား။ လူတွေက ဘာလို့ အဲဒီလို အရမ်းမြင့်တဲ့ တိုက်အိမ် တွေကို ဆောက်ရတာလဲ။ မြို့ထဲ သွားတဲ့ အခါမှာ အရင်ဆုံး မြင်ရတာက ဘာလဲ။ အဆောက်အအုံ အမြင့်ကြီးတွေ မဟုတ်လား။ ဟိုးအဝေးကြီး ကနေ လှမ်းမြင်နေရတော့ လူတွေရဲ့ မျက်စိကို ဖမ်းစားထားတယ်လေ။* (တိုက်နာမည်) *က ဆရာမ တို့ရဲ့ မြို့မှာ အမြင့်ဆုံးပေါ့။ လူတွေက တိုက်အိမ်အမြင့်ကြီးတွေကို အသစ်ဆောက်ဖို့အတွက် ဆန္ဒရှိနေကြပါသလား။*

**ပုံပြင် – ဗာဗုလုန် ရဲတိုက်** *ကမ္ဘာ၊ ၁၁း၁–၅၊ ၇–၉*

အသင့်ရှိနေသည်ဆိုလျှင် အုတ်ခဲများကို ကလေးများအား ပြသနိုင်ပါသည်။

အောက်ပါအချက်များကို အလေးအနက်ထား ပြောပြသွားပါ။

- လူသားတွေက သူတို့ရဲ့ နာမည်တွေကို သိကြားစေဖို့ မိုးထိရောက်အောင်မြင့်တဲ့ အဆောက်အအုံကြီး တစ်ခုကို ဆောက်ချင် ခဲ့ကြသည်။
- သူတို့တွေကို လူတွေသိလာပြီးတော့ နာမည်ကြီးချင်ကြတဲ့အခါမှာ ဟိုးအဝေးကနေ မြင်နိုင်ပြီးတော့ အခြားလူတွေရဲ့ စိတ်ဝင်စားမှုကို လိုချင်ကြသည်။
- ဘုရားသခင် ဆင်းကြွလာခဲ့တယ်။ (ဘုရားသခင်သည် သာ၍မြင့်သော နေရာ၌ နေသောသူ ဖြစ်သည့်အတွက် လူသားများ၏ ရဲတိုက်ကြီးသည် အလွန်မြင့်လှပါသော်လည်း ဆင်းလာရန် လိုအပ်ပေသည်။)
  မေးပါ – *ဘုရားသခင်က သူတို့ကို နာမည်ကြီးခွင့် ပေးပါ့မလား။ ဘုရားသခင် ဘာလုပ်ခဲ့သလဲ။ ကမ္ဘာ၊ ၁၁း၇–၈* ကို ဖတ်ပါ။
  > *လာကြ။ ဆင်းသက်ကြကုန်အံ့။ သူတို့သည် အချင်းချင်းနာမလည်စေခြင်းငှါ၊ သူတို့စကားကို ရှုတ်ထွေး ကြကုန်အံ့ဟု မိန့်တော်မူ၏။ ထိုသို့ထာဝရဘုရားသည် သူတို့ကို မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြား စေတော်မူသဖြင့်၊ သူတို့သည် မြို့ကိုမတည်ဘဲ နေကြ၏။*

*မေးပါ – ဘာကြောင့်မို့ ဘုရားသခင်က သူတို့ကို ရဲတိုက်ကြီး ဆောက်ခွင့် မပေးခဲ့တာလဲ။ လူသားတွေကို ဘုရားသခင်က ဘာကို ဖော်ပြချင်တာလဲ။*

အဖြေကို နံရံပေါ်တွင် ကပ်ထားသည့် စာရွက်အလွတ်များအောက်တွင် ရှိသည့်အကြောင်းကို ကလေးများအား ရှင်းပြပေးပါ။ အောက်ဆုံးမှ စ၍ ကျမ်းချက်တစ်ချက်ချင်းစီကို ကလေးများအား ရွေးချယ်၍ ဖော့ဖော့လေး ကပ်ထားသော စာရွက်များကို ခွါချ၍ အားလုံးမြင်အောင် ပြစေပါ။ ကျမ်းပိုဒ်များကို တစ်ချက်ခြင်း ဖတ်ပေး၍ အောက်ဖော်ပြပါအတိုင်း ပြောဆိုမှုများ ပြုပါ။ ထို့နောက် နောက်ထက်ကျမ်းပိုဒ်တစ်ပိုဒ်ကို ထက်၍ဖတ်ကာ ရှင်းပြပေးရပါမည်။ အဆုံးပိုင်းရောက်လာသည့် ကျမ်းပိုဒ်များမှာ ကလေးများအတွက် လှမ်းမှီရန်မှာ အလွန်မြင့်လာတော့မည် ဖြစ်သော်လည်း အစပိုင်းတွင် အကူအညီ မပေးပဲ ၎င်းတို့ဘာသာ ကြိုးစား စေပါ။

- *ယေရှာ၊ ၃၃း၅* **ထာဝရဘုရားသည် ချီးမြှောက်ခြင်းရှိတော်မူ၏။ မြင့်သောအရပ်၌နေတော်မူ၏။**
  *မေးပါ – မြင့်သောအရပ်၌ "နေတော်မူ၏" ဟူသည့် အဓိပ္ပါယ်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ ဘုရားသခင်ဟာ မြင့်တဲ့အရပ်မှာ နေတော်မူတယ်။ ဘယ်လောက်မြင့်မြင့်မှာ နေတာပါလိမ့်။*
- *ယေရှာ၊ ၆း၁* **ထာဝရဘုရားသည် အလွန်မြင့်မြတ်သော ပလ္လင်ပေါ်မှာ ထိုင်တော်မူသည်ကို ငါမြင်၏။**
  အကြံပြုချက် – ဘုရားသခင်သည် အမြင့်ဆုံးနေရာ၌ မြင့်မြတ်တော်မူသောသူ ဖြစ်သည်။
- *ဆာလံ၊ ၉၉း၂* **ထာဝရဘုရားသည် ဇိအုန်တောင်မှာ ကြီးမြတ်တော် မူ၏။ လူများအပေါင်းတို့ထက် ချီးမြှောက်ခြင်းရှိတော်မူ၏။**
  အကြံပြုချက် – *ဘုရားသခင်ဟာ လူများအပေါင်းတို့အထက်မှာ ချီးမြှောက်ခြင်းကို ရရှိထားတယ်။ အဲဒီလူတွေက ဘယ်သူတွေလဲ။ အချို့လူတွေပဲလား။ လူအများစုလား။ ဘုရားသခင်ဟာ တကမ္ဘာလုံးမှာရှိနေကြတဲ့ လူအားလုံးရဲ့ အထက်မှာ စိုးစံသေသူပါ၊*
- *ဆာလံ၊ ၁၄၈း၁၃* --- ***နာမတော် တပါးတည်းသာလျှင် မြတ်၍ ဘုန်းတော်သည် မြေကြီးနှင့် ကောင်းကင်ပေါ်ထက်၌ ရှိသောကြောင့် ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းကြစေ။***
  အကြံပြုချက် – *ဘုရားသခင်ရဲ့ နာမတော် တပါးတည်းကသာ ချီးမြှောက်ခြင်း ခံရတာပါ။ သူဟာ ကောင်းကင် နဲ့ မြေကြီးဟိုးအထက်မှာ ရှိတော်မူတဲ့ သူပါ။ ပြောရမယ်ဆိုရင်တော့ မိုးမျှော်တိုက်တွေ၊ တောင်တန်းတွေထက် ပိုပြီးတော့ မြင့်ပါတယ်။*
- *ဆာလံ၊ ၉၇း၉* ***အိုထာဝရဘုရား ကိုယ်တော်သည် မြေကြီးသားအပေါင်းတို့ ထက်ကြီးမြင့်တော်မူ၏။ ဘုရားတကာတို့ထက် အလွန်ချီးမြှောက်ခြင်းရှိတော်မူ၏။***
  မေးပါ – *"ပို၍ ကြီးမြင့်တော်မူ၏" ဆိုတဲ့ အဓိပ္ပါယ်က ဘာကို ပြောချင်တာလဲ။ ဘုရားသခင်ဟာ အမြင့်ဆုံးသော ပုဂ္ဂိုလ်ဖြစ်တယ်ဆိုရင် ဘယ်သူက သူ့ထက်ပိုပြီးတော့ ကြီးမြတ်နိုင်မှာလဲ။*
- *ယောဘ၊ ၃၇း၂၃* ***အနန္တတန်ခိုးရှင်ကို ငါတို့သည်စစ်၍ မကုန်နိုင်ကြ၊ အစွမ်းသတ္တိအားဖြင့်၎င်း၊ တရားစီရင်ခြင်းနှင့် ဖြောင့်မတ်ခြင်းအားဖြင့်၎င်း ထူးဆန်းတော်မူ၏။*** *သမ္မာကျမ်းစာက ဘုရား သခင်ဟာ အလွန်မြင့်မားစွာ ချီးမြှောက်ခြင်းကို ရရှိထားတဲ့ အတွက်ကြောင့် သူ့ကို ဘယ်သူကမှ လက်လှမ်း မမှီနိုင်အောင်ပါဘဲ။*
  အကြံပြုချက် – *ဘုရားသခင်ဟာ ချီးမြှောက်ခြင်းကို ခံတော်မူသော အရှင် ဖြစ်သည်။ ဆိုလိုတာက အရာရာတိုင်း နဲ့ လူတိုင်းတွေအားလုံးထက် ပိုပြီးတော့ မြင့်မားတဲ့သူပေါ့။ သူဟာ အမြင့်မှာ စံမြန်းတဲ့သူဖြစ်တာဟာ သူ့ကို လူတိုင်းက သတိထားမိဖို့ ဖြစ်တယ်။ လူတိုင်းက အဲဒီလို သူ့ကို သတိထားမိပြီးတော့ သူဟာ ဘယ်လောက်ထိ ဘုန်းကြီးလဲဆိုတာကို သိစေချင်တယ်။ သူသာလျှင် အကောင်းဆုံးဖြစ်တဲ့အတွက်ကြောင့် စိတ်ဝင်စားခြင်းအလုံးစုံဟာ သူနဲ့သာ ထိုက်တန်တော်မူတယ်။ ဘုရားရှင်သာ*

*ဆရာ၊မ တို့ရဲ့ အဓိက စိတ်ဝင်စားရာ ဖြစ်နေမယ်ဆိုရင်တော့ ဆရာ၊မ တို့ဟာ အပျော်ရွှင်ဆုံး ဖြစ်နေကြမှာပါ။ ဒါပေမယ့် ဆရာ၊မ တို့ လက်လှမ်းမမှီနိုင်တဲ့ ဘုရားသခင်ကို ဘယ်လိုလုပ်ပြီးတော့ သိနိုင်၊ မေတ္တာထားနိုင်ပြီး သူနဲ့အတူ ရှိနိုင်မှာလဲ။*

*ဆာလံ၊ ၁၃၈း၆*~က~ ကို ဖတ်ပေးပါ။

***ထာဝရဘုရားသည် မြင့်မြတ်တော်မူသော်လည်း၊ စိမ့်နှိမ့်ချသော သူတို့ကို ကြည့်ရှုတော်မူ၏။***

ဘုရားသခင်သည် စိတ်နှိမ့်ချသောသူတို့ကို ကြည့်ရှုတတ်သည်ကို ကလေးများအား ရှင်းပြပေးပါ။ စိတ်နှိမ့်ချသောသူများသည် ၄င်းတို့ကို၄င်းတို့ ကြီးမြတ်သည်၊ စွမ်းဆောင်နိုင်သည်ဟု မတွေးသောသူများ ဖြစ်ကြသည်။ စိတ်နှိမ့်ချသောသူများသည် မိမိနာမည်ကြီးလာစေရန် လုပ်ဆောင်သောသူများ မဟုတ်ကြပေ။

*ဟေရှာ၊ ၅၉း၁*~က~ နှင့် *ဟေရှာ၊ ၅၇း၁၅*

*ကြည့်ရှုလော့။ ထာဝရဘုရားသည် မကယ်မတင်နိုင်အောင် လက်တော်တိုသည်မဟုတ်။ မကြားနိုင် အောင် နားတော်ထိုင်းသည်မဟုတ်။ အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊ အထွဋ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ --- စိတ်နှိမ့်ချသောသူနှင့်၊ နှလုံးကြေကွဲသော သူတို့၏စိတ်ဝိညာဉ် အသက်ရှင်စေခြင်းငှါ၊ ကြေကွဲနှိမ့်ချသော စိတ်သဘောရှိသော သူတို့၌လည်း ငါနေ၏။*

ဘုရားသခင်သည် အမြင့်၌ စံမြန်းတော်မူသော်လည်း ရှည်လျားသောလက်တစ်စုံ ရှိသည်ကို ကလေးများအား ရှင်းပြပေးပါ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အထက်အမြင့် သူရှိသည့် နေရာသို့ မရောက်နိုင်ပါသော်လည်း ဘုရားသခင်က ကျွန်ုပ်တို့ရှိသည့်နေရာသို့ လှမ်းမှီနိုင်သည်။ ကျွန်ုပ်တို့ မတက်လှမ်းနိုင်သည့် မိုးမြင့်ထက်တွင် ဘုရားသခင်သည် စံမြန်းတော်မူသော်လည်း စိတ်နှိမ့်ချကာ နောက်တရ၍ အမြင့်ဆုံးသော ဘုရားသခင်ထံပါး တိုးဝင်သော သူတို့၏ စိတ်ထဲ၌ ဆင်းကြွ ကျိန်းဝပ်နေရာယူ နိုင်ပေသည်။

### *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "X" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- မေးပါ – *အဆောက်အအုံ အမြင့်ကြီးတွေ ဘေးနားမှာ သားတို့သမီးတို့ ရပ်ဖူးကြသလား။ ဘယ်လို ခံစားရလဲ။ အလွန်ကြီးမားပြီးတော့ ခိုင်မာလှတယ်လို့ ခံစားရလား။ ဘာကြောင့်မို့လဲ။*
- "ဘုရားသခင်သည် အထက်၌ စံမြန်းတော်မူ၏" ဆိုသည်မှာ အရာခပ်သိမ်းတို့၏ အထက်၌ ဘုရားသခင် ရှိတော်မူ၏ဟု ဆိုလိုသည်။ ဘုရားသခင်ရဲ့ ဘေးနားမှာ ဆရာ၊မ တို့ ရှိမယ်ဆိုရင် ဘယ်လို ခံစားသင့်ပါသလဲ။ ဆရာ၊မ တို့တွေဟာ သန်မာတယ်၊ ကြီးမားလှတယ် နောက်ပြီးတော့ အရေးကြီးလှတယ်လို့ ခံစားသင့်ပါသလား။
- ဘုရားသခင်ဟာ အမြင့်ဆုံးမှာ စံမြန်းတော်မူတဲ့အတွက်ကြောင့် သူဟာ စိတ်ဝင်စားခြင်းအလုံးစုံရဲ့ ဗဟိုချက် ဖြစ်ရပါမယ်။ ဆရာ၊မ တို့ကို လူတွေ သတိထားလာဖို့ မဟုတ်ဘဲ ဘုရားသခင်ကို လူတွေ သတိထားလာဖို့ ဆရာ၊မ တို့ ဘာတွေကို တွေး၊ ပြော၊ လုပ်ဆောင် ရမလဲ။
- ဘုရားသခင်ဟာ အမြင့်ဆုံးမှာ စံမြန်းတယ်ဆိုတာကို လူများစွာက မနှစ်သက်ကြပါဘူး။ အမြင့်ဆုံး သော ဘုရားသခင်ထက် သူတို့တွေက ပိုပြီးတော့ အရေးပါတဲ့သူ၊ ပိုမြင့်တဲ့သူ ဖြစ်ချင်ကြတယ်။ ဥပမာ –

နေဗုခနေဇာ မင်းကြီး (*ဒံယေ၊ ၄း၂၈-၃၄*)၊ စာတန် (*ဟေရှာ၊ ၁၄း၁၂-၁၅*)။ အဲဒီလို ကြိုးစားတဲ့ သူတွေ နောက်ဆုံးတော့ ဘယ်လို ဖြစ်သွားခဲ့ကြသလဲ။

- တစ်ခါတစ်ရံ စိတ်နှိမ့်ချဖို့ ဆိုတာ အရမ်းခက်ခဲပါတယ်။ ဆရာ၊မ တို့တွေဟာ ဘယ်လောက်ထိ သန်မာတယ်၊ ဉာဏ်ကောင်းသလဲ၊ မြန်သလဲ၊ ဒါမှမဟုတ် သူများရဲ့အကူအညီ မပါပဲ တစ်စုံတစ်ခုကို လုပ်နိုင်တယ် ဆိုတာကို အခြားလူတွေကို မြင်စေချင်ကြတယ်။ တစ်ခါတစ်ရံ ဘုရားသခင်ရဲ့ အကူအညီ မပါပဲနဲ့တောင် လုပ်နိုင်တယ်လို့ ထင်တဲ့ အချိန်တွေတောင် ရှိသေးတယ်။ ဒါပေမယ့် သူ့ရှေ့မှာ စိတ်နှလုံး နှိမ့်ချတဲ့သူတွေ အတွက် ကတိတော် ထားရှိထားပါတယ်။
  *၁ပေ၊ ၅း၅ခ-၆* –

***အချင်းချင်း တယောက်အောက်တယောက် နှိမ့်ချလျက်နေ၍၊ နှိမ့်ချခြင်းတန်ဆာကို ဆင်ကြလော့။***
***အကြောင်းမူကား ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။***
***စိတ်နှိမ့်ချသော သူတို့အား ကျေးဇူးပြုတော်မူ၏။ ထိုကြောင့်၊ ကာလအချိန်တန်လျှင်၊***
***ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည်အကြောင်း၊ တန်ခိုးကြီးသော***
***လက်တော်အောက်၌ ကိုယ်ကိုကိုယ်နှိမ့်ချကြလော့။***

⇔ *သင်ခန်းစာ ၃၅

## *"H"* *IS FOR HAPPY* ***ဝမ်းမြောက်တော်မူသော***

**အဓိကအချက်** – သူ၏ဖြစ်တည်ခြင်း၌ ဘုရားသခင် သည် ဝမ်းမြောက်တော်မူ၏။

**အဓိကကျမ်းချက်** – ငါတို့၏ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိတော် မူ၏။ အလိုတော်ရှိသမျှအတိုင်း ပြုတော်မူ၏။ ဆာလံ၊ ၁၁၅း၃

**နိဒါန်း** – ဘုရားသခင်၏ ဝမ်းမြောက်တော်မူခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ အများအားဖြင့် မပြောတတ်ကြပေ။ ဤရာသည် အလွန်ရိုးရှင်းသော အရာဟု ထင်နိုင်သည်။ သူ၏ဖြစ်တည်ခြင်း နှင့် အမှုပြုတော်မူခြင်း၌ ထားရှိသော ဘုရားသခင်၏ ဝမ်းမြောက်တော်မူခြင်းအကြောင်းကို ကျွန်ုပ်တို့ နားလည်သဘောပေါက်လာသည်နှင့်အမျှ ထိုအရာသည် ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်း အမြစ်တည်ရာ ဖြစ်လာပေမည်။ ခပ်သိမ်းသော တန်ခိုးတော်ရှင်၊ ပြီးပြည့်စုံတော်မူသော ဘုရားသခင်သည် သူ၏ဖြစ်တည်ခြင်း အလုံးစုံ နှင့် အမှုပြုလေရာရာတိုင်း၌ ဝမ်းမြောက်ပျော်ရွှင်၍ နှစ်ထောင်းအားရသည်မှာ အကျိုးအကြောင်း ဆီလျော်ပါသည်။ ထိုအလျှံပယ်လျက်ရှိသော သူ၏ ဝမ်းမြောက်ပျော်ရွှင်ခြင်း၌ စိတ်ကျေနပ်ခြင်းကို ခံစား ကြရမည့် လူသားသတ္တဝါကို ဖန်ဆင်းရန် နှစ်သက်တော်မူခဲ့သည်။ ဘုရားသခင်သည် တာဝန်ဝတ္တရား အရ၊ စိတ်ထားမကောင်းသော၊ သူတစ်ပါးကို နာကျင်စေလိုသော ခေတ်ဟောင်း လူအိုတစ်ဦးမဟုတ်၊ သူ၏ဝမ်းမြောက် ဖွယ်ရာ ***မင်္ဂလာရှိသော တပါးတည်းသောအရှင်ဖြစ်တော်မူထသော၊ ဘုရင်တကာတို့ထက်ဘုရင်၊ သခင် တကာတို့၏သခင်*** ၌ ရှိတော်မူသော သူ၏ လွတ်လပ်သော ဝမ်းမြောက်ခြင်းအားဖြင့် ခပ်သိမ်းသော အမှုတို့ကို ပြုတော်မူသည် *(၁တိ၊ ၆း၁၅–၁၆)*။

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) သင် နှစ်သက်သော အရာတစ်ခုခု – သင်ဝါသနာပါသောအရာ သို့မဟုတ် အားကစား။

**အခြား သင်ထောက်ကူပြု ပစ္စည်းများ**

၁) တိရစ္ဆာန်များ ကစားနေသည့် ပုံ

၂) နှလုံးသားပုံ – စာရွက်မှ နှလုံးသားပုံ အကြီးကြီး တစ်ပုံကို ညှပ်ထုတ်ပါ။ "ဝမ်းမြောက်သော" ဆိုသည့် စကားလုံးကို နှလုံးသားပေါ်တွင် ကန့်လတ်ဖြတ်ရေးချ လိုက်ပါ။ ထို့နောက် ထိုနှလုံးသားပုံ၏ အလယ်တည့်တည့်မှ စက်ဝိုင်းပုံကို ညှပ်ထုတ်ပြီးနောက် အနောက်ဘက်တွင် "ဘုရားသခင်" ဟူသည့် စကားလုံးအား ရေးသားထားပါ။

၃) အခြားပုံများ – စက္ကူမှ ရေခဲမုန့် ပုံ၊ ဘောလုံးပုံ၊ လူပုံ၊ တီဗီပုံ စသည်ဖြင့် ပုံစံအမျိုးမျိုး ညှပ်ထုတ်ပါ။ ညှပ်ထုတ်သမျှသော ပုံများအားလုံးသည် "ဘုရားသခင်" ဟု ရေးထားသော စက်ဝိုင်းပုံ နှင့် မတူရန် အရေးကြီးပါသည်။

၄) *ဆာလံ၊ ၁၁၅း၃* ကို ရေးသားထားသော စက္ကူလိပ်

*မှတ်ချက် – ဤသင်ခန်းစာကို သင်ခန်းစာ ၂၀ အပြီးတွင်လည်း သင်ကြားပေးနိုင်သည် သို့သော် သင်ခန်းစာ ၂၃ တိုင် မတိုင်မီ ဖြစ်ရမည်။ သို့မဟုတ်ပါက ချန်လှပ်ထားနိုင်ပါသည်။

## *သင်ခန်းစာ ပို့ချခြင်း*

ကောင်းကြီးမင်္ဂလာပုံးထဲမှ သင်ရွေးချယ်ထားသည့် ပစ္စည်းတစ်ခုခု (များ) ကို ထုတ်ယူ၍ ၎င်းသည် မည်သည့် အရာကို ရည်ညွှန်းကြောင်းနှင့် အဘယ့်ကြောင့် ထိုအရာကို သင်သည် နှစ်သက်ကြောင်းကို ရှင်းပြပေးပါ။ ထိုက စားနည်းကို သင်သည် ကစားရသည့်အခါ သို့မဟုတ် ထိုဝါသနာကို လုပ်ဆောင်ရသည့်အခါ သင် ဝမ်းမြောက် ပျော်ရွှင်သည့်အကြောင်းကို စကားလုံးများအားဖြင့် သော်လည်းကောင်း၊ အလုပ်အားဖြင့်သော်လည်းကောင်း ဖော်ပြပေးပါ။ ထိုအရာသည် သင် အမြဲတမ်း လုပ်ဆောင်နိုင်သည့် အရာမျိုး ဖြစ်ပါသလားဟု ကလေးများကို စဉ်းစားစေပါ။ ထိုအရာကို လုပ်ခွင့်မရှိစေရန် တားမြစ်သည့် အရာများကိုလည်း စဉ်းစားစေပါ။ ဥပမာ – သင်သည် စက်ဘီးစီးခြင်းကို နှစ်သက်သည်ဆိုလျှင် ရာသီဥတု အလွန်အေးခြင်း သို့မဟုတ် မိုးရွာခြင်းတို့က သင် စက်ဘီးစီးရန် အနှောက်အယှက် ဖြစ်နိုင်ပေသည်။ အကယ်၍ သင်သည် စာဖတ်ခြင်းကို ဝါသနာ ပါခဲ့သည် ဆိုလျှင် အနည်းငယ် စာဖတ်ပြီးသည်တွင် သင့်စိမျက်စိသည် ညောင်းညာကိုက်ခဲလာနိုင်သည်။

> အကြံပြုချက် – *----------- ကို ဆရာ၊မ က လုပ်ဆောင်ရတာ ပျော်တယ်ဆိုပေမယ့် တစ်ဘက်မှာလည်း အရေးကြီးတဲ့ ကိစ္စတွေကို လုပ်ဆောင်ဖို့လည်း ရှိနေပါသေးတယ်။ အိမ်ကို သန့်ရှင်းလုပ်ရမယ်၊ လိုအပ်တာတွေ ဝယ်ရမယ်၊ မြက်တွေကို ရှင်းထုတ်ရမယ်၊ အခွန်တွေကို သွားဆောင်ရမယ်၊ ဆေးခန်းသွားရမယ် စသည်ဖြင့်ပေါ့။ ဆရာ၊မ မှာ လုပ်ရမယ့် အခြားအရာတွေ အများကြီးရှိလို့ လုပ်ချင်တဲ့ အရာကို အမြဲတမ်း လုပ်လို့ မရပါဘူး။ အဲဒီအလုပ်တွေက ဆရာ၊မ ကို စိတ်ပျက်စေခဲ့တဲ့ အချိန်တွေလည်း ရှိတတ်ပါတယ်။*

တစ်နေ့လုံး လုပ်နေချင်သည့် အရာများကို ပြောပြရန် အချို့သော ကလေးများကို ရွေးချယ်၍ ပြောပြစေပါ။ ကျန်ကလေးများကို ထိုလုပ်ချင်သော အရာများကို အစဉ်အတိုင်း မလုပ်နိုင်စေရန် အတားအဆီး ဖြစ်စေမည့် အရာများ (ပိုက်ဆံမလောက်ခြင်း၊ အလွန်ငယ်သေးခြင်း၊ မိဘများက ခွင့်ပြုမည် မဟုတ်ခြင်း စသည်ဖြင့်) ကို စဉ်းစားပြောဆိုစေပါ။

> အကြံပြုချက် – *ဆရာ၊မ လိုဘဲ သားတို့သမီးတို့လည်း လုပ်ချင်တဲ့ အရာတွေကို အမြဲတမ်း မလုပ်နိုင်ကြဘူးနော်။ အဲဒီလို ဖြစ်တဲ့အခါမှာ သားတို့သမီးတို့ရော စိတ်ပျက်တတ်ပါသလား။ တကယ်လို့ သားတို့သမီးတို့ဟာ လုပ်ချင်တဲ့ အရာတစ်ခုခုကို တစ်နေ့လုံး လုပ်ခွင့်ရမယ် ဆိုရင်တောင်မှ အချိန်အနည်းငယ် ကြာလာရင်တော့ ငြီးငွေ့လာမှာ အမှန်ပါဘဲ။ ဥပမာ – တကယ်လို့ ဆရာ၊မ က စက်ဘီးစီးတာကို နှစ်သက်ပြီးတော့ စက်ဘီးစီးထွက်သွားမယ်ဆိုပါတော့ ဒါပေမယ့် အချိန်အနည်းငယ် ကြာလာတာနဲ့ အမျှ ငြီးငွေ့လာမှာ ဖြစ်ပြီးတော့ ပျော်ရွှင်ဖို့အတွက် အခြားလုပ်ဆောင်ဖို့ တစ်မျိုးကို ရှာမိမှာဘဲ။*

ကျွန်ုပ်တို့အားလုံးတွင် လုပ်ချင်သောအရာများ၊ ကျွန်ုပ်တို့ကို ပျော်ရွှင်မှုပေးမည်ဟု ထင်၍ လုပ်ချင်သော အရာများကိုယ်စီ ရှိကြပါသည်။ အယောက်စီတိုင်း ဝမ်းမြောက်ပျော်ရွှင်လိုကြသည်။ သို့သော်လည်း ကျွန်ုပ်တို့ အနှစ်အသက်ဆုံးသော အရာများကို လုပ်ဆောင်ခွင့်များ ရစေကာမူ ကျွန်ုပ်တို့အား အစဉ်တိုင်း ပျော်ရွှင်အောင် မလုပ်ဆောင်နိုင်ပေ။

မေးပါ – *သားတို့သမီးတို့ မပျော်ရွှင်တဲ့ အခါမှာ ဘယ်လိုနေသလဲ။ မျက်နှာကြီး ညှိုပုတ်သွားပါသလား။ စိတ်တိုလာပါသလား။ သူများက အမှားမလုပ်ရင်တောင်မှ သူများကို စွတ်ဆွဲတာမျိုးကို လုပ်လာတတ်သလား။ တစ်နေရာမှာ ထိုင်လိုက်ပြီးတော့ နှခမ်းကြီးကို ဆူထားတတ်သလား။ မပျော်မရွှင် ဖြစ်နေတဲ့သူ တွေ သားတို့သမီးတို့ ဘေးနားမှာ ရှိနေတာကို နှစ်သက်ပါသလား။ မပျော်ရွှင်တဲ့ သူတွေနဲ့ တစ်သက်လုံး နေဖို့ ဆန္ဒရှိပါသလား။*

*ဘုရားသခင်စီမှာရော သူလုပ်ချင်တဲ့ အရာကို မလုပ်နိုင်တဲ့ အချိန်ရှိလို့ စိတ်ပျက်ပြီး မပျော်မရွှင် ဖြစ်တဲ့ အချိန်မျိုး ရှိမယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ စိတ်ဆိုးလာပြီးတော့ နှုတ်ခမ်းတွေ ဆူလာတာမျိုး သူ့မှာ ရှိပါသလား။ သူ့ရဲ့ ပျော်ရွှင်မှုတွေ ပျက်ဆီးသွားလို့ စိတ်တိုတာမျိုး ဘုရားသခင် ဖြစ်ပဲ့မလား။*

*ဆာလံ၊ ၁၁၅း၃* ကို ပြ၍ ဖတ်ပေးပါ။

### *ငါတို့၏ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိတော် မူ၏။ အလိုတော်ရှိသမျှအတိုင်း ပြုတော်မူ၏။*

သင့်ကို ပျော်ရွှင်စေသည့်အရာကို လုပ်ဆောင်ခြင်းဆိုသည်မှာ သင်လုပ်ချင်သည့် အရာတိုင်းကို လုပ်ဆောင်နိုင်ခြင်း သို့မဟုတ် လုပ်လေသမျှ၌ ပျော်ရွှင်တတ်ခြင်းကို ဆိုလိုကြောင်း ရှင်းပြပေးပါ။ ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရအရှင် ဖြစ်သည့်အတွက်ကြောင့် သူလုပ်ချင်သောအရာများကို မလုပ်ဆောင်နိုင်စေရန် တားမြစ်နိုင်သည့်အရာ တစ်ခုမှ မရှိပေ။ သူအလိုရှိသည့် အရာကို လုပ်ဆောင်အမှုပြုရန်အတွက် ဘုရားသခင်၌ အခွင့်အာဏာ၊ ဉာဏ်တော် နှင့် တန်ခိုးတော် ရှိတော်မူသည်။ *ယေရှာ၊ ၄၆း၁၀* ကို ဖတ်ပါ။

*ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ပြည့်စုံစေမည်*

ဘုရားသခင် လုပ်ဆောင်လိုသည့် အရာမှာ မည်သည့်အရာဖြစ်မည်ကို ကလေးများကို မေးပါ။ ဘုရားရှင်သည် မည်သည့်အမှုကို ပြုခြင်း၌ နှစ်ထောင်းပျော်ရွှင်တတ်သနည်း။ ဘုရားသခင် ပျော်ရွှင်စွာ လုပ်တတ်တဲ့ နှစ်သက်တဲ့ အရာမျိုး ရှိပါသလား။

*၁တိ၊ ၆း၁၅* ကို ဖတ်၍ ရှင်းပြပါ။

### *မင်္ဂလာရှိသော တပါးတည်းသောအရှင် ဖြစ်တော်မူထသော၊ ဘုရင်တကာတို့ထက်ဘုရင်၊ သခင် တကာတို့၏သခင် ---*

မေးပါ – *ဘယ်သူက ခပ်သိမ်းသောအရာတို့ရဲ့ အစိုးရရှင် ဖြစ်သလဲ။ ဘုရားသခင်ပါ။ ဘယ်သူဟာ ဘုရင်တကာ ဘုရင် ဖြစ်ပါသလဲ။ ဘုရားသခင်ပါ။ ဘယ်သူက သခင် တကာတို့ရဲ့ သခင် ဖြစ်ပါသလဲ။ ဘုရားသခင်ပါ။ ဘုရားသခင်ဟာ "မင်္ဂလာရှိသော" ဘုရားသခင် ဖြစ်တယ်။ ဆိုလိုတာက ဝမ်းမြောက်သောသူ ဖြစ်တယ်လို့ ဆိုလိုပါတယ်။ ဘုရားသခင် အနှစ်သက်ဆုံး လုပ်ချင်တဲ့ အရာက ဘုရားဖြစ်ဖို့ ပါပဲ။ သူရဲ့ ဘုရားဖြစ်ခြင်းမှာ ဘုရားသခင်ဟာ ဘယ်တုန်းကမှ ငြီးငွေ့သွားတယ် ဆိုတာ မရှိပါဘူး။ သူဟာ ဘုရားသခင်ဖြစ်တဲ့ အတွက်ကြောင့် ဘုရားသခင်ဟာ ဝမ်းမြောက်နေပါတယ်။*

ဘုရားသခင်သည် ကျွန်ုပ်တို့ကဲ့သို့မဟုတ်ဘဲ သူ့ကို ပျော်ရွှင်စေရန်အတွက် အရာဝတ္ထုများ သို့မဟုတ် လူပုဂ္ဂိုလ်များကို လိုအပ်ခြင်း မရှိသည်ကို ရှင်းပြပေးပါ။ ဘုရားသခင်သည် သူ၏ဘုရားဖြစ်ခြင်း၌ အလွန်နှစ်သက်ပျော်ရွှင်သည့်အတွက်ကြောင့် သူ၏ပျော်ရွှင်ခြင်းကို သူပြုသည့်အမှုတိုင်း၌ တွေ့မြင်နိုင်ပါသည်။

*ဆာလံ၊ ၁၀၄း၂၄-၂၆၊ ၃၁* ကို ဖတ်ရှုက်၍ ဘုရားသခင်၏ နှစ်သက်ပျော်ရွှင်ခြင်းကို ဤကျမ်းပိုဒ်တွင် မည်သို့ ဖော်ပြထားသည်ကို ဆွေးနွေးပေးပါ။

***အိုထာဝရ ဘုရား၊ ကိုယ်တော်စီရင် ပြုပြင်တော်မူသောအရာတို့သည် အလွန်များပြားပါ၏။ ရှိရှိသမျှတို့ကို ပညာတော် အားဖြင့် ဖန်ဆင်းတော်မူ၏။ မြေကြီးသည် ဘဏ္ဍာတော်နှင့် ကြွယ်ဝပါ၏။ မရေတွက်နိုင်အောင် တွားသွားသော တိရိစ္ဆာန်အစရှိသော တရိစ္ဆာန် အကြီးအငယ်များတို့နေရာ ကြီးမားကျယ်ဝန်းသော သမုဒ္ဒရာလည်း ရှိပါသေး၏။ ထိုအရပ်၌ သင်္ဘောတို့သွားလာကြပါ၏။ ထိုအရပ်၌ ကွန့်မြူးစေခြင်းငှာ ဖန်ဆင်းတော်မူသော ငါးကြီးလဝိသန်သည်လည်း ရှိပါ၏။ ထာဝရဘုရား၏ ဘုန်းတော်သည် နိစ္စအမြဲတည်၏။ ထာဝရဘုရားသည် မိမိအမှုတော်တို့တွင် ဝမ်းမြောက်တော်မူ၏။***

တိရစ္ဆာန်ပုံ အမျိုးမျိုးတို့ကို သုံးပြု၍ အရောင်များ၊ အရွယ်အစားများ နှင့် ကွဲပြားသော ပုံစံများကို ဥပမာပေး၍ ရှင်းပြပေးပါ။ တိရစ္ဆာန်များ ကစားနေကြသည့် ပုံများကို ပြသပေးပါ – လင်းပိုင်ငါးများ ရေကစားနေသည့်ပုံ၊ ခွေးလေးများ ပြေးလွှားနေသည့်ပုံ၊ တောဆိတ်လေးများ ခုံပေါက်နေသည့်ပုံ၊ သားပိုက်ကောင်များ စော့ကစား နေသည့်ပုံ စသည်ဖြင့်။ ဘယ်သူက တိရစ္ဆာန်တွေကို ပျော်ပျော်ရွှင်ရွှင် ကစားဖို့ ပြုလုပ်ခဲ့သလဲ။ ဝမ်းမြောက် ရွှင်လန်းတဲ့ ဘုရားသခင်က ပြုလုပ်ခဲ့တာပေါ့။ ဘုရားသခင်သည် သူဖန်ဆင်းထားသည့် အရာများကို ဟိုးအမြင့် ဆုံးတွင် နေသော တောင်ဆိတ်မှစ၍ ဟိုးအနက်ဆုံးတွင် ရှိသည့် ငါးများကိုပင် ရှုမြင်တော်မူသည်။ ဘုရားသခင် သည် သူပြုသောအမှုတိုင်း၌ ဝမ်းမြောက်နှစ်သက်တော်မူ၏။

ဘုရားသခင်၏ ဝမ်းမြောက်ပျော်ရွှင်ခြင်းကို သူပြုလေသမျှတို့၌ တွေ့မြင်နိုင်ပေသည်။ *ဇာဖနိ၊ ၃း၁၇။*

***သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်အလယ်၌ရှိ၍၊ တန်ခိုးကြီးသော ဘုရားသည် သင့်ကို ကယ်တင်တော်မူ လိမ့်မည်။ သင်၌ အားရ၍ ဝမ်းမြောက်တော်မူလိမ့်မည်။***

ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် မည်သည့်အရာကို လုပ်ဆောင်နေသနည်း။ သူ၏လူများကို ကယ်တင်ရန် သူသည် သူတို့နှင့်အတူ ရှိနေတော်မူသည်။ ဘုရားသခင် မည်မျှပျော်ရွှင်သည်ကို သင် တွေ့မြင်ပါသလား။ ဘုရားသခင်သည် အားရ၍ ဝမ်းမြောက်တော်မူသည်။ ဘုရားသခင်သည် သူ၏ဘုန်းတော်အတွက် သူများကို ကယ်တင်ရာ၌ ဝမ်းမြောက်တော်မူသည်။

ဘုရားသခင်နှစ်သက်တော်မူသော အလုပ်တစ်ချို့ကို ဥပမာများ ပေးပြောပြပါ။

- သူ့လူများ၏ ဆုတောင်းခြင်းအဖြေ ပေးရာတွင် *(သုတ္တံ၊ ၁၅း၈)။*
- သူ့လူများ၏ ကောင်းကျိုးကို လုပ်ပေးရာတွင် *(ယေရမိ၊ ၃၂း၄၁)။*
- တစ်ကမ္ဘာလုံး၌ သူ၏နာမတော် ကျော်စောစေရန် လုပ်ဆောင်ရာတွင် *(ထွက်၊ ၉း၁၆၊ ယောရှု၊ ၆၃း၁၂-၁၄)။*

ဘုရားသခင်သည် ဝမ်းမြောက်တော်မူသည်။ ဘုရားသခင်သည် သူအနှစ်သက်ဆုံး အရာဖြစ်သည့် ဘုရားသခင် ဖြစ်ခြင်း၌ အစဉ်ဝမ်းမြောက်တော်မူသည်။ ဘုရားသခင်သည် သူ၏ဘုရားဖြစ်ခြင်း၌ ဝမ်းမြောက်တော်မူခြင်းကို ဘယ်သောအခါမျှ ရပ်တန့်သွားသည် မရှိ။ ဘုရားသခင်သည် ဝမ်းမြောက်တော်မူသော ဘုရားသခင် ဖြစ်သည်။ သူ၏ဝမ်းမြောက်တော်မူခြင်းကို သူ၏အမှုပြုခြင်း အလုံးစုံ၌ ပေါ်လွင်ထင်ရှားနေပါသည်။

ကျွန်ုပ်တို့သည် ထိုကဲ့သို့ မဟုတ်ကြောင်းကို ပြန်၍ သတိပေးပါ။ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်း ရရှိရန်အတွက် အခြားသော လူပုဂ္ဂိုလ်များ သို့မဟုတ် အရာဝတ္ထုများကို ရှာဖွေရန် လိုအပ်ကြပေသည်။ ဤအရာကို နှလုံးသားပုံ နှင့် အခြားသော သင်ထောက်ကူ ပြုပစ္စည်းများကို အသုံးပြု၍ ဖော်ပြသွားပါ။ နှလုံးသားပုံ အလယ်၌ အပေါက်ကို အခြားသော ပုံများဖြင့် ဖြည့်စွက်ကြည့်ပါ။ မည်သည့်ပုံကမျှ ထိုနေရာတွင် ဖြည့်စွက်၍ မရနိုင်ပေ။

အကြံပြုချက် – *ဆရာ/မ တို့တွေလဲ အဲဒီလိုဘဲ ဖန်ဆင်းခြင်း ခံခဲ့ကြတာပါ။ ဘုရားသခင်ကိုယ်တိုင်က တို့တွေကို အဲဒီလို ဖန်ဆင်းခဲ့တာပါ။ အဲဒီလို တို့တွေကို ဖန်ဆင်းခဲ့တာကို ဘုရားသခင်ဟာ ဝမ်းမြောက်တော်မူတယ်။ သူတစ်ပါးတည်းကသာလျှင် ဆရာ/မ နဲ့ သားတို့သမီးတို့ကို ပျော်ရွှင်ခြင်းပေးနိုင်တယ်ဆိုတာ ဖော်ပြတာကို ဘုရားသခင်က နှစ်သက်တော်မူတယ်။* ("ဘုရားသခင်" ဟု ရေးသားထားသည့် စက်ဝိုင်းပုံကို ပြသ၍ နှလုံးသားပုံရှိ အပေါက်တွင် ဖြည့်စွက်လိုက်ပါ။ ထိုသို့အားဖြင့် "ဝမ်းမြောက်သော" ဆိုသည် စကား လုံးသည် ပြည့်စုံသွားကြောင်းကို ပြလိုက်ပါ။)

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "H" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- ဘုရားသခင်သည် ဝမ်းမြောက်တော်မူသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏ဘုရားဖြစ်ခြင်း၌ ဝမ်းမြောက် နှစ်သက်တော်မူခြင်းကို ဆိုလိုသည်။ ဘုရားသခင်သည် ခပ်သိမ်းသော အစိုးရရှင် ဖြစ်သည့် အတွက် သူ အလိုရှိသည့် အရာမှန်သမျှကို လုပ်ဆောင်နိုင်သည်။
- သားတို့သမီးတို့ လုပ်ချင်သည့် အရာတစ်စုံတစ်ခု သို့မဟုတ် သားတို့သမီးတို့ကို ပျော်ရွှင်ခြင်း ပေးမယ်လို့ ထင်တဲ့ အရာတစ်စုံတစ်ခုကို စဉ်းစားကြည့်ပါ။ အဲဒီအရာကို အမြဲတမ်းဘဲ လုပ်နိုင်ပါသလား။ ဘာကြောင့် မလုပ်နိုင်ရတာလဲ။ ပျော်ရွှင်မှုတွေကို ပေးခဲ့ဖူးတဲ့အရာတွေက ပြန်ပြီးတော့ ငြီးငွေ့စေတာမျိုးကို ခံဖူးကြပါသလား။ ဘာကြောင့် အရာသတ္တုပစ္စည်းတွေနဲ့ လူပုဂ္ဂိုလ်တွေက ဆရာ/မ တို့ကို အမြဲတမ်း ပျော်ရွှင်ခြင်း မပေးနိုင်သလဲ ဆိုတာကို စဉ်းစားကြည့်ပါ။
- ဘယ်တော့မှာ ငြီးငွေ့မသွားတော့မယ့် ပျော်ရွှင်ခြင်းမျိုးကို ဆရာ/မ တို့ ဘယ်မှာ ရှာတွေ့နိုင် မလဲ။ *ဆာလံ၊ ၁၆း၁၁* ကို ဖတ်ပါ။
- ဘုရားသခင်ဟာ သူ့ရဲ့ ဘုရားဖြစ်တည်ခြင်းမှာ အမြဲတမ်း ပျော်ရွှင်နေပါတယ်။ သူ့ကို မေတ္တာထား၊ ယုံကြည်ကိုးစားတဲ့ သူတိုင်းကို ထာဝရ အသက်ပေးရာမှာ နှစ်သက်ဝမ်းမြောက်တော်မူတယ်။ *၁ တိ၊ ၁း၁၁* က ထိုမျှော်လင့်ခြင်းကို မင်္ဂလာရှိတော်မူသော (ပျော်ရွှင်သော) ***ဘုရားသခင်၏ ဘုန်းကြီးသော ဧဝံဂေလိတရား*** လို့ဆိုပြီးတော့ ရည်ညွှန်းထားပါတယ်။
- ဘုရားသခင်ဟာ သူ့ရဲ့ ဘုရားဖြစ်ခြင်းမှာ အမြဲတမ်းပျော်ရွှင်နေတယ် ဆိုတာက ဖြစ်ပျက်နေတဲ့ အရာတိုင်း အပေါ်မှာ ပျော်ရွှင်ဝမ်းမြောက်တယ်လို့ ဆိုလိုတာလား။ ဆရာ/မ ဖျားနာလို့ ဘုရား သခင် ပျော်ရွှင်ပါသလား။ ဆရာ/မ အပြစ်လုပ်ရင် ဘုရားသခင် ပျော်ရွှင်ပါ့မလား။ *ကမ္ဘာ၊ ၆း၆* ကို ဖတ်ပါ။

**မြေကြီးပေါ်မှာ လူကိုဖန်ဆင်း တော်မူသည်ကို နောင်တရ၍၊**

**နှလုံးတော် ပူပန်လျက်ရှိတော်မူ၏**

(*ယေရမိ၊ ၄၂း၁၀* တွင်လည်း တွေ့ရသည်။) ဘုရားသခင်သည် သူ၏ ဘုရားဖြစ်ခြင်း၌ အစဉ် ဝမ်းမြောက်ပါသော်လည်း ကျွန်ုပ်တို့၏ အပြစ် နှင့် နာကျင်ခြင်းများ အပေါ် ဝမ်းမြောက်ခြင်း ရှိတော် မမူ။

- ကျွန်ုပ်တို့အသက်တာတွင် ဖြစ်ပျက်သမျှသော အရာများအားလုံးသည် ကျွန်ုပ်တို့ကို ဝမ်းမြောက်စေကြသည်မဟုတ်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့ ကျူးလွန်သော အမှားများ သို့မဟုတ် အပြစ်များကြောင့် ဝမ်းမမြောက်နိုင်ကြ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ အမှားကြောင့် မဟုတ်သော်လည်း ကြေကွဲစရာများ ရောက်ရောက်လာတတ်သည် – ဥပမာ – ဖျားနာလာသည် သို့မဟုတ် ချစ်ရသော သူများ ဆုံးပါးသွားကြသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် နာကျင်ခံစားကြရသည့် အချိန်များ ရှိတတ်ပေသည်။ အဲဒီလိုအခက်အခဲကို ရင်ဆိုင်ရတဲ့အခါမှာ ဆရာ၊မ တို့တွေ ပျော်ရွှင် နိုင်ပါသလား။ ဘယ်လို ဖြစ်နိုင်မလဲ။ *ဟေဗြဲ၊ ၁၂း၂။*

  ***ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင် စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်အသောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော်လက်ျာဘက်၌ ထိုင်နေတော်မူ၏။***

ယေရှုရှင်၏ ရှေ့၌ထားသော ဝမ်းမြောက်ခြင်းမှာ မည်သည့်အရာနည်း။ ဘုရားသခင်၏ လက်ယာလက်၌ မည်သည့်အရာ ရှိသနည်း။ *ဆာလံ၊ ၁၆း၁၁*

***---- အထံတော်၌ စုံလင်သော ဝမ်းမြောက်ခြင်း အခွင့်နှင့် လက်ျာတော်နားမှာ အစဉ်အမြဲ ပျော်မွေ့ခြင်း အခွင့်ရှိပါ၏။***

ကျွန်ုပ်တို့ကို ဝမ်းမြောက်စေနိုင်သောသူမှာ သူတစ်ဦးတည်းသာဖြစ်သည် ဆိုသည်ကို ဖော်ပြခြင်းအား ဘုရားသခင် ဝမ်းမြောက်နှစ်သက်တော်မူသည်။

သင်ခန်းစာ ၃၆

## *"B" IS FOR BOUTIFUL* *ကြွယ်ဝတော်မူသော*

**အဓိကအချက်** – ဘုရားသခင်တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့၏ စိတ်ဆန္ဒများကို ကြွယ်ဝစွာ ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်။

**အဓိကကျမ်းချက်** – ငါတို့၌ ပြုပြင်သော တန်ခိုးတော် အတိုင်း၊ ငါတို့ တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာ ပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ ဖေက်၊ ၃း၂၀–၂၁က

**နိဒါန်း** – ယနေ့သင်ခန်းစာတွင် ဘုရားသခင် နှင့် ပတ်သက်၍ သူသည် မည်သူဖြစ်ကြောင်း နှင့် မည်သို့သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြပေးသည့် အက္ခရာများ၏ ဆုံးခန်းသို့ ရောက်ရှိလာပြီဖြစ်သည်။ ယနေ့သင်ခန်းစာ၏ စကားလုံးမှာ "'B' is for Bountiful" ဖြစ်ကြီး ကျွန်ုပ်တို့၏ အနက်ရှိုင်း ဆုံးသော ခံစားချက်များကို ဖြည့်ဆည်း ပေးနိုင်သည့် အဆုံးအစမဲ့ ဘုရားသခင်ကို ဖော်ညွှန်းရန် ဖြစ်သည်။ ဘုရားသခင်သည် ခမ်းခြောက်သွားမည့် အသက်စမ်းရေတွင်း မဟုတ်သကဲ့သို့ အနည်းငယ်သာ စီးဆင်းသော စမ်းရေတွင်းလည်း မဟုတ်ပါပေ။ သူ၏ လူများအားလုံး၏ လိုအင်ဆန္ဒများကို ဖြည့်ဖြည်းပေးရန် လုံလောက် သည်ထက် ဘုရားသခင်သည် ပိုလျှံလျက် ရှိသည်။ စိတ်ကျေနပ်မှု မဖြစ်စေနိုင်မည့် အကြောင်းအရာ တစ်စုံ တစ်ခုမျှ မရှိနိုင်ရာ။ ဘုရားသခင်သည် လုံလောက်သည် ဆိုသည်ထပ် ပိုလျှံကြွယ်ဝလျက် ရှိသည်။ ဘုရားသခင် တစ်ပါးတည်းကသာလျှင် ကျွန်ုပ်တို့ကို တာရှည်ခံ စစ်မှန်သော ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ပေးပိုင်နိုင်၍ ထိုအမှုပြုခြင်းကို သူ တစ်ဦးတည်းသာ ပြုနိုင်တော်မူသည်။ ***"ငါတို့ တောင်းပန်ကြံစည်သမျှထက် အလွန် ထူးခြားစွာပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီး တော်မူစေသတည်း။"***

### ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ဖန်ခွက်တစ်လုံး
၂) ပန်းကန်တစ်လုံး
၃) ဇွန်း
၄) ဖျော်ရည် တစ်ဗူး
၅) ခွက်အပို သုံးလေးခွက်
၆) ကျုံမုန့်ထုတ်
၇) ပေါင်မုန့် အချက်များစွာ
၈) ငှက်ပျောသီး တစ်ဖီး

### အခြားသင်ထောက်ကူပြု ပစ္စည်းများ

၁) စမ်းရေတွင်း တစ်ခုအားပုံဖော်ခြင်း – ဥပမာ – သောက်ရေအိုးတစ်လုံးကို ပြောင်းပြန်လှန် ထားလိုက် ပါ။ ထွက်လာသည့် "ရေ" အတွက်ကိုမူ အဝတ်စ သို့မဟုတ် စာရွက်များကို အမျှင်လေးများ လုပ်၍ အသုံးပြုရပါမည် (စာရွက် အပြာရောင်ဆိုလျှင် ပို၍ ကောင်းပါလိမ့်မည်။) စာရွက်များကို နှစ်ပေ၊

သုံးပေခန့် အရှည်ညှပ်ထားပါ။ စာရွက်တစ်ခုချင်းစီတိုင်းတွင် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာ များကို ရေးသားထားပါ။ များနိုင်သလောက်များများ သင်အသုံးပြုနိုင်ပါသည်။ စာရွက်များကို များများ သင်အသုံးပြုလေလေ စမ်းချောင်းနှင့် ပို၍ တူလေလေ ဖြစ်လိမ့်မည်။ အဓိက အသုံးပြုရမည့် စကားလုံးများမှာ ချစ်ခြင်းမေတ္တာ၊ သစ္စာတရား၊ ကောင်းမြတ်တော်မူခြင်း၊ ခပ်သိမ်းသောတန်ခိုးတော်ရှင်၊ ဥာဏ်တော်ရှင်၊ ဖြောင့်မတ်တော်မူခြင်း စသည်ဖြင့် ဖြစ်သည်။ စာရွက်များအားလုံး၏ အဆုံးတစ်ဘက်ကို စတာပါလက်ဖြင့် ညှပ်ထားရမည်။ စက္ကူများကို အိုးအထဲသို့ ထည့်လိုက်ပြီးနောက် ညှပ်ထားခြင်း မရှိသည့် အပိုင်းကို အိုးအပြင်သို့ ထုတ်ထားရမည်။ ထိုသို့အားဖြင့် စာရွက်များကို တစ်ခုချင်း ဆွဲထုတ်နိုင်စေရန် ဖြစ်သည်။ သို့မဟုတ် စာရွက်ကြီးတစ်ရွက် ပေါ်တွင် စမ်းရေတွင်းကြီးပုံ တစ်ပုံကို ဆွဲပါ။ ထိုစမ်းရေ တွင်းမှ စီးဆင်းလာ စမ်းချောင်းလေးများသည် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများကို ကိုယ်စားပြု ကြောင်း သင်ကြားပေးရင်း ပြောပြသွားပါ။

ရွေးချယ်ရန် – သမ္မာကျမ်းစာပါ ပုံပြင်ကို ပြောပြရန် ဘီစကွက်မုန့် ပုံးများ

## *သင်ခန်းစာ ပို့ချခြင်း*

ထူးဆန်းသည့် အရည်အချင်းရှိသောသူ တစ်ယောက်ကို သင်အလို ရှိကြောင်း ကလေးများကို ပြောပြပါ။ သင်၏စိတ်ထဲတွင် ရှိသောအလုပ်ကို ကလေးတစ်ယောက်ချင်းစီက လုပ်နိုင် ပါ့မလားဟု ကြည့်သည့်အကြည့်ဖြင့် တခန်းလုံးကို ကြည့်လိုက်ပါ။ နောက်ဆုံးတွင် သင့်စိတ်ထဲတွင်ထားရှိသည့် အထူးလုပ်ဆောင်ရမည့် အရာကို လုပ်ဆောင်နိုင်မည်ဟု ထင်သောသူ ရှိပါသလားဟု မေးကြည့်ပါ။

အကြံပြုချက် – *တကယ့်တကယ် ဗိုက်ဆာနေတဲ့ သူတစ်ယောက်ကို ဆရာ/မ လိုအပ်နေပါတယ်။*

ကလေးတစ်ယောက်ကို ရွေးချယ်လိုက်ပြီးနောက် စားသောက်ဖို့ ခွက်၊ ပန်းကန် နှင့် ဇွန်းများကို ပြင်ဆင်လိုက်ပါ။ အသင့်ယူဆောင်လာသော အစားအစာများကို တစ်ခုပြီး တစ်ခု ထုတ်လူလိုက်ပါ။

အောက်ပါအတိုင်း မေးခွန်းများကို မေးပါ။

*ဂျုံမုန့်တွေ စားမလား။ တော်ပြီလား။* (ပန်းကန်ထဲသို့ လျှံကျမတတ်ဖြစ်အောင် ထည့်ပေးလိုက်ပါ။) *အချိုရေတွေရော သောက်မှာမဟုတ်လား။ လောက်ပြီလား။* (ခွက်အပြည့် အချိုရေကို ထည့်လိုက်ပါ။ ထို့ပြင် အခြားခွက်အပိုများတွင်လည်း ထည့်ပေးလိုက်ပါ။ ပေါင်မုန့်ချက်များ နှင့် ဂှက်ပျော်တစ်ဖီး စသည်ဖြင့် ထပ်၍ထပ်၍ ချပေးလိုက်ပါ။)

မေးပါ – *အရမ်းဗိုက်ဆာတယ်လို့ သားက ပြောတယ်နော်။ အခုကော လုံလောက်ပြီလား။ သားစားနိုင်တာထက် ပိုပြီးတော့ စားနိုင်သလား။ လုံလောက်တာထက် ပိုနေသလား။ ဒီမှာရှိတဲ့ဟာတွေက ဒီမနက်၊ ဒီနေ့လယ်၊ ဒီည၊ မနက်ဖြန်၊ နောက်အပတ်တွေအထိ သား စားဖို့အတွက် လုံလောက်ပါမလား။ အခု လောလောဆယ်အတွက်တော့ လုံလောက်ပါတယ်လို့ ပြောလို့ရပေမယ့် အချိန်ကြာလာတာနဲ့အမျှ စားစရာတွေ ကုန်သွားကြမယ် နောက်ပြီးတော့ သားလည်း ဗိုက်ပြန်ဆာလာမယ်၊ ရေပြန်ဆာလာမှာပေ့ါ။*

**ပုံပြင် – ယေရှုရှင်သည် လူပေါင်းလေးထောင်ကို အစာကျွေးခဲ့သည်** *မာကု၊ ၈း၁–၉*

အောက်ပါအချက်များကို အလေးအနက်ထား ပြောပေးပါ။

- လူများစွာတို့သည် အလွန် ဗိုက်ဆာနေကြပြီ ဖြစ်သည်။
- ထိုအနီးတစ်ဝိုက်၌ အစားအစာ ဝယ်လို့ရသော ဈေးဆိုင်လည်း မရှိပေ။
- ထိုမျှလောက်များပြားသော စာလောင်နေသည့် လူအုပ်ကြီးကို အစာကျွေးဖို့ရန် အစားအသောက် အလုံအလောက် မရှိခဲ့သော်လည်း ယေရှုရှင်သည် လုံလောက်သည့်ထက် ပိုသောအစားအသောက် များကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ ပိုလျှံနေသည့် အရာများပင် ရှိနေခဲ့သည်။

ထိုနေရာရှိ လူများအားလုံး ဗိုက်ပြည့်၍ အိမ်ပြန်သွားခဲ့ကြကြောင်းကို ရှင်းပြပေးပါ။ နောက်တစ်နေ့၊ နောက် ထက်လာအုံးမယ့် နေ့တွေမှာ ဘယ်လို ဖြစ်အုံးမလဲ။ သူတို့တွေ ဗိုက်ပြန်စာပြီးတော့ အစားအစာတွေ ပြန်လို ကြမှာလား။ ပြန်ပြီးတော့ ဆာလောင်ကြမှာလား။

**ပုံပြင် – ရေတွင်းနားမှ အမျိုးသမီး** *ယော၊ ၄း၁၃–၁၄*

ရေခပ်ရန်လာသော အမျိုးသမီးနှင့် ယေရှုရှင် တွေ့ဆုံခဲ့ပုံကို ကလေးများအား ရှင်းပြရင်း ပုံပြင်ကို ပြောပြလိုက်ပါ။ ယေရှုရှင်က –

***ဤရေကိုသောက်သော သူသည် နောက်တဖန် ရေငတ်ဦးမည်။ ငါပေးသောရေကို သောက်သော သူမူကား၊ ရေငတ်ခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်လိမ့်မည်" ဟု မိန့်တော်မူ၏။***

မေးပါ – *ယေရှုရှင်က ဘယ်လိုမျိုး ရေကို ပြောနေတာလဲ။ အဲဒီရေကို သောက်လိုက်လို့ ရေဆာခြင်း မရှိနိုင် တော့တဲ့ ရေမျိုး ရှိပါသလား။ အဲဒီရေမျိုးက လုံလုံလောက်လောက် ရှိပါမလား။ အဲဒီရေကို ကန်အကြီးကြီး ထဲမှာများ လှောင်ထားတာလား။ အဲဒီရေဟာ ဘယ်လို ရေမျိုးလဲဆိုတာ ယေရှုရှင်က ပြောခဲ့ပါသလား။*

အငယ် ၁၄ ကို ဖတ်ပါ။

***ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလိုငှါ ထွက်သောစမ်းရေဖြစ်လိမ့်မည်။***

ယေရှုရှင်က ထိုရေကို **စမ်းရေဟု** ဆိုခဲ့ကြောင်းကို ကလေးများအား ရှင်းပြပေးပါ။ စမ်းရေ ဆိုသည်မှာ သဘာဝ အတိုင်း ရေထွက်လာသော နေရာဖြစ်သည်။ ရေများ အဆက်မပျက်ထွက်သည့် နေရာဖြစ်သည်။ ထိုနေရာသည် အဆက်မပျက် စီးဆင်းနေသော စမ်းချောင်းနှင့် တူပါလိမ့်မည်။

မေးပါ – *ဘယ်လို "စမ်းရေတွင်း" သားတို့သမီးတို့ကို ထာဝရအသက် ပေးနိုင်မှာလည်း။ ထာဝရ ကာလ တိုင်အောင် ဘယ်လို "စမ်းရေ" က သားတို့သမီးတို့ရဲ့ စာလောင်မွတ်သိပ်ခြင်းကို ဖြည့်ဆည်း ပေးနိုင် မှာလဲ။*

*ယေရမိ၊ ၂း၁၃* ကို အောက်ပါအတိုင်း ဖတ်ပါ။

*ဘုရားသခင်က ငါသည်* ***အသက်စမ်းရေတွင်း*** *ဖြစ်သည် ဟု ဆိုခဲ့သည်။*

ရှင်းပြ၍ မေးကြည့်ပါ – *ဘုရားသခင်က သူဟာ အံ့ဖွယ်ဖြစ်သော အသက်စမ်းရေတွင်း ဖြစ်တယ်လို့ ပြောထားတယ်။ ဘုရားသခင်က ဘယ်လိုပုံနဲ့ စမ်းရေတွင်း ဖြစ်ရတာလဲ။ ဘုရားသခင်ထံတော်ပါးကနေ "ရေ" တွေ ထွက်လာတာလား။*

စမ်းရေတွင်း ပုံစံလုပ်ထားသော စက္ကူများကို တစ်ခုပြီးတစ်ခု ဆွဲဖြုတ်လိုက်ပြီး (သို့မဟုတ် ဆွဲထားသည့် စမ်းချောင်းပုံကို အသုံးပြုပြီး) ထိုစက္ကူပေါ်တွင် ရေးထားသည့်အရာများကို တစ်ချင်းဖတ်လိုက်ပါ။

အကြံပြုချက် – *ချစ်ခြင်းမေတ္တာဆိုတာ ဘုရားသခင်စီကနေ စီးဆင်းလာတာပါ။ အဲဒီမေတ္တာဟာ အမြဲ အစဉ်မပျက် စီးဆင်းနေတာပါ။ အဲဒီမေတ္တာတရားဟာ ဆရာမ တို့ကို ကျေနပ်သည် အထိအောင် စီးဆင်းနေတာပါ။ အဲဒီမေတ္တာတွေဟာ လုံလောက်ရုံတင်မဟုတ်ပါဘူး ပိုလျှံနေတာပါ။* (အခြားသော စက္ကူများ ပေါ်တွင် ရေးသားထားသည့် အရာများကို ဖတ်ပေးရေး အထက်ဖော်ပြပါအတိုင်း လုပ်ဆောင်ပေးပါ။)

ဘုရားသခင်သည် ကျွန်ုပ်တို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်အတွက် လုံလောက်ရုံတင်သက်သက် မဟုတ်၊ အစဉ်အမြဲ ပိုလျှံလျက်ရှိသည်ကို ရှင်းပြပေးပါ။ ကျွန်ုပ်တို့၌ မုန့်များ၊ အချိုရည်များ၊ အရုပ်များ၊ အဝတ်အစားများ၊ သူငယ်ချင်းများ စသည်ဖြင့် လုံလောက်စွာ ရှိသော်လည်းဘဲ ထိုအရာများက ကျွန်ုပ်တို့ကို အမှန်တကယ် ဝမ်းမြောက်ခြင်း မပေးနိုင်ပေ။ ထိုအရာများက ကျွန်ုပ်တို့၏ အတွင်းပိုင်း စိတ်နှလုံးကို ကျေနပ်အားရအောင် မစွမ်းဆောင်နိုင်ပေ။ ထိုအရာများသည် ကျွန်ုပ်တို့၏ အပြစ်များကို မခွင့်လွှတ်နိုင် သကဲ့သို့ ထာဝရအသက်ကိုလည်း မပေးနိုင်ချေ။

မေးပါ – *ဘယ်သူကပဲ ဆရာမ တို့ကို စိတ်ကျေနပ်မှု ပေးနိုင်တာလဲ။ ဘုရားသခင် တစ်ပါးတည်းသာ ပေးနိုင်တာပါ။ တကယ်ဘဲ ဘုရားသခင်က လုံလောက်ပါသလား။ သူဟာ လုံလောက်တယ်ဆိုတာထက် ပိုနေပါသေးတယ်။ ဆရာမ တို့ရဲ့ လိုအန္တအားလုံးကို ဘုရားသခင်က ဖြည့်ဆည်းပေးနိုင်တဲ့ ဆိုတဲ့ အဓိပ္ပါယ် ရှိတဲ့ စကားလုံး တစ်လုံးရှိပါတယ်။*

ပထမဆုံး ကျွန်ုပ်တို့၏ သင်ခန်းစာ၌ ကောင်းကြီးမင်္ဂလာပုံးထဲတွင် အက္ခရာများ စာရင်းပါရှိသည့် အကြောင်းကို ကလေးများအား ပြန်လည်၍ သတိရလာစေရန် နွေးပေးပါ။ ABCs ကို သင်ကြားရသည့် အရေးအကြီးဆုံး အကြောင်းအရာမှာ ဘုရားသခင်နှင့် ပတ်သက်၍ သူသည် မည်သူဖြစ်သည်၊ မည်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သည် စသည်ဖြင့် ပိုမိုသိရှိစေရန် ဖြစ်သည်ကို ကျွန်ုပ်တို့ ပြောခဲ့ပြီး ဖြစ်သည်။ သင်ကြားသွားခဲ့သည့် အက္ခရာတစ်လုံး စီတိုင်းက ဘုရားသခင်နှင့် ပတ်သက်၍ တစ်စုံတစ်ခုကို ဖော်ပြပေးသည် မဟုတ်ပါလား။ အက္ခရာ တစ်လုံးစီတိုင်း ကို ကျွန်ုပ်တို့ အသုံးပြုသင်ကြားခဲ့ပြီ ဖြစ်သော်လည်း တစ်လုံးမှာ ကျန်နေသေးသည်။ ကျန်နေသေးသည့် အက္ခရာမှာ မည်သည့် အက္ခရာဖြစ်သည်ကို ကလေးများ သိမသိ တစ်ချက်လောက် စောင့်ကြည့်လိုက်ပါ။ "B", God is BOUNTIFUL ဘုရားသခင်သည် ကြွယ်ဝတော်မူသောသူ ဖြစ်သည်။ ကြွယ်ဝသော ဆိုသည့် စကားလုံး၏ အဓိပ္ပါယ်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ လိုအင်ဆန္ဒများအားလုံးကို ဖြည့်ဆည်းပေးနိုင်သည်ဟု ဆိုလိုပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပျော်ရွှင်စေရန်အတွက် လုံလောက်တော်မူသည့်အပြင် ကျွန်ုပ်တို့ အား ထာဝရအသက်ကိုလည်း ပေးစွမ်းနိုင်သူ ဖြစ်သည်။ ကျွန်ုပ်တို့ စိတ်ကူးယဉ်နိုင်သည်ထက်ပို၍ ဘုရားသခင် သည် ကျွန်ုပ်တို့ကို ကျေနပ်ဝမ်းမြောက်စေနိုင်သည်။

*ဖေက်။ ၃း၂၀–၂၁က* ကို ဖတ်ပါ –

*ငါတို့၌ ပြုပြင်သော တန်ခိုးတော် အတိုင်း၊ ငါတို့ တောင်းပန်ကြံစည်သမျှထက် အလွန် ထူးခြားစွာပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ––––– ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။*

ကျွန်ုပ်တို့သည် ဘုရားသခင်၌ အဝမ်းမြောက်ဆုံး နှင့် အကျေနပ်ဆုံး ဖြစ်သည့်အခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုန်းတော် (ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန်တော်မူခြင်း) ကို ထင်ရှားစေကြကြောင်း ရှင်းပြပေးပါ။

ထိုစမ်းရေတွင်းမှ ရေကို သောက်သုံးရန် တန်ဖိုးမည်မျှ ပေးရမည်နည်း။ အဲဒီအသက်ရေရဲ့ တန်ဖိုးက မုန့်တွေ၊ အချိုရည်တွေ၊ အရုပ်တွေထက် ပိုပြီးတော့ တန်ဖိုးပေးရမလား။ အဲဒီအသက်ရေကို ရရှိပိုင်ဆိုင်ဖို့ ဘယ်လို အရေအချင်းတွေကို ပိုင်ဆိုင်ထားရမလဲ။ ယေရှုရှင်က –

***ရေငတ်သောသူအား အသက်စမ်းရေကို အဘိုးမယူဘဲ ငါပေးမည်။*** *(ဗျာ၊ ၂၁း၆)*

***လိုက်လျှောက်ကျင့်သုံးခြင်း***

- ကလေးများအား "B" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်းစာအုပ်မှ ရှာဖွေစေပါ။
- မေးပါ – *သားတို့သမီးတို့ ရာသီဥတု ပူတဲ့ နေ့မျိုးမှာ ရေဆာကြတဲ့အခါ ဘယ်မှာ ရေရှာသောက်ကြသလဲ။ မနက် မိုးလင်းထတဲ့ အချိန်မှာ ဗိုက်ဆာတော့ ဘယ်မှာ အစားအစာကို ရှာကြသလဲ။ ငြီးငွေ့လာတဲ့အခါမှာ ဘာလုပ်ဖို့ ရှာကြံကြသလဲ။ ထိခိုက်ဒဏ်ရာ ရတဲ့အခါ ဘယ်နေရာမှာ အကူအညီရှာသလဲ။ အရာဝတ္ထု ပစ္စည်းတွေနဲ့ လူပုဂ္ဂိုလ်တွေက လိုအပ်တဲ့ အချိန်တိုင်း သားတို့သမီးတို့အတွက် အမြဲတမ်း ရှိနေပါ့မလား။ သားတို့သမီးတို့ရဲ့ လိုအပ်ချက်တွေအားလုံးကို လူတွေက ဖြည့်ဆည်းပေးနိုင်မလား။ အစားအသောက်တွေ၊ ပစ္စည်းဝတ္ထုတွေ နဲ့ လူတွေဟာ ကုန်သွားပြီ သို့မဟုတ် မရှိတော့ဘူး ဆိုတာမျိုး ဖြစ်တတ်တယ် မဟုတ်လား။ ကြွယ်ဝတဲ့ ဘုရားသခင်ကရော သူ့မှာ ဖြည့်ဆည်းပေးဖို့ စွမ်းအားတွေ ကုန်သွားပြီ ဆိုတာမျိုး ရှိပါသလား။ သားတို့သမီးတို့ဟာ စစ်မှန်တဲ့ ဝမ်းမြောက်ခြင်းကို အမှန်တကယ် ဆာလောင်တယ် သို့မဟုတ် လိုချင်တယ်ဆိုရင် ဘယ်မှာ ရှာတွေ့နိုင်မလဲ။*
- ၄င်းတို့ ကြိုက်နှစ်သက်သော အစားအစာ တစ်ခုခုကို စားလိုက်ရ၍ ဗိုက်ပြည့်သွားသည့်အခါ မည်သို့ ခံစားကြရကြောင်း ကလေးများကို မေးပါ။ ဥပမာ – ကလေးလေး တစ်ယောက်က ဗိုက်ဆာတဲ့ အခါ ဘယ်လို ပြုမူပြီးတော့ ဗိုက်ပြည့်သွားတဲ့ အခါမှာ ဘယ်လို ပြုမူသလဲ။ သူ ပြုံးမနေဘူးလား။ ဘာလို့ ကလေးလေးတွေက သူတို့ရဲ့ မိခင်တွေနဲ့ အမြဲအတူရှိတာကို နှစ်သက်ကြရတာလဲ။ သူတို့ရဲ့ လိုအပ်ချက်တွေကို ဘယ်သူက ဖြည့်ဆည်းပေးသလဲ။
- ဘုရားသခင်ဟာ ဆရာ၊မ တို့ရဲ့ လိုအင်ဆန္ဒတွေအားလုံးကို ဖြည့်ဆည်းပေးနိုင်ပြီး ကျွန်ုပ်တို့ကို ဝမ်းမြောက်စေနိုင်တယ်ဆိုတာကို သိတဲ့အခါမှာ ဆရာ၊မ တို့ ဘုရားသခင်ကို ဘယ်လို တုန့်ပြန်ကြ မလဲ။
- လေ့ကျင့်ခန်းစာ စာအုပ်များကိုယူ၍ "A" အက္ခရာမှ အစပြုကာ အက္ခရာစာလုံးများက ဘုရားသခင် နှင့်ပတ်သက်၍ မည်သို့ ဖော်ပြပေးကြောင်းကို လျင်မြန်စွာ ရှင်းပြလိုက်ပါ။ ထိုကဲ့သို့ ပြုလုပ်ပေးခြင်းက ကလေးများအတွက် ကောင်းကြီးမင်္ဂလာကို ဖြစ်စေနိုင်ပါသည်။

သင်ခန်းစာ ၃၇

## *SEEKING GOD ဘုရားသခင်ကို ရှာဖွေခြင်း*

**အဓိကအချက်** – ဘုရားသခင်အား လိုအပ်ခြင်း အကြောင်းကို အသက်တာတွင် မြည်းစမ်းခြင်း။

**အဓိကကျမ်းချက်** – သမင်ဒရယ် သည် ရေစီးသောချောင်းကို တောင့်တသကဲ့သို့ အကျွန်ုပ်ဝိညာဉ်သည် ကိုယ်တော် ကို တောင့်တပါသည်ဘုရား။ ဆာလံ၊ ၄၂း၁

ငါ့ကိုရှာသော အခါ၊ စိတ်နှလုံး အကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။ ယေရမိ၊ ၂၉း၁၃

**နိဒါန်း** – "ABCs ....ကို တို့သိတယ်" ဆိုရုံနှင့် မလုံလောက်ပါ။ မည်သည့်အရာ ဆက်၍ လာသင့်ပါသနည်း။ ဘုရားသခင်၏ အကြောင်းကို သိရုံတင် သိခြင်းသည် လုံလောက်ခြင်း မရှိ။ လူပေါင်းမြောက်များစွာက ဘုရားသခင်အကြောင်း နှင့် ဘုရားသခင်၏ နှုတ်ထွက်စကားတို့ကို သိထားကြသည်။ သို့သော်လည်း ၎င်းတို့ သွားရာလမ်းမှာ ရေသို့ ဦးတည်နေကြသည်။ ဖာရိရှဲများကို ပြီးပြည့်စုံသော အသင်းသားများဟု ဆို၍ရနိုင်ပေမည်။ သူတို့သည် အလွန်ဆက်ကပ်ကြသော အသင်းသားများ ဖြစ်ကြသည့်အပြင် အသင်းတော်တွင်လည်း ဦးဆောင်သူများ ဖြစ်ကြသည်။ ထို့ပြင် ယနေ့ ခရစ်ယာန်များစွာကို အရှက်ရစေနိုင်လောက်သည့် ကျမ်းပိုဒ်များစွာကို အလွတ် ကျက်မှတ်ထားနိုင်သော သူများလည်း ဖြစ်သည်။ သို့သော်လည်း ၎င်းတို့တွင် အပြစ်ဆိုစရာ တစ်ခု ရှိနေသည် – ထိုအရာမှာ ဘုရားသခင်ကို ၎င်းတို့သည် မေတ္တာမရှိ၊ တန်ဖိုးမထားကြခြင်း ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို ရှာဖွေခြင်း မပြုကြ။ အဘယ့်ကြောင့်ပါနည်း။ အကြောင်းမှာ ၎င်းတို့၏ ထိုက်တန်ကျိုးစားအားထုတ်မှု အားဖြင့် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်ကြခြင်းကြောင့် ဖြစ်သည်။ ဘုရားသခင်၏ ရှေ့တော်၌ ၎င်းတို့၏ အပြစ်ရှိခြင်းအကြောင်းကို မေ့လျော့ထားကြသည်။ *The Gospel According to Jesus,* John MacArthur ဆိုသည့် ပုဂ္ဂိုလ်က အထက်ဖော်ပြပါအချက်ကို ယနေ့အသင်းတော်၌ နှိုင်းယှဉ်၍ အောက်ပါ အတိုင်း ပြောပြထားပါသည် –

> *ယနေ့ တွေ့မြင်ရတဲ့ အသင်းတော်က ကယ်တင်ခြင်းတရားနဲ့ ပတ်သက်ပြီးတော့ ထာဝရအသက်ကို လက်ခံရရှိခြင်း အဖြစ်နဲ့သာ တွေ့မြင်နေကြတာပါ။ အပြစ်သား တစ်ယောက်ရဲ့ အပြစ်ကနေလွတ်မြောက်ခြင်း အကြောင်းဖြစ်တယ်ဆိုတာကို မသိကြဘူး ဖြစ်နေတယ်။ ကျွန်တော်တို့တွေက သူတို့ကို ဘုရားသခင်က ချစ်တယ်၊ သူတို့အတွက် အံ့ဖွယ်အကြံအစီတွင် ဘုရားသခင်က ထားရှိထားတယ်ဆိုပြီး ပြောကြပါတယ်၊ ဒါပေမယ့် ဒီလိုပြောဆိုခြင်းဟာ တစ်ဝက်အမှန်တရားဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဘုရားသခင်ဟာ အပြစ်ကို မုန်းတယ် ဒါ့ပြင် နောင်တမရတဲ့ အပြစ်သားတွေကို ပြစ်ဒဏ်ပေးပါလိမ့်မယ်။ ----- တစ်ဦးတစ်ယောက်ရဲ့ အပြစ်နဲ့ပတ်သက်ပြီးတော့ ထောက်ပြရင်ဆိုင်ခြင်း မရှိတဲ့ တရားဒေသနာ မှန်သမျှဟာ မပြည့်စုံတဲ့ သတင်းကောင်း ဖြစ်ပါတယ်။ အပြစ်ဆိုတဲ့ အရာဟာ ကယ်တင်ခြင်းနဲ့ ပတ်သက်လာပြီဆိုရင်တော့ သာမန်သဘောထားရမယ့် အကြောင်းအရာတစ်ခုမဟုတ်ပါဘူး။ အပြစ်ဆိုတာက ကယ်တင်ခြင်းအမှုမှာ အကယ့်ကို ဖြေရှင်းရမယ့် အဓိကပြဿနာပါ (စာ၊ ၆၀)။*

[John MacArthur, *The Gospel According to Jesus*, (Grand Rapids: Zondervan Publishing House, 1988) p. 60.]

အချို့က ကလေးများအနေနှင့် သန့်ရှင်းတော်မူသော ဘုရားသခင် ရှေ့တော်၌ ၄င်းတို့၏ အပြစ်နှင့် ပတ်သက်၍ အထူးတလည် နားလည်နိုင်ပါမည်လားဟု မေးခွန်းထုတ်တတ်ကြသည်။ သို့သော်လည်း အယောက်စီတိုင်း၏ အပြစ်ကို ဖော်ပြရန်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ဖြစ်ပါသည်။ ကလေးတစ်ယောက်စီတိုင်း၏ စိတ်နေသဘောထားနှင့် ၄င်းတို့၏ နားလည်နိုင်စွမ်း အခြေအနေကို ဘုရားသခင် အကုန်အစင် သိတော် မူသည်။ ဘုရားသခင်သည် အခြေအနေအသီးသီးတို့ကို ရိုးရှင်းစွာ ဖော်လွှန်စေနိုင်သကဲ့သို့ ကလေးတစ်ယောက်၏ ယုံကြည်ခြင်းအားဖြင့် လှပသော ဘဝပန်းများကို ဖူးပွင့်စေနိုင်ပါသည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ရေတ်ကောင်းမှုန့် တစ်ဗူး

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) အခန်းပြင်၌ ပြင်ဆင်ထားသော ရေတစ်ဗူး နှင့် ဖန်ခွက်တစ်လုံး
၂) ပုံပြင်ပြောရန် လိုအပ်သော ဝတ်လုံ၊ ခေါင်းပေါင်း၊ စောင်အသေးတစ်ထည်

***သင်ခန်းစာ ပို့ချခြင်း***

ကောင်းကြီးမင်္ဂလာပုံးထဲမှ ရေတ်ကောင်းမှုန့်ဗူးကို ကလေးတစ်ယောက်အား ထုတ်ယူစေပါ။ ရေတ်ကောင်းကို မည်သည့်နေရာတွင် အသုံးပြုသည်ကို သိသလားဟု ကလေးများကို မေးကြည့်ပါ။ အဘယ်ကြောင့် ရေတ်ကောင်းသည် ကောင်းကြီးမင်္ဂလာပုံးထဲ၌ ရှိနေရသနည်း။ ဂရေတ်ကောင်းမှုန့်သည် မည်သည့်အရသာရှိသည်ကို သင်သိလိုကြောင်းကို ပြောပြ၍ မည်းစမ်းသကဲ့သို့ သရုပ်ဆောင်လိုက်ပါ။ ရုပ်ပျက်သွားသလို သရုပ်ဆောင်လိုပါ။ ဘေးပတ်ဝန်းကျင်တွင် အကူအညီရလိုရငြား ရှာကြည့်လိုက်ပါ။ စက္ကန့်အနည်းငယ်ကြာသွားပြီးနောက် ရေကို ငှဲ့သောက်လိုက်ပါ။ တော်တော်သက်သာသွားသည့်ပုံကို ပြလိုက်ပါ။

အကြံပြုချက် – *အို ---- အပြင်မှာရေအသင့်ရှိနေတာကတော့ အရမ်းဝမ်းသာစရာကောင်းတာပဲ။ အစကတည်းက အဲဒီမှာ ရေရှိနေတာက ဆရာမ မသိခဲ့ဘူး။ တကယ်လို့သာ ရေမရှိရင်တော့ ဘယ်လိုဖြစ်မလဲ ဆိုတာကို ဆရာမ ကတော့ မစဉ်းစားတတ်ဘူး။*

အမှန်တကယ်ရေစာခြင်း မရှိသရွေ့ သင်သည် ရေ၏ အရေးပါပုံကို နားမလည်နိုင်ကြောင်းကို ကလေးများအား ရှင်းပြပေးပါ။ အချို့တူညီသော ဥပမာများကိုလည်း ပြောပြပါ – ရေနစ်နေလျှင် အသက်ကယ်ဖော့အကျႌ၊ မီးလောင်နေသော အဆောက်အအုံပေါ်မှ အောက်သို့ဆင်းရန် လိုအပ်သောကြိုး၊ ဖျားသည့်အခါ သောက်သုံး ရန်ဆေးဝါး။ တစ်စုံတစ်ခုကို ဘယ်လောက်ထိ လိုအပ်တယ်ဆိုတာကို မသိမချင်း ထိုအရာကို ကျွန်ုပ်တို့ မရှာဖွေတတ်ကြပေ။ တစ်စုံတစ်ခုကို ကျွန်ုပ်တို့ အလွန်လိုအပ်လာပြီဆိုလျှင် ဥပမာ ရေတ်ကောင်းကို စားသောက်မိပြီးသည့်နောက် ရေကို ရှာသကဲ့သို့ မတွေ့မခြင်း ရှာဖွေတတ်ကြသည်။

ပြန်၍နွေးပေးပါ – *ပြီးခဲ့တဲ့ အပတ်က ရေနဲ့ ပတ်သက်ပြီးတော့ သင်ကြားခဲ့ကြတယ်နော်။ အဲဒီရေကို "ထာဝရ အသက်စမ်းရေ" လို့ ခေါ်တယ်မဟုတ်လား။ အဲဒီအသက်စမ်းရေတွင်းဆိုတာက ဘုရားသခင် ကိုယ်တိုင်*

*ဖြစ်တယ်။ ယေရှုရှင်က ရေဆာသောသူတိုင်းကို အသက်ရေသောက်ခွင့် ပေးမယ်လို့ ပြောခဲ့တယ် (ဗျာ၊ ၂၁း၆)။ ဒါပေမယ့် ဘယ်အရာက ဆရာ၊မ တို့ကို ဘုရားသခင်အား တကယ် ဆာလောင်စေမှာလဲ။ ဘယ်အရာက ဘုရားသခင်နဲ့ ဝေးနေတဲ့အခါမှာ ဘုရားသခင်ထံ အပြေးနှင်ချင်လာအောင် ဆရာ၊မ တို့ကို တွန်းအားပေးနေသလဲ။*

**ပုံပြင် – ဖာရိရှဲ နှင့် အခွန်ခံ** *လုကာ၊ ၁၈း၁၀–၁၄က*

ဖာရိရှဲ နှင့် အခွန်ခံတို့သည် မည်သို့သောသူများဖြစ်သည်ကို နောက်ကြောင်းအား ရိုးရှင်းစွာ ပြောပြပေးပါ။ ဖာရိရှဲများသည် ဘာသာတရား အလွန် ကိုင်းရှိုင်းသူများ ဖြစ်သည်ကို ရှင်းပြပေးပါ။ ၄င်းတို့သည် ဘုရားသခင်နှင့် ပတ်သက်၍ အားလုံးနီးပါး သိထားကြသူများ ဖြစ်သည့် အပြင် ကျမ်းချက်များစွာကိုလည်း အလွတ်ကျက်မှတ်ထားနိုင်ကြသည်။ ၄င်းတို့ကို ၄င်းတို့ သူတော်ကောင်းများ ဖြစ်သည်ဟု ထင်ထားကြသည်။ အခွန်ခံများမှာမူ အလွန် မုန်းတီးခြင်းကို ခံရသည့် သူများအဖြစ် သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသည်။ ပြည်သူလူထုကို အမြဲတမ်း လိမ်လည်သောသူများ ဖြစ်ကြသည်။ ပြည်သူလူထုက ၄င်းတို့ကို အလွန် ဆိုးသွမ်းသူများဟု မှတ်ယူထားကြသည်။

*အခန်းငယ် ၁၀ မှ ၁၃* အထိ ဖတ်ရှုက်လိုက်ပြီး ပါရှိသည့်အတိုင်း သရုပ်ဆောင်လိုက်ပါ။ အောက်ပါ မေးခွန်းများကိုဆက်လက်၍ မေးပါ။

*ဒီနှစ်ယောက်ထဲက တစ်ယောက်ဟာ အကူအညီ အမှန်တကယ်လိုတယ်လို့ သားတို့သမီးတို့ ထင်သလား။ ဘယ်တစ်ယောက်လဲ။ သူဘာလုပ်နေတယ်လို့ ထင်သလဲ။ ဘာလို့ သူအဲဒီလောက်ထိ ဝမ်းနည်းနေရပြီး အကူအညီလိုအပ်နေရတာလဲ။ သူ့အကြောင်းနဲ့ ပတ်သက်ပြီးတော့ သူကိုသူ ဘာသိထားသလဲ။ သန့်ရှင်းတဲ့ ဘုရားသခင်ရှေ့တော်မှောက်မှာ သူ့ကိုသူ လူကောင်းတစ်ယောက်လို့ ထင်နေခဲ့သလား။ ဘုရားသခင်ရှေ့တော်မှောက်မှာ သူ့ရဲ့ စိတ်နေသဘောထားက ဘယ်လိုရှိခဲ့သလဲ။*

အခွန်ခံ၏ အသက်တာတွင် ငွေတတ်ကောင်းကို စားမိခြင်းထက် ပိုဆိုးသည့် ပြဿနာမျိုးနှင့် ရင်ဆိုင်နေရကြောင်းကလေးများကို ရှင်းပြပေးပါ။ သူသည် ဖြောင့်မတ်တော်မူသော ဘုရားသခင် ရှေ့တော်၌ မတ်တက်ရပ် နေခြင်းဖြစ်သည်။ သူသည် အပြစ်သားတစ်ယောက် ဖြစ်သည်။ အပြစ်နှင့် ပတ်သက်၍ ဘုရားသခင် မည်သို့ပြုလေ့ရှိသနည်း။ အပြစ်သားတစ်ယောက်အနေနှင့် မည်သည့်အရာကို ထိုက်တန်ပါသနည်း။ ဘုရားသခင်၏ ထာဝရအမျက်တော်နှင့် ထိုက်တန်သောသူ ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုအခြေအနေ၌ ပျော်ရွှင်နိုင်မည် မဟုတ်ချေ။ သူသည် ဘုရားသခင်၏ အကူအညီကို လုံးလုံးလျားလျား လိုအပ်သည်ကို သိရှိထားသည်။ ဘုရားသခင်၏ မေတ္တာတော်ကို စံစားနိုင်ရန် သူသည် ဘုရားသခင်၏ အမျက်တော်မှ ရှေးဦးစွာ ကယ်တင်ခြင်းခံရန် လိုအပ်နေခဲ့သည်။ ဘုရာသခင်၏ အကူအညီပေးခြင်းကို ကျွန်ုပ်တို့ မည်သည့်နေရာတွင် ရှာတွေ့နိုင်မည်နည်း။

*တမန်၊ ၄း၁၀၊ ၁၂* ကို ဖတ်ပေးပါ။

***ဘုရားသခင် သည် သေခြင်းမှထမြောက်စေတော်မူသော နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော်အားဖြင့် ––––– ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။***

ဘုရားသခင်၏ အမျက်တော်မှ ကယ်တင်ခြင်းကိုခံ၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတရား၌ ကျင်လည်နိုင်ရန် တစ်ခုတည်းသော လမ်းမှာ ယေရှုရှင်အား ယုံကြည်ကိုးစားခြင်း အားဖြင့်သာဖြစ်သည်။ အခွန်ခံ၊ ဖာရိရှဲ၊ သင်နှင့်

ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများ ဖြစ်ကြသည် *(ရောမ၊ ၃း၂၃)*။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ အပြစ်ကြောင့် ခံထိုက်တော်မူသည့် ပြစ်ဒဏ်ပေးခြင်းမှ ကယ်တင်ခြင်းကို ခံရန် လိုအပ်ကြပါသော်လည်း ဖာရိရှဲကဲ့သို့ပင် လူတချို့ တို့သည် သူတို့သည်လည်း အပြစ်သားများ ဖြစ်နေကြသည်ကို နားမလည်ကြပေ။ ဖာရိရှဲများကဲ့သို့ပင် ၄င်းတို့ကို ၄င်းတို့ လူကောင်းများဖြစ်ကြသည်ဟု ဆိုကာ ကယ်တင်ရန် မလိုအပ်ဟု ထင်တတ်ကြသည်။ ဘုရား သခင်ကို စာလောင်ခြင်း အလျင်းမရှိကြပေ။ ယေရှုရှင် တစ်ပါးတည်းကသာလျှင် ပေးစွမ်းနိုင်သည့် အကူအညီကို ရှာဖွေတောင်းခံခြင်း မပြုကြ။ ဘုရားသခင်သည် မိမိကိုယ်ကို ကောင်းသည်ဟု ထင်သောသူများအား ကယ်တင်ရန် ဆင်းကြွလာခြင်းမဟုတ် အပြစ်ရှိသော အပြစ်သားများကို ကယ်တင်ရန် ဆင်းကြွလာခြင်း ဖြစ်သည် (မဿဲ၊ ၉း၁၃)။ ဘုရားသခင်ကို အမှန်တကယ် ဆောင်လောင်သော အပြစ်သားများအား ကယ်တင်ရန် ယေရှုရှင် ဆင်းကြွလာခြင်း ဖြစ်သည်။ ထိုသို့သော ပုဂ္ဂိုလ်များသည် ယေရှုရှင် တစ်ပါးတည်းကသာလျှင် ၄င်းတို့ကို ကယ်တင်နိုင်ပြီး ကျွန်ုပ်တို့၏ လိုအင်ဆန္ဒများကို ထာဝစဉ် ဖြည့်စွမ်းပေးနိုင်သည့် အလွန်ကြွယ်ဝတော်မူသော ဘုရားသခင်နှင့် အတူ စံစားနိုင်စေရန် ကူညီနိုင်ကြောင်းကို သိထားကြသည်။

အကြံပြုချက် – *ဘုရားသခင်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို သင်ယူတယ်ဆိုတာ အရမ်းကောင်းပါတယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့ အကြောင်းကို သိထားရုံသက်သက်ကတော့ သားတို့သမီးတို့ကို အပြစ်ကနေကယ်တင်ပေးနိုင်မှာ မဟုတ်သလို ပျော်ရွှင်မှုကိုလည်း ပေးစွမ်းနိုင်မှာ မဟုတ်ပါဘူး။ ဘုရားသခင်ကို အမှန်တကယ် သိဖို့အတွက်ကတော့ အပြစ်ရဲ့ နာကျင်ပူလောင်ခြင်းကို ဧရုတ်ကောင်း အစပ်ကို ခံစားတာထက် ခံစားတတ်ပြီးတော့ ယေရှုရှင်ကို လုံးလုံးလျားလျား ရှာဖွေရမှာ ဖြစ်တယ်။ ရေစာတဲ့ အခါမှာ ရေကို ရှာဖွေကြတာထက် ပိုပြီးတော့ ပျင်းပြတဲ့ စိတ်နဲ့ ယေရှုရှင်ကို ရှာဖွေကြရမှာပါ။ သူ့ကို စိတ်နှလုံး အကြွင်းမဲ့ ရှာတဲ့သူတွေအတွက် ဘုရားသခင်က ကတိတော်တစ်ခုပေးထားပါတယ်။*

***ငါ့ကိုရှာသော အခါ၊ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။***

*(ယေရမိ၊ ၂၉း၁၃)*

ဘုရားသခင်ကို ရှာဖွေတွေ့ရှိခြင်း ဆိုသည်မှာ ဘုရားသခင်ကို သင်၏နှလုံးသားထဲမှ သိရှိခြင်း ဖြစ်သည်ကို ရှင်းပြပေးပါ။ ဘုရားသခင်ကို သူ၏ ကယ်တင်ရှင် အသက်သခင်အဖြစ် သိရှိခြင်း ဖြစ်သည်။

(မှတ်ချက် – အကယ်၍ အခွင့်အခါ ရှိပါမည်ဆိုလျှင် ကယ်တင်ခြင်းရရှိရန် အတွက် ယုံကြည်လက်ခံခြင်း မရှိသေးသော ကလေးများကို သက်သေခံခိုင်း၍ ယေရှုရှင်ကို မိမိ၏ကယ်တင်ပိုင်ရှင် အပြစ်လက်ခံ ယုံကြည်ရန် ဖိတ်ခေါ်လိုက်ပါ။)

***လိုက်လျှောက်ကျင့်သုံးခြင်း***

- ကလေးများအား "ဘုရားသခင်ကို ရှာဖွေခြင်း" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်း စာအုပ်မှ ရှာဖွေစေပါ။
- *ဆာလံ၊ ၄၂း၁–၂* ကို ဖတ်ပေးပါ။ ဆာလောင်တော်မွတ်ခြင်း ဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို ရှင်းပြ၍၊ အဘယ့်ကြောင့် အချို့သော တိရစ္ဆာန်များသည်လည်း ဆာလောင်တတ်ကြသည်ကို ရှင်းပြဆွေးနွေးပေးပါ။ လူတစ်ယောက်၏ စိတ်ဝိညာဉ်က ဘုရားသခင်ကို မည်သို့ ဆာလောင်တောင့်တပါသနည်း။

*မေးပါ – ဖာရိုရဲ့က ဘုရားသခင်ကို ဆာလောင်တောင့်တ ခဲ့ပါသလား။ အခွန်ခံကရော ဘုရားသခင်ကို ဆာလောင်တောင့်တ ခဲ့ပါသလား။ သားတို့သမီးတို့ရော ဘုရားသခင်ကို ဆောင်လောင်တောင့်တ ကြပါသလား။*

- *ယေရမိ၊ ၂၉း၁၃* ကို ဖတ်ပေးပါ။

  မေးပါ – *"စိတ်နှလုံးအကြွင်းမဲ့" ဖြင့် ဘုရားသခင်ကို ရှာဖွေတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ။*

  ဥပမာ – တစ်စုံတစ်ခုကို အမှန်တကယ် သင် ရှာဖွေဖူးပါသလား။ လူအုပ်ကြီးထဲမှာ ပျောက်ကျန်နေ ခဲ့လို့ သားတို့သမီးတို့ရဲ့ မိဘကို ပြန်ရှာတဲ့ အဖြစ်မျိုးနဲ့ ကြုံဖူးပါသလား။ အဲဒီအချိန်မှာ "ဒီနေ့တော့ နေ့လယ်စာ ဘာစားမလဲမသိ" ဆိုပြီးတော့ အခြားအကြောင်းအရာကို စဉ်းစား ပါ့မလား၊ ဒါမှမဟုတ် "အမေနဲ့ အဖေကို ပြန်တွေ့ချင်တယ်" ဆိုပြီး တော့ စဉ်းစားနေမှာလား။

- မေးပါ – *တကယ်လို့ သားတို့သမီးတို့က အစားအသောက်ကို ရှာမယ်ဆိုရင် အိပ်ရာထဲမှာ ရှာမှာလား၊ မီးဖိုချောင်မှာ ရှာမှာလား။ သားတို့သမီးတို့ရဲ့ ဖိနပ်ကို ရှာတဲ့အခါမှာ ဖိနပ်စင် မှာ ရှာမှာလား ရေခဲ သေတ္တာထဲမှာ ရှာမှာလား။*

  လူတွေများစွာက ဘုရားသခင်ကို မှားယွင်းတဲ့ နေရာတွေမှာ ရှာဖွေကြတယ်။ ဥပမာ ရုပ်တုတွေ လုပ်ကြတယ်၊ ကောင်းမှု ကုသိုလ်လုပ်ကြတယ်၊ ဘုရားရှစ်ခိုးပြီးတော့ ပူဇော်ပသကြတယ်၊ တန်ခိုး ကြီးတယ် ဆိုတဲ့ မြို့ကြီးတွေ၊ စေတီပုထိုးတွေစီ အလည်အပတ် သွားကြတယ်၊ နံရံတွေကို သွားကိုင် ကြတယ်၊ အဆောင်အယောင်တွေ ဝတ်ဆင်ကြတယ် စသည်ဖြင့် ဘုရားကို ရှာကြတာပေ့ါ။ ဘုရား သခင်ရဲ့ အမျက်တော်ကနေ ကယ်တင်နိုင်မယ့် တစ်ခုတည်းသော နေရာကို ဘယ်မှာ ရှာတွေ့နိုင်မလဲ။ ဆရာ၊မ တို့အားလုံးကို ထာဝစဉ် ကျေနပ်စေမယ့် ရေကို ဘယ်နေရာမှာ တွေ့နိုင်မလဲ။ ယေရှုရှင်ဆိုတဲ့ အမည်နာမကလွဲပြီးတော့ အခြားနေရာမရှိတော့ပါဘူးကွယ်။

- *ယေရမိ၊ ၂၄း၇* ကို ဖတ်ပါ။

  ***ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို၊ သူတို့သိနိုင်သော စိတ်နှလုံးကို ငါပေးမည်။ သူတို့သည် ငါ၏လူဖြစ်ကြ၍၊ ငါသည်လည်းသူတို့၏ ဘုရားသခင်ဖြစ်လိမ့်မည်။***

ဘုရားသခင်ကို စိတ်နှလုံးကြွင်းမဲ့ ရှာတဲ့သူတွေကို ဘုရားသခင်က သူ့ကို အမှန်တကယ် သိနိုင်မဲ့ နှလုံးသားကို ပေးတော်မူတယ်။

သင်ခန်းစာ ၃၈

## *LOVING GOD ဘုရားသခင်အား ချစ်မြတ်နိုးခြင်း*

**အဓိကအချက်** – အသက်တာရှိ အခြားအခြားသော အရာများထက် ဘုရားသခင်သည် ထူးမြတ်ကြောင်းကို မြည်းစမ်းခြင်း။

**အဓိကကျမ်းချက်** – ကိုယ်တော်မှတပါး၊ ကောင်းကင်ဘုံမှာ အကျွန်ုပ်၌ အဘယ်သူ ရှိပါသနည်း။ ကိုယ်တော်ကို အလိုရှိသည်နှင့်အမျှ မြေကြီးပေါ်မှာ အကျွန်ုပ်သည် အဘယ် အလိုရှိပါသနည်း။ ဆာလံ၊ ၇၃း၂၅

**နိဒါန်း** – မည်သည့် ပညတ်တော်သည် အကြီးမြတ်ဆုံး ပညတ်တော် ဖြစ်သနည်း။ မည်သည့်အရာသည် ပညတ်တရားအားလုံးအား ပြည့်စုံစေသော အရာဖြစ်သနည်း။ *"အိဿရေလအမျိုး၊ –––– သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။"* ဆိုလိုသည်မှာ စစ်မှန်သော ယုံကြည်သူ တစ်ယောက်၏ အတွင်းအမှတ်အသားမှာ ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့ ချစ်ခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်အား စိတ်နှလုံး အကြွင်းမဲ့ ချစ်ခြင်းဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။ ထိုချစ်ခြင်းက သင်၏ ကလေး၊ ခင်ပွန်း၊ ဇနီး သို့မဟုတ် မိဘ အပေါ် ထားရှိသည့် မေတ္တာမျိုးနှင့် တူပါမည်လား။ ထိုမေးခွန်း၏ အဖြေကို *မဿဲ၊ ၁၀း၃၇* ၌ ယေရှုရှင်က အဖြေပေးခဲ့ပါသည်။

**အကြင်သူသည် ငါ့ကိုချစ်သည်ထက် မိဘကိုသာ၍ချစ်၏၊ ထိုသူသည် ငါနှင့်မထိုက်တန်။ အကြင်သူသည် ငါ့ကိုချစ်သည်ထက် သားသမီးကိုသာ၍ချစ်၏၊ ထိုသူသည် ငါနှင့်မထိုက်တန်။**

ဤခေါ်ဆိုခြင်းသည် ဘုရားသခင်ကို အချစ်ဆုံး ချစ်ရန် ခေါ်ဆိုခြင်း ဖြစ်သည်။ ဤဖိတ်ခေါ်ခြင်းသည် အတင်းအဓမ္မ လုပ်ယူခြင်း မဟုတ်ပေ။ ဘုရားသခင်သည်သာ အရာခပ်သိမ်းထက် ပို၍ မြတ်တော်မူသည်ဟူသည့် စိတ်နေသဘောထားမှ လာသော အရာဖြစ်သည်။ ထိုအခြေအနေသည် ဘုရားသခင်က ကျွန်ုပ်တို့အထဲ၌ အသစ်သောနှလုံးသားကို ပေးမှသာလျှင် ဖြစ်လာနိုင်ပါသည်။ *"သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ချစ်စေခြင်းငှါ"* ဘုရားသခင် အမှုပြုတော်မူမည် *(တရား၊ ၃၀း၆)*။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) မိသားစု ပုံတစ်ပုံ သို့မဟုတ် ချစ်ခြင်းမေတ္တာ သင်္ကေတ (ဥပမာ – လက်ထပ်လက်စွပ်)

**အခြားသင်ထောက်ကူပြု ပစ္စည်းများ**

၁) အရွယ်အစားကြီးမားသည့် နှလုံးသားပုံ နှစ်ပုံ (စက္ကူကဒ်ထူဖြင့် ညှပ်ယူလို့ရသည်)။ နှလုံးသား ပုံတစ်ပုံပေါ်တွင် "ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ ချစ်ခြင်း" ဟု ရေးသားထားပါ။

၂) ကပ်ခွါ ငါးခု – ထို ကပ်ခွါတစ်ခု ချင်းစီတွင် သင် ချစ်သော လူပုဂ္ဂိုလ် ငါးဦးတို့၏ အမည်များကို သီးခြားရေးပါ။

၃) ကပ်ခွါ တစ်ခုပေါ်တွင် "ဘုရားသခင်" ဟု ရေးပါ။
၄) အရွယ်အစား ပို၍သေးငယ်သော နှလုံးသားပုံ ငါးပုံ၊ ထိုနှလုံးသားပုံများပေါ်တွင် "ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ" ဟု ရေးသားထားပါ။
၅) *တရား၊ ၆း၄-၅၊ မဿဲ၊ ၂၂း၃၇၊ မာကု၊ ၁၂း၃၀၊ လုကာ၊ ၁၀း၂၇* တို့ကို ရေးသားထားသည့် စက္ကူလိပ် (မှီငြမ်းရန်စာအုပ်တွင် ကြည့်ပါ)။

***သင်ခန်းစာ ပို့ချခြင်း***

ကောင်းကြီးမင်္ဂလာပုံးထဲ၌ ပြင်ဆင်ထည့်ထားသော ရုပ်ပုံ သို့မဟုတ် သင်္ကေတ ကို ကလေးတစ်ယောက်အား ရှေ့ထွက် ထုတ်ယူစေပါ။ ထိုပုံသည် သို့မဟုတ် ထို သင်္ကေတသည် မည်သည့်အရာကို ပုံဆောင် နေကြောင်းနှင့် သင်နှင့်မည်သို့ ဆက်နွယ်မှုရှိသည်ကို ဖော်ပြပေးကြောင်းကို ရှင်းပြပေးပါ။ ထိုပုဂ္ဂိုလ်ကို အဘယ့်ကြောင့် သင်သည် အလွန်ဂရုစိုက်ရကြောင်း ဥပမာအချို့ပေး၍ ပြောပြပါ။ အခြားလူများနှင့်မတူပဲ ထိုပုဂ္ဂိုလ်အား ခြားနားစွာ သင်၏ ဆက်ဆံပုံ အချို့တို့ကို ပြောပြပါ။ အခြားသူများကို မလုပ်ပေး ပါသော်လည်း ထိုသူအတွက် သင်လုပ်ပေးသည့် အရာအချို့ကိုလည်း ပြောပြပေးပါ။ ထိုသို့ ပြုမူနေရခြင်းမှာ သင်အား အတင်းအဓမ္မခိုင်းစေ၍ မဟုတ်ဘဲ သင်၏ နှလုံးသားထဲမှ အလိုအလျောက်ထွက်လာခြင်း ဖြစ်သည် ကို ကလေးများအား ရှင်းပြပေးပါ။ ထိုခံစားချက်များသည် သင်၏အတွင်းနှလုံးသားထဲမှ စီးဆင်းလာကြခြင်း ဖြစ်သည်။

အကြံပြုချက် – *တစ်စုံတစ်ယောက်အပေါ် အထူးအလေးအနက်ထားပြီး ဆရာ/မ တို့ ဆက်ဆံတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကို ဆရာ/မ မြတ်နိုးနှစ်သက်တယ်ဆိုတာကို ပေါ်လွင်စေပါတယ်။ သူ့ကို သို့မဟုတ် သူမကို ဆရာ/မ တို့ ဘယ်လောက်ထိ ချစ်သလဲဆိုတာ ပေါ်လွင်ပါတယ်။ တစ်စုံတစ်ယောက်ကို ဆရာ/မ တို့ ချစ်ပြီ ဆိုရင်တော့ သူနဲ့ပဲ အတူနေချင်တော့တယ်။ သူတို့ နှစ်သက်တဲ့ အရာတွေကို လိုက်ပြီးတော့ နှစ်သက် ချင်တယ်၊ သူတို့ကို စိတ်ချမ်းသာစေချင်တယ်၊ သူတို့နဲ့အတူ ဘဝကို ခံစားချင်လာတယ်၊ သူတို့တွေဟာ ဆရာ/မ တို့အတွက် ဘယ်လောက်ထိ အဖိုးတန်သလဲဆိုတာကို ပြောပြ၊ လက်တွေ့ လုပ်ပြလာချင်တယ်။ တစ်စုံတစ်ယောက်ကို ချစ်တယ်ဆိုတာက သူတို့ကို ပထမနေရာ ပေးခြင်းဖြစ်တယ်။ ကိုယ့်အတွက် ဆိုပြီး တော့မဟုတ်တော့ပါဘူး။ တနည်းပြောရရင်တော့ ကိုယ့်သဘောနဲ့ကို ဘာမှ မလုပ်တော့တာကို ဆိုလို ပါတယ်။ *ချစ်ခြင်းမေတ္တာ ဆိုတာ စကားလုံးလေး တစ်လုံးဖြစ်ပေမယ့် တကယ်ကို ကြီးမားလှပါတယ်။*

*(မှတ်ချက် – ဤနေရာတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ ဆိုလိုခြင်းမဟုတ်၊ ကျွန်ုပ်တို့ဘက်မှ တစ်စုံတစ်ယောက်ကို ချစ်မေတ္တာထားခြင်းကို ဆိုလိုသည်။ သင်ခန်းစာ ၁၆ ကို ကြည့်ပါ။)

နာမည်များရေးသားထားသည့် ကပ်ခွါများ နှင့် မည်သည့်အရာမျှ ရေးသားထားခြင်း မရှိသေးသည့် နှလုံးသား ပုံတို့ကို အသုံးပြု၍ သရုပ်ပြလိုက်ပါ။ နှလုံးသားပုံကို သင်၏နှလုံးသား ရှိသည့်နေရာ၌ တထပ်တည်း ကိုင်ပြ လိုက်ပါ။

အကြံပြုချက် – *ဆရာ/မ တကယ်ချစ်တဲ့ လူတွေ အများကြီး ရှိပါတယ်။ ဥပမာ – ဆရာ/မ က ဆရာ/မ ရဲ့ အမေကို ချစ်တယ်၊* (နှလုံးသားပုံမှ အပိုင်းတစ်ပိုင်းကို ဖြဲလိုက်ပြီး နာမည်ကို ကပ်လိုက်ပါ) *နောက်ပြီး အဖေ့ကို လည်းချစ်တာပဲ ----- စသည်ဖြင့်*

"ဘုရားသခင်" ဟု ရေးထားသည့် ကပ်ခွါစာရွက်မှလွဲ၍ ကျန်နာမည်များကို အထက်ဖော်ပြပါအတိုင်း

လုပ်ဆောင် ပြလိုက်ပါ။

> အကြံပြုချက် – *ဘုရားသခင်ကို ချစ်တာလည်း ရှိသေးတယ်။ ဒါကတော့ ကတယ်ကို အရေးကြီးပါတယ်။* (နှလုံးသားပုံ အဖြဲခံထားရသည့် အားလျော်စွာ ကျန်ခဲ့သည့် အပိုင်းလေးကို "ဘုရားသခင်" ဟု ရေးထားသော ကပ်ခွါစက္ကူလေးတွေ ကပ်လိုက်ကာ ဆက်၍ ကိုင်မြောက်ထားလိုက်ပါ။)

တစ်နှစ်တာလုံး အချိန်သုံးကာ ကျွန်ုပ်တို့၏ သင်ခန်းစာတိုင်း၌ ဘုရားသခင်သည် မည်သူဖြစ်၍၊ မည်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်သည်ဟူ၍ သင်ကြားခဲ့ကြသည်ကို ပြန်လည် နွေးပေးပါ။ ဘုရားသခင်ကို ကျွန်ုပ်တို့သည် သိနား၍လည်၊ ယုံကြည်ကိုးစားကာ၊ ကိုးကွယ် နာခံခြင်းအားဖြင့် ပြန်လည်တုန့်ပြန်ရမည်ကိုလည်း သင်ကြားကြရမည်ဖြစ်ကြောင်း ကလေးများကို ပြောပြပါ။

> မေးပါ – *ဘုရားသခင်ကို ပြန်လည် တုန့်ပြန်တဲ့အခါမှာ ဘယ်လိုနည်းလမ်းနဲ့ တုန့်ပြန်ခြင်းက အရေးကြီးဆုံးလဲ ဆိုတာ သိတဲ့သူ ရှိသလား။ အဖြေကို ဘယ်မှာတွေ့နိုင်မလဲ။*

*တရားဟော၊ ၆း၄–၅* ကို ပြ၍ ဖတ်ပေးပါ။

*အိုဣသရေလအမျိုး၊ –––– သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။*

***"စိတ်နှလုံးအကြွင်းမဲ့"*** ဆိုသည့် စကားလုံးကို အလေးအနက် ထား၍ ထပ်မံ၍ ဖတ်ပေးပါ။ ထို့နောက် "ဘုရားသခင်" ဟု ရေးထားသည့် ကပ်ခွါစက္ကူကပ်ထားသည့် နှလုံးသား အပိုင်းအစကို ကြည့်လိုက်ပါ။ သင့်၌ နှလုံးသား အပိုင်းအစသာ ကျန်တော့ကြောင်းကို ကလေးများကို ပြောလိုက်ပါ။ ကျန်အပိုင်းအစများမှာ အခြားသောသူများအတွက် အသုံးပြုပြီး ဖြစ်သည်။ အခြားသော ကျမ်းပိုဒ်နှင့် ကိုက်ညီမှုရှိပါမည်လားဟူ၍ ကြိုးစားကြည့်၍ ပြောလိုက်ပါ။

*မဿဲ၊ ၂၂း၃၇* ကို ပြ၍ ဖတ်လိုက်ပါ။ ***"စိတ်နှလုံးအကြွင်းမဲ့"*** ဆိုသည့် စကားလုံးကို အလေးအနက် ထား၍ ထပ်မံ၍ ဖတ်ပေးပါ။

*မာကု၊ ၁၂း၃၀* နှင့် *လုကာ၊ ၁၀း၂၇* ကို ပြန်၍ ဖတ်ပေးပါ။ အထက်တွင် ပြုလုပ်ခဲ့သည့် နည်းတူ ဆက်လုပပါ။

> မေးပါ – *ဘုရားသခင်က ဆရာ/မ ရဲ့ နှလုံးသား အကုန်လုံးကို ရချင်တာလို့ ဆိုလိုတာလား။ နှလုံးသားရဲ့ အစိတ်အပိုင်းအားလုံးကိုလား။ အခြားသူတစ်ဦးကို ချစ်ဖို့အတွက် နှလုံးသားရဲ့ အစိတ်အပိုင်း အနည်းငယ်ကို ချန်ထားလို့ ရမလား။* (အခြားသော ကပ်ခွါစက္ကူများကိုကြည့်လိုက်ပါ။) *အမေ၊အဖေနဲ့ သူငယ်ချင်းတွေကို ချစ်လို့ မရတော့ဘူးလား။ ဘယ်လိုလဲ။*

*မဿဲ၊ ၁၀း၃၇* ကို ဖတ်ပါ။

***အကြင်သူသည် ငါ့ကိုချစ်သည်ထက် မိဘကိုသာ၍ချစ်၏၊ ထိုသူသည် ငါနှင့်မထိုက်တန်။ အကြင်သူသည် ငါ့ကိုချစ်သည်ထက် သားသမီးကိုသာ၍ချစ်၏၊ ထိုသူသည် ငါနှင့်မထိုက်တန်။***

ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့ ချစ်ခြင်းဆိုသည်မှာ ဘုရားသခင်ကို အခြားအခြားသော အရာများထက် ချစ်ခြင်းကို ဆိုလိုကြောင်းကို ရှင်းပြပေးပါ။ ထိုသို့ ဆိုရာတွင် သင်လုပ်ကို လုပ်ရမည်ဟူသည့် စိတ်သဘောဖြင့် ဘုရားသခင်ကို ချစ်တော်မူခြင်း မဟုတ်ပေ။

အကြံပြုချက် – *ဘုရားသခင်ကို ချစ်တယ်ဆိုတာက သားတို့သမီးတို့ရဲ့ နှလုံးသားထဲကနေ ဘုရားသခင်ဟာ အခြားသော အရာများအားလုံးထက် ပိုပြီးတော့ မွန်မြတ်တော်မူတယ် ဆိုတဲ့ ခံစား ချက်ပါ။ ဘုရားသခင်ကို ချစ်တယ်ဆိုတာက အရာရာ အားလုံးထက် ဘုရားသခင်ကို ကျေနပ်စေချင်တာ၊ ဘုရားသခင်နဲ့ အတူရှိနေချင်တာ၊ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း အသက်ရှင်ချင်တာ၊ ဘုရားသခင်နဲ့ အတူ ပျော်ရွှင်ချင်တာ။*

မြောက်များစွာသော အချိန်များတွင် ကျွန်ုပ်တို့သည် ဘုရားသခင်ထက် အခြားသောအရာများကို ချစ်မြတ်နိုး တတ်ကြသည့်အတွက် ထိုသို့ဘုရားသခင်ကို အချစ်ဆုံး ဖြစ်ရန်မှာ အဖြစ်နိုင်သည့် ပုံစံ ဖြစ်နေသည်ကို ကလေးများအား ထောက်ပြပါ။ ကျွန်ုပ်တို့၏ ခံစားချက်များအတိုင်းသာဆိုလျှင် လုံးဝ မဖြစ်နိုင်ပေ၊ သို့သော် ဘုရားသခင်က သူ၏သားသမီးအယောက်စီတိုင်းအတွက် ကတိတော်တစ်ခု ရှိထားပါသည်။ သူ၏သားသမီး များကို အသစ်သော နှလုံးသားအားပေးမည်ဟု ဘုရားသခင်က ကတိပြုထားသည် (အခြား နှလုံးသားပုံကြီး ကို ထုတ်လိုက်ပါ။) ထိုနှလုံးသားသည် ဘုရားသခင် ထံမှဖြစ်သည်။ ထိုနှလုံးသားသည် ချစ်ခြင်းမေတ္တာများနှင့် ပြည့်နှံ့နေရာ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ချစ်နိုင်ကြမည်ဖြစ်သည်။ *(တရား ဟော၊ ၃၀း၆၊ ယေဇကျေ၊ ၃၆း၂၆)*

အကြံပြုချက် – *နှလုံးသားအသစ်နဲ့ ဆိုရင်တော့ ဘုရားသခင်ဟာ သားတို့သမီးတို့ရဲ့ ဘဝမှာ အခြားအခြား သောအရာတွေအားလုံးထက် ပိုပြီးတော့ ထူးမြတ်တယ်ဆိုတာကို ခံစားနိုင်တာပေါ့။ ဘုရားသခင်ကိုလည်း အရာတိုင်းထက် ပိုပြီးတော့ ကျေနပ်ပျော်ရွှင်စေချင်လာ နိုင်မှာ။ ဘုရားသခင်နဲ့ပဲ အတူနေချင်နေတော့မှာ။ အခြားအရာတွေ အားလုံးထက် ဘုရားသခင်ကိုဘဲ ချီးမွမ်းနေချင်တော့မှာ။ ဘုရားသခင်ကိုဘဲ ပထမနေရာ ပေးချင်တော့မှာ။ ဘုရားသခင်နဲ့ဘဲ အတူ ပျော်နေချင်တော့မှာပေါ့။ သားတို့သမီးတို့က ဘုရားသခင်ကို စိတ် နှလုံး အကြွင်းမဲ့ ချစ်လာတဲ့အခါမှာ သားတို့သမီးတို့ရဲ့ မိဘတွေ၊ သူငယ်ချင်းတွေကို ချစ်တတ်လာစေဖို့ ဘုရား သခင်က သူ့ရဲ့အချစ်တွေကို သားတို့သမီးတို့ကို ပေးအုံးမှာ။* (အရွယ်အစားပိုသေးငယ်သော နှလုံးသားပုံ များကို ထုတ်လိုက်ပါ။)

***လိုက်လျှောက်ကျင့်သုံးခြင်း***

- ကလေးများအား "ဘုရားသခင်အား ချစ်မြတ်နိုးခြင်း" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်း စာအုပ်မှ ရှာဖွေစေပါ။
- ကျွန်ုပ်တို့ ချစ်ရသည့် သူများတွင် ကျွန်ုပ်တို့အား ၄င်းတို့ကို ချစ်စေရန် တွန်းအားပေးသည့် အကျင့်စရိုက် သို့မဟုတ် အပြုမူ တစ်စုံတစ်ခု ရှိတတ်ကြသည်။ ကျွန်ုပ်တို့အနေနှင့် ဘုရားသခင်ကို ချစ်မြတ်နိုးစေရန် မည်သည့်အရာများက ကျွန်ုပ်တို့ကို တွန်းအားပေးနေကြသနည်း။ သင်၏လိုအင်ဆန္ဒများ အားလုံးကို ဖြည့်ဆည်းပေးကာ ထာဝရ ပျော်ကရွှင်စေနိုင်သော တစ်ဦးတည်းသော ပုဂ္ဂိုလ်မှာ မည်သူနည်း။
- ကျွန်ုပ်တို့တွင် ဘုရားသခင် နှင့် အခြားသူများကို ချစ်မြတ်နိုးရန် ချစ်ခြင်းမေတ္တာ အလုံအလောက် ရှိပါ သလား။ *၁ယော၊ ၄း၇၊ ၁၆၊ ၁၉* ကို ဖတ်ပါ။
- *ဆာလံ၊ ၇၃း၂၅* ကို ဖတ်၍ ဆွေးနွေးပေးပါ။

***ကိုယ်တော်မှတပါး၊ ကောင်းကင်ဘုံမှာ အကျွန်ုပ်၌ အဘယ်သူရှိပါသနည်း။***
***ကိုယ်တော်ကို အလိုရှိသည်နှင့် အမျှ မြေကြီးပေါ်မှာ***
***အကျွန်ုပ်သည် အဘယ်အလိုရှိပါသနည်း။***

- ဘုရားသခင်ကို ကျွန်ုပ်တို့ အမှန်တကယ် အရာရာတိုင်းထက် ချစ်သည်ဆိုလျှင် ကျွန်ုပ်တို့သည် မည်သည့် အရာမျိုးကို စဉ်းစား၊ ပြောဆို၊ လုပ်ဆောင်ကြပါမည်နည်း။ ဥပမာ – တစ်စုံတစ်ယောက်က လာပြီးတော့ သားတို့သမီးတို့ကို စကားပြောတဲ့ အခါမှာ သားတို့သမီးတို့ ပြောတဲ့စကားတွေ၊ လုပ်တဲ့ အလုပ် တွေအားဖြင့် သားတို့သမိးတို့ဟာ ဘုရားသခင်ကို အချစ်ဆုံး ဖြစ်ကြတယ်ဆိုတာ သူတို့တွေ သိနိုင်ပါ့မလား။
- ဘုရားသခင်ကို သူ၏ စိတ်နှလုံးအကြွင်းမဲ့ ချစ်ခြင်းဆိုသည်မှာ သင်သည် ခပ်သိမ်းသောအရာတို့ထက် ဘုရားသခင်ကို သာ၍ ကျေနပ်စေခြင်း ဖြစ်သည်။

  မေးပါ – *ဘုရားသခင်ကို ကျေနပ်စေတယ်ဆိုတာ ဘာလဲ။*

  ဘုရားသခင်ကို ချစ်ခြင်းဆိုတာက သားတို့သမီးတို့ဟာ ဘုရားသခင်နဲ့အတူ အခြားအရာတွေထက် ပိုနေချင်တာ ဖြစ်တယ်။

  မေးပါ – *ဘယ်လိုပုံစံတွေနဲ့ ဘုရားသခင်နဲ့ သားတို့သမီးတို့ အချိန် သုံးနိုင်သလဲ။*

  ဘုရားသခင်ကို ချစ်ခြင်းဆိုတာက သားတို့သမီးတို့ဟာ ဘုရားသခင်ကို အခြားအရာတွေ အားလုံး ထက် ပိုပြီးတော့ ချီးမွမ်းချင်တာ ဖြစ်တယ်။

  မေးပါ – *ဘယ်လို ပုံစံမျိုးနဲ့ ဘုရားသခင်ကို သားတို့သမီးတို့ ချီးမွမ်းလို့ ရနိုင်သလဲ။*

**သင်ခန်းစာ ၃၉**

## *TRUSTING GOD* *ဘုရားသခင်အား ယုံကြည်ကိုးစားခြင်း*

**အဓိကအချက်** – ဘုရားသခင်၏ ကတိတော်များနှင့် မိန့်မှာချက်များ အားလုံးသည် ယုံကြည် ထိုက်သည် ဆိုသည့်အချက်အား မြည်းစမ်းခြင်း။

**အဓိကကျမ်းချက်** – ယုံကြည်ခြင်း မရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ် သောသူသည်၊ ဘုရားသခင် ရှိတော်မူသည် ကိုဒင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည် ကိုဒင်း၊ ယုံကြည် ရမည်။ ဟေဗြဲ၊ ၁၁း၆

**နိဒါန်း** – ဘုရားသခင်သည် သူခေါ်တော်မူသောသူတို့အား သူ့ကို စိတ်နှလုံးအကြွင်းမဲ့ ရှာကြပါက သူ့ကို တွေ့ရသောအခွင့်ရှိမည်ဟု ကတိပြုခဲ့သည်။ ဘုရားသခင်က ထိုသို့သောသူတို့ကို ***"ငါသည် ထာဝရဘုရား ဖြစ်ကြောင်းကို၊ သူတို့သိနိုင်သော စိတ်နှလုံးကို ငါပေးမည်"*** *(ယေရမိ၊ ၂၄း၇)* ဟူ၍ လည်းကောင်း၊ ***"နာမတော်ကို သိသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြပါလိမ့်မည်။"*** *(ဆာလံ၊ ၉း၁၀)* ဟူ၍ လည်းကောင်း ကတိတော် ပေးထားပါသည်။

ဘုရားသခင်ကို အားကိုးခြင်း ဆိုသည်မှာ ဘုရားသခင်ကို ယုံကြည်ခြင်း ဖြစ်သည်။ ဟေဗြဲသြဝါဒစာကို ရေးသောသူက ယုံကြည်ခြင်းကို ***"–– မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်း ဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏။"*** ဟူ၍ ဖော်ပြထားပါသည် *(ဟေဗြဲ၊ ၁၁း၁)*။ ကယ်တင်ခြင်းအလို့ငှါ ဘုရားသခင်ကို ယုံကြည်ခြင်းက ကျွန်ုပ်တို့ကို ဘုရားသခင်အား သိစေရန် နှင့် တန်ဖိုးထားတတ်စေသော စိတ်နှလုံးကို ပေး၍၊ ကျွန်ုပ်တို့၏ အခြေအနေအလုံးစုံတို့အတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားရန် ဆန္ဒကိုလည်း ဖြစ်စေတော်မူသည်။ ထိုယုံကြည်ခြင်းက ဘုရားသခင်၏ ကတိတော်များအတွက် ကျွန်ုပ်တို့အား စိတ်ချမှုကို ပေး၍ နောက်ဆုံးတွင်လည်း ကြီးမားသည့် ဆုလဒ်များက စောင့်ကြိုနေသည်ကို သိမြင်စေတော်မူသည်။

ယနေ့ခေတ်တွင် ဘုရားသခင်၌ ထားရှိသည့် ယုံကြည်ခြင်း နှင့် ဘုရားသခင်၏ စကားတော်အား နားထောင်ခြင်းတို့ကို သီးခြားဖြစ်သည်ဆိုသည့် အတွေးအခေါ်သည် အလွန် ထင်ရှားနေပြီဖြစ်သည်။ သို့သော် နာခံခြင်း မရှိသည့် ယုံကြည်ခြင်းသည် စစ်မှန်သော ယုံကြည်ခြင်း မဟုတ်သည်ကို သမ္မာကျမ်းစာက အတိအကျ ဖော်ပြထားပါသည် *(ယော၊ ၁၄း၁၅၊ ယာကုပ်၊ ၂း၁၄–၂၆)*။ တစ်ဘက်တွင်လည်း ယုံကြည်ခြင်း မပါသော နာခံခြင်းသည်လည်း စစ်မှန်သော နာခံခြင်းမဟုတ်ပေ – ***ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်*** *(ဟေဗြဲ၊ ၁၁း၆)*။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) ကား အရုပ်နှစ်ခု

**အခြားသခင်ထောက်ကူပြု ပစ္စည်းများ**

၁) *ယောဖြ၊ ၁၁း၁ နှင့် ယောဖြ၊ ၁၁း၆* ကို ရေးသားထားသည့် စာတ္တူလိပ်

ရွေးချယ်ရမည့်အရာများ – အာဖြဟံ၏ ပုံပြင်ပြောပြရာတွင် လိုအပ်မည့် ပစ္စည်းများ

***သင်ခန်းစာပို့ချခြင်း***

ကောင်းကြီးမင်္ဂလာပုံးထဲမှ ကားအရုပ် နှစ်စင်းအား ထုတ်လူကာ အောက်ပါ အဖြစ်အပျက် ဇာတ်ရုပ်လေးကို သရုပ်ဆောင် ဝေငှလိုက်ပါ။

> အကြံပြုချက် – *ယနေ့ ဆန်းဒေးစကူးလ် သင်နေတဲ့ အချိန်မှာ မိုးရွာချတယ်ဆိုပါစို့။ ဘုရားကျောင်းပြီးတော့ သားးသမီးရဲ့ အဖေက တံခါး အပြင်နားမှာ စောင့်နေဖို့ ပြောပြီးတော့ သူကတော့ သားးသမီး မိုးမမိလေအောင် ကားကို တံခါးပေါက်နားအထိ မောင်းလာမယ်ပေါ့။ အဲဒီလို တံခါးဘေးနားမှာ အဖေ့ကို သားးသမီးက စောင့်နေတဲ့ အချိန်မှာ ကားတစ်စီးက သားးသမီး ရဲ့ ရှေ့မှာ ထိုးဝင်လာပြီးတော့ အထဲကနေ သားးသမီး မသိတဲ့ လူတစ်ယောက်က ကားပေါ်တက်ဖို့ ပြောရော။ အဲဒီအချိန်မှာဘဲ ကားတစ်စီးက ရောက်လာပြီးတော့ အဲဒီကားထဲကနေ သားးသမီးရဲ့ အဖေက ကားဖော်ကို ခုံတက်လာဖို့ ပြောတယ်ဆိုရင် ဘယ်ကားပေါ်ကို သားးသမီး ခုံတက်သွားမှာလဲ။ ဘယ်သူ့ကို သားးသမီး ယုံပြီးတော့ ကားလိုက်စီးသွားမှာလဲ။ သူစိမ်းတစ်ယောက်ကိုလား ဒါမှမဟုတ် အဖေ့ကိုလား။*

၄င်းတို့မသိသော သူစိမ်းတစ်ယောက်ကို ၄င်းတို့အနေနှင့် လုံးလုံးလျားလျား ယုံကြည်၍ မရကြောင်းကို ကလေးများအား ရှင်းပြပေးပါ။ ထိုသူသည် မည်သူမည်ဝါဖြစ်၍ မည်ကဲ့သို့သောသူ ဖြစ်သည်ကို သင် မသိပါ။ ထိုသူစိမ်းသည် လူဆိုး တစ်ယောက်လား သို့မဟုတ် သင့်ကို အနာတရ ဖြစ်စေလိုသောသူလား ဆိုသည်ကို သင် မသိပါ။ ထိုသူကို သင်ယုံကြည်၍ မရ။ သို့သော် သင်၏ ဖခင်ကို သင် သိထားသည်။ သင်၏ ဖခင်သည် မည်သို့ သောသူ ဖြစ်သည်ကို သင် သိသည်။ သင်၏ ဖခင်သည် သင့်ကို ချစ်၍ ဂရုစိုက်သည်ကို သင် သိသည်။ သင်၏ ကောင်းကျိုးများကိုသာ သူ ကြံရွယ်သည်ကို သင် သိသည်။ သင် သည် သူ၏သား၊ သမီး ဖြစ်သည်ကို သင် သိသည်။ ဤအကြောင်းအရာများ အားလုံးကို သင် သိထားသည့်အတွက် သင်၏ ဖခင်ဖြစ်သူက 'ခုံတက်ခဲ့' ဟု ပြောလာသည့် အခါတွင် သင်သည် သင်၏ဖခင်ကို ယုံကြည်သောကြောင့် ခုံတက်လိုက်သည်။ သင်သည် သင်၏ ဖခင်အကြောင်းကို သိထားသည့်အတွက် သူ့ကို ယုံကြည်ရခြင်းဖြစ်သည်။

> အကြံပြုချက် – *လူတစ်ယောက်ကို သားတို့သမီးတို့ ယုံကြည်တယ်ဆိုတာက အဲဒီလူဟာ ယုံကြည်ကိုးစားလို့ရတယ်ဆိုတာကို သိနားလည်ခြင်း ဖြစ်တယ်။ သူ ပြောတဲ့အတိုင်း လုပ်မယ်ဆိုတာကို သားတို့သမီးတို့ မှာ သေချာစိတ်ချမှု ရှိတယ်။ သားးသမီးရဲ့ အဖေက သားတို့သမီးတို့ကို စောင့်အုံး လို့ပြောတဲ့အချိန်မှာ သူ့ကို မတွေ့ရသေးပေမယ့် သူတကယ်လာခေါ်မယ်ဆိုတာ သိနေတယ်မဟုတ်လား။ တကယ်လဲ ပြန်လာ ခေါ်တယ် မဟုတ်လား။ လူတစ်ယောက်ကို ယုံကြည်တယ်ဆိုတာက သားတို့သမီးတို့အနေနဲ့ မှန်ကန်တဲ့ အရာကို လုပ်ဖို့ပဲ သူ ပြောမယ်ဆိုတာ သေချာခြင်းဘဲ။ သားးသမီးရဲ့ အဖေက တံခါးနားမှာ စောင့်ဖို့ ပြောခဲ့တယ်။ နောက်ပြီးတော့ ကားရောက်လာပြီးတော့ အထဲကို ဝင်လာဖို့ ခေါ်တဲ့အခါမှာ သားးသမီးလဲ ကားထဲ ကို ဝင်သွားတာပေါ့။*

သင်သည် သင်၏ ဖခင်ကို သိ၍ ယုံကြည်ကိုးစားသလောက် အမြဲတမ်း သူသည် ကတိပြုထားသောအရာ များကို အမှန်တကယ် မစောင့်ထိန်းနိုင်သည့် အကြောင်းကို ကလေးများအား ရှင်းပြပေးပါ။ သူသည် သင့်ကို အမြဲတမ်း မှန်ကန်သည့် အရာများ လုပ်နိုင်ရန်အတွက် ပြောပြနိုင်သည် မဟုတ်။ သင်၏ ဖခင်သည်လည်း လူသားတစ်ဦး ပင်ဖြစ်သည်။ သူသည်လည်း မပြည့်စုံသောသူ ဖြစ်သည်။ မည်သူသည် အမြဲတမ်း ယုံကြည်ကိုး စားထိုက်သူ ဖြစ်သည်ကို ကလေးများအား မေးကြည့်လိုက်ပါ။ အမြဲတမ်း မှီခိုအားကိုး၍ ရသောသူ၊ အမြဲတမ်း ပြောသည့် အတိုင်း လုပ်နိုင်သောသူ၊ အမြဲတမ်း မှန်ကန်သည့် အရာများကို လုပ်ရန် ပြောပြနိုင်သောသူသည် မည်သူ ဖြစ်သည်ကို ကလေးများအားမေးပါ။ ထိုသူသည် ဘုရားသခင်သာ ဖြစ်ပေသည်။

*ဆာလံ၊ ၉း၁၀က* ကို ဖတ်ပေးပါ။

### ***နာမတော်ကို သိသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြပါလိမ့်မည်။***

"ဘုရားသခင်၏ နာမတော်ကို သိခြင်း" ဆိုသည်မှာ သင်၏ စိတ်နှလုံးသားထဲမှ ဘုရားသခင်သည် အစိုးရ သောအရှင်၊ သစ္စာတော်ရှင်၊ ကောင်းမြတ်တော်မူသော အရှင်၊ ဖြောင့်မတ်သောမူသော သခင် စသည်ဖြင့် အမှန်တကယ် သိရှိခြင်းဖြစ်သည်ကို အလေးအနက်ထား ပြောပြပါ။ ဘုရားသခင်သည် မည်သူ ဖြစ်၍ မည်ကဲ့သို့ သောပုဂ္ဂိုလ်မျိုးဖြစ်သည်ကို သင်သည် အသေအချာ သိထားသည့်အတွက် သူကို မှီခိုအားကိုး၍ ရသည်ကို သင် သိထားသည်။ ဘုရားသခင်သည် သူပြောသည့်အတိုင်း လုပ်တော်မူမည်၊ ထို့ပြင် မှန်ကန်သည့် အရာများကို လုပ်ဆောင်နိုင်ရန် သင့်ကို အမြဲတမ်း သွန်သင်ပေးနိုင်သည်ကို သိထားသဖြင့် သင်သည် သူ့ကို ယုံကြည် ကိုးစား နိုင်သည်။ သင်သည် သူ၏ သား၊သမီး ဖြစ်သည့်အတွက် သင်သည် သူ၏အပိုင်ဖြစ်သည်ကို သင် သိထားသည်။

*ယောဟန်၊ ၁၀း၁၄၊ ၂၇* ကို ဖတ်ပါ။

ယေရှုက ***"ငါသည် ကောင်းသော သိုးထိန်းဖြစ်၏။ ငါ့သိုးတို့သည် ငါ့စကားသံကိုနား ထောင်၍ ငါ့နောက်သို့ လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။"*** ဟု ပြောခဲ့သည်။

ကောင်းသော သိုးထိန်းရှင်ဖြစ်သည့် ဘုရားသခင်ကို သင် သိလာလျှင် သူ့ကို သင်ကိုးစားလာမည်ဖြစ်ကြောင်း ရှင်းပြပေးပါ။ ဘုရားသခင်ကို သင် ယုံကြည်ကိုးစာလျှင် သူ၏ နောက်သို့လိုက်၍ သူပြောသည့်အတိုင်း လုပ်ဆောင်မည် ဖြစ်သည်။ သားတို့သမီးတို့ရဲ့ အဖေက တံခါးနားမှာ စောင့်နေဆိုလို့ စောင့်နေပြီးတော့ သူရောက် လာပြန်တော့ "ခုံတက်လိုက်" လို့ ပြောတဲ့အခါ လွယ်လွယ်ကူကူ ခုံတက်လိုက်သလိုဘဲ ဘုရား သခင်ကို ယုံကြည်ဖို့က လွယ်ကူတယ်လို့ ထင်စရာ ရှိပါတယ်။ ဒါပေမယ့် အရမ်းခက်ခဲတဲ့ အရာတွေကို လုပ်ဆောင်ဖို့ သားတို့သမီးတို့ကို ဘုရားသခင်က ပြောလာတယ်ဆိုရင် ဘယ်လို လုပ်မလဲ။ သားတို့သမီးတို့ နားနဲ့ ကြားလို့ မရတဲ့ အသံမျိုးနဲ့ တစ်စုံတစ်ခု လုပ်ဖို့ ပြောလာတယ်ဆိုရင်၊ ဒါမှမဟုတ် မျက်စိနဲ့ မြင်လို့ မရတဲ့ ကတိတခုကို ဘုရားသခင် ပေးထားတယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ အဲဒီလိုမျိုး အချိန်အနေမျိုးမှာလည်း ဘုရား သခင်ကို ဆက်ပြီးတော့ ယုံကြည်ကိုးစား နိုင်မလား။

*ဟေဗြဲ၊ ၁၁း၁* ကို ပြန်၍ ဖတ်ပေးလိုက်ပါ။ "ယုံကြည်ခြင်း" ဆိုသည်မှာ "ဘုရားသခင်ကို ကိုးစားခြင်း" ဖြစ်ကြောင်း အနက်ပြန်ပေးပါ။

***ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။***
***မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏။***

**ပုံပြင် – အာဗြဟံ၏ ယုံကြည်ခြင်း** *ဟေဗြဲ၊ ၁၁း၈-၁၂၊ ၁၇-၁၉ (ကမ္ဘာ၊ ၁၂း၁-၄၊ ၁၅း၁-၅၊ ၂၂း၁-၁၂)*

အောက်ပါအချက်များကို အလေးအနက်ထား၍ ပြောပြပေးပါ။

- နေရပ်ဒေသကို ထားခဲ့ရခြင်း၊ အသက်အရွယ် ရလာသည့်အခါမှ သားတစ်ဦး ရရှိရန် ကတိပေးခြင်း နှင့် ထိုသားကို ပြန်၍ ယဇ်ပူဇော်ခြင်း စသည့် ကတိတော်များနှင့် မိန့်မှာချက်များသည် မမြင်ရသော ဘုရားသခင် ပေးထားသည့် ကတိတော်များ နှင့် မိန့်မှာချက်များ ဖြစ်ကြသည်။
- အာဗြဟံသည် သူ၏နေရာသစ်မှာ မည်သို့ မည်ပုံဖြစ်မည်ကို ကြိုတင် မမြင်နိုင်ခဲ့ပေ။ စာရာသည် အသက်အရွယ် ကြီးပြီးမှ ဘုရားသခင်က သားကို မွေးဖွားခွင့်ပေးမည်ကို အာဗြဟံ တိတိကျကျ မသိခဲ့ပေ။ သူ၏ သား ဣဇက်ကိုလည်း ဘုရားသခင်က မည်သို့ ကယ်တင်တော်မူမည်ကို အာဗြဟံ မသိ ခဲ့ပေ။ သို့သော်လည်း ဘုရားသခင်သည် မည်သူဖြစ်၍ မည်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်သည်ကို အာဗြဟံ ကောင်းစွာ သိထားခဲ့သည်။
- ဘုရားသခင်၏ကတိတော်များ နှင့် မိန့်တော်မူချက် အလုံးစုံတို့၌ မှီခိုအားကိုး၍ ရသည်ကို အာဗြဟံ ယုံကြည် ထားသည်။
- ဘုရားသခင်သည် ကောင်းမြတ်တော်မူ၍ သူ့အား ဆုလဒ်ပေးလိမ့်မည်ဟူသည့် အသိနှင့်အတူ အာဗြဟံသည် ဘုရားသခင်စကားတော်ကို နာခံခဲ့သည်။

  အကြံပြုချက် – *ဘုရားသခင်ကို ယုံကြည်ခြင်းဟာ အရမ်းအရေးကြီးပါတယ်။ သားတို့သမီးတို့ဟာ ဘုရား သခင်ကို မယုံကြည်ဘူး ဆိုရင်တော့ ဘုရားသခင်ဟာ သူပြောတဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်ဘူးလို့ ပြောတာနဲ့ အတူတူဘဲ။ ဆိုလိုတာက သားတို့သမီးတို့ဟာ သူ့ကို မသိဘူး၊ သူရဲ့ သားသမီး မဟုတ်ဘူးလို့ ဆိုလိုတာဘဲ။ သူ့နောက်ကို လိုက်တဲ့သူတွေကို ဘာဆုလဒ်မှ မပေးဘူးလို့ ပြောတာနဲ့ အတူတူပါဘဲ။*

*ဟေဗြဲ၊ ၁၁း၆* ကို ပြန်၍ ဖတ်ပေးပါ။

***ယုံကြည်ခြင်း မရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ် သောသူသည်၊ ဘုရားသခင် ရှိတော်မူသည် ကိုဎင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည် ကိုဎင်း၊ ယုံကြည် ရမည်။***

အကြံပြုချက် – *သားတို့သမီးတို့က ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ရှာတယ်ဆိုရင်တော့ ဘုရား သခင်ကို အမှန်တကယ် သိခွင့်ရမှာ ဖြစ်တယ်။ ဘုရားသခင်ကို သားတို့သမီးတို့ရဲ့ စိတ်ထဲကနေ အမှန် တကယ် သိရင်တော့ သူ့ကို အခြားအရာတွေ အားလုံးထက် ပိုပြီး ချစ်မယ်၊ သူ့ရဲ့ ကတိ တော်တွေအားလုံး နဲ့ မိန့်မှာချက်အားလုံးဟာ အားကိုးထိုက်တယ်ဆိုတာကို ယုံကြည်မှာ ဖြစ်တယ်။*

***ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ရှာပါ***

***ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ချစ်ပါ***

***ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားပါ***

## *လိုက်လျှောက်ကျင့်သုံးခြင်း*

- ကလေးများအား “ဘုရားသခင်အား ယုံကြည်ကိုးစားခြင်း” ဆိုသည့် စကားလုံးကို ၎င်းတို့၏ လေ့ကျင့်ခန်း စာအုပ်မှ ရှာဖွေစေပါ။
- *ဟေဗြဲ၊ ၁၁း၁* ကို ဖတ်ပါ။

***ယုံကြည်ခြင်း*** (ဘုရားသခင်အား ယုံကြည်ကိုးစားခြင်း) ***သည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏။***

ကျမ်းချက်၏ ဆိုလိုရင်းကို ကလေးများ နားလည်သဘောပေါက်စေရန်အတွက် အောက်ပါ ဥပမာများ ကို အသုံးပြု၍ ရှင်းပြပေးပါ။

အကြံပြုချက် – *ကမ္ဘာကြီးကို ဘုရားသခင် ဖန်ဆင်းခဲ့တယ်ဆိုတာ သားတို့သမီးတို့ ယုံကြည် ပါသလား။ သူ ဖန်ဆင်းခဲ့တာကို သားတို့သမီးတို့ မြင်ခဲ့သလား။ ကမ္ဘာမြေကြီးကို ဘုရားသခင် ဖန်ဆင်းခဲ့တယ် ဆိုတာ မမြင်ပေမယ့် သေချာတယ်ဆိုရင်တော့ အဲဒါဟာ ဘုရားသခင်ကို ယုံကြည် တယ်လို့ ဆိုလို တာဘဲ။ ယေရှုရှင်ဟာ အမှန်တကယ်ဘဲ သေခြင်းကနေ ရှင်ပြန်ထမြောက်တယ် ဆိုတာ သားတို့သမီးတို့ သေချာပါသလား။ သေချာတယ်ဆိုရင်တော့ အဲဒါဟာ ဘုရားသခင်ကို ယုံကြည် တာဘဲ။*

- သမ္မာကျမ်းစာက ယုံကြည်သူ ခရစ်ယာန်များမှာ မြင်နေရသော အရာများဖြင့် မဟုတ်ဘဲ ဘုရားသခင် ကို ယုံကြည်ကိုးစားခြင်းအားဖြင့် အသက်ရှင်ရမည်ဟု ပြောထားပါသည် *(၁ကော၊ ၅း၇)*။ ဤသည်မှာ မည်သည်ကို ဆိုလိုကြောင်းကို သိစေရန် အောက်ဖော်ပြပါ ဥပမာ ကို ပြောပြပေးပါ။

အကြံပြုချက် – *ဖေက်၊ ၆း၁–၃ မှာ မင်္ဂလာရှိသော အသက်တာကို ရရှိပိုင်ဆိုင်ဖို့ ကလေးတွေဟာ သူတို့ရဲ့ မိဘစကားကို နားထောင်၍ အရို အသေပြုရမယ်လို့ ပြောထားပါတယ်။ လူ့ရဲ့ ယုံကြည်ခြင်း ကတော့ “ငါတော့ အဲဒီလို လုပ်မှာမဟုတ်ဘူး။ ငါ့မိဘတွေက တရားမျှတခြင်းမှ မရှိဘဲ” လို့ ပြောပါ လိမ့်မယ်။ ဒါပေမယ့် ဘုရားသခင်ကို ယုံကြည်ခြင်းကတော့ “ဘုရားသခင်ဟာ အမှန်တွေဘဲ ပြောမယ် ဆိုတာကို ငါ သိတယ်၊ သူပြောတဲ့အတိုင်း ငါလုပ်မှ ဘာလို့လဲဆိုတော့ ဘုရားသခင်ဟာ သူပြောတဲ့ အတိုင်းကို အမှန်တကယ် လုပ်ဆောင်တယ်၊ ဒါ့အပြင် သူပြောတဲ့အတိုင်း လုပ်မယ်ဆိုရင်တော့ ငါ့ ဘဝ တစ်ခုလုံး ပျော်ရွှင်စွာ နေရမှာ” လို့ ပြောပါလိမ့်မယ်။*

- *ယော၊ ၁၄း၁၅–၁၆* ကို ဖတ်၍ ဆွေးနွေးပေးပါ။

*ယေရှုရှင်က* ***“ငါ့ကိုချစ်လျှင် ငါပညတ်တို့ကို စောင့်ရှောက်ကြလော့။ ငါသည်ခမည်းတော်ကိုတောင်း၍၊ ခမည်း တော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့် အတူ အစဉ်မပြတ်တည်နေစေခြင်းငှါ သင်တို့အားပေးတော်မူမည်။”***

သင်ခန်းစာ ၄၀

## *ENJOYING GOD ဘုရားသခင်၌ ဝမ်းမြောက်ခြင်း*

**အဓိကအချက်** – ဘုရားသခင်အား ချစ်မြတ်နိုးခြင်း နှင့် အားကိုးယုံကြည်ခြင်းတို့မှ သီးပွင့်လာသော ထာဝရတည်သော ဝမ်းမြောက်ခြင်းအား မြည်းစမ်းခြင်း။

**အဓိကကျမ်းချက်** – ထိုသခင်ကို သင်တို့သည် မမြင်ဘူးသော်လည်း ချစ်ကြ၏။ ယခုမှာလဲ မမြင်ဘဲလျက် ယုံကြည်သောအားဖြင့် ဘုန်းအသရေနှင့် စပ်ဆိုင်သော၊ ပြော၍မမှီနိုင်သော ရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြသည်ဖြစ်၍၊ စိတ်ဝိညာဉ်ကို ကယ်တင်ခြင်း တည်းဟူသော ယုံကြည်ခြင်း၏ အကျိုးကို ခံရကြ၏။ ၁ပေ၊ ၁း၈–၉

**နိဒါန်း** – ဤသင်ခန်းစာသည် နောက်ဆုံး သင်ခန်းစာ ဖြစ်သည်။ ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများကို သင်ကြားလေ့လာသည့် သင်ခန်းစာတစ်ခုကို အဆုံးသတ်ရာတွင် အရာအလုံး၏ အချုပ်ဖြစ်သည့် – ဘုရားသခင်၏ ဘုန်းတော် အားဖြင့် အဆုံးသတ်ခြင်းထက် မည်သည့်အရာက ပို၍သင့်လျော်နိုင်ပါ မည်နည်း။ ကျွန်ုပ်တို့အား ဘုရားသခင် ဖန်ဆင်းခဲ့ရသည့် တစ်ခုတည်းသော ရည်ရွယ်ချက်မှာ သူ၏ဘုန်းတော်ကို ထင်ရှားစေကာ သူနှင့်အတူ ထာဝရ စံစားစေရန် ဖြစ်သည်။ ABC အက္ခရာ စာလုံးများကို အခြေခံ၍ ပြင်ဆင်ထားသော သင်ခန်းစာတစ်ခုခြင်းစီတိုင်းတွင် ဘုရားသခင်၏ ပြည့်ဝစုံလင်ခြင်းကို တွေ့မြင်ခဲ့ကြပြီး ဖြစ်သည်။ ခပ်သိမ်းသော အရာတို့အပေါ် ထားရှိသည့် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူ၏ ပြည့်ဝစုံလင်ခြင်းအကြောင်းကို ထင်ရှားစေရန် ဖြစ်သည် – သူ၏ဘုန်းတော်ကို ထင်ရှားစေရန် ဖြစ်သည်။ ဘုရားသခင်သည် အခြားအခြားသော အရာများ အားလုံးထက် သူ၏ ဘုန်းတော်ကို နှစ်သက်မြတ်နိုးတော်မူသည်။ *Desiring God* ဆိုသည့် သူ၏ စာအုပ်တွင် ဂျွန်ပိုက်ပါက –

> *ဘုရားသခင်ရဲ့ အဆုံးသတ်မှာ သူ၏ဘုန်းတော်ကို ထင်ရှားစေရန် နှင့် သူ့အား ထာဝရ စံစားရန် ဖြစ်သည် – ––––––––– ဘုရားသခင်၏ ဘုရားဖြစ်ခြင်း၌ ဝမ်းမြောက်တော်မူခြင်းသည် ဘုရားသခင်၌ ကျွန်ုပ်တို့ ဝမ်းမြောက်ခြင်း အကြောင်း၏ အရင်းခံ ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် သူ၏ ဘုန်းတော်ကို ဝမ်းမြောက်ပျော်ရွှင်စွာ စောင့်ထိန်း ဖော်ပြခြင်း မရှိပါကမူ ကျွန်ုပ်တို့၏ ပျော်ရွှင်ခြင်းသည်လည်း ဝေးလွင့်သွားပါလိမ့်မည်။ ကျွန်ုပ်တို့ထံမှ ဘုရားသခင် ရှာကြံသည့် သူ့အား ချီးမွမ်းခြင်း နှင့် သူ့ထံပါး၌ ရှာကြံသည့် ကျွန်ုပ်တို့၏ နှစ်သက်အားရခြင်းတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ကိုက်ညီနေသည်။ အကြောင်းရင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့် ဘုန်းတော်အထင်ရှားဆုံး အချိန်သည် ကျွန်ုပ်တို့သည် ဘုရားသခင်ထံပါး၌ နှစ်သက်အားရခြင်း အရှိဆုံး အချိန်ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။ (စာမျက်နှာ ၅၀)။*

[John Piper, *Desiring God*, (Sisters: Multnomah, 1996) p. 50.]

ဘုရားသခင်ထံပါး၌ ဝမ်းမြောက်ပျော်ရွှင်ရန် ဖိတ်ခေါ်ခြင်းခံရသည်မှာ ဖော်မပြနိုင်လောက်သည့် ပျော်ရွှင်ခြင်းပင်ဖြစ်သည်။ ထိုအခွင့်အရေးသည် ယုံကြည်ခြင်းရှိသော အသက်တာအတွက် ပြင်ဆင်ထားသော ဆုလဒ်ဖြစ်သည်။ ထိုဆုလဒ်သည် ကျွန်ုပ်တို့အားလုံး ရရှိရန်အတွက် ကြိုးစားနေကြသော ဆုလဒ်ဖြစ်ပါသည်။ ယခုပင်လျှင် ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းသည် အလွန်ပင် ကြီးမားနေသည်ဆိုအုံးတော့၊ ဘုရားသခင်ကို မျက်နှာချင်းဆိုင်

မြင်တွေ့၍ ထိုဘုရားသခင်၌ အပြည့်အဝ ကျေနပ်ခြင်းကို ရရှိရမည့် နေ့ရက်နှင့် နှိုင်းယှဉ်လျှင် ယနေ့ခံစားနေရသည့် ဝမ်းမြောက်ခြင်းသည် သနားစရာ ပုံရိပ်တစ်ခုမျှသာ ဖြစ်သည်။

## ကောင်းကြီးမင်္ဂလာပုံးထဲ၌

၁) "ဘုရားသခင်၌ ထာဝရပျော်ရွှင် ဝမ်းမြောက်ခြင်း" ဟု ရေးသားထားသော စာရွက်ကို ဗူးလေး တစ်ဗူးထဲတွင် ထည့်ထားပါ။ ထိုဗူးလေးကို လှပသေသပ်စွာ ထုတ်ပိုးထားပါ။

**အခြားသော သင်ထောက်ကူပြု ပစ္စည်းများ**

၁) ဆုတောင်းခြင်း၊ ပြုမူကျင့်ကြံခြင်း၊ နာကျင်ခံစားခြင်း၊ ကောင်းကင်နိုင်ငံ စသည်တို့ကို ရေးသားထား သည့် ကဒ်ပြားများ (မှီငြမ်းရန် စာအုပ်)

***သင်ခန်းစာပို့ချခြင်း***

ယနေ့သင်ခန်းစာသည် ABC (ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ) သင်ခန်းစာ၏ နောက်ဆုံးသင်ခန်းစာဖြစ်သည့်အကြောင်းကို ရှင်းပြပေးရင်း ၄င်းတို့အနေနှင့် ဘုရားသခင်နှင့် ပတ်သက်သော အကြောင်းအရာအချို့တို့ကို မျှဝေရန် တိုက်တွန်းပေးပါ။ ဘုရားသခင်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ သင်ယူခဲ့သည့် အကြောင်းအရာမှန်သမျှသည် နှုတ်ကပတော်တရား ဖြစ်သည့် သမ္မာကျမ်းစာမှ ဖြစ်ကြောင်း သတိပေး ပြောပြပါ။ ဘုရားသခင်ဟာ ဘယ်သူဘယ်ဝါ ဖြစ်သည်ကိုသာ သမ္မာကျမ်းစာက ပြောပြထားသည် မဟုတ်၊ ထိုဘုရားသခင်ကို မည်သို့ ပြန်လည်တုန့်ပြန် ရမည်ကိုလည်း သွန်သင် ထားပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့ ရှာကြရမည် ဖြစ်သည်။ ထိုသို့ပြုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ သိနားလည်၍၊ စိတ်နှလုံးအကြွင်းမဲ့ ချစ်ကာ၊ စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ကိုးစားတတ်လာမည်ဟု ဘုရားသခင်က ကတိပေးထားပါသည်။

အကြံပြုချက် – *သူ့ကို ချစ်ပြီးတော့ ယုံကြည်ကိုးစားတဲ့ သူတိုင်းအတွက် ဘုရားသခင်က ဆုလာဒ်ပြင်ဆင်ထားတယ်ဆိုတာ သားတို့သမီးတို့ သိကြသလား။* (ကောင်းကြီးမင်္ဂလာပုံးထဲမှ လက်ဆောင်ဗူးလေးကို ထုတ်ယူလိုက်ပါ။) *ဒါက ဘာဖြစ်မယ်လို့ ထင်သလဲ။ ဒါဟာ ကောင်းမွန်တဲ့ ဆုလာဒ်တစ်ခုဖြစ်မယ်လို့ သားတို့သမီးတို့ ထင်ပါသလား။ ကြီးမြတ်တဲ့ ဆုလာဒ်တစ်ခုများလား။ ဆုလာဒ်တွေအားလုံးထဲမှာ အထူးမြတ်ဆုံး ဆုလာဒ်များ ဖြစ်နေမလား။* (ဖြစ်နိုင်ချေရှိသော တုန့်ပြန်ချက်များ – ကောင်းကင်နိုင်ငံ၊ ထာဝရအသက်။)

ကလေးတစ်ယောက်ကို ရွေးချယ်ပြီးနောက် ထိုလက်ဆောင်ဗူးလေးထဲမှ "ဘုရားသခင်၌ ထာဝရ ပျော်ရွှင် ဝမ်းမြောက်ခြင်း" ဟု ရေးထားသည့် ကဒ်ပြားလေးအား ထုတ်ယူစေပါ။ ဆုလာဒ်ဆောင်မှာ ထိုကဒ်ပြားမဟုတ်သည့်အကြောင်းနှင့် ဆုလာဒ်ဆောင်မှာ မည်သည့်အရာဖြစ်သည်ကို ထိုကဒ်ပြားလေးပေါ်တွင် ရေးသားထားသည့်အကြောင်းအား ကလေးများကို ရှင်းပြပေးပါ။ ဘုရားသခင်၌ ထာဝရ ပျော်ရွှင်ဝမ်းမြောက်ခြင်း ဆိုသည်မှာ မည်သို့ဖြစ်မည်ကို ကလေးများအား စဉ်းစားစေပါ။ အောက်ပါ ဥပမာကို အသုံးပြုပါ။

အကြံပြုချက် – *သားသမီးမှာ စက်ဘီး မရှိတဲ့အတွက် အရမ်းလိုအပ်နေတယ် ဆိုပါစို့။ အဖေနဲ့အမေ တို့ကို တောင်းတော့ သူတို့တွေက ဝယ်ပေးမယ်လို့ ကတိပေးထားကြတယ်။ ဒါပေမယ့် အဲဒီကတိကို ရရှိဖို့ ကတော့ နောက်နှစ် မွေးနေ့ထိ စောင့်ရမှာပါပဲ။ သားသမီး ကတော့ အဖေနဲ့အဖေတို့က ကတိတည် ပါတယ်ဆိုတဲ့ အသိနဲ့ စိတ်ရှည်ရှည်နဲ့ စောင့်တယ်၊စောင့်တယ်။ ဒီလိုနဲ့ စောင့်စားနေခဲ့တဲ့ နေ့ကို ရောက် လာပါရော။ မိဘနှစ်ပါးကလည်း ကတိပေးထားတဲ့အတိုင်း စက်ဘီး တစ်စီးကို ဝယ်ပေးကြပါတယ်။ အရမ်း ကို ပျော်စရာ ကောင်းတဲ့ နေ့တစ်နေ့ပေါ့။ ဒါပေမယ့် မိဘနှစ်ပါးက "သားသမီးကို အဖေနဲ့အမေက စက်ဘီး စီးဖို့ ခွင့်မပြုဘူး၊ အခုဥစ္စာကတော့ ကြည့်ဖို့ သက်သက်ပဲ" လို့ ပြောမယ်ဆိုရင် သားသမီးက အဲဒီ စက်ဘီး ကို မစီးရတဲ့အတွက် ပျော်ရွှင်ပါ့မလား။ ဘယ်ပျော်နိုင်မလဲ၊ မဟုတ်လား။ ဒါပေမယ့် သားသမီးရဲ့ မိဘ တွေက "ကဲကဲ စက်ဘီးကို စီးကြည့်ပါအုံး" လို့ ပျော်ရွှင်စွာ ပြောမှာပဲ။ သားသမီးလေး စက်ဘီးစီးနေ တာကို သူတို့ တွေ့ကြည့်ပြီးတော့ ပြုံးနေတာလည်း ဖြစ်နိုင်တယ်။ သားသမီးလေးလည်း စက်ဘီးကို ခဏ ကြာစီးပြီးတော့ "အားပါးပါး --- အရမ်းကောင်းတဲ့ စက်ဘီးပါလား" ဆိုပြီးတော့ ပြောကောင်းပြောနိုင် ပါတယ်။*

ဘုရားသခင်ကို သင် အမှန်တကယ် သိလာသောအခါ သူသည် အဘယ်မျှလောက်ကြီးမြတ်တော်မူ၍ အံ့ဖွယ် ကောင်းသည်ကို သိမြင်လာမည်ကို ကလေးများအား ရှင်းပြပေးပါ။ သင် စိတ်ကူးယဉ်နိုင်သည့် အရာများ အားလုံးထက်ပင် ဘုရားသခင်သည် သာ၍ ကောင်းမြတ်တော်မူသည်။ သို့သော်လည်း ဘုရားသခင်သည် သင့်ကို သူ့အား ထိုင်၍ ကြည့်နေရန်သာ အလိုရှိသည် မဟုတ်။ ဘုရားသခင်သည် သူ့အား သင် အသက်တာတွင် တွေ့ကြုံ ခံစားရန် အလိုရှိတော်မူသည်။ သူ့ကို သင်သည် ချစ်၍ ယုံကြည်ကိုးစားသည်ကို တွေ့မြင်ရာ၌ ဝမ်းမြောက်ခြင်း ရှိတော်မူသည်။ ဘုရားသခင်ကို သင်သည် အမှန်တကယ် ယုံကြည်ကိုးစားသည်ဆိုလျှင် သူ၌ ဝမ်းမြောက်နိုင်မည် ဖြစ်သည်။ ထိုသို့အားဖြင့် "ကိုယ်တော်သည် အံ့ဖွယ်ဘုရားသခင် ဖြစ်ပါလား" ဟု သင်သည် ဖွင့်ဟ ပြောလာနိုင်မည် ဖြစ်သည်။ ဘုရားသခင်ကို ချစ်တော်မူ၍ ယုံကြည်ကိုးစားခြင်းအတွက် ဆုလဒ်သည် "ဘုရားသခင်၌ ထာဝရ ပျော်ရွှင်ဝမ်းမြောက်ခြင်း" ဖြစ်ပါသည်။

အကြံပြုချက် – *ဘုရားသခင်၌ ဝမ်းမြောက်ခြင်း ဆိုတာက စက်ဘီးသစ်ကို စီးရလို့ ဝမ်းမြောက်တာနဲ့ မတူပါဘူး။ ဘုရားသခင်၌ ဝမ်းမြောက်ခြင်းဆိုတာက ပို၍ကောင်းပြီးတော့ ထာဝရ တည်တဲ့ ဝမ်းမြောက် ပျော်ရွှင်ခြင်းပါ။ ဘုရားသခင်၌ ဝမ်းမြောက်ခြင်းကို ဆရာ၊မ တို့ ဘယ်သောအခါမှ ငြီးငွေ့သွားမှာ မဟုတ် ပါဘူး။ ဘုရားသခင်၌ ဆရာ၊မ တို့ ဘယ်လို ဝမ်းမြောက်နိုင်မှာလဲ။* သင်၏ ကျမ်းစာအုပ်ကို ပြ၍ *ယေရမိ၊ ၁၅း၁၆ နှင့် ဆာလံ၊ ၁၁၉း၁၀၃ ကို ဖတ်ပေးပါ။*

***ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်တွေ့သော နှုတ်ကပတ်စကားကို ခံယူပါပြီ။ နှုတ်ကပတ်တော်သည် အကျွန်ုပ်ဝမ်းမြောက် ရွှင်လန်းစရာအကြောင်းဖြစ်ပါ၏။ မိန့်တော်မူချက်တို့သည် အကျွန်ုပ်အာခေါင်၌ အလွန်ချိုကြပါ၏။ ခံတွင်းထဲမှာ ပျားရည်ထက်သာ၍ ချိုကြပါ၏။***

အကြံပြုချက် – *သားတို့သမီးတို့ ချိုချဉ်တစ်လုံးကို ကြည့်နေရတာ ပျော်သလား ဒါမှမဟုတ် စားတာက ပျော်ရွှင်စရာ ကောင်း သလား။ စားတဲ့အခါမှာ ထပ်ပြီးတော့ လိုချင်ကြတယ် မဟုတ်လား။ ဆရာ၊မ တို့တွေအားလုံး ဘုရားသခင်ရဲ့ နှုတ်ထွက်သမ္မာကျမ်းစာကို ဖတ်ပြီးတော့ နှစ်သက်ယုံကြည်မယ် ဆိုရင်တော့ အလွန်ကောင်းတဲ့ အရာတစ်စုံတစ်ခုကို စားရတာထက် ပိုပြီးတော့ အရသာပိုတွေ့ လိမ့်မယ်လို့ ဘုရား သခင်က ပြောထားပါတယ်။ ဘုရားသခင်၌ ဆရာ၊မ တို့ဟာ ဝမ်းမြောက်ပျော်ရွှင် ကြမှာဖြစ်တဲ့အတွက် နှုတ်ကပတ်တော်တရားကို ပို၍ပို၍ လိုချင်လာကြမှာပေါ့။*

“ဆုတောင်းခြင်း” ဆိုသည့် ကဒ်အား ထုတ်ယူလိုက်ပါ။ ဆုတောင်းခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို ကလေးများအား သိပါသလားဟု မေးပါ။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ ဘုရားသခင် ရှေ့တော်မှောက် တိုးဝင်၍ ဘုရားသခင်နှင့် မိတ်ဆွေများသဖွယ် စကားပြောခြင်း ဖြစ်သည်။

*ဆာလံ၊ ၁၆း၁၁ နှင့် ယော၊ ၁၆း၂၄* ကို ဖတ်ပါ။

***အထံတော်၌ စုံလင်သော ဝမ်းမြောက်ခြင်း အခွင့်နှင့် လက်ျာတော်နားမှာ အစဉ်အမြဲ ပျော်မွေ့ခြင်း အခွင့်ရှိပါ၏။ သင်တို့သည် ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ တောင်းကြလော့။ ထိုသို့ တောင်းလျှင် ရကြလိမ့်မည်။***

အကြံပြုချက် – *ဘုရားသခင်ထံပါးမှာ ဝမ်းမြောက်ခြင်း နှင့် ပျော်မွေ့ခြင်း တွေ အပြည့်ရှိတယ်။ ဆုတောင်းခြင်းနဲ့အတူ ဘုရားသခင်ကို အဲဒီဝမ်းမြောက်ခြင်း နဲ့ ပျော်ရွှင်စရာတွေကို တောင်းခံမယ်ဆိုရင်တော့ ဝမ်းမြောက်ခြင်းတွေက ဆရာ၊မ တို့ ခံစားကြရမှာပါ။*

“ပြုမူကျင့်ကြံခြင်း” ဆိုသည့် ကဒ်ကို ထုတ်ပြလိုက်ပါ။ သင်၏အသက်တာတွင် ဘုရားသခင် ပြုခဲ့သည့် အမှုအရာများကို ကလေးများအား ဝေငှ ပြောပြပေးပါ (ခွင့်လွှတ်ခြင်း၊ ထောက်ပံ့ပေးခြင်း၊ ကျန်းမာစေခြင်း စသည်ဖြင့်)။

*ဆာလံ၊ ၉၂း၄* ကို ဖတ်ပါ။

***အိုထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကို ဝမ်းမြောက်စေတော်မူသည်ဖြစ်၍၊ လက်တော်နှင့် ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာ သီချင်းဆိုပါမည်။***

အကြံပြုချက် – *ဘုရားသခင်ကို ဆရာ၊မ တို့အားလုံးက ချစ်မြတ်နိုးပြီးတော့ အားကိုးမယ်ဆိုရင်တော့ ဆရာ၊မတို့တွေ သူနဲ့ တဖြည်းဖြည်း တူတာစေဖို့အတွက် ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားမှုတွေကို ဆရာ၊မ တို့ရဲ့ အသက်တာမှာ ဖြစ်စေမှာ ဖြစ်တယ်။ ဆရာ၊မ တို့ကလည်း ဆရာ၊မ တို့ရဲ့ အသက်တာမှာ သော်လည်းကောင်း၊ ဒီကမ္ဘာလောကထဲမှာ ဘုရားသခင်ရဲ့ ကြီးမြတ်တဲ့ အမှုပြုခြင်းတွေ အပေါ်မှာ ဝမ်းမြောက် ကြလာမှာ ဖြစ်တယ်။*

ဘုရားသခင်နှင့်အတူ ဝမ်းမြောက်ခြင်းသည် အလွန် ပျော်ရွှင်စရာကောင်းပြီး အံ့ဖွယ်အခွင့်ထူး ဖြစ်ကြောင်းကို ကလေးများကို ရှင်းပြပေးပါ။

သို့သော်လည်း ဘုရားသခင်၌ ဝမ်းမြောက်ခြင်းဆိုသည်မှာ ပျော်ရွှင်စရာကောင်းသည့် အချိန်မျိုးထက် ပိုပါသည်။ “နာကျင်ခံစားခြင်း” ဆိုသည့် ကဒ်ပြားကို ထုတ်ပြလိုက်ကာ မည်သည်ကို ဆိုလိုကြောင်း သိပါသလားဟု ကလေးများကို မေးပါ။ နာကျင်ခံစားခြင်းက ဘုရားသခင်၌ ဝမ်းမြောက်ခြင်း၏ အစိတ်အပိုင်း တစ်ခုဖြစ်နိုင်ပါမည်လားဟု ၄င်းတို့ ကို မေးပါ။

*၁ပေ၊ ၁း၆–၇* ကို ဖတ်ပေးပါ။

***သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းသော အရာသည် သာ၍မြတ်သည်နှင့်၊ ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်အလိုငှါ ဖြစ်မည်အကြောင်း၊ အထူးထူးအပြားပြားသော စုံစမ်းနှောင့်ရှက်ခြင်းကို ခံရသော အကြောင်းရှိလျှင်၊***

***သင်တို့သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်း၊ အထက်ဆိုခဲ့ပြီးသော ကျေးဇူးတော်ကို ထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏။***

အကြံပြုပြုချက် – *နာကျင်ခံစားခြင်း ဆိုတာက ပျော်စရာ မကောင်းတဲ့ အရာမျိုးပါ။ ဒါပေမယ့် နာကျင်ခြင်းတွေက အရေးမကြီးတဲ့ အရာတွေကို ဥပမာ စက်ဘီးစီးခြင်း စတာတွေကို မေ့လျော့ စေပြီးတော့ ပိုပြီး အရေးကြီးတဲ့ သမ္မာကျမ်းစာဖတ်ရွက်ခြင်း၊ ဆုတောင်းခြင်း၊ ဘုရားသခင်ရဲ့ ကြီးမားတဲ့ အမှုခြင်းတွေကို ဆင်ခြင်ခြင်း စတာတွေကို လုပ်တတ်ဖို့ ဖြစ်စေပါတယ်။ ဒါတွေအားဖြင့် ဆရာ/မ တို့တွေအားလုံး ဘုရားသခင်၌ ဝမ်းမြောက်နိုင်ကြမှာမဟုတ်လား။ ဒါ့ကြောင့်မို့ နာကျင် ခံစားရခြင်းက ဆရာ/မ တို့ အားလုံးကို ဘုရားသခင်၌ သာ၍ ဝမ်းမြောက်တတ်စေဖို့ ဦးဆောင် လမ်းပြပေးပါတယ်။*

ဘုရားသခင်ကို ကျွန်ုပ်တို့ ချစ်၍ ယုံကြည်ကိုးစားသော အခါ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဆုလဒ်ဆောင် ပေးရန် နှစ်သက်ဝမ်းမြောက်တော်မူသည်ကို ရှင်းပြပေးပါ။ ထိုဝမ်းမြောက်ခြင်း ဆုလဒ်သည် အရာရာတိုင်းထက် သာ၍ ကောင်းသော ပျော်ရွှင်ခြင်း ဖြစ်သည်။ ထိုဝမ်းမြောက်ခြင်းသည် ထာဝရကာလတိုင်အောင် တည်နေမည့် ဝမ်းမြောက်ခြင်းဖြစ်သည်။ အခြားအခြားသော အရာများထက် ဘုရားသခင်ကို ကျွန်ုပ်တို့သည် နှစ်သက် ဝမ်မြောက်ခြင်းသည် ဘုရားသခင်အား "ကိုယ်တော်သည် ကြီးမြတ်မူ၏၊ ကိုယ်တော်သည် အံ့ဖွယ်ဖြစ်ပေ၏၊ ကိုယ်တော်သည် အကောင်းဆုံးဖြစ်ပေ၏" ဟု ချီးမွမ်းခြင်းပင် ဖြစ်သည်။

"ကောင်းကင်" ဟု ရေးထားသော ကဒ်ကို ထုတ်ပြလိုက်ပါ။ ကောင်းကင်ဆိုသည့် စကားလုံးကို တွေးတိုင်း မည်သည့် အတွေးမျိုးဝင်လာသည်ကို ကလေးများအား မေးပါ။

*ဗျာဒိတ်၊ ၂၁း၃–၄* ကို ဖတ်ပါ။

***ကောင်းကင်မှ ကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏ လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင် ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသော အရာတို့သည် ရွှေ့သွားကြပြီ။***

ကောင်းကင်နိုင်ငံ၌ အံ့သြဖွယ်ကောင်းသည့် အရာများစွာရှိမည် ဖြစ်ကြောင်းနှင့် ထိုအံ့ဖွယ်များစွာအနက် အံ့ဖွယ်အကောင်းဆုံးမှာ ဘုရားသခင်နှင့် မျက်နာခြင်းဆိုင် တွေ့ရမည့် အခွင့်ထူးဖြစ်သည်ကို ရှင်းပြပေးပါ။ ဤလောကတွင် ဘုရားသခင်၌ ကျွန်ုပ်တို့ ဝမ်းမြောက်ပျော်ရွှင်နိုင်သည်ထက် များစွာပို၍ ဝမ်းမြောက်နိုင်မည် ဖြစ်သည်။ ဘုရားသခင်၌ ကျွန်ုပ်တို့သည် ပြည့်ဝစုံလင်စွာ ထာဝရတိုင်အောင် ဝမ်းမြောက်နိုင်ကြမည် ဖြစ်သည်။

## *လိုက်လျောက်ကျင့်သုံးခြင်း*

- ကလေးများအား "ဘုရားသခင်၌ ဝမ်းမြောက်ခြင်း" ဆိုသည့် စကားလုံးကို ၄င်းတို့၏ လေ့ကျင့်ခန်း စာအုပ်၏ နောက်ပိုင်းတွင် ရှာဖွေစေပါ။
- မေးပါ – *တစ်စုံတစ်ယောက်က သားတို့သမီးတို့ အမှန်တကယ် ပျော်ရွှင်နေတယ်ဆိုတာကို ဘယ်လို ပြောနိုင်မလဲ။ တစ်စုံတစ်ခုကို သားတို့သမီးတို့ နှစ်သက်ကြတဲ့အခါမှာ ဘာတွေပြောတက်လဲ၊ ဘယ်လို ပြုမူတတ်ကြသလဲ။ ပျော်ရွှင်ဝမ်းမြောက် စိတ်လှုပ်ရှားစွာနဲ့ အသံတွေပြုပြီးတော့ ချီးမွမ်းတတ်ပါ သလား။* ဘုရားသခင်ကို ကျွန်ုပ်တို့ အမှန်တကယ် နှစ်သက်သည့်အခါတွင် သူသည် မည်မျှအံ့ဖွယ်ကောင်းသည် ဟုဆိုကာ ချီးမွမ်းထောမနာသံများ ပြုတတ်ကြသည်။ အသံမျိုးစုံ ၊ ပုံစံမျိုးစုံဖြင့် ကျွန်ုပ်တို့သည် ဘုရား သခင်ကို ချီးမွမ်းနိုင်ပါသည်။ *ဆာလံ၊ ၁၅ဝ* ကို ဖတ်ပါ။
  ချီးမွမ်းခြင်းပုံစံ အမျိုးမျိုးကို ဆွေးနွေးပေးပါ။
- ကျွန်ုပ်တို့အားလုံးကို သူ၏ဘုန်းတော်အတွက် ဘုရားသခင်က ဖန်းဆင်းခဲ့ခြင်း ဖြစ်သည်ကို ပြန်လည် နွေး၍ပြောပြပေးပါ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း နှင့် ထိုက်တန် တော်မူခြင်းကို ဖော်ကျူးရန်အတွက် ဖန်ဆင်းခြင်း ခံခဲ့ကြရသည်။

  အကြံပြုချက် – *ဆိုကြပါစို့ ကလေးလေး နှစ်ယောက်က သူတို့ အဖေအကြောင်းကို သားတို့ သမီးတို့ကို လာပြီးတော့ ပြောပြကြတယ် ဆိုပါစို့။ ပထမ တစ်ယောက်က "သားအဖေက ၄၅ နှစ်ရှိပြီ၊ အရပ်မြင့်တယ်၊ ဘောလုံးကန်တာ ဝါသနာပါတယ် နောက်ပြီးတော့ နွေရာသီတိုင်း ငါးမျှားသွားတတ် တယ်" လို့ ပြောမယ်။ နောက်ကလေးတစ်ယောက်ကတော့ "သားရဲ့ အဖေကို သား အရမ်းချစ်တယ်။ အဖေဟာ အရမ်းတော်တဲ့ ဖခင်တစ်ယောက်ပါ။ ပြီးခဲ့တဲ့ နှစ်ကဆိုရင် အဖေနဲ့အတူ ငါးဖမ်းအတူ သွားခဲ့ပြီးတော့ ပျော်ရွှင်စွာ အချိန်သုံးခဲ့ကြတယ်။ နောက်ပြီးတော့ ဘောလုံး ဘယ်လိုကန်ရမယ် ဆိုတာလဲ သင်ပေးပြီးတော့ သူနဲ့အတူ သား အမြဲတမ်း ကစား တယ်" ဆိုပြီးတော့ သူ့အဖေရဲ့ အကြောင်းကို ပြောပြမယ်။*

  မည်သည့်ကလေး၏ ဖခင်သည် ဖခင်ကောင်းတစ်ဦးဖြစ်သနည်းဟု ကလေးများကို မေးပါ။ မည်သည့် ကလေးက သူ၏ဖခင်၌ ဝမ်းမြောက်ခြင်း အမှန် ရှိသနည်း။ မည်သည့်ကလေးက သူ့ဖခင်ရဲ့ ကြီးမြတ် ခြင်းနဲ့ ထိုက်တန်ခြင်းကို ပြောပြနေသနည်း။

  အကြံပြုချက် – *အခြားအခြားသော အရာတွေအားလုံးထက် ဘုရားသခင်၌ ဆရာမ တို့ ဝမ်းမြောက် တယ်ဆိုတာက ဘုရားသခင်ရဲ့ ဘုန်းတော်ကို ထင်ရှားစေတာပါဘဲ။*
- *၁ပေ၊ ၁း၈* ကို ဖတ်၍ ဆွေးနွေးပေးပါ။ ဘုရားသခင်ကို ချစ်၍ ယုံကြည်ကိုးစားသောအသက်တာသည် ဘုရားသခင်၌ ဝမ်းမြောက်ခြင်းအသက်တာ ထံသို့ ပို့ဆောင်ပေးကြောင်း အလေးအနက်ထား၍ ရှင်းပြ ပေးပါ။